အရှင်နာဂသိန်

# ပုံပြဆေးအဘိဓာန်

စတုတ္ထတွဲ

---

မြန်မာ့အာယုဗ္ဗေဒ ဆေးသိပ္ပံဆရာတော်

အရှင်နာဂသေနာဘိဝံသ (ဓမ္မာစရိယ)

ရေးသားပြုစုသည်

# မာတိကာ


နိဒါန်း ... က

[ အ ]

အကျော် ... ၁
အကြောတထောင် ( အကြီးမျိုး ) ... ၁၇
အကြောတထောင့်ငယ်ပင် ( ဘားကြောပင် ) ... ၁၉
အဆိပ်တရုပင် ( ရေချောင်းပန်း ) ... ၂၃
အဆိပ်ပင်မျိုး ( ဝစ္ဆနာဘ ) ... ၂၃
အဆိပ်ဖြေပင် ... ၃၀
အဆိပ်ဖြေဂမုန်း ( ဂမုန်းကြွက်သွေး ) ... ၃၀
အဆိပ်ဖြေဂမုန်း ( တနည်း ) ... ၃၂
အဆိပ်နိုင်ပင် ... ၃၄
အဇ္ဇက ( ပင်စိန်းရိုင်း ) ... ၃၄
အညာမြင်းခွာ ( တောမြင်းခွာ ) မြင်းခွာကြီး ... ၃၄
အတိသ ( မိဝုတ်ပင် ) ... ၃၆
အနီမိုနီပင် ... ၄၁
အနီဆွမ်းပင် ... ၄၃
အနန်းဖိုပင် ... ၄၅
အနန်းမပင် ... ၄၅
အမြုတေဝါး ( ဝါးစိန် ) ... ၄၇
အမေရိကန်ငရုပ် ( ငရုပ် ) ... ၄၇
အမဲတံစို့ပင် ... ၄၇
အမယ်အိုသခွား ( စားသခွား ) ... ၄၇
အရိုးဆက်ပင် ... ၄၉
အရိုးသန္တာပင် ( ၁ ) ... ၅၁
အရိုးသန္တာပင် ( ကျောက်ခက်ပန်းပင် ) ... ၅၃
အလိုကျူ ( ကျူ ) ... ၅၃
အလိုလေးပင် ( ဆူးချိတ်ပင် ) ... ၅၃
အဝေရာပင် ( ဘောဇကိုင်း ) ... ၅၅
အသဗိဇ ( ရေမျှောသီး ) ... ၅၅
အာကာဝတီ ( စူကာသီးနွယ် ) သကြားနွယ်သီး ... ၅၅
အသောက ( သဘော်တယ် ) ... ၅၅
အာဒါလွှတ် ... ၅၇

## မာတိကာ


| | |
|---|---|
| အာဒါလွတ် တမျိုး ( ဝါးဥ ) | ၅၈ |
| အာရဗီ ( လော်ပန်ပင် ) | ၅၈ |
| အာလူး | ၅၉ |
| အာသာဝတီ ( စူကာနွယ် ) | ၆၁ |
| ဣန္ဒိယားသဖန်း ( သဖန်း တမျိုး ) | ၆၁ |
| ဣဿရမူလိ ( အကြီးမျိုး ) | ၆၁ |
| ဣဿရမူလိ ( အငယ်မျိုး ) | ၇၃ |
| ဤစဗ်ဂိုလ် | ၇၆ |
| ဥနဲပင် | ၈၁ |
| ဥပသကာ ( ဗိုလပ် ) | ၈၃ |
| ဥပသကာ ( မြန်မာ နှင့် အိန္ဒိယ ) | ၈၅ |
| ဥမ္မန်ဥ | ၈၈ |
| ဥမ္မန်ဥ ( တမျိုး ) | ၉၁ |
| ဥသျှစ်ပင် | ၉၅ |
| ဦးခေါင်း ( ခေါင်းငွ လည်းဟူ ) | ၁၀၃ |
| ဧကရာဇ်ပင် | ၁၀၅ |
| ဩဇာသီး ( မြန်မာ ) | ၁၀၇ |
| ဩဇာ ( သဘော်ာ ) | ၁၀၉ |
| ဩဇာဒူးရင်း | ၁၁၁ |
| ဩဩ်လဲ | ၁၁၁ |
| အကော်ာလပင် | ၁၁၆ |
| အင်းကြင်းပင် ( အိန္ဒိယ ) | ၁၃၃ |
| အင်းကြင်း တမျိုး ( ဆဆိပ်နိုင် နာဂမောက်နီပင် ) | ၁၃၅ |
| အင်ကြင်းပင် တမျိုး | ၁၃၆ |
| အင်ကြင်းဆင့် | ၁၃၈ |
| အင်ဗိုင်းဆေးနီ | ၁၃၉ |
| အင်ပင် | ၁၄၂ |
| အင်းဂမုန်းဖို | ၁၄၂ |
| အင်းဂမုန်းအမ | ၁၄၄ |
| အိပ်မွေ့ပင်စောက် | ၁၄၆ |
| အိပ်မွေ့နွယ် ( စော်ဘွားစား ) | ၁၄၇ |
| အုပ်ခါးပင် | ၁၅၃ |
| အုတ်တုံပင် | ၁၅၅ |
| အုန်းပင် | ၁၅၆ |
| အုန်း ( နဂဘာရီ ) | ၁၆၄ |

အုန်း ( ေ
အုန်းပင်လ
အုန်းဖွဲပင်
အောက်ကျ
အောက်ကြ
အောက်မဲဖြ
အောင်မဲညိ
အိုင်ရစ် (
အိုးထိန်းပင်
အိုးထိန်း တ
အိုးဗုတ်ပင်
အနံ့ဒမန် (

ကဆစ်သခွ
ကညွတ်ပန်း
ကတိုးနွယ်
ကနစို ( ၁
ကန္ဒပင် (
ကယောပင်
ကလဝါ (
ကလက် (
ကိုလန်ပင်
ကသည်းပ
ကာကတုဍ္ဍ
ကာကော
ကာဆနီ (
ကုလာဖာ
ကိုကိုးပင်
ကုတ်ကင်း
ကောက်ရင်

မာတိကာ


အုန်း ( တောင်သာကူအုန်း ) ၁၆၅
အုန်းပင်လယ် ၁၆၇
အုန်းဖွဲ့ပင် ( အုန်းမွေး ) ၁၆၇
အောက်ကျဲပင် ( ပိုးကောင်စာ ) ၁၆၇
အောက်ကြွေ့ ( အောက်ကျူ၊ ရေပတောက် ) ၁၆၇
အောက်မဲဖြူ ၁၆၈
အောင်မဲညို ၁၇၃
အိုင်ရစ် ( သက်တန့်ရောင်ပန်း ) ၁၇၄
အိုးထိန်းပင် ၁၇၅
အိုးထိန်း တမျိုး ( သဘော်ပွဲလျက် ) ၁၇၇
အိုးပုတ်ပင် ( ဆေးအိုးပုတ် ) ၁၇၇
အန်ဒမန် ( ပိတောက် ) ၁၇၇


## ပဋ္ဌမတွဲမှ ကြွင်းကျန်သော ဆေးပင်များ

[ က ]


ကဆစ်သခွား ( ပြွတ်သခွား ) ၁၀၁
ကညွတ်ပန်း ( သဘော မညိုးပန်း ) ၁၀၁
ကတိုးနွယ် ( နွယ်ကတိုး ) ၁၀၁
ကနစို ( ဘုံစသီး ) ၁၀၁
ကန့်ပင် ( သဖန်းနွယ် ) ၁၀၁
ကယောပင် ၁၀၂
ကလဝါ ( ကလွှာပင် ) ၁၀၄
ကလက် ( တောင်ဘောင်း ) ၁၀၄
ကိုလန်ပင် ( ကာကျူပွတ် ) ၁၀၄
ကသည်းပင် ၁၀၄
ကာကတုဏ္ဍီ ( ဈွေတကုန်းပင် ) ၁၀၆
ကာကောလီပင် ၁၀၆
ကာဆနီ ( ချီကိုရီ ) ၁၀၆
ကုလာဖာသိမ် ၁၀၆
ကိုကိုးပင် ( ကအကားအိုပင် ) ၁၀၈
ကုထိကင်းပင် ( ကော်ကင်း ) ၁၉၁
ကောက်ရင်ပန်း ( ကဒူဥ ) ၁၉၅

## မာတိကာ


ကတ္တီပါပန်းဝါ ( ပြင်သစ် ထပ်တရာ ) ၁၉၅
ကန့်ချုပ်နီပင် ၁၉၅
ကျီးခြေပင် ၁၉၇
ကျောက်ခွဲပင် ၁၉၈
ကျောက်ခွဲပင်ငယ် ၂၀၁
ကျောက်ခွဲပင် တမျိုး ၂၀၁
ကျဖဟုံး ( ဗဟုံးပင် ) ၂၀၂
ကြာဖက်သိမ် ၂၀၂
ကြက်တူးရွေးပန်း ( သစ်ခွပန်း ) ၂၀၂
ကြောင်မြီးကူပင် ( ကြောင်မြီးတူ ) ၂၀၂
ကွဓိနိုင်ဆေးပင် ၂၀၄
ကျွဲပြည့်စင် ( ကင်ပလင်းပင် ) ၂၀၇
ကျွန်းဖိုးပင် ( ကျွန်းနလင် ) ၂၀၇
ကျွက်နဖောင်းပင် ၂၀၇

[ ခ ]

ခရုသင်းပွင့်ဖြူ ၂၀၉
ခရေ ( ရှိုင်း ) ၂၁၂
ခီရကာကောသီ ၂၁၃
ချယား ( ခရေပင် ) ၂၁၈
ချဉ်ဖျစ် ( ချဉ်ပြစ်ပင် ) ၂၁၈
ချိန်ရွေးငယ် ( ချင်ရွေးပင် ) ၂၁၈
ချိန်ရွေးငယ် နီ - ဖြူ ( ရွေးပင် ) ၂၁၈
ခွေးခေါင်းတဇွက် ( ယင်းပြဲား ဆဖို ) ၂၁၈
ခွေးလပြွတ်ပင် ( တဇွက်ပင် ) ၂၁၉

[ ဂ ]

ဂမုန်းကျေးမြီး ၂၁၉
ဂမုန်းကြက်သွန် ၂၁၉
ဂမုန်းဂျင်းဖြူ ၂၂၀
ဂမုန်း ဆေးတလုံး ၂၂၀
ဂမုန်းဆင်စွယ် ၂၂၀
ဂမုန်းကတိုး အသေး ၂၂၁
ဂမုန်းနီ ၂၂၁

# မာတိကာ


ဂမုန်းတိမ်ပြာ ( နနွင်းပြာ ) ၂၂၂
ဂေါ်ရခါးနံ့ ၂၂၂
ဂျင်စိန်း ( ကောလီသိန် ) ၂၂၃
ဂျပ်တယ်ပင် ( အဆိပ်ပင် ) ၂၂၃
ဂျုတ်ပင် ( ကြုတ်ပင် ) ၂၂၅
ဂျူနီယာ ( ဟပုသာ ) ၂၂၇
ဂုဏ်မေဒါ ၂၂၇

[ င ]

ငပြေရှင် - ငစိုင်ရှင် ( သရက်ပမွှန် ဖိုမ ) ၂၂၇
ငဖုံးဆေးပင် ၂၂၈
ငုံစပ် ( ဖွားဘက် ) ၂၃၀
ငန်းဆေးပင် ၂၃၅
ငါးကျည်းပေါက် ( မကျည်းဘောက် ) ၂၃၅
ငှက်ခြောက်ပင် ( ယူဇာလစ် ) ၂၃၅
ငှက်စွေ့စာ ( ငှက်ရွှေစာ ) ၂၃၇
ငြုတ်ကောင်းပင် ၂၃၇
ငြုတ်ခါးပင် ( ဆေးခါးကြီး - မြန်မာ ) ၂၃၇
ငြုတ် တံငါ ၂၃၇

[ စ ]

စကားစိမ်းမျိုး ( ကတတ်ငန်း ) ၂၄၀
စတုပတ္တ ကလျာဏီ ( မန်းလေးခွ ) ၂၄၀
စနွပင် ( ဖိုးလမင်း ) ၂၄၂
စစ်ကြီးပင် ၂၄၂
စစ်တုံ ၂၄၃
စစ်ပင် ( ဆစ်ဖြူပင် ) ၂၄၅
စွန်ပလွန်ပင် ၂၄၅
စွယ်တော်ပင် ( မဟာလှေကား - အဖြူ ) ၂၄၅

[ ဆ ]

ဆီဖြစ်ရွက် ခေါ် အကြောဆီပင် ၂၄၈
ဆီရ (လ်) ( မြယာပင် ) ၂၄၈
ဆီလက်ဝါး ( ရှမ်းဆီး ) ၂၅၁

## မာတိကာ


| | |
|---|---|
| ဆည်းလည်းပန်း ( ခေါင်ရမ်းပန်း ) | ၂၅၁ |
| ဆူများပင် ( ခမသာ ) | ၂၅၁ |
| ဆူးရစ်ပင် ( ဆူးပုတ်ကြီးပင် ) | ၂၅၁ |
| ဆေးခါးကြီးပင် ( သဘော်ဆေးခါး ) | ၂၅၁ |
| ဆေးနက်ကြီးပင် | ၂၅၁ |
| ဆေးပုဇွန်တုပ်ပင် | ၂၅၃ |
| ဆေးမင်းကင်းခြေ | ၂၅၅ |
| ဆေးရွှေ ( နနွင်းရွှေ ) | ၂၅၉ |
| ဆေးသံပုရာ ( သမင်စာဖြူ ) | ၂၅၉ |
| ဆယ်ထပ်ချင်း | ၂၅၉ |
| ဆင်မြေသဲပင် | ၂၆၀ |
| ဆိတ်ချေးပင် အမ | ၂၆၃ |
| ဆိတ်ချိုပင် | ၂၆၃ |
| ဆပ်ပြာပင် ခေါ် ငစိုင်ရိုင်း | ၂၆၆ |


### [ ဇ ]


| | |
|---|---|
| ဇီဇဝါပန်းပင် ( သုံးဆင့်ပန်း ) | ၂၆၈ |
| ဇော်ကလေးနီ အသေး ( စိန်ပန်းပင် ) | ၂၆၈ |
| ဇော်ဂျီခါးပုံစ ( သူယောင်ဂမုန်း ) | ၂၆၈ |
| ဇောင်ချမ်းပင် | ၂၆၈ |


### [ ည ]


| | |
|---|---|
| ညှောင်ချဉ်ပင် | ၂၆၈ |


## ဒုတိယတွဲမှ ကြွင်းကျန်သော ဆေးပင်များ

### [ တ ]


| | |
|---|---|
| တပြက်နွယ် ( တောသပြက် ) | ၂၇၃ |
| တရော်ပင် | ၂၇၉ |
| တရုပ်နံနံပင် | ၂၈၀ |
| တောစမွှာယ်ကြီး | ၂၈၄ |
| တောမုန်ကင်း ( သစ်ကြပိုး ) | ၂၈၄ |
| တောင်ကန်ဇွန်းယော် | ၂၈၄ |



တောင်မရိုး (
တံငါငရွတ် (
တိုင်းပင်

ထောလပတ်ပ

ဒညင်းပင် (
ဒန္တသုခပင်
ဒွန်ပင် ( ထွန်

နကျယ်ပင် (
နဘူးကြီးပင်
နမဏီသန်လျှ
နရပသီ
နနွင်းပြာ (ဂ
နနွင်းဇရွှ (သ
နိပဆေးပင် (
နိပဆေးလေး
နန်းလုံးကြိုင်ပ
နွာဂမုန်း (
နွားစာဝုတ်ပင်
နွားမြက်ရင်း
နွားမြီးကပ်ပင်
နွယ်ဖြူပင်

ပရုပ်ပင်
ပုတီးနက်ပင်
ပုတီးဖြူပင်
ပန့်သာပင်
ပင်လယ်ကျော

## မာတိကာ


တောင်မရိုး ( သင်ပုန်းပင် ) ၂၈၈
တံငါရွှေ (ရွှေတံငါး) ၂၈၈
တိုင်းပင် ၂၈၈

[ ထ ]

ထောလပတ်ပင် ၂၉၁

[ ဒ ]

ဒညင်းပင် ( တိန်ညင်း ) ၂၉၁
ဒန္တသုခပင် ၂၉၁
ဒွန်ပင် ( ထွန်ပင် ) ၂၉၁

[ န ]

နကျယ်ပင် ( နဂျယ် ) ၂၉၃
နဘူးကြီးပင် ၂၉၃
နမဏိသန့်လျက်လေး ( သံလျက်သိမ် လည်းဟု ) ၂၉၇
နရပသီ ၂၉၈
နနွင်းပြာ ( ဂမုန်းတိမ်ပြာ ) ၂၉၉
နနွင်းစွ ( သစ်နနွင်း ) ၂၉၈
နိပဆေးပင် ( တောရဲယို ) ၂၉၈
နိပဆေးလေး ( နိပသိမ် ) ၂၉၉
နန်းလုံးကြိုင်ပင် ၂၉၉
နှာဂမုန်း ( နေမင်း ဂမုန်း ) ၃၀၅
နွားစာငုတ်ပင် ၃၀၇
နွားမြက်ရင်းကြီး ၃၀၉
နွားမြီးကပ်ပင် ( ကပ်စေးနဲ ) ၃၀၉
နွယ်ဖြူပင် ၃၀

[ ပ ]

ပရုပ်ပင် ၃၁၁
ပုတီးနက်ပင် ၃၁၃
ပုတီးဖြူပင် ၃၁၃
ပဲနံ့သာပင် ၃၁၇
ပင်လယ်ကျောက်ပန်း ( ကျဲယမ်းငယ် ) ၃၁၇

ပင်လယ်ထင်းရှူး (ပင်လယ်ကဗ္ဗီး) ၃၁၇
ပင့်ကူထိပ်ပိတ် ၃၁၇
ပေါင်ပဲ့ပင် (သကြားရေစဉ်) ၃၂၂
ပိတ်ချင်းသီးပင် ၃၂၂
ပိတ်စွယ်ပင် (ရှင်မွေးလွန်း) ၃၂၅
ပိတ္တကျည်းပင် (ပန်းလဲပွင့်) ၃၂၅
ပီဘုတ်ပင် (ခွေးအီးပင်) ၃၂၅
ပန်းပဒေသာ (ဖက်ခါးပင်) ၃၂၅
ပန်းနုပင် ၃၂၅
ပန်းလိမ်မြစ်ပင် ၃၂၅
ပိုးသေမြက် ၃၂၇
ပျိုလေးဆတ်ဆတ်တုန် (သမကပန်း) ၃၂၇
ပြိဿပဥ္ဇို (ကျေးမြီးမ) ၃၂၇
ပွဲတောင်ဟင်းခါး ၃၂၇

[ ဖ ]

ဖက်သန်းပင် ၃၂၀

[ ဗ ]

ဗလရှင်ပင် ၃၂၈
ဗီသွာပင် (နှမ်းကြပ်) ၃၂၈
ဗောက်လောက်ညို ၃၃၁
ဗောင်ဗောင်သီး (ကုလားမျက်စိ ပင်စောက်) ၃၃၁
ဗုံလုံခါး (မြူးဒါး) ၃၃၁
ဗျိုင်းခြေထောက် (ဂျို့ကြီး) ၃၃၁
ဗျည်းဇင်ပင် (ပြေ့ချဉ်) ၃၃၁
ဗျစ်ဂျုံ (ဗာလီပင်) ၃၃၄
ဗြင်းပင် (ပန်းနီ) ၃၃၄

[ ဘ ]

ဘင်္ဂပင် (ဘင်္ဂကြီး) ၃၃၄
ဘုတ်ပင် (တည်ကြီး) ၃၃၅
ဘောက်ခွေးပင် (ဘီးပင်) ၃၃၅
ဘွဲ့ချဉ်ပင် ၃၃၅

[ မ ]


မဂျစ်စု ( မချစ်ဥ ) ၃၃၀
မဒ္ဒမပင် ၃၃၈
မဟာဂေါ်ကွဲရေကျ ၃၃၉
မဟာဂေါ်ဇရစ် ၃၄၀
မဟာမေဒါပင် ၃၄၃
မိကျောင်းကွမ်းဖတ် ( ပင်လယ်နှမ်း ) ၃၄၃
မိကျောင်းနွယ် ၃၄၆
မူစလီ ( တောထန်း အဖြူ ) ၃၄၆
မေဒါ ၃၄၆
မင်သော်ပင် ၃၅၀
မင်းဘော ( လက်မဲ ) ၃၅၂
မိုက်ဆက်ဖုံ ၃၅၂
မိုင်ကုတ်ကျင်း ၃၅၃
မိုင်းကုတ်ကျင်းမျိုး ၃၅၃
မျောက်ငို ( သစ်ကဇော် ) ၃၅၅
မျောက်ဒိုး ( ဂုံညင်း ) ၃၅၅
မျောက်ပေါင်ပဲ ( ဆီးသီး ) ၃၅၅
မျက်နှာပန်းပင် ၃၅၅
မြေပုပ်ကြီး ခရမ်း ၃၅၇
မြင်းစဂုံနီပင် ၃၅၇
မြင့်သေမြက်ပင် ( မြင့်သေပင် ) ၃၆၀
မေကွိတော ( ယုဇနပန်းပင် ) ၃၆၁
မြေနှိုင်ပင် ( နဂါးစက်ပင် ) ၃၆၁


## ဓာတိယတွဲမှ ကြွင်းကျန်သော ဆေးပင်များ

[ ယ ]


ယင်းရဲပင် ၃၆၅


[ ရ ]


ရှုတန်စေ့ပင် ၃၆၇
ရှိသဘာကပင် ၃၆၇
ရေကျည်းပင် ( ကျည်းနီ ) ၃၆၇

**မာတိကာ**


| | |
|---|---|
| ရေခအောင်းပင် ( ကြက်ကတွတ် ) | ၃၆၇ |
| ရေငန်ပုတ်ပင် | ၃၇၀ |
| ရေမယ်ဇယ် ( ကဇော်ပင် ) | ၃၇၀ |
| ရွေးတဆစ်ပင် | ၃၇၁ |
| ရှားစောင်းလက်ဝါး ( ကုလားဇော ) | ၃၇၂ |
| ရှင်ဗာကူ ( လဲးလူဖို ) | ၃၇၂ |
| ရှင်ကစွည်း ( လဲ့းလူမ ) | ၃၇၂ |
| ရှဥ့်မတက် ( ကညွတ် ) | ၃၇၂ |
| ရွှေပန်းနွယ် ( ရွှေဝါပန်း ) | ၃၇၂ |
| ရွှေဝါရောင် ( ဆပ်သွားပူး ) | ၃၇၂ |


[ လ ]


| | |
|---|---|
| လဲးလူဖို ( ရှင်ဗာကူ ) | ၃၇၃ |
| လဲးလူမ ( ရှင်ကစွည်း ) | ၃၇၃ |
| လမ်းတမာ ( သဘော်ာတည် ) | ၃၇၃ |
| လင်တပါးပျဉ်း ( တောမုလာ ) | ၃၇၃ |
| လျှော်နီပင် | ၃၇၃ |
| လျှော်ဖြူ ခေါ် ( ဆေးကလမပင် ) | ၃၇၅ |
| လျှော်ပင် ( ပိုက်ဆံပင် ) | ၃၇၈ |


[ ဝ ]


| | |
|---|---|
| ဝါဆိုနွယ် ( သွေးတက်ပင် ) | ၃၇၈ |
| ဝက်မြီးကပ် ( ဂျပ်ပင် ) | ၃၇၈ |
| ဝက်မြီးကပ် ၊ တနည်း ( ကပ်စေးနဲ့ ) | ၃၇၈ |
| ဝံအူ ( ဓမနွယ် ) | ၃၇၉ |


[ သ ]


| | |
|---|---|
| သိကြားလက်ဆက် | ၃၇၉ |
| သပွတ်ပင်ကြီး | ၃၇၉ |
| သဖြူသပြေ ( သဗိုသပြေ ခေါ် ဘူးပြဲ ) | ၃၇၉ |
| သဘောက် ( သစ်နနွင်း ) | ၃၈၃ |
| သမကမွေစုတ် ( သမကနွယ် ) | ၃၈၃ |
| သမင်စာဖြူပင် ( သမင်စဖို ) | ၃၈၄ |
| သလဲပင် ( တလည်းပင် ) | ၃၈၅ |



သာလပဥ္စ
သိလာစနွန
သုခေမြစ်ဥ
သက်ရင်းက
သင်းခွေပန်း
သဘော်ာဆေ
သစ်တက်လ
သစ်ပုလွေပ
သစ်ပုပ်ပင်
သစပြောက်
သစ်မယ်ဇယ်
သန်လျက်ကြ

ဟင်းကွတ်ပ

ပုံပြဆေးအာ

အက္ခရာစဉ်ဒ

သာလပဥ္စ (ကျေးမြီးဖို) ၃၈၅
သီလာစန္ဒန (သိတာစန္ဒန) ၃၈၅
သုဓာမြစ်ဥ (ဆလ-မ်-မစ္စရီ) ၃၈၆
သက်ရင်းကထိုး (ညှော်ခံပင်) ၃၉၁
သင်းခွေပန်း (ကန်ဇမ်ပန်း) ၃၉၁
သဘော်ဆေးခါးကြီး (ရှမ်းဆေးခါး) ၃၉၁
သစ်တက်လင်းနေ (သစ်ခွပန်း) ၃၉၁
သစ်ပုလွေပင် ၃၉၁
သစ်ပုပ်ပင် (သစ်ညို) ၃၉၁
သစပြောက်ပင် ၃၉၅
သစ်မယ်ဇယ်ပင် (သစ်မည်ဆိ) ၃၉၅
သန်လျက်ကြီး (နမဏီ သံလျက်ကြီး) ၃၉၆

[ ဟ ]

ဟင်းကွတ်ပင် (ဟင်းငုတ် လည်းဟူ) ၃၉၆

ပုံပြဆေးအဘိဓာန် (ပ-ဒု-တ-စ) ၄-တွဲတို့၌ ပါဝင်သော
ဆေးပင်များကိုဂိုဏ်းဖွဲ့၍ ဆေးအသုံးနှင့် တကွ ဖော်ပြခြင်း ၄၀၃
အက္ခရာစဉ်အညွှန်း ၄၁၇

အရှင်နာဂသိန်

# ပုံပြဆေးအဘိဓာန်

## စတုတ္ထတွဲ

နမော သဗ္ဗညုနော တိကိစ္ဆကဿ မဟာကာရုဏိကဿ

[ အ ]

## အကျော်

| | | | | | |
|---|---|---|---|---|---|
| ပါဠိ | အဂရု | ( အဂရု ) | ဟိန္ဒီ | အဂါရ | ( အဂရ် ) |
| သက္ကတ | အဂုရု | ( အဂုရု ) | အင်္ဂလိပ် | Calambac Aloewead | |

လက်တင် Aquilaria Agallocha

**ပုံသဏ္ဍာန်။** ။အကျော်သည် အပင်ကြီးမျိုး ဖြစ်၏၊ ပေ ၇၀ မှ ၁၀၀ ထိမြင့်၏၊ သီဟိုဠ်ကျွန်း, မလဝါဒ္ဒီ, မလေးကျွန်းစု, အာသံ, မဏိပူရ, တရုပ်ပြည်, ချစ်တကောင်း နှင့် မြန်မာနိုင်ငံ မြိတ်ခရိုင်တို့၌ ပေါက်၏၊ ၎င်းအပင်သည် အမြဲ စိမ်းလန်း စိုပြေနေသော အပင်မျိုး ဖြစ်၏၊ ပင်စည် နှင့် အကိုင်းအခက်တို့မှာ ဖြောင့်မတ်ခြင်း မရှိ၊ အပင်၏ အခေါက်မှာ လှိုင်းထ သကဲ့သို့ မညီမညာတ် ကြမ်းတမ်းနေ၏၊ သစ်သားရောင်မှာ ဖြူရောင်သန်းလျက် ဝါဖန့်ဖန့်

# အကျော်

## AQUILARIA AGALLOCHA

## अगुरु



အဆင်း ရှိ၏၊ အရွ
ရှိ၏။

အရွက်ထွက်
၏၊ အရွက် အနေအ
ဆင်ဆင်တူ၏၊ သို့
ရောင် ဖြူ၏၊ တန်း
မှာ ၁ လက်မခွဲမှ ၂

အကျော်သ
ဟူ၍ ၂ - မျိုးရှိ၏၊

ယင်းအကျေ
ငှင်းအကျော်ပင်သည်
ပြင်ပ အကာများသ
ကျန်ရှိတော့၏၊ ထို
( နတ်သတ် ) အကေ
အကျော် ဟူ၍ ခေ

ရှေး မိရိုးဖလ
မွေးကြသူဘိုမှာ ငှ
သော အပင်များကို
ပြီး ယင်းတွင်း၌ ရက်
အပြင်အပ အကာမျာ
သည့်ပင်လျှင် 'အကေ
တည်း၊ လူကိုယ်တိုင်
လူလုံ့ (လူသတ်) အ

ဆိုခဲ့သော အ
လိုက်၍ ၂ - ထွာဆိုင်
အစယ်များလည်း ရှိ

အဆင်း ရှိ၏၊ အရွက်မှာ အလျား ၂-လက်မ မှ ၃ လက်မခွဲထိ ရှည်၏၊ အနံ တလက်မခွဲ သာသာ ရှိ၏။

အရွက်ထွက်ပုံမှာ မျက်နှာချင်း ဆိုင်၍ စုံထွက်ခြင်း မဟုတ်ဘဲ တရွက်တပြန် ခပ်ကျဲကျဲ ထွက်၏၊ အရွက် အနေအထားကား မုယားကြီးရွက်နှင့် တူ၏၊ တပင်လုံးကို ခြုံ၍ကြည့်မူ ခရေပင်နှင့် ဆင်ဆင်တူ၏၊ သို့သော် အရွက်မှာ ခရေရွက်ထက် ရှည်၍ အနံမှာ ခရေရွက်ထက် ငယ်၏၊ အပွင့် ရောင် ဖြူ၏၊ တန်ခူးလတွင် ပွင့်၏၊ ဝါဆို ဝါခေါင်လများ၌ အသီး မှည့်၏၊ အသီး၏ ပမာဏ မှာ ၁ လက်မခွဲမှ ၂ လက်မ သာသာထိ ရှည်၏။

## အကျော် ၂-မျိုးကို ရှေးဦးစွာ ခွဲပြခြင်း

အကျော်သည် (၁) နတ်လှဲ့ (နတ်သတ်) အကျော်, (၂) လူလှဲ့ (လူသတ်) အကျော် ဟူ၍ ၂-မျိုးရှိ၏၊ ထိုတွင်—

## (၁) နတ်လှဲ့ (နတ်သတ်) အကျော်

ယင်းအကျော်သည် အနှစ်သက်သက် ဖြစ်၍ အကျော်ပင်မှ အကျော်နှစ် ဖြစ်လာပုံမှာ—ဧင်းအကျော်ပင်သည် အလိုအလျောက် လဲကျတတ်၏၊ လဲကျပြီးနောက် အချိန်ကျသောအခါ ဖြင်ပ အကာများသည် အလိုလို ကျသွားပြီးလျှင် အတွင်းမှ မည်းနက်သော အနှစ်အမာခံ သာ ကျန်ရှိတော့၏၊ ထိုအနှစ်သည် မွှေးကြိုင်သော အနံ့ ရှိ၏၊ အရသာ ခါး၏၊ ဧင်းသည်ပင် နတ်လှဲ့ (နတ်သတ်) အကျော် ဖြစ်လာလေသည်၊ လူမလှဲ့ရဘဲ အလိုလို လှဲ့ကျသဖြင့် နတ်လှဲ့ (နတ်သတ်) အကျော် ဟူ၍ ခေါ်ဆိုကြဟန် ရှိပေသည်။

## (၂) လူလှဲ့ (လူသတ်) အကျော်

ရှေး မိရိုးဖလာ သဘာဝအရ မျိုးရိုးဆင်းသက်ကာ အကျော် ရှာဖွေခြင်းဖြင့် အသက် မွေးကြသူတို့မှာ ဧင်းတို့၏ ပင်ကိုယ် အသိဉာဏ်ဖြင့် စမ်းသပ်၍ အကျော်ပင်၌ အနှစ် ရှိမည် ထင်ရ သော အပင်များကို ရှာဖွေ ခုတ်လှဲ့၍ဧင်း၊ အတွင်းရှိ အကျော်နှစ်များကို မြေစိုစိုတွင် တွင်းတူး ပြီး ယင်းတွင်း၌ ရက်အတန်ကြာ မြှုပ်၍ဧင်း အကာ စင်အောင် ထားကြလေသည်၊ ဧင်းနောက် အပြင်အပ အကာများ စင်၍ ကျန်ရှိနေသော အကျော်နှစ်များကို စုဆောင်း ယူငင်ကြ၏၊ ဧင်း သည်ပင်လျှင် 'အကျော်' အဖြစ်သို့ ရောက်ရှိလေ၏၊ ဤကား—လူလှဲ့ (လူသတ်) အကျော်ပင် တည်း၊ လူကိုယ်တိုင် အားစိုက်၍ လှဲ့ရ သတ်ရသဖြင့် ရရှိသော အကျော် ဖြစ်သောကြောင့် လူလှဲ့ (လူသတ်) အကျော် ဟု ခေါ်ဝေါ်ခဲ့ကြသည် ဟူ၍ ယူဆရပေသည်။

ဆိုခဲ့သော အကျော်တို့၏ အကြီးအငယ်မှာ—အပင်၏ အကြီး အငယ် အနေအထားသို့ လိုက်၍ ၂-ထွာဆိုင်, ၃-ထွာဆိုင် အရွယ်မှ လက်မောင်းလက်ချုံးမျှ အထိ ရှိနိုင်သည်၊ အပိုင်း အစငယ်များလည်း ရှိ၏။

### အာယုဗ္ဗေဒကျမ်းလာ အကျော် ၅ ‌‌· မျိုး

အာယုဗ္ဗေဒကျမ်းအရ ဖော်ပြရသော်—

၁ · ကဏှာဂရု အကျော်

၂ · ကင်္ဂါဂရု အကျော်

၃ · ဒါဟာဂရု အကျော်

၄ · သဒ္ဒဂရု အကျော်

၅ · မင်္ဂလာဂရု အကျော်—

ဟူ၍ ၅ · မျိုးရှိ၏၊ အာယုဗ္ဗေဒ ကျမ်းအရ အကျော် ၅ · မျိုးရှိသည် ဟု သချီာကို ဆိုသော်လည်း သခေါ်ယျ ဒြဗ်မှာမူ— အကျော်ပင် တမျိုးတည်း သာ ဖြစ်ပေသည်၊ ဤကား အာယုဗ္ဗေဒကျမ်းလာ အတိုင်း ၅-မျိုးကို တုတ်ပြခြင်း ဖြစ်သည်၊ လက်တွေ့ မြန်မာနိုင်ငံ၌ အသုံးချပုံ၊ လက်တွေ့ အမျိုးအစား ခွဲထားပုံတို့ကို နောက်၌ သီးသန့် ဖော်ပြပါမည်။

### ( ၁ ) ကဏှာဂရု အကျော်နက်

ကဏှာဂရု အကျော်နက်သည် အကောင်းဆုံး ( အကောင်းစား ) အကျော် ဖြစ်၏၊ ထင်ရှား စေအံ့—

**အကျော်နက်၏ ဂုဏ် နှင့် စွမ်းရည်။** ။အကျော်နက်ကို ရောဂါအလိုက် အသုံးပြုနည်း နှင့် အကောင်းစား အကျော်နက်၏ လက္ခဏာများကို သာ သိသင့် သိထိုက်သည့် အလျောက် ဖော်ပြပါအံ့—

### အကောင်းစား အကျော်နက်၏ လက္ခဏာများ

အကျော်နက်သည် ဂုဏ်သတ္တိအလျောက် ( ၁ ) ပထမတန်းစား, ( ၂ ) ဒုတိယတန်းစား, ( ၃ ) တတိယတန်းစား ဟူ၍ သုံးမျိုး ခွဲခြားလျက် ရှိ၏။

### အရည်အချင်း အဆင့်အတန်း

အကျော်နက်ကို ကြည့်လိုက်လျှင်—

၁ · ဆီဆမ်းထားသကဲ့သို့ စိုပြေလျက် နက်ခြင်း

၂ · ကိုင်ကြည့်လျှင် လက်လေးလက်ဆ ရှိခြင်း ( အချိန်စီးခြင်း )

၃ · အဆီအစေး ဩဇာရှိခြင်း

၄ · ဝါးကြည့်လျှင် အရသာ ခါးခြင်း [ ခါးရာတွင် ခံတွင်း ပျက်လောက်အောင် ခါးခြင်းမျိုးမဟုတ် - သင်းပျံ့ပျံ့ နှင့် ခံတွင်း ရှင်းစေသော၊ ဣဋ္ဌာရုံ အခါးမျိုး ဖြစ်၏။ ]

၅ - အမွေးနံ့ သင်းပျံ့ခြင်း

၆ - မီးရှို့လျှင် ထင်းရှူးသား မီးလောင်သကဲ့သို့ မီးတိုင် လောင်ကာ အခိုးမှ အမွှေးနံ့များ ထွက်ပေါ်လာခြင်း

၇ - အကျော်ကို သွားဖြင့် ကြိတ်ဝါး ကြည့်လျှင် ကြက်မောင်စေးကို ဝါးရသကဲ့သို့ နူးညံ့ ပျော့ပျောင်းလျက် ကြပ်ကြပ် မြည်သံ ထွက်ခြင်း

၈ - ရေတွင်ချသောအခါ စုံးစုံး နစ်မြုပ်ခြင်း—

ဤလက္ခဏာတို့ကား အကျော်နက်၏ အကောင်းစား လက္ခဏာများ ဖြစ်သည်။

## အဆင့်အတန်း ခွဲခြားပုံ

ဖော်ပြပါ လက္ခဏာ ၈ - ရပ်တွင် ၈ - ခုမြောက် လက္ခဏာ ရေးတွင် စုံးစုံးနစ်မြုပ်လျှင် ပထမတန်းစား အကျော်နက် ဖြစ်၏၊ ထက်ဝက်နစ်မြုပ်လျှင် ဒုတိယတန်းစား အကျော်နက် ဖြစ်၏၊ အနည်းငယ်မျှ နစ်မြုပ်လျှင် တတိယတန်းစား အကျော်နက် ဖြစ်၏၊ ဤသို့ အာယုဗ္ဗေဒ ဆေးကျမ်းကြီးများတွင် မိန့်ဆိုထားလေသည်။

ထို့ပြင် လက္ခဏာ အမှတ် ၃ - အဆီအစေး ဩဇာရှိခြင်း ဆိုရာ၌— ပင်ကိုယ် ပကတိ အကျော်နက်ကို ကြည့်လိုက်လျှင် အဆီများ စိုလျက် ( စွတ်လျက် ) ရှိသည်ကို ဆိုလိုသည်၊ အချို့ ဗယဆေး ကုန်သည်များသည် အကျော်နက်ကို မီးကျီးဖြင့် ကင်ကြည့်၍ အကျော်တုံး ပြင်ပသို့ အဆီများထွက်လာကာ အစေးနက်များ ကပ်နေအောင် သရုပ်ဆောင်၍ ရောင်းချ တတ်ကြသည်၊ ဤချက်ကို လေးလေးနက်နက် သတိ ပြုသင့်ပေသည်။

အာယုဗ္ဗေဒ ဆေးကျမ်း အလိုအားဖြင့် အကျော်နက်သည် အေး၏၊ အပူကို ငြိမ်းစေ၏၊ ချောင်းဆိုးရောဂါ, နူနာတို့ကို နိုင်နင်း၏။

သုဿုတ ဆရာကြီး၏ အလိုအားဖြင့် အကျော်နက်သည် အရောင် အဆင်းကို ကြည်လင် တင့်တယ်စေ၏၊ သလိပ်ကို နိုင်၏၊ နူနာ, ယားနာတို့ကို ဖျက်ဆီးတတ်၏၊ အဖျားကြောင့် ဖြစ်သော အလွန် ရေငတ်သော ရောဂါ၌ အကျော်ကို ပွတ်၍ ၎င်းရေကို တိုက်ပေးလျှင် ရေငတ်ခြင်း ပျောက် ကင်းနိုင်၏၊ ထို့ပြင် ဝက်ရူးနာ, အရူးနာ စသော ရောဂါများကိုလည်း နိုင်နင်း၏။

ရာဇနိဃဏ္ဍု ဆရာကြီး အလိုအားဖြင့် အကျော်နက်သည် ခါးသော အရသာ ရှိ၏၊ အနည်းငယ် ပူ၏၊ ၎င်းကို လိမ်းသုတ်မှု အေး၏၊ သွေး၍သောက်မူ သည်းခြေကို နိုင်၏၊ ဒေါသ သုံးပါးကို ပယ်ရှားနိုင်၏။

ဘာဝပ္ပကာသ ဆရာကြီး အလိုအားဖြင့် အကျော်နက်သည် ပူ၏၊ စမ်းချဉ်းဖျဉ်းရှိ၏၊ ခါး၏၊ သက်၏၊ အရေဖျားကို အကျိုးပြု၏၊ သည်းခြေကို ဖြစ်ခစေ၏၊ ကြေကျက်လွယ်၏၊ နား၌ ဖြစ်သော ရောဂါ, မျက်စိရောဂါ, သလိပ်နာ, အအေးနှင့် ယှဉ်သော လေနာတို့ကို နိုင်၏၊ ထို့ပြင် ဓာတ်များကို ပြုပြင်တတ်၏၊ ဝဖြိုးစေ၏၊ အစာမကြေ လေပြည့်ရောဂါ, အရေပြားရောဂါ, ကြက် ညှာချောင်းဆိုး နှင့် မျက်စိ နာကျင် ကိုက်ခဲခြင်းတို့ကို ပျောက်ကင်း စေနိုင်၏။

ယူနာနီ ဆရာတို့ အလိုအားဖြင့် အကျော်နက်သည် အနည်းငယ် ပူ၏၊ ခြောက်သွေ့၏၊ ခါး၏၊ မွှေးသောအနံ့ ရှိ၏၊ ဝဖြိုးစေ၏၊ အစာမကြေ လေပြည့်ရောဂါတို့ကို ကင်းဝေးစေ၏၊ ဝမ်းမီးကို တောက်စေ၏၊ ဆီး ရွှင်စေ၏၊ ကာမကို အားပေး၏၊ နာတာရှည် အတိသာရ သွေးဝမ်းရောဂါ အတွက် များစွာ အကျိုးပြု၏၊ အသည်း နှင့် အူတွင်း၌ ဖြစ်သော ရောဂါများကို ပျောက်ကင်းစေ၏၊ ခံတွင်းနံ့ မကောင်းခြင်း, လေကြောများ ပူလောင်ခြင်း, ပန်းနာရင်ကြပ်, အော့အန်ခြင်း, ဦးနှောက်ခြောက်ခြင်း ရောဂါများကို ပယ်ဖျောက်နိုင်၏။

ထို့ပြင် အကျော်နက်သည် မိမိ၏ ပေါ့ပါးသော (လဟု) ဂုဏ်, ဥဏှဂုဏ်, သုဂန္ဓဂုဏ် စသည်တို့ကြောင့် အသက်ရှူမြန်ကြော, အစာသစ်အိမ်, အသည်းနှလုံး, ဦးနှောက် နှင့် ခန္ဓာကိုယ်၏ တည်ရာ ဌာန္ဒြေများကို အလွန် အားပေးလျက် အကျိုး ပြု၏။

## အကျော်စေး၏ စွမ်းရည်

အကျော်ပင်မှ ထွက်သော အစေးသည် နှလုံးကို အားပေး၏၊ အဆစ်အဆက် ရောင်သော ရောဂါများကို အကျော်စေး လိမ်းပေးခြင်းဖြင့် ပျောက်ကင်းနိုင်၏၊ ကိုယ်၏ လေးလံ ထိုင်းမှိုင်းခြင်း, လှုပ်ရှားထကြွလိုသောစိတ် မရှိခြင်းတို့၌ အကျော်စေးကို လိမ်းပေးခြင်းဖြင့် သွက်လက် ပေါ့ပါး လာစေနိုင်၏။

## ရောဂါအလိုက် အသုံးပြုပုံ

**မူးဝေသောရောဂါ။** ။အလွန်မူးဝေခြင်းဖြစ်မူ အကျော်ကို သွေး၍ ရှူပါ၊ သို့မဟုတ် မီးရှို့ အခိုးပြုလုပ်၍ ရှူပါ၊ ပျောက်ကင်းနိုင်၏။

**ဝမ်းပိုက် (ဗိုက်) ရောဂါ။** ။ဝမ်းပိုက်နာလျှင် အကျော်နှင့် ကြက်ဆူမြစ် အခွံခေါက်ကို ရေစပ် သွေးပြီးလျှင် ဝမ်းပိုက်တွင် လိမ်းပေးပါက ပျောက်ကင်းနိုင်၏။

**ကိုယ်သားကိုယ်ရေပူ ရောဂါ။** ။ကိုယ်သားကိုယ်ရေ ပူလောင်ခြင်း ဖြစ်မူ အကျော်ကို ရေအေးနှင့် သွေး၍ မွှမ်းမွှမ်း လိမ်းပေးပါ၊ ထိုရောဂါ ပျောက်ကင်းနိုင်၏။

**အဖျားရောဂါကြောင့် အားပြတ်ခြင်း။** ။ရှဉ့်မတက်ဥမြစ် ၃-ကျပ်, ရေ ၄ဂ-ကျပ် နှင့် ၆-ကျပ်-ဂ-ပဲသားကျန်အောင် ကျိုပါ၊ ၎င်းပြုတ်ရေနှင့် အကျော်ကို တနေ့ ၂-ကြိမ်မျှ သောက်မူ အဖျားလည်းပျောက် အားလည်း ရောက်၏၊ အဖျားတာရှည်၍ အားအင် ကုန်ခန်းနေသော နာတာရှည် နာလံထများ အားအင် ပြည့်ဖြိုးလာပေလိမ့်မည်။

**ချွေးထွက်လွန်ခြင်းရောဂါ။** ။ရိုးရိုး ချွေးထွက်လွန်သော်၎င်း, ငန်းရေမူတ်ခေါ် အဖျားရှိန် ပြင်း၍ ချွေးထွက်လွန်သော်၎င်း အကျော်နုနု အမှုန့်ပြု၍ လိမ်းသုတ်ပေးပါက ချွေးရပ်တန့် ပျောက်ကင်းသွားလိမ့်မည်။

**အဖျားဟောင်း နှင့် အဖျားငုပ်ခြင်းရောဂါ။** ။အကျော်မှုန့်ကို ပျားရည်နှင့် ဖျော်၍ လျက်မူ နာတာရှည် အဖျားငုပ်နေသည်များ ပျောက်ကင်း၍ နှလုံး, အစာသစ်အိမ်ကို အား ပေးလိမ့်မည်။

**ပန်းနာရင်ကြပ် နှင့် အော့အန်ရောဂါ။** ။အကျော်ကို သွေး၍ သောက်မှု သို့မဟုတ် အကျော်မှုန့်ကို သင့်လျော်သော သနပ်ဖက် စသည်နှင့် ဆေးလိပ် အလား ပြု၍ မီးညှိကာ နှာခေါင်းဖြင့် ရှူပေးခြင်း, သို့မဟုတ် ဆေးတံအလား အခိုးရှူပိုက်ဖြင့် မီးညှိ၍ရှူခြင်း ပြုပေးပါလျှင် ပန်းနာရင်ကြပ်, အော့အန်ရောဂါများ ပျောက်ကင်းနိုင်၏။

**လေထိုး လေအောင့် ရောဂါ။** ။အကျော်နက်ကို ဆီနှင့် သွေး၍ လိမ်းသုပ်ပေးပါမူ လေထိုး လေအောင့် ပျောက်ကင်းနိုင်၏။

**ပန်းသေရောဂါ။** ။အကျော်ဆီဖြင့် လိင်ကို လိမ်းသုတ် ဆုပ်နယ်ပေးပါလျှင် ပန်းသေရောဂါ ကောင်းစွာ ပျောက်ကင်းနိုင်၏။

နောက်တနည်းမှာ– ကွမ်းယာတွင် အကျော်ဆီ ၂-စက်မျှ ထည့်၍ သကြားရည် ၃-စက် ထပ်လောင်း၍ သောက်ပါ၊ ထို့နောက် နွားနို့ကို သောက်ပါ၊ ကာမသတ္တိ တိုးပွား၍ ပန်းသေရောဂါ ပျောက်ကင်းနိုင်၏။

**မကျက်နိုင်သောအနာ မှိုင်းဆေး။** ။အကျော်နှင့် အိုးထိန်းစေးကို ရော၍ မကျက်နိုင်သည့်အနာ, ပိုးကျနေသော အနာများကို မှိုင်းတိုက်ပေးမူ ပိုးများပျက်စီး၍ အနာလည်း ကောင်းစွာ ကျက်သွားလိမ့်မည်။

**သွေးအန်သွေးကျ နှင့် အဆစ်အဆက်ရောင်ရောဂါ။** ။ဤရောဂါများ ဖြစ်ခဲ့သော် အကျော်ကို သွေး၍လည်းတိုက်, လိမ်းလည်း လိမ်းပေးပါက မုချ ပျောက်ကင်းစေနိုင်၏။

**အရေဖျားရောဂါ, ကိုယ်သားကိုယ်ရေ ညစ်နွမ်းခြင်း။** ။ယင်းရောဂါ နှင့် အသားအရေ ညစ်နွမ်းခြင်း ဖြစ်ခဲ့သော် အကြော်ကို မကြာမကြာ လိမ်းသုတ်ပေးပါက ပျောက်ကင်းစေနိုင်၏။

**ဝမ်းမီးနှုံ့သောရောဂါ။** ။ဝမ်းမီးနှုံ့ခြင်း, နှလုံးရောဂါ ဖြစ်ခြင်းတို့၌ အကျော်နက်ကို အမှုန့်ပြု၍ ပျားရည်နှင့် ဖျော်လျက်ပါ၊ ပျောက်ကင်းနိုင်၏။

**အဖျားကြောင့် ချေးထွက်လွန်ခြင်း။** ။အကျော်, မြက်မွှေး, နံ့သာဖြူ, ကံ့ကော်ဝတ်ဆံ-ဤ ၄-မျိုးကို ညက်စွာ အမှုန့်ပြု၍ ဇီးပင်ခေါက် သတ္တုရည်နှင့် ကျိုပါ၊ ထိုအပြုတ်ရည်ဖြင့် ကိုယ်ကို လိမ်းသုတ်ပေးပါ၊ ၎င်းရောဂါ ပျောက်ကင်းနိုင်၏။

အကျော်နက်ဂုဏ် နှင့် စွမ်းရည် ပြီး၏

---

## အကျော် ၄-မျိုး ဂုဏ် နှင့် စွမ်းရည်

အာယုဗ္ဗေဒကျမ်းအရ ဖော်ပြခဲ့သော အကျော် ၅-မျိုးအနက် ကဏှာဂရုခေါ် အကျော်နက်မှ တပါး ကျန်အကျော် ၄-မျိုးတို့၏ စွမ်းရည် အသီးသီးကို ဤသို့ သိအပ်ပေသည်။

## ( ၁ ) ကဋ္ဌာဂရု အကျော်

ကဋ္ဌာဂရုအကျော်သည် တက်၏၊ ပူ၏၊ လိမ်းသုတ်မှုခြောက်သွေ့၏၊ သလိပ်ကို နိုင်၏၊ ခံတွင်း၌ဖြစ်သော ရောဂါ, အော့အန်နာ နှင့် လေရောဂါတို့ကို နိုင်၏။

## ( ၂ ) ဒါဟာဂရုအကျော်

ဒါဟာဂရုအကျော်သည် တက်၏၊ အနည်းငယ် ပူ၏၊ မွှေးသော အနံ့ ရှိ၏၊ အဆံပင်ကိုသန့်စွမ်း တိုးပွားနိုင်၏၊ ကိုယ်အဆင်းကို ကြည်လင်စေ၏၊ ဆံပင်ကို သန့်ရှင်းစေနိုင်၏။

## ( ၃ ) သဒ္ဒဂရုအကျော်

သဒ္ဒဂုရုအကျော်သည် အနည်းငယ် ပူ၏ ( ပူသောဂုဏ် ရှိ၏ )၊ နှာဆေး အဖြစ်ဖြင့် ရှူပေးမှု လေရောဂါကို နိုင်၏။

## ( ၄ ) မင်္ဂလာဂရုအကျော်

၎င်းအကျော်သည် အေး၏၊ မွှေးသောအနံ့ ရှိ၏။

## ယူနာနီ, ဟကိမ ဆရာတို့အလို အကျော်လေးမျိုး

ဆိုခဲ့ပြီးသော အာယုဗ္ဗေဒ ဆရာတို့အလို အကျော် ၅ - မျိုးမှ တပါး ယူနာနီဆရာတို့အလို အကျော် ၄ - မျိုးလည်း ရှိသေး၏- ယင်းတို့မှာ—

၁ - ဟိန္ဒီအကျော်

၂ - သမန္တရီအကျော်

၃ - ကာသမရီအကျော်

၄ - သမဏ္ဍလီအကျော်—

ဤ ၄ - မျိုးတို့တည်း၊ အရပ်ဒေသအမျိုးမျိုးသို့ လိုက်၍ အကျိုး ၄ - မျိုး ရှိကြောင်း ရေးသားဖော်ပြထားလေသည်။

## ရာဂျာရဟ ရွှေအကျော် ( ရာဇာရဟာအကျော် )

"ဣခတိယာရတ ဣဗဒိယာဣ" အမည်ရှိသောကျမ်းကို ပြုစီရင်သော ဆရာကြီးက ဤသို့ ရေးသားခဲ့သည်မှာ—အထက်ဖော်ပြပါ အာယုဗ္ဗေဒအလို အကျော် ၅ - မျိုး, ယူနာနီ, ဟကိမတို့အလို အကျော် ၄ - မျိုး အပြင် "ရာဂျာရဟ" မည်သော အကျော် တမျိုး ရှိသေး၏၊ ယင်းအကျော်သည် ရွှေလောက် တန်ဘိုးရှိ၏၊ အလွန် ကောင်း၏၊ အထက်ပါ အကျော်များမှာ မီးနှင့် တွေ့ထိမှ မွှေးကြိုင်သော ရနံ့ ထွက်နိုင်၏၊ ရာဂျာရဟ အကျော်သည်ကား လက်တွင်

၁၅ - မိနစ်မျှ ဆုပ်ကိုင်ထားပါက လက်၏ အပူရှိန်ဖြင့် ပင် မွှေးကြိုင်သော ရနံ့များ ထွက်လာနိုင်ပေသည်၊ ယင်းအကျော်သည် ရွှေနှင့်အတူ တန်ဘိုးထား၍ အသုံးပြုကြရ၏။

## ရာဂျာရဟာ အကျော်၏ ဖြစ်ရာဌာန

ဂျာဝါးကျွန်းမှ ၁၅ - ရက်ခန့်သွားရသော ခရီးတာ အကွာအဝေးတွင် စိတ္တာ မည်သော ရွာ ရှိ၏၊ ထိုရွာ၏ အနီးအပါး၌ ပေါက်ရောက်၏၊ ၎င်းအရပ်မှ ပင် ရာဂျာရဟာ အကျော်ကို လာရောက် ရောင်းချကြသည်– စသည်ဖြင့် ရေးသားထားသည်ကို ဖတ်ရှုရဘူး၏၊ ( ရာဂျာရဟ ကို ပါဠိသံဖြင့် ရာဇာရဟ ဟု အံသံ ထွက်၏။ )

## အကျော်စစ်စစ် တရုပ်စကားအနှစ်

ဤသို့ လက်သုံးတခု ပြောဆိုခြင်းပြုကြသော စကားသည် အကယ်ပင် မှန်ကန်ပါလေသ– စဉ်းစားရန် ရှိပေသည်။

အာယုဗ္ဗေဒ ဆေးကျမ်းကြီးများ, နိဃဏ္ဍုကျမ်းကြီးများ နှင့် ယူနာနီ ကျမ်းကြီးများ စသည်တို့၌ အကျော်နှင့် စပ်လျဉ်း၍ ရေးသား ဖွင့်ဆိုကြသည်တို့မှာ—အကျော်ပင်သည် အလွန် ကြီးမားသော သစ်ပင်ကြီးမျိုး ဖြစ်ကြောင်း- ပေ ၇၀ - မှ ၁၀၀ - ထိ မြင့်ကြောင်း- ခရေပင် နှင့် ပေါက်ရောက်ပုံ အမြင်အားဖြင့် တူကြောင်း - အရွက်သည် မုယားကြီးရွက်နှင့် တူကြောင်း - အသီးမှာ ၂ - လက်မ မျှသာ ရှည်ကြောင်း စသည်ဖြင့် ထင်ရှားစွာ ပြတ်ပြတ်သားသား ရေးသားထားသည်ကို ထောက်ထားပါက တရုပ်စကားပင်မျိုး မဟုတ်နိုင် မဖြစ်နိုင်ကြောင်း သေချာစွာ သိနိုင်ကြပေသည်။

## အကျော်သည် နံ့သာမျိုး ၅ - ပါး အပါအဝင် ဖြစ်ခြင်း

၁ - နံ့သာဖြူ, ၂ - နံ့သာနီ, ၃ - ကရမက်, ၄ - အကျော်, ၅ - စမွာ- ဤ ၅ ပါးသည် ဗိန္ဒောဆေးကျမ်းတို့၌ သွေး, လေ, သလိပ်, သည်းခြေတို့ကို နိုင်၏၊ အပူကို ငြိမ်းစေတတ်၏ ဆို၏။

နံ့သာမျိုး ငါးပါးတို့၏ ကျယ်ပြန့်သော အဆုံးအဖြတ်ကို အက္ခရာစဉ်အတိုင်း ပဌမတွဲ, ဒုတိယတွဲ, တတိယတွဲတို့၌ ဖော်ပြထားပြီးဖြစ်၍ ဤ၌ အကျယ်တဝင့် ဖွင့်ဆိုပြရန် လိုတော့မည် မထင်ပါ၊ သက်ဆိုင်ရာအတွဲတွင် အက္ခရာစဉ်နှင့် ညှိ၍ လိုအပ်သည့် အဆုံးအဖြတ်တို့ကို သာ မှတ်ယူကြကုန်ရာ၏။

နံ့သာဖြူ အစစ် စိစစ်ပုံတို့ကိုရင်း, နံ့သာနီအစစ် ပျောက်ကွယ်နေပြီ ဖြစ်၍ အတုထည့်ပုံတို့ကိုရင်း, စမွာ အရ စကားအသုံးတူသော စကားဝါ, ဖြူ, စိမ်း မျိုးတို့မှ အနှစ်ကို မယူဘဲ တရုပ်စကားမျိုးမှ ယူပုံကိုရင်း, အကျော်အစစ် ခံစပ်နှစ် ဟူသော ရှေးစကား၏ အဓိပ္ပာယ် အယူအဆကိုရင်း, "စမွာစစ်စစ် စကားနှစ်" ဟူသော ရှေးစကားအရ မည်သည့် စကားမျိုးကို ယူရမည်ကိုရင်း ဖွင့်ပြထားပြီး ဖြစ်သဖြင့် သင့်ရာသင့်ရာကို ယူကြကုန်ရာ၏။

## အကျော် နှင့် အကြော်

မြန်မာရေးထုံး ဟူသမျှတို့၌ ကျော်ကြားကိတ္တိရှိမှုကို ယပင့်အကျော် ဟု ရေး၍ ကြော်လှော် ဖုတ်ကင် စားသောက်မှုကို (ဥပမာ) ဗူးသီးကြော်၊ ပဲကြော်၊ မုံ့ဆီကြော် စသည်တို့ကို က - ရ,ရစ်ဖြင့် 'အကြော်' ဟု ရေးကြသည်၊ ပင့် နှင့် ရစ် နှစ်ခု ယင်းကဲ့သို့ ခွဲခြားမှု ရှိသည့်အနက် မြန်မာ့ရေးထုံးကျမ်းမှန်သမျှ၌ အကျော်နံ့သာကို ယပင့်နှင့် သာ ရေးသားခဲ့ကြသည်။

သို့ရာတွင် သက္ကတ ခေါ် ဆေးပင်များနှင့် အသုံးဝင်သော အပင်များ အဘိဓာန် ခေါ် "အင်္ဂလိပ် - မြန်မာ နှင့် မြန်မာ - အင်္ဂလိပ်အဘိဓာန်" စာအုပ် (၁၉၂၆ - ခု နယူးဘားမား ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထားသည်) တွင် အကျော်ကို ရ,ရစ်နှင့် 'အကြော်' ဟု ရေးသား ထားသည်ကို တွေ့ရပါသည်၊ ရေးသားသူမှာ ဦးအောင်မှတ် ဖြစ်၍ မြန်မာ၊ ဟိန္ဒီ၊ သက္ကတ၊ အင်္ဂလိပ်ဘာသာတို့၌ ကျွမ်းကျင်သော ပုဂ္ဂိုလ် ဖြစ်သဖြင့် ထွင်လုံးမျိုးဖြင့် ရေးသားခြင်းလော - ထင်လုံးဖြင့် ရေးသားခြင်းလော စိစစ်သင့်ပေသည်၊ အချို့ရေးသားမှုမှာ "သူတကာထက် ထူးလျှင် ပြီးရော" ဟူသော သဘောဖြင့် ထွင်တတ်ကြ၏၊ သာဓကများကို လေ့လာလျှင် များစွာ တွေ့နိုင်ပေသည်၊ ယင်းကဲ့သို့ ထွင်လုံးမျိုး မဟုတ်ချေ၊ ထင်လုံးမြင်လုံး အရဖြင့်သာ ရေးသားခြင်း ဖြစ်၍ ၎င်း၏ ထင်မြင်ယူဆချက်ကိုလည်း ဖော်ပြသင့်သည် ဟု သဘောရမိသည်၊ တချိန်တုန်းက ၎င်းစာအုပ်သည် ကျောင်းသုံး (အစိုးရသုံး) ဖြစ်ခဲ့၏၊ ထို့ကြောင့်လည်း ပို၍ လေးစားသင့်ပေသည်၊ ထိုစဉ်အခါက အက္ခရာ ရေးထုံး မှန်သမျှကို အစိုးရအနေနှင့် ကိုင်တွယ်သော အခါ ဖြစ်၍ လွန်စွာ စိစစ် ကြရပေ၏၊ ၎င်း၏ အယူအဆကို အောက်ပါအတိုင်း ဖော်ပြထားသည်။

> "As the word is derived from the original word Ager it should be spelt - အကြော်"

အဓိပ္ပာယ်မှာ—အဂရ သဒ္ဒါမှ လာ၍ ၎င်းကို ရ,ရစ်ဖြင့် 'အကြော်' ဟု ရေးသင့်ကြောင်း ဆုံးဖြတ်ထားခြင်း ဖြစ်သည်၊ နောက်တွင် ရ,ဆုံး၍ အ, ဥ ကာရန်တို့ဖြင့် တည်ရှိသော ပါဠိပုဒ်၊ သက္ကတပုဒ်တို့သည် မြန်မာမှု ပြုရာ၌ များစွာ ပြောင်းလဲမှု ရှိသည်ကို သိနိုင်ရာ၏၊ ဆေးဝါး အခေါ်အဝေါ်များသည် များသော အားဖြင့် အာယုဗ္ဗေဒ ဆေးအဘိဓာန်၊ ဓာတ်အဘိဓာန် ကျမ်းကြီးတို့ကို အခြေခံထား၍ မြန်မာမှု ပြုထားသည်ကို အထောက်အထား ပြုရာ၏၊ (ဥပမာ) ပဒုဆေး (ရာဇဝင်ပါ အရေးအသား)၊ ဗယဆေး (သက္ကတကျမ်းလာ အရေးအသား)၊ ဇာတိပ္ပိုလ်၊ လေးညှင်း၊ ဂမုံး၌၊ တြိကဋုက်၊ ပဥ္စမူ၊ ဒသမူ၊ အရက်၊ ကွာတားပြုတ်ရေ၊ တန္တရား၊ ယန္တရား၊ မန္တရား၊ ဗိန္ဒော၊ ဟူးရား၊ ဗေဒင်နက္ခတ်၊ ပိတောက်၊ ဒုဋ္ဌာ၊ ကန္တ၊ ဟင်းရိုင်း၊ ရှိန်းခို၊ စမွတ်၊ ကတိုး၊ သရက္ခန်၊ စန္ဒကူး၊ ပဒ္မကူး၊ ဣဿရမူလီ စသည်ဖြင့် များစွာသော ဆေးပစ္စည်း အခေါ်ရှိသည့်ပြင် စိန်၊ ပတ္တမြား၊ ဥဿဖရား၊ မိုက်ခွက်၊ နာ စသော အင်္ဂရတ် ဓာတ်ပစ္စည်းများ - ရတနာများ အခေါ်အဝေါ်တို့ မြန်မာမှုတွင်းသို့ များစွာ စိမ့်ဝင်နေသည်ကို သတိပြုရာ၏။

ဤသတ်ပုံနှင့် ဆိုင်ရာ မြန်မာဝေါဟာရကို အကျယ်တဝင့် ရှင်းလင်း ဖော်ပြရန် လိုအပ်သောအရာ မဟုတ်သဖြင့် ချန်လှပ်ထားလိုက်ရတော့သည်၊ ဆိုလိုရင်းမှာ "အကျော် နှင့် အကြော်

ဟုံနှစ်ဖော် မည်သည်ကို ရွေးရန် ဟောမည်နည်း" ဟူ၍ သာ စာဖတ် ပညာရှင်တို့ကို စာရေးသားရင်းဖြင့် ပင် **အမေးပုစ္ဆာဖြင့်** ပန်ကြား လိုက်ရပါသည်။

**အကျော် နှင့် အကျော်သာမည**

အကျော် ဟူသော စကား, အကျော် ဟူသော နံ့သာကို ခွဲခြားယူလိုက်သော်—

၁ · အကျော်

၂ · အကျော်သာမည

၃ · အကျော်နက်—

ဟူ၍ သုံးမျိုးသုံးစား ကွဲပြားသည်၊ သုံးမျိုးသုံးစား ကွဲပြားသည် ဟူ၍ မှတ်ယူရာ၏။

**အကျော်သာမည** မှာ အကျော်ဂိုဏ်းဝင် နံ့သာမျိုး ဖြစ်၏၊ ၎င်းကို ကာဠာနုသာရီ, ကာဠိယ ဟု သက္ကတကျမ်းတို့၌ ခေါ်ဝေါ်ကြကုန်၏၊ မာဂဓအဘိဓာန် နိဿယပြုန် ဆရာတော်များသည် ထို ၂ - ပုဒ်၏ အနက်ကို ကလမဂ် ဟု ပြန်ဆိုကြသည်၊ နံ့သာမျိုး ၅ - ပါးတွင် ပါဝင်သော ကလမက်ကို "ပီတာစန္ဒန" ပုဒ်က ဟောသဖြင့် စာတွေ့ နှင့် လက်တွေ့ နှစ်ရပ် ပေါင်းစပ်၍ စဉ်းစားအပ်သောအရာ ဖြစ်သည်၊ ၎င်းကို စမ္ပာနံ့သာ ဟု ဆိုရသည်၊ အဘယ့်ကြောင့်နည်း ဟူမူ စမ္ပာနံ့သာကို " တဂရ " ဟူ၍လည်း ခေါ်၏၊ မလယာဂရု ဟူ၍ ရသာမဘဋ္ဋီကာ၌ ရေးသားထားသည်ကို တွေ့ရ၏၊ ဆိုလိုသည်မှာ မလေးနိုင်ငံထွက် အကျော် ဟု ဆိုလိုသည်၊ အဆင်းညိုညစ်ညစ် ဖြစ်၍ အမွှေးနံ့လည်း ရှိသဖြင့် မြန်မာတို့ကား ခံစပ်နှစ်ကို ယူကြသည်၊ သင့်မည်မထင်ပါ၊ အဘယ့်ကြောင့်နည်းဟူ— အကျိုးသွားချင်း လွန်စွာ ကွာခြားသောကြောင့်၎င်း, ခံစပ်ကို ဟောသော ပုဒ်ရင်းနှင့် အကျော်ဟောသော ပုဒ်ရင်းတို့ လွန်စွာ ကွာခြားနေသောကြောင့်၎င်း မသင့် ဟု ဆိုရပေမည်။

ထို့ကြောင့် အကျော်သာမညကို စမ္ပာနံ့သာ ဟူ ယူမှတ်အပ်၏၊ စမ္ပာနံ့သာကိုလည်း မြန်မာသုံးစကားမျိုးကို မယူဘဲ တရုပ်စကားမျိုးမှ စကားကို ယူအပ်၏၊ အကျော်တုနှင့် အကျော်စစ် ဟူ၍ ၂ · မျိုး ခွဲပြီးလျှင် အကျော်တုကို ဖော်ပြပါအတိုင်း စမ္ပာကို ယူအပ်၏၊ အကျော်စစ်ကို ယူရာ၌ အကျော် နှင့် အကျော်နက် ဟူ၍ ၂·မျိုးခွဲ ယူရာ၏၊ အကျော်, သာမညအကျော်ကို သက္ကတ ဆေးကျမ်းတို့၌ အဂုရု, အဂရု, ဝံသိက, ရာဇာရဟ, ကိမိဇ ဟု ၎ါးမျိုးပြထားသည်ကို တွေ့ရ၏။

ဤအမည်၎ါးမျိုးတွင် နောက်ဆုံး ကိမိဇ ဟူသော ပါဠိအမည်၏ ဆိုလိုရင်းမှာ ထိုအကျော်ပင်သည် လတ်လတ်ဆတ်ဆတ် ရှိနေဆဲ အခါမှာ မွှေးကြိုင်ခြင်းမရှိ၊ ဆွေးလာမှသာ မွှေးကြိုင်၏၊ ဆွေးလေ မွှေးလေ ဖြစ်၍ ဆွေးသောအခါ၌ အကာကို ပိုးများ ဝင်ရောက်စားထားပြီး ဖြစ်ရကား ပိုးစားရာများနှင့် ပိုးများ သွားသော လမ်းကြောင်းကလေးများကို တွေ့ရသောကြောင့် ကိမိဇ ခေါ်သည် ဟု ဆိုလိုသည်။ ။ [ ကိမိ—ပိုးကောင်+ဇ—ဖြစ်သည်၊ = ကိမိဇ—ပိုးကြောင့် ဖြစ်သော နံ့သာ။ ]

အကျော်နံ့သာသည် ဆေးပစ္စည်းတွင် အလွန်ထင်ရှား၏၊ လူတို့အတွက်လည်း အသုံးဝင်လှ၏၊ ၎င်းနှင့်စပ်လျဉ်း၍ သက္ကတ ဆေးကျမ်း အဘိဓာန်တို့၌၎င်း, မာဂဓ အဘိဓာန်တို့၌၎င်း မှတ်သားဖွယ် ဖွင့်ပြထားကြရာ ယခု မာဂဓ အဘိဓာန်ကို ဖွင့်သော အဘိဓာန်ဋီကာ အဆိုကို ဤ၌ ဖော်ပြပါအံ့—

မာဂဓ အဘိဓာန်၌ အကျော်ဟော ပရိယာယ် ၃-ပုဒ် ပြသည်၊ ၎င်းတို့မှာ— ၁ - လောဟ, ၂ - အဂရု, ၃ - အဂလု (အဂ္ဂလု) ဤ ၃-ပုဒ်တည်း၊ ဤ ၃-ပုဒ်လုံးသည် အကျော် ဟူသမျှကို ဟောသော အကျော်သာမည ပုဒ်တို့ ဖြစ်ကုန်၏၊ အဂရု ပုဒ်၏ အနက်မှာ— လဟု၊ ပေါ့ပါးခြင်း-ဖြစ်၏၊ လဟု၊ ပေါ့ပါးသည်- ဟု ဆိုမည့်အစား အဂရု၊ မလေးဘူး- ဟု ဆိုခြင်း ဖြစ်၏၊ ယခုအခါ "ကောင်းသည်" ဟု ဆိုမည့်အစား "မဆိုးပါဘူး" ဟု ဆိုသကဲ့သို့ပင်တည်း၊ ပေါ့ပါးသည်, မလေးဘူး ဟူသည် စကားလုံး သာ ကွဲ၏၊ အနက်သဘောမှာ အတူတူ ဖြစ်၏၊ အဂရု—၌ ရ, ကို လ,ပြု၍ အဂလု ဖြစ်လာ၏၊ ထိုအဂရု အကျော်သည်—

၁ - ဝံသိက အဂရု

၂ - ရာဇာရဟအဂရု

၃ - ကိမိဇအဂရု

၄ - ဇောင်္ဂကအဂရု—

ဟူ၍ ၄ မျိုး ပြထား၏၊ (သက္ကတဆေးကျမ်းတို့၌ကား—၅-မျိုး ရှိကြောင်း ဆို၏။)

အဂရု ပုဒ်ဟော အကျော် ဟူသမျှသည် ညိုညိုမဲမဲ ထူးကဲလာလျှင် ကာဠာဂရု အမည်ရ၏၊ ကြက်ရိုးပန်း အနံ့မျိုး ရှိသော အကျော်ဖြစ်လျှင် မင်္ဂလာဂရု အမည်ရ၏၊ ဤအကျော် ၄-မျိုး စလုံးပင် အနံ့အသက်မှာ အခြားနံ့သာတို့လောက် လေးလေးပင်ပင် မွှေးကြိုင်ခြင်းမရှိ၊ မွှေးကြိုင်ပုံ ပေါ့သောကြောင့် "အဂရု" ဟု ဆိုရသည်၊ ၎င်းတို့သည် သံရောင်အဆင်းကဲ့သို့ အရောင်အဆင်း နက်သဖြင့် "လောဟ" ဟု ဆို ရ၏၊ အနှစ်အသား တခုလုံး မနက်ချေ၊ အသား၏ အကြောမြင်တလျှောက် အနက်ရောင်အဆီများ ဝင်ရောက် ကိုန်းအောင်းလျက် ရှိ၏၊ ၎င်းကိုပင် အကျော် ဟု ခေါ်သည်။

ထို အကျော် မှ တခုလုံး နက်နေသော အနှစ် အဆီများ သာ ရှိ၍ အခြား အကျော်များထက် လက်လေးလက်ဆ လွန်စွာ ရှိပြီး အနံ့လည်း လွန်စွာ မွှေး၍ မီးရှို့လျှင် အဆီများ တစက်တစက် ယိုကျသည် အထိ ထူးခြားသော အကျော်မျိုးကား အမွန်မြတ်ဆုံး အကျော် ဖြစ်၏၊ ၎င်းကို အကျော်နက် ဟု ခေါ်၏။

ထိုမှတပါး မြိတ်အကျော်, မလေးအကျော်တို့ကား— သာမည သာ နက်၏၊ သာမညသာ အဆီ ရှိ၏၊ လက်လေးလက်ဆ ပေါ့၏၊ အနည်းငယ် သာ အနံ့မွှေး၏၊ အဆီများလျှင် ရေမြုပ်၍ အဆီနည်းလျှင် ရေပေါ်၏။ (၁) အသွေးအရောင်, (၂) အဆီ, (၃) ရေမြုပ်ခြင်း- (လက်လေးလက်ဆ ရှိခြင်း) ဤအင်္ဂါ ၃-ရပ်ပေါ်၌ အကျော်၏ ဂုဏ် တည်နေ၏။

### တရုပ်အကျော်

တရုပ်ပြည်မှ လာသော အကျော်မျိုးကား လွန်စွာ အရောင် နက်၏၊ အကျော်တုံးကို ကြည့်လျှင် အဆီများ ပြည့်ဖုံးနေသည် ဟု ထင်ရ၏၊ အခြားအကျော်များ အလေးချိန် ၁-ကျပ်သားကို ၂-ကျပ်, ၃-ကျပ် ပေးရသော အချိန်၌ ၎င်းတရုပ်အကျော်ကို ၇၅-ကျပ်အထိ ပေးရ၏။

အကျော်တု, အကျော်စစ် ၂-မျိုး ရှိသည်တွင် အကျော်စစ်သည်ကို သာ့မည အကျော်, အကျော်နက် ဟု ၂-မျိုးရှိပြန်ကြောင်း အခြေခံ အနေဖြင့် ခွဲခြား မှတ်သားပြီးလျှင် အကျော်ကို ဆေးအမှု၌ အသုံးပြုတတ်ရန် အခြားသော ဗဟုသုတတို့ဖြင့် မှတ်ယူ ဝေဘန်ကြကုန်ရာ၏။

## အကျော်နှင့် စပ်လျဉ်းသော မှတ်သားဖွယ်များ

### အကျော် တွေ့ရှိနိုင်သော အရပ်ဒေသ

အကျော်ကို တနင်္သာရီရိုးမ မြိတ်ခရိုင်အတွင်းရှိ ကျွန်းများနှင့် ယိုးဒယားနယ်ခြားဒေသများတွင် တွေ့ရှိနိုင်သည်၊ မြိတ်ခရိုင်တွင် အကျော်ပင်ကို အများဆုံး ရှာဖွေ ရရှိနိုင်သောဒေသမှာ ဘုတ်ပြင်းမြို့နယ် လမ်းပိကျွန်း, ရေအေးကျွန်းအတွင်း ဘုတ်ပြင်းမှ ယိုးဒယားသို့ သွားရာ တောတောင်နှင့် ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်း, မြိတ်အနောက်ပိုင်း မြို့နယ် ဇယော့ကျွန်း, ရေမြစ်ကြီးကျွန်းများတွင်လည်း တွေ့ရှိနိုင်သည်၊ အကျော်ပင်သည် မြိတ်ခရိုင်တွင် မြို့နယ်အားလုံး၌ တွေ့ရှိနိုင်သော်လည်း အကျော်ပင်ရှိတိုင်း အကျော်ရှိမည် ( ရမည် ) ဟု မယူဆစေလို။

### အကျော် ရှာဖွေသင့်သော အချိန်

နှစ်စဉ် သီတင်းကျွတ်လမှ နွေဆုသီပိုင်းသို့ ကျရောက်သော တန်ခူးလအထိ ဤအတွင်း အကျော်ကို ရှာဖွေကြသည်၊ အကျော်ကို အများဆုံး ရှာဖွေကြသူတို့မှာ ပုလောမြို့နယ် ရှပ်ပုံကျေးရွာမှ ယခုအခါ ဦးရွှေဂဲ ဆိုသူ ဦးဆောင်၍ ရှာဖွေကြသည်။

### အကျော် ရှာဖွေပုံ

အကျော် ရှာဖွေထွက်ရာတွင် တဦးတယောက်တည်း သွားလေ့မရှိကြ၊ အဖွဲ့လိုက် ၃-၄-ယောက် စသည်ဖြင့်သာ စုပေါင်း၍ သွားရောက် ရှာဖွေလေ့ ရှိကြသည်၊ ရှေးလူကြီးများ အဆိုအရ အကျော် ရှာဖွေသွားလျှင် တောတောင်ကြီးထဲ သွားရသဖြင့် အိမ်မှထွက်သည့်နေ့က စ၍ အကျော်ရှာရက် ပြီးဆုံးသည် အထိ သားမယားများကို အပြီးအပြတ် ကွာရှင်းခဲ့ရသည် ဟု အဆိုရှိသည်၊ အကြောင်းကား— လင်ဖြစ်သူ တောထဲသို့ သွားနေစဉ် အိမ်ရှိဇနီးသည် ယောကျ်ားတဦးတယောက်နှင့် ဖောက်ပြန်မှားယွင်းခဲ့လျှင် ယောကျ်ားဖြစ်သူမှာ ဘေးအန္တရာယ် တွေ့တတ်သည် ဟု အဆိုရှိသည်၊ ( ဘေးတွေ့သည်— ဆိုရာ၌ သက်ရှိ တောတိရစ္ဆာန်များ၏ ကိုက်ခဲခံရခြင်း- မိမိကိုင်ဆောင်ခဲ့သော ဓား, ပုဆိန်စသည်ဖြင့် ခုတ်ဖြတ်ရာတွင် ရှာဖွေသူကို ပြန်လည် ထိခိုက်တဘ်ခြင်းတို့ကို ဆိုလိုသည်။ ) သို့အတွက် အန္တရာယ် ကင်းရှင်းစေရန် ကွာရှင်းခဲ့ရခြင်း ဖြစ်သည်။

သို့ရာတွင် ယခုခေတ် အကျော်ရှာသူများမှာ ယင်းသို့သော အယူအဆကို ယုံကြည်မှု မရှိကြတော့သဖြင့် ကွာရှင်းမှု မပြုကြတော့ချေ၊ အကျော်ရှာရန် မိမိ နေအိမ်မှ အစာရေစာ အလုံအလောက် ယူဆောင်ကာ လှေဖြင့် သွားရလျှင် မိမိ နေအိမ်သို့ ပြန်ရောက်သည် အထိ တလကျော်လောက် ကြာမြင့်တတ်သည်၊ တနှစ်လျှင် ၃-၄-ခေါက်လောက် သွားလေ့ရှိကြသည်၊ တခေါက်တခေါက်တွင် အကျော်အချိန် ၁၅-ပိဿာ, ပိဿာ ၂၀ အထိ ရနိုင်သည်၊ အကျော်ပင် တပင်တွင် အကျော် ၁.၅၀-ပိဿာလောက်မှ ၂၇-ပိဿာ အထိ ရရှိနိုင်သည်။

## အကျော်ပင် တွေ့ရှိပုံ

အကျော်ပင်သည် တောထဲတွင် ဟိုတပင် သည်တပင် ပေါက်လေ့ရှိသည်၊ တခါတရံ အစုလိုက် ၁၀-ပင်, ၁၅-ပင် တွေ့တတ်သည်၊ အကျော်ပင်သည် အကြီးဆုံး လုံးပတ် ၄-တောင်, ၅-တောင်ခန့် ရှိသည်၊ အမြင့်မှာ အတောင် ၇၀, ၈၀-ခန့် မြင့်သည်ကို တွေ့ရသည်၊ ၎င်းအပင်ကြီးမျိုးသည် အကျော်ရရှိနိုင်သော အပင်မျိုးတည်း၊ ခရေပင် (ခြယားပင်) သဏ္ဌာန်ရှိ၍ အရွက်လည်း ခရေရွက်နှင့် တူ၏၊ အရွက်အရှည်မှာ ၄-လက်မမှ ၆-လက်မခန့် ရှိ၏၊ အနံ ၁½ လက်မမှ ၂-လက်မခန့် ရှိသည်၊ ယင်းအပင်၏ အကိုင်း အခက်ကို ချိုးကြည့်လျှင် မွှေးသင်းသင်း အနံ့ရှိသည်၊ ၎င်းအပင်သည် လဲဝါမှို့ပင် ကဲ့သို့ အသားပွသည်၊ အခက်အလက် စည်ကားသည်၊ အကျော်ပင် ရှိတိုင်း အကျော်မရနိုင် ဟု ဆိုသည့်အတိုင်း အကျော်ရှိသော အနေအထားမှာ—အကျော်ရှိမည့် အကျော်ပင် အပင်သည် ကျောက်တောင်ပေါ်တွင် ပေါက်လေ့ရှိပြီး အများဆုံး လုံးပတ် ပေါင်လုံးခန့် ရှိသည်၊ အပင်မှာ သန်စွမ်းခြင်း မရှိ၊ ရင့်မာ ကျစ်လစ်၍ ခြောက်သွေ့သည့်ပုံဟန် ရှိသည်၊ ရိုးရိုးမြေ, နုံးမြေပေါ်တွင် ပေါက်သည့် အပင်မျိုး၌ အကျော် မရှိချေ၊ အထက်ပါ အကျော်ရှိမည့် အပင် အနေအထားကို ကြည့်ခြင်းဖြင့် အကျော်ရှိ, မရှိကို သိနိုင်သည်၊ အကျော် ရှိသော အပင်ကို ပုဆိန်ဖြင့် ခုတ်လှဲ၍ အပိုင်းအပိုင်း ဖြတ်တောက် ခွဲစိတ်ရသည်၊ အကျော်ကို သစ်ပင်၏ အလယ် အူတိုင်တွင် တွေ့ရတတ်သည်။

## အကျော်ရှိသည့် အမှတ်အသား

သစ်ပင်ကို ခုတ်ပိုင်းလိုက်သော အခါ အကျော်ရှိမည့် နေရာမှာ ယင်းရှိမည့်နေရာ၏ အပေါ်ဘက် တတောင်လောက်ကပင် သစ်သားသည် အဝါရောင် သန်းနေတတ်သည်၊ ၎င်းကို ကြည့်ခြင်းဖြင့် အောက်ပိုင်း သစ်သားထဲတွင် အကျော်ရှိနေသည်သု တွက်ဆရပါသည်၊ အကျော်သည် အနက်ရောင် ရှိ၍ မွှေးကြိုင်သော အနံ့ရှိသည်၊ အကျော်သည် သစ်ပင်၏ အလယ်ပိုင်းနှင့် အရင်းပိုင်းတွင်သာ တွေ့ရတတ်သည်၊ ၎င်း အကျော်မျိုးသည် ညံ့၍ တန်ဘိုးနည်းသည်။

အကျော်သည် အဖို-အမ နှစ်မျိုးရှိ၏၊ အမ မျိုးတွင်သာ အကျော်ရှိသည်၊ အဖိုမျိုးတွင် အကျော်မရှိ၊ အမမျိုးသည် တပေါင်း, တန်ခူးလများတွင် အပွင့် ပွင့်၍ သီးသည်၊ အကျော်သီး၏ ပုံသဏ္ဌာန်မှာ မြိတ်ခရိုင် အခေါ် ကမ်းရိုးတန်းတွင် အလေ့ကျ ပေါက်ရောက်သော ကမ့်ပင်၏ အသီးနှင့် တူသည်၊ လက်သန်းဖျားခန့် ကြီးသည်၊ အပွင့်လည်း ကမ့်ပွင့်နှင့်ပင် တူသည်၊ အဖြူ

ရောင် ရှိသည်၊ အသီးအတွင်း အစေ့မှာ နှမ်းစေ့ထက် သေးငယ်၏၊ အသီး တလုံး တလုံးတွင် အစေ့ပေါင်း အမြောက်အမြား ရှိသည်၊ အဖြူရောင်ရှိသည်။

## အကျော် ၆-မျိုး

အကျော်သည်—

၁ - အကျော်ပလောပိနီ
၂ - အကျော်ရေခံ
၃ - အကျော်ပိုးခေါင်း
၄ - အကျော်ကြက်တက်
၅ - အကျော်ဥ
၆ - အကျော်မီးတိုင်—

ဟူ၍ ၆-မျိုး ရှိ၏၊ ထိုတွင်—

၁ - **အကျော်ပလောပိနီ—** သည် ပလောပိန့်ဥကဲ့သို့ အမြှင်များ၏၊ အမည်းရောင် နည်း၏၊ အဖြူရောင် များများနှင့် မဲပြာရောင်နှောနေသည်၊ ညှိဖျင်း၍ စျေးနည်းသည်။

၂ - **အကျော်ရေခံကား—** သေနေသော အကျော်ပင်, အပင်ဆွေးပြီး အပင်ရင်းတွင် ရေများ တင်နေတတ်၍ အကျော်ရေခံ ခေါ်သည်၊ ၎င်းမှရသော အကျော်သည် ကျွဲချိုကဲ့သို့ မည်းနက်သဖြင့် အမျိုးကောင်း စျေးကြီးသည်၊ တန်ဘိုးရှိသည်။

၃ - **အကျော်ပိုးခေါင်းကား—** အပင်၏ အခေါက်နှင့် အလယ်အူတိုင်အကြား အသားတွင် ပိုးစားဖြစ်နေသော အပင်တည်း၊ ၎င်းအကျော်သည် အများအားဖြင့် အသားတွင် အပြားလိုက် ကပ်နေပြီး အကျော်ရှိသည့်နေရာ နံဘေးနှုတ်ခမ်း များတွင် ပိုးစားနေသော အကျော်မျိုး ဖြစ်၏၊ အမျိုးအစား ညံ့ဖျင်းသည်။

၄ - **အကျော်ကြက်တက်ကား—** အကျော်ပိုးခေါင်း မဖြစ်ဘဲ အကျော်သည် ကြက်တက်ကဲ့သို့ အဖချောင်းကလေးများ အချောင်းလိုက် မာကြောနေသည်ကို ခေါ်ခြင်း ဖြစ်၏၊ ၎င်းသည် အနက်များ၍ တန်ဘိုးရှိသည်။

၅ - **အကျော်ဥကား—** အကျော်ပင်၏ အူတိုင်အဘွင်း အဆီစု၍ အလုံးဖြစ်ကာ ဥကလေးများလို ဖြစ်နေသည်၊ ၎င်းအကျော်သည် အကျော်များအနက် အကောင်းဆုံးအကျော် ဖြစ်၍ တန်ဘိုး အကြီးဆုံး ဖြစ်သည်။

၆ - **အကျော်မီးတိုင်ကား—** အကျော်ပင်တွင် အကျော်ရှိသည် ထင်သဖြင့် အကျော်ပင် ခုတ်လှဲ ပေါက်ခွဲကြည့်ရာ အကျော် မရှိ၍ ပစ်ထားခဲ့ပြီးနောက် နှစ်ပေါင်း ၃၀,

၄၀ လောက်ကြာသည့်အခါ ခုတ်ခွဲထားသော နေရာအောက်တွင် ကျိုးပေါင်းစွဲ၍ ထင်းမီးစ ငုတ်တိုကဲ့သို့ အမဲများ ဖြစ်နေသည်ကို အကျော်မီးတိုင် ခေါ်သည်၊ ၎င်းသည် အလတ်တန်းစားလောက် တန်ဘိုးရှိသည်။

### အကျော် အသုံးပြုပုံ

အကျော်သည် ခါးသော အရသာ ရှိ၏၊ ကလေးများ နေမကောင်း ကျောပူ ခေါင်းပူ ဖြစ်လျှင် အကျော်ကို သွေး၍ လျှာပွတ်ပေးပါ၊ ချောင်းဆိုး ရင်ကြပ် ဖြစ်လျှင် ကွမ်းရွက်နှင့် ရောကြိတ်ပြီး လျှာပွတ်ပေးပါက သလိပ်အချွဲပျော်၍ ချောင်းဆိုးသက်သာမည်၊ ကလေးများ တက်လျှင်လည်း သွေး၍ လျှာပွတ်ပေးပါ၊ လူကြီးများ ခြေတက်လျှင် ကျဉ်လျှင် အကျော်ပင်မှ အခေါက်ခွာ၍ အတွင်းလျှော်ပြားကို ခြေတွင် မတ်စည်းထားလျှင် ပျောက်ကင်းနိုင်သည်။

**အကျော်နှစ်သန္ဓေတည်ဆေး။** ။စမုံငါးမျိုး, ကပ်ငါးမျိုး, စကားနှစ်, တိလက်သာ, အိပ်မွှေ့သီး, နံ့သာနီ-ဖြူ, ဂုံခါး, လေးညှင်း, စမုံနက်, ဇီယာ, ကန့်ဗလူ, ဒိဓုတ်, ပန်ရင်း, ကန့်ချုပ်နီ, စမြိတ်, နွယ်ချို, ဆင်သမနွယ်, မုံညင်းဆံ, ဥပသကာ, ထင်းရှူးနှစ်, ကရမက်, ဆေးရင်း ၃ဝိ-က ၄-ပဲ သားစိ-ဇာသီး-ဂ-ပဲ, ကုံကုမံ ၁-ကျပ် ၄-ပဲ, အကျော်နှစ် ၂-ကျပ် ဂ-ပဲ ဆေးအားလုံး ၁၂-ကျပ် မတ်တင်းသား ရှိ၏၊ ဆေးအားလုံး စုပေါင်း၍ အမှုန့်ညက်အောင်ပြု ညံ-နံ့နက် ဇီးကင်းခန့် ရေအေး, ကော်ဖီ, နွားနို့, လဘက်ရည်တို့နှင့် သောက်နိုင်သည်၊ ကိုယ်ရေကိုယ်သား ချောပြေလှ၍ ဗလခွန်အား ဆင်ပြောင်လားသို့ ပေါ့ပါးလျင်မြန်၍ သွေးလေမှန် သန္ဓေရသော ဆေး မည်၏။

### အကျော်၏ ဂုဏ်ကျေးဇူးများ

အကျော်သည် ကောင်းသော အနံ့ ရှိ၏၊ ပူ၏၊ ခါး၏၊ စပ်၏၊ သိမ်မွေ့နူးညံ့၏၊ ကြက်သရေမင်္ဂလာကို ပေးတတ်၏၊ နှုတ်မြိန်ခြင်း, နှစ်သက်ခြင်းကို ပြုတတ်၏၊ အခိုးအထုံ ပြုလုပ်ရန် လျော်၏၊ သည်းခြေကို ဖြစ်စေတတ်၏၊ ထက်၏၊ ၎င်းပြင် လေနာ, သလိပ်နာများကို ပယ်ရှားတတ်၏၊ နားနာ, မျက်စိနာကိုလည်း ပပျောက်စေနိုင်၏၊ နူနာကို ဖျက်ဆီးနိုင်၏၊ လိမ်းကျံခြင်း, လူဆေးပြုခြင်းများ၌လည်း ကောင်းမြတ်၏။ ( နိဃဏ္ဍုရတနာကရကျမ်း )

အကျော်သည် ပူသည်၊ စပ်သည်၊ အရေကို ကျေးဇူးပြုတတ်သည်၊ ခါးသည်၊ ထက်သည်၊ သည်းခြေကို ပွားစေတတ်သည်၊ ပေါ့သည်၊ ၎င်းပြင် နားနာ, မျက်စိနာများကို ပယ်ဖျောက်နိုင်၏၊ လေနာ, သလိပ်နာများကိုလည်း နှုတ်ပယ်နိုင်၏။ ( ဘာဝပ္ပကာသကျမ်း )

### အကျော်ဆီ နှင့် အကျော်နက်၏ ဂုဏ်သတ္တိ

အကျော်ဆီသည် အောက်၌ ပြထားသော အကျော်နက်နှင့် အကျိုးဂုဏ်ကျေးဇူး တူမျှကြ၏၊ အကျော်နက်သည် စပ်သည်၊ ပူသည်၊ ခါးသည်၊ လိမ်းကျံသောအခါ အေးမြသည်၊ သွေး၍ သောက်သောအခါ သည်းခြေနာကို ပယ်နိုင်သည်။ ကေစိဝါဒအားဖြင့် တြိဒေါသကို ပယ်နိုင်သည် ဆို၏။ (ရာဇနိဃဏ္ဍုကျမ်း )

အကျော်ပင်၏ အနှစ်ဖြစ်သော အကျော်နက်သည် ကဋုဂုဏ် ရှိသဖြင့် စပ်၏၊ ပူ၏၊ သလိပ်နာကို ပယ်နိုင်၏။ (ရာဇနိဃဏ္ဍုကျမ်း)

အကျော်နက်သည် ဒါဟဂုဏ် ရှိသဖြင့် စပ်သည်၊ ပူသည်၊ ဆံပင်ကို ပွားစေသည်၊ ကိုယ်အဆင်းကို တောက်ပြောင်စေသည်၊ ဆံပင်၌ဖြစ်သော အပြစ်ဒေါသများကို ပယ်ဖျောက်နိုင်သည်၊ အမြဲမပြတ် မွှေးကြိုင် လှိုင်ပြန့်သော အနံ့ ရှိသည်။ (ရာဇနိဃဏ္ဍုကျမ်း)

အကျော်နက်သည် မင်္ဂလခေါ် ဂုဏ် ရှိသည်၊ အေးမြသည်၊ အနံ့ကို ဆောင်သည်၊ လုံ့လပယောဂကို ဆောင်သည်။ (ရာဇနိဃဏ္ဍုကျမ်း)

အကျော်ပင်သည် အာသံပြည် တောင်ကြီးတောကြီးများ၌ငင်း, မြန်မာပြည်နှင့် ယိုးဒယားပြည် အစပ် ပင်လယ်ကမ်းခြေများ၌ငင်း ပေါက်ရောက်တတ်သည်၊ ၎င်းသည် များသော အမျိုးအစား ရှိ၏၊ ၎င်းအမျိုးအစားတို့တွင် အကျော်ပင်၏ အနှစ်မှ ရသော အကျော်နက်သည် အကောင်းဆုံး အမြတ်ဆုံး ဖြစ်၏၊ ဆေးကျမ်းများ၌ ဆိုသော ဆေးတို့နှင့် အတူပေါင်းစပ် အသုံးပြုလုပ်နိုင်သည်၊ ၎င်းသည် လေးသော သဘောရှိသောကြောင့် ရေ၌ ချသော် နစ်မြုပ်တတ်၏။ (အာရနရမ်)

၎င်းအမှုန့်ကို မီးမှာထည့်သော် မွှေးသော အနံ့ ထွက်လာ၏၊ လေနာရောဂါ၌ လိမ်းဆေးပြုလုပ်ရန်အတွက် အင်္ဂလန် နိုင်ငံသားတို့ များစွာ အသုံးပြုကြကုန်၏။

---

# အကြောတထောင် (အကြီးမျိုး)

ဟိန္ဒီ बालतंग (ဗာလ်တံ့ဂ်) အင်္ဂလိပ် Ribwort

ဗင်္ဂါလီ बारतंग (ဗာရ်တံဂ်) လက်တင် Plantago Lanceolata

ပုံသဏ္ဍာန်။ ။အကြောတထောင်ပင်သည် အလွန် အေးသော မြင့်မားသည့် တောင်ပေါ်ဒေသများ၌ ပေါက်၏၊ ၎င်းအပင်မှာ အကြောတထောင် အငယ်စား "ဘားကြော"ခေါ်သည့် အပင်နှင့် ဆင်တူသော်လည်း ဘားကြော အငယ်စားထက် ကြီးမားလေသည်၊ အရွက်ရိုးတံမှာ ၁-ပေမျှ ရှိ၍ အရွက်၏ အနံမှာ ၁၀ လက်မ ရှိပြီးလျှင် အလျား ၁ ပေခွဲမျှရှိ၏၊ အပွင့်၏ ဖူးတံမှာ ၂ ပေမျှ ရှိ၏၊ လုံးပတ် လက်သူကြွယ်လုံးမျှ ရှိ၏၊ သို့သော် အပင်ပေါက်ပုံ၊ အကြောနေပုံ၊ ဖူးပွင့်ပုံတို့မှာ အကြောတထောင် အငယ်စားနှင့် ထူးခြားခြင်း မရှိပေ၊ ကွာခြားချက်မှာကား—ယင်းအပင်သည် နှစ်ရှည်လများ ခံ၏၊ အကြောတထောင် အငယ်ထက် ကြီးထွား မြင့်မားခြင်း သာ ကွာခြား၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ငင်းအရွက်စိမ်း၏ သတ္တုရည်သည် အနာမြုံ့, အနာပျက်များကို များစွာ ဖျက်ဆီးတတ်၏၊ ငင်းအရွက်ခြောက်ကို ကြိတ်၍ အမှုန့်ပြုလိမ်းမူ ရောင်ရမ်းခြင်း နှင့် အနာဖု ကလေးများကို ကောင်းစွာ ပျောက်ကင်းစေ၏၊ ငင်းအစေ့ကို သကြားနှင့် ရော၍ ဝမ်းနုတ်ဆေးအဖြစ် အသုံးပြုနိုင်၏၊ အချို့သူတို့သည် ငင်းအရွက်ကို တွန့်ရှုံ့စေသော ဆေးအဖြစ် အနာများ အသားနုတက်၍ ကျက်လွယ်သော ဆေးအဖြစ် အသုံးပြုကြ၏၊ အစိမ်းရွက်၏ သတ္တုရည်, ပြုတ်ရည်ကိုငင်း အရွက်ခြောက်၏ အမှုန့်ကိုငင်း အတွင်းဆေး, အပြင်ဆေး အဖြစ်ဖြင့် အသုံးပြုကြကုန်၏။

ငင်း၏ အမြစ်ကို ကျောက်ရောဂါ, ဝက်သက်ရောဂါတို့နှင့် ပတ်သက်သော အဖျား ရောဂါများ ပျောက်ကင်းရန် အသုံးပြုရ၏၊ အရွက်ကို သွေးယိုစီးသော ရောဂါများ၌ သွေးကို ရပ်တန့်စေရန်အသုံးပြုရ၏၊ ငင်းအရွက်၏ သတ္တုရည်သည် ဝမ်းတွင်းမှ ဖြစ်ပေါ်လာသော သွေးအန် သွေးကျ စသော သွေးယိုစီးခြင်းများကို ရပ်တန့်စေ၏၊ ငင်းအပြင် ထိခိုက်ရှနသော ဒဏ်ကြောင့် သွေးများယိုစီးခြင်း, အနာများမှ သွေးများ ယိုစီးခြင်းကိုလည်း ရပ်တန့်စေ၏၊ သလိပ်နှင့် သွေးများ ရောနေသော ရောဂါများကို ငင်းအရွက်၏ သတ္တုရည်ကို တကိုယ်လုံး၌ လိမ်းကျံပေးမူ သလိပ်နှင့် သွေးပါခြင်းမှ ပျောက်ကင်း၏၊ သို့သော် ရင်ဘတ်နှင့် ဝမ်းဗိုက်ကို ခပ်များများ လူးပေးပါ၊ နှာခေါင်း သွေးယိုသောအခါ မျက်နှာ အထက်ပိုင်းကို လိမ်းပေးမူ နှာခေါင်း သွေးယိုခြင်း ပျောက်ကင်း၏၊ သွားဖုံးရင်းမှ သွေးများယိုခြင်း ဖြစ်မူ ငင်းအမြစ်ကို ပြုတ်၍ နှုတ်ငုံဆေးအဖြစ် သုံးမူ သွေးယိုစီးခြင်း ပျောက်ကင်း၏။

ငင်းဆေးပင်သည် ကိုယ်တွင်းကိုယ်ပ သွေးယိုစီးခြင်း ရောဂါမှန်သမျှကို ရပ်တန့်စေရန်အတွက် အလွန်အံ့ဘွယ်ကောင်းသော ဆေး ဖြစ်သည်၊ ငင်းအရွက်စိမ်း၏ သတ္တုရည်ကို နားတွင်းသို့ ခပ်ပေးပါမူ အပူလွန်ကဲ၍ ဖြစ်သော နားနာ, နားကိုက်ရောဂါများ မြန်စွာ ပျောက်ကင်း၏၊ ငင်းအရွက် သတ္တုရည်သည် အသည်း နှင့် ကျောက်ကပ်ကို အထူးအားပေးသော ဆေးစွမ်းကောင်း ဖြစ်သည်၊ ရေငတ်ခြင်းကို ငြိမ်းအေးစေ၏၊ အစာမကြေကျက်ခြင်းကို တစ်းဝေးစေ၏၊ ဆီးနှင့် မီးယပ်သွေးများ ပူလောင်၍ ဆင်းသောအခါ ငင်းအရွက်ပြုတ်၍ သောက်က ငြိမ်းအေးစေ၏၊ သွေးမြင်းသရိုက် ရောဂါများကိုလည်း ပျောက်ကင်းစေ၏၊ သည်းခြေဦးစီး၍ ဖျားခြင်း နှင့် အဆုတ်နာရောဂါ, ညှောင်းကျရောဂါ စသည်တို့ကိုလည်း ငင်းအရွက်ကို ပြုတ်၍ သောက်ခြင်း, အရွက်စိမ်း သတ္တုရည်ကို သောက်ခြင်းဖြင့် ကောင်းစွာ ပျောက်ကင်းစေ၏၊ အရေဖျား၌ ဖြစ်တတ်သော ဝဲစို, ဝဲခြောက် ယားနာမျိုးကိုလည်း ငင်းသတ္တုရည်ကို လိမ်းပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်၏၊ ဆံပင် စသော အမွေးများ ကျွတ်ခဲ့သော် ငင်းအရွက် သတ္တုရည်ကို လိမ်းကျံမူ များစွာ အကျိုးရှိ၏၊ အပူများမှုတ်၍ လည်ချောင်း, အာခေါင်များ ရောင်ရမ်းခြင်းဖြစ်မူ ငင်းအရွက်၏ သတ္တုရည်ကို နှုတ်ငုံဆေးပြုမူ များစွာ အကျိုးရှိ၏၊ အထူးသဖြင့် ငင်းအရွက်သည် အားကုန်ခန်းသော ရောဂါအတွက် ထက်မြက်သော ဆေးတပါး ဖြစ်၏၊ ငင်း၏ အစေ့သည် ကာမအားကို တိုးပွားစေတတ်၏။

**သတိပြုရန်။** ။ငင်းဆေးပင်ကို အတိုင်းအတာပမာဏထက် လွန်၍ စားမူ သရက်ရွက်, အဆုတ် စသည်တို့ကို ပျက်စီးအောင် ပြုလုပ်တတ်၏၊ ငင်းနှင့် ဆန့်ကျင်ဘက် ဖြစ်

သော ဆေးမျှားမှာ ကုလားမြင်းခွာ ( ဗနဖယှား ), ပျားရည်, မုတ္တာကျိ တို့ ဖြစ်၏၊ ဆေးသုံးရန် အတိုင်းအဘာ ပမာဏမှာ အရွက်၏ သတ္တုရည် ၂-ကျပ် ၈-ပဲ သား မှ ၃-ကျပ် ဂ-ပဲသားအထိသာ သောက်နိုင်၏။

**မှတ်ချက်။** ။ငင်းဆေးပင်သည် အကြောတထောင် အကြီးပင် ဖြစ်သော်လည်း အကြော တထောင်အငယ် "ဘားကြောပင်" ကဲ့သို့ ( အီဆပ်ဗ်ဂိုလ် ) ၏ အစေ့အစား အသုံးမပြုနိုင်ချေ။


---

# အကြောတထောင်ငယ်ပင် ( ဘားကြောပင် )

ဟိန္ဒီ बारतंग ( ဗာရ်တံဂ် ) လက်တင် Plantago Major

ပံဂျာဗီ इसफगोल ( အီဆပ်ဗ်-ဂိုလ် ) အင်္ဂလိပ် ☞ Waybroad

ပုံသဏ္ဍာန်။ ။"ဘားကြောပင်" ခေါ် အကြောတထောင်ငယ်ပင်သည် ပင်စည် မရှိ၊ မြေ၌ကပ်၍ ပေါက်တတ်သည့် မိုးသက်ပင်ငယ်မျိုး ဖြစ်၏၊ ၎င်းအရွက်တို့သည် တပင်တပင် ၌ ၅-ရွက်, ၆-ရွက် စုပြုံ၍ ပေါက်၏၊ ဉသဏ္ဍာန် ရှိ၏၊ အရွက်၏ အနားတွင် အနည်းငယ် တွန့်၏၊ ခွေးသွားစိတ်ယောင်ယောင် ရှိ၏၊ ၎င်းအရွက် ခန့်မှန်းချက် ၂-လက်မ မှ ၅-လက်မ အထိ ရှည်၏၊ အနံ ခန့်မှန်းချက် ၂-လက်မ သာသာ ရှိ၏၊ ရွက်ညှာရိုးတံမှာ ၁-လက်မခွဲမှ ၂-လက်မသာသာ ရှိ၏၊ ၎င်းအရွက်ရိုးတံ အရွက်ရင်းကို ချိုး၍ ဆွဲကြည့်မူ ကြက်ပေါင်စေး ကဲ့သို့ရင်း, ချည်မျှင်ကလေးများကဲ့သို့ရင်း သေးငယ်၍ အဆင်း ဖြူသော အကြောမျှင်ကလေး များ ဖြစ်ပေါ်လာသည်၊ အပွင့်၏ ဖူးတံသည် လုံး၏၊ အုန်းလက်တံမျှ ရှိ၍ ၇-လက်မ ဂ- လက်မမျှ ရှည်၏၊ အမွေးတိုင်များကဲ့သို့ ၃-ပုံ ၂-ပုံ အပေါ်ပိုင်းတွင် ခပ်တုတ်တုတ် ရှိ၏၊ ၎င်းသည် ပင်လျှင် အပွင့်အသီးများ ဖြစ်၏၊ ၎င်းအစေးကလေးများသည် အလွန် သေးငယ်လှ၏၊ မံကျောင်းကွမ်းဖတ် "အီဆပ်ဗ်ဂိုလ်" တို့၏ အစေ့များကဲ့သို့ ခွဲကပ် စေးထန်း၏၊ အပွင့်ဖူးတံများ သည် တပင်တပင်တွင် ၄-မှ ၇-ခုအထိ ရှိ၏၊ ၎င်းအပင်၏ အရွက်ရိုးတံ အရွက်ရင်းကို ချိုး၍ ဆွဲကြည့်မူ ကြက်ပေါင်စေးကဲ့သို့ ၎င်း ဖြူသော အကြောမျှင်များ ဖြစ်ပေါ်၍ လာလေသည်၊ ၎င်းကို အစွဲပြု၍ "အကြောတထောင်ပင်" ဟု ခေါ်ဆိုကြကုန်၏၊ အချို့လည်း ၎င်းအရွက်၏ အကြောများသည် ဘား၏ အကြောနှင့် တူ၍ "ဘားကြောပင်" ဟု ခေါ်ဆိုကြကုန်၏၊ အချို့ သူတို့လည်း အပင်ငယ်လှသော်လည်း အပင်နှင့် မလိုက်အောင် ဆေးလောကဘွင် စွမ်းရည်သတ္တိ ထက်မြက်ခြင်းကြောင့် ကျော်စောထင်ရှားသဖြင့် "ဆေးကျော်ကြီး" ဟူ၍လည်း ခေါ်ဆိုကြ ကုန်၏။




အကြောတထောင် (အငယ်)
PLANTAGO MAJOR.
बारतंग

ဝင်းဆေးပင်(
အပေါက်အဆောက်မှ
ကြားပြီး လူအသုံး(
ဝင်းကိုယ်စား ဤအ
ရည်သတ္တိ ရှိသည်ဟု
စောင်တွင် ဆရာအ
၂-ခေါ် အကြော
ဖော်ပြခြင်း ဖြစ်ပါသ

ဤအကြော
တွင် အလိုအလျော
ဂိုလ်) ခေါ် ဆေးပ
ပြုနိုင်သည်ကို မြန်(
ကောင်းသော စေ
တို့ မြန်မာ့အာယုဓ
လည်း အချို့ အချို့ (
စသည်ဖြင့် ပါရှိလေ(
လာသဖြင့် အလွယ်တ
သာ ရှိပါသည်၊ အထု
တန်ဘိုးရှိသော ဈေး
က တလျှောက်လုံးတ
ထုတ်တင်ပြရန်အတွက
ရှိရှိနှင့် မနေမနား
သည့်အတိုင်း အခြား
ဖြင့် ရှာဖွေတင်ပြမည

**ဂုဏ် နှင့် စွမ်း**
ခဲခြင်း, ဝမ်းတွင်း၌ (
ရန်အတွက် အတွင်း(
အသုံးပြုရ၏၊ ဝင်းအ(
ရောဂါများကိုလည်း
ရောဂါ, အတိသာရ
ဖျက်ဆီး ကာကွယ်နိုင

ဝင်းအရွက်သ
များ, ထုပ်ပနီ, နဂါး(




၎င်းဆေးပင်ကလေးသည် အလွန်အေး၍ မြင့်မားသော တောင်ပေါ်ဒေသများ၌ သာ အပေါက်အရောက်များ၏၊ ထူးခြားချက်တရပ်မှာ—ဆေးလောကကြီးတွင် အလွန်ထင်ရှား ကျော်ကြားပြီး လူအသုံးများသော (အီဆပ်ဗ်ဂိုလ်) ခေါ် ဆေးပင်နှင့် ပုံသဏ္ဍာန် မတူသော်လည်း ၎င်းကိုယ်စား ဤအကြောတထောင် ဆေးပင်ကို အသုံးပြုနိုင်သည်၊ အီဆပ်ဗ်ဂိုလ်နှင့်အတူ စွမ်းရည်သတ္တိ ရှိသည်ဟု အာယုဗ္ဗေဒ ယူနာနီ နှင့် အနောက်တိုင်း ခေတ်သစ်ဆေးကျမ်း အစောင်စောင်တွင် ဆရာအသီးသီး မိန့်ဆို မှာကြားကြသည်ကို အကြောင်းပြု၍ အီဗာရ်တံဂ် နံပတ် ၂-ခေါ် အကြောတထောင်ပင်နှင့် (အီဆပ်ဗ်ဂိုလ်) ဆေးပင်ကိုပါ အကျယ်တဝင့် ရေးသား ဖော်ပြခြင်း ဖြစ်ပါသည်။

ဤအကြောတထောင်ပင် ခေါ် ဘားကြောပင်မှာ မေမြို့နှင့် အနီးတဝိုက် ဒေသများတွင် အလိုအလျောက် များစွာ ပေါက်ရောက်နေသည်ကို တွေ့ရပေသည်၊ သို့ပါ၍ (အီဆပ်ဗ်ဂိုလ်) ခေါ် ဆေးပင်၏ ဂုဏ် နှင့် စွမ်းရည်၊ ရောဂါအလိုက် အသုံးပြုပုံအတိုင်း အသုံးပြုရသည်-ပြုနိုင်သည်ကို မြန်မာနိုင်ငံရှိ လုပ်သားပြည်သူတို့ အကျိုးကျေးဇူး များမည်ကို ရှေ့ရှုချက်ကောင်းသော စေတနာနှင့် ရေးသား ဖော်ပြရခြင်း ဖြစ်ပါသည်၊ တကြောင်းမှာလည်း ကျွန်ုပ်တို့ မြန်မာ့အာယုဗ္ဗေဒဆေးသိပ္ပံက ရေးသားပြုစုထားသော ဆေးကျမ်းပေါင်း များစွာတို့တွင်လည်း အချို့အချို့သော ဆေးနည်းနှင့် ဆေးဂိုဏ်းကြီးများ၌ (အီဆပ်ဗ်ဂိုလ်) (အီဆပ်ဗိဘူဆီး) စသည်ဖြင့် ပါရှိလေရကား ယခုကဲ့သို့ အစားထိုး၍ သုံးစွဲနိုင်သည့် ဆေးပင်တပင် ပေါ်ပေါက်လာသဖြင့် အလွယ်တကူ ဖော်ယူသုံးစွဲနိုင်ကြမည်ကိုလည်း နှစ်ထောင်းအားရ ဝမ်းမြောက် ဖွယ်သာ ရှိပါသည်၊ အထူးသဖြင့် ကျွန်ုပ်တို့ မြန်မာ့အာယုဗ္ဗေဒ ဆေးသိပ္ပံသည် ဤနည်းနှင်နှင် အလွန်တန်ဘိုးရှိသော ရှေးမြန်မာ မင်းအဆက်ဆက်မှ စ၍ ယခုထက်တိုင် စာပေလောက၊ ဆေးလောက တလျှောက်လုံးတွင် တိမ်မြုပ်၍ နေသော ခက်ရာခက်ဆစ် ဆေးမြစ်ဆေးပင်များကို ဖော်ထုတ်တင်ပြရန်အတွက် စရိတ်ကြေးငွေကုန်ကျခြင်း၊ လုပင်ပန်းခြင်းတို့ကို ပဓာနမထားဘဲ ဇွဲသတ္တိရှိရှိနှင့် မနေမနား ကြိုးစားရှာဖွေလျက် ပြည်သူလူထု၏ မျက်မှောက်သို့ ဆက်လက် တင်ပြနေသည့်အတိုင်း အခြားခြားသော မြောက်မြားစွာသော ဆေးပင်တို့ကိုလည်း မလျှော့သောသုံ့လဖြင့် ရှာဖွေတင်ပြမည် ဖြစ်ပါသည်။

**ဂုဏ် နှင့် စွမ်းရည်။** ။အကြောတထောင်ပင်သည် အဆစ်အဆက် ရောင်ရမ်း ကိုက်ခဲခြင်း၊ ဝမ်းတွင်း၌ ရစ်ခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ ဝမ်းကိုက်ရောဂါ ဖြစ်ခြင်းတို့ကို ပျောက်ကင်းရန်အတွက် အတွင်းဆေး၊ အပြင်ဆေးအဖြစ် အသုံးပြုရ၏၊ အားတိုးဆေးအဖြစ်ဖြင့် များစွာ အသုံးပြုရ၏၊ ၎င်းအပင်၏ အရွက် နှင့် အမြစ်သည် တွန့်ရှုံ့စေသော သဘော ရှိ၍၊ အဖျားရောဂါများကိုလည်း ကာကွယ်နိုင်၏၊ ၎င်းအပင်၏ အစေ့သည် ထက်မြက်၏၊ ချောင်းဆိုးရောဂါ၊ အတိသာရ ဝမ်းသွားရောဂါရှိုးရှိုး နှင့် အတိသာရ သွေးဝမ်းသွား ရောဂါများကိုလည်း ဖျောက်ဆီး ကာကွယ်နိုင်၏၊ ၎င်း၏ အစေ့သည် (အီဆပ်ဗ်ဂိုလ်) အစေ့၏အစား အသုံးပြုနိုင်၏။

၎င်းအရွက်သည် အေး၏၊ ဆီးကို ရှင်စေတတ်၏၊ ဓာတ်တို့ကို ပြုပြင်တတ်၏၊ ၎င်းအပြင်များ၊ ထုပ်ပနီ၊ နဂါ်ကောင် စသည့် အဆိပ်ရှိသော သတ္တဝါများ တုပ်ခြင်း၊ ကိုက်ခြင်း စသည့်

အဆိပ်သင့်သော ရောဂါများကို ၎င်းအရွက် အစိမ်းကို ညက်စွာ ကြိတ်၍ ကိုက်သော ဒဏ်ရာများ၌ လိမ်းပေးခြင်း, အုံပေးခြင်း, ကပ်ပေးခြင်း ပြုပါက အဆိပ်ပါ အဆိပ်များ လျင်မြန်စွာ ပြေပျောက်နိုင်၏၊ အနာများမှ၎င်း, ထိခိုက်ရှနသော ဒဏ်ကြောင့် သွေးစိမ်းများ ယိုသော အခါတွင်၎င်း အထက်ပါနည်းတူ အရွက်ကို ကြိတ်၍ အုံပေးခြင်း, လိမ်းကပ်ပေးခြင်းဖြင့် သွေးများယိုစီးခြင်းမှ ရပ်တန့်စေ၏၊ အနာများ အသားနုတက်လွယ်စေခြင်း, ပြည်ပုပ်, သွေးပုပ်များ စင်ကြယ်စေခြင်းငှာ ၎င်းအရွက်ကို ပြုတ်၍ ဖန်ဆေးရေအဖြစ် အသုံးပြုပါက ပြည်ပုပ်, သွေးပုပ် စင်ကြယ်၍ အနာ အသားနုတက်၍ အကျက်မြန်၏။

အာခံတွင်းများ၌ ပူလောင်ပေါက်ကွဲခြင်း, အပူဖုများ အပူအိတ်များ ပေါက်ခြင်း, လျှာကွဲလျှာနာ ဖြစ်ခြင်း, သွားကိုက် သွားနာ, သွားဖုံးရောင် သွားရင်းမှ ပြည်သွေးများ ယိုစီးခြင်းဖြစ်မူ ၎င်းအရွက်ကို ပြုတ်၍ နှုတ်ငုံဆေး အဖြစ်ဖြင့် ခပ်နွေးနွေးကလေး ငုံ၍ပေးမူ အထက်ပါရောဂါများ ပျောက်ကင်း၏။

ဆီးချိုရောဂါ ဖြစ်သော သူများအတွက် ၎င်းပဥ္စင်းပါး ၃ - ကျပ် ရေသန့်သန့် ၄၈ - ကျပ် နှင့် ၇ - ကျပ်သား ကျန်အောင် ကျိုပြီးလျှင် တခွက်စာ ၃ - ကျပ်သားမျှ မှန်မှန်သောက်မူ ဆီးချိုရောဂါ ပျောက်ကင်းစေ၏၊ အဆုတ်ရောဂါနှင့် စပ်လျဉ်းပြီးလျှင် သလိပ်နှင့် ရော၍ သွေးများ ပါလာသောအခါ ၎င်းပဥ္စင်းပါး သတ္တုရည်ကို တခွက်စာ ၁၂ - ပဲသားမျှ နံနက်, ညမှန်မှန်သောက်ပါက များစွာ အကျိုးရှိ၏၊ နာတာရှည်, ရက်ခြားဖျား ရောဂါများကို ၎င်းအရွက်နှင့် အမြစ်ကိုပြုတ်၍ သောက်မူ အဖျား ပြတ်၏၊ ရင်ခေါင်း၌ ဖြစ်သော ရောဂါများတွင် များစွာ အသုံးပြုရ၏၊ ၎င်းအပြင် ၎င်းအရွက်ကို မက္ခန်း ( ဆီဦး ) နှင့် ကြိတ်၍ ရောင်ရမ်းသော နေရာများကို လိမ်းပေးရ၏၊ သွားဖုံးရောင်, သွားနာ, သွားကိုက်သူများကိုလည်း လိမ်းပေးရ၏။

နားကိုက်, နားပြည်ယို စသော နား၌ဖြစ်တတ်သော အနာတို့ကို ၎င်းအရွက်၏ သတ္တုရည်ကို နားတွင်းသို့ တနေ့လျှင် ၂ - ကြိမ်, ၃ - ကြိမ်မျှ ခပ်၍ပေးမူ ၎င်းရောဂါများ ပျောက်ကင်းစေ၏၊ အဆုတ်နာကြောင့် ဖြစ်တတ်သော အနာ, အဖု, အပိန့်များကို ၎င်းအရွက်၏ သတ္တုရည်ကို လိမ်းပေးရ၏၊ ငှက်ဖျားရောဂါများ၌ ၎င်းအရွက်၏ သတ္တုရည်ကို ရက်ရှည်စွဲ၍ သောက်မူ အဖျား ပြတ်စေ၏၊ မိန်းမများ မီးယပ်ဖြူဆင်းခြင်း, ကျား,မ မရွေး ညောင်းကျခြင်း, လိပ်ခေါင်းရောဂါဖြစ်ခြင်း, ဖောရောင်ခြင်း ၎င်းအနာများကို ၎င်းအရွက်ကို ကျက်ကျက် ပြုတ်၍ ၎င်းပြုတ်ရည် အခိုးဖြင့် အထက်ပါ ရောဂါများအတွက် အငွေ့ခံခြင်း, အငွေ့မှိုင်း ခံခြင်းဖြင့် ပျောက်ကင်းစေနိုင်၏၊ တနေ့ကို ၂ - ကြိမ်မျှ အငွေ့ခံပေးပါ။

ဆူးငြောင့်များ စူး၍ ဆူးများထွက်ရန်၎င်း, မကျက်နိုင်သော အနာများ အတွက်၎င်း အရွက်ကို မီးကင်၍ ကပ်ပေးမူ ဆူးများလည်း အလိုအလျောက် ကျွတ်ထွက်လာ၏၊ အနာများလည်း ကျက်လွယ်၏၊ တနေ့ နှစ်ကြိမ်မျှ အဟောင်းခွာ၍ အသစ် ကပ်ပေးပါ၊ အနာများ ပြည်စုတ်ဖယောင်းချက် ပြုလုပ်လိုမူ ပျားဖယောင်း ၂ - ကျပ်, ၎င်းအရွက်မှုန့် ၈ - ပဲ, နှမ်းဆီ ၁ - ကျပ်နှင့် ရော၍ ချက်ပါ၊ အရည်ပျော်ပြီး အနည်းငယ်မျှ ကြာလျှင် ချ၍ လုံစွာထားပါ၊ အနာများပြည်စုတ်, အသားနုဘက် ဖယောင်းချက်အဖြစ်အသုံးပြုနိုင်၏၊ ဆီးပူခြင်း, နီခြင်း, ဆီးနည်းခြင်း,

ထီးခိုးမှုတ်၍ ကိုယ်၌ မိတ်များကဲ့သို့ အပူဖုကလေးများ ထွက်ခြင်း, မိတ်ထွက်ခြင်း, အနာစက်ကနာမီးလျှံများ ထွက်ခြင်း, ဝမ်းတွင်း၌ အပူများ အောင်းလျက် နေခြင်း စသော အပူအားကြီးသူများကို ၎င်းအရွက် ဖြိုတ်ရည်တွင် သကြား သင့်ရုံထည့်၍ သောက်ပါက အထက်ပါရောပါများ ပျောက်ကင်း၏။

**မှတ်ချက်။** ။ဆေးများကို ပြုတ်၍ သောက်ပါ ဟု ညွှန်ကြားသောအခါ ဆေးမြစ်, ဆေးရွက် စသည်ကို ၁ - ကျပ် ယူ၍ ရေ ၄၀ - ကျပ် နှင့် ၇ - ကျပ်သားမျှ ကျန်အောင် ကျိုပြီးလျှင် တခွက်စာ ၃ - ကျပ်သားမျှသောက်ရသည်ကို သတိပြုပါလေ၊ အရွက်၏ သတ္တုရည် သောက်ရန် ညွှန်ခဲ့သော် ၁၂ - ပဲသားမျှ တခွက်စာအဖြစ် အသုံးပြုနိုင်၏။

---

# အဆိပ်တရာပင် ( ရေချောင်းပန်း )

တမီလ် **सिमैन चिरंजी** ( စိမေနစိရံဂျီ )

လက်တင် Stachytarpheta Indica

**ပုံသဏ္ဌာန်။** ။အဆိပ်တရာပင်သည် မိုးသက်ပင်မျိုး ဖြစ်၏၊ ၎င်းအပင်သည် မြန်မာနိုင်ငံ, အိန္ဒိယား, အမေရိကန်, အာဖရိက စသော တိုင်းပြည်တို့၌ ပေါက်ရောက်၏၊ ၎င်းပန်းပင်သည် မျှားသောအားဖြင့် ပန်းခြံ ဥယျာဉ်များ ပြုလုပ်စိုက်ပျိုးကြ၏။

## အဆိပ်တရာပင်၏ ဆေးအသုံး

မည်သည့်အနာမဆို အနာပြည် ယိုခြင်း၌ လိမ်းကျံပေးရာ၏၊ အဖျားရောဂါ နှင့် အဆစ်အဆက် ရောင်ခြင်းတို့၌ အပင်ကိုကျို၍ တိုက်ရာ၏၊ ဝမ်းသက်သော ရောဂါအတွက် အတွင်းဆေး အဖြစ်ဖြင့် တိုက်ကျွေးရာ၏၊ မည်သည့်အနာမဆို အနာပြည် မှည့်ရန် အတွက် ၎င်းအရွက်ကို စည်းနှောင်ပေးရာ၏၊ မျက်စိရောဂါ၌ သတ္တုရည်ကို ခပ်ပေးရာ၏၊ နှလုံးရောဂါ၌လည်း ပျောက်ကင်းစေရန် အသုံးပြုရာ၏။

---

# အဆိပ်ပင်မျိုး ( ဝစ္ဆနာဘ )

| | | | |
|---|---|---|---|
| သက္ကတ | वत्सनाभ, गरल | အင်္ဂလိပ် | Indian Aconite |
| ဟိန္ဒီ | बच्छनाग, मीठा विष | လက်တင် | Aconitum Ferox |

**ရာဇနိဃဏ္ဍုကျမ်း အလို။** ။အဆိပ်မြစ်သည် ချို၏၊ ပူသော ဥဏှဂုဏ် ရှိခြင်းကြောင့် လေ နှင့် သလိပ်ဘို့ကို နိုင်၏၊ လည်ချောင်း၌ ဖြစ်သော အနာ, သန္နိပါတ်နာတို့ကို ပျောက်ကင်း

စေတတ်၏၊ သည်းခြေနှင့် ပူလောင်ခြင်းတို့ကို ဖြစ်စေတတ်၏၊ အဆိပ်သည် အသက်ကို သေစေတတ်၏၊ အဆိပ်သည် စား၍ ဝမ်းတွင်းသို့ ရောက်လျှင် အစာမကြေမီ ကိုယ်ခန္ဓာ၌ ပြန့်နှံ့ခြင်းသို့ ရောက်စေပြီးမှ ကြေကျက်ခြင်းကို ဖြစ်စေတတ်၏၊ ကိုယ်တွင်းရှိ အရိုး အဆက်တို့၌ ဖွဲ့စည်းထားသော အကြောတို့ကို လျော့ပါးစေတတ်၏၊ ပူလောင်စေတတ်၏၊ လေ နှင့် သလိပ်ကို နိုင်၏၊ အရွယ်ကို နုပျိုစေတတ်၏၊ မူးယစ်ခြင်းကို ဖြစ်စေတတ်၏။

အဆိပ်သည် ရုက္ခ (သုက္ခ), ဥဏှ, တိက္ခ, သုခုမ, အာသု, ဗျဝါရီ, ဝိကာသီ, ဝိသဒ, လဃု, အပါက—ဟူသော ဆယ်ပါးသော ဂုဏ် နှင့် ပြည့်စုံ၏၊ ဆယ်ပါးသော ဂုဏ်တို့၏ သဘောကား—

၁ - **ရုက္ခဂုဏ်ကြောင့်**—လေကို ပျက်စေတတ်၏၊ (သုက္ခဂုဏ်လည်း ဟူ၏။)

၂ - **ဥဏှ ဂုဏ်ကြောင့်**—သည်းခြေ နှင့် သွေးကို ပျက်စေတတ်၏။

၃ - **တိက္ခ ဂုဏ်ကြောင့်**—သတိကို မေ့လျော့ မိန်းမောခြင်း နှင့် အာကြော၏ နှောင်ဖွဲ့ခြင်းကို ဖြစ်စေတတ်၏။

၄ - **သုခုမဂုဏ်ကြောင့်**—အလုံးစုံသော ကိုယ်၏ မွေးညှင်းပေါက်တို့မှ ဝင်ခြင်းကို ပြုနိုင်၏။

၅ - **အာသုဂုဏ်ကြောင့်**—အလွန် လျင်မြန်စွာ မိမိ၏ အမှုကိစ္စကို ထင်ရှား ပြုတတ်၏။

၆ - **ဗျဝါရီဂုဏ်ကြောင့်**—ပကတိသော သဘောကို ဖျက်ဆီးတတ်၏။

၇ - **ဝိကာသီ ဂုဏ်ကြောင့်**—ကိုယ်ခန္ဓာ၏ လေ အစရှိသော ဒေါသ, ရသ အစရှိသောဓာတ်, ကျင်ငယ် အစရှိသော မလ အပေါင်းကို ပျံ့နှံ့စေတတ်၏။

၈ - **ဝိသဒ ဂုဏ်ကြောင့်**—အလွန် ဝမ်းကို သက်စေတတ်၏။

၉ - **လဃု ဂုဏ်ကြောင့်**—အလွန် ကုစား၍ ခက်၏။

၁၀ - **အပါက ဂုဏ်ကြောင့်**—အလွန် ကြေကျက်ခဲ၏၊ ရှည်မြင့် ကြာအောင် ညှဉ်းဆဲနှိပ်စက်တတ်၏။

အဆိပ်ကို ဆေးအဖြစ် စီရင်၍ မှီဝဲသုံးဆောင်ပါလျှင် ရသာယန ဆေးမျိုး ဖြစ်၏၊ အားကို ဖြစ်စေ၏၊ လေနာ, သလိပ်နာ, ဝါတရက်နာ, နူနာ, ဝမ်းမီးနုံ့သောအနာ, ပန်းနာ, ချောင်းဆိုးသောအနာ, သရက်ရွက်နာ, ဖျဉ်းနာ, ဂရင်ဂျီနာ, ဂူနာ, ဖျော့တော့သောအနာ, ပေါက်သောအနာတို့ကို နိုင်၏၊ စပ်၏၊ ခါး၏၊ ဖန်၏၊ မူးယစ်စေတတ်၏၊ ချမ်းသာကို ပြုတတ်၏၊ ပျံ့နှံ့လွယ်၏။

အဆိပ်သည် ဝသနာဘ, ဟရိဒ္ဒ, သတ္တုက, ပဒီပန, သော္ရာဋ္ဌိက, သိင်္ဂါ, ကာလကူဋ, ဟလာဟလ, ဗြဟ္မပုတ္တ—ဟူ၍ ကိုးပါး ရှိ၏၊ ၎င်းပြင် ထာဝရအဆိပ်, ဇင်္ဂမအဆိပ် ဟူ၍ နှစ်မျိုး ကွဲပြား၏၊ ထို နှစ်မျိုးတို့တွင် ထာဝရ အဆိပ် ဆယ်မျိုး, ဇင်္ဂမအဆိပ် တဆယ့်ခြောက်မျိုး ရှိ၏။

ထာဝရအဆိပ် ဆယ်မျိုး ဟူသည်မှာ—သစ်ပင်တို့၏ အမြစ်, အရွက်, အသီး, အပွင့်, အခေါက်, အနှစ်, အစေးရေ, အစေးခဲ, ဥ, ဓာတ်များ ဖြစ်ကြကုန်၏။

ဇဂ်မအဆိပ် တဆယ့်ခြောက်မျိုး ဟူသည်မှာ—မြွေ, ကြွက်, ပင့်ကူ, ကင်းမြီးကောက်, ဖွတ်, မြှော့, ငါး, ဖား, နှံကောင်, ခွေး, ခြသေ့, ကျား, မြွေပွေး, မြွေပါ, ကျားသစ်, ပုတ်သင်— ဤဆိုခဲ့ပြီးသော သတ္တဝါတို့၏ မျက်စိ, အသက်ရှူသော လေ, သွား, ခြေသည်း, လက်သည်း, ကျင်ကြီး, ကျင်ငယ်, သုက်, သွားရည်, ပါးစပ်, အတွေ့အထိ, အစွယ်, သွေး, ဝစ္စဒွါရ, အရိုး, သည်းခြေ, အဆီတို့မှ အဆိပ်တို့သည် ဖြစ်ကုန်၏။

ထာဝရအဆိပ်သည် သွားနာ, ကြို့ထိုးနာ, ဖျားနာ, လည်ပင်းအစ်သောအနာ, ပါးစပ်မှ အမြှုပ်ထွက်သော အနာ, ပျို့အန်နာ, နှုတ်မမြိန်သောအနာ, မူးဝေသော အနာတို့ကို ဖြစ်စေတတ်၏။

ဇဂ်မအဆိပ်သည် အိပ်ခြင်း, မှိန်းခြင်း, ပင်ပန်းခြင်း, ပူခြင်း, ပူလောင်ခြင်း, အမွေးကျွတ်ခြင်း, စိုးရိမ်သောက ဖြစ်ခြင်း, ဝမ်းသွန်သော အနာတို့ကို ဖြစ်စေတတ်၏၊ ထို့ကြောင့် အဆိပ်တို့ကို ဒေါသ စင်ကြယ်အောင် ပြုလုပ်ပြီးမှ သာလျှင် ဆေးဘက်တို့နှင့် ယှဉ်၍ သုံးဆောင်အပ်ကုန်၏၊ ဒေါသ စင်ကြယ်ပြီးသောအဆိပ်ကို ရှေးဦးစွာ နှမ်းလုံးပမာဏလောက်ကို ရှစ်ရက်တိုင်အောင် ပေးရာ၏၊ ဒုတိယ ရှစ်ရက်ရောက်သော အခါ နောက်ထပ် နှမ်းတလုံးခန့် တိုး၍ ပေးရာ၏၊ ဤကဲ့သို့ ပေးခြင်းအားဖြင့် အလုံးစုံသော ရောဂါအပေါင်းတို့မှ ပျောက်ကင်း ချမ်းသာနိုင်၏။

အဆိပ်ကို မှီဝဲသောသူသည် ထောပတ်, နွားနို့, ပျားရည်, ပြြုပ်ကောင်း, သိန္ဓော, သရက်သီး, ချို-ဆိမ့်-အေး-မွှေးသော စားဘွယ် သောက်ဘွယ်တို့ကို စားသောက်ပေးရာ၏၊ မြတ်သော အကျင့်ကို ကျင့်ရာ၏၊ အေးသော အရပ်, အေးသော ကာလ, အေးသော ရေတို့ကို မှီဝဲရာ၏။

အဆိပ်ကို စားအပ်သော အလေးချိန်ထက် ပို၍ စားလျှင် ရှစ်ပါးသော အပြစ်တို့သည် ဖြစ်တတ်ကုန်၏။

ပဌမ - အမွေးကျွတ်ခြင်း,
ဒုတိယ - ကိုယ်တုန်လှုပ်ခြင်း,
တတိယ - ပူလောင်ခြင်း,
စတုတ္ထ - တကိုယ်လုံး လဲပြိုခြင်း,
ပဥ္စမ - ပါးစပ်မှ အမြှုပ်ထွက်ခြင်း,
ဆဋ္ဌမ - အဆင်း ဖောက်ပြန်ခြင်း,
သတ္တမ - တကိုယ်လုံး တောင့် မာခြင်း,
အဋ္ဌမ - သေခြင်း—

ဤ ( ၈ ) မျိုးတို့သည် ဖြစ်တတ်ကုန်၏။

ဤသို့ ဖြစ်သည် ရှိသော် မန္တံ, မန္တရား မန်းမှုတ်ခြင်းဖြင့် လွတ်ကင်းစေရာ၏၊ အဆိပ်စား၍ လွန်မှန်းသိလျှင် အန်ဆေးကို ကျွေး၍ အန်အောင် ပြုလုပ်ရာ၏၊ အဆိပ် စားလွန်သူကို လက်ချား

နှင့် ထောပတ် ရောစပ်၍ ဖြစ်စေ, ကဇွန်းရွက်ကို အရည်ညှစ်ပြီး ထန်းလျက်နှင့် ရောစပ်၍ ဖြစ်စေ၊ တိုက်ကျွေးရာ၏။

## ဥပစိသ အဆိပ်ငယ်

**အမရကောသကျမ်း အလို။** ။မရိုးစေး, ရှားစောင်းကြီးစေး, ဆီမီးတောက်ဥ, နွယ်သာကီပန်းတို့သည် အဆိပ်ငယ် မည်ကုန်၏။

**ဘာဝပ္ပကာသကျမ်း အလို။** ။မရိုးစေး, ရှားစောင်းကြီးစေး, ဆီမီးတောက်ဥ, နွယ်သာကီပန်း, ဇင်ရွှေ, ဘိန်း, ပန်းတိုင်း (ပဒိုင်း) တို့သည် အဆိပ်ငယ် မည်ကုန်၏။

**နိဃဏ္ဍုဘူသနကျမ်း အလို။** ။မရိုးစေး, ရှားစောင်းကြီးစေး, ဆီမီးတောက်ဥ, နွယ်သာကီ, ဇင်ရွှေ, ခပေါင်းရေကြည်စေ့, ကနခိုစေး, ပန်းတိုင်း (ပဒိုင်း), ဘိန်းတို့သည် ဥပဝိသ အဆိပ်ငယ် မည်ကုန်၏။

**သာရကောမုဒီဆေးကျမ်း အလို။** ။**အဆိပ်ရောဂါ ဖြစ်ပုံ, အဆိပ် ၂-မျိုး နှင့် အဓိပ္ပာယ်။** ။အဆိပ်ကား ၁-ထာဝရအဆိပ်, ၂-ဇင်္ဂမအဆိပ် အားဖြင့် ၂-မျိုး ရှိ၏၊ ထို ၂-မျိုးတို့တွင် အသက်မရှိသော သစ်ပင်မျိုး၌ ဖြစ်သော အဆိပ်သည် ထာဝရအဆိပ် မည်၏။ အသက်ရှိသော မြွေ စသည်တို့၌ ဖြစ်သော အဆိပ်သည် ဇင်္ဂမ အဆိပ် မည်၏။

**အဆိပ်ရောဂါ လက္ခဏာ။** ။ထာဝရအဆိပ်သည် အောက်သို့ သက်တတ်၏၊ ဇင်္ဂမအဆိပ်သည် အထက်သို့ တက်တတ်၏။

**ထာဝရအဆိပ်မျိုး ၁၀-ပါး။** ။ထာဝရအဆိပ်မျိုး ၁၀-ပါး ဟူသည်—

၁ - အမြစ် အဆိပ်,
၂ - အရွက် အဆိပ်,
၃ - အသီး အဆိပ်,
၄ - အပွင့် အဆိပ်,
၅ - အခေါက် အဆိပ်,
၆ - အရည် အဆိပ်,
၇ - အနှစ် အဆိပ်,
၈ - အစေး အဆိပ်,
၉ - အဥ အဆိပ်,
၁၀ - ဓာတ် အဆိပ်— အားဖြင့် ၁၀-မျိုး ပြား၏။

**ဇင်္ဂမအဆိပ်။** ။ဇင်္ဂမအဆိပ်သည်လည်း မြွေ, ကြွက်, ပင့်ကူ, ဝါးကျည်း, ဘားပြုပ်, ခွေးရူး, ပျား, နကျယ် (နဂျီ) စသည်ဖြင့် များသော အပြား ရှိ၏။

**ကုသနိုင်ခဲ့သော ဌာန, အချိန်, ကိုယ်အင်္ဂါ။** ။ညောင်ပင်, နတ်ကွန်း, သုသာန်, တောင်ပို့, မြေခြား မြေစပ်, ခရီးလမ်းဆုံ—ဤဌာနတို့၌၎င်း- ဘရဏီနက္ခတ်နှင့် အယှဉ်, ဖွားနက္ခတ် အယှဉ်ကာလတို့၌၎င်း - အကြော, အသားနု, ကိုယ်အင်္ဂါတို့၌၎င်း အဆိပ်သင့်သူကို ဆေးကုသမှုမှ ရှောင်ကြဉ်အပ်ကုန်၏၊ ကုသ၍ ရနိုင်ခဲ၏။

**တနှစ်ပတ်လုံး အဆိပ်လွတ်ဆေးများ။** ။ကဆုန်လ၌ ပဲရာဇာစေ့ကို တမာရွက်နှင့် ချက်စားခဲ့သော် ထိုသူကား မည်သည့်အဆိပ်မျိုးကိုမျှ ကြောက်စရာ မရှိ၊ တနှစ်ပတ်လုံး အဆိပ်မှ ကင်း၏၊ ယုံမှားမရှိရာ။ ( ဘော - ၇၁၁ )

**တနည်း။** ။ပရန္နဝါမြစ်ကို ဖုသျှနက္ခတ်နှင့် ယှဉ်ရာတွင် ဆန်ဆေးရေဖြင့် သောက်ခဲ့သော် ထိုသူအား တနှစ်ပတ်လုံး အဆိပ်သင့်သော ဘေးကို ပယ်ဖျောက်တတ်၏၊ အဆိပ်မသင့်နိုင်။ ( ဘော - ၇၁၀ )

**မြွေလွဲ အဆောင်။** ။အကြင်သူသည် ကျားသစ်သွားဖြင့် တက္ခ နဂါးမင်း၏ ကိုယ်သဏ္ဍာန်ထုလုပ်၍ ကိုယ်၌ အမြဲဆောင်အံ့၊ ထိုသူကို မြွေဟူသရွေ့ အဝေးမှ ရှောင်ရှား၏၊ ( တက္ခ ဂါးမင်း၏ရုပ် ဟူသည် နဂါးရုပ်ကို ပင် ဆို၏။ )

**အဆိပ်ရောဂါလိမ်းဆေး။** ။နဖါချေးကို လက်ဝဲ လက်သူကြွယ်ဖြင့် ဆောင်၍ မြွေ ကိုက်ရာ၌ လိမ်းကျံခဲ့သော် ပြင်းစွာသော အဆိပ်ကို ပယ်ဖျောက်တတ်၏။ ။တနည်း—လူ၏ ကျင်ငယ်ရေဖြင့် ကိုက်ရာကို သွန်းလောင်းခြင်းသည် ပြင်းစွာသော အဆိပ်ရောဂါကို ပယ်ဖျောက် နိုင်၏။

### သောက်ဆေး, လိမ်းဆေး ၂ - မျိုးရဆေး

ဘောဇကိုင်းမြစ်ကို ကြိတ်၍ ထောပတ်နှင့် ရောပြီး များစွာ သောက်ခြင်း, သို့မဟုတ် ကိုက်ခဲရာ၌ လိမ်းကျံပေးခဲ့သော် သည်းခံနိုင်ခဲသော အဆိပ်ကို ပယ်ဖျောက်တတ်၏။

**ကုက္ကို ပဥ္စင်္ဂါးပါးဆေး။** ။ကုက္ကိုမှ ဖြစ်သော အရွက်, အပွင့်, အသီး, အခေါက် တို့ကို ကြိတ်၍ သောက်ခြင်း, မျက်စဉ်းခပ်ခြင်း, လိမ်းကျံခြင်း, နှာရှူခြင်း ပြုခဲ့သော် ကြီးစွာ သော အဆိပ်ကို ပယ်ဖျောက်တတ်၏။ ။တနည်း—ဟင်းစကွဲမြစ်ကို ဆန်ဆေးရေဖြင့် သောက် ခဲ့သော် တက္ခ နဂါးမင်းသည် ပြင်းစွာ ကိုက်ခဲသည် ဖြစ်စေကာမူ လူအပေါင်းတို့အား အဆိပ် ကင်းသည်ကို ပြုတတ်၏။

**အဆိပ်အချင်းချင်း အပြန်အလှန် နိုင်ဆေး။** ။ထာဝရ အဆိပ်မျိုးသည် အောက်သို့ သက်၏၊ ဇင်္ဂမအဆိပ်မျိုးသည် အထက်သို့ တက်၏၊ ထို့ကြောင့် အောက်သို့ သက်တတ်သော ထာဝရ အဆိပ်မျိုးသည် အထက်သို့ တက်တတ်သော ဇင်္ဂမ အဆိပ်ကို နိုင်၏၊ အထက်သို့ တက်တတ်သော ဇင်္ဂမ အဆိပ်မျိုးသည် အောက်သို့ သက်တတ်သော ထာဝရ အဆိပ်ကို နိုင်၏၊ တပါး၏ အကျိုးသွားကို တပါးက ပယ်၍ အချင်းချင်း အပြန် အလှန် ဆေးဖြစ်ကြ၏—ဟူလို သည်။ တနည်း—မြွေကိုက်ခဲ့သော် ကျပ်ခိုး, နနွင်း ၂ - ပါး, အဲမြစ်နှင့် တကွသော ဆူးပေါက် ပင်ကို ကြိတ်၍ နို့ချဉ်, ထောပတ်နှင့် ရော၍ မှိုဝဲသင့်၏။

**ထာဝရ, ဇင်္ဂမ အဆိပ် အမျိုးမျိုး နိုင်သောဆေး။** ။ပြြောင်း, တမာစေ့တို့ကို သိန္ဓောဆား, ပျားရည်, ထောပတ်တို့နှင့် တကွ သောက်ခဲ့သော် ၎င်း - မျက်စဉ်း ခပ်ခဲ့သော်၎င်း - လိမ်းကျံခြင်း, နှာရှူခြင်းကို ပြုခဲ့သော်၎င်း ထာဝရ, ဇင်္ဂမ ဖြစ်သော အဆိပ်နာ အမျိုးမျိုးကို ပယ်ဖျောက်တတ်၏။

အဆိပ်ကို စားသောက်မိခဲ့သော် ထိုခဏခြင်း အန်ဆေး ပေးခြင်းသည် သင့်မြတ်၏၊ အကယ် ၍အဆိပ်သည် အရေဖျားသို့ ရောက်ခဲ့သော် အေးသော အရာဝတ္ထုတို့နှင့် လိမ်းကျံခြင်း, သွင်းလောင်းခြင်း ပြုသင့်၏။ ( ဘေ - ၇၁၂ )

တနည်း—နနွင်း, သိန္ဓော ဆား, ပျားငယ်ရည်နှင့် ယှဉ်သော ထောပတ်ကို သောက်ခဲ့သော် အမြစ်ဆိပ်သင့်သောသူ အတွက် မြတ်သောဆေး ဖြစ်၏၊ အဆိပ်လူးမြွား သင့်သောသူအားလည်း သင့်မြတ်၏။ ( ဘေ - ၇၁၂ )

**အဆိပ်အန် ဝိသ ဝဇီရပါတရသ ဆေး။** ။နနွင်း, လက္ခ၂ ၁း, ဇာတိပ္ပိုလ်ပွင့်, ဒုတ္တာ· ဤဆေးအလုံးစုံ အညီအမျှ ရော၍ နတ်ထင်းရှူးရည်နှင့် ကြိတ်ပြီး အလုံးကလေး ပြုလုပ်ပါ၊ သောက်ရန် အတိုင်းအတာမှာ ၁ - ပဲသား၊ အနုပါနမှာ—လူကျင်ငယ်ရေနှင့် ဤဆေးကို မှီဝဲခဲ့သော် အဆိပ်ဟူသမျှ အန်ထွက်၍ အသက် ချမ်းသာရာရ၏၊ ထာဝရ,ဇင်္ဂမ အဆိပ် ဟူသမျှ ပျောက်ကင်း၏၊ မေ့မျောနေသူကိုပင် တဖန် အသက် ရှည်စေနိုင်၏။

**အဆိပ်အမျိုးမျိုးနိုင်သောဆေး။** ။ကြေးနီပြာကို ဖြစ်စေ, ရွှေပြာကို ဖြစ်စေ သကြား, ပျားရည်နှင့် ရော၍ လျက်ခြင်းသည် အလုံးစုံသော အဆိပ်ကို လျင်စွာ ငြိမ်းစေတတ်၏။ ( ဘေ ၇၁၄ )

**ကြွက်ဆိပ်, ပင့်ကူဆိပ် နိုင်သောဆေး။** ။ကြပ်ခိုး, ပဲဆိမ့်နီ, နနွင်း, သိန္ဓောဆားတို့ကို ကိုက်ခဲရာ နေရာ၌ လိမ်းကျံ ပေးခဲ့သော် ကြွက်ဆိပ်, ပင့်ကူဆိပ်တို့ကို နိုင်၏။ ( ဘေ - ၇၁၃ )

**ငါးဆိပ်နိုင်ဆေး။** ။မှုန်ကူရွက်ဖြင့် အငွေ့ခံခြင်းသည် ငါးဆိပ်ကို ပယ်ဖျောက်တတ်၏။

**ခွေးရူးအဆိပ်နိုင်သောဆေး။** ။ပဒိုင်း, သဖန်းတို့၏ အသီးစိမ်းတို့ကို ဆန်ဆေးရေနှင့် ကြိတ်၍ သောက်ပါ၊ သို့မဟုတ် ပဒိုင်းရွက်ရေကို ထောပတ်, တင်လဲ, နို့တို့နှင့် ၃ - ကျပ်သားခန့် ရော၍သောက်ပါလျှင် ခွေးရူးဆိပ်ကို လျင်စွာ ပျောက်ကင်းစေ၏။

**ဖားပြုပ်ဆိပ်နိုင်သောဆေး။** ။ကုက္ကိုစေ့ကို ရှားစောင်းကြီး အစေးဖြင့် ကြိတ်၍ လိမ်းကျံပြီးနောက် သစ်ချိုမြစ်မှုန့်, အကော်လမှုန့်, ပန်းနုမှုန့် တို့ကို သုံးရက် စား၍ပေးပါလျှင် ဖားပြုပ်ဆိပ်ကို နိုင်၏။

**လက်သည်း, ခြေသည်း, အဆိပ်ဆေး။** ။ကပ်ဖို့ အင်ကြင်းခေါက်, ဒေါင်းဆပ်ပြာမြစ်, နနွင်း ၂ - ပါး, ငွေ့နီတို့ကို ရော၍လိမ်းကျံပေးပါလျှင် ကျား, ဝံ, ခွေး, ကြောင် စသော သတ္တဝါတို့၏ လက်သည်း ခြေသည်းဆိပ်, သွားအဆိပ်တို့ကို ပျောက်ကင်း ချမ်းသာစေနိုင်၏။

**ပိုးဆိပ်, မျှော့ဆိပ်ပျောက်ကင်းသောဆေး။** ။လင်းနေ့, အိပ်မွှေ့သီး, ဆင်ပိတ်ချင်း, အကြီးသ ( မိဂုတ် ) ရှိန်းခို, သိန္ဓောဆား, တောဆောင်းမေးခါး, တြိကဋုက်သုံးပါး, တီလက်သာ - ဤဆေး ၁၁ - ပါး ကို အညီအမျှ ရော၍ ၁ - ပဲသားခန့် ရေနှင့် သောက်ပါလျှင် ပိုးဆိပ် မျှော့ဆိပ်ကို နိုင်၏၊ ဤ ဒသက် ဆေးနည်းကို ကဿပ ရှင်ရသေ့သည် ရိုမံခဲ့၏၊ ( ဆေး ၁၁ - ပါး ကို ဒသက် အမည် ပေးထား၏။ )

## သြသဓရတနာကရကျမ်း လာ အဆိပ်နိုင်ဆေးနည်းများ

**မြွေလွှဲဆေး။** ။ကုက္ကု ိမြစ်ကို အာသဋ္ဌိနက္ခတ်, ဖုသျှနက္ခတ်နှင့် ယှဉ်သောနေ့၌ ကြိတ်၍ ဟန်ဆေးရေနှင့် သောက်ခဲ့သော် မြွေတို့ဘေးရန်မှ ကြောက်ဘွယ်မရှိ၊ လွတ်ကင်း၏။

**မြွေအာစေးနည်း။** ။အောင်မဲဖြူမြစ်ကို ဆန်ဆေးရေနှင့် သောက်ခဲ့သော် ခြောက်လအတွင်း မြွေအလျဉ်း မကိုက်နိုင်၊ ဖုသျှနက္ခတ်နှင့် ယှဉ်သောအခါ၌ ဂဠုန်တောင်ပံမြစ် ( ဂဠုန်ဦးစွန်းလည်းဟူ ) ကို ရေနှင့် သွေး၍ သောက်မူ ခြောက်လအတွင်း မြွေအလျဉ်းမကိုက်နိုင်။

တနည်း—သစ်မယ်ဇယ်မြစ်ကို လက်တွင် ဖွဲ့ချည်ထားသော်ငြား, ကိုယ်၌ လိမ်းထားသော်ငြား မြွေသည် ကိုယ်ကို ရစ်ပတ်နိုင်သော်လည်း မကိုက်နိုင်။

တနည်း—အောင်မဲဖြူမြစ်ကို ဖြစ်စေ, ပရန္ဓဝါမြစ်ကို ဖြစ်စေ, ထိကရုန်းမြစ်ကို ဖြစ်စေ လက်၌ ဖွဲ့ချည်ထားခဲ့သော် မြွေကို ဆီးတားတတ်၏။

တနည်း—ဇော်ဂျီဦးထုပ်, ပြည်ပန်းရွှေမြစ်ကို လက်၌ ဖွဲ့ချည်၍ နေ့ရော ညပါ ခရီးသွားလာခဲ့သော် ထိုသူ၏ အရိပ်, အသံဖြင့် မြွေတို့သည် ထိတ်လန့်၍ ပြေးကြကုန်၏။

**အဆိပ်ပျောက်ဆေး။** ။ခြယားစေ့အဆံကို တြိကဋုက်သုံးပါးနှင့် ရောလျက် ကြိတ်ပြီးမသော် ပျားရည်နှင့် ရောစပ်ပြီး နှာရှူ၍ ပေးပါလျှင် အဆိပ်အမျိုးမျိုးကိုတို့ ခဏခြင်း ပျောက်ကင်းစေ၏။

**မြွေဆိုပ်ပျောက်ဆေး။** ။ပြေပ်ဘောင်းဖြူစေ့, ဒန့်ဒလွန်စေ့တို့ကို ကုက္ကု ိပွင့်ရေတို့ဖြင့် ထုံ၍ ၇ - ရက်တိုင်အောင် နှာရှူခြင်း, သောက်ခြင်း, မျက်စဉ်းခပ်ခြင်း ပြုလုပ်ပါလျှင် မြွေဆိပ်သည် လျင်စွာ ပျောက်ကင်း၏။

တနည်း—သနပ်ခါးမြစ်, ပန်းနုအမှုန့် ငါးပဲသားစီကို ပျားရည် ခြောက်ပဲသားနှင့် ရော၍ မြွေကိုက်ခံရသော သူအား ကျွေးခဲ့သော် မြွေဆိပ် ပျောက်ကင်း၏။

**အဆိပ်မျိုးပျောက်ဆေး။** ။အဆိပ်သည် လည်မျို ( လယ်မျို ) သို့ ရောက်ခဲ့သော် သီးသီးနှစ်ကို သကြား, သို့မဟုတ် ပျားရည်တို့ဖြင့် ရော၍ လျက်ပါ၊ အဆိပ်သည် အစာအိမ်သို့ ရောက်ခဲ့သော် သနပ်ခါးမြစ်မှုန့် သုံးကျပ်သားကို သကြား, ပျားရည်တို့ဖြင့် ရော၍ လျက်ပါ၊ အကယ်၍အဆိပ်သည် အစာဟောင်းအိမ်သို့ ရောက်ခဲ့သော် ပိတ်ချင်း, နနွင်း ၂ - ပါး, ပဲဆိမ့်နီ - ငုင်းသုံးပါးကို နွားကျင်ငယ်ရေနှင့် ကြိတ်၍ သောက်ပါ၊ အဆိပ်ကို စားမိ မျိုမိသော် နနွင်း ၂ - ပါး မှုန့်ကို သောက်ခြင်းသည် လွန်စွာ သင့်မြတ်၏။

တနည်း—သိန္ဓောဆားကို လူကျင်ငယ်ရေဖြင့် စိမ်၍ သောက်ခဲ့သော် ခဏခြင်း အဆိပ်ကို ပယ်ဖျောက်တတ်၏။

တနည်း—မှန်ကူမြစ်, ပန်းနုတို့ ချက်သော အရည်ကို ဖြစ်စေ - ထိုမှန်ကူမြစ်, ပန်းနုတို့၏ အမှုန့်ကိုဖြစ်စေ နွားနို့ဖြင့် သုံးရက်ပတ်လုံး သောက်ပါ။

**ပိုးဆိပ်, ကြွက်ဆိပ်ဆေး။** ။ကြာဟင်းမြစ် နှင့် ဆူးပေါက်မြစ်ကို ထောပတ်နှင့် သောက်ခဲ့သော် ခပ်သိမ်းသော ပိုးဆိပ်, ကြွက်ဆိပ်တို့ကို နိုင်၏။

**ပင့်ကူဆိပ်ပျောက်ဆေး။** ။ပိတ်ချင်းသီး, ဖာလာသီး, နဂါးချေး, နွယ်ချို တို့ကို ထောပတ်, ပျားရည်တို့နှင့် ရော၍ လိမ်းကျံခဲ့သော် ခပ်သိမ်းသော ပင့်ကူဆိပ်တို့ကို ခဏခြင်း ငြိမ်းစေ၏။

**ကင်းဆိပ်နိုင်ဆေးများ။** ။ကြောင်ပန်းမြစ်, သမန်းမြက်, ဖောင်းမြက် ရရာတခုခုကို ဝါး၍ နား၌ထွေးခြင်း, သုတ်လိမ်းခြင်းသည် ကင်းဆိပ်မျိုးကို ပျောက်ကင်းစေ၏။

**ဖါးပြုပ်ဆိပ်နိုင်ဆေး။** ။ကုက္ကိုခြေ့ကို ရှားစောင်းစေးဖြင့် ကြိတ်၍ လိမ်းကျံခဲ့သော် ဖားပြုပ်ဆိပ်ကို ခဏခြင်း ပယ်ဖျောက်တတ်၏။

**ရေဆိပ်နိုင်ဆေး။** ။မန်ကျည်းသီး, မုယောဆားတို့ကို ရေနွေးဖြင့် သောက်ခဲ့သော် အထူးထူးသော အရပ်၌ ဖြစ်သော ကိုယ်၌ ကပ်ငြိတတ်သော ရေဆိပ်ကို ပယ်တတ်၏၊ တနည်း— ပဒုမ္မာ ကြာမှုန့်ကို ထောပတ်နှင့် စားခဲ့သော် ရေကြောင့်ဖြစ်သော အဆိပ်နာကို ပယ်ဖျောက်တတ်၏။

---

# အ ဆိ ပ် ဖြေ ပ င်

(ဘောဇကိုင်း) ရှု

---

## အ ဆိ ပ် ဖြေ ဂ မုန်း (ဂမုန်းကြက်သွေး)

**အင်္ဂလိပ်** Indian Aconite

**လက်တင်** Aconitum Ferox

ပုံသဏ္ဌာန်။ ။၎င်းသည် ဆိပ်ဖူးပင်မျှလောက် ရှိ၏၊ အပင်ရော ဥပါ ဆိတ်ဖူးပင်နှင့် လုံးဝ တူ၏၊ သို့သော် ၎င်း၏ ဥမှာ ကြက်သွေးရောင်, အချို့မှာ ကြက်၏ အသည်း အရောင် ရှိ၏၊ ဆိတ်ဖူးဥကား ဝါရောင် ရှိ၏၊ အရွက်မှာ တဘက်စောင်းလျက် ရှိ၏၊ အောက်ကျောဘက်တွင် နီရောင် သန်း၏၊ အပွင့်မှာ ပင်ရင်း၌ အဖူးကလေးများမှ ထွက်ပြီးလျှင် ၎င်းအဖူးကလေးမှ

ုသော် ခဏခြင်း အဆိပ်ကို

ထိုမှန်ကူမြစ်, ပန်းနုတို့၏

က်မြစ်ကို ထောပတ်နှင့်

ဂါးချေး, နွယ်ချို တို့ကို
ပင့်ကူဆိပ်တို့ကို ခဲဏခြင်း


းမြက် ရရာတခုခုကို ဝါး၍
၏။

ဖြင့် ကြိတ်၍ လိမ်းကျံခဲ့

ချေးဖြင့် သောက်ခဲ့သော်
ို ပယ်တတ်၏၊ တနည်း–
အဆိပ်နာကို ပယ်ဖျောက်

းသွး )

င်ရော ဥပါ ဆိတ်ဖူးပင်နှင့်
ကြက်၏ အသည်း အရောင်
ရှိ၏၊ အောက်ကျောဘက်
ုံးလျှင် ၎င်းအဖူးကလေးမှ



၁" - စကေး

အဆိပ်မြွေဂမုန်း

သေးငယ်သော ပန်းပွင့်ကလေးများ ထွက်၍ ပွင့်၏၊ ၎င်း ပန်းပွင့်၏ပုံမှာ အပေါ်ဘက်မှ ပွင့်ဖတ် ငယ် ၃ ချောင်း ရှိ၏၊ အရောင် ဖြူ၏၊ အောက်ဘက်မှ လျှာသဘောနှင့် နီညိုရောင် တဖတ် ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။၎င်းဥကို မြွေ၊ ကင်း စသော အဆိပ်များ ပျောက်ကင်းစေရန် အပြင် ဆေးအဖြစ်နှင့် လိမ်း၍ အတွင်းဆေး အဖြစ်နှင့်လည်း တိုက်ရ၏၊ အချို့ တောင်ပေါ် သားများနှင့် လယ်ယာ ဦးကြီးတို့သည် ၎င်းဆိပ်ဖြေဂမုန်း (ဂမုန်းကြက်သွေး) ပင်ကို မိမိတို့၏ အိမ်ရာများ၊ တဲများ၊ ချုံများ၌ အထူး အလေးပြု၍ စိုက်ထားကြသည်ကို တွေ့ရ၏၊ အကြောင်းမှာ မိမိတို့၏ နွား၊ ကျွဲများ မြွေကိုက်သော အခါ ပဉ္စငါးပါး ၃-၄ ပင်မျှ ထောင်းထုကြိတ်ပြီးလျှင် မြွေဆိပ်ကို နိုင်နင်းစွာ လက်တွေ့ ကုသ ကာကွယ်ကြသော အခါ၌ အလွန် ယုံကြည်စိတ်ချရ၍ မြွေဆရာကြီး တဦးသဖွယ် အားကိုး အားထား ပြုကြပြီးလျှင် စိုက်ထားကြခြင်း ဖြစ်လေသည်၊ လူကို မြွေကိုက်မူ ၎င်းဥ ၈-ပဲသားမှ ၁၂-ပဲသား အထိ အရွယ်ကို ကြည့်၍ တိုက်ခြင်း၊ ကိုက် သောဒဏ်ရာသို့ ဓားဖြင့် ခွဲ၍ သိပ်ပေးခြင်း ပြုကြကုန်၏၊ ကင်း၊ ကမျဉ်းနီ၊ ပဆုပ်ပနီ၊ ပျား စသော အဆိပ်များကို ကိုက်သော ဒဏ်ရာကို လိမ်းပေးခြင်း ပြုကြကုန်၏၊ ၎င်းဥကို သွေး၍ လျှာကိုလည်း ပွတ်၍ ပေးကြကုန်၏၊ ထိုအဆိပ်များလည်း ပြေကုန်၏။

---


# အဆိပ်ဖြေဂမုန်း (တနည်း)

**ပုံသဏ္ဌာန်။** ။၎င်း အဆိပ်ဖြေ ဂမုန်းပင်သည် အရွက် မရှိသော ရိုးတံကလေးများ လှပစွာ ထွက်ပေါ်ကြပြီး ရိုးတံ၏ ထိပ်ဖျားတွင် အလွန် သေးငယ်သော အရွက်ခလေးများ စုပြု၍ ပေါက်ကြသည်၊ ပင်စည်လုံးနှင့် ရိုးတံများတွင် ရှန်းစိုသော အရေများ ကြာရိုးကဲ့သို့ ကိန်း အောင်း နေကြသဖြင့် ပျော့ပျောင်း နူးညံ့၍ အရေရှန်းသော သဘော ရှိသည်၊ ၁-ပေ နှင့် ၂-ပေ ပတ်လည် အတွင်းသာ ကြီးထွားသော အပင်မျိုး ဖြစ်သည်၊ ၎င်းအပင်ကို မြန်မာနိုင်ငံ အထက်ပိုင်းဒေသ၌ အဆိပ်ဖြေဂမုန်း ဟု ခေါ်ဆိုကြသည်။

## အဆိပ်ဖြေဂမုန်းပင်၏ ဆေးသုံး

အဆိပ်ဖြေဂမုန်းပင်ကို မြွေကိုက်၊ ခွေးရူးကိုက်သော အခါများတွင် အပင်ကို ထုချေ-အရေ ကို ညှစ်ယူပြီးလျှင် ၁-နာရီ တကြိမ် တိုက်၍ပေးက အဆိပ်များ ပျက်ပြယ်၍ သွားနိုင်သည်။ ပျား၊ ပိတုန်း၊ ကင်း စသော အဆိပ်များ ၎င်းအပင်ရေဖြင့် ကိုက်ရာအရပ်ကို လိမ်းသပ်ပွတ်နယ် ၍ ပေးရသည်။

၎င်း အဆိပ်ဖြေ ဂမုန်းပင်က ရသော အရေ ၂-အောင်စ၊ မြေသင်းခဲ (ထွန်းသွားကပ် မြေ) ၈-ပဲ၊ မည်သည့်အပင်က ဖြစ်စေ ရသော သစ်ရွက်စိမ်းပြာ ၈-ပဲ၊ ကျင်ကြီးပြာ ၈-ပဲ- ၎င်း ၄-မျိုးကို ပေါင်းစပ်ပြီး ၁-နာရီ တကြိမ် တိုက်၍ပေးပါက ပြင်းထန်သော မြွေဆိပ်၊ ခွေး ရူးဆိပ်များ ထူးခြားစွာ ပျောက်ကင်း ချမ်းသာနိုင်သည်။



No. 5


အပေါ်ဘက်မှ ပွင့်ဖတ်
ာနှင့် နီညိုရောင် တဖတ်

ချား ပျောက်ကင်းစေရန်
၏၊ အချို့ တောင်ပေါ်
က်သွေး ) ပင်ကို မိမိတို့၏
တွေ့ရ၏၊ အကြောင်းမှာ
ထောင်းထုံကြိတ်ပြီးလျှပ်
လွန် ယုံကြည်စိတ်ချရ၍
းကြခြင်း ဖြစ်လေသည်၊
ဦညွှ၍ တိုက်ခြင်း, ကိုက်
မျဉ်းနီ, ပဆုပ်ပနီ, ပျား
န်၏၊ ၎င်းဥကို သွေး၍

သော ရိုးတံကလေးများ
အရွက်ခလေးများ စုပြုံ
များ ကြာရိုးကဲ့သို့ ကိန်း
ာ ရှိသည်၊ ၁-ပေ နှင့်
င်းအပင်ကို မြန်မာနိုင်ငံ

င် အပင်ကို ထုချေ-အရေ
ပ်ပြယ်၍ သွားနိုင်သည်။
ချပ်ကို လိမ်းသပ်ပွတ်နယ်

သင်းခဲ (ထွန်းသွားကပ်
ပဲ, ကျင်ကြီးပြာ ဂ-ပဲ-
ာန်သော မြေဆိပ်, ချေး




အဆိပ်ဖြေဂမုန်း
INDIAN ACONITE.

# အဆိပ်နိုင်ပင်

**ပုံသဏ္ဌာန်။** ။၎င်း အဆိပ်နိုင်ပင်သည် နွယ်ရောင် ပင်ရောင် ဖြစ်၍ ခြုံဆံသောအပင် ဖြစ်သည်၊ ရိုးတံမှာ ကျစ်လစ် မာကျောပြီး အစိမ်းရင့်ရောင် ဖြစ်သည်၊ နွယ်မျိုး ဟု ဆိုရသော်လည်း ခိုင်မာသော ရိုးတံ ရှိသဖြင့် ပုဏ္ဏရိပ်ပင်ကဲ့သို့ အခြားသော အပင်များကို မှီခို၍ ပေါက်တတ်သော အပင် မဟုတ်၊ မျိုးတူချင်းသာ စုပေါင်း၍ ပေါက်တတ်သော အပင် ဖြစ်သည်။

အရွက်၏ ပုံသဏ္ဌာန်မှာ သွယ်ချွန်းသော သန်လျက်ပုံ ရှိသော်လည်း နူးညံ့ပျော့ပျောင်းသော အရွက် ဖြစ်သည်၊ အရောင်မှာ အရိုးထက် အရောင် ဖျော့သည်၊ အရွက်၏ မျက်နှာပြင်မှာ ချောမွေ့ခြင်း မရှိဘဲ ရေ့ရဲ့ပွလျောင်းပြီး အခွက်ခလေးများ ပါရှိသည်၊ အရွက်ပုံမှာ ဘေးသို့ကားလျက် ရွက်ညှာချင်း ဆိုင်၍ ပေါက်သည်၊ အရွက်၏အရွယ်အစားမှာ ဗျက် ၁½ လက်မမျှ ရှိ၍ အလျား ၃-၄ လက်မခန့် ရှည်သည်၊ မြန်မာ့အာယုဗ္ဗေဒဆေးသိပ္ပံ၌ စိုက်ပင်အဖြစ် ပြသ၍ထားသည်။

### အဆိပ်နိုင်ပင်၏ ဆေးအသုံး

ပျား, ပိတုန်း, ကင်း, ဖား, မြွေ စသော အဆိပ်ရှိ သတ္တဝါများ ကိုက်လျှင် ကိုက်သောနေရာ၌ ၎င်းအရွက်ကို ဝါး၍ ပွတ်ပေးပြီး နောက် အုံပြီး စည်း၍ ထားပါ။

အထူးသဖြင့် မြွေစိမ်းမီးခြောက် ကိုက်သောအခါ အထက် ဖော်ပြပါအတိုင်း ပြုလုပ်၍ပေးပါလျှင် တခဏခြင်း အုံသြဘွယ်ရာ ထူးခြားသက်သာ၍ သွားနိုင်သော စွမ်းရည်နှင့် ပြည့်စုံသော အပင် ဖြစ်သည်။

---

# အဋ္ဌက

( ပင်စိန်းရိုင်း ) ရှု။

---


# အညာမြင်းခွာ ( တောမြင်းခွာ )

( မြင်းခွာကြီး ) ရှု။

---



# အဆိပ်နိုင်



# အတီသ (မိဂုတ်ပင်)

| | | |
|---|---|---|
| သက္ကတ | **अतिविषा** | (အတိဝိဆာ) |
| ဟိန္ဒီ | **अतीस** | (အတိ္တိစ) |
| အင်္ဂလိပ် | Indian Alees | |
| လက်တင် | Aconitum Haterophylum | |

**ပုံသဏ္ဌာန်။** ။တိဂုသ်ပင်သည် ၁-ပေမှ ၃-ပေ အထိ မြင့်သော အပင်ငယ်မျိုး ဖြစ်၏၊ ပင်စည်ရိုးတံ ဖြောင့်၏၊ လုံး၏၊ အရွက်၏ အချင်းမှာ ၃-လက်မမျှ ရှိ၏၊ အသား ထူ၏၊ အရောင် တောက်ပ၏၊ အရွက်၏ ပတ်လည်အနားသည် အလွန် ထင်ရှားသော ခွေးသွားစိပ်ကြီးများ (သို့မဟုတ်) မညီမညွတ် အလွန် ချွန်ထက်သော ခွေးသွားစိပ်များ ရှိ၏၊ အရွက်၏ အနံမှာ ၄-၅ လက်မမျှ ရှိ၍ အလျား ၃-လက်မမျှ ရှိ၏၊ အပွင့် ၁-လက်မမှ ၁-လက်မခွဲသာသာ ရှည်၏၊ အပွင့်၏ အရောင်မှာ အညိုရောင်, အဝါရောင်, အနည်းငယ် စိမ်းသော အရောင်များ ဖြစ်၏၊ အလွန် တောက်ပ၏၊ အပွင့်၏ အကြောများသည် စိမ်းရောင် သန်း၍ ညိုသော အကြောများ ရှိ၏၊ သို့မဟုတ် ခရမ်းရောင် အကြောများ ရှိ၏၊ ၎င်းအစေ့သည် ချွန်၏၊ နှုတ်သီး ချော မွတ်၏၊ အမြစ်ဥသည် ၁-လက်မမှ ၂-လက်မ အထိ ရှည်၏၊ အမြစ်သည် ဆင်နှာမောင်းကဲ့သို့ အရင်း ကြီး၍ အဖျား သေးသွယ်၏၊ ဆင်နှာမောင်းကဲ့သို့ပင် အရစ်အရစ် ဖြစ်၍ နေ၏၊ အချင်း ထိပ်ဝ ၄-လက်မမှ ၆-လက်မမျှ ရှိ၍ အဖျားထိပ်ဝ ၂-လက်မမှ ၃-လက်မမျှ ရှိ၏၊ အမြစ်၏ အပေါ်ရောင်သည် ဗာဒမ်ရောင် သို့မဟုတ် ကာကီရောင် ရှိ၏၊ အတွင်းသားသည် ဖြူ၏၊ ၎င်းအပြင် အနီရောင်, အနက်ရောင်လည်း ရှိ၏၊ ထို အရောင် သုံးမျိုးတွင် အဖြူရောင်သည် အနီ, အနက်တို့ ထက် စွမ်းရည် သတ္တိ ကဲလွန်၏၊ အမြစ်၏ အရသာသည် ခါး၏၊ ကုန်သည်များထံမှ ဝယ်ယူလို သောအခါ တမြစ်ချင်း ချိုး၍ ဝယ်ယူစေလိုပါသည်၊ သို့မှသာလျှင် အထက်ပါ အင်္ဂါရပ်များ နှင့် ကိုက်ညီသော အကောင်းစား အစစ်အမှန်ကို ရနိုင်မည်ဖြစ်ကြောင်း။

**မှတ်ချက်။** ။၎င်း အတိဝိသ, တိဂုသ်ဆေးပင်သည် မြန်မာနိုင်ငံ၌ ပေါက်ရောက်သည်ကို မတွေ့ရသေးကြောင်း, ပြည်ပမှ မှာယူသုံးစွဲ၍ နေရပါကြောင်း ၎င်းဆေးပင်သည် အလွန် အစွမ်းသတ္တိနှင့် ပြည့်စုံ၍ အာယုဗ္ဗေဒနှင့် ယူနာနီ ဆေးလောကတွင် လိမ်းဆေး ကြီးများ, ဆီချက်ကြီးများ, ငန်းဆေး, အားဆေး စသည်တို့တွင် အလွန် အသုံးဝင် သော ဆေးမြစ် တခု ဖြစ်ပါသဖြင့် မြန်မာနိုင်ငံ၌ ပျေးကိုင်း နှင့် သဘော်ချင်းခြောက် တို့ နည်းအတူ အထူးဂရုပြု၍ သက်ဆိုင်ရာ ဌာနများက မဖြစ်မနေ ကြိုးစား၍ စိုက်ပျိုး သင့်ပါကြောင်း။


ကျွန်ုပ်တို့ အာယုဗ္ဗေဒ ဆေးသိပ္ပံကျောင်းကလည်း ၎င်းဆေးမြစ် အစစ်အမှန် မြန်မာနိုင်ငံ၌ သုံးစွဲနိုင်ရန် မနေမနား ကြိုးစား၍ ရှာဖွေလေ့လာနေပြီ ဖြစ်ပါကြောင်း။

ဣ

ှုင့်သော အပင်ငယ်မျိုး
ာမျှ ရှိ၏၊ အသား ထူ၏၊
းသော ခွေးသွားစိပ်ကြိုး
ရှိ၏၊ အရွက်၏ အနံမှာ
ာမှ ၁-လက်မခွဲသာသာ
ခိမ်းသော အရောင်များ
န်း၍ ညိုသော အကြော
ပ် ချွန်၏၊ နူးညံ့ချော
ာည် ဆင်နှာမောင်းကဲ့သို့
စ် ဖြစ်၍ နေ၏၊ အချင်း
လက်မမျှ ရှိ၏၊ အမြစ်၏
းသည် ဖြူ၏၊ ၎င်းအပြင်
ဥင်သည် အနီ, အနက်တို့
သည်များထဲမှ ဝယ်ယူလို
ာထက်ပါ အင်္ဂါရပ်များ
။

ှ ပေါက်ရောက်သည်ကို
ဥာင်း ၎င်းဆေးပင်သည်
းလောကတွင် လိမ်းဆေး
ဂ္ဂိတွင် အလွန် အသုံးဝင်
နှင့် သဘောချင်းခြောက်
မနေ ကြိုးစား၍ စိုက်ပျိုး

ီးဆေးမြစ် အစစ်အမှန်
ာနေပြီ ဖြစ်ပါကြောင်း။



အတိသ (မိဝုတ်ပင်)

ACONITUM HATEROPHYLUM.

अतिविषा

## တိဝုသ် ( မိဝုတ် ) အတုများ

အထက် ဖော်ပြပါ အာယုဗ္ဗေဒ နှင့် ယူနာနီ ဆေးလောကတွင် အလွန် အရေးပါ အရာရောက်၍ ဂုဏ်သတ္တိ စွမ်းရည်တို့နှင့် ပြည့်စုံသော အတိဝိသ, တိဝုသ် ( မိဝုက် ) ဆေးပင်ကို ယခုခေတ်အခါ မြန်မာနိုင်ငံ၌ အမျိုးမျိုးသော ဆေးပင်များကို ခေါ်ဝေါ် သုံးစွဲနေကြသည်ကို တွေ့ရှိရပေသည်၊ ၎င်းကဲ့သို့ သုံးစွဲနေသော ဆေးပင်မှ ( ပြောက်ဂမုန်းခေါ် ) ဂမုန်းပင်၏ ဥအိပ်များကို သာ သုံးစွဲနေကြလေသည်၊ ၎င်းပြောက်ဂမုန်း ဆေးပင်နှင့် ရှေးအာယုဗ္ဗေဒ နှင့် ယူနာနီ အင်္ဂလိပ်ဆေးကျမ်းအဘိဓာန် နိဃဏ္ဍုကျမ်း အစောင်စောင်တို့၌ တိကျပြတ်သားစွာ ပုံနှင့် တကွ ဖွင့်ဆိုရေးသား ဖော်ပြထားသည့် အတိဝိသ( တိဝုသ်, မိဝုတ် ) ပင်တို့မှာ အဆင်းသဏ္ဌာန်, ရသ,ဂုဏ်သတ္တိစွမ်းရည်အားဖြင့် ဆက်စပ်၍ မရအောင် ပင် ကွာခြား လေတော့သည်။

## တိဝုသ်( မိဝုတ် ) ၏ ဆေးပင်အစား သုံးစွဲရန်

ထိုကဲ့သို့ အကျိုးမရှိသော မိဝုတ်နှင့် မစပ်ဆိုင်သော ဆေးမြစ်ကို သုံးစွဲ ကြမည့် အစား ရှေးဟောင်း အာယုဗ္ဗေဒ ဆေးကျမ်းကြီးများနှင့် နိဃဏ္ဍု ဆေးကျမ်းကြီး အသီးသီးတို့တွင် ( ပြတိနိဓိ ) ခေါ် ဆေးမြစ်တမျိုး မရရှိပါက ဆေးမြစ်တမျိုးကို အစားထည့်၍ သုံးစွဲရန် ညွှန်ကြားထားသည့်အတိုင်းသာ ဆေးဝါးဖော်စပ်သုံးစွဲပါမှ ဆေးဆရာနှင့် ရောဂါသည် ၂-ဦးစလုံး အကျိုးရှိမည် ဖြစ်ပါကြောင်း၊ သို့ပါ၍ သာလိဂမ္မနိဃဏ္ဍု ကျမ်းကြီး အနုပါဒိဝဂ် ၁၁၅၄ စာမျက်နှာတွင်၎င်း, ဘာဝပ္ပကာသ နိဃဏ္ဍုကျမ်းကြီး ဆဋ္ဌပိုင်း စာမျက်နှာ ၁၈၄ တွင်၎င်း, ဘာဝပ္ပကာသဋီကာ စာမျက်နှာ ၁၂၂တွင်၎င်း အာယုဗ္ဗေဒပြဒီပ စာမျက်နှာ ၅၂တွင်၎င်း, အတိဝိသ (တိဝုသ်-မိဝုတ် ) မည်သော ဆေးပင်ကို မရရှိပါက နွားမြေရင်းခေါင်းကို သာ အသုံးပြုနိုင်ကြောင်းဖြင့် တညီတညွတ်တည်း တိကျပြတ်သားစွာ မှိန့်ကြားသည်ကို ကရုဏာ ရှေ့ထား၍ ရှည်လျားစွာ ရေးသား ဖော်ပြလိုက်ပါကြောင်း။

## ၎င်းဆေးပင် ၂-မျိုး၏ ဂုဏ် နှင့် စွမ်းရည် နှိုင်းယှဉ်ချက်

### အတိဝိသ ( တိဝုတ် )၏ ဂုဏ်နှင့် စွမ်းရည်

အာယုဗ္ဗေဒ အလိုအားဖြင့် တိဝုသ်သည် ဥဏှဝိရိယရှိ၏၊ စပ်၏၊ ခါး၏၊ ကြေကျက်လွယ်၏၊ ဝမ်းမီးကို တောက်စေ၏၊ သလိပ်,သည်းခြေ နှင့် အတိသာရ ဝမ်းရောဂါ, အစာမကြေခြင်း, အဆိပ်သင့်နာ, ချောင်းဆိုးရောဂါ, အော့အန်ခြင်း, ပိုးရောဂါ စသည်တို့ကို နိုင်၏၊ ပယ်ဖျောက်နိုင်၏။

### နွားမြေရင်းခေါင်း၏ ဂုဏ် နှင့် စွမ်းရည်

အာယုဗ္ဗေဒ အလိုအားဖြင့် နွားမြေရင်းခေါင်းသည် စပ်ဖျဉ်းဖျဉ်းရှိ၏၊ ခါး၏၊ ဖန်၏၊ အေးသော ဝိရိယ ရှိ၏၊ သလိပ်ကို နိုင်၏၊ ချုပ်၏၊ ဝမ်းမီးတောက်၏၊ ကြေကျက်လွယ်၏၊ သလိပ်သည်းခြေ နှင့် သွေးဖောက်ပြန်ခြင်း, ရေငတ်ခြင်း နှင့် အဖျားရောဂါ, နှုတ်မမြိန်ခြင်း နှင့် ပိုးရောဂါတို့ကို နိုင်၏။

ဂုဏ်ဆေးပင် ၂-မျိုးကို ခြုံ၍ကြည့်မူ တိဝုယ်သည် ဥဏှဝီရိယရှိ၏၊ နွားမြေရင်းသည် သီတဝီရိယ ရှိ၏- ဟု ဆိုသည်မှတပါး ကျန်သော စွမ်းရည်သတ္တိတို့မှာ မထူးခြားချေ၊ အာယုဗ္ဗေဒ ဆေးလောကတွင် ဆေးပင် ဆေးမြစ်တို့၏ စွမ်းရည်သတ္တိကို ဖော်ပြရာ၌ အရသာ, အပူ အအေးတို့နှင့် ရောဂါ ပျောက်မှုကို ဆုံးဖြတ် ရေးသားကြ၏။

သို့သော် ရသာ နှင့် အပူအအေးထက် များသောအားဖြင့် စွမ်းရည်သတ္တိတို့ကို သာ ဦးစားပေး၍ (ဝါ) ရောဂါပျောက်မှု ဂုဏ် နှင့် စွမ်းရည်ကို သာ ဦးစားပေး၍ ဆုံးဖြတ်ရေးသားပါကြောင်း၊ သို့ပါ၍ ဤဆေး ၂-ပင်တို့ကို ပူမှု အေးမှုကို ပမာဏ မထားမူ၍ ရောဂါ၏ ပျောက်ကင်းချမ်းသာမှုကို ရှေးရှု၍ တိဝုယ် (မိဝုတ်) မရပါက နွားမြေရင်းခေါင်းကို သာ အသုံးပြုကြရာသည်- ဟူသော မိန့်ကြားချက်အတိုင်း လိုက်နာ ကျင့်သုံးကြစေရန် လူထုအကျိုး မြော်ကိုး၍ ရေးသား ဖော်ပြလိုက်ပါကြောင်း။

## အတိဝိသ (တိဝုယ်)ကို ရောဂါအလိုက် အသုံးပြုပုံ

**သူငယ်နာ, ပန်းနာ, ကြက်ညှာ ချောင်းဆိုးနှင့် ပျို့အန် ပျောက်ဆေး။** ။တိဝုယ် အမှုန့်ကို ပျားရည်နှင့် ရော၍ သူငယ်များ၏ အရွယ်ကို ကြည့်၍တိုက်မူ အထက်ပါ ရောဂါများ ပျောက်ကင်း၏။

**သူငယ်နာ ကျောပူ ခေါင်းပူ နှင့် နို့ချဉ်အန်ခြင်း။** ။တိဝုယ်, နွားမြေရင်း- ဂုဏ် ၂-မျိုးကို အမှုန့်ပြု၍ ပျားရည်နှင့် လျက်စေသော် သူငယ်များ ကျောပူခေါင်းပူထခြင်း, ဖျားခြင်း နို့ချဉ်အန်ခြင်းများ ပျောက်ကင်း၏။

**သည်းခြေ နှင့် ယှဉ်သော အတိသာရ ဝမ်းသွားရောဂါ။** ။တိဝုယ်, လက်ထုတ်ကြီးခေါက်, လက်ထုတ်ကြီးအစေ့- ဂုဏ်သုံးမျိုးကို အမှုန့်ပြု၍ ပျားရည် နှင့် လျက်မူ သည်းခြေ နှင့် ယှဉ်သော အတိသာရ ဝမ်းသွားခြင်း ပျောက်ကင်း၏။

**ပန်းနာ, ရင်ကြပ် နှင့် ချောင်းဆိုး ရောဂါ။** ။တိဝုယ် အမှုန့် ၄ ပဲသားကို ပျားရည်နှင့် ရော၍ ညဘက်တွင် ၃၊၄-ကြိမ် လျက်ပေးမူ ပန်းနာရင်ကြပ် နှင့် ချောင်းဆိုးခြင်း ပျောက်ကင်း၏။

**သူငယ်နာဝမ်းပျက်။** ။ဂျင်းခြောက်, နွားမြေရင်း- ဂုဏ် ၂-ပါး အမှုန့်ပြု၍ တိဝုယ်ပြုတ်ရည် နှင့် တိုက်မူ သူငယ်နာ ဝမ်းပျက်ရောဂါ ပျောက်ကင်း၏။

**အလုံးစုံသော သူငယ်နာ ဝမ်းပျက်။** ။တိဝုယ်မြစ် အမှုန့်ကို ထန်းလျက် သို့မဟုတ် ပျားရည်နှင့် လျက်စေသော် သူငယ်နာ ဝမ်းပျက် ဟူသမျှ ပျောက်ကင်း၏။

**ဝမ်းကိုက် ရောဂါ။** ။တိဝုယ်, ဂျင်းခြောက်, ဆင်တုံးမနွယ်- ဂုဏ်ဆေးစု အညီအမျှစုံ၍ ဂုဏ်ဆေးမှုန့် ၃-ကျပ် ရေ-၄၈ကျပ် နှင့် ဖ-ကျပ် ဂ-ပဲသား ကျန်အောင် ကျို၍ တခွက်စာ ၃-ကျပ်သားမျှ ညနံနက် သောက်မူ ဝမ်းကိုက်ရောဂါ ပျောက်ကင်း၏။

**အအေးပတ်၍ ဖျားခြင်း။** ။တိဝုသ်ကို အမှုန့်ညက်စွာ ထောင်း၍ တခွက်စာ ၁၀-ရွေးမျှ တနေ့ ၃-ကြိမ် ရေနွေး နှင့် သောက်ပါ၊ အအေးပတ်၍ ဖျားခြင်း, ရက်ခြား ဖျားခြင်း ပျောက်ကင်း၏။

**သူငယ်နာ ပေါင်းချုပ် ဝမ်းပျက် ပျောက်ဆေး။** ။တိဝုသ်, နွားမြေရင်း, ကတြွသခ်ျ- ငှင်-သုံးမျိုးကို ညက်စွာ အမှုန့်ပြု၍ နေ့ည ၃-ကြိမ်ကျ တိုက်ပါ၊ တခွက်စာလျှင် သူငယ်အရွယ်ကို ကြည့်၍ ၁-ရွေးမှ ၅-ရွေးအထိ ရေနွေးနှင့် တိုက်ပါ၊ သူငယ်နာ ဝမ်းပျက်ချောင်းဆိုး, အဖျားရောဂါများ မြန်စွာ ပျောက်ကင်း ချမ်းသာလိမ့်မည်။

**တက်ဖျား ကျဖျား။** ။အဖျားမတက်မီ တိဝုသ် အမှုန့် ၂-ပဲသားမျှကို ရေနွေးနှင့် တိုက်ပါ၊ ဤနည်းအတိုင်း ၄-နာရီလျှင် တကြိမ်ကျစီ တိုက်ပါ၊ အဖျားပြတ်ပါလိမ့်မည်။

**ဝိသမအဖျား။** ။ရက်ခြား၍ ဖျားခြင်း, ရက်ဆက်၍ ဖျားခြင်း, အအေးပတ်၍ ဖျားခြင်းတို့ကို တိဝုသ်, ဖာလာငယ်, ဝါးစိန်- ငှင်းသုံးမျိုးကို အမှုန့်ပြု၍ ရေနွေးနှင့် တနေ့ ၂-ကြိမ်, ၃-ကြိမ် တိုက်ပါ၊ အထက်ပါရောဂါများ ပျောက်ကင်း၏။

**ပိုးရောဂါ ( သန်ကျဆေး )။** ။တိဝုသ် နှင့် အိပ်မွေ့သီးကို ညက်စွာ အမှုန့်ပြု၍ အရွယ်ကို ကြည့်ပြီး ၁-ပဲသားမှ ၄-ပဲ အထိ တိုက်ပါ၊ သန်များ ကျဆင်းပါလိမ့်မည်။

**သူငယ်နာ ဝက်သက်ဖျား ရောဂါ။** ။မိဝုတ်, နွားမြေရင်း, ပိတ်ချင်း, ကတြွသခ်ျ- ဆေး ၄-မျိုး အမှုန့်ပြု၊ ပျားရည်နှင့် တခါကျွေးလျှင် ၅-ရတီခန့် ကျွေးပါ။

**သူငယ်နာ ပေါင်းချုပ်ဆေး တမျိုး။** ။တိဝုသ်, ကတြွသခ်ျ, နွားမြေရင်းခေါင်း, လင်းလေ- ငှင်း ၄-မျိုးကို ညက်စွာ အမှုန့်ပြု၍ ၁-ရွေးမှ ၁၀ ရွေးအထိ ပျားရည်နှင့် ရော၍ လျက်မှု သူငယ်နာ ချောင်းစို့, ချောင်းခြောက်, ဖျားခြင်း, အန်ခြင်း, ဝမ်းပျက် ဝမ်းသွားများ ကင်းဝေးပါလိမ့်မည်။

**ငှင်း ဆေးတမျိုး။** ။တိဝုသ်, နွားမြေရင်း, ပိတ်ချင်းသီး, ကတြွသခ်ျ, နွယ်ချို- ငှင်းဆေးကို အညီအမျှစု၍ ညက်စွာ ထောင်းပါ၊ ငှင်းဆေးမှုန့်ကို ၄ ရွေးမှ ၆-ရွေးငယ်အထိ သူငယ်၏ အရွယ်ကို ကြည့်၍ လျက်ပါစေ၊ သူငယ်နာ ချောင်းဆိုးခြင်း, ဖျားခြင်း, ဝမ်းပျက်ခြင်းများ ပျောက်ကင်း ပါလိမ့်မည်။

**သန်ကျဆေး တမျိုး။** ။တိဝုသ် နှင့် အိပ်မွေ့သီးကို ဆတူပြု၍ ပျားရည် နှင့် တိုက်မှု ဝမ်းတွင်းရှိ သန်ကောင်များ ကျဆင်းပါလိမ့်မည်။

**ပန်းသေရောဂါ ပျောက်ဆေး။** ။တိဝုသ်အမှုန့် ၃-ပဲသား, သကြား ၅-ကျပ်သား နှင့် သောက်ပြီးနောက် နွားနို့ စစ်စစ် ၂၅-ကျပ်သား သောက်ပါ၊ ငှင်းနည်းအတိုင်း ၁-လမျှ သောက်ပါ၊ သုတ်အားတိုး၍ ပန်းသေခြင်း ပျောက်ကင်း၏။

**အဖျား အရှိန် ပြင်းခြင်း။** ။အဖျားအရှိန် ပြင်းပြသောအခါ, အပူ အားကြီးသောအခါ တိဝုသ် အမှုန့် ၁၀မှ ၁၂-ရွေးငယ်အထိ ၁-နာရီတွင် တကြိမ်ကျ သောက်မှု အလွန် ပြင်းထန်သော အဖျား၏ အရှိန် ကျဆင်းပါလိမ့်မည်။

**ချွေးငုပ်၍ဖျားခြင်း။** ။ချွေးငုပ်၍ တငွေ့ငွေ့ ဖျားနေသောအခါ ၎င်းအမှုန့် အနည်းငယ်ကို ရေနွေးနှင့် တိုက်က ချွေးများ ထွက်၍ အဖျား ကျဆင်း၍ပါလိမ့်မည်။

**နာတာရှည်ဝမ်းပျက်ရောဂါ။** ။နာတာရှည် အတိသာရ ဝမ်းသွားရောဂါ နှင့် အစာမကြေ ဝမ်းပျက်ရောဂါဖြစ်မူ တိဝုသ်အမှုန့်ကို အနည်းငယ် လျက်၍စားပါ၊ ၎င်းနောက် ၂၄-နာရီကြာသောအခါ သို့မဟုတ် နောက်တရက်တွင် ဂျုင်စိန် ၂-ပဲသားကို ကြိတ်၍စားပါ၊ အတိသာရဝမ်းပျက်ရောဂါ ပျောက်၏၊ အထက်ပါ နည်းအတိုင်း ရောဂါ မပျောက်မချင်း စားပါလေ။ (ဂျုင်စိန်–ဆိုသည်မှာ တရုပ်ဆေးပင်တည်း)

**အားတိုးဆေး။** ။အားအင် ကုန်ခမ်းသော သူများသည် တိဝုသ်ဥမြစ် အစိုကို နေ့စဉ် အနည်းငယ်မျှ သုံးဆောင်မူ အားအင် တိုးပွားလိမ့်မည်။

**ပန်းနာ ရင်ကြပ် ဆေးတမျိုး။** ။တိဝုသ်, ပန်းလိမ်မြစ် - ၎င်း ၂ - မျိုး အမှုန့်ပြု၍ ပျားရည်နှင့် လျက်ပါ၊ ပန်းနာရင်ကြပ် ပျောက်၏။

**အစာအိမ်အားနည်းခြင်း။** ။တိဝုသ်, ပိတ်ခြင်းသီး, ဂျင်းခြောက် - ၎င်းသုံးမျိုးကို အမှုန့်ပြု၍ ပျားရည်နှင့် လျက်၍ ပေးပါ၊ အစာအိမ် အားနည်းခြင်း ပျောက်ကင်း၏။

**အားတိုးဆေးတမျိုး။** ။တိဝုသ်, ဖာလာဖြူ, ဝါးစိန် - ၎င်းသုံးမျိုး ဆတူ အမှုန့်ပြု၍ ၆ - ပြားသားမှ ၁၀ - ပြားသားအထိ သုံးဆောင်မူ အားအင် တိုးပွား၏။

**အအန်ပျောက်ဆေး။** ။တိဝုတ်, ကံ့ကော်ဝတ်ဆံ ဆတူ အမှုန့်ပြု၍ အနည်းငယ်မျှ လျက်၍ ပေးမူ အန်သောရောဂါ ပျောက်ကင်း၏။

**မှတ်ချက်။** ။၎င်း တိဝုသ် ဆေးပင်မှာ ပြုတ်ရည်ထက် အမှုန့်ကို သုံးစွဲခြင်းသည် အဖျားရောဂါ၌ ပို၍ ကောင်း၏၊ ၎င်းသည် အတိဝိသ ဆိုသော်လည်း အဆိပ် မဟုတ်ချေ၊ အနည်းငယ် ဆေးအချိန်ပို၍ သောက်မိ တိုက်မိသော်လည်း တစုံတရာ ဥပဒ်မဖြစ်နိုင်ပါ ဟု ဆန္ဒြောဒယဝနောသဓ ဆေးကျမ်းကြီး ရေးသားရာတွင် ဖော်ပြထားသည်ကို တွေ့ရ၏။

---


## အနိမိနိပင်

ပန်ဂျာဗီ **रतनजोग** (ရတ-န်-ဂျို-ဂ်)

ကုမာအုံ **काकरिया** (ကာ-က်-ရိယာ)

လက်တင် Anemone obtusiloba

**ပုံသဏ္ဌာန်။** ။အနိမိနိပင်သည် မိုးသွက် ပင်ငယ်မျိုး ဖြစ်၏၊ ၎င်း အမြစ်သည် အာဒါလွတ်ဥများကဲ့သို့ မြစ်ဥသဏ္ဌာန် ဖြစ်၏၊ အရွက်အလွန်များသော အပင်ဖြစ်၏၊ ၎င်းအရွက်




အာနီဆွမ်ပင်

ILLICUM ANISATUM,

अनीसून

သည့် နှလုံးပုံသဏ္ဍာန်ရှိ၏
တင်ဘာသာအတိုင်း အနံ


ဂုဏ် နှင့် စွမ်းရည်
သရက်ရွက်နှင့် ကျောက်
ရောဂါများအတွက် များ
တိုက်မှု မြွေဆိပ်သင့်သေ
အပူအိတ်များကိုလည်း ပ
ဖြစ်စေတတ်၏။

စဋ္ဌေဝဋ္ဋ ဆရာ၏
ထိခိုက်ရှနစ်ဖြစ်သော ဒ
ဝမ်းသွားတတ်၏၊ သို့သေ
အတွက် ဆေးကောင်းတ

ဘုံဘ
အရှး
လက်

ပုံသဏ္ဍာန်။
သော အသီးတမျိုးဖြစ်၏
များ ရှိ၏၊ ၎င်းအစေ့၏
ဗာဒိယာန်စတာကုံဟု ခေါ
သည် မွှေးကြိုင်သောအနံ့
များကိုထည့်၍ဖျော်ကြကုန်

ဂုဏ် နှင့် စွမ်းရည်။
သော လေကို ငြိမ်းစေ၏၊
၏၊ သတိလစ်ခြင်း, မူးယ
များခြင်း, အစာမကြေခြင်
ဝမ်းတွင်း၌ ရစ်ခြင်း, နာ
ရောဂါတို့ကိုလည်း ပယ်ဖျေ



သည် နှလုံးပုံသဏ္ဌာန်ရှိ၏၊ အဲပွင့်မှာ အဖြူနှင့် အနီဟူ၍ နှစ်မျိုးရှိ၏၊ ( မြန်မာအခေါ်မရှိ၊ လက်ဟင်ဘာသာအတိုင်း အနိမိုနိပင် ဟူ၍ သာ ခေါ်တွင်သည်။ )

**ဂုဏ် နှင့် စွမ်းရည်။** ။ယူနာနီဟကိမ အလိုအားဖြင့် ၎င်းအခေါက်နှင့် အရွက်သည် ပူ၏၊ သရက်ရွက်နှင့် ကျောက်ကပ်ကြီးသော ရောဂါများကို ကင်းဝေးစေ၏၊ ၎င်းအပြင် ကိုယ်ရေဝါ ရောဂါများအတွက် များစွာ အကျိုးပြုသောဆေး ဖြစ်၏၊ ၎င်းအရွက်ကို ရှာလဗတ်ရည် ပြုလုပ်၍ တိုက်မူ မြွေဆိပ်သင့်သောရောဂါများကို ပယ်ဖျောက်နိုင်၏၊ ခံတွင်း၌ ပူလောင် ပေါက်ကွဲခြင်း အပူအိတ်များကိုလည်း ပယ်ဖျက်နိုင်၏၊ ၎င်းဆေးပင်ကို အလွန်အမင်းစားမူ ခေါင်းကိုက်ခြင်းကို ဖြစ်စေတတ်၏။

စဋ္ဌေဝဋ္ဌ ဆရာ၏ အလိုအားဖြင့် ၎င်းဆေးမြစ်ကို အမှုန့်ပြု၍ နွားနို့နှင့်ရော၍သောက်မူ ထိခိုက်ရှနာ၍ဖြစ်သော အနာများ ပျောက်ကင်းနိုင်၏၊ ၎င်းအခေ့ကို သောက်မူ အော့အန်၍ ဝမ်းသွားတတ်၏၊ သို့သော် ၎င်းအခေ့၏ အဆီသည် အဆစ်အဆက်ရောင်သော ရောဂါများ အတွက် ဆေးကောင်းတခု ဖြစ်လေ၏။

---

# အနီဆွမ်းပင်


| | | |
|---|---|---|
| ဟိန္ဒိူ | अनीसून | ( အနီစွန် ) |
| အူရဒူ | बादियान खताई | ( ဗာဒိယာန်-ခတာအီ ) |
| လက်တင် | Illicium Anisatum | |

**ပုံသဏ္ဌာန်။** ။အနီဆွမ်းပင်က သီးသော အသီးသည် အလွန်ထင်ရှား၍ လူသိများသော အသီးတမျိုးဖြစ်၏၊ ၎င်းအရောင်သည် ဇာတိပ္ပိုလ်သီးအရောင်ရှိ၏၊ ၎င်းအသီးတွင်အစေ့များ ရှိ၏၊ ၎င်းအစေ့၏ အရသာသည် စမုံစပါးနှင့်တူ၏၊ ထိုသို့ စမုံစပါးနှင့်အရသာတူသဖြင့် ဗာဒိယာန်စတာကုံဟု ခေါ်ဆိုကြကုန်၏၊ ဗာဒိယာန်သည် စမုံစပါးကို ခေါ်သည်၊ အချို့သူတို့သည် မွှေးကြိုင်သောအနံ့ကြောင့် လက်ဘက်ရည် အချိုဖျော်၍သောက်ကြရာတွင် ၎င်းအစေ့များကိုထည့်၍ဖျော်ကြကုန်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။၎င်းအစေ့သည် ဝမ်းမီးကိုတောက်စေ၏၊ အစာအိမ်ကို ဖျက်ဆီးသော လေကို ငြိမ်းစေ၏၊ ၎င်းအစေ့ကို အတိုင်းအတာထက် လွန်အောင်စားမူ အော့အန်တတ်၏၊ သတိလစ်ခြင်း, မူးယစ်ခြင်းကို ဖြစ်စေ၏၊ အအေးမိခြင်း, နှာစေးခြင်း, ချောင်းဆိုးခြင်း, ဖျားခြင်း, အစာမကြေခြင်းစသော ရောဂါများအတွက် အထူးအကျိုးပြုသော ဆေးဖြစ်၏၊ ဝမ်းတွင်း၌ ရစ်ခြင်း, နာကျင်ခြင်းကိုင်၎င်း - ဝမ်းဗိုက် တင်းရောင်ခြင်းတို့နှင့် အစာမကြေသော ရောဂါတို့ကိုလည်း ပယ်ဖျောက်နိုင်၏၊ ၎င်းအသီးကိုလည်း ဆီဘုတ်၍ယူကြကုန်၏။

---

အနမ်းဖို
CRYPTERONIA PUBESCENS.
SYN: C. PENICULATA.




ပုံသဏ္ဍာန်။
အစဉ်သဖြင့် စိမ်းလန်းစိုပြေ

အပွေးသည် ဖြူ
ကျောဘက်၌ ရံဖန်ရံခါ အ
အစိမ်းရောင်ဖြစ်သော်လည်
တွဲလျားကျ၍ထွက်တတ်၏၊

အနန်းခေါက်သည
သည်းခြေ အားကြီး၍ ဖ
လိုက်လဲသောရောဂါကိုင
ငင်း ချမ်းသာစေတတ်၏

ပုံသဏ္ဍာန်။
၅-ပေမျှ ရှိ၏၊ အခေါ
၏၊ အဖျားချွန်၏၊ အပွင့်

ဂုဏ် နှင့် စွမ်းရည်
ကို ထုံကျင်ကိုက်ခဲခြင်း,
များ မီးထွက်ပြီးစ သွေး
အသားကို သွေး၍ နန္



# အနန်းဖိုပင်

**လက်တင်** Crypteronia Pubescens

**အင်္ဂလိပ်** Syn C Peniculata

**ပုံသဏ္ဌာန်။** ။အနန်းဖိုပင်သည် အနန်းမ ကဲ့သို့သော ပင်ကြီးမျိုးပင် ဖြစ်၏၊ ယေစဉ်သဖြင့် စိမ်းလန်းစိုပြေ၍ နေတတ်သော အပင်မျိုးဖြစ်၏။

အပွေးသည် ဖြူဖွေးလျက် ငွေရောင်ထွက်၏၊ အရွက်၏အရင်းပိုင်းတွင် ဝိုင်း၍ကျယ်လျက် မကျဘက်၌ ရံဖန်ရံခါ အမွေးအမှင်နုကလေးများ အနည်းအပါး ပေါက်တတ်၏၊ ပန်းပွင့်သည် အစိမ်းရောင်ဖြစ်သော်လည်း အဝါရောင်သန်းလျက် ၆-လက်မမျှ ရှည်လျားသော ပန်းခိုင်တွင် တွဲလျားကျ၍ထွက်တတ်၏၊ ပြင်းထန်စူးရှသောအနံ့ ရှိ၏။

## ဆေးအသုံး

အနန်းခေါက်သည် ငှက်ဖျားရောဂါတို့၌ အကျိုးပြု၏၊ အနန်းပွင့်သည်ကား—လေ, သလိပ်, သည်းခြေ အားကြီး၍ ဖျားသောရောဂါတို့ကိုငှင်း၊ သွေးအားကြီးသော အနာကိုငှင်း - ပူဆာ လှိုက်လဲသောရောဂါကိုငှင်း - ချောင်းဆိုးသောအနာ, ကြို့ထိုးသောအနာကိုငှင်း - စမ္ဗကုဋ္ဌနူနာကို ငှင်း ချမ်းသာစေတတ်၏ (အကျိုး—အနန်းမ နှင့် တူ၏)။

---

# အနန်းမပင်

**မလေး** ငြိဗူဗူ (ဋ္ဌိ°ဘုရ)

**လက်တင်** Fagraea Fragrans

**ပုံသဏ္ဌာန်။** ။ငှင်း အနန်းပင်သည် ပေ ၆၀-မှ ၁၀၀-အထိ မြင့်၏၊ လုံးပတ် ၄-၅-ပေမျှ ရှိ၏၊ အခေါက်ကြမ်းတမ်း၏၊ အရွက်သည် အလျား ၄-လက်မ အနံ ၁-လက်မခွဲမျှရှိ၏၊ အဖျားချွန်၏၊ အပွင့်သည် ကဆုန်, နယုန်တွင် ပွင့်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ငှင်းအခေါက်ကို ငှက်ဖျားရောဂါ၌ အသုံးပြုရ၏၊ ငှင်း၏ အသား ကို ထုံကျင်ကိုက်ခဲခြင်း, ဖေါရောင်ခြင်း, အဆစ်အမြစ်ရောင်ခြင်းတို့ကို သွေး၍ လူးရ၏၊ မိန်းမ များ မီးတွက်ပြီးစ သွေးပုပ် သွေးဟောင်းကျန်ခြင်း၊ သွေးမကျက်ခြင်း ဖြစ်၍ ကိုက်ခဲမူ ငှင်း အသားကို သွေး၍ နနွင်းနှင့် ရောစပ်၍ လိမ်းပေးရ၏။

---



အနမ်းမပင်
FAGRAEA FRAGRANS
टिभुरसू

**ပုံသဏ္ဌာန်။**

အရွက်၏ပုံသဏ္ဌာန်မှာ
အရွက် ဟု ခေါ်သည်
အမွေးနုကလေးပါးပ
ကြီး ၂-ရွက်, ရွက်ေ
ဘီသကဲ့သို့ အဆင့်ဆ
ရောက်သောအခါ အ
ငှင်း၊ အရွက်များ ေ
စွာကျန်ရှိသည်။ ဆေ
တွင် ဆေးဘက်ယှဉ်၍

**အမဲတံစို့ ဆေ**

ကလောရွက်, အမဲတ
ရင်း, ဝက်မြေဥ, ကြ
ရွက် - ငှင်းဆေး အမျ
တိုက်, လိမ်း, မျက်စ
ရောဂါတို့ကို အုပ်, တ

ရင်ပြည့်, ရင်
ရေငတ်, အသဲခြောက်
တိုက်လည်းတိုက်ပါေ

## အမြူတေဝါး

(ဝါးစိန် ရှု။)

## အမေရိကန်ငရုပ်

(ငရုပ် ရှု။)

## အမဲတံစို့ပင်


**ပုံသဏ္ဌာန်။** ။ငင်းအပင်သည် ပင်ငယ်မျိုးတွင် ပါဝင်သော တနှစ်ခံပင် ဖြစ်သည်၊ အရွက်၏ပုံသဏ္ဌာန်မှာ အဏ္ဍာကာရ (Ovate) ဥပုံကဲ့သို့ ရှိသော အရွက်, ဥဖျားသွယ်ပုံရှိသော အရွက် ဟု ခေါ်သည်။ တနည်း—နေကြာပန်းရွက်နှင့် ခပ်ဆင်ဆင်တူ၍ အရွက်နှင့် ရိုးတံတွင် အမွေးနုကလေးပါးပါးရှိသည်၊ အရွက်များတွင် ခွေးသွားစိတ်များပါရှိသည်၊ အပင်ရိုးတံမှ ရွက်ကြီး ၂-ရွက်, ရွက်လေး ၄-ခွစုံထွက်၍ ငင်းအပင်၏ ရိုးတံတွင် အမဲသားများ တံစို့ထိုး ထားဘိသကဲ့သို့ အဆင့်ဆင့် ဆူးများပါသည့် အဖုခိုင်များ ဖြစ်သည်၊ မိုယ်း, ဆောင်း, ကုန်၍ နွေရာသီရောက်သောအခါ အပင်များ ထောင့်မတ်၍ နေသောအခါတွင်ငင်း - ပြိုလဲသွားသော အခါတွင် ငင်း၊ အရွက်များ ကြွေကျပြီး အမဲတံစို့ ထိုးသားသကဲ့သို့သော ရိုးတံနှင့် အဖုများ သာ ခိုင်မြဲစွာကျန်ရှိသည်။ ဆေးသုံးရာတွင် ခလေးသူငယ်နာဆေးများနှင့် လေဆေး၊ ပယောဂဆေးများတွင် ဆေးဘက်ယှဉ်၍ပါဝင်သည်။

**အမဲတံစို့ ဆေးဘက်ယှဉ်၍ပါဝင်သော သူငယ်နာပေါင်းချုပ်ဆေး။** ။ဆိပ်ဖူး၊ လင်းနေကလောရွက်, အမဲတစို့, ဂူဃရမူလီ, မုံညှင်းဆံ, ရှိန်းခို, သားလုဇကျူးဇူး, ဆိပ်ဖလူး, နွားမြေရင်း, ဝက်မြေဥ, ကြက်ဆူရိုးနီ, ကြက်ဆူရိုးဖြူ, ပဥ္စငါးပါးစီ - ကန့်တိုက်, ဆေးဒါန်း, မန်ကျည်းရွက် - ငင်းဆေး အမျိုးစိုး အမှုန့်ပြု ဆန်ပုန်းရည်နှင့်ကြိတ်၊ စုန်းနတ် ပယောဂစွဲလျှင် မျက်နှာအုပ်, တိုက်, လိမ်း, မျက်စဉ်းခပ်, မတြာ ၁၅-ပါး, ကြက်ညှာ ၆-ပါး, ကျဗဟုံးနာ ၈-ပါး စသော ရောဂါတို့ကို အုပ်, တိုက်, လိမ်း။

ရင်ပြည့်, ရင်အောင့်, လေနာ, သွေးရောင်, လေရောင်, အမူးအမော်တို့ကို တိုက်, လိမ်း၊ ရေငတ်, အသဲခြောက်နာ, တွံ့နာ, တက်နာ, တပိုင်းပူ, တပိုင်းအေးတို့ကို လိမ်းလည်းလိမ်း, တိုက်လည်းတိုက်ပါလေ။

## အမယ်အိုသခွား

(စားသခွါး ရှု။)




အမဲတစို့ပင်

ပုံသဏ္ဌာန်။ ။အ
မှာအနည်းငယ်ကြမ်းတန်
အရွက်၏အနံမှာ ၁·လက်
တံမှာ ၁·လက်မသာသာ
များ ခွဲကြပ်၊ ရင်ကြပ်
သို့သော် ဇီယာပင်၏
အမွေးနုများရှိ၏၊ ဤမျ
သေး၏။

ဂုဏ် နှင့် စွမ်းရည
၂- ကျပ်, မီးသွေးလင်စို ၃
ကွဲ, အရိုးအကျိုး, အရိုး
ကိုအုံ၍ ပိတ်ပေါးပေါးဖြင့်
၎င်းအပေါ်မှ တဖန် ဝ
နေရာ၌ ဒဏ်ရာဒဏ်ချက်
နာကျင်ခြင်းတို့မှာ ၁၀
ကွဲ အရိုးအက်များကာ
ပျောက်ကင်းပါလိမ့်မည်

ရသီဥတု ပူသော
ရာသီဥတုအေးလျှင်မူ ဒ
သာ၍ကောင်းသည်၊ ဒ
အရိုးကျိုးတတ်သည့်အဝ
များကိုသာမက ကွဲ,
အတိုင်း စမ်းသပ်ကုသ
ကိုတွေ့ရပါလိမ့်မည်။







# အရိုးဆက်ပင်

**ပုံသဏ္ဌာန်။** ။အရိုးဆက်ပင်သည်အမွေးမရှိ၊ အနံ့လည်းမရှိ၊ အရွက်၏ အထက်မျက်နှာပြင်မှာအနည်းငယ်ကြမ်းတန်းတန်းရှိ၏၊ အရွက်စွန်းနားတွင် ချွန်ထက်သော ခွေးသွားစိတ်ကဲ့ကဲ့ရှိ၏၊ အရွက်၏အနံမှာ ၁-လက်မခွဲမှ ၂-လက်မခွဲအထိရှိ၏၊ အလျားမှာ ၂-လက်မခွဲမျှ ရှည်၏၊ အရွက်ရိုးတံမှာ ၁-လက်မသာသာ ရှည်၏၊ ပင်ငယ်သက်ပြင်းမျိုးဖြစ်၏၊ အနီးဆုံး နှိုင်းယှဉ်ပြရလျှင်ကလေးများ ခွဲကြပ်၊ ရင်ကြပ်သော် အရည်ညှစ်၍ တိုက်ရသော ဇီယာပင်နှင့် ပုံသဏ္ဌာန် တူလှ၏၊ သို့သော် ဇီယာပင်၏ အနံ့မှာ စမုံဖြူနံ့မျိုး ဖြစ်၍ အရွက်မှာလည်း ခွေးသွားစိတ်မရှိ၊ အမွေးနုများရှိ၏၊ ဤမျှသာ ထူးခြား၏၊ အရိုးဆက်ပင်ကို တောင်ပွားဖြူပင် ဟူ၍လည်း ခေါ်သေး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။၎င်းအရိုးဆက်ပင် ပဥ္စငါးပါး ၅-ကျပ်၊ ကောက်ညှင်းငချိပ်ဆန် ၂-ကျပ်, မိဿလင်စို ၃၂-ကျပ်, ဖွဲနု ၁-ကျပ်, ၎င်းဆေးစုကို ညက်ညက် ကြိတ်ထားပါ၊ အရိုးကွဲ, အရိုးအကျိုး, အရိုးအသားကွဲများကို ယင်းဒဏ်ရာပေါ်၌ အထက်ပါ ကြိတ်ထားသော ဆေးကိုအုံ၍ ပိတ်ပါးပါးဖြင့် အုပ်ပြီးလျှင် ၎င်းပိတ်ပေါ်တွင် သနပ်ခေါက်အခွံကို ပတ်၍စည်းပေးပါ၊ ၎င်းအပေါ်မှ တဖန် ဝါးခြမ်းကျပ်, သို့မဟုတ် ပျဉ်ပြားအမာခံ၍ စည်းထားပါ၊ အရိုးကျိုးသောနေရာ၌ ဒဏ်ရာဒဏ်ချက်ကြောင့် အလွန်ကိုက်ခဲခြင်း, ငန်းမန်းလိုက်၍ ရောင်ရမ်းခြင်း၊ ကိုက်ခဲနာကျင်ခြင်းတို့မှာ ၁၀-မိနစ်အချိန်မျှဖြင့် ပျောက်ကင်း သက်သာပါလိမ့်မည်၊ အရိုးကျိုး, အရိုးကွဲ, အရိုးအက်များကား—၁၀-ရက်၊ ၁၅-ရက်ကြာက ပကတိအတိုင်း ပြန်ဆက်ကာ ချမ်းသာပျောက်ကင်းပါလိမ့်မည်။

ရာသီဥတု ပူသောအခါတွင် ဖြစ်မူ စည်းထားသော ကျပ်အပေါ်သို့ ရေစက်များ ချပေးပါ၊ ရာသီဥတုအေးလျှင်မူ အဆိုပါ ကြိတ်ထားသော ဆေးကို နှမ်းဆီဖြင့် နယ်၍ ကြပ်စည်းပေးပါကသာ၍ကောင်းသည်၊ အကယ်၍ လက်တွေ့စမ်းသပ် လိုပါမူ—ကြက်ကလေးများ မကြာ မကြာ အရိုးကျိုးတတ်သည့်အတိုင်း ၎င်းတို့ အရိုးကျိုးသောအခါ စမ်းသပ်ကြည့်ပါ၊ ကြက်ကလေးများကိုသာမက ကျွဲ, နွား, မြင်း စသော တိရစ္ဆာန်များ၊ အရိုးကျိုးရာတို့၌လည်း အထက်ပါအတိုင်း စမ်းသပ်ကုသပေးနိုင်သည်၊ အရိုးဆက်ပင် ဆိုသည့်အတိုင်း အရိုးများ ဆက်သွားသည်ကိုတွေ့ရပါလိမ့်မည်။

---




အရိုးဆက်



ဆက်



# အရိုးသန္တာပင် (၁)

| | | | |
|---|---|---|---|
| သက္ကတ | ဧှံသပဒီ (ဟံစ်ပါဒိ) | လက်တင် | Adiantan Lunulatum |
| ဟိန္ဒီ | ဧှံသပဂါ (ဟံစ်ပဂီ) | အင်္ဂလိပ် | The Maidens Hair Ecrn |


**ပုံသဏ္ဌာန်။** ။ဝင်းအပင်သည် ကျောက်ဆောင်, ကမ္ဘား, အုတ်နံရံ စသည်တို့၌ ပေါက်တတ်၏၊ အမြင့် ၁-ပေ သာသာ ရှိ၏၊ အပင်အရိုးမှာ သန္တာနက် အရောင်ကဲ့သို့ ထောက် ပြောင်၍ နက်မှောင်သော အဆောင် ရှိ၏၊ ပင်စည်ရိုးတံ အလွန် သေးငယ်၏၊ အရွက်များသည် ရိုးတံ၌ ဘယ်ညာတက်၍ ထွက်၏၊ အကိုင်းအခက် နည်းပါး၏၊ ၎င်းအရွက်သည် ဟင်္သာခြေနှင့် တူ၏၊ ၎င်းကို အရိုးသန္တာပင် ဟု ခေါ်ကြ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒ အလိုအားဖြင့် အရိုးသန္တာပင်သည် ကြေကျိုက် ခဲ၏၊ အေး၏၊ အသက်ကို ရှည်မြဲစေ၏၊ သွေးဖောက်ပြန်ခြင်း, အဆိပ်သင့်ခြင်း, အနာပေါက် ရောဂါ, ရေယုန်ပေါက်ခြင်း, ပူလောင်ခြင်း, အတိသာရ ဝမ်းသွားခြင်း, ဖုဘ်တခွေ ဖမ်းစားခြင်း, ဝက်ရူးနာ, မူးဝေခြင်း စသည်တို့ကို ပယ်ဖျောက်နိုင်၏။

၎င်း အရိုးသန္တာ မြစ်သည် ဆီးအောင့်သောရောဂါ (မုတ္တကိဘ်နာ), ဆင်ခြေထောက် ရောဂါ တို့ကြောင့် ဖြစ်သော အဖျားရောဂါကို ပျောက်ကင်း စေတတ်၏၊ အရိုးသန္တာရွက်သည် အရေပြားရောဂါ နှင့် အနာမီးလျှံ စသော အပူအဖုအပိန့်ကလေးများကို လိမ်းကျံမှု များစွာ အကျိုး ရှိ၏၊ ၎င်းအရွက်ခြောက်ကို ရှာလဗတ်ရည် ဖျော်၍ သောက်မှု သွေးဖောက်ပြန်ခြင်း နှင့် ချောင်းဆိုးရောဂါကို နိုင်နင်း၏။

### ဒေါက်တာဒေ့စာရီ၏ အမြင်

၎င်းအရွက်သည် ခါး၏၊ အနည်းငယ် တွန့်ရှုံ့စေတတ်၏၊ ချောင်းဆိုးခြင်းကို တားမြစ် တတ်၏၊ သလိပ်ကို နိုင်၏၊ ဆီးကို အနည်းငယ် ရှင်လန်းစေ၏၊ သူငယ်နာရောဂါများ အဘွက် အသုံးပြုရာတွင် များစွာ တန်ဘိုးရှိသော ဆေးပင် ဖြစ်လေသည်၊ သူငယ်နာရောဂါများတွင် ၎င်း အရိုးသန္တာပင် ပဥ္စငါးပါးနှင့် ရှာလဗတ်ရည်ဖျော်၍ တိုက်မှု များစွာ အကျိုးရှိ၏၊ ၎င်းဆေးပင် ကို အချိန် အကိုင်းအတာ များစွာ စားမှု အန်တတ်လေသည်၊ သလိပ်များ ကြပ်ဆို့နေသော အခါ, ၎င်းပဥ္စငါးပါးကို တိုက်မှု သလိပ်များ အန်ထွက် လိမ့်မည်၊ ချောင်းဆိုး ရောဂါအတွက် လည်း အထူး ကောင်းမွန်သောဆေး ပင် ဖြစ်၏။



အရိုးသက္ကာ (၁)

ADIANTAM LUNULATUM.

हंसपादी

## အရိုးသန္တာပင် (ကျောက်ခက်ပန်းပင်)

ဟိန္ဒီ हंसराज (ဟံစ,ရာဇ်)
ဖာရသီ सिरसिया पशानी (ဒီရဒီယာ-ပေ့သျှာနီ)
လက်တင် Adiantum Capillas

**ပုံသဏ္ဍာန်။** ။ငင်းသည်လည်း အရိုးသန္တာပင် တမျိုး ဖြစ်၏၊ တချို့ ကျောက်ခက်ပန်း ခေါ်၏၊ သို့သော် ၎င်းသည် အခက်အလက် အကိုင်း များ၏၊ အရွက် များသည် နံနံရွက်နှင့် ဆင်ဆင် တူ၏၊ အရွက်သည် ဘယ်ညာ တက်၍ ထွက်၏၊ အခြားသော အစိတ်အပိုင်းများ ထက် ဟံဆပါဒီ အရိုးသန္တာပင် နှင့် တူ၏၊ သို့သော် ၎င်းပင်စည်ရိုးတံမှာ နီကျင်ကျင် ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒ အလိုအားဖြင့် ဖျားခြင်း, နှာရည်ယို, နှာစေးခြင်း, ချောင်းဆိုးခြင်းတို့ကို ပယ်စွမ်းနိုင်၏၊ အချို့ ဆရာတို့သည် ၎င်းအရွက်တွင် ငြုပ်ကောင်း အနည်းငယ် ထည့်၍ အဖျား ဖြတ်ဆေး အဖြစ် အသုံးပြုကြကုန်၏၊ နှာစေးခြင်း, နှာရည်ယိုခြင်းတို့ကို ၎င်းအရွက်မှုန့်ကို ပျားရည်နှင့် ရော၍ တိုက်ရ၏။

အချို့ အနောက်တိုင်းသားတို့သည် ရင်ဘတ်နာ၍ ဆော်ဒါစားနေသူများကို ၎င်းကျောက်ခက်ပန်းရွက်ကို အမှုန့်ပြု၍ လဘက်ရည် အချိုဖျော်လျက် တိုက်ကြကုန်၏၊ ၎င်း လဘက်ရည်ကို မီးယပ်ချုပ်သူများကို တိုက်ပါက မီးယပ်သွေးများ မှန်ကန်စွာ ဆင်းသက်လေ၏၊ သလိပ်နှင့် ပတ်သက်သော ရောဂါများကို ပယ်ဖျက်ရန် ၎င်းကျောက်ခက်ပန်းရွက်ကို အကြွင်းမဲ့ ယုံကြည် အားကိုးကြကုန်၏၊ ၎င်းပြင် မီးယပ်မှန်ဆေးကြီး ဟုလည်း ယုံကြည် အားထား၍ အသုံးပြုကြကုန်၏။

---

# အလိုကျ။

(ကျ။—၅။)

---

## အလိုလေးပင် (ဆူးချိတ်ပင်)

သက္ကတ काकदानी (ကာ-က်-ဒါနီ)
ဟိန္ဒီ कबर (ကဗ,ရ်)
လက်တင် Capparis-Spinosa

**ပုံသဏ္ဍာန်။** ။အလိုလေးပင်သည် ပင်ရောင် နွယ်ရောင် ချုံမျိုး ဖြစ်၏၊ ၎င်းသည် ကုန်းမြေများ၌၎င်း, သစ်ပင်ကြီးများ၏ အောက်တွင်၎င်း ပေါက်ရောက်၏၊ အကိုင်းအခက် အ

၃ (၁)
LUNULATUM.
ঢী

လွန် များ၏၊ အကိုင်း နှင့် အရွက်များသည် အလွန် စိမ်းရောင် ရှိ၏၊ အရွက်သည် ဘယ်ညာ တပြန်စီ ထွက်၏၊ ၎င်းအရွက်ရင်းတွင် ချွန်ထက်၍ ကောက်လှသော ဆူး ၂-ချောင်း ရှိ၏၊ ၎င်း ဆူး ၂-ချောင်း အကြားမှ အရွက် ထွက်၏၊ အရွက်အကြားနှင့် ဆူးအကြားမှ နေ၍ တပေါင်းလ တန်ခူးလ များတွင် ဖြူသော အရောင် ရှိသော အပွင့်များ ပွင့်၏၊ ပွင့်ဖတ် ၄-ဖတ် ရှိ၏၊ ၎င်း ပွင့်ဖတ် လေးဖတ် အလယ်မှ အရှည် တလက်မ သာသာ ရှိသော ဝတ်ဆံ အဖြူမျှင်ကလေးများ ၁၀-ချောင်း ၁၅-ချောင်းမျှ စုပြုံ၍ ပွင့်၏၊ ၎င်းအပွင့် ဝတ်ဆံမျှင်ကလေးများ၏ အလယ်တွင် ဝတ်ဆံအမျှင်များထက် ကြီးသော ဝတ်ဆံမဏ္ဍိုင် တခု ရှိ၏၊ ဝတ်ဆံအမျှင်ကလေးများ ကြွေသွားသည့်အခါ မဏ္ဍိုင် နှင့် ပွင့်ဖတ် ၄-ဖတ် ကျန်ရှိခဲ့၏၊ ၎င်းမှပင် စားတော်ပဲ အကြီးစားမျှ ရှိသော အသီးများ ကဆုန်, နယုန်လများတွင် သီး၏၊ အသီးနုသော အခါ အရောင်စိမ်း၍ မှည့်လျှင် နီမြန်း၍ သွား၏။

၎င်းအပင်သည် အခြားသော အကိုင်းအခက်များ နေရာတွင် ဆူးမရှိဘဲ ရွက်ရင်းများ၌ နှစ်ချောင်းတွဲ နောက်ပြန် ကောက်၍ ရှိ၏၊ ၎င်း အကိုင်းအခက်များကို ခူးယူကြသောအခါ အလွန် ခိုင်မြဲစွာ စူးတတ်, ချိတ်တတ်သဖြင့် ကိုင်တွယ်သူတို့မှာ နာကျင်လှသဖြင့် (အလိုလေး) ဟု မြည် တမ်းကြရသည်ကို အစွဲပြု၍ (အလိုလေး) ပင်ဟု ၎င်း, (ဆူးချိတ်) ဟူ၍၎င်း ခေါ်ဝေါ်ကြ ကုန်၏၊ ၎င်းအရွက်များကို တို့စရာအဖြစ် ဟင်းချိုရွက်အဖြစ် အသုံးပြုကုန်၏၊ ၎င်းအပင်သည် မြန်မာနိုင်ငံနှင့် တကွ ပန်ဂျာဗ်, အဖဂါနိစတန်, အာရှ အနောက်ပိုင်း, အာဖရိက မြောက်ပိုင်း, ဩစတေရီးယား စသည်တို့၌ ပေါက်ရောက်ကုန်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ယူနာနီ အလိုအားဖြင့် ၎င်းအခေါက်နှင့် အမြစ်သည် ခါး သက်သက် ရှိ၏၊ ပူ၏၊ ခြောက်ထပ်စေ၏၊ ဝမ်း အနည်းငယ် သက်၏၊ သလိပ်ကို ထုတ်ပယ် တတ်၏၊ ပိုးကို နိုင်၏၊ မိန်းမများ နို့ရည် ပွားများ၏၊ အစာမကြေ လေပြည့်ရောဂါ, ဝမ်းသွား ရာ၌ နာကျင်ခြင်း, လေဖြတ်ခြင်း, သရက်ရွက်ကြီးသော ရောဂါတို့ကို ပယ်စွမ်းနိုင်၏၊ အား ကုန် ခန်းခြင်းကြောင့် ဖြစ်သော လည်ပင်းကြီးသော ရောဂါများ၌လည်း များစွာ အကျိုး ရှိ၏။

## ဆရာ အမျိုးမျိုးတို့ မြင်ပုံ

၁ - ၎င်း အလိုလေးအမြစ်၏ အခေါက်သည် အနည်းငယ် ပူ၏၊ ခြောက်ထပ်၏၊ ချုပ်၏၊ အေးသော ရောဂါများကို နိုင်၏၊ ပက္ခဃာတ လေဖြတ်ခြင်း, ရေဖျဉ်းရောဂါ ဖြစ်ခြင်း, အဆစ် အဆက် ရောင်ခြင်း စသော ရောဂါများကိုလည်း ပယ်စွမ်းနိုင်၏၊ ၎င်းအပင်၏ သတ္တုရည်ကို နားတွင်းသို့ အနည်းငယ်မျှ ခပ်၍ ပေးမူ နားတွင်းရှိ ပိုးများ ပျက်စီးကုန်၏။

၂ - အလိုလေးပင်၏ အပွင့်သည် ဆီးဝမ်းရှင်၏၊ ထက်မြက်၏၊ ဒန္တဂိရောဂါကြောင့် သို့မဟုတ် သွားများမှ သွေးပုပ်, ပြည်ပုပ်များ ယိုစီး၍ အားကုန်ခန်းသော ရောဂါအတွက် များစွာ အကျိုးရှိ၏။

၃ - ၎င်း၏ အသီးကို ကျိချက်၍ ပြစ်ခဲအောင် လုပ်ပြီးလျှင် အဆစ်ရောင်သော ရောဂါ နှင့် မြွေကိုက်သော ရောဂါများ အတွက် အသုံးပြုရ၏။

၄ - ၎င်းအရွက်စိမ်း၏ သတ္တုရည်ကို နားတွင် အနည်းငယ် ခပ်၍ ပေးပါက နားနာ, နားကိုက် ပျောက်ကင်း၏။

**ဥရောပတိုက်တွင်ကား**— ၎င်း အဲလိုလေး၏ အသီးနှင့် အဖူးအငုံများကို ဆီးရှင် ဝမ်းနုတ်ဆေးအဖြစ် အသုံးပြုကြကုန်၏၊ အဆစ်ရောင်ရောဂါ, အစာမကြေ လေပြည့်ရောဂါများကို ၎င်းအရွက်ကို ကြိတ်၍ ကျပ်ထုပ်ပြု၍ ထိုးခြင်း, ကပ်နှိပ်ပေးခြင်း ပြုလုပ်ကြ ကုန်၏။

၅ - ၎င်းဆေးပင်သည် လေဖြတ်သော ရောဂါများ, ရေဖျဉ်းရောဂါ, အဆစ်အဆက် ကိုက်ခဲ၍ ဖျားခြင်း, အဆစ်ရောင်ခြင်းတို့၌ အကောင်းဆုံးဆေး ဖြစ်၏၊ ၎င်းအပင်တွင် 'ဂလူးကို့စ်' ဓာတ် ပါရှိလေ၏။

---

## အဝေရာပင်

(ဘောဇကိုင်း—ရှု။)

---

## အသဗိဇ

(ရေမျောသီး—ရှု။)

---

## အာကာဝတီ (ရှုကာသီးနွယ်)

(သကြားနွယ်သီး—ရှု။)

---

## အသောက

(သဘော်တယ်—ရှု။)

---

# အာဒါလွတ်

## MARANTA ARUNDINACEA.

## अरारोट



အာဒါလွတ်(အနီ)

# အာ ရာ ဒါ လွတ်

| | | |
|---|---|---|
| ဟိန္ဒီ | अरारोट | (အရာရုတ်) |
| တာမီလ် | அரரூட்டு, கிலங்கு | (အရူရူဋ္ဍု၊ကီလင်ဂူ) |
| လက်တင် | Maranta Arundinacea | |
| အင်္ဂလိပ် | West Indian Arrowroot | |

**ပုံသဏ္ဍာန်။** ။အာဒါလွတ်သည် အလွန်ထင်ရှား၍ လူသိများသော အပင် ဖြစ်ပြီး ထပ်မံ၍အကျယ် ရေးသားဘို့ မလိုတော့ပါ၊ ပုံကို ကြည့်၍လည်း သိနိုင်ပြီ။

**ဂုဏ် နှင့် စွမ်းရည်။** ။၎င်းအဖို့ဥ အစိမ်းသည် အဆိပ်တို့ကို နိုင်၏၊ ဆိပ်လူးမြွား စသည်တို့ သင့်၍ အနာဖြစ်နေသော သူတို့အား သွေး၍ လူးခြင်း, တိုက်ခြင်းဖြင့် မြွားဆိပ် စသည်တို့ ပြေပျောက်၏၊ မကျက်နိုင်သော အနာများကိုလည်း ကျက်စေ၏၊ အဆီခါတ် တိုးပွားခြင်း ဝဖြိုးခြင်းကို ပြုတတ်၏။

### အာဒါလွတ် သတ္တုမှုန့် ပြုလုပ်နည်း

အာဒါလွတ်ဥ အစိမ်းများကို အတုံးငယ်များ ပြု၍ ကြိတ်ပါ၊ ၎င်းနောက် ရေတွင် ၂-ကြိမ် ၃-ကြိမ်မျှ နယ်မွှေ၍ အဖတ်များကို စစ်၍ပစ်ပါ၊ ထို့နောက် အနည်းဆုံး ၁-နာရီမျှ ရေတွင် စိမ်ထားပြီးနောက် အပေါ်ရေကြည်, ကြက်တက်ရည်များ ငှဲ၍ ပစ်ပါ၊ အောက်တွင် အနှစ်များ ယိုင်၍ နေပါလိမ့်မည်၊ ၎င်းကို အခြောက် ပြု၍ အမှုန့်ထောင်းထားပါ၊ အာဒါလွတ်သတ္တု (သို့မဟုတ်) အာဒါလွတ်မှုန့် ဖြစ်၏။

### အာဒါလွတ်သတ္တု (အာဒါလွတ်မှုန့်) ၏ စွမ်းရည်

၎င်း အာဒါလွတ်မှုန့်သည် အေး၏၊ ဝဖြိုးစေ၏၊ ၎င်းသတ္တုကို နွားနို့နှင့် အသုံးပြုပါက လူအိုများ, အားအင်ကုန်ခမ်းသူများ, နို့မျက်သောကလေးများ, နို့မထွက်သော မိခင်များ, ကဖျားပျောက်စ အားအင် ကုန်ခန်းသောသူများ နှင့် အထူး သင့်လျော်၏။

**မှတ်ချက်။** ။အာဒါလွတ်သည် ၄-၅-မျိုး ရှိ၏၊ သို့သော် ယခု အာဒါလွတ်မှာ မြန်မာပြည်တွင် အသုံးပြုနေကျ ဖြစ်သော နံပတ် (၁) အာဒါလွတ်ကို ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်၊ ၎င်းအပြင် (Canna Edulis) သဘော် အာဒါလွတ်ဟု၎င်း, အချို့ဗိုလ်ကြီး အာဒါလွတ်ဟု၎င်း, အချို့ အာဒါလွတ်မှုန့်ပင်ဟု၎င်း, ခေါ်ဝေါ်သုံးစွဲကြသည်။ ဗုဒ္ဓသရဏပင်နှင့် ဥရောအပင်ပါ ဆင်တူသော အပင်လည်း ရှိသေးသဖြင့် ၎င်းအပင်ကိုပါ ပုံနှင့်တကွ ဖော်ပြလိုက်ပါသည်၊ ဂုဏ် နှင့် စွမ်းရည်, သတ္တုမှုန့် စသည် လုပ်နည်းများမှာ မတူကြချေ။

No, 8

### အာဒါလွတ်မှုန့် နှင့် အာလူးမှုန့် ခွဲခြားနည်း

အချို့သော ကုန်သည် တို့သည် အာဒါလွတ် သတ္တုမှုန့်တွင် အာလူး၏ သတ္တမှုန့်များ ရောရှ် ရောင်းချကြသည်ကို စိစစ် ခွဲခြား၍ သိရန်မှာ—မှန်ဘီလူးဖြင့် ၎င်းအမှုန့် ၂-မျိုးကို ကြည့် ပါက အာလူးမှုန့်သည် ကြီး၍ ကြမ်းပြီးအာဒါလွတ်မှုန့်မှာ အလွန်မှုန့်ညက် နူးညံ့သေးငယ်သည့် အမှုန့်များကို တွေ့ပါလိမ့်မည်။

---

## အာဒါလွတ်တမျိုး (ဝါးဥ)

| | | |
|---|---|---|
| သက္ကတ | तवाक्षीर | (တဝါခီရ) |
| ဟိန္ဒီ | तवक्षार, तीखुर | (တဗာခိရ်, တီခုရ်) |
| အင်္ဂလိပ် | Arrow root | |
| လက်တင် | Curcuma anguslibolia | |

**ပုံသဏ္ဌာန်။** ။နန္ဒင်းပင်နှင့် ဆင်ဆင်တူ၏၊ မြန်မာနိုင်ငံ အရပ်ရပ် ပေါက်စိုက်ပျိုးကြ သဖြင့် ထင်ရှား၏၊ အချို့အရပ်တွင် "ဝါးဥ" ဟု ခေါ်၏။

**ဂုဏ်သတ္တိများ။** ။အာဒါလွတ် ( ဝါးဥ ) သည် အေး၏၊ ချို၏၊ ကိုယ်ပူနာ, သည်း ခြေနာ, ခယရုဂ်နာ, သွေးဖောက်ပြန်သော အနာ, ချောင်းဆိုးနာ, သလိပ်နာ, ပန်းနာတို့ကို နိုင်၏၊ ဤကား ရာဇနိဃဏ္ဍုကျမ်း အလိုတည်း။

အာဒါလွတ် ( ဝါးဥ ) သည် ချို၏၊ အေး၏၊ အရသာ ရှိ၏၊ မွေး၏၊ အားကို ဖြစ်စေ ၏၊ သုက်ကို ပွားစေတတ်၏၊ ကိုယ်ကို စည်ပင် ဝဖြိုးစေတတ်၏၊ သရီရဓာတ်ကို ပွားများစေတတ် ၏၊ ကြေလွယ်၏၊ အဆီအစေး ရှိ၏၊ ခယရုဂ်နာ, သည်းခြေနာ, ရတ္တပိတ်နာ, ကိုယ်ပူနာ, နှုတ် မမြိန်နာ, ချောင်းဆိုးနာ, ပန်းနာ, ဖျားနာ, ရေငတ်နာ, မျက်စိမျက်နှာ, ကိုယ်သားကိုယ်ရေ ဝါ သော အနာ, ဖျော့တော့နာ, နူနာ, ဆီးအိမ် ကျောက်တည်ခြင်း, မုတ္တာကိစ်နာ, ဆီးသွန်နာ, ပေါက်သောအနာ, သလိပ်နာ, သွေးဖောက်ပြန်သော အနာ တို့ကို နိုင်၏၊ ဤကား နိဃဏ္ဍုရတ နာကရ ကျမ်းအလိုတည်း။

---

## အာရဗီ

(လော်ပန်ပင်—ရှု)

---


# အာလူး

| | | |
|---|---|---|
| သက္ကတ | आलु, आलुक | (အာလုအာလု-က) |
| ဟိန္ဒီ | आलु | (အာလု) |
| အင်္ဂလိပ် | Potato | |
| လက်တင် | Solanun Tuberosum | |

**ပုံသဏ္ဌာန်။** ။အာလူးပင်၏ အဖွင့်ကို လူသိများသဖြင့် အကျယ် ရေးသားရန် မလိုတော့ချေ၊ သို့သော် အာလူးသည် ၄-၅ မျိုး ရှိ၏၊ အငယ်မျိုး, အကြီးမျိုး အလုံး, အရှည် စသည်ဖြင့်၎င်း- အနီ, အဖြူ စသည်ဖြင့်၎င်း ဈေးနိဃဏ္ဍု ကျမ်းကြီးများ၌ ဖွင့်ဆိုကြကုန်၏၊ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်လည်း တိုင်ထောင် အာလူးသီး, မြေစိုက် အာလူးဥ စသည်ဖြင့်၎င်း- မြစ်ကြီးနား, ပန်းမော်, အောင်ပန်း စသည်ဖြင့် ထွက်ရာဒေသကို လိုက်၍၎င်း အမျိုးမျိုး ခေါ်ဝေါ်ကြကုန်၏၊ ၎င်းတို့တွင် အောင်ပန်း အာလူးသည် အပိန်အချိုင့်များ၍ အရောင်နီကြန်ကြန်ရှိ၏၊ ၎င်းအောင်ပန်းအာလူးသည် လူကြိုက်များ၏၊ အသား ဝါယောင်ရှိ၏၊ စေးထန်း၏၊ ဈေးနှုန်းလည်း မြင့်၏၊ သို့သော် ယခု အချိန်တွင်မူကား မြို့တိုင်း ရွာတိုင်းလိုလို နေရာအနှံ့အပြား စိုက်ပျိုးကြကုန်သဖြင့် အလွန် ပေါများလာလေပြီ။

**အာလူး၏ စတင် ဖြစ်ရာ ဌာန။** ။အာလူး၏ ပဌမ စတင် ပေါက်ရောက်ဖြစ်ပွားရာကို အချို့ကျမ်းများက အမေရိကန်ပြည်မှ စတင် ပေါက်ရောက်သည် ဟု ရေးသားထားသည်ကို တွေ့ရ၏၊ "ဆန္ဒိဂဓနိဃဏ္ဍု ဝနောသဓိ" ကျမ်းကြီးက ရေးသားဖော်ပြသည်မှာ အာလူး၏ စတင်ပေါ်ပေါက်ရာ အမေရိကန်ပြည် ဟု ဆိုကြသည်မှာ မဖြစ်နိုင်ကြောင်း, ကျွန်ုပ်တို့ ဣန္ဒိယတွင် ရှေးနှစ်ပေါင်း များစွာကပင် ၎င်းအာလူးသည် ရှိပြီးဖြစ်လေသည်၊ ထိုစဉ်အခါက တောတောင်စသည်တို့၌ အလေ့ပေါက် သဘောဖြင့် အလိုအလျောက် ပေါက်ရောက်ကြလေသည်၊ အသုံးအနှုန်းလည်း နည်းပါး ကြကုန်၏၊ လူအသိလည်း နည်းပါးကြကုန်၏၊ ထိုအချိန်အခါတွင် အမေရိကန်လူမျိုးများ ရောက်လာ၍ ၎င်းအာလူးကို စားသုံးခြင်း၏ အကျိုးအပြစ်တို့ကို လက်လှမ်း မှီသလောက် ပြောကြားသဖြင့် ထိုအခါ လူများသည် အာလူးကို အခင်းပြု၍ စိုက်ပျိုးခြင်း, အသုံးအစွဲများခြင်းဖြင့် ယခုထက်တိုင်အောင် အနှံ့အပြား ထင်ရှား ကျော်ကြားခြင်း အဖြစ်သို့ ရောက်ရှိလာလေသည်၊ အကယ်၍ အချို့လူများ ရေးသားသည့်အတိုင်း အမေရိကန်မှ စတင်ဖြစ်ထွန်းသည် ဆိုပါက ပိုတာတို, ဘနားနား အမည်သာလျှင် တွင်ကျယ်ရမည်၊ ယခုမူကား-ကျွန်ုပ်တို့တိုင်းပြည်၌ ရှေးအထက်ကျော်လောက်ကပင် သက္ကတလို 'အာလု က' ဟိန္ဒီလို 'အာလူး' စသောအမည်သည် အထင်အရှား တည်ရှိ၍ ဤအတိုင်း ခေါ်ဝေါ် သုံးစွဲသော ကျမ်းဂန်ကြီးများ၏ စကားသည်လည်း ခိုင်မြဲ ထင်ရှားလှပါသဖြင့် ရှေးနှစ်ပေါင်း များစွာကပင် အာလူး ရှိကြောင်းကို ထင်ရှားစွာ သိသာနိုင်ပါကြောင်း စသည်ဖြင့် ရေးသားသည်ကို ဖော်ပြ လိုက်ရပေသတည်း။


**ဂုဏ် နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒ အလိုအားဖြင့် အာလူးသည် အေး၏၊ ချို၏၊ မြောက်ထပ်၏၊ ကြေကျက်ခဲ၏၊ မလတို့ကို စေးထန်း ဖြစ်၍ စေတတ်၏၊ ကိုယ်ကို လေးလံ




အာလူးဥ
SOLANUM TUBEROSUM
आलू

ထိုင်းမှိုင်း စေတတ်၏၊ အ
ပွားများစေတတ်၏၊ ဆီးရှု
၏၊ အပူကို ထုတ်ဆောင်တ
ကျက်ခဲ၏၊ ရင်းအာလူးကို
ထိုကြောင့် ဝမ်းမီးနှုံ့သေ

ပုံသဏ္ဍာန်။
ပေါက်စဉ် နူးညံ့၏၊
မှိုရာအပင် ရှိက နွယ်၍
၏၊ အစိမ်းရင့်ရောင် ရှိ
ကြီး၍ မြေ၏ ပါးပျဉ်း
မမှ ၆ - လက်မ အထိ
လက်မ အထိ ကျယ်၏၊
များတွင် ပွင့်၍ တပို့
၈ - မြောင့် စသည်ဖြင့်







ကျိုးပျို်း စေတတ်၏၊ အားကို ဖြစ်စေ၏၊ သွေးအန်သွေးကျနာ (ရတ္တပိတ်) ကို နိုင်၏၊ နို့ကို ပွားများစေတတ်၏၊ ဆီးရှင်စေ၏၊ ၎င်း အာလူး အနီမျိုးသည် အေး၏၊ ချို၏၊ သည်းခြေကို နိုင်၏၊ ဟပ္ပကို ထုတ်ဆောင်တတ်၏၊ သုက်ကို ပွားများစေ၏၊ အားကို ဖြစ်စေ၏၊ ဝဖြိုးစေ၏၊ ကြေကျက်ခဲ၏၊ ၎င်းအာလူးကို အလွန်အကဲ စားမူ အစာမကြေ, လေပြည့်ရောဂါ ဖြစ်စေတတ်၏၊ ထို့ကြောင့် ဝမ်းမီးနု့ သောသူများ သုံးစွဲရန် မသင့် ဖြစ်လေသည်။

---

# အာသာဝတီ

(စူကာနွယ်—ရှု။)

---

# ဇာနှီယားသဖန်း

(သဖန်းတမျိုး—ရှု။)

---

## ဣသရမူလိ (အကြီးမျိုး)

| | | |
|---|---|---|
| သက္ကတ | अहिगन्ध | (အဟိဂန္ဓ) |
| ဟိန္ဒီ | ईश्वरमूल | (ဣဆရ, မူလ) |
| လက်တင် | Aristolochia Indica | |

ပုံသဏ္ဌာန်။ ။ဣသရမူလိသည် နွယ်မျိုး ဖြစ်၏၊ ပင်စည် ရိုးတံများသည် အပင်ပေါက်စ၌ နူးညံ့၏၊ ထောင်မတ်၍ ပင်စောက်သဖွယ် ရှိ၏၊ ရင့်သောအခါ နွယ်သဘော ဖြစ်၍ ပိုရာအပင် ရှိက နွယ်၍ တက်တတ်၏၊ နွယ်မှာ မာကြော၏၊ အရွက် ဘယ်ညာ (ရွက်လွှဲ) ထွက်၏၊ အစိမ်းရင့်ရောင် ရှိ၏၊ အကြောများ ထင်ရှား၏၊ အရွက်အရင်း၌ သေး၍ အဖျားဘက်တွင် ကြီး၍ မြွေ၏ ပါးပျဉ်းနှင့် တူ၏၊ ရွက်စွန်းရွက်မြီး ချွန်၏၊ အရွက်၏ အလျား ခန့်မှန်း ၃-လက်မမှ ၆-လက်မ အထိ ရှည်၍ အနံ ရွက်ရင်း ၂-လက်မမျှ ရှိ၏၊ ရွက်ဖျား ၃-လက်မ မှ ၄-လက်မ အထိ ကျယ်၏၊ အရွက်၏ ညှာတံအရင်းမှ အပွင့်ထွက်၍ တန်ဆောင်မုန်းလ, နတ္တော်လများတွင် ပွင့်၍ တပို့တွဲ, တပေါင်းလများတွင် အသီး ရင့်၏၊ အသီးမှာ ၄-မြောင့်, ၆-မြောင့် ၈-မြောင့် စသည်ဖြင့် ရှိ၏၊ အစေ့ ပြား၏၊ နက်၏။




ကုဿရမူလီ(အကြီး)

ARISTOLOCHIA INDICA.

अहिगन्धा

မြေဆိပ်မှ စ၍
ဓေတ်ဟောင်းမှ ယခုခေ
သော စွမ်းရည်သတ္တိသည်
ကြီးတပင် ဖြစ်ပေ၏၊ ဝ
ကြကုန်သော စရကသံ
စသော ဆေးကျမ်းကြီး
အသီးသီး ချီးမွမ်း၍ ရေး
ဆေးပညာလောကကြီးဝ
ဖြစ်ကြသော ဆေးပညာ
ရေးသားကြကုန်၏၊ ထိုန
လုပ်၍ လေ့လာသုံးစွဲခဲ့
အတိုင်း အားလုံးသော
ဆိပ်မှ စ၍ တိရစ္ဆာန်တို့
လည်း ဂုဿရမူလီ ဆေ
ကောင်းသော စေတနာန

**ဂုဏ် နှင့် စွမ်းရည်**
ပိုးကို နိုင်၏၊ အဆိပ် အ
ကလေးများ အူတွင်း၌ ဖြ
ခဲခြင်း, ရောင်ဖောခြင်းတို့
မမှန်ခြင်းတို့ကိုလည်း မှန်
ကျန်းမာ ဝဖြိုးခြင်းကို ဖြ
နာတာရှည်, အော့အန်ခြေ
ခြင်း, နာတာရှည် ဝမ်းမီး
အသုံးပြုပါက များစွာ
ဝမ်းကြော ရင်ကြောများ
မှန်, ပြုပ်ကောင်းမှန်ကိုန

ဥတုသွေး ချုပ်ခြ
သတ္တုရည်ကို အသုံးပြုပါ
ရောဂါများကို အတွင်းခေ
ရှိသော ဆေးထူး ဆေးမြ



## ဣလဿရမူလိ နှင့် အဆိပ်များ

မြွေဆိပ်မှ စ၍ တိရစ္ဆာန်များ၏ အဆိပ်နှင့် ပေပ်လျှဉ်း၍ ဣဿရမူလိ ဆေးပင်သည် ရှေးခေတ်ဟောင်းမှ ယခုခေတ် တိုင်အောင် အဆိပ်များကို နိုင်နိုင် နင်းနင်း ဖျက်ဆီး စွမ်းဆောင်နိုင်သော စွမ်းရည်သတ္တိသည် လူသားတို့၏ လောကတခုလုံးတွင် ကျော်စော ထင်ရှားသော ဆေးပင်ကြီးတပင် ဖြစ်ပေ၏၊ ထိုမျှမကသေး အာယုဗ္ဗေဒ ဗိန္ဒော ဆေးလောကကြီး၏ ဘခင်သဖွယ် ဖြစ်ကြကုန်သော စရကသံဟိတာ ဆေးကျမ်း, သုဿုတသံဟိတာဆေးကျမ်း, ဝါဘဋ္ဌဆေးကျမ်း စသော ဆေးကျမ်းကြီးများတွင် ၎င်း ဣဿရမူလိ ဆေးပင်၏ အဆိပ်နိုင်သော စွမ်းရည်ထူးကို အသီးသီး ချီးမွမ်း၍ ရေးသား ဖော်ပြထားသည်ကိုလည်း တွေ့ရှိရသည့်ပြင် ယခုခေတ် အာယုဗ္ဗေဒ ဆေးပညာလောကကြီးတွင် နေ့လ ပမာ ထင်ရှားကျော်စောသော ရုက္ခဗေဒတွင် ကျွမ်းကျင်ပြီး ဖြစ်ကြသော ဆေးပညာရှင် အသီးသီးတို့ကလည်း ဣဿရမူလိ၏ စွမ်းရည် ဂုဏ်ထူးကို ချီးကျူး ရေးသားကြကုန်၏၊ ထိုနည်းတူစွာ ကျွန်ုပ်တို့သည်လည်း စာတွေ့, ကိုယ်တွေ့ဖြင့် သုတေသန ပြုလုပ်၍ လေ့လာသုံးစွဲခဲ့ရာ အဟုတ်အမှန် ပင် စွမ်းရည် ရှိကြောင်းကို ထင်ရှားစွာ သိရှိရသည့်အတိုင်း အားလုံးသော လူသားတို့၏ အကျိုးကို ရှေးရှု၍ စာတွေ့, လက်တွေ့ ၂ မျိုးဖြင့် မြွေဆိပ်မှ စ၍ တိရစ္ဆာန်တို့၏ အဆိပ်ကို ကာကွယ် ကုသနည်းအပြင် အခြားသော ရောဂါများကိုလည်း ဣဿရမူလိ ဆေးပင်သည် တကယ် အစွမ်းသတ္တိဖြင့် ချိုးနှိမ် ဖျက်ဆီးနိုင်ကြောင်းကို ကောင်းသော စေတနာနှင့် အောက်ပါအတိုင်း ရေးသားဖော်ပြလိုက်သည်။

**ဂုဏ် နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒ အလိုအားဖြင့် ဣဿရမူလိသည် ခါး၏၊ ဖန်၏၊ ပူးကို နိုင်၏၊ အဆိပ် အမျိုးမျိုး တို့ကို ပယ်ဖျောက်နိုင်၏၊ ချောင်းဆိုးရောဂါ, နှလုံးရောဂါ, ကလေးများ အူတွင်း၌ ဖြစ်တတ်သော ရောဂါများကို ပယ်ဖျောက်နိုင်၏၊ အဆစ်အဆက် ကိုက်ခဲခြင်း, ရောင်ဖောခြင်းတို့ကို တားမြစ်၏၊ ၎င်းပြင် ဥတုသွေး အဆင်းနည်းခြင်း, ကြွင်းကျန်ခြင်း, မမှန်ခြင်းတို့ကိုလည်း မှန်ကန်စွာ ဆင်းစေသဖြင့် သွေးဟောင်း သွေးပုပ်များလည်း စင်ကြယ်၍ ကျန်းမာ ဝဖြိုးခြင်းကို ဖြစ်စေ၏၊ ကိုယ်သားကိုယ်ရေ ကြည်လင်လှပခြင်းကို ဖြစ်စေ၏၊ ၎င်းအပြင် နာတာရှည်, အော့အန်သောရောဂါ, ကာလဝမ်းရောဂါ, အတိသာရ ဝမ်းသွားရောဂါ, ဝမ်းကိုက်ခြင်း, နာတာရှည် ဝမ်းမီးပျက်, အစာမကြေသော ရောဂါများကို ငြုပ်ကောင်းမှုန့်နှင့် ရောစပ်၍ အသုံးပြုပါက များစွာ အကျိုးရှိ၏၊ အူတွင်း၌၎င်း, ဝမ်း-ရင်၌၎င်း နာကျင် ထိုးအောင့်ခြင်း, ဝမ်းကြော ရင်ကြောများ တင်း၍ အစာမကြေ လေပြည့်ရောဂါ ဖြစ်ခြင်းများကို ဂျင်းခြောက်မှုန့်, ငြုပ်ကောင်းမှုန့်ကိုနှင့် ရောစပ်၍ အသုံးပြုရာ၏။

ဥတုသွေး ချုပ်ခြင်း, နည်းပါးခြင်း, မမှန်ခြင်း, ရက်ခြား ဖျားခြင်း ဖြစ်မူ အရွက်စိမ်း၏ သတ္တုရည်ကို အသုံးပြုပါက များစွာ အကျိုးရှိ၏၊ ၎င်းအရွက်သည် မြွေ စသော အဆိပ်သင့်သော ရောဂါများကို အတွင်းဆေး, အပြင်ဆေး အဖြစ် ဉာဏ်နှင့် ယှဉ်၍ အသုံးပြုမူ များစွာ တန်ဘိုး ရှိသော ဆေးထူး ဆေးမြတ်ကြီး ဖြစ်ပေသည်။

## ရောဂါ အလိုက် အသုံးပြုပုံ

**အဆိပ်ဖြေဆေး။** ။ငင်းအမြစ်ကို သွေး၍ လိမ်းကျံမှု မြွေ၊ ကင်း စသည့် အဆိပ်များ ပြေပျောက်နိုင်၏။

**လွယ်ကူစွာ သားဖွားစေနိုင်သောဆေး။** ။ငင်းအမြစ် ၃ - ကျပ်သားကို အကြမ်းထောင်း၍ ထန်းလျက် ဒိ, ရေသန့်သန့် ၅ဝ - နှင့် ၆ - ကျပ် သားမျှ ကျန်အောင် ကျို၍ တခွက်စာ ၃ - သားမျှ သောက်မူ မီးဖွားရာတွင် အလွန် နာကျင်ပြီးမှ ခက်ခက် ခဲခဲ ဖွားမြင်ရသော ဒုက္ခဆိုးကြီးများ ကင်းဝေး၍ လွယ်ကူစွာ ဖွားမြင်နိုင်၏၊ ငင်းဆေးကို မီးဖွားခါနီး ဝမ်းဗိုက်နာသော အချိန်မှာ သောက်ပါ၊ မီးဖွားခါနီး ၄ - ၅ - ရက်များက ကြိုတင်၍လည်း သောက်ပါ၊ တက်ဖျား, ကျဖျား ရောဂါများကိုလည်း အထက်ပါ ဆေးကို ရက်ရှည်စွဲ၍ သောက်မူ အဖျားပြတ်နိုင်ပေသည်။

**နောက် တနည်း။** ။မိန်းမများ မီးဖွားရာတွင် ခက်ခဲစွာ ဖွားမြင်ရခြင်းဖြစ်မူ ဣသရမူလိ အမြစ်မှုန့် ၄ - ပဲ, ပိတ်ချင်းမြစ်မှုန့် ၂ - ပဲ ရော၍ ရေနွေးနှင့် နံက်, ည သောက်မူ မီးဖွားရာတွင် အလွန် လွယ်ကူစွာ ဖွားမြင်နိုင်၏။

ငင်းဆေးကို မီးထွက်ပြီးနောက် ဆက်လက်၍ သောက်မူ သွေးဟောင်း, သွေးပုပ်များ စင်ကြယ်စွာ သက်ဆင်းပါလိမ့်မည်၊ အထက် ဖော်ပြပါ ဆေးနှစ်မျိုးကို ရိုးရိုး ကိုယ်ဝန်ဆောင်များနှင့် ကိုယ်ဝန်တည်စ မိန်းမများ မသောက်ရ။

**အဖြူကွက်ရောဂါပျောက်ဆေး။** ။ကိုယ်၌ အနံ့ပြား အဖြူကွက်များ ဖြစ်ပေါ်သောအခါ ဣသရမူလိ အမြစ် ၃-ပဲသား၊ ပျားရည် ၁-ကျပ်သားနှင့် ဖျော်၍ နံနက်,ည တကြိမ်ကျစီ သောက်ပါ၊ အဖြူကွက်များ ပျောက်ကင်း၏။

**အဖျားကြောင့် ချွေးငုံပြီး ခေါင်းကိုက်ခြင်း ပျောက်ဆေး။** ။ဣသရမူလိ မြစ်မှုန့် ၄-ပဲသားကို ရေနွေးနှင့် သောက်မူ အဖျားရက်အတွင်း၌ ခေါင်းကိုက်ခြင်း, ချွေးငုံပ်ခြင်းများ ပျောက်ကင်းပါလိမ့်မည်။

**နာတာရှည် အဆစ်အဆက်ရောင် ရောဂါ ပျောက်ဆေး။** ။ပျောက်နိုင်ခဲသော အဆစ်အဆက်ရောင် ရောဂါ နှင့် ဖြစ်သစ်စ အဆစ်ရောင် ရောဂါများကို ဣသရမူလိ အမြစ်မှုန့် ၃-ပဲ၊ ဂျုံပြာဆား ၃-ပဲ နှင့် ရောစပ်၍ ရေနွေးနှင့် သောက်ပါ၊ အဆစ်ရောင်သော နေရာများကိုလည်း ငင်းဆေးကို လူးပေးပါ၊ ကိုက်ခဲခြင်းနှင့် တကွ အဆစ်အဆက် ရောင်ခြင်းများ ပျောက်ကင်းပါလိမ့်မည်။

**ရေဖျဉ်းရောဂါ ပျောက်ဆေး။** ။ဣသရမူလိ အစိုရွက်၏ သတ္တုရည် ၁-ကျပ်သားတွင် ဆားမီးဖုတ် အနည်းငယ် ထည့်၍ နံနက်တကြိမ်, ညတကြိမ် သောက်ပါ၊ ရက်အနည်းငယ်ကြာအောင် စွဲ၍ သောက်ပါက၊ ရေဖျဉ်းရောဂါ ပျောက်ကင်းလိမ့်မည်၊ ငင်းဆေးကို တိုက်ကျွေးပါက သည်းခြေ ဦးစီး၍ ဖြစ်သော ချောင်းခြောက် ရောဂါများလည်း ပျောက်ကင်းနိုင်၏။

**သူငယ်နာ ဝမ်းပျက် နှင့် အဖျားရောဂါ ပျောက်ဆေး။** ။ကလေးများ သူငယ်နာ ဝမ်းပျက်ဖြစ်ပြီး အဖျားဝင်လာသောအခါ ၎င်းအရွက် သို့မဟုတ် အမြစ်ကိုသွေး၍ အနည်းငယ်မျှ လျှာကို ပွတ်ပေးပါက ထိုရောဂါများ ပျောက်ကင်းနိုင်၏။

**အတိသာရ သွေးဝမ်းသွား ပျောက်ဆေး။** ။သွေးဝမ်းသွားခြင်း နှင့် အူများအတွင်း၌ ရောဂါဖြစ်ခြင်း၊ ဗဲစာမကြေ လေပြည့်ရောဂါ နှင့် ဝမ်းကြောတင်းရောင်ခြင်းတို့ကို ၎င်းအမြစ်မှုန့် ၄-ပဲ၊ ဂျင်းခြောက်မှုန့် ၂-ပဲ နှင့် တနေ့ ၂-ကြိမ်ကျ တိုက်မူ အထက်ပါ ရောဂါများ ပျောက်ကင်းနိုင်၏။

**သန္ဓိပါတ် ငန်းဖမ်း ပျောက်ဆေး။** ။သန္ဓိပါတ် ငန်းများဖြစ်ခြင်း၊ လျှာ၊ အာ လေးလံခြင်း ဖြစ်မူ စမွါ နှင့် ဣသရမူလီမြစ်ကို သွေး၍ တိုက်ခြင်း၊ လျှာကို ပွတ်ပေးခြင်းဖြင့် သန္ဓိပါတ် ငန်းဖမ်းခြင်း နှင့် နှုတ်ခမ်း၊ မေးပါး၊ လျှာ၊ အာ လေးခြင်းများ ပျောက်ကင်းနိုင်၏။

**ဥတုသွေး ထိန်ခြင်း ချုပ်ခြင်း ပျောက်ဆေး။** ။ဣသရမူလီမြစ် ၃-ပဲ၊ ငြုပ်ကောင်းမှုန့် ၂-ပဲသားကို ဆားစိမ်း အနည်းငယ် ရော၍ ရေနွေးနှင့် သောက်မူ ဥတုသွေး မှန်ကန်စွာ ဆင်းသက်နိုင်၏။

**သူငယ်နာ လည်ချောင်းရောဂါ ပျောက်ဆေး။** ။သူငယ်များ၌ ဖြစ်တတ်သော လည်ချောင်းအတွင်း၌ ဆုံဆို့နာကဲ့သို့ အပူဖု အကျိတ်များ၊ အပူအိတ်များ ပေါက်ရောက်၍ နို့ နှင့် ရေ စသည်တို့ကို ပင်လျှင် စို့၍မရ၊ သောက်၍မရ ဖြစ်သော ရောဂါတို့ကို ဣသရမူလီ၏ သတ္တုရည်ကို အရွယ်ကိုကြည့်၍ တိုက်ပါ၊ လျင်မြန်စွာ ပျောက်ကင်းနိုင်၏။

**အဆစ်ရောင်ရောဂါ ပျောက်ဆေး။** ။ဣသရမူလီမြစ် ၃-ကျပ်၊ ရေ ၄၀-ကျပ်နှင့် ၇-ကျပ်သားမျှ ကျန်အောင် ကျို၍ တခွက်စာ ၃-ကျပ်သားမျှ သောက်ပါ၊ အဆစ်ရောင် ရောဂါ ပျောက်ကင်းနိုင်၏။

**တနည်း- အဆစ်ရောင်ရောဂါ ပျောက်ဆေး။** ။ဣသရမူလီမြစ် ၆-ကျပ်၊ ရေ ၅၀-ကျပ် နှင့် ထက်ဝက်ခန့် ကျိုပါ၊ တခွက် ၃-ကျပ်သားမျှ နံနက်၊ ည မှန်မှန်သောက်ပါ၊ အဆစ်ရောင်ခြင်း ပျောက်ကင်းနိုင်၏။

## မြွေဆိပ်နှင့်တကွ အခြားသောတိရစ္ဆာန်တို့၏ အဆိပ်ကို ကုသပုံ

မြွေကိုက်သော ဒဏ်ရာကို ဣသရမူလီ အရွက်စိမ်း၏ သတ္တုရည်နှင့် ကြပ်ကြပ်နှိပ်ပါ၊ တနည်းနည်းနှင့် ၎င်း၏ သတ္တုရည်ကို အတွင်းသို့ ဝင်အောင် လုပ်ပါ၊ ၎င်းနောက် အရွက် ၂-ရွက် ၃-ရွက်ကို ငြုတ်ကောင်း ၈-စေ့မှ ၁၀-စေ့အထိ ရော၍ ညက်စွာ ကြိတ်ပြီးလျှင် ရေနှင့်

ဖျော်ပါ၊ အဝတ်နှင့် စစ်ပြီးလျှင် ၎င်းဆေးရည်ကို တိုက်ပါ၊ အကယ်၍ ရောဂါသည်မှာ သတိမရ ဖြစ်စေကာမူ ဝမ်းတွင်းသို့ တနည်းနည်းဖြင့် ဝင်အောင်တိုက်ပါ၊ အကယ်၍ အရွက်မရမူ အမြစ်ကို အသုံးပြုနိုင်၏၊ အမြစ်ကို အသုံးပြုပုံမှာ— ၎င်းအမြစ်မှုန့်ကို ၆-ပဲမှ ၁၂ ပဲသား အထိတွင် ငြုပ်ကောင်း ၂၁-စေ့ကို အမှုန့်ပြု၍ ရောပြီး အဝတ်နှင့်စစ်၍ တိုက်ပါ၊ ၁၅-မိနစ် သို့မဟုတ် နာရီဝက် တကြိမ်ကျ စသည်ဖြင့် တိုက်ပါ၊ မြွေဆိပ်နှင့် တကွ အခြားသောတိရစ္ဆာန်တို့၏ အဆိပ်လည်း ပြေပျောက်ကုန်လိမ့်မည်၊ ၎င်းအပြင် အအေးမိ အအေးပတ်၍ တကိုယ်လုံး သွေးကြော, လေကြော များ လှုပ်ရှားခြင်း အားနည်းပြီးလျှင် ရေခဲတုံးပမာ အေးစက်၍ သတိလစ်နေသော ရောဂါသည် များကိုလည်း အတွင်းဆေး, အပြင်ဆေး အဖြစ်ဖြင့် အသုံးပြုမှု သွေးကြော, လေကြောများ လှုပ်ရှားပြီးလျှင် **သတိများ ရသည့်တိုင်အောင် ပို့ဆောင်နိုင်သော**ဆေး ဖြစ်ပါသည်။

## မြွေဆိပ် ကုသနည်းတမျိုး

(က) ဂုဏ်ဿရမူလီမြစ် (သို့မဟုတ်) အရွက် ၄-ပဲသား, ငြုတ်ကောင်း ၅-စေ့-၎င်း ၂-မျိုးကို ရေနွေးနှင့် ညက်စွာ ကြိတ်၍ မြွေကိုက်သောအခါ လျင်မြန်စွာ တိုက်ပါ၊ အဆိပ်များ တကိုယ်လုံး ပြန့်နှံ့ခြင်း မဖြစ်နိုင်ဘဲ အဆိပ်များ ပြေပျောက်သွားလိမ့်မည်၊ ထိုနောက် ကိုက်သော နေရာ၌ ဂုဏ်ဿရမူလီရွက်ကို ညက်စွာ ကြိတ်၍ အုံပေးခြင်း, လိမ်းကျံခြင်းတို့ကို ပြုပါလေ၊ အကယ် ၍ မြွေဆိပ်များသည် တကိုယ်လုံး ပြန့်နှံ့၍ သွားသောအခါ တက်ခြင်း, သတိလစ်၍ မေ့မျော ခြင်း ဖြစ်ခဲ့သော် အောက်ပါဆေးတို့ကို တိုက်ပါ။

| | | |
|---|---|---|
| (၁) | ဂုဏ်ဿရမူလီရွက် | ၆-ပဲ |
| (၂) | ငြုတ်ကောင်း | ၇-စေ့ |
| (၃) | သရက်သီးအစိမ်း အစေ့ဆံ ရင့်ရင့် | ၃-ပဲ |

၎င်း သုံးမျိုးကို ရေနှင့် ညက်စွာ ကြိတ်၍ သောက်ပါ၊ အဆိပ်တက်ခြင်း, မူးဝေခြင်း ပြေ၍ မျက်လုံးများ ဖွင့်၍လာပါလိမ့်မည်၊ ထိုအခါ မိနစ်-၂၀, ၂၀-တွင် တကြိမ် ထပ်၍ တိုက်ပါ၊ တိုက်ကျွေးသဖြင့် အဆိပ်သည် တဖြည်းဖြည်း ကျ၍လာသည် ရှိသော် မိနစ် ၂၀-တွင် တကြိမ် မဟုတ်ဘဲ ၂၅-မိနစ်, နာရီဝက်, မိနစ် ၄၀-စသည်ဖြင့် အချိန်ကို ရွှေ့၍ ရွှေ့၍ တိုက်ပါ၊ ဤ နည်းဖြင့် လူနာသက်သာ၍ သတိရပြီးလျှင် စကားပြောနိုင်လာလိမ့်မည်။

အကယ်၍ လူနာသည် အသက်ရှူရှိုက်ခြင်းလည်းမရှိဘဲ နှာခေါင်းများလည်း အေးစက်၍ နေခြင်း, မလှုပ်မရှက် နစ်မျော၍နေခြင်း ဖြစ်ခဲ့သော် အထက်က ဖော်ပြခဲ့သောဆေးကို ညွှန် ကြားချက်အတိုင်း ပိုက်များ, ပြွန်များဖြင့် ပါးစပ်မှ မိနစ်ခြား စသည်ဖြင့် ဝမ်းတွင်းသို့ သွင်း ပါလေ၊ နှာခေါင်းမှလည်း အနံ့ပေးခြင်း, ဆေးဖြင့် သုတ်လိမ်းခြင်းကို ပြုပါ၊ အကယ်၍ သက်သာ ရာ ရလျှင် မိနစ် ၃၀-ခြား, ၄၀-ခြား စသည်ဖြင့် အထက်ပါ ညွှန်ကြားသည့်အတိုင်း ဆေး များကို သွင်းထည့်ပါ။

### အဆိပ်ဖြေ လိမ်းဆေး နှင့် တိုက်ဆေး

(၁) ဂုဏ္ဍဿရမူလီ ပဉ္စငါးပါး သတ္တုရည် ၃-ကျပ်, ၁၂-ပဲ
(၂) မင်သော် ၁-ပဲ
(၃) ရှမ်းပရုပ်မှုန့် ၁-ပဲ

၎င်းဆေး ၃-မျိုးကို ကျောက်ဆုံဖြင့် သမအောင် ကြိတ်၍ ၁၅-မိနစ်, ၁၅-မိနစ်တွင် တကြိမ်ကျ ၃-ပဲသား, ၃-ပဲသားတိုက်ပါ၊ ကိုက်သောဒဏ်ရာသို့သည်း လိမ်းပေးပါ၊ အဆိပ်တက်၍ မျောနေသောလူနာ သက်သာရာ ရလိမ့်မည်။

၎င်းအပြင် အောက်တွင် ဖော်ပြလတ္တံ့သော ဂုဏ္ဍဿရမူလီ သတ္တုခဲကို မြွေကိုက်သော ဒဏ်ရာသို့ ဓားဖြင့်ခွဲ၍ သိပ်ပေးခြင်း, ၎င်းသတ္တုခဲ ၄-ပဲသား, ၄-ပဲသားကို ၁၅-မိနစ်, ၁၅-မိနစ်တွင် တကြိမ်ကျ နွားထောပတ်နှင့် ရော၍ တိုက်ခြင်း, ဂုဏ္ဍဿရမူလီ သတ္တုခဲဖြင့် နှာမှုတ်ပေးခြင်း စသည်ဖြင့် ဆက်လက်၍ ပြုလုပ်ပေးပါ အဆိပ်များအားလုံး ပြေပျောက်သွားလိမ့်မည်၊ ထိုအခါ ဆေးတိုက်ကျွေးခြင်းကိုလည်း ရပ်တန့်ထားရမည်။

### ဂုဏ္ဍဿရမူလီ သတ္တုခဲ

(၁) ဂုဏ္ဍဿရမူလီ ပဉ္စငါးပါး ၆၀-ကျပ်သား
(၂) သရက်သီး အစေ့ဆံ ၁-ပွဲသား
(၃) ပိတ်ချင်းမြစ် အခွံ ၂-ပွဲသား
(၄) ပြုပ်ကောင်း ၂-ကျပ်သား—

၎င်း ၄-မျိုးကို ရေဆွတ်ဖျန်း၍ ကျောက်ဆုံနှင့် ပြစ်ချွဲလာအောင် ကြိတ်ပါ၊ ထိုနောက် ၂၄-နာရီကြာသောအခါ အဝတ်ထူထူနှင့် စစ်၍ အစောက်နက်သော မြေအိုးတွင် ထည့်ပါ၊ ၎င်းအိုးအဝကို လုံစွာပိတ်၍ နေပူပူတွင် လှန်းထားပါ၊ အိုးတွင်းရှိဆေးများ ခြောက်သွေ့သောအခါ ညက်စွာကြိတ်၍ လုံစွာထားပါလေ၊ ၎င်းသည် ဂုဏ္ဍဿရမူလီ သတ္တုခဲ ဖြစ်၏။

### မြွေဆိပ်ဖြေ နှာဆေး

ဂုဏ္ဍဿရမူလီအသီး အခြောက်ကို မှုန့်ညက်စွာ ထောင်း၍ထားပါ၊ ၎င်းအမှုန့် ၂-ရွေးမျှကို မထောပတ်နှင့် ဖျော်၍ မြွေဆိပ်သင့်သောသူအား ရှူစေခြင်း, နှာနှပ်ခြင်းပြုမူ မြွေဆိပ်များ ပြေလေ၏။

### မြွေဆိပ်ဖြေ ဂုဏ္ဍဿရမူလီ ရသာယနဆေးကြီး

ဂုဏ္ဍဿရမူလီ အစိုရွက်ကို ကြိတ်၍ သတ္တုရည် ညှစ်ပြီးလျှင် အလိုရှိသလောက်ယူ၍ အစောက်နက်သော မြေအိုးပက်တွင် ထည့်၍ထားပါ၊ ထိုအိုးပက်ကို သန့်ရှင်းစင်ကြယ်သော နေရာ၌ ၂-ရက်တိုင်တိုင် ထားပြီးနောက် နေပူပူတွင် လှန်းပါ၊ ထိုသို့ လှန်းသောအခါ ဆေးလုံး၍ရသော

အနေသို့ ရောက်လျှင် အိုးတွင်းမှ ထုတ်ယူ၍ ကျောက်ပျဉ်တွင် ညက်စွာ ကြိတ်ပြီးလျှင် ရွှေးစေ့မျှ လုံး၍ အခြောက်ပြုပါလေ၊ ၎င်းဆေးလုံးများကို အရောင်ညိုသော ပုလင်းတွင် ထည့်ထားပါလေ။

**ထိုဆေးလုံး၏ အကျိုး။** ။၎င်းဆေးသည် မြွေကိုက်သောသူအား လျှင်မြန်စွာ ရေအေးဖြင့် ဆေး ၂-လုံးကို တိုက်ပါ၊ (ဆေးအလုံးအတိုင်း မျိုချပါစေ) ၎င်းနောက် မြွေကိုက်သော ဒဏ်ရာကို ဆေး ၁-လုံးကို ရေဖြင့် ပျော့ခပျော့ကြိုက်၍ ကပ်ပေးပါ၊ အသိုအလျောက် မဟုတ်ဘူ သမွှယ် ကပ်၍သွားလိမ့်မည်၊ ၎င်းဆေးလုံးသည် အဆိပ်များ စုပ်ယူပြီးသောအခါ ကွာ၍ကျလိမ့်မည်၊ ၎င်းနည်းအတိုင်း ထပ်၍, ထပ်၍ ကပ်ပေးပါ၊ အဆိပ်ကုန်၍ ကွာကျခြင်း မရှိမှ ဆေးလုံး ကပ်ပေးခြင်းကို ရပ်တန့်ပါ၊ ထိုဆေးလုံးကိုလည်း ၅-နာရီ တကြိမ်ကျ မဝါးဘဲ အလုံးအတိုင်း မျိုပါလေ၊ အဆိပ်များ ပြေ၍ အသက်ချမ်းသာရာ ရပါလိမ့်မည်၊ ၎င်းအပြင် ထိုဆေးလုံးသည် အခြားသော ရောဂါများတွင်လည်း များစွာ အသုံးပြုနိုင်၏၊ စွမ်းရည်သတ္တိလည်း အလွန်ရှိပေသည်၊ ထို့ကြောင့် အောက်ဖော်ပြပါ ရောဂါများကို ညွှန်ကြားသော ရေလဲအတိုင်း အသုံးပြုပါလေ။

အဖျားရောဂါများကို ဆင်တုံးမနွယ် ပြုတ်ရေနှင့် တိုက်ပါ၊ ရက်ခြားဖျားခြင်း၌ ကျောက်ချဉ်မီးဖောက် သင့်ရုံထည့်၍ တိုက်ပါ၊ အဆုတ်ရောဂါကို ဖာလာဖြူ ပြုတ်ရေနှင့် တိုက်ပါ၊ ပြည်တူလာသရောနာကို ဆင်တုံးမနွယ် သတ္တုရည်နှင့် တိုက်ပါ၊ ဖောရောင်သူများကို ပရန္ဒဝါမြစ် ပြုတ်ရေနှင့် တိုက်ပါ၊ နာတာရှည် အော့အန်သော ရောဂါကို သဗျက်သီးပြုတ်ရေနှင့် တိုက်ပါ (တောသဗျက်သီး မဟုတ်) လိင်နိမိတ်ရောဂါ, လူပျိုနာ (သို့မဟုတ်) လူယဉ်လူကြော့နာများကို ဩဖလ ပြုတ်ရေနှင့် တိုက်ပါ။

လေရောဂါ၌ ကြက်ဆူမြစ် ပြုတ်ရေနှင့် တိုက်ပါ၊ ဤသို့ စသည်ဖြင့် အလွန်ခက်ခဲသော ရောဂါများ ပျောက်ကင်းပြီးလျှင် ခွန်အားဗလ တိုးပွား၍ ရုပ်ဆင်းသဏ္ဌာန် ပြေပြစ်ခြင်း, အသက်ရှည်ခြင်း စသော အကျိုးများကို ဧကန် ဖြစ်စေနိုင်သော ဣဿရမူလီ ရသာယနဆေးကြီး ဖြစ်ပါသည်။

**မှတ်ချက်။** ။ဣဿရမူလီဆေး ချက်ရာတွင် သံနှင့် တွေ့ထိခြင်းကို အလျှဉ်းမပြုရ၊ ၎င်းပြင် ရသာယနဆေး ချက်သော အိုးခွက်, ပုဂံတို့သည် အစောက်နက်သော အိုးခွက်, ပုဂံတို့၌ ချက်ရမည် ဟု အာယုဗ္ဗေဒ ဆေးကျမ်းကြီးများ၌ မိန့်မှာကုန်၏၊ ဤတွင် ဣဿရမူလီဖြင့် မြွေဆိပ်ကုသနည်းများ ပြီးဆုံးပါပြီ။

**အဖျားရှီးရှီးပျောက် ဆေးလုံး**

| | |
|---|---|
| ၁ - ဣဿရမူလီရွက် အစို | ၃ - ကျပ် ၁၂ - ပဲ |
| ၂ - ကျောက်ချဉ် | ၁ - ကျပ် ၈ - ပဲ |
| ၃ - ဇဝက်သာလက်ယောင်း | ၁၂ - ပဲ |
| ၄ - ဝါးပုလဲ | ၁၂ - ပဲ |

၎င်းလေးမျိုးကို ညက်စွာ အမှုန့်ပြု၍ ကောင်းစွာ စစ်ပြီးလျှင် လုံစွာထားပါ၊ ဆေးတခွက်

လျှင် ဆေး ၂-ပဲသား နှင့် ပျားရည် ၁၂-ပဲ ရော၍ ည, နံနက် ၂-ကြိမ် သောက်ပါ၊ ဆေးသောက်ပြီးနောက် နွားနို့ကို ထပ်၍ သောက်ပါ၊ ၄, ၅-ရက် ကြာလျှင် အဖျား ပျောက်ကင်းပါလိမ့်မည်။

## အဖျားပျောက်ရန် လိမ်းဆေးကြီး

| | | |
|---|---|---|
| ဣသာရမူလီ ပဥ္စငါးပါး သတ္တုရည် | ၃၀-ကျပ် | |
| တမာရွက် သတ္တုရည် | ၁၅- ။ | |
| ဆင်တုံးမနွယ် သတ္တုရည် | ၁၅ ။ | |
| ကြိတ်မှန်ပွင့်ဖြူ ပဥ္စငါးပါး သတ္တုရည် | ၁၅ ။ | |
| ပဲစိပ်နီ | ၁၅ ။ | |
| နွားမြေးရင်း | ၃-ကျပ် | ၁၂-ပဲ |
| ဇူလာနဖာ | ။ | ။ |
| ပန်းရင်းအဖြူ | ။ | ။ |
| ဆေးရွှေ ( သစ်နနွင်း ) | ။ | ။ |
| နံ့သာဖြူ အမှုန့် | ။ | ။ |
| ပရုပ် အမှုန့် | ။ | ။ |
| ညောင်ချိပ် ( ညောင်ပင်မှ ဖြစ်သော ချိပ် ) | ။ | ။ |
| နှမ်းဆီစစ်စစ် | ၃၀-ကျပ် | |

## ဆေးချက်နည်း အစီအစဉ်

၎င်းဆေးစုတွင် ပရုပ်နှင့် သတ္တုရည်များ ချန်လှပ်၍ အကြမ်းထောင်းပြီး ရေတပိဿာ ဂဝိ-နှင့် ထက်ဝက် ခန်းအောင် ကျို၍ အဝတ်ဖြင့် စစ်ပါ၊ ၎င်းနောက် သတ္တုရည်များ နှင့် ဆေးပြုတ်ရည်, နှမ်းဆီဘို့ကို ရော၍ မီးညှင်းညှင်းဖြင့် ဆီကျန်အောင် ချက်ပါ၊ ၎င်းနောက် အအေးခံ၍ စစ်ပြီးလျှင် ပရုပ်မှုန့်ကို ညက်စွာ ကြိတ်၍ ၎င်းဆီတွင် ထည့်ပြီး ပုလင်းတွင် လုံစွာထားပါလေ၊ ၎င်းဆီကို ၇-ရက်ကျော်လွန်မှ အသုံးပြုပါလေ။

## ဆေးသုံးရန် အစီအစဉ်

၎င်းဆီကို နေ့ ၁၀-နာရီ အချိန်တွင် လက်ဖဝါး, ခြေဖဝါး လွတ်၍ တကိုယ်လုံး လိမ်းနယ်ပေးပါ၊ ခပ်သိမ်းသော အဖျားတို့သည် ငြိမ်းအေးခြင်း ဖြစ်ကုန်၏၊ အဖျားတို့၏ ပူလောင်ခြင်း, အပူရှိန် တက်ခြင်းတို့ကို ကင်းဝေးစေလျက် ကိုယ်၌ ရောဂါ ကင်းဝေးပြီးလျှင် ကျန်းမာဝဖြိုးခြင်း, မွန်အားတိုးခြင်း, ပျင်းရိထိုင်းမှိုင်းခြင်း ကင်းဝေးစေခြင်း, ကိုယ်သားကိုယ်ခရ အရောင်အဆင်း

ကြည်လင်ခြင်း, စိတ်၏ကြည်လင်ခြင်း စသော အကျိုးတရားများ ပြည့်စုံစေလျက် အဖျားရောဂါ ပျောက် လိမ်းဆေးကြီး ဖြစ်ပါသည်။

**အဖျားပျောက် ပွတ်ဆေး**

| | | |
|---|---|---|
| ၁ - | ဠဿရမူလီ | ၁၂ - ပဲ |
| ၂ - | ဆင်တုံးမနွယ် | ။ |
| ၃ - | နံနံစေ့ | ။ |
| ၄ - | ငြုပ်ကောင်း | ၆ - ပဲ |

၎င်းဆေးစုကို အကြမ်းထောင်း၍ ရေ ၄၈ - ကျပ် သား နှင့် ၆၀ - သားမျှ ကျန်အောင် ကျို၍ တခွက်စာ ၃ - ကျပ်သား သောက်ပါ၊ ခပ်သိမ်းသော အဖျား ပျောက်ကင်းစေ၏။

**အဖျား နှင့် ခေါင်းကိုက်ပျောက် နှာနှပ်ဆေး**

| | |
|---|---|
| ဠဿရမူလီရွက် | ၂ - ကျပ် ၄ - ပဲ |
| ငြုပ်ကောင်း | ၆ - ပဲ |
| ဝါးပုလဲ | ။ |
| ဖာလာစေ့ | ။ |
| ပရုပ်မှုန့် | ။ |
| ဇဝက်သာလက်ဟောင်း | ။ |

၎င်းဆေးစုကို ညက်စွာ ထောင်း၍ အဝတ်နှင့် စစ်ပြီး လုံစွာထားပါ၊ ခပ်သိမ်းကုန်သော အဖျားရောဂါတို့နှင့် ယှဉ်၍ ဖြစ်တတ်သော ခေါင်းကိုက်ခြင်း, ဇက်လေးခြင်း, အကြောတက်ခြင်း များ ၎င်းနှာကိုရှူက မြန်စွာ ပျောက်ကင်း၏။

**အဖျားဖြတ် ဠဿရမူလီ ပေါင်းတိုက်ဆေးရည်**

| | | | | | |
|---|---|---|---|---|---|
| ၁ - | ဠဿရမူလီ | ၆ဝ - သား | ၂ - | ဆင်တုံးမနွယ် | ၆ဝ - သား |
| ၃ - | တမာခေါက် | ။ ။ | ၄ - | ဆောင်မေခါ | ၁၅၀ ။ |
| ၅ - | ဆေးခါးကြီး | ၁၅၀ ။ | ၆ - | နွယ်ချို | ။ ။ |
| ၇ - | သဗျက်သီး | ။ ။ | ၈ - | သဖန်းရိုး | ။ ။ |
| ၉ - | ပွေးကိုင်း | ။ ။ | ၁၀ - | လေးညှင်း | ၇၀ - ၈ - ပဲ |
| ၁၁ - | ချင်းခြောက် | ၃၀ - ၁၂ - ပဲ | | | |

၎င်းဆေး ၁၁ - မျိုးကို အကြမ်းထောင်း၍ ရေ ၁၂ - ပိသာ နှင့် တညစိမ်ထားပြီးလျှင်

နံနက်တွင် အရက်များ ချက်သကဲ့သို့ ပေါင်းတိုက်ရေ ငှက်ပျောဖူးပုလင်း ၇ - ပုလင်း ရအောင် ပေါင်းတိုက်၍ ယူပါလေ၊ ၎င်းဆေးကို ၄ - ရက်ကြာပြီးနောက်မှ အသုံးပြုပါလေ၊ ဆေးအသုံးပြုရန်မှာ—တခွက်စာ ၂၀ - သား နံနက် တကြိမ် ညနေ တကြိမ် သောက်ပါ၊ ခပ်သိမ်းသော အဖျားရောဂါများ, နာတာရှည်အဖျား, တက်ဖျား, ကျဖျား စသည်တို့ကို ပယ်ဖျောက်ပြီးလျှင် ခွန်အားအား တိုးပွားခြင်း, ကိုယ်သားကိုယ်ရေ ကြည်လင်ခြင်း, ဝဖြိုးခြင်း စသော အကျိုးထူးများ ဖြစ်စေနိုင်သော ဣသရမူလီ ပေါင်းတိုက်ဆေးကြီး ဖြစ်သည်။

### အဖျားဖြတ် ဣသရမူလီ စိမ်ဆေးရည်

| | |
|---|---|
| ၁ - ဣသရမူလီ | ၇ - ကျပ် ၈ - ပဲ |
| ၂ - ဆင်တုံးမနွယ် | ״ |
| ၃ - ဆေးခါးကြီး | ၃ - ကျပ် ၁၂ - ပဲ |
| ၄ - ဆောင်မေးခါး | ״ |
| ၅ - လေးညှင်း | ״ |
| ၆ - ဖာလာဘယ် | ״ |

၎င်းဆေးစုကို မှုန့်ညက်စွာ ထောင်းပြီး အဝတ်နှင့် စစ်ပါ၊ ၎င်းနောက် တောအရက် ကောင်းကောင်းနှင့် ရော၍ လုံစွာ ဖုံးအုပ်၍ ၇ - ရက် နေပူပူတွင် လှန်းထားပါ၊ ထို့နောက် အဝတ်ထူထူနှင့် စစ်၍ အေးသောနေရာများ၌၎င်း, ရေခဲသေတ္တာ၌၎င်း ထားပါ၊ ဆေးသုံးစွဲရန်— တခွက်စာ ၆ - ပဲ မှ ၁၂ - ပဲသား အထိ အသက်အရွယ်, အပိုန်အဝ စသည်တို့ကို ကြည့်၍ နံနက် တကြိမ်, ညနေတကြိမ် ရေနှင့် ရော၍ သောက်ပါ၊ ၎င်းဆေးသည် နာတာရှည် အဖျားများကို ကေန် ပယ်ပျောက်နိုင်သော စွမ်းရည်သတ္တိ ရှိသော စိမ်ဆေးကြီး ဖြစ်ပါသည်။

### ဣသရမူလီ အဖျားဖြတ်ဆေး

| | | |
|---|---|---|
| ၁ - ကျောက်ဂေါဒန် | ၃ - ကျပ် ၁၂ - ပဲ | |
| ၂ - ကျောက်ဆေးဒန်း | ״ | ״ |

၎င်း ၂ - မျိုးကို ဣသရမူလီ အစို ပဋ္ဌငါးပါး ညက်စွာကြိတ်၍ ထားသော ဆေးတွင် ရော၍ နွားခြေးမှုန့်ခြောက် ၃ - ပိဿာ မီးဖြင့် ဖုတ်ပါ၊ ထို့နောက် အလိုအလျောက် အေးသောအခါ ဣသရမူလီ ပဋ္ဌငါးပါး သတ္တုရည်ဖြင့် နယ်၍ အပြားကလေးများ ပြုလုပ်၍ အခြောက်ပြုပြီးလျှင် နွားခြေးခြောက် ၃ - ပိဿာဖြင့် ထပ်၍ဖုတ်ပါ၊ အလိုအလျောက် အေးသောအခါ အထက်ပါနည်းအတိုင်း ထိုဆေးများကို ဣသရမူလီမြစ် သတ္တုရည်နှင့်ပင် ကြိတ်နယ်၍ နွားချေး ခြောက်မီးဖြင့် တကြိမ် ထပ်ဖုတ်လျှင် ၎င်းဆေး ပြာကျလာလိမ့်မည်။

### ဆေးစားရန် အချိန် အတိုင်းအတာ

ရွှေးငယ် ၁ - ရွှေးမှ ၃ - ရွှေးထိ အဖျားမတက်မီ တနာရီမှ ကြိုတင်၍ ပျားရည်နှင့် ဖျော်ပြီး သောက်ပါ၊ ဆေးသောက်ပြီးနောက် တနာရီခြားသောအခါ တကြိမ် ထပ်၍ သောက်ပါ၊ နံနက်, ည အချိန်မရွေး ဤနည်းအတိုင်း သောက်မူ နာတာရှည် အဖျားဟောင်းများ လုံးဝ ပျောက်ကင်းပါလိမ့်မည်။

### ဝိသမအဖျားများ ပျောက်ဆေး

| | | |
|---|---|---|
| ၁ - ဂ္လဿရမူလီ | ၁ - ကျပ် | ၈ - ပဲ |
| ၂ - နွားမြေရင်း | | ၁၂ ။ |
| ၃ - ကြံဖလ | | ၁၂ ။ |
| ၄ - ဆင်တုံးမနွယ် | | ၁၂ ။ |
| ၅ - ခရမ်းကစော့မြစ် | | ၁၂ ။ |
| ၆ - ပိတ်ချင်းငယ်သီး | | ၆ ။ |

၎င်းဆေးစုကို အကြမ်းထောင်း၍ ရေ ၃၀ - ကျပ်သားနှင့် ကျိုပါ၊ ထိုသို့ ကျိုသောအခါ ၇ - ကျပ်, ၈ - ပဲသား ကျန်အောင်ကျိုပါ၊ တခွက်စာ ၃ - ကျပ်, ၁၂ - ပဲတွင် ပျားရည် ၁၂ - ပဲသား ထည့်၍ သောက်ပါ၊ ထိုနောက် ၎င်းဆေးကို ည, နံနက် တကြိမ်ကျ မှန်မှန်သောက်ပါ၊ ဝိသမအဖျား ပျောက်ကင်းပါလိမ့်မည်။

### တနည်း ဝိသမဖျား ပျောက်ဆေး

ဂ္လဿရမူလီပဥ္စငါးပါး သတ္တုရည် ၂ - ပဲသား, ပျားရည် ၁၂ - ပဲသားကို တခွက်စာပြု၍ နံနက်, ည မှန်မှန်သောက်မူ ဝိသမအဖျား ပျောက်ကင်းပါလိမ့်မည်။

### အအေးလွန်ကဲသော အဖျားဆေး

| | | |
|---|---|---|
| ၁ - ဂ္လဿရမူလီ အရွက်မှုန့် | ၁ - ကျပ် | ၁၄ - ပဲ |
| ၂ - ဆင်တုံးမနွယ် အမှုန့် | ။ | ၈ - ။ |
| ၃ - ဆေးခါးကြီး အမှုန့် | ။ | ။ |
| ၄ - ကလိန်ရွက် အမှုန့် | ။ | ။ |
| ၅ - နံနံစေ့ အမှုန့် | ။ | ။ |
| ၆ - တမာရွက်မှုန့် | | ၁၂ - ။ |
| ၇ - ဆူးပြုရွက်မှုန့် | | ၁၂ - ။ |

၎င်းဆေးစုကို ညက်အောင်ထောင်း၍ အဝတ်နှင့် စစ်ပြီးလျှင် ထိုဆေးမှုန့်တို့ကို ဂ္လဿရမူလီ သတ္တုရည်နှင့် ကြိတ်၍ ရွှေးကြီးစေ့မျှ လုံး၍ထားပါ၊ အဖျားမတက်မီ ၃ - နာရီမှ ကြိုတင်

၍ ပဥ္စမတလုံးကို ရေနှင့်
အတိုင်း သောက်မူ အ
လက်တွေ့ဆေးကြီး ဖြစ်သ

ဂ္လဿရမူလီ ပဥ္စငါ
ပုလင်းတွင် ထည့်ထားပါ၊
၎င်းနောက် ထိုဆေးပုလင်း
၈ - ပဲသားမျှ သောက်နိုင်၏

၎င်းဆေး၏ အကျိုး
ခြင်း, မျက်စိနာခြင်း ဖြစ်သူ
များ သောက်မူ ဆီးအေး
ပျောက်ကင်း၏၊ အဖျား
ခြင်း မရှိနိုင်ချေ၊ မီးတွင်း
သန္ဓေပါတ်ဖျား၌ အာရုံ
၍ သောက်မူ များစွာ အ
အဆစ်အဆက်ရောင်သော
အကျိုးရှိ၏။

သက္ကတ
ဟိန္ဒီ
လက်တင်

ပုံသဏ္ဌာန်။ ။ဂ္လ
ဂ္လဿရမူလီကြီး ကဲ့သို့ နှစ်ရှည်
ငယ်စဉ်အခါ ပင်စောက်သ
နွယ်သဘောဖြင့် မြေသို့ ဖြန့်၍
သည် နူးညံ့၏၊ ရှည်ဝိုင်းဝိုင်း
သည် နီရောင်သန်းပြီးလျှင်
ဝင်ဆင်တူသော အခွံ, အ
၎င်းပဥ္စငါးပါးသည် ဆေးဘက်

No. 10

ရှူမတလုံးကို ရေနှင့် သောက်ပါ၊ ၎င်းနောက် တနာရီ ခြားပြီး တလုံး တိုက်ပါ၊ ဤနည်းအတိုင်း သောက်မူ အအေးလွန်ကဲသော အဖျားများ ပျောက်ကင်း၏၊ အလွန်ကောင်းသော အဖျားပျောက်ဆေးကြီး ဖြစ်သည်။

**ဣဿရမူလီ စိမ်ဆေး**

ဣဿရမူလီ ပဥ္စငါးပါး အမှုန့် ၁၀ - ကျပ်၊ တောအရက် ၂၅ - ကျပ်- ၎င်း ၂ - မျိုးပုလင်းတွင် ထည့်ထားပါ၊ ၈ - ရက်ကြာပြီးနောက် အဝတ်ဖြင့် စစ်၍ ပုလင်းတွင် လှောင်ထားပါ၊ ၎င်းနောက် ထိုဆေးပုလင်းကို မကြာမကြာ ဖြေးညှင်းစွာ လှုပ်၍ပေးပါ၊ ၎င်းဆေးရည် တခွက်စာ ၈ - ၁၀ သားမျှ သောက်နိုင်၏။

၎င်းဆေး၏ အကျိုးမှာ— အဖျားရှိသူများကို တိုက်မူ အဖျား ပျောက်၏၊ မျက်စိကိုက်ခြင်း, မျက်စိနာခြင်း ဖြစ်သူတို့ သောက်မူ မျက်စိကိုက်ခြင်း, နာခြင်း ပျောက်ကင်း၏၊ ဆီးပူသူများ သောက်မူ ဆီးအေးစေ၏၊ ချွေးငုပ်၍ ဖျားသူများ သောက်မူ ချွေးထွက်လျက် အဖျားပျောက်ကင်း၏၊ အဖျား ပျောက်ပြီးနောက် ( ဝါ ) နာလံထ အခါတွင် အားအင်ကုန်ခန်း ချိနဲ့ခြင်း မရှိနိုင်ချေ၊ မီးတွင်း ဖျားသူများ သောက်မူ များစွာ အကျိုးရှိ၏၊ ဒေါသသုံးပါး ပျက်၍ အနှိပ်ပါတ်ဖျား၌ အာရုံကြောများ အားနည်း ထိုင်းမှိုင်းသောအခါ ၎င်းဆေးကို စမ္ပာနှင့် ရောစပ်၍ သောက်မူ များစွာ အကျိုးရှိ၏၊ ဖြစ်သစ်စ အဆစ်အဆက်ရောင်သော ရောဂါ, နာတာရှည် အဆစ်အဆက်ရောင်သော ရောဂါများကို အတွင်းဆေး, အပြင်ဆေးအဖြစ် အသုံးပြုမူ များစွာ အကျိုးရှိ၏။

---

# ဣဿရမူလီ (အငယ်မျိုး)

**သက္ကတ** **कीटमारि, नाकुल** (နာကုလ်, ကီဋမာရီ)

**ဟိန္ဒီ** **कोडामार** (ချိဋ္ဌာ, ဇာစရ်, မူလီ ကီဋ္ဌာမာ-ရ်)

**လက်တင်** Aristolochia Bactiata

ပုံသဏ္ဌာန်။ ။ဣဿရမူလီပင် ( အငယ်မျိုး ) သည်လည်း ဣဿမူလီမျိုး ဖြစ်၏၊ သို့သော် ဣဿရမူလီကြီး ကဲ့သို့ နှစ်ရှည်ခံခြင်း မရှိ၊ မိုးသက် ပင်ငယ်မျိုး သာ ဖြစ်၏၊ ပထမပေါက်စ ငယ်စဉ်အခါ ပင်စောက်သဘော မတ်ထောင်၍ ပေါက်၏၊ ထိုနောက် ကြီးပြင်းလာသောအခါ နွယ်သဘောဖြင့် မြေသို့ ဖြန့်၍ ပေါက်၏၊ မှီတွယ်ရာရှိက တွယ်ကပ်၍ ပေါက်တတ်၏၊ အရွက်သည် နူးညံ့၏၊ ရှည်ဝိုင်းဝိုင်း နှလုံး ပုံသဏ္ဌာန် ရှိ၏၊ နွယ်ရိုးတံများတွင် အမွေးနုများ ရှိ၏၊ အပွင့်သည် နီရောင်သန်းပြီးလျှင် ညိုသော အရောင် ရှိ၏၊ အသီးမှာ ရှည်၍ လုံး၏၊ ဘိန်းသီးနှင့် ဆင်ဆင်တူသော အခွံ, အသား ရှိ၏၊ သေးငယ်သေး အစေ့များသည် ပြာ၍နက်ရောင်ရှိ၏၊ ၎င်းပဥ္စငါးပါးသည် ဆေးဘက်တွင် အသုံးဝင်၏၊ ပရုပ်၏အနံ့နှင့် ဆင်ဆင်တူသောအနံ့ ရှိ၏။

# ကုသရမုလီ(အငယ်)

## ARISTOLOCHIA BACTIATA.

नाकुला




ဂုဏ် နှင့် စွမ်းရ
ဖျက်ဆီးတတ်၏၊ ဖျာ
အသားနုတက်စေ၏၊
စားလိုသောက်လိုသော
အားပေး၏၊ ချေးကို
အခြောက်ထက် အစိုက
၃ - ပဲသားအထိ စားနိုင

သားဖွားရာ၌
လှယ်ကူစွာ ဖွားမြင်နိုင်
ခြင်းတို့ကိုလည်း အထ
တက်ဖျား, ကျဖျား ရေ
ကို ရော၍ ရေနွေးနှင့်
အဖျားများ လျင်မြန်စွ

နာတာရှည်ဖြစ်
ခြင်း ဖြစ်မူ ဂုသရမူလီ
ဆေးစုကို အမှုန့်ပြု၍ ရ
ကျဆင်းလိမ့်မည်၊ . အဆ
၎င်းဆေးမြစ်ကို ချင်းခြေ
ခြင်း ပြုပါ၊ မြန်စွာပျေ

၎င်းဂုသရမူလီ
တကွ အခြားသော ဝမ
ရာ၏၊ ၎င်းပြင် ဝမ်းဗိုက်
သောက်မူ ပျောက်ကင်း
ကြိတ်၍ ချက်ပေါ်တွင်

၎င်းသည် အရေ
များအတွက် ၎င်းအရွက်
ကင်းစေ၏၊ အနာများ
ပျက်စီးရန် ၎င်းအရွက်၏
လည်း ပျက်စီးကုန်၏၊
ရောစပ်၍ တိုက်မူ များစွ
၍ တိုက်မူ ညောင်းကျခြ
ရန် ၎င်းပဉ္စငါးပါးကို



ဂုဏ် နှင့် စွမ်းရည်။ ။အာယုဗ္ဗေဒ အလိုအားဖြင့် ခါး၏၊ ဝမ်း လျှောစေတတ်၏၊ ပိုးတို့ကို ဖျက်ဆီးတတ်၏၊ ဖျားခြင်း, အဆစ်အဆက် ကိုက်ခြင်းတို့ကို ပျောက်ကင်းစေ၏၊ အနာများကို အသားနုတက်စေ၏၊ ၎င်းအပြင် ဖောရောင်ခြင်းတို့ကို ပယ်တတ်၏၊ ဝမ်းမီးကို တောက်စေ၏၊ စားလိုသောက်လိုသောဓာတ် ဖြစ်ပွားစေ၏၊ ချောင်းဆိုးရောဂါကို ပယ်ဖျောက်နိုင်၏၊ သားအိမ်ကို အားပေး၏၊ ချွေးကို ထွက်စေတတ်၏၊ ရက်ခြားဖျားခြင်းကို တားမြစ်တတ်၏၊ ၎င်းဆေးပင်သည် အခြောက်ထက် အစိုက ပို၍ ဂုဏ်သတ္တိ ထက်မြက်၏၊ အခြောက်မဥ္စငါးပါး အမှုန့် ၆ - ပြားသားမှ ၃ - ပဲသားအထိ စားနိုင်၏၊ အစိုဖြစ်မူ ၁ - ကျပ်သားမှ ၂ - ကျပ်သားထိ သုံးစွဲနိုင်၏။

သားဖွားရာ၌ ခဲယဉ်းစွာ ဖွားမြင်ရသောအခါ ၎င်းအမြစ်မှုန့် ၄ - ပဲသားမျှ သောက်မူ လွယ်ကူစွာ ဖွားမြင်နိုင်၏၊ ၎င်းပြင် ကိုယ်ရေဝါရောဂါ, ဥတုသွေး ချုပ်ခြင်း, နည်းခြင်း, မမှန်ခြင်းတို့ကိုလည်း အထက်ပါ ဆေးအချိန်အတိုင်း သောက်မူ များစွာ အကျိုးရှိစေ၏၊ ၎င်းပြင် တက်ဖျား, ကျဖျား ရောဂါများကို ၎င်းဆေးမြစ်မှုန့် ၃ - ပဲသားနှင့် ငြုပ်ကောင်းမှုန့် ၂ - ပဲသားကို ရော၍ ရေနွေးနှင့် သောက်ခြင်း, ၎င်းအမြစ်ကို ရှာလပတ်ရည်နှင့် သွေး၍ လိမ်းခြင်း ပြုမူ ဝိသမ အဖျားများ လျင်မြန်စွာ ပျောက်၏။

နာတာရှည်ဖြစ်သော တက်ဖျား, ကျဖျား ရောဂါသည် ခြေ, လက် စသည်တို့ ဖောရောင်ခြင်း ဖြစ်မူ ဂ္ဂုသရမူလီမြစ်, ငြုပ်ကောင်းစေ့, မြင်းခေါင်းနွယ်စေ့, ကျည်သီးဆံ - ၎င်းဆေးစုကို အမှုန့်ပြု၍ ရှာလပတ်ရည်နှင့် ကြိတ်ပြီးလျှင် ဖောရောင်ရာသို့ လူးပေးပါ၊ အဖောများ ကျဆင်းလိမ့်မည်၊ အဆစ်အဆက်ရောင်သော ရောဂါ၌၎င်း, အစာမကြေ လေပြည့်ရောဂါ၌၎င်း ၎င်းဆေးမြစ်ကို ချင်းခြောက်နှင့် သင့်တော်သလို ခပ်၍ သောက်ခြင်း, အပြင်ဆေးအဖြစ် လိမ်းကျံခြင်း ပြုပါ၊ မြန်စွာပျောက်ကင်းလိမ့်မည်။

၎င်းဂ္ဂုသရမူလီအငယ်မြစ်သည် ဝမ်းသက်တတ်သဖြင့် ဝမ်းသက်၍ ဖြစ်သော အဖျားနှင့် တကွ အခြားသော ဝမ်းသက်၍ ဖြစ်သော ရောဂါများအတွက် မပေးသင့်သည်ကို သတိပြုကြရာ၏၊ ၎င်းပြင် ဝမ်းဗိုက် ထိုးအောင့်နာကျင်မူ ၎င်းအရွက် ၂ - ရွက်ကို ကြိတ်၍ ကြက်ဆူဆီနှင့် သောက်မူ ပျောက်ကင်း၏၊ ကလေးများ ဝမ်းဗိုက်ထိုးအောင့်နာကျင်မူ ၎င်းအရွက်ကို ညက်စွာ ကြိတ်၍ ချက်ပေါ်တွင် အုံပေးမူ ထိုးအောင့်ခြင်း ပျောက်ကင်း၏။

၎င်းသည် အရေပြား ရောဂါတွင်လည်း များစွာ နိုင်နင်းသောကြောင့် ပွေးနာ, ယားနာ များအတွက် ၎င်းအရွက်ကို ကြက်ဆူဆီနှင့် ညက်စွာ ကြိတ်၍ လိမ်းကျံပေးမူ ပွေးနာများ ပျောက်ကင်းစေ၏၊ အနာများ အသားနုတက်ရန်နှင့် အနာများတွင် ကျရောက်စွဲကပ်နေသော ပိုးများ ပျက်စီးရန် ၎င်းအရွက်၏ သတ္တုရည်ကို လိမ်းကျံပေးမူ အနာလည်း အသားနုတက်၏၊ ပိုးများလည်း ပျက်စီးကုန်၏၊ လိင်နိမိတ်ရောဂါ ရှိသူများကို ၎င်းအရွက်၏ သတ္တုရည်နှင့် နွားနို့ကို ရောစပ်၍ တိုက်မူ များစွာ အကျိုးရှိ၏၊ သြောင်းကျရောဂါများကို ၎င်းသတ္တုရည်စိမ်းကို ရောစပ်၍ တိုက်မူ သြောင်းကျခြင်းမှ လွတ်ကင်း၏၊ အဆိပ်ရှိသော သတ္တဝါများ၏ အဆိပ်ကို ပြေပျောက်ရန် ၎င်းပဉ္စငါးပါးကို သောက်လည်းသောက်, လိမ်းလည်းလိမ်းပေးမူ အဆိပ်များ ပျက်ပြယ်

ကုန်၏၊ ကလေးများ ခေါင်း၌ ပေါက်ဘတ်သော ဒက်နာ နှင့် ယားနာများကို ၎င်းအရွက်ကို ညက်စွာ ကြိတ်၍ ကြက်ဆူဆီနှင့် ဖျော်၍ လူးပေးမူ ၎င်းအနာများ ပျောက်ကင်းနိုင်၏။

**ဆေးသောက်ရန် အချိန် အတိုင်းအတာ**

၎င်း၏ အစိမ်းသတ္တုရည် ၂-ပဲမှ ၈-ပဲထိ၊ ပြုတ်ရည် ၈-ပဲမှ ၃-ကျပ်သားထိ၊ ပဋ္ဌေါးပါး အခြောက်မှုန့် ၃-ပဲမှ ၄-ပဲအထိ တခွက်စာ အဖြစ် သုံးစွဲနိုင်၏။

---

# ဤစမ်ဂိုလ်

| | | |
|---|---|---|
| **သက္ကတ** | **स्निग्ध बीजम** | (စ်-နိ-ဂ်-ဓ်-ဗီဂျမ်) |
| **ဟိန္ဒီ** | **इसबगोल** | (ဤဆဗ်ဂိုလ်) |
| **လက်တင်** | Pluntago Ovara | |
| **လက်တင်** | P. Isphagula | |

**ပုံသဏ္ဍာန်။** ။ဤစဗ်ဂိုလ်ပင်သည် ပင်ငယ်ချုံပုတ်မျိုး ဖြစ်၏၊ ခန့်မှန်း ၃-ပေမျှ မြင့်၏၊ ၎င်းအရွက်သည် စပါးရွက်နှင့် တူ၏၊ ပင်စည်မှာ အသွန်ငယ်၏၊ အပင်၏အဖျား၌ ဂျုံပင်များ သီးနှံ ထွက်သကဲ့သို့ အမွေးစုတ်စုတ်နှင့် သီးတံ ဖူးနံ များ ထွက်၏၊ ၎င်းအသီးခက်နံ တွင် အသီး များ ရှိပြီးလျှင် ၎င်းအသီးများ၏ အပေါ်မှ သေးငယ်သော အရောင်ဖြူသည့် အမြေးပါးကလေး များ ကပ်၍နေ၏၊ အမြေးပါးကလေးများကို ခွာယူလိုက်သောအခါ ဖွဲမှုန်ကလေးများနှင့် တူစွာ အဖြူရောင် အမှုန်ကလေး ဖြစ်သွား၏၊ ၎င်းကို "ဤဆဗ်ဘူဆီး" ဟု ခေါ်ဆို သုံးစွဲကြကုန်၏၊ ၎င်းအပင်သည် အကြီး၊ အငယ် ၂-မျိုးရှိရာ အကြီးမှာ (Plantago Amplexicaulis) ဟု လက်တင်ဘာသာ အမည်နှင့် တည်ရှိ၏၊ ၎င်းအစေ့၏ အရောင်သည် ပြာနှမ်းနှမ်းအရောင် ရှိ၏၊ ၎င်းသည် ပံဂျာပ်၊ မလဝါ နှင့် ဆိန္ဒာနယ် ကွင်းများတွင် များစွာ ပေါက်ရောက်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ ၎င်း၏ အစေ့သည် အေး၏၊ အပူကို ငြိမ်းအေးစေ၏၊ ဝမ်းကို စင်ကြယ်စေ၏၊ မလများ ချုပ်ခြင်းကို ကင်းဝေးစေ၏၊ ဝမ်းရစ်ခြင်း၊ အတိသာရဝမ်းသွားခြင်း၊ အတိသာရ သွေးဝမ်းသွားခြင်း၊ ပိတ်ဝမ်းသွားခြင်း၊ ဝမ်းတွင်း၌ အနာပေါက်ခြင်းကို ပယ်ဖျောက် တတ်၏၊ အပူလွန်ကဲသော ဓာတ်ခံရှိသည့်သူများ ဖြစ်တတ်သော "သုက္ကမေဟ" ရောဂါခေါ် ဆီး နှင့် သုက်ဓာတ် ရောနှော၍ သွားခြင်း၊ ဆီးသည် သုက်၏အရောင်ကဲ့သို့ရှိခြင်း၊ ဆီးပြစ်ချွဲခြင်း၊ ဆီးအနံ့ ဆိုးခြင်း စသော ရောဂါကို ဤစဗ်ဂိုလ်သည် များစွာ အကျိုးပြု၏၊ အစာအိမ် ပူလောင်ခြင်း၊ သည်းခြေ ဖောက်ပြန်ခြင်း စသော ရောဂါများကိုလည်း ကောင်းစွာ ပြုပြင်နိုင်၏၊ အဆစ်ရောင်ခြင်း၊ အထုံးအဖွဲ့ ဖြစ်ခြင်း စသော လေရောဂါများကို ကျပ်ထုပ် ပြုလုပ်၍ ထိုးခြင်း ဖြင့် ပျောက်ကင်းနိုင်၏၊ ၎င်းပြင် ဆီးပူခြင်း၊ ဆီးအိမ် ပူလောင်ခြင်း တို့ကို ဤစဗ်ဂိုလ် ၆-ပဲမှ



ာမျ်ားကို ၎င်းအရွက်ကို
ပျောက်ကင်းနိုင်၏။

ကျပ်သွားထိ ပဋ္ဌါးပါး

ါ)

ခန့်မှန်း ၃ - ပေမျှ မြင့်၏၊
း၏အဖျားၡ္ ဂုံပြင်များ
အသီးခက်နှ တွင် အသီး
သည့် အမြေးပါးကလေး
နှုန်ကလေးများနှင့် တူစွာ
ခေါ်ဆို သုံးစွဲကြကုန်၏၊
Amplexicaulis) ဟု
ပြာနှမ်းနှမ်းအရောင် ရှိ၏၊
က်ရောက်၏။

ငြိမ်းအေးစေ၏၊ ဝမ်းကို
အတိသာရဝမ်းသွားခြင်း,
ပါက်ခြင်းကို ပယ်ဖျောက်
ဏ္ဍမေဟ" ရောဂါခေါ်
သို့ရှိခြင်း, ဆီးပြစ်ချွဲခြင်း,
အကျိုးပြု၏၊ အစာအိမ်
ကောင်းစွာ ပြုပြင်နိုင်၏၊
ဝ်ထုပ် ပြုလုပ်၍ ထိုးခြင်း
တို့ကို ဣစဗ်ဂိုလ် ၆ - ပဲမှ



ကျှ်စပ်ဂိုလ်
PLANTAGO OVATA.
स्निग्ध बीजम

၁၂-ပဲသားကို သကြားအနည်းငယ် ထည့်၍ သောက်ပါက လျင်မြန်စွာ ပယ်ဖျောက်၍ ဆီးကိုလည်း ရှင်လန်းစေ၏။

## ရောဂါအလိုက် အသုံးပြုပုံ

**ဆီးအောင့်ရောဂါ ပျောက်ဆေး။** ။ ဤစပ်ဂိုလ် ၈-ပဲသား, ကရဝေးသီး ၄-ပဲ, ယမ်းစိမ်း ၂-ပဲ - ၎င်း ၃-မျိုး တခွက်စာပြု၍ ဆန်ဆေးရေနှင့် သောက်ပါ၊ ဆီးအောင့်ရောဂါ ပျောက်ကင်း၏။

**သွေးမြင်းသရိုက်ရောဂါ ပျောက်ဆေး။** ။ဤစပ်ဂိုလ် အစေ့ကို ရေစိမ်၍ အဝတ်ဖြင့် စစ်ပြီးလျှင် သင့်တော်ရုံ သောက်မူ သွေးမြင်းသရိုက် ပျောက်ကင်း၏။

**ဆီးပူရောဂါ ပျောက်ဆေး။** ။သကြားမှုန့်နှင့် ဤစပ်ဂိုလ်ကို ရော၍ သောက်မူ ဆီးပူရောဂါ ပျောက်ကင်း၏။

**အဆစ်ရောင်ရောဂါ ပျောက်ဆေး။** ။ အဆစ်အဆက် ရောင်မူ ၎င်းအစေ့ကို စိမ်၍ အုံကပ်ပေးမူ အဆစ်ရောင်ရောဂါ ပျောက်ကင်း၏။

**နှာခေါင်း သွေးယိုရောဂါပျောက်ဆေး။** ။ ၎င်းအစေ့ကို ကျောက်ပျဉ်မှာ ကြိတ်၍ မျက်နှာအထက်ပိုင်းတွင် ခပ်ပါးပါး လိမ်းပေးမူ နှာခေါင်းမှ သွေးယိုခြင်း ပျောက်ကင်း၏။

**ပန်းနာရောဂါပျောက် ဆေးနည်း။** ။ တနေ့စ်, သို့မဟုတ် ၆-လမျှ နံနက် တကြိမ်, ည တကြိမ် ဤစပ်ဂိုလ် ၁၂-ပဲသားကို ရေနှင့် စိမ်ပြီး မှန်မှန်သောက်မူ ပန်းနာလေကြပ် ရောဂါ ပျောက်ကင်း၏။

**သည်းခြေရှုးရောဂါ ပျောက်ဆေး။** ။ဤစပ်ဂိုလ်ကို ရေစိမ်ထားပါ၊ ၎င်းကဲ့သို့ ရေစိမ်၍ မိကျောင်းကွမ်းဖတ် ပင်ပွားများကဲ့သို့ ပွ၍လာသောအခါ ၁၂-ပဲသား ယူ၍ သကြား အနည်းငယ်နှင့် သောက်ပါ၊ သည်းခြေကြောင့် ရှုးသောရောဂါ ပျောက်ကင်း၏။

> **မှတ်ချက်။** ။ အခြားသော ဆေးဘက်ဝင်များနှင့် ရောစပ်ခြင်း မရှိဘဲ ဤစပ်ဂိုလ်ဆေး တမျိုးတည်း သောက်စားရန် ညွှန်ကြားသောအခါ ၎င်းဤစပ်ဂိုလ်ကို ရေစိမ်၍ ပွလာလျှင် အဝတ်ဖြင့် စစ်ယူ၍ ဤစပ်ဂိုလ်သက်သက်ကို သောက်ပါ၊ ဤနည်းမှတပါး ကျောက်ပျဉ်မှာ ကြိတ်၍ စားခြင်းကို မပြုရန် သတိပြုပါ။

**သူငယ် လိင်ဥကြီးသော ရောဂါ ပျောက်ဆေး။** ။ဤစပ်ဂိုလ် အစေ့ကို အမှုန့်ထောင်း၍ ရေနှင့်နယ်ပြီးလျှင်၊ လိင်ဥကို လိမ်းနယ်ပေးပါ၊ လိင်ဥကြီးခြင်းပျောက်ကင်း လိမ့်မည်။

**အပူအပုပ်ကျ ဝမ်းနုတ်ဆေး။** ။ဤစပ်ဂိုလ်အခွံ ဂုံသား ရေသန့်သန့် ၁-ကျပ် ၁၂-ပဲနှင့် စိမ်၍ အဝတ်ဖြင့်စစ်ပါ၊ ၎င်းတွင် ဗာဒံမ်သီးနှင့် သကြား သင့်တော်ရုံထည့်၍ သောက်မူ၊ နူးညံ့စွာ ဝမ်းသက်စေ၏၊ ၎င်းဆေးချိန်သည် တခွက်စာဖြစ်၏။

**သွေးအန် သွေးကျနှင့် လိင်နိမိတ် ရောဂါပျောက်ဆေး။** ။ကျဲစဗ်ဂိုလ် ၂-ကျပ်သားကို ကြက်တွင် စိမ်ထားပါ နောက်တနေ့နံနက်အ[illegible]င် ကောင်းစွာစစ်၍၊ ၎င်းတွင် သကြားခဲ [illegible]-ကျပ် ၈-ပဲသားထည့်၍ သောက်ပါ၊ သွေးအန်, သွေးကျ, သွေးများယိုစီးခြင်း, လိင်နိမိတ် ရောဂါကြောင့် ကျပ်ထွက်ခြင်း စသည်တို့ ပျောက်ကင်း၏၊ ၎င်းဆေးကို အမြဲမပြတ် နံနက်စော စောသောက်ပါ၊ သွေးသားများသန့်ရှင်း၍ အထက်ပါရောဂါများလည်း ပျောက်ကင်းသွားနိုင် သည်။

**ပိတ်ဝမ်းသွား ရောဂါပျောက်ဆေး။** ။ကျဲစဗ်ဂိုလ်အစေ့ ၁၂-ပဲ သကြားခဲ ၁၂-ပဲ ၎င်း ၂-မျိုးကို ကောင်းစွာရော၍ နေ့အချိန်တွင် ၂-ကြိမ်မှ ၄-ကြိမ်အထိ သောက်ပါ၊ ပိတ် ဝမ်းသွားခြင်း ပျောက်ကင်း လိမ့်မည်။

**သွားကိုက် သွားနာ ပျောက်ဆေး။** ။ကျဲစဗ်ဂိုလ်အစေ့ကို ဆန်ပုံးရည်နှင့် စိမ်ပြီးလျှင် ၎င်းကို သွားရင်း၌ သိပ်, ကပ်, ထားမူ သွားကိုက်သွားနာ ရောဂါ ပျောက်ကင်းနိုင်၏။


**နားကိုက် ရောဂါ ပျောက်ဆေး။** ။ကျဲစဗ်ဂိုလ်စေ့ကို ရေနှင့်စိမ်၍ ပွလာသော အ ခါ ရေကိုစစ်ပြီးလျှင်၊ ၎င်းရေတွင် ကြက်သွန်နီဥ သတ္တုရေနှင့်ရော၍ နားတွင်းသို့ အနည်းငယ် မျှ ခပ်၍ ပေးပါ၊ နားကိုက်, နားနာ ပျောက်ကင်းနိုင်၏။

**ပြည်တူလာ သရောနာ။** ။ကျဲစဗ်ဂိုလ်၊ ကရဝေးသီး, ယမ်းစိမ်း, ဆတူစပ်၍ အနည်း ငယ်မျှလျက်မူ ပြည်တူလာ သရောနာ ပျောက်ကင်းနိုင်၏။

**ဝမ်းတန့်ဆေး။** ။ကျဲစဗ်ဂိုလ်အစေ့ ၆-ပဲ၊ ရေ ၃ဝိ-နှင့် ထက်ဝက်ခန့်ကျိုပါ၊ ၎င်း ဆေးရည် ၁၅-ကျပ်သားကို နေ့အချိန်တွင် အားလုံးကုန်အောင် သောက်ပါ၊ ဝမ်းပျက်, ဝမ်းသွား နှင့် ပိတ်ဝမ်းသွား ရောဂါများ ပျောက်ကင်းနိုင်သည်။

မှတ်ချက်။ ။ကျဲစဗ်ဂိုလ် ဆေးပင်ကို ကျွန်ုပ်တို့ မြန်မာ့အာယုဗ္ဗေဒ ဆေးသိပ္ပံအဖွဲ့မှ ရှာဖွေစုံစမ်း၍ မတွေ့သေးသော်လည်း ၎င်း၏ကိုယ်စား သုံးစွဲနိုင်သည့် ဂုဏ်, သတ္တိ စွမ်း ရည်ချင်း တူမျှသော အကြောတထောင်ခေါ် ဆေးကျော်ကြီးပင် သို့မဟုတ် ဘားကြော ပင်ကို အသုံးပြုနိုင်သဖြင့် ၎င်းကျဲစဗ်ဂိုလ်ဆေး၏ အကြောင်းကို ရေးသား ဖော်ပြရခြင်း ဖြစ်ပါသည်၊ အကြောတထောင်ခေါ် ဆေးကျော်ကြီး သို့မဟုတ် ဘားကြောပင်မှာ မေမြို့နှင့် အနီးတဝိုက်တွင်၎င်း၊ အခြားသော အလွန်အေး၍ မြင့်မားသော ရှမ်းပြည် တောင်ပေါ်ဒေသများ၌၎င်း များစွာပေါက်ရောက်နေသည်ကို တွေ့ရှိနိုင်သည်။

---



၁" စကေး

ဥနဲ့

STREBLUS ASPER

शाखोटा

သင်္ကေ

ဟိန္ဒီ

လက်

ပုံသဏ္ဌာန်။
မညီညာသော ခွေးသွားစိ
အရွက်ညာတန်တို့ ရွက်လွဲထ
အတွင်း ပွင့်၏၊ အသီးမှာဝ
ရှိ၏။

ဂုဏ်နှင့် စွမ်းရည်။
ရောနာ, လေနာ, သလိပ်နာ
ဂါကြောင့်ဖြစ်သော လည်
၏ အစေးရည်သည် တွန့်ရှုံ့
တတ်၏၊ ၎င်းအရည်သည် ဒ
၏၊ ၎င်းအခေါက်၏ ပြုတ်
တို့ကို အသုံးပြုမှု များစွာအ
ပျက်များကို ၎င်းအခေါက်
တို့ကို မြေဆိပ်ဖြေဆေးများဝ

ဆေးဝမ်းရောဂါ။
ဆေး ၅ - မျိုး အမျစု အမှုန့်

သွေးအားနည်းသေ
ပြီး ရေ ၇ - ပိဿာနှင့်ကျို၊
ချကျို၊ ပျစ်ခဲ့၍လာသောဆ
၏။

# ဥနဲ့ပင်

သက္ကတ शाखोटा ( သျှဦဋ္ဌာ )

ဟိန္ဒီ सहोरा ( စဟိုရာ )

လက်တင် Stre blus Asper

**ပုံသဏ္ဌာန်။** ။ဥနဲ့ပင်သည် အမြဲစိမ်းလန်းနေသော ပင်လတ်မျိုးဖြစ်၏၊ အရွက်တွင် မညီညာသော ခွေးသွားစိပ်များရှိ၏၊ အရွက်၏ကျောဘက်မျက်နှာသည် အလွန်ကြမ်းတန်း၏၊ အရွက်ညှာတန့်တို့ ရွက်လွှဲထွက်၏၊ (ဘယ်ညာ ထွက်၏) အပွင့်မှာဝါ၏၊ တပေါင်းလမှ ကဆုန်လ အတွင်း ပွင့်၏၊ အသီးမှာဝါ၏၊ ဇီးကင်းမျှရှိ၏၊ အပွင့်ကိုစွဲ၍ ၎င်းအုန်းနွဲ့သည် ဖို့မ ဟူ၍ ၂-မျိုး ရှိ၏။


**ဂုဏ် နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒအလိုအားဖြင့် ၎င်းအပင်သည် နူနာ၊ ပြည်တုလာ သရောနာ၊ လေနာ၊ သလိပ်နာ၊ အတိသာရဝမ်းသွားရောဂါ၊ ဝမ်းကိုက်၊ ပိတ်ဝမ်းသွား၊ ခယရုဂ်ရောဂါကြောင့်ဖြစ်သော လည်ချောင်းအာခေါင်၌ အဖုအကျိတ်များကို ပျောက်ကင်းစေ၏၊ ၎င်း၏ အစေးရည်သည် တွန့်ရှုံ့စေတတ်၏၊ ရောဂါဖြစ်စေတတ်သော ပိုးများကို ဖျက်ဆီး၊ ပယ်ဖျောက်တတ်၏၊ ၎င်းအရည်သည် အဖုအပိမ့် အနာများကို လိမ်းဆေးအဖြစ် အသုံးပြုမှု များစွာ အကျိုးရှိ၏၊ ၎င်းအခေါက်၏ ပြုတ်ရည်သည် ဖျားခြင်း၊ အတိသာရ ဝမ်းရောဂါဖြစ်ခြင်း၊ ဝမ်းကိုက်ခြင်းတို့ကို အသုံးပြုမှု များစွာအကျိုးရှိ၏၊ မပျောက်နိုင်၊ မကျက်နိုင်သော၊ အနာအိုု၊ အနာမင်း၊ အနာပျက်များကို ၎င်းအခေါက်ကို လိမ်းကျံပေးမှု ပျောက်ကင်းစေ၏၊ အချို့သူတို့သည် ၎င်းအမြစ်ကိုကို မြွေဆိပ်ဖြေဆေးများတွင် ထည့်၍အသုံးပြုကြ၏။

**သွေးဝမ်းရောဂါ။** ။ဥနဲ့ရွက်၊ ဥသျှစ်ရွက်၊ ကြောင်ပန်းရွက်၊ ရှားစောင်းကြီး၊ ဆား - ဤဆေး ၅-မျိုး အမျှစု အမှုန့်ပြု ရေနွေးနှင့်တိုက်။

**သွေးအားနည်းသော ရောဂါ။** ။ဥနဲ့၊ ဥသျှစ်၊ ပေါက်အမြစ် ၁-ပိဿာစီ နုတ်နုတ်စင်းပြီး ရေ ၇-ပိဿာနှင့်ကျို၊ ၃-ပုံ ၂-ပုံ ခန်းလျှင်ချပြီး စစ်၍ယူ၊ အရေကိုပျစ်ခဲ့လာအောင် ပြန်၍ကျို၊ ပျစ်ခဲ့၍လာသောအခါ ပျားရည် ၁-ပိဿာထည့်ပြီးချ၍ နံနက် ည ၁-ဇွန်းစီ သောက်ရာ၏။

---

No. 11



ဥပသကာ(ဇီလပ်)

SARASE RADIX.

কালাষাক

သဌ

ဟိန္ဒီ

အင်္ဂ

လက်ဋ

ပုံသဏ္ဍာန်။ ဇင်

နွယ်ပင်မျိုးဖြစ်၏၊ အရွက်

စိပ်ရှိ၏၊ အရွက်ညှာတန်ရှိ

၏လုံးပတ် လက်တလုံးမျ

ရှိ၏၊ ဥပသကာမြစ်ကဲ့သို

အမေရိကန်ပြည်မှ များေ

အားဖြင့် (ဆာရဆာပဒေ

ဝေါ်ဆိုခြင်း၏ အကြောင်

ရောင်ပရေလာမှာ သေ

အမိပ္ပာယ်ရလေသည်ဟု 'ဒ

ငှင်းအမြစ်မရမူ သဘော

ဂုဏ် နှင့် စွမ်းရည်။

များမကောင်းရာတွင် များ

ဆိုးများကိုစင်ကြယ်အောင်

ပွားများအောင်ပြုဘတ်၏၊

လျှဉ်းသောရောဂါများ, အ

ဥပသကာတေဆေ

စမုန်စပါး ၁ ・ကျပ် ၂ ・ပဲ

၁ ・ကျပ် ၂ ・ပဲ သကြားခဲ

လုံစွာထားပါ တခွက်စာ

အကျိုးမှာ။ ။လူပျို

သုတ်ဓာတ်ကို စင်ကြယ်အေ

တို့ကိုပျောက်ကင်းစေ၏၊

ယှို့ကိုပျောက်ကင်းစေ၏၊

ဆောင်ပါ ၎င်းအပြင် နှာ

ပူးခေါင်းကြီးသောရောဂါ



# ဥပသကာ (ဗိလပ်)

သက္ကတ  कालशाक  (ကာလယှာက)

ဟိန္ဒီ  उशबा मागरबी  (ဥဓိမှာမဂ-ရဗိ)

အင်္ဂလိပ်  Sarsaparilla

လက်တင်  Sarase Radix


**ပုံသဏ္ဌာန်။** ။ဗိလပ် ဥပသကာသည် ဥပသကာမျိုးဖြစ်၍ ဥပသကာနှင့် သဏ္ဌာန်တူသော နွယ်ပင်မျိုးဖြစ်၏၊ အရွက်မှာ ဥပသကာရွက်ထက်ရှည်၏၊ ဥသဏ္ဌာန်ရှိ၏၊ ရွက်ဖျားချွန်၏၊ ခွေးသွားစိပ်ရှိ၏၊ အရွက်ညှာတန်ရိုးတို၏၊ ၎င်း၏အမြစ်သည်ရှည်လျား၏၊ နီကြန်ကြန်အရောင်ရှိ၏၊ အမြစ်၏လုံးပတ် လက်တလုံးမျှ အကြီးဆုံးဖြစ်၏၊ မြစ်သေးမြစ်မွှားအမျှင်ကလေးများ ကပ်တွယ်လျက်ရှိ၏၊ ဥပသကာမြစ်ကဲ့သို့ ကွေ့ကောက်ခြင်းမရှိ၊ အလွန်ဖြောင့်မတ်၏၊ ၎င်းဥပသကာသည် အမေရိကန်ပြည်မှ များသောအားဖြင့် တင်ပို့ရောင်းချ၏၊၎င်းကို လူမျိုးပေါင်းစုံကပင် များသောအားဖြင့် (ဆာရဆာပရေလာ) ဟုခေါ်ဆိုသုံးစွဲကြကုန်၏၊ ၎င်းကို (ဆာရဆာပရေလာ) ဟု ခေါ်ဆိုခြင်း၏ အကြောင်းရင်းမှာ စပိန်ဘာသာစကားရင်းပင်ဖြစ်၏၊ ဆာရဆာမှာ နီသော အရောင် ပရေလာမှာ သေးငယ်သော ဆိုလိုရင်းမှာ နီရောင်ရှိသော သေးငယ်သည့်အမြစ်ဟု အဓိပ္ပာယ်ရလေသည်ဟု 'သံညာနိဃဏ္ဍုက' မည်သောကျမ်း၌ ရေးသားသည်ကို တွေ့ရှိရလေသည်၊ ၎င်းအမြစ်မရမူ သဘောစိန္နပေါ်ကို အသုံးပြုနိုင်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။၎င်းသည် လိင်၏ နိမိတ်ရောဂါ၌ အသုံးပြုရ၏၊ အစာကြေ ပြန်ကြောများမကောင်းရာတွင် များစွာအသုံးပြုရ၏၊ ၎င်းပြင်အရေပြားရောဂါများကို ပယ်စွမ်းနိုင်၏၊ သွေးသားများကိုစင်ကြယ်အောင် ပြုတတ်၏၊ အရောင်အဖေါ ရောဂါများကို ကျဆင်းစေ၏၊ကျင်ငယ်ကို ပွားများအောင်ပြုတတ်၏၊ သုတ်ဓာတ်ကို သွတ်စေ၏၊ ဝစွမက်ဆီးအိမ်နှင့် သားအိမ်များနှင့် စပ်လျဉ်းသောရောဂါများ, အဖု အကျိတ်များ, နူနာရောဂါများကို ပယ်ဖျောက်တတ်၏။

**ဥပသကာတေဆေး။** ။ဗိလပ်ဥပသကာ ၅-ကျပ် ၄-ပဲ ပွေးကိုင်း ၁-ကျပ် ၈-ပဲ စမုန်စပါး ၁-ကျပ် ၂-ပဲ နံ့သာနီ ၁-ကျပ် ၂-ပဲ ဆေးပိုးတီ ၂-ကျပ် ၄-ပဲ ကြာဟင်းဖြူမြစ် ၁-ကျပ် ၂-ပဲ သကြားခဲ ၃၇-ကျပ် ပျားရည် ၃၇-ကျပ် ၎င်းဆေးစုကို ကောင်းစွာတေ၍ လုံစွာထားပါ တခွက်စာ ၁၂-ပဲမှ ၁-ကျပ် ၄-ပဲသားအထိ စားနိုင်၏။

**အကျိုးမှာ။** ။လူပျိုနာကြောင့်ဖြစ်သော အနာများ၌ ပြည်ဘည်ခြင်းကို စင်ကြယ်စေ၏၊ သုတ်ဓာတ်ကို စင်ကြယ်အောင် ပြုတတ်၏၊ သွေးဆိုးပွား၍ အကျက်အဆင်းထခြင်း, ယားယံခြင်းတို့ကိုပျောက်ကင်းစေ၏၊ အသစ်ရောင်ခြင်း, ဥကျောက်ခြောက်ခြင်း, လေပူရောဂါများဖြစ်ခြင်းတို့ကိုပျောက်ကင်းစေ၏၊ လူပျိုနာကြောင့်ဖြစ်သော အနာများကို ရက်သက်ကြာအောင် စွဲ၍သုံးဆောင်ပါ ၎င်းအပြင် နှာတာရှည် ပန်းနာရောဂါ ပြည်ဘူသာသရောနာ, စကဘန်ခေါင်းတိုနာ, မူးခေါင်းကြီးသောရောဂါတို့ကို ပျောက်ကင်း စေတတ်၏။

---



ဥပသကာ(မြန်မာ အနွယ်)

HEMIDESMUS INDICUS.

उत्पल सारिव

# ဥပသ

သက္ကတ

ဟိန္ဒီ


အင်္ဂလိပ်

လက်တင်

**ပုံသဏ္ဌာန်။** ။မြန်
ပေါ်ဒေသများတွင် များ
ရင့်ရောင်ရှိ၏၊ အရွက်မှာ
နှင့် ဆင်ဆင်တူ၏၊ ၎င်းအ
ချိုးချိုကြည့်မူ နို့စေးများ
တောက်သိန်အသီးနှင့် ဆင်
အခါ အတွင်းမှမှို့များထွ
ကွေ့ကွေ့ရှိ၏၊ အမြစ်၏အ
ရှိ၏၊ ၎င်းသည် အဖြူ-အန
ဆရ်ဟု ခေါ်ကြကုန်၏၊
ခေါ်ဝေါ်သုံးစွဲကြကုန်၏၊

ဂုဏ် နှင့် စွမ်းရည်။
ဥပသကာသည် အေး၏၊ ခ
မွေး၏၊ ယားနာ, နူနာ, ဖျ
မမြိန်ခြင်း, ဒေါသသုံးပါး
သလိပ်ရောဂါ, အတိသာ
ပိတ်) ရောဂါနှင့် လေရော
ဆာလောင်မွတ်သိပ်ခြင်းကို
ကြယ်စေ၏၊ အရေပြားေ
၏ ပြုတ်ရေကိုသုံးစွဲမူ ဆီးသ
ခြင်းမှလည်း ကင်းဝေးစေ
ရည်သည် ဆီးအိမ်ရောင်ခြ
ဆီးပုပ်ခြင်း, ဆီးရောင်နီမြ
ခြင်းတို့ကိုလည်း များစွာအ

ခပ်သိမ်းသော အ
**မိတ်ရောဂါတို့သည် အခြာ**



# ဥပသကာ (မြန်မာနှင့် အိန္ဒိယ)

| | | |
|---|---|---|
| သက္ကတ | **उत्पल सारिवा** | (ဥ-တ-ပ-လ် စာရိဝါ) |
| ဟိန္ဒီ | **अनन्तमूल, गौरीसर** | (အနန္တမူလ်၊ ဂေါ်ရီဇရ) |
| အင်္ဂလိပ် | Indian Sarsaparilla | |
| လက်တင် | Hemi Desmus Indicus | |

**ပုံသဏ္ဌာန်။** ။မြန်မာအိန္ဒိယ ဥပသကာသည် နွယ်မျိုးဖြစ်၏၊ ကုန်းမြင့်များ, တောင်ပေါ်ဒေသများတွင် များသောအားဖြင့်ပေါက်ရောက်၏၊ ၎င်းနွယ်၏အခေါက်ရောင်သည် အနီရင့်ရောင်ရှိ၏၊ အရွက်မှာ ၃-လက်မ သာသာရှိ၏၊ မျက်နှာခြင်းဆိုင် စုံထွက်၏၊ သပြေချဉ်ရွက်နှင့် ဆင်ဆင်တူ၏၊ ၎င်းအရွက်တွင် အဖြူ အစင်းကြောင်းကလေးများရှိ၏၊ ၎င်းအရွက်များကိုချိုး၍ကြည့်မူ နို့စေးများထွက်၏၊ အပွင့်မှာသေးငယ်၍ ဖြူသောအရောင်ရှိ၏၊ အသီးမှာငွေးတောက်သိန်အသီးနှင့် ဆင်တူ၏၊ အသီး ၂-လုံး ၂-လုံးစုံထွက်၍ သီး၏၊ ၎င်းအသီးမှည့်ရင့်သောအခါ အတွင်းမှမှို့များထွက်၏၊ ၎င်းအမြစ်သည်လုံး၏၊ အလွန်ရှည်လျား၏၊ ကောက်ကောက်ကွေ့ကွေ့ရှိ၏၊ အမြစ်၏အခွံရောင်သည် နီညိုညိုရှိ၏၊ အတွင်းသားသည်ဖြူ၏၊ လွန်သောအနံ့ရှိ၏၊ ၎င်းသည် အဖြူ-အနက်ဟူ၍ ၂-မျိုးရှိ၏၊ အဖြူမျိုးကို ဂေါက်ရီဆရ်-အနက်မျိုးကို ကာလီဆရ်ဟု ခေါ်ကြကုန်၏၊ မြန်မာတို့ကမူ အဖြူကိုဥပသကာ အနက်မျိုးကို တွင်းနက်ကတိုးဟူ၍ ခေါ်ဝေါ်သုံးစွဲကြကုန်၏၊ အနက်မျိုးကို ပုံပြအဘိဓာန် ဒုတိယတွဲတွင် တွင်းနက်ကတိုး၌ ကြည့်ပါ။

ဂုဏ် နှင့် စွမ်းရည်။ ။အာယုဗ္ဗေဒ အလိုအားဖြင့် နိဃဏ္ဍုရတနာကရ ဆရာကြီး၏အမြင် ဥပသကာသည် အေး၏၊ ချို၏၊ ခါးသက်သက်ရှိ၏၊ သုတ်ကိုဖြစ်ပွားစေ၏၊ လေး၏၊ နူးညံ့၏၊ ပေါ့၏၊ ယားနာ, နူနာ, ဖျားနာ, ချွေးနံ့မကောင်းခြင်း, ဝမ်းမီးနုန့်ခြင်း, ပန်းနာချောင်းဆိုး, နှုတ်မမြိန်ခြင်း, ဒေါသသုံးပါးပျက်ခြင်း, အဆိပ်သင့်ခြင်း, သွေးဖောက်ပြန်ခြင်း, မီးယပ်ဖြူဆင်းခြင်း သလိပ်ရောဂါ, အတိသာရဝမ်းရောဂါ, ရေငတ်ခြင်း, ပူလောင်ခြင်း, သွေးအန်သွေးကျ (ရတ္တပိတ်) ရောဂါနှင့် လေရောဂါတို့ကို နိုင်၏၊ ၎င်းအပြင် ဆီးကိုရှင်လန်းစေ၏၊ ချွေးကိုထွက်စေ၏၊ ပူလောင်မွတ်သိပ်ခြင်းကို ဖြစ်စေ၏၊ ဓာတ်များကိုပြုပြင်တတ်၏၊ အားကိုဖြစ်စေ၏၊ သွေးကိုစင်ကြယ်စေ၏၊ အရေပြားရောဂါကိုနိုင်၏၊ အထူးသဖြင့် ဆီးများစွာရှင်လန်းခြင်းကို ပြုတတ်၏၊ ၎င်း၏ပြုတ်ရေကိုသုံးစွဲမူ ဆီးသည် ၃-ဆ ၄-ဆမျှများပြားလာ၏၊ ၎င်းအတွက်ဆီးအိမ် နာကျင်ကိုက်ခဲခြင်းမှုလည်း ကင်းဝေးစေ၏၊ ၎င်းပြုတ်ရည်သည်ချွေးကိုလည်း အနည်းငယ်ချွထွက်စေ၏၊ ထိုပြုတ်ရည်သည် ဆီးအိမ်ရောင်ခြင်း, ဆီးအိမ်တွန့်ရှုံ့ခြင်းစသည်ကိုလည်း ပယ်ဖျောက်နိုင်၏၊ ဆီးပူခြင်း ဆီးပုပ်ခြင်း, ဆီးရောင်နီမြန်းခြင်း, ဆီးကျစ်ခြင်း, ဆီးနည်းခြင်း, ဆီးသွားရာ ကျင်ချောင်းပူလောင်ခြင်းတို့ကိုလည်း များစွာအကျိုးပြုတတ်၏။

ခပ်သိမ်းသော အရေပြားရောဂါ, ခပ်သိမ်းသောသွေးနှင့် စပ်လျဉ်းသောရောဂါ, လိင်နိမိတ်ရောဂါတို့သည် အခြားဆေးများနှင့် ကုစား၍မရနိုင်စေကာမူ ဤဥပသကာပြုတ် ဆေးရည်

သည် နိုင်နင်းစွာပယ်ဖျောက်နိုင်၏၊ ၎င်းအပြင်အားကုန်ခမ်းခြင်း, သွေးအားနည်းခြင်း, မောပန်းခြင်းစသော ရောဂါများကိုလည်း အထူးပယ်ရှင်းနိုင်သော ဆေးဖြစ်လေ၏။

**ဥပသကာပြုတ်ဆေးနည်း။** ။ဥပသကာမြစ် ၃-ကျပ်သားကို အနည်းငယ် ထောင်း၍ ရေ ၂၄-ကျပ်သားနှင့် ကျက်အောင်ကျိုပါ၊ အအေးခံ၍စစ်ပါ၊ တခွက်စာ ၆-ကျပ်သားမျှ သောက်ပါ။

## ရောဂါ အလိုက် အသုံးပြုပုံ

**မျက်လုံးအိမ်ရောင်ခြင်း။** ။ဥပသကာအရွက်ကို ပြာချ၍ ပျားရည်နှင့် ဖျော်ပြီးလျှင် မျက်စိကိုကွင်းမူ မျက်လုံးအိမ်ရောင်ခြင်း ပျောက်ကင်း၏။

**မျက်လုံးအိမ်အတွင်း၌ရောင်ခြင်း။** ။ဥပသကာအမြစ်အစို၏ အစေးကို မျက်စဉ်းခတ်ပါ၊ ပထမမျက်ရည်ပူများ ကျလာပြီးလျှင် အတန်ကြာသောအခါ မျက်လုံးအေး၍ လာလိမ့်မည်၊ မျက်လုံးအိမ်အတွင်းမှ ရောင်ခြင်းလည်း ပျောက်ကင်းလိမ့်မည်။

**မျက်စိ၌အနာပေါက်ခြင်း။** ။မျက်စိအတွင်း၌ အနာပေါက်မူ ဥပသကာမြစ်ကို ၈-ပုံ ၁ ပုံကြွင်းကျို၍ ပျားရည်စစ်စစ်နှင့် ရော၍မျက်စဉ်းခပ်မူ မျက်စိ၌အနာများ ပေါက်ခြင်းပျောက်နိုင်၏။

**အထက်သို့ လေဆန်တက်ခြင်း။** ။ဥဒ္ဓံဝါတ လေရောဂါဖြစ်မူ ဥပသကာမြစ်ကို မုယောကြီးသတ္တုရည်နှင့်သွေး၍ တခွက်စာ ၁-ကျပ်သားမျှ သောက်မူ အထက်သို့ လေဆန်တက်ခြင်း ပျောက်ကင်းနိုင်သည်။

**ဆီးအောင့်ကျောက်တည်ရောဂါ။** ။ဥပသကာအမြစ်မှုန့် ၂-ကျပ်သားကို နွားနို့နှင့် ရော၍ သောက်မူ ဆီးအောင့်ကျောက်တည် ရောဂါပျောက်ကင်း၏။

**နာတာရှည်အရေပြားရောဂါ။** ။ဥပသကာမြစ် ၃-ကျပ်သားကို အနည်းငယ်ထောင်းထု၍ ရေ ၆၀-နှင့် ၈-ပုံ တပုံကျန်အောင်ကျိုပါ၊ တခွက်စာ ၃-ကျပ်သားမျှ ရက်အနည်းငယ်ကြာအောင် တနေ့ ၂-ကြိမ်သောက်ပါ၊ ကြာရှည်စွာစွဲကပ်နေသော အရေပြားရောဂါများ, သွေးဆိုးပွား၍အကွက်အစင်းထခြင်းများ ပျောက်ကင်းနိုင်သည်။

**လိင်နိမိတ်ရောဂါ ( ဆစ်ဖလစ်စစ် ) နှင့် အဆစ်ရောင်ရောဂါ။** ။ဥပသကာ အစိုကိုငှက်ပျောရွက်နှင့်ထုပ်ပြီးလျှင် ငှက်ပျော်ရွက်ကျွမ်းအောင် မီးဖုတ်ကာ သတ္တုရည်ကိုညှစ်၍ယူပါ ၎င်းသတ္တုရည်နှင့်သကြား သို့မဟုတ် ပျားရည်နှင့်ရော၍သောက်ပါက လိင်နိမိတ်ရောဂါ ဆီးအိမ်နှင့် စပ်သောရောဂါ, ကိုယ်ဝန်လှုပ်ရှား ပူလောင်သောရောဂါများ ပျောက်ကင်းလိမ့်မည်၊ ၎င်းသတ္တုရည်ကို ရောင်ရမ်းသူများကို လိမ်းပေးမူ အရောင်အဖောကျဆင်း၏၊ အဆစ်ဆောင် ရောဂါ, အားကုန်ခန်းသောရောဂါနှင့် အရေပြားရောဂါများကိုလည်း အတွင်းဆေး အပြင်ဆေးအဖြစ်သုံးစွဲမှုများစွာအကျိုးရှိ၏။

**သွေးသန့်ဥပသကာထဘက်ရည်။** ။ဥပသကာအမြစ်မှုန့် ၁၂-ပဲသား, ဇမုန်စပါး ၃-ပဲ ဆင်ကြပိုးအပါ ၁-ပဲ ၎င်းတို့ကို ကာဖီမှုန့်ကဲ့သို့ အမှုန့်ပြုပြီးလျှင် ရေနွေးပူပူနှင့် လဘက်ရည်အ ကျဲဖျော်သကဲ့သို့ နွားနို့သကြားတို့နှင့် ဖျော်၍သောက်မူ အရသာလည်းရှိ၊ အနံ့လည်းကောင်း သွေးဖောက်ပြန်ခြင်းလည်း ပျောက်ကင်း၍၊ သွေးသားများစင်ကြယ်၍ ရုပ်ရည် အဆင်းအလှ ကြည်လင်၍ လာနိုင်သည်။

**မြွေဆိပ်နိုင်ဆေး။** ။ဥပသကာအမြစ်ကိုသွေး၍ ဆန်ဆေးရည်နှင့် နှိုင်နှိုင်သောက်ပါ၊ ဂျိမ်းလည်းလိမ်းပါ၊ မြွေဆိပ်များပျောက်ပြယ်သွားနိုင်၏။

**ပြည်တူလာသရောနာ။** ။ဥပသကာမြစ်မှုန့် ၁ - ပဲ ကျွဲကျောင်းမှင်စေးရွက် သတ္တုရည် ၂ - ကျပ်ကိုရော၍ တနေ့ ၂ - ကြိမ်ကျ ၇ - ရက်မျှသောက်ပါ ပြည်တူလာ သရောနာပျောက်ကင်းနိုင်၏။

**ကျပ်တီးနာ ( ဂန္ဓမာလာ )။** ။ဥပသကာမြစ် ၃ - ကျပ်သားကို အကြမ်းတောင်း၍ ရေ ၁၈ - ကျပ်သားနှင့် တညစိမ်ထား နံနက်ကျမှုစစ်ယူ၍ တခွက် ၆ - ကျပ်သား တနေ့ ၃ - ကြိမ် သောက်မူ ကျပ်တီးနာများနှင့် ခပ်သိမ်းသောအနာစိမ်း အဖု အပိမ့်များ လိင်နိမိတ်ရောဂါများ ပျောက်ကင်းနိုင်၏။

**ဆီးအောင့် ကျင်ချောင်းပူ ပျောက်ဆေး။** ။ဥပသကာမြစ် ၃ - ကျပ်သား ရေ ၂၄ - ကျပ်သားနှင့် ကျက်အောင်ကျို၍ တခွက်စာ ၆ - ကျပ်သားမျှ တနေ့ ၂ - ကြိမ်သောက်ပါ ဆီး နီခြင်း, နည်းခြင်း, အောင့်ခြင်း, ကျင်ချောင်းပူလောင်ခြင်း, ဆီးသွားရာလမ်း၌ နာကျင်ကိုက်ခဲခြင်း ပျောက်ကင်းနိုင်၏။

**နောက်တနည်း။** ။ဥပသကာမြစ် ၁၂ - ပဲ ဇီယာ ၁၂ - ပဲ ဆင်တုံးမနွယ်အစို ၁ ကျပ် ၈ - ပဲ၎င်းတို့ညက်စွာကြိတ်၍ တခွက်စာ ၁ - ကျပ်သားမျှသောက်ပါ အထက်ပါ ရောဂါများ ပျောက်ကင်းနိုင်၏။

**ဆီးရောဂါနှင့် ဆီးအိမ်ရောင်ခြင်း။** ။ဥပသကာ၏ မြစ်သေးမြစ်မွှားများကို ငှက်ပျော ရွက်နှင့်ထုပ်၍ မီးနှင့်ကျွမ်းရုံဖုတ်ပါ၊ ၎င်းဖုတ်ပြီးသောဆေးတွင် ဇီယာနှင့် သကြားသင့်တော်ရုံထည့် ၍ ထောပတ်နှင့်ရော၍ လျက်ပါ၊ ဆီးနှင့်စပ်လျဉ်းသည့် ရောဂါများ ပျောက်ကင်းလိမ့်မည်၊ ၎င်း ဆေးကို ဆီးအိမ်၌လိမ်း၍ပေးမူ ဆီးအိမ်, ဆီစည်ပေါင်း,ရောင်ခြင်း ပျောက်နိုင်၏။

**ကိုယ်ဝန်တည်မြဲဆေး။** ။မိန်းမတို့၌ အပူလွန်သော အစား အသောက် အနေအထိုင်တို့ ကြောင့်၎င်း, အခြားသော အကြောင်းများကြောင့်၎င်း, ကိုယ်ဝန်မတည်ဘဲပျက်၍ ကျခြင်း၊ ရက်လရင့်မာသောအခါမှ သားပျက် သားသေများဖွားတတ်ခြင်း ဖြစ်မူ ဥပသကာမြစ်ကိုအနည်း ငယ် ထောင်းထု၍ ၎င်းထောင်းထုပြီး ဥပသကာ ၃ - ကျပ်, ရေ ၁၈ - ကျပ် နှင့် တညစိမ်၍ ထားပါ၊ နံနက်လင်းသောအခါ အဝတ်နှင့်စစ်၍တနေ့လျှင် ၂ - ကြိမ်မျှ တကြိမ်လျှင် ၆ - ကျပ် သားမျှ မှန်မှန်သောက်မူ အနာရောဂါများကင်းခြင်း, ဝဖြိုးခြင်း, သွေးသားစင်ကြယ်ခြင်း, ရုပ် ဆင်းနုပျိုခြင်း ဖြစ်၍ ကိုယ်ဝန်ပျက်ခြင်း, သားသေဖွားခြင်းများ ပျောက်ကင်းနိုင်၏။

**သွားနာရောဂါ။** ။ဥပသကာအရွက်ကို ကြိတ်၍ သွားအရင်းသို့ သိပ်ပေးမူ သွားနာ, သွားကိုက် ပျောက်ကင်းနိုင်၏။

## ရတ္တသောစက အရိုး

### သွေးသန့် အားတိုးဆေးရည်


ဥပသကာ, တွင်းနက်ကတိုး, ရှားခေါက်, မရကနိအသီး, ဖရဲခါးမြစ်, ၎င်းဆေး ၅ - မျိုး ၁၂ - ကျပ်၈ - ပဲစီ, ပိစိတ်နီ, တမာခေါက်, ဆင်သမနွယ်, တရုပ်ဆီးသီး, မရိုင်းမြစ်, ဆေးခါးကြီး, မြန်မာကုက္ကိုအတွင်း သားခေါက်, သဘော်စိန္ဒပေါ်, နွင်းဆီပွင့်, နေလှည့်စေ့, ၃ - ကျပ် ၈ ပဲသားစီ,—၎င်းဆေးအားလုံးကို ဆန်ကွဲဆန်ညှာမျှထောင်း၍ ရေသန့်သန့် ၉ - ပိဿာ ၆၀ - ကျပ်သားနှင့် ၂ - ပိဿာ ၄၀ - ကျန်အောင်ကျိုပါ၊ ၎င်းနောက် ထိုဆေးရည်ကို အဝတ်ဖြင့်စစ်ယူပါ၊ ၎င်းဆေးရည်တွင် ဖရဲခါးမြစ် ၁ - ကျပ် ၂ - ပဲ, တမာပွင့်, ဝက်ချေးမန်မြစ်, ရှားနွစ်, ဒန်းကြီးစေ့, လက်ထုပ်ခေါက်, စမုံစပါးအမြစ်, ကုလားမြင်းခွာပွင့် (ပန်းမြင်းခွာ) ၎င်းဆေး ၇ - ပါး ၈ - ပဲသားစီ, ပန်းလဲပွင့် ၆ - ကျပ် သဖျက်ယို ၃ - ကျပ် ၁၂ - ပဲသား ၎င်းဆေးအားလုံးကို အမှုန့်ပြု၍ အထက်က ကျိုထားသောဆေးရည်တွင် ထည့်ပါ၊ ၎င်းနောက် ပျားရည် ၃၇ - ကျပ် ၈ - ပဲ ကြံသကာ ၃၀ - သားကိုလည်း အထက်ပါဆေးတွင် ထပ်ရောပြီး စဉ့်ကောင်းသောအိုးတွင် ထည့်၍ အိုးကိုလုံစွာ အဖုံးပြုပြီးလျှင် လေမထွက်အောင် ဇော်သရွက်မန်၍ တလပြည့်အောင် စိမ်၍ထားပါ၊ တလပြည့်သောအခါ အဝတ်ဖြင့် စစ်၍ ပုလင်းတွင် လုံစွာထည့်၍ ထားပါလေ၊ ၎င်းဆေးရည်ကို ထမင်းစားပြီးသည်နှင့် တပြိုင်နက် ၁၂ - ပဲမှ ၂ - ကျပ် ၄ - ပဲမျှ ညနံနက် တကြိမ်ကျစီ မှန်မှန်သောက်မူ သွေးဖောက်ပြန်သောရောဂါ, နူနာများ, ယားနာမျိုးစုံ, လိင်နိမိတ်ရောဂါနှင့် စင်လျှဉ်းသမျှ အနာအဖု အပိန်များ ပျောက်ကင်း၍ ခွန်အားဗလတိုးပြီးလျှင် အိပ်ပျော် စားဝင်၍ ရုပ်ဆင်းနုစို ပျိုမြစ်၍ လာနိုင်၏။

---

# ဥမှန်ဥ

သက္ကတ **भू कुष्माण्डी** (ဘူကု-ဆိ-မာဏ္ဍိ)
ဟိန္ဒီ **विदारीकन्द** (ဗိဒါရိကန္ဒ)
လက်တင် Pueraria Tuberosa

**ပုံသဏ္ဌာန်။** ။ဥမှန်ဥသည် ၃ - မျိုးရှိ၏။ ။(၁) **အမျိုးအစားမှာ—**အရွက် ပဲလွန်းရွက်ကဲ့သို့ ၃ - ရွက် ထွက်၏၊ အသီးမှာလည်း ပဲလွန်းသီးနှင့်ဆင်ဆင်ရှိ၏၊ သို့သော် အနည်းငယ် ကြီး၏၊ အနွယ်၏ ပင်ရင်း၌ ကြီးထွားသောဥကြီးများ ဥ၏၊ ၎င်းကို အတုံးငယ်များ ပြုလုပ်၍ အခြောက်လှမ်းပြီးလျှင် ဗိဒါရီကန္ဒ (ဥမှန်ဥ) အုပ်မှုန်းဥ ဟူသော အမည်ဖြင့် ခေါ်ဝေါ် သုံးစွဲကြကုန်၏၊ ၎င်းကိုလက်တင်အမည် ( Pueraria ) ဟုခေါ်ကြ၏၊ မြန်မာနိုင်ငံ အထက်အောက် ဒေသများ၌ ပေါက်ရောက်၏။




No 12

သို့ သိပ်ပေးမှု သွားနာ,

မြစ်, ၎င်းဆေး ၅ - မျိုး
, မဲရှိင်းမြစ်, ဆေးခါးကြီး,
ဉ်စေ့, ၃ - ကျပ် ဂ ပဲသား
ပ်သာ ဖိဝိ - ကျပ်သားနှင့်
ပ်ဖြင့်စစ်ယူပါ၊ ၎င်းဆေး
နှစ်, ဒန်းကြီးစေ့, လက်
၎င်းဆေး ၇ - ပါး ဂ - ပဲ
ားအားလုံးကို အမှုန့်ပြု၍
၃၇ - ကျပ် ဂ - ပဲ ကြံသ
ာအိုးတွင် ထည့်၍ အိုးကို
ခဘင် စိမ်၍ထားပါ၊ တလ
၊ ၎င်းဆေးရည်ကို ထမင်း
ဉ်မ်ကျစီ မှန်မှန်သောက်မှု
ါနှင့် စပ်လျဉ်းသမျှ အနာ
းဝင်၍ ရုပ်ဆင်းနုစို ပျို

ည့်)

းမှာ—အရွက် ပဲလွန်းရွက်
သဘ် အနည်းငယ် ကြီး၏၊
ျား ပြုလုပ်၍ အခြောက်
ါဝေါ သုံးစွဲကြကုန်၏၊
ဝက်အောက် ဒေသ များ၌



ဥမွှန့်ဥ
PUERARIA TUBEROSA

No 12


(၂) **အမျိုးအစားမှာလည်း**—အထက်က ရေးသားဖော်ပြခဲ့သော ဥမှန် (အုပ်မှုန်း) ပင်ကဲ့သို့ နွယ်မျိုး ဖြစ်၏၊ သို့သော် အရွက်မှာ ဝိုင်း၍ ခွေးသွားစိပ်ကလေးများပါ၏၊ တရွက်ခြင်းထွက်၏၊ အရွက်၏ အလျားမှာ ၁-လက်မခွဲမှ ၃-လက်မမျှ ရှည်၏၊ ဝိုင်း၏၊ တော်သလင်းလတွင် အပွင့်အဝါနှင့် အဖြူများပွင့်၏၊ ရွှေသူဟောင်းတို့သည် "တော်သလင်း အုန်းမှုန်းတွဲလဲ၊ နကျဲပွဲ" ဟူ၍ ပင်ဆိုရိုးရှိကြကုန်၏၊ ၎င်းအပွင့်ကိုဟင်းလျာပြု၍ စားကြကုန်၏၊ အသီးမှာစားတော်ပဲအကြီးမျှရှိ၏၊ ၎င်းအသီး၏ အရသာမှာ အလွန် ဆိုးဝါးသော အရသာရှိ၏၊ စားသုံးခြင်း မရှိကြချေ၊ ၎င်းသည် နွယ်မြစ်ပင်ရင်း၌လည်း ဥတတ်၏၊ သို့သော်အပင်မြစ်နှင့် ၅-ပေမှ ၁၀-ပေ အကွာအဝေးတွင် မြစ်သေးမြစ်မွှားများ၌ ဥသည်ကား များ၏၊ ၎င်းဥကို ရှာဖွေတူးဖော်ရာ၌ အလွန်ကျွမ်းကျင် နားလည်သူများ သည်သာ လျှင် ရလွယ်တွေ့လွယ်၏၊ ဤကဲ့သို့ ရှာဖွေခြင်းကို "အုပ်မှုန်းအောက်သည်" ဟုခေါ် ဆိုကြကုန်၏၊ ဆိုလိုရင်းမှာ အုပ်မှုန်းပင်နှင့် ၅-ပေ ၁၀-ပေ အကွာအဝေးတွင် ဒုတ်နှင့် မြေကြီးကို ခေါက်၍, ပုတ်၍ ကြည့်ခြင်း, လက်နှင့် ပုတ်၍ကြည့်ခြင်းဖြင့် ရှာဖွေနည်းကို ဆိုလိုသည်၊ ထိုသို့ပုတ်ခတ်၍ ကြည့်သောအခါ ၎င်းဥများရှိသော နေရာသည် အုန်သံပါ၏၊ ၎င်းနေရာတွင် တူးကြည့်ပါက တပေ တပေသာသာနက်သောနေရာ၌ ဥများကို တွေ့ရှိလေသည်၊ ၎င်းဥများသည် သုံးမျိုးသုံးစားဖြင့် ဥကြကုန်သည်။

(က) **အုပ်မှုန်းဖိုးသူတော်**။ ။၎င်းသည် ဥကြီး၏၊ ထိပ်၌ ခေါင်းတုံး (ကတုံး) သဏ္ဌာန်ဥငယ်များ ရှိ၏၊ ၎င်းကို "အုပ်မှုန်း ဖိုးသူတော်" ဟု ခေါ်ကြကုန်၏။

(ခ) **ဥမှန် (အုပ်မှုန်း) ပုတီး**။ ။ဥများသည် ပုတီးများ သီးကုံးထားသကဲ့သို့ ဥငယ်များ ဆက်တွဲ၍ဥသည်၊ ၎င်းကို ပုတီးစိပ်နှင့်တူသဖြင့် "ဥမှန် (အုပ်မှုန်း) ပုတီးစိပ်" ဟုခေါ်ကြ၏၊

(ဂ) **ဥမှန် (အုပ်မှုန်း) ထင်းပုံ**။ ။၎င်းဥများသည် ထင်းများတောင်ခတ်၍ဆင့်ပုံထားသကဲ့သို့ ဥများသည် ထပ်၍ထပ်၍နေသည်၊ ၎င်းကို "ဥမှန် (အုပ်မှုန်း) ထင်းပုံ" ဟု ခေါ်ဆိုကြကုန်၏၊ ၎င်းဥများမှာ တပင်တည်းမှ ဥများဖြစ်၏၊ အရသာချို၏၊ နွားကျောင်းသားများ ရေငတ်သောအခါ ၎င်းကိုတူးဖော်၍စားကြကုန်၏၊ ရေငတ်ပြေ၏၊ ၎င်းဥ၏အသားမှာ သစ်တော်သီး၏ အသားအရောင်နှင့် တူ၏၊ ကြွပ်ဆပ်၏၊ သို့သော် သစ်တော်သီးကဲ့သို့ အချဉ်အရသာမပါချေ၊ ချိုချိုဖန်ဖန် သာရှိ၏၊ ၎င်းနွယ်သည် မြန်မာနိုင်ငံအထက်ပိုင်းတွင် များစွာပေါက်ရောက်၏။

(၃) **အမျိုးအစား**—၎င်း နံပါတ် ၃-ဥမှန် (အုပ်မှုန်း) မှာ အာယုဗ္ဗေဒ ဆေးကျမ်းကြီးများ နိဃဏ္ဍုကျမ်းကြီးများ၏ အခေါ် ဝေါဟာရမှာ (ခိရဗိဒါရီ) နို့စေးထွက်သော ဥမှန် (အုပ်မှုန်း) ဟု အဓိပ္ပာယ်ရလေသည်၊ မြန်မာအခေါ် ဝေါဟာရမှာ တောင်ကစွန်းကြီးပင် ဖြစ်လေသည်၊ အရွက်မှာ လက်ခြားဖြစ်၏၊ အပွင့်မှာ ကစွန်းပွင့်ကဲ့သို့ အဆုပ်လိုက် ပွင့်၏၊ အသီးမှာလည်း အပြွတ်လိုက်အဆုတ်လိုက် သီး၏၊ ဥမှာ ၁-ပိဿာမှ ၄-၅-ပိဿာအချိန်အထိ အပင်ရင်း၌ပင် ဥ၏၊ ၎င်းအပင်၏ အားလုံးသော အစိတ်အပိုင်းတို့မှာ နို့စေးများထွက်၏၊ ၎င်းအပင်သည် စိုစွတ်သောနေရာဒေသများတွင် အပေါက်အံ့ရောက်များ၏၊ ၎င်းဥကို အတုံးအစိတ်ငယ်များလှီး၍ လှမ်းပြီးလျှင် (ခိရဗိဒါရီ) အစေးရှိသော ဥမှန် (အုပ်မှုန်း) ဟု ခေါ်ဝေါ်သုံးစွဲကြကုန်၏၊



၁၁ ဥမှုန် ( အုပ်မှုန်း ) ပင်
းပါ၏၊ တရွက်ခြင်းထွက်
တော်သလင်းလတွင် အပွင့်
န်းမှုန်းတွဲလဲ၊ နှက်ချပွဲ ” ဟူ
ခသီးမှာစားတော်ပဲအကြီး
စားသုံးခြင်း မရှိကြချေ၊
၅-ပေမှ ၁၀-ပေ အကွာ
တူးဖော်ရာ၌ အလွန်ကျမ်း
ာဖွေခြင်းကို “အုပ်မှုန်း
၁ ၁၀-ပေ အကွာအဝေး
ကြည့်ခြင်းဖြင့် ရှာဖွေနည်း
နေရာသည် အုန်သံပါ၏၊
များကို တွေ့ရှိလေသည်၊

းတိုး ( ကတုံး ) သဏ္ဍာန်

းကိုးထားသကဲ့သို့ ဥငယ်
ပုတီးစိပ် ” ဟုခေါ်ကြ

းဘောင်ခတ်၍ဆင့်ပုံထား
သင်းပုံ ” ဟု ခေါ်ဆိုကြ
းကျောင်းသားများ ရေတော်
းမှာ သစ်တော်သီး၏ အ
အရသာမပါချေ၊ ချိချိ
က်ရောက်၏။

အာယုဗ္ဗေဒ ဆေးကျမ်း
နို့ စေးထွက်သော ဥမှုန်
ဘာင်ကစွန်းကြီးပင် ဖြစ်
ပ်လိုက် ပွင့်၏၊ အသီးမှာ
အချိန်အထိ အပင်ရင်း၌
ထွက်၏၊ ၎င်းအပင်သည်
ဦ အတုံးအစိတ်ငယ်များ
ခေါ်ဝေါ်သုံးစွဲကြကုန်၏၊



ဥမှုန်ဥ (တမျိုး)

၎င်းကို လက်တင်သာသာဖြင့် Ipomaca Digitata ဟု ခေါ်၏၊ ၎င်းအထက်က ရေးသားဖော်ပြခဲ့သော ဥမှန် ( အုပ်မှုန်း ) သုံးမျိုး၏ ဂုဏ် သတ္တိစွမ်းရည် တို့မှာ များစွာ ထူးခြားခြင်း မရှိဖြစ်လေသည်၊ သို့ဖြစ်၍ ဂုဏ်နှင့်စွမ်းရည် ရောဂါအလိုက်အသုံးပြုပုံများကို တပေါင်းတည်းစု၍ ရေးသားဖော်ပြလိုက်ပါသည်၊ အထူးသဖြင့် ကာမဒေဝနတ်၏ စစ်သည်တော်ဖြစ်သော ရှဥ့်မတက်ကြီးငယ်, တောထန်းမြစ်ဖြူနီ, ဒဟာဿဂိုခေါ် အဇဂန္ဓ, ရင်ခွေခစ ့ခေါ် ခွေးလယားသီး အဖြူအနက် အလပ်မစ္ဆရိ ၂ - မျိုးနှင့် ၎င်းဥမှန်သုံးမျိုးတို့သည်လည်း ကာမဒေဝနတ်၏ လက်နက်ကောင်းများတွင် ပါဝင်ကြလေသည်။

**ဂုဏ် နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒ အလိုအားဖြင့် ချို၏၊ အေး၏၊ သုတ်ဓာတ်ပွားများစေ၏၊ နူးညံ့၏၊ ဝဖြိုး၏၊ ဓာတ် ၇ - ပါးကို ခိုင်ခံ့ပွားများ တောင့်တင်းစေ၏ အားကိုဖြစ်စေ၏၊ သလိပ်ကိုဖြစ်စေ၏၊ မိန်းမများနို့ ကိုပွား များစေ၏၊ လေး၏၊ အသက်ကိုရှည်စေ၏၊ ဆီးရွှင်၏၊ အသံကိုကြည်လင်စေ၏၊ ကိုယ်ဝန် တည်မြဲစေ၏၊ ကိုယ်ကိုအားရှိရန် အကျိုးပြု၏၊ နှုတ်ကိုမြိန်စေ၏၊ လေနာ, သည်းခြေနာ, သွေးဖောက်ပြန်သော ရောဂါ, ပူလောင်ခြင်းနှင့် အော့အန်ခြင်း, သုတ်ဓာတ် အလိုလို ယိုစီးခြင်းတို့ကို ပျောက်ကင်းစေ၏၊ ၎င်း၏ အပွင့်သည် အေး၏၊ သုတ်ပွား၏၊ အရသာချို၏၊ ဝိပါကဖြင့်လည်း ချို၍ပင် ကျက်၏၊ သလိပ်နှင့်လေကို ပွားစေ၏၊ ကြေကျက်ခဲ၏၊

**မှတ်ချက်။** ။၎င်းအုပ်မှုန်းဥများသည် ဥကို လှီးဖြတ်ကြည့်သောအခါ ( ၁ ) အကြောများ ပါရှိသောဥ, ( ၂ ) အကြော မပါရှိသောဥ ဟူ၍လည်း ၂ -မျိုး ကိုခွဲခြား ထားသေး၏။

( ၁ ) အကြောပါရှိသောဥကို ဇီဝနီယ အားဆေး - အသက်ရှည်ဆေးများ၌ အသုံးပြုပါ၊ ( ၂ ) အကြောမပါရှိသောဥကို ဖျားနာရောဂါပျောက်မှု ကိစ္စများတွင် အသုံးပြုကြပါ-ဟု ရေးသား ဖော်ပြထားလေသည်။

## ရောဂါ အလိုက် အသုံးပြုပုံ

**နို့ထွက်ဆေး။** ။ဥမှန်ဥကို အမှုန့် ညက်စွာထောင်း၍ ၎င်းအမှုန့် ဂ - ပဲသား, နွားနို့ ၁၂ - ကျပ်, ဂ - ပဲသားဖြင့် ရော၍ ည, နံနက် မှန်မှန် သုံးဆောင်ပါက အလွန်ခန်းခြောက်နေသော နို့ ဖြစ်စေကာမူ နို့ များစွာ ထွက်စေနိုင်၏။

**မီးယပ် လွန်ခြင်း။** ။ဥမှန်ဥ အမှုန့်ကို သကြားခဲ, ထောပတ်တို့နှင့် သင့်တော်ရုံ ရော၍ မကြာမကြာ လျက်၍ပေးမူ မီးယပ်သွေး အဆင်းလွန်ခြင်း ပျောက်ကင်း၍ သွေးသားစင်ကြယ်ပြီးလျှင် မီးယပ်သွေးကိုလည်း နေသားတကျ ဖြောင့်မှန်အောင် ပြုပြင် စွမ်းဆောင်နိုင်၏။

**ကလေးများ အားကုန်ခန်းခြင်း။** ။ဥမှန်ဥ အမှုန့် ၁ - ပဲသားကို ပျားရည်နှင့် ရော၍ လျက်စေပါမူ ကလေးများ နို့မြက်ခြင်း, အားနည်းခြင်းများ ပျောက်ကင်း၍ ခွန်အားဗလ တိုးကာ သန်မာဝပြိုး လာစေနိုင်၏။

ဥမှန်ဥ
PUERARIA TUI



အထက်က ရေးသားဖေါ်
းစွာ ထူးခြားခြင်း မရှိဖြစ်
တပေါင်းတည်းစု၍ ရေး
ါဖြစ်သော ရှဥ့်မတက်ကြီး
းလယားသီး အဖြူအနက်
၏ လက်နက်ကောင်းများ

ား၏၊ သုတ်ဓာတ်ပွားများ
းစေ၏ အားကိုဖြစ်စေ၏၊
ာ်ကိုရှည်စေ၏၊ ဆီးရွှင်၏၊
စကျိုးပြု၏၊ နှုတ်ကိုမြိန်စေ
ခြင်းနှင့် အောင့်အန်ခြင်း,
ည် အေး၏၊ သုတ်ပွား၏၊
စေ၏၊ ကြေကျက်ခဲ၏၊ -

ခါ ( ၁ ) အကြောများ
း ကိုခွဲခြား ထားသေး၏။

ာက်ရှည်ဆေးများ၌ အသုံး
ာ်မှု ကိစ္စများတွင် အသုံးပြု

အမှုန့် ဂ - ပဲသား, နွားနို့
ာ အလွန်ခန်းခြောက်နေ

ျနှင့် သင့်တော်ရုံ ရောချ
င်း၍ သွေးသားစင်ကြယ်
စွမ်းဆောင်နိုင်၏။

ကို ပျားရည်နှင့် ရောချ
က်အင်း၍ ခွန်အားဗလ

# ဥမှန်ဥ

**PUERARIA TUBEROSA**

मूकुष्माण्डी



**ကလေးများ အစာမကြေခြင်း။** ။ဥမ္မန်ဥအမှုန့်, ဗိတ်ချင်းသီး အမှုန့် - ၎င်း ၂ - မျိုး ဆတူ ပြု၍ ပျားရည်နှင့် ရောလျက် တနေ့ ၃ - ကြိမ်မျှ လျက်စေပါမူ အစာကြေ၍ ဝမ်းမီးနိူ့ခြင်း ပျောက်ကင်း၏။

**အသည်း နှင့် သရက်ရွက်ကြီးသော ရောဂါ။** ။ဥမ္မန်ဥ အမှုန့်ကို တနေ့ ၃ - ကြိမ်မျှ ရေ နွေးနှင့် မှန်မှန်သုံးဆောင်မူ အသည်း နှင့် သရက်ရွက်ကြီးသော ရောဂါများ ပျောက်ကင်းနိုင်၏၊ ရက်ရှည်စွဲ၍ စားပါလေ။

**ဘသ္မရောဂါ ပျောက်ဆေး - ဝမ်းမီးလွန်ခြင်း။** ။ ဝမ်းမီး အလွန်အမင်းတောက်၍ စား သမျှ အာဟာရများ သွေးသားအဖြစ်သို့ မရောက်ဘဲ ပြာသဘော ဖြစ်၍ ကြုံလှီ ခန်းခြောက်နေ သော ရောဂါသည်များအား ဥမ္မန်ဥ၏ သတ္တုရည် ၅ - ကျပ်, နွားနို့ ၂၅ - ကျပ်နှင့် ကျိုချက် ပြီးလျှင် နံနက် ည ၄ - ကျပ်သား မှန်မှန်သောက်ပါက အလွန်ထက်လှသော ဝမ်းမီးသည် သမ ဝမ်းမီးအဖြစ်သို့ ပြောင်းလဲ၍ ခန္ဓာကိုယ်လည်း စည်ပင်ဝဖြိုး အားအင် တိုးပွား၍လာလိမ့်မည်၊

**နောက်တနည်း။** ။ဘသ္မဝမ်းမီး ရောဂါကို ဥမ္မန်ဥ သတ္တုရည် ၁၂ - ပဲ, နွားမှဖြစ်သော ထောပတ် ၁ - ကျပ်သားနှင့် တွေ၍ တနေ့ ၂ - ကြိမ်မျှ သောက်မူ ဘသ္မဝမ်းမီးရောဂါ ပျောက် ကင်းစေနိုင်၏။

**မဟာရသာယန ဆေးကြီး။** ။ဥမ္မန်ဥ အမှုန့် ၅၀ - ကျပ်သားကို ကျေ့, စဥ့် သုတ်ထား သော ခွက်တွင် ထည့်ပြီးလျှင် ဥမ္မန်ဥ အစို၏ သဘ္ဘာရည်ကို အထက်ပါဆေးမှုန့် မြုပ်အောင် ထည့်၍ အခြောက်လှန်းပါ၊ ဤနည်းဖြင့် ၂၁ - ကြိမ် ပြုလုပ်ပြီးသောအခါ နွားနို့ ၁၂ - ကျပ်, သကြားခဲ ၁ - ကျပ် ဂ - ပွဲသားနှင့် နံနက် ည မှန်မှန်သုံးဆောင်မူ အားတိုးခြင်း, သုက်ပွားခြင်း, ကာမသတ္တိ တိုးပွားခြင်း, ကိုယ်သား ကိုယ်ရေ ကြည်လင်တောက်ပခြင်း, အသက်ရှည်ခြင်း, အနာ ရောဂါကင်းခြင်း, အကြိမ်များစွာ မွေ့လျော်နိုင်ခြင်း စသော အကျိုးထူးများ ခံစားနိုင်သော သတ္တိ ရှိလာစေသည်၊ ဤသို့သော သတ္တိမျိုးကို ပေးစွမ်းနိုင်သော မဟာရသာယနဆေးကြီး ဖြစ် ပါသည်၊ သို့သော် တလမျှ အထက်ပါ အကျိုးများ ရရှိခံစားနိုင်ပါသည်။

**နောက်တနည်း။** ။ဥမ္မန်ဥ အမှုန့်ကို ဥမ္မန်ဥ အစို၏ သဘ္ဘာရည်ဖြင့် စိမ်၍ အခြောက် ပြုပါ၊ ၇ - ကြိမ်ပြုပြီးနောက် အမှုန့်ပြုပါ၊ တခွက်စာသျှင် ၎င်းဆေးမှုန့် ဂ - ပဲ, ထောပတ် ၃ - ပဲ, ပျားရည် ၁ - ကျပ်နှင့် တွေ၍ ၂ - လ ပြည့်အောင် စားပါ၊ အသက်ဆေးနည်းတွင် ဖော်ပြသော အကျိုးများ ခံစားရပါလိမ့်မည်။

**ဆီးလွန်ရောဂါ ပျောက်ကင်းရန်။** ။ဥမ္မန်ဥ, ပဲလွန်းမှုန့်, နွယ်ချို, သကြား, ပျားရည်။ ။ ဤဆေး ၄ - မျိုးကို နံနက်ဘိုင်း နို့ရည်နှင့်သောက်၊ ဆီးလွန်ရောဂါ ပျောက်၏။

# ဥသျှစ်ပင်

| | | |
|---|---|---|
| သက္ကတ | [illegible] | (ဘိလွ) |
| ဟိန္ဒီ | [illegible] | (ဗေလ်) |
| လက်တင် | Aogle Marmelos | |
| အင်္ဂလိပ် | Baelfruit Tree | |

ပုံသဏ္ဍာန်။ ။ဥသျှစ်ပင်သည် ပင်ကြီးမျိုးဖြစ်၏၊ ချွန်ထက် မာကျောသော ဆူးများ ရှိ၏၊ ရွက်ညှာတံ တခု တခုတွင် ၃ - ရွက်, ၃ - ရွက် ထွက်၏၊ အပွင့် ဖြူ၏၊ ကဆုန်, နယုန်လမှာ ပွင့်၏၊ မွှေး၏၊ အသီး လုံး၏၊ အပေါ်ခွံ မာ၏၊ အတွင်း၌ အစေးလိမ်းကျံသော အစေ့များ ရှိ၏၊ ၎င်းကို လူသိများသဖြင့် အကျယ်ရေးသားရန် မလိုတော့ချေ၊ ကဆုန်, နယုန်လမှာ ပင် သီးကင်း ထွက်၏။

ဂုဏ် နှင့် စွမ်းရည်။ ။အာယုဗ္ဗေဒ အလိုအားဖြင့် အသီးမှည့်သည် ချို၏၊ နှလုံးကို အား ပေး၏၊ ပူ၏၊ ဖန်၏၊ နှုတ်ကို မြိန်စေ၏၊ ဝမ်းမီး တောက်၏၊ တွန့်ရှုံ့စေ၏၊ ခြောက်၏၊ သည်းခြေ ကို ပြုတတ်၏၊ ဝမ်း ဖောရောင်ခြင်းကို ပြုပြင်တတ်၏၊ အဖျားကို နှိမ်နင်းတတ်၏။

အသီးနု၏ ဂုဏ်။ ။အသီးနုသည် နူးညံ့၏၊ လေး၏၊ နှုတ်ကို မြိန်ရှက်စေ၏၊ ဝမ်းမီးကို တောက်စေ၏၊ မလတို့ကို သုတ်သင်တတ်၏။

အသီးရင့်။ ။ဥသျှစ်သီးရင့်သည် တွန့်ရှုံ့စေတတ်၏၊ ဖန်၏၊ ချဉ်၏၊ နူးညံ့၏၊ စပ် ဖျဉ်းဖျဉ်း ရှိ၏၊ သက်၏၊ ပူ၏၊ ကြေကျက်လွယ်၏၊ ဝမ်းမီးတောက်၏၊ နှလုံးကို အကျိုးပြု၏၊ လေ နှင့် သလိပ်ကို နိုင်၏။

အသီးမှည့်။ ။အသီးမှည့်သည် အပူကို ဖြစ်ပွားစေ၏၊ ချို၏၊ ကြေကျက်ခဲ၏၊ ဖန်၏၊ မလတို့ကို ချုပ်စေ၏၊ ဒေါသသုံးပါးတို့ကို ပျက်စေ၏၊ လေကို ပွားစေတတ်၏၊ ဝမ်းမီးကို နုံ့စေ တတ်၏။

အမြစ်။ ။အမြစ်သည် ချို၏၊ ဒေါသသုံးပါးနှင့် အော့အန်ခြင်း, ထိုးအောင့်ခြင်းတို့ကို ပယ်ဖျောက်တတ်၏၊ ကြေလွယ်၏၊ ဆီးအောင့်ခြင်းကို ပျောက်ကင်းစေ၏။

အရွက်။ ။အရွက်သည် သလိပ်, လေ, အာမ ဒေါသသုံးပါးတို့ကို နိုင်၏၊ တွန့်ရှုံ့စေ၏၊ မီးတွင်းကို သန့်ရှင်းစေ၏။


အပွင့်။ ။ဥသျှစ်ပွင့်သည် အတိသာရ ဝမ်းသွားရောဂါ, ရေငတ်ခြင်း, အော့အန်ခြင်းကို ပျောက်စေ ပြင်းမြစ်တတ်၏။

ဥသျှစ်စေ့ အဆီ။ ။၎င်းအစေ့၏ အဆီသည် ပူ၏၊ လေရောဂါကို နိုင်၏။

ဥသျှစ်

AEGLE MARMELOS

बिल्व



**အသီး၏ အသာ**
ဒေါသတို့ကို နိုင်နင်း၏၊

**မှတ်ချက်။** ။ခပ်
တည်ရှိကြသော
၏၊ အသီးမှည့်

**သူငယ်နာ ဝမ်း**
ကြည့်၍ တိုက်မူ ကလေ

**မျက်စိနာ။** ။
ကင်း၏။

**ဝိသမ အဖျား။**
သား ကျန်အောင် ကျို၍
ကင်း၏။

**သက်ရှည် ကျခြင်း**
ကြိတ်၍ ထောပတ်နှင့် လ
သော ရောဂါ ပျောက်ကင်

**အဆိပ်ရှိသော သ**
၌ ဥသျှစ်မြစ်ကို သွေး၍

**သူငယ်များ အန်၍**
မှုန့်ကို ထမင်းရည်နှင့် ကျို၍
ကင်း၏။

**ဝမ်းမီးနု့ ၍ ခေတ်**
နု့ ၍ တခါတရံ ဝမ်းအ
ရည် ( ဖျော်ရည် ) ကို သေ

**နာတာရှည် အတိ**
သားစီ၊ ရေ ၄၈-ကျပ်နှင့်
ပျောက်နိုင်ခဲ့သော အတိ

**နာတာရှည် ညော**
နှင့် ကြိတ်ပြီးလျှင် နွားနို့

No, 13

**အသီး၏ အသားခြောက်။** ။ဥသျှစ်သီး၏ အသားခြောက်သည် လေ သလိပ် နှင့် အာမဝေါသတို့ကို နိုင်နင်း၏၊ ထိုးအောင့်ခြင်းကို ပယ်ဖျောက်တတ်၏။

**မှတ်ချက်။** ။ခပ်သိမ်းကုန်သော အသီးတို့သည် မှည့်သောအသီး၌ သာ ဂုဏ်, သတ္တိ, စွမ်းရည် တည်ရှိကြသော်လည်း ဥသျှစ်သီးမှာမူကား အသီးစိမ်း၌ သာ ဂုဏ်, သတ္တိ, စွမ်းရည် တည်ရှိ၏၊ အသီးမှည့်သည် များစွာသော ဒေါသတို့ကို ပင် ဖြစ်ပွားစေ၏။

## ရောဂါအလိုက် အသုံးပြုပုံ



**သူငယ်နာ ဝမ်းပျက်။** ။ဥသျှစ်ရွက် ပေါင်းတိုက်ရည် ကြွေဇွန်းငယ် တဇွန်းမျှ အရွယ်ကို ကြည့်၍ တိုက်မူ ကလေးများ ဝမ်းပျက်ရောဂါ နှင့် ချွဲသလိပ်ကျပ် ရောဂါ ပျောက်ကင်း၏။

**မျက်စိနာ။** ။ဥသျှစ်ရွက်ကို ကြိတ်၍ မျက်စိ၌ ကွင်းပေးမူ မျက်စိနာရောဂါ ပျောက်ကင်း၏။

**ဝိသမ အဖျား။** ။ဝိသမ အဖျားရောဂါ၌ ဥသျှစ် ၃ - ကျပ်, ရေ ၄၈ - ကျပ်နှင့် ၆ ကျပ်သား ကျန်အောင် ကျို၍ တခွက်စာ ၃ - ကျပ်သားမျှ သောက်မူ ဝိသမအဖျားရောဂါ ပျောက်ကင်း၏။

**သုက်ရည် ကျဲခြင်း။** ။ဥသျှစ်မြစ် အခေါက်, ဇီယာ - ငင်း ၂ - မျိုးကို ရော၍ ညက်စွာ ကြိတ်၍ ထောပတ်နှင့် လက်ကော်ရ တေပြီးလျှင် တခွက်စာ ၁၂ - ပဲသားမျှ သောက်ပါ၊ သုက်ကျဲသော ရောဂါ ပျောက်ကင်း၏။

**အဆိပ်ရှိသော သတ္တဝါများ ကိုက်ခြင်း။** ။အဆိပ်ရှိသော သတ္တဝါများ ကိုက်သောနေရာ၌ ဥသျှစ်မြစ်ကို သွေး၍ လူးပါ၊ သောက်လည်း သောက်ပါ၊ အဆိပ်ပြေ၏။

**သူငယ်များ အန်၍ ဝမ်းသွားခြင်း။** ။သူငယ်များ အန်၍ ဝမ်းသွားခြင်း ဖြစ်မူ ဥသျှစ်မှုန့်ကို ထမင်းရည်နှင့် ကျို၍ သကြား သင့်ရုံထည့်ပြီး တိုက်မူ အော့အန်၍ ဝမ်းသွားခြင်း ပျောက်ကင်း၏။

**ဝမ်းမီးနှံ့၍ ဓာတ်ချုပ်ခြင်း, လွန်ခြင်း။** ။အူတွင်း၌ လေများ ဖောက်ပြန်ပြီးလျှင် ဝမ်းမီးနှံ့၍ တခါတရံ ဝမ်းအလွန်သွားခြင်း, တခါတရံ အလွန်ချုပ်ခြင်း ဖြစ်မူ ဥသျှစ်သီးမှည့် ရှလပတ်ရည် ( ဖျော်ရည် ) ကို သောက်မူ မြန်စွာပျောက်ကင်း၏။

**နာတာရှည် အတိသာရ ဝမ်းသွားခြင်း။** ။ဥသျှစ်သီးနု, စမုံစပါး, လင်းလေ ၁ - ကျပ်သားစီ၊ ရေ ၄၀ - ကျပ်နှင့် ၆ - သား ကျန်အောင် ကျို၍ တခွက်စာကို ၃ - ကျပ်သားမျှ သောက်မူ ပျောက်နိုင်ခဲသော အတိသာရဝမ်းသွားရောဂါ ပျောက်ကင်း၏။

**နာတာရှည် ညောင်းကျရောဂါ။** ။ဥသျှစ်သီး အသား ၂ - ကျပ်, ကရဝေးသီး ၄ - ပဲ နှင့် ကြိတ်ပြီးလျှင် နွားနို့နှင့် ရော၍ သောက်မူ နာတာရှည် ညောင်းကျရောဂါ ပျောက်ကင်း၏။

**မျက်ရည်ပူ ယိုခြင်း။** ။ဖျားခြင်း, မျက်ရည်ပူ ယိုခြင်း, ချောင်းဆိုးခြင်း, ရောင်ရမ်းခြင်း ဖြစ်မူ ဥသျှစ်ရွက် သတ္တုရည်ကို ဂ-ပုံသားမျှ နံနက် ည သောက်ပါ၊ အထက်ပါရောဂါများ ပျောက်ကင်း၏။

**ဝမ်းမီးနု ၍ ပန်းနာရင်ကျပ် ဖြစ်ခြင်း။** ။ဝမ်းမီးနု သောကြောင့် ဖြစ်သော ပန်းနာ ရင်ကျပ်၌ သလိပ်များကို ထုတ်ဆောင်ရန်အတွက် ဥသျှစ်ရွက်စိမ်း ၃-ကျပ်, ရေ ၄ဂ-ကျပ်နှင့် ၆-ကျပ်သား ကျန်အောင် ကျို၍ တခွက်စာ ၃-ကျပ်သားမျှ သောက်ပါ၊ ပန်းနာ ရင်ကျပ် ပျောက်ကင်းပါလိမ့်မည်။

**အနာပေါက် အုံဆေး။** ။အနာပေါက်, အဖုအပိမ့်များကို ၎င်းအရွက်စိမ်းကို ကြိတ်၍ အုံပေးပါ၊ နုလျှင် ပိန်၍ ရင့်လျှင် ပြည်ပေါက်၏။

**အတိသာရဝမ်းသွားခြင်း ဆေးနည်းတမျိုး။** ။ဥသျှစ်သီး အစိမ်း၏ အတွင်းသားကို ကြော်၍ သကြား သင့်ရုံ ထည့်ပြီး စားမူ နာတာရှည် အတိသာရ ဝမ်းသွားရောဂါ နှင့် အစာ မကြေ ဝမ်းသွားရောဂါများ ပျောက်ကင်း၏။

**သည်းခြေ ဦးစီးသော ဝမ်းရောဂါ။** ။ဥသျှစ်သီး ယိုထိုး၍ စားမူ သည်းခြေ လွန်ကဲသော ဝမ်းသွားရောဂါ ပျောက်ကင်း၏။

**အစာမကြေ ဝမ်းပျက်ရောဂါ။** ။အစာမကြေ, ဝမ်းပျက်, ဝမ်း ဖောရောင်ခြင်း ဖြစ်မူ ဥသျှစ်ကင်း အခြောက် အမှုန့် ၁-ပဲသားမှ ၄-ပဲသား အထိ တနေ့ကို ၃-၄-ကြိမ်မျှ သောက်ပါ။

**အတိသာရ ဝမ်းသွားခြင်း ဆေးတမျိုး။** ။ဥသျှစ်ကင်း, သရက်စေ့ အဆံ, ရှားစေး, ကျစ်ဖဂိုလ်-၎င်းဆေး ၄-မျိုးကို ဆတူရော၍ သကြားနှင့် သောက်ပါ၊ အစာမကြေ ဝမ်းသွားခြင်း နှင့် အတိသာရ ဝမ်းရောဂါများ ပျောက်ကင်း၏။

**သွေးဝမ်းသွားခြင်း ဆေးတမျိုး။** ။ဥသျှစ်သီးမှည့် နှင့် ထန်းလျက်ကို ရော၍ စားမူ သွေးဝမ်းသွားခြင်း ပျောက်ကင်း၏။

**အန်၍ ဝမ်းသွားခြင်း။** ။ဥသျှစ်သီးမှည့်, သရက်စေ့ အဆံ- ၎င်း ၂-မျိုးကို ရော ကြိတ်၍ သကြား, ပျားရည်တို့နှင့် စပ်ပြီး လျက်မူ အန်၍ ဝမ်းသက်ခြင်း ပျောက်ကင်း၏။

**ဆီးအောင့်ရောဂါ** ။ဥသျှစ်သီး အသီးအစိမ်း၏ အသားကို ညက်စွာ ကြိတ်၍ နွားနို့နှင့် ရောပြီးလျှင် အဝတ်ဖြင့် စစ်ယူပါ၊ ၎င်းဆေးတွင် တရဝေးသီး အမှုန့် အနည်းငယ်မျှ ဖြူး၍ သောက်မူ ပျောက်နိုင်ခဲသော ဆီးအောင့်ရောဂါများ ပျောက်ကင်း၏။

**ကာလဝမ်း ကူးစက်ခြင်း ကင်းဝေးရန်။** ။ကူးစက်တတ်သော ကာလဝမ်းရောဂါများ ကာကွယ်ရန် ဥသျှစ်မှုန့် ရှုလပတ်ရည်ကို သောက်ပါက ကူးစက်တတ်သော ကာလဝမ်းရောဂါများ မကူးစက်နိုင်ချေ။

**မြွေဆိပ် ဖြေရန်။** ။ဥသျှစ်မြစ်ကို သွေး၍ သောက်ခြင်း, လိမ်းကျံခြင်း ပြုမူ မြွေဆိပ် ပြေနိုင်၏။

**အနာအုံဆေး။** ။ဥသျှစ်ကို ရေမပါ ကြိတ်၍ အပြားလုပ်ပြီးလျှင် အနာဖုများသို့ ထုံမူ နုလျှင် ပိန်၍, ရင့်လျှင် ပေါက်၏။

**သွားဖုံးနာ ရောဂါ။** ။သွားဖုံးမှ သွေး ယိုစီးခြင်း, အဖုံအပိမ့် ထခြင်း, နာကျင် ကိုက်ခဲခြင်းတို့ကို ဥသျှစ် ရှုလပတ်ရည် ၄ - ကျပ်သား, နွားနို့ ၄ - ကျပ်သားနှင့် ရော၍ သောက်ပါ၊ သွားဖုံးရောဂါများ ပျောက်ကင်းနိုင်၏။

**နှလုံးတုန်သော ရောဂါ။** ။နှလုံးတုန်, ရင်ခုန်ပြီးလျှင် သတိလစ်တတ်, မေ့တတ်သော သူများကို ဥသျှစ်မြစ် အခေါက် ၃ - ကျပ်, ရေ ၄၀ - ကျပ်နှင့် ဖိ - ကျပ်သား ကျန်အောင် ကျို၍ တခွက်စာ ၃ - ကျပ်သားမျှ သောက်မူ နှလုံးတုန်, ရင်ခုန်၍ မေ့လျော့ခြင်း ပျောက်ကင်းနိုင်၏။

**ဝမ်းကိုက် ရောဂါ။** ။ဥသျှစ်သီး အစိမ်း၏ အသားကို ကြော်၍ထားပါ၊ ၎င်းကြော် ပြီးသား ၁၂ - ပဲနှင့် သကြားခဲ သင့်ရုံ ထည့်၍ စားမူ ဝမ်းကိုက်ရောဂါ ပျောက်ကင်းနိုင်၏။

**အော့အန်ခြင်း။** ။ဥသျှစ်မြစ်၏ အခေါက်ကို ပြုတ်၍ ပျားရည်နှင့် ရောစပ်ပြီး သောက်မူ အော့အန်ခြင်း ပျောက်ကင်းနိုင်၏။

**ကိုယ်ဝန်ဆောင်နှင့် အော့အန်ခြင်း။** ။အချို့ ကိုယ်ဝန်တည်စတွင် ကြောက်မက် ဖွယ်ရာ လေအန်သော ရောဂါဖြစ်တတ်သည်၊ ဆေးလည်း တွေ့ခဲလှ၏၊ ၎င်းရောဂါကို ဥသျှစ်သီး မှည့်အနှစ်ကို ကြိတ်၍ ဆန်ဆေးရည်နှင့် သောက်ပါ၊ ကိုယ်ဝန်နှင့် အော့အန်ခြင်း ပျောက်ကင်းနိုင် သည်။

**ကိုယ်ရေဝါရောဂါ။** ။ဥသျှစ်ရွက်သုတ္တုရည် ၁၂ - ပဲသားတွင် ပြုတ်ကျောင်းမှုန့် အနည်းငယ် ရောစပ်၍ သောက်မူ ကိုယ်ရေဝါရောဂါ ပျောက်ကင်းနိုင်၏။

**နားအူ နားလေထွက်။** ။ဥသျှစ်ကင်းကို နွားကျင်ငယ်ရေနှင့်ကြိတ်၍ ရေ, နွားနို့, နှမ်းဆီတို့နှင့် ဆီကျန်အောင် ချက်ပါ၊ ၎င်းဆီကို နားတွင်းသို့ ခပ်ပေးမူ နားအူ, နားလေထွက် ပျောက်ကင်းနိုင်၏။

**မျက်စိနာခြင်း။** ။၎င်းအရွက်ကိုကြိတ်၍ ကျပ်ထုပ်လုပ်ပြီး ထိုးမူ မျက်စေ့နာခြင်း, မျက်ဝတ်ထွက်ခြင်းများ ပျောက်နိုင်၏။

**မြွေဆိပ်ဖြေ ဆေးနည်း တမျိုး။** ။ဥသျှစ်မြစ်, သီးမြစ်, ဟင်းနုနွယ်ဆူးပေါက်မြစ် ၎င်းသုံးမျိုး၏ အမြစ် သတ္တုရည်ကို ၁ - ကျပ်သားမှ ၁ - ကျပ် ၈ - ပဲ သားအထိ သောက်ပါ၊ မြွေဆိပ် ပြေနိုင်၏။

**သန်ထခြင်း, သန်ကလိခြင်း။** ။သန်ထခြင်း သန်ကလိခြင်း ဖြစ်၍ သူငယ်များ မအီ မသာခြင်းရှိမူ ဥသျှစ်ရွက်သတ္တုရည်ကို အရွယ်အလိုက် ချင့်ချိန်၍ တိုက်မူ သန်ထခြင်း, သန်က လိခြင်းများ ပျောက်နိုင်၏။

**အစာမကြေ လေချဉ်အန်ခြင်း။** ။ဥသျှစ်ရွက် သတ္တုရည်ကို တနေ့လျှင် ၂-ကြိမ် သုံးကြိမ်မျှ သောက်မူ လေချဉ်တက်ခြင်း, လည်ချောင်းပူခြင်းများ ပျောက်ကင်းနိုင်၏။

**ပိတ်ဝမ်းသွားခြင်းဆေးတမျိုး။** ။ဝမ်းကိုက်ခြင်း, ပိတ်ဝမ်းသွားခြင်းဖြစ်မူ ဥသျှစ်ကင်းခြောက်, စမုန်စပါး, ချင်းခြောက်, ၃-ပါး ၁-ကျပ်စီ၊ ရေ ၄၀-ကျပ်နှင့် ၆-ကျပ်သားကျန်အောင်ကျို၍ တခွက်စာ ၃-ကျပ်သားမျှ သောက်ပါမူ ဝမ်းကိုက်ခြင်း, ပိတ်ဝမ်းသွားခြင်း ပျောက်ကင်းနိုင်၏။

**ကိုယ်နံ့မကောင်းခြင်း။** ။အောက်သိုးသော ကိုယ်အနံ့ရှိခြင်း, ချင်စုတ်စုတ်ကိုယ်အနံ့ရှိခြင်း စသည်တို့ပျောက်၍ ကိုယ်အနံ့အသက် ကောင်းစေရန် ဥသျှစ်ရွက်သတ္တုရည်ကို ရေချိုးပြီးတိုင်း လိမ်းကျံပါမူ ကိုယ်နံ့မကောင်းခြင်းမှ လွတ်ကင်းနိုင်၏။

**နှာတာရှည်, အဖျား ဖျားခြင်း။** ။ဥသျှစ်မြစ်ကို နွားနို့နှင့်ကျို၍ တနေ့ ၂-ကြိမ် သောက်ပါမူ နှာတာရှည် အဖျားဟောင်းများ ပျောက်ကင်းနိုင်၏။

**ဖောရောင်ခြင်း။** ။ဥသျှစ်ရွက်သတ္တုရည်ကို သောက်လည်းသောက်- လိမ်းလည်း လိမ်းပေးမူ ဖောရောင်သော ရောဂါ ပျောက်ကင်းနိုင်၏။

**ကာလဝမ်းရောဂါဖြစ်ခြင်း။** ။ကာလဝမ်းရောဂါဖြစ်မူ ဥသျှစ်ကင်း, ချင်းခြောက်, ကပ္ပိုလ်, ငုံးဆေး ၂-ပါးကို အမှုန့်ပြု၍ ငုံးဆေးမှုန့် ၃-ကျပ် ရေ ၄၀-ကျပ်နှင့် ၆-ကျပ်သားကျန်အောင်ကျိုပါ၊ တခွက်စာ ၃-ကျပ်သားမျှ သောက်ပါမူ ကာလဝမ်းရောဂါ ဖြစ်ခြင်းမှ ပျောက်ကင်းနိုင်၏။

**ကိုယ်ဝန်နှင့် ဝမ်းရောဂါဖြစ်ခြင်း။** ။မိန်းမများ ကိုယ်ဝန်နှင့် ဝမ်းပျက်, ဝမ်းသွားရောဂါဖြစ်မူ ဥသျှစ်ကင်း, ဇာဒိပ္ပိုလ်သီး, ဆေးသူငယ်ချက်, ငုံးဆေးစုကို အမှုန့်ပြု၍ တခွက်စာ ၆-ပဲသားမျှ ရေနွေးနှင့် သောက်ပါမူ ကိုယ်ဝန်ဖြင့် ဝမ်းသွားခြင်း ပျောက်ကင်းနိုင်၏။

**ဆီးလွန်ရောဂါ။** ။ဥသျှစ်ကင်း ၁၂-ပဲ, ချင်းခြောက် ၆-ပဲ ငုံးဆေး ၂-မျိုးကို အကြမ်းထောင်း၍ ရေ ၃၀-သားနှင့် မီးညှင်းညှင်းဖြင့် ၄-ကျပ်သား ကျန်အောင် ကျိုပါ၊ ငုံးဆေးကို တခွက်စာပြု၍၊ ၇-၈- ရက်မျှ သောက်ပါမူ ဆီးလွန်သော ရောဂါ ပျောက်ကင်းနိုင်၏။

**အရှိန်ပြင်းသော အဖျား။** ။နေ့စဉ် ရက်ဆက် အစဉ်မပြတ် တက်လျက် အရှိန်ရနေသောအဖျားကို ဥသျှစ်မြစ်ခေါက် ၁၂-ပဲသား, ဥသျှစ်ရွက် ၆-ပဲသား, ရေ ၃၀-သားနှင့် ၃-ကျပ် ၁၂-ပဲသားကျန်အောင် ကျိုပါ၊ ငုံးဆေးကို ၂-ခွက်စာပြု၍ အမြဲတမ်း တနေ့ ၂-ကြိမ်ကျ သောက်ပါမူ ၇-ရက်အတွင်း အဖျားရောဂါ ပျောက်ကင်းနိုင်သည်၊ အဖျားဟူသမျှ အသွင် ပြောင်းနိုင်သည်။

**ဆီးချိုရောဂါနှင့် ဥသျှစ်ရွက်။** ။ဆီးချိုရောဂါနှင့် စပ်လျဉ်း၍ ဥသျှစ်ရွက်သည် များများစွာ အကျိုးပြုသော ဆေးဖြစ်ပေသည်၊ ဥသျှစ်နုနုကို ကြိတ်၍ သတ္တုရည်ကို ညှစ်၍ယူပါ၊ ငုံးသတ္တုရည် ၁၂-ပဲသားကို နေ့စဉ်နံနက် စောစော သောက်ပါ၊ ရက်ကြာကြာစွဲ၍ နေ့စဉ်

လျက်ကြ၊ နေ့စဉ်သောက်ပါမူ ဆီးတွင်ပါသော သကြားသည် တဖြည်းဖြည်း လျော့၍ သွားလိမ့်မည်၊ နောက်ဆုံးတွင် သကြားအလျှင်း မရှိဘဲ စင်ကြယ်၍ သွားလိမ့်မည်၊ ထိုဆေး သောက်နေစဉ်အတွင်၊ မကြာမကြာ ဆီးကိုစမ်းသပ် စစ်ဆေးသော ကရိယာဖြင့် စစ်ဆေး၍ ကြည့်ပါ၊ ဆေးကို မပျက်၊ ဆက်လက်၍ သောက်ပါ၊ ၎င်းနောက် တလမျှကြာသောအခါ ထပ်မံ၍ ဆီးတွင်သကြား ပါ မပါ ထပ်မံ၍စမ်းသပ်ပါ၊ ထိုကဲ့သို့စမ်းသပ်၍ သကြားမပါသော အခြေအနေသို့ ရောက်သောအခါ လူနာကို သင့်တော်သော အစာများ ကျွေးပါလေ။

၎င်းဆေးကို ဆီး၌ သကြားပါသမျှ ကာလပတ်လုံး ဆက်လက်၍ သောက်ပါ၊ နောက်ဆုံးတွင် ကေန်ဆီးချိုရောဂါ ပျောက်ကင်း ပါလိမ့်မည်။


**ဆီးလွန်ခြင်း နှင့် ညောင်းကျရောဂါ။** ။ဆီးချိုရောဂါအပြင် ဆီးလွန်ခြင်း, ညောင်းကျခြင်းကို ၎င်းအစေ့မှ ဖြစ်သော ဆီသည် များစွာ အကျိုးပြုလေသည်။

**ဆီချက်နည်း။** ။ဥသျှစ်သီးရှမ်းပြင်း (မမှည့်တမှည့်) ကို ရေနှင့် ပြုတ်ပါ၊ ၎င်းကဲ့သို့ ပြုတ်သောအခါ အသားတခြား အစေ့တခြား ဖြစ်သောအခါ အစေ့များကို ယူ၍ ညက်စွာ ကြိတ်ပါ၊ ၎င်းနောက် တြိဖလ (ဆီးဖြူသီး, ဖန်ခါးသီး, သစ်ဆိမ့်သီး) ပြုတ်ရေနှင့် ကြိတ်၍ နေပူတွင် အခြောက်လှန်းပါ၊ ဤနည်းဖြင့် ၇ - ကြိမ် ပြုလုပ်ပါ၊ ထိုနောက် ၎င်းအစေ့အမှုန့်ကို ဆီကြိတ်သောစက်ဖြင့် ဆီကြိတ်၍ ယူပါ၊ ၎င်းသည် ဥသျှစ်ဆီ ဖြစ်၏၊ ၎င်းဆီကို သုံးစွဲရန်နည်းမှာ ဆီးသောက်မီ ကိုယ်ကို စင်ကြယ်စေရန် အန်ဆေးစားခြင်း, ဝမ်းနုတ်ဆေးစားခြင်း စသည်ဖြင့် အစာအိမ် စင်ကြယ်အောင် လုပ်ပါ၊ ၎င်းနောက် ဆီ ၁ - ပဲသားကို နွားနို့နှင့် ရော၍ သောက်ပါ၊ ဒုတိယနေ့ ၂ - ပဲ, တတိယနေ့ ၃ - ပဲ စသည်ဖြင့် တနေ့လျှင် ၁ - ပဲသား တိုး၍ တိုး၍ ၁၀ - ရက်မြောက်သောနေ့တွင် ၁၀ - ပဲသားကို နွားနို့နှင့် ရော၍ သောက်ပါလေ၊ နောက်ထပ်မံ၍ ၁၀ - ရက်တန်သည် ၁၅ - ရက်တန်သည် ဆက်လက်၍သောက်၊ ထိုသို့ ဆက်လက်၍သောက်ရာတွင် အတိုးအလျော့မရှိဘဲ ၁၀ - ပဲသား သာလျှင် သောက်ပါ၊ ၎င်းဆေးသောက်စဉ်အတွင်းမှာ နို့နှင့် ထမင်းကိုသာလျှင် စားနိုင်သည်၊ ၎င်းဆီဆေး သောက်ခြင်းကြောင့် ဆီးလွန်ခြင်း, ညောင်ကျခြင်း စသောအလွန်ကြောက်မက်ဖွယ်ရာကောင်းသည့် ရောဂါများ ပျောက်ကင်း၍ ကိုယ်၏ အားအင်သတ္တိ တိုးပွားခြင်း, မျက်စိအမြင်သန်ခြင်း, နားအူ နားထိုင်း, နားလေထွက်ခြင်းမှ ကင်းစေခြင်း, ၎င်းပြင် လေရောဂါမျိုးစုံတို့ ကင်းစေလျက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခနှင့် ပြည့်စုံစေသော ဆေးဖြစ်၏။

**အထူးမှတ်ချက်။** ။၎င်းဆီကို ဆေးမသောက်မီ တလကြိုတင်၍ မြေကြီး၌ တွင်းတူးပြီး မြှုပ်ထားမူ ပိုမို၍ ဂုဏ်သတ္တိ စွမ်းအင် ရှိလာနိုင်သည်။

**ကျောက်ဝမ်းတန့်ဆေး။** ။ဥသျှစ်သီးနု, ဟင်းဂလာ, ကြောင်ပန်းရွက် ဆေး ၃ မျိုး ၈ - ပဲသားစီ၊ ငြုတ်ကောင်း ၇ - စေ့, ကြက်သွန်ဖြူ ၇ - မြွှာင့်, ဂျင်းစိမ်း ၇ - လွှာ, ဆား, ၎င်းဆေးစု အမှုန့်ပြု၊ အရက်, ရေနွေး ရရာနှင့် တိုက်။

**ကျောက်ဝမ်းသွားသောရောဂါ။** ။ဥသျှစ်သီးနု အသား, ခတက်ခေါက်, လက်ထုတ်ခေါက်, လက်ပံစေ့ ၎င်းဆေးစု အမျှစုပြီး ကြိတ်၊ အရက်နှင့် ဖျော်၍တိုက်။




ဦးခေါင်း(ခေါင်းခွ)

**ဒူလာ, ပါဒရက်,**
၉ - မျိုး နုတ်နုတ်စဉ်းပြီးကျ
ရအောင်ကျို၍ ၄က်ပျောသ

**လေရောဂါပျောက်**
ထံပုရာရည် ၂ - မျိုးနှင့် ရေ

**နား သွေးထွက်သေ**
ယုတ်ယာင်းလျှာ ပြုလုပ်ပြီးစ

**အပူငုပ်၍ အတွင်း**
၍ စား။

**ခြေ, လက်, အဆစ်**
၄ - မျိုးကို ပေါင်းစပ်ပြီး မ

**သွေးဆုံးရောဂါ။**
ထား - ဤ ၅ - ပါးကို ကြိ

**မီးရပ်ကျိုး၍, ဒူလာ**
ကေား, မဲ့ဇလီ အမြစ် ၅ -
ထည့်၍ ချက်၊ ၎င်းအရေကို

**သွေး, လေ, အားန**
အမြစ်များကို ပါးပါးလွှာပြ
များရည် တဇွန်း ဆေးတဇွ

**မီးရပ်ဝမ်းပျက်။**
ကြက်သွန်ဖြူ, မိဿလင်

**ဝမ်းဖော, ဝမ်းရော**
ပန်း အရွက် ၆ - မျိုး၊ ရှား
သားကဲပြီး မီးတွင် ဖုတ်၊ ၎

# ဦ

**ပုံသဏ္ဍာန်။**
စစ်ကိုင်း စသော အရပ်ဒေ
၎င်းအပင်သည် ချုံဆန်သေ



**ဂူလာ, ပါဒရက်, ထုံကျင်, ကိုက်ခဲ။** ။ဥသျှစ်မြစ်, ခင်ပုပ်မြစ်, သနပ်ခါးမြစ် ဆေး ၃-မျိုး နုတ်နုတ်စဉ်းပြီးကျို၊ ရေပွက်ပွက်ဆူလျှင် အဖတ်ကို ဆယ်၍ ပစ်၊ အရေကို ထပ်ပြီး အနှစ်ရအောင်ကျို၍ ငှက်ပျောသီးနှင့် တို့စားရမည်။

**ဓလရောဂါပျောက်။** ။အထက်ပါ အမြစ် ၃-မျိုးကို အမျှစုံ၊ အမှုန့်ပြုပြီး ပျားရည်, ထန်းလျက်ရည် ၂-မျိုးနှင့် ရောစပ်ပြီးသောက်။

**နား သွေးထွက်သော ရောဂါ။** ။၎င်းရောဂါ နွေရာသီ၌ ဖြစ်မူ ဥသျှစ်ရွက်နုနုကို လက်ထုတ်ယင်းလျှာ ပြုလုပ်ပြီးစား။

**အပူငုပ်၍ အတွင်း ချူပီသော်။** ။ဥသျှစ်ဖျော်ရေ သောက်၊ ဥသျှစ်ရွက်ကို ဟင်းချက်၍ စား။

**ခြေ, လက်, အဆစ်ရောင် ရောဂါ။** ။ဥသျှစ်, ကသစ်, သံသတ်, ရဲယို- ၎င်းအရွက် ၄-မျိုးကို ပေါင်းစပ်ပြီး မပြတ် သုတ်၍စား။

**သွေးဆိုးရောဂါ။** ။ဥသျှစ်, ဥနှဲ, ကြောင်ပန်း- အရွက် ၃-မျိုး၊ ရှားစောင်းကြီး, ဆား- ဤ ၅-ပါးကို ကြိတ်ပြီးလျှင် ရေနွေး, ရေအေး ရရာနှင့် တိုက်။

**မီးရပ်ကျိုးချို, ဂူလာကျိုးချို, ပျောက်ပဥ္စဝေါ။** ။ဥသျှစ်, သနပ်, ခင်ပုပ်, တရှပ်ကား, မဲဇလီ အမြစ် ၅-မျိုး ပါးပါးလွှာပြီး ပြုတ်ရေကို စစ်၍ယူ၊ ၎င်းအရေကို ထန်းလျက်ထည့်၍ ချက်၊ ၎င်းအရေကို နံနက်, ည ၁-ဇွန်း ၂-ဇွန်းတန်သည် သောက်၍ပေး။

**သွေး, လေ, အားနည်း ရောဂါ။** ။ဥသျှစ်, ဥနှဲ, စစ်, ပေါက်- ၎င်း ၄-မျိုးသော အမြစ်များကို ပါးပါးလွှာပြီး ကျို၊ စစ်၍ယူ၊ အရေကို တဖန် ပြန်၍ချက်၊ သောက်သောအခါ ပျားရည် တဇွန်း ဆေးတဇွန်း စပ်၍ သောက်။


**မီးရပ်ဝမ်းပျက်။** ။ဥသျှစ်, ကြောင်ပန်း, ကြိတ်မှန် အရွက် ၃-မျိုး၊ စမုံနက်, ကြက်သွန်ဖြူ, မိဿလင် ဆေး ၆-မျိုး အမျှစု အမှုန့်ပြု၊ နွမ်းဆီနှင့် နယ်၍ စား။

**ဝမ်းဖော, ဝမ်းရောင်။** ။ဥသျှစ်, ဥနှဲ, သက်ရင်း, မျောက်ဆိပ်, ဇောင်ဂျမ်း, ကြောင်ပန်း အရွက် ၆-မျိုး၊ ရှားစောင်းကြီး, စမုံနက် ဆေး ၈-မျိုး အညီအမျှ၊ အားလုံး အလေးထားကဲပြီး မီးတွင် ဖုတ်၊ ၎င်းလျက်ဆားကို လျက်၍ ပေးပါ။

---

# ဦးခေါင်း (ခေါင်းဝွလည်းဟူ)

**ပုံသဏ္ဌာန်။** ။၎င်းအပင်သည် အပူပိုင်းကျသော ပခုက္ကူ, မုံရွာ, ရွှေဘို, မန္တလေး, စစ်ကိုင်း စသော အရပ်ဒေသများ၌ အများအားဖြင့် အလေ့ကျပေါက်သော အပင်မျိုး ဖြစ်၏၊ ၎င်းအပင်သည် ချုံဆန့်သောအပင်မျိုး ဖြစ်သဖြင့် ဆယ်ထပ်ခြင်း သို့မဟုတ် ဆူးခေါက်နက်ကဲ့သို့




**ကေရာင်**

MILLINGTONIA HORTENSIS

आकाश नीम

သဏ္ဍာန်အားဖြင့် တူသည်၊
အရွက်မှာ ဘဲဥပုံသဏ္ဍာန်
ပဲ့သော အပင် ဖြစ်၏၊ နှ
ပေါက်နေသော ဆူးကလေး
အရွက်ကိုလည်း တွေ့နိုင်၏၊
ပ်ကို တွယ်ကပ်လျက် ထေ
အရွက်စိမ်း ဖြစ်၏။

**ငှင်းအပင်၏ ဆေးသ**
**ရောဂါ**တို့ကို အရွက်ပြုတ်ပြီ

ဟိန္ဒီ

မဂ်ါလီ

အင်္ဂလိ

လက်တ

**ပုံသဏ္ဍာန်။** ။
ရှိသော အပင်မျိုး ဖြစ်၏၊
ဖြစ်၏၊ အကိုင်းအခက် နည်
ခက်အရွက်များနှင့် ဆင်ယော
ပွင့်ထက် အလျား ရှည်၍ အ
နတ္တော်လများတွင်၌ ပွင့်လေ

**ဂုဏ် နှင့် စွမ်းရည်။**
ထိုးပွားခြင်းကိုလည်း ငြိမ်းစေ
ဂုင်း, အဆိပ်သင့်ခြင်းကိုငှင်း

**ပထိပ်ရောဂါ။**
ကို အရက်ချက်သကဲ့သို့ ပေါ

အကြောတင်းသော
သဖြင့် ဝမ်းကြော ရင်ကြ
ကို ဆန်ဆေးရည်နှင့် သွေး၍

No: 14

အဏ္ဍာန်အားဖြင့် တူသည်ဟု ထင်ရသော်လည်း သေချာစွာကြည့်လျှင် အလွန်ခြားနားလျက် ရှိ၏၊ အရွက်မှာ ဘဲဥပုံသဏ္ဍာန် ရှိ၏၊ ဆူးကောက်နက်ကဲ့သို့ အရွက်ထိပ်ကွဲ မရှိ၊ ရွက်ညှာတိုပြီး အမွှေးမဲ့သော အပင် ဖြစ်၏၊ မှိုခိုပင် ကင်းလွတ်ပြီး သီးခြားပေါက်တတ်သော အပင်မျိုး ဖြစ်၏၊ စုံတွဲပေါက်နေသော ဆူးကလေးနှစ်ခုအကြားတွင် အရွက်ပေါက်မြဲ ဖြစ်၏၊ ဆူးကလေး စုံတွဲ တွေ့လျှင် အရွက်ကိုလည်း တွေ့နိုင်၏၊ အရွက်တခြား ဆူးတခြား ပေါက်လေ့ မရှိ၊ အရွက်ပေါက်ပုံမှာ အရိုးတံကို တွယ်ကပ်လျက် ထောင်မတ်စွာ အရိုးတံကို ပတ်လည်တက်၍ ပေါက်လေ့ ရှိ၏၊ အရိုးစိမ်း အရွက်စိမ်း ဖြစ်၏။

**၎င်းအပင်၏ ဆေးသုံး။** ။သူငယ်နာ ငါးကြင်းကြေးရောဂါ, မျက်စိနာ နှင့် အဖောရောဂါတို့ကို အရွက်ပြုတ်ပြီး ၎င်းပြုတ်ရည်ကို ရေချိုးသကဲ့သို့ ချိုး၍ပေးရ၏။

---

# ကေရာဇ်ပင်

| | | |
|---|---|---|
| ဟိန္ဒီ | **आकाश नीम** | (အာကာသနီ-မ်) |
| ဗင်္ဂါလီ | **मीनी चमेली** | (မီနီကျူမေလီ) |
| အင်္ဂလိပ် | Tree Jasmine | |
| လက်တင် | Millingtonia Hortensis | |

**ပုံသဏ္ဍာန်။** ။ကေရာဇ်ပင်သည် ပေ ၈၀ ကျော်မျှ မြင့်၍ အခံချင်း ၃-၄-ပေမျှ ရှိသော အပင်မျိုး ဖြစ်၏၊ ၎င်းသည် လမ်းဘေး နှင့် ဥယျာဉ်များတွင် စိုက်ပျိုးသော အပင်မျိုး ဖြစ်၏၊ အကိုင်းအခက် နည်းပါး၍ ပင်စည် ဖြောင့်မတ်၏၊ အရွက်အခက်တို့သည် ပန်းတမာ အခက်အရွက်များနှင့် ဆင်ယောင် ရှိ၏၊ အပွင့်မှာ မြတ်လေး ပွင့်ဖြူပွင့်နှင့် တူသော်လည်း မြတ်လေးပွင့်ထက် အလျား ရှည်၍ အပွင့် ကြီး၏၊ အရောင် ဖြူ၏၊ အနည်းငယ် မွှေး၏၊ သီဘင်းကျွတ် နှင့် နတ္တော်လများတွင်၌ ပွင့်လေ့ ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ကေရာဇ်အရွက် နှင့် အမြစ်သည် သွေးကို ကြွစေတတ်၏၊ သွေးပေါ်ပွားခြင်းကိုလည်း ငြိမ်းစေတတ်၏၊ အရက်မူးခြင်းနှင့် အခြားသော မူးဝေခြင်းရောဂါများကို၎င်း, အဆိပ်သင့်ခြင်းကို၎င်း, သွေးတိုးခြင်းကို၎င်း ပယ်ဖျောက်တတ်၏။

**ပလိပ်ရောဂါ။** ။ကေရာဇ် ပဥ္စငါးပါး တပိဿာ, သံပုရာလုံးရေ ၁၀၀, ၎င်း ၂-မျိုးကို အရက်ချက်သကဲ့သို့ ပေါင်းခံပြီးယူ၊ ၁-နာရီ တဇွန်းတိုက်၊ လိမ်း၍လည်းပေး။


## ရောဂါ အလိုက် အသုံးပြုပုံ

**အကြောတင်းသော ရောဂါများ။** ။အချို့သူတို့သည် အကြောအခြင်တင်းခြင်း အထူးသဖြင့် ဝမ်းကြော ရင်ကြေးကြောများသည် သစ်သားကဲ့သို့ မာကျောစွာ တင်းခြင်းတို့ကို ၎င်းအမြစ်ကို ဆန်ဆေးရည်နှင့် သွေး၍ မှန်မှန်လိမ်းပေးမူ အကြောတင်းခြင်းမှ ပျောက်ကင်းနိုင်၏။









၁၀ ဆေးပင်

ဩဇာ (မြန်မာ)

ANNONA SQUAMOSA

सीताफल

အမှုးရော ါ။
ယောက်ပါက အရက်မူးခြ

မီးယပ်ထိမ်ခြင်း။
ကြွင့် မီးယပ်ငုပ်ခြင်းများ ေ

ခရွှသင်းရောဂါ။
ဂျပီ-, ရေ သင့်ရှိထည့်၍ ဂု
တင့်နှံးကျစိ စားပါ၊ တကို
နှင့် ပျောက်ကင်းနိုင်၏။

ကျောက်ပေါက်သူ
ပေါင်း, တမာ, မဲဇလီရွက်

သ

ဖိ

လ

အ

ပုံသဏ္ဍာန်။

ဂုဏ် နှင့် စွမ်းရည်။
ဖြစ်စေ၏၊ သွေးအားကို တို
ဖြစ်စေ၏၊ အသားကို ပွားမ
ရောဂါများကို ပယ်ဖျောက်

နိဃဏ္ဍုရတနာကရ
အားကို ဖြစ်စေ၏၊ လေ နှင့်
နိုင်၏၊ အော့အန်ခြင်းကို ပယ

ယူနာနီဆရာတို့ အ
ချို၏၊ သွေးအားကို ဖြစ်စေ
ယည် ကြေကျက်ခဲ၏၊ ဖျား
တတ်၏၊ မျက်စိနာခြင်းကို
ယန်းများ သေကြေပျက်စီးဂ



အမူးရောဂါ။ ။ကေရာင်မြစ် နှင့် သပြေခေါက်ကိုရော၍ ဆန်ဆေးရေနှင့် သွေးပြီး သောက်ပါက အရက်မူးခြင်းနှင့် တကွ အခြား မူးသောရောဂါများ ပျောက်ကင်း၏။

မီးယပ်ထိမ်ခြင်း။ ။ကေရာဇ်ရွက်ကို ပြုတ်၍ သုပ်စားခြင်း, ကြော်ချက် ပြု၍ စားခြင်း ပြုလုပ်က မီးယပ်ငုပ်ခြင်းများ ပျောက်ကင်း၍ မီးယပ်သွေးများ မှန်ကန်ခြင်းကို ဖြစ်စေ၏။

စရှူသင်းရောဂါ။ ။ကေရာဇ်မြစ်အစို ၁ဝိ - သားကို ညက်စွာ ကြိတ်၍ ထန်းလျက် ၅ဝိ -, ရေ သင့်ရုံထည့်၍ လက်ကော်ရအောင် ကျိုချက်ပါ၊ ၎င်းဆေးကို ည, နံနက် ကြေးဇွန်းကြီး တဇွန်းကျစီ စားပါ၊ တကိုယ်လုံး ဆွတ်ဆွတ်ဖြူသောသူများ ၂ - ဖု၊ ကွက်ကျားစွဲသူများ ၁-ဖု နှင့် ပျောက်ကင်းနိုင်၏။

ကျောက်ပေါက်သူ ရေချိုးဆေး။ ။ကေရာဇ်, မဏိသြဃ, ရေချင်းယား, ပေါက်ကျိုး ပေါင်း, တမာ, မဲဇလီရွက် ဆေး ၆ - မျိုး ကျက်ကျက်ကျိုပြီးလျှင် နွေးနွေး ချိုး၍ပေး။

---

# သြဇာသီး (မြန်မာ)

| | | |
|---|---|---|
| သက္ကတ | सीताफल | ( စီတာ-ဖလ ) |
| ဟိန္ဒီ | सीताफल | ( စီတာ-ဖ,လ ) |
| လက်တင် | Annona Sguamosa | |
| အင်္ဂလိပ် | Sugar Apple | |

ပုံသဏ္ဌာန်။ ။ အပင် ပုံသဏ္ဌာန်မှာ ထင်ရှား၏၊ အများမျက်မြင် ဖြစ်၏။



ဂုဏ် နှင့် စွမ်းရည်။ ။အာယုဗ္ဗေဒ အလိုအားဖြင့် သြဇာသီးသည် ရောင့်ရဲခြင်းကို ဖြစ်စေ၏၊ သွေးအားကို တိုးပွားစေ၏၊ နှုတ်ကို မြိန်စေ၏၊ အေး၏၊ နှလုံးကို အကျိုးပြု၏၊ အားကို ဖြစ်စေ၏၊ အသားကို ပွားများစေ၏၊ ပူလောင်ခြင်း, သွေးအန် သွေးကျရောဂါ ဖြစ်ခြင်းနှင့် လေပူ ရောဂါများကို ပယ်ဖျောက်နိုင်၏။

နိဃဏ္ဍုရတနာကရ အလိုအားဖြင့် သြဇာသီးသည် ချို၏၊ အေး၏၊ နှလုံးကို အကျိုးပြု၏၊ အားကို ဖြစ်စေ၏၊ လေ နှင့် သလိပ်ကို ပွါးဘက်၏၊ နှုတ်ကို မြိန်စေ၏၊ ဝဖြိုးစေ၏၊ သည်းခြေကို နိုင်၏၊ အော့အန်ခြင်းကို ပယ်ဖျောက်တတ်၏။

ယူနာနီဆရာတို့ အလိုအားဖြင့် သြဇာ အမြစ်သည် ဝမ်းလျှောစေတတ်၏၊ အသီးသည် ချို၏၊ သွေးအားကို ဖြစ်စေ၏၊ သလိပ်ကို ထုတ်ဆောင်တတ်၏၊ နှုတ်ကို မြိန်စေ၏၊ သြဇာ အစေ့ သည် ကြေကျက်ခဲ၏၊ ဖျားနာ, အနာမီးလျှံနာတို့ကို ဖြစ်စေတတ်၏၊ ကိုယ်ဝန်ကို လျှောစေ တတ်၏၊ မျက်စိနာခြင်းကို ဖြစ်စေတတ်၏၊ ၎င်းအစေ့ကို အမှုန့်ပြု၍ ခေါင်းတွင် လိမ်းကျံမှု ယန်းများ သေကြေပျက်စီးကုန်၏။

**သတိပြုရန်။** ။အကယ်၍ ၎င်းအစေ့မှုန့်များ၊ အရည်များ မျက်စိတွင်းသို့ ဝင်မူ မျက်စိ၏ အကျိုးယုတ်ခြင်းကို ဖြစ်စေတတ်၏။

## ရောဂါ အလိုက် အသုံးပြုပုံ

**အနာ ပြည်ပေါက်ရန် တင်ဆေး။** ။ဩဇာရွက် အစိုကို ဆား အနည်းငယ် ထည့်၍ ကြိတ်ပြီးလျှင် ပြည်ပေါက်လိုသော အနာ အဖု အပိမ့်များသို့ စည်းပေးပါက နုလျှင် ပိန်၍ ရင့်လျှင် ပြည်ပေါက်၏၊ ၎င်းအသီးမှည့်ကိုလည်း ဆားနှင့် ရောကြိတ် အုပ်ကပ်ပေးပါက ပြည်ပေါက်စေတတ်၏၊ ၎င်းအပြင် ထိခိုက် ရှနသော ဒဏ်ကြောင့် ဖြစ်သည့် အဖု အပိမ့်များကိုလည်း ဤနည်း အတိုင်း ပြုလုပ်ပါလေ။

**အနာ၌ ရှိသော ပိုးများ ကျဆင်းရန် ဆေး။** ။ဩဇာသီး နုနုကို အခြောက်လှန်း၍ အမှုန့်နှုန့် ပြုပြီးလျှင် ကုလားပဲမှုန့်နှင့် ရော၍ ပိုးကျနေသော အနာများသို့ ဖြူးပေးခြင်း၊ ရေနှင့် အပြား ပြုလုပ်၍ ကပ်ပေးခြင်း ပြုမူ အနာ၌ တွယ်ကပ်နေသော ပိုးများ လျင်မြန်စွာ ပျောက် ပြယ်ကုန်၏၊ ဝမ်းတွင်းသို့လည်း တိုက်ကျွေးနိုင်၏။

**ကျွဲ၊ နွားများ တုတ်ပိုးကျ ဆေး။** ။ကျွဲ၊ နွား ဝမ်းတွင်း၌ တုတ်ကောင်များကို ကျ ဆင်းစေရန် ဩဇာရွက်ကို ကြိတ်၍ ကျွေးမူ ကျွဲ၊ နွားများ၏ ဝမ်းတွင်းရှိ တုတ်ကောင်ကြီးများ ကျဆင်း၍ ၎င်းတိရစ္ဆာန်များလည်း သန်မာ ဝဖြိုးလာစေနိုင်ပါသည်။

**ပိုးနိုင်ဆေး။** ။ဩဇာစေ့ကို အမှုန့်ပြု၍ ထားပါ၊ အနာများ၌ ပိုးကျနေသော် ၎င်းအမှုန့်ကို ဖြူး၍ ပေးပါက ပိုးများ ပျောက်ကင်းကုန်လိမ့်မည်၊ ကျွဲ၊ နွား တိရစ္ဆာန် စသည် တို့တွင် အနာများ၌ ပိုးကျနေလျှင်လည်း ဤနည်းအတိုင်း ပြုလုပ်ပေးပါက အနာ၌ ရှိသော ပိုး များ ပျောက်ပျက်ကုန်မည် ဖြစ်ပါသည်။

**သူငယ်များ စအိုနီ ထွက်ခြင်း။** ။များသောအားဖြင့် ကလေးများ၌ ဖြစ်တတ်သည့် (အူကျနာ) ဖင်နီ ထွက်သောအခါ ဩဇာရွက်ကို ပြုတ်၍ - သို့မဟုတ် ဩဇာရွက်ကို တညသိပ်၍ ထားသော ရေဖြင့် ၎င်း (အူကျနာ) ဖင်နီကို တနေ့ ၂ ကြိမ်၊ ၃ ကြိမ်မျှ ဆေးကြော၍ ပေးမူ အူကျခြင်းမှ (စအိုနီ ထွက်ခြင်းမှ) ပျောက်ကင်းစေ၏။

**သားဖွား လွယ်ကူရန် ဆေးနည်း။** ။အချို့သော မိခင်များသည် မီးဖွားရာ၌ အမြဲ လိုလို ပင် ခက်ခက်ခဲခဲ ပင်ပန်းဆင်းရဲစွာ ဖွားမြင်ကြရလေသည်၊ ထိုကဲ့သို့ မီးဖွားရသော ဒုက္ခနှင့် ရင်ဆိုင် နေရသောအခါ မိခင်၏ သားအိမ် အဝကို ဩဇာစေ့ကို သွေး၍ လိမ်းကျံ ပေးပါက လျင်မြန် လွယ်ကူစွာ ဖွားမြင်လိမ့်မည် ဖြစ်ပါသည်။

**အကြောတက် ရောဂါပျောက် ဆေးနည်း။** ။အကြောငုပ်၊ အကြောတက် ရောဂါ များ ဖြစ်မူ ဩဇာရွက်ကို ကြိတ်ပြီးလျှင် အပြားကလေးများ ပြု၍ အုံ၍ ကပ်၍ ပေးမူ အကြော ငုပ်ခြင်း၊ တက်ခြင်းများ ပျောက်ကင်း၏။

**အနာပိုးသေ ဆေးနည်း။** ။ဩဇာရွက် အစို၊ ဆေးရွက်ကြီး၊ မဖောက်ထုံး ၎င်း ၃ မျိုး ညက်စွာ ကြိတ်၍ ပိုးကျနေသော အနာများကို လိမ်းကျံမူ အနာ၌ ရှိသော ပိုးများ ပျက်စီးကုန်၏။

**ဝက်ရူးနာ ပျောက်ဆေး။** ။ဩဇာစေ့ အတွင်းဆံကို ကြိတ်၍ အဝတ်နှင့် လိပ်၍ ထားပါ၊ ဝက်ရူးပြန်သောအခါ ၎င်း အသက်ပါ ဆေးလိပ်ကို မီးရှို့၍ အခိုးမှိုင်းကို နှာခေါင်း ပေါက်သို့ ဝင်အောင် မှုတ်၍ သွင်းပေးပါ၊ ဤနည်းဖြင့် မကြာမကြာ ပြုလုပ်ပေးပါက ဝက်ရူးနာများ ပျောက်ကင်းစေ၏။

**သန်းနိုင်ဆေး။** ။ဩဇာစေ့ကို အမှုန့်ပြု၍ ခေါင်း၌ အနှံ့အပြား ဖြူးပေးပါ၊ ၎င်း နောက် ၃-၄-နာရီ ကြာသောအခါ ခေါင်းကို ရေဖြင့် ဆေးပါ၊ ၎င်း ဆေးသော ရေများ နှင့် ဩဇာစေ့ အမှုန့်များ မျက်စိအတွင်းသို့ မဝင်ရန် အထူး သတိပြုပါ၊ မျက်စိတွင် ဝင်ပါမူ မျက်လုံးအိမ် ရောင်ခြင်း၊ မျက်စိနာခြင်းကို ဖြစ်စေတတ်၏၊ ထိုသို့ ၂-ကြိမ်၊ ၃-ကြိမ် ပြုလုပ် ပေးမူ ခေါင်း၌ အလွန်ပေါများသော သန်းများ ပျောက်ကင်းပါလိမ့်မည်။

**ဆီးချုပ်ရောဂါ ပျောက်ဆေး။** ။ဆီးချုပ်ရောဂါ ဖြစ်မူ ဩဇာမြစ်ကို ဆန်ဆေးရေ နှင့် သွေး၍ အနည်းငယ် သောက်ပါက ဆီးချုပ်ခြင်း ပျောက်ကင်းနိုင်၏။

**အပူငြိမ်းဆေး။** ။ဩဇာသီးအမှည့်ကို ညဦးပိုင်း၌ခွဲ၍ လေတိုက်ရာ၌ ထားပါ၊ နံနက် လင်းသောအခါ ၎င်းဩဇာသီးကိုစားပါ၊ အပူအားကြီးသူများနှင့် အဖျား၌ အပူလွန်သောသူများ ၏ အပူကို ငြိမ်းစေပါသည်။


**သွေးကင်လွန်သောရောဂါ။** ။ဩဇာသီးမှည့်ကို အဝစား၍ မေးပေါက်သောအနာ ကျပ်လိုက်သောခါ ဩဇာအစေ့၊ ကျပ်မြေ၊ သင်းခွေကျပ်ခွံ၊ ရှိန်းခို ၎င်းဆေး ၄-မျိုးအမှုန့်ပြုပြီး ဆီနှင့်ဖျော်၊ ကျပ်လိုက်သောအနာကို လိမ်း၍ပေး။

---

# ဩဇာ (သဘော်)

| | | |
|---|---|---|
| သက္ကတ | **रामफलम** | (ရာ-မ်-ဖလ-မ်) |
| ဟိန္ဒီ | **रामफल** | (ရာ-မ်-ဖ-လ်) |
| အင်္ဂလိပ် | Bullocks Heart | |
| လက်တင် | Annona Reticulata | |

**ပုံသဏ္ဍာန်။** ။သဘော်ဩဇာသည် ဩဇာဝဂ်မှ အပင်တမျိုးဖြစ်၏။ ၎င်းအရွက်သည် ၄-လက်မမှ ၇-၈-လက်မအထိ ရှည်၏။ အနံ ၁-လက်မမှ ၂-လက်မ၊ ၃-လက်မအထိ ရှိ၏။ အသီး မှာ ဝါရောင်သန်း၍ မှည့်သောအခါ နီရောင်သန်းလျက် ရှိ၏။ အစေ့မှာ ချော၏။ နက်ပြောင်၏၊




ဩဇာ (သင်္ဘော)
ANNONA RETICULATA
रामफलम

ဂုဏ် နှင့် စွမ်းရည်။
လောသဘောရှိ၏။ ချို၏၊
၏။ သည်းခြေနာ, ရေငတ်ခြ
ဓေါက်သည့် ထက်မြက်ေ
ပါးမှည့် စားသုံးမှု ဝမ်းတွင်းရှိ
ကောင်းဝေးစေ၏၊ အသီးစိမ်းသ
ထုတ်ယူ၍ ရနိုင်၏။

ဟိန္ဒီ
မရာ
လဂ်
အင်

ပုံသဏ္ဍာန်။ ။
အရွက်သည် သားရေကဲ့သို့ ပြ
များချွန်း၏၊ အပွင့်ကြီး၏၊ ဒ
၏။

ဂုဏ် နှင့် စွမ်းရည်။
၏၊ အရွက်ကို ရေနွေးဖြင့်ဖုင်း
ပြုရ၏၊ ထို့ပြင် အဖျားရော
အပွင့်များကို ချောင်းဆိုးပျေ
ဝမ်းသွားရောဂါများ၌ အသုံ

ကြော်လဲပင်သည် ဓေ
ရောက်လေ့ မရှိသဖြင့်ဖုင်း၊ 
ရှေးအကျဆုံးသော သက္ကတ,
ကောင်းစွာ မတွေ့ရှိရပေ။



**ဂုဏ် နှင့် စွမ်းရည်။** ။အယုဗ္ဗေဒ အလိုအားဖြင့် ၎င်းအသီးသည် တွန့်ရှုံ့စေတတ်သောသဘောရှိ၏။ ချို၏၊ အနည်းငယ်ဖန်၏၊ ချဉ်ပြုံးပြုံး ရှိ၏၊ သွေးဖောက်ပြန်ခြင်းကို ငြိမ်းစေ၏။ အညီးခြေနာ, ရေငတ်ခြင်းတို့ကို ငြိမ်းအေးစေ၏။ ၎င်းပြင် လေနှင့် သလိပ်ကို ပွားစေ၏၊ ၎င်းအစေ့ါက်သည် ထက်မြက်သော တန်ခိုးသတ္တိ ရှိ၏၊ ဝဖြိုးစေတတ်၏၊ ပိုးတို့ကို နိုင်နင်း၏၊ ၎င်းအသီးမှည့် စားသုံးမှု ဝမ်းတွင်းရှိ ပိုးများကို ငြိမ်းစေ၏၊ ၎င်းပြင် အစာမကြေဝမ်းပျက် ရောဂါများကို ပျောက်စေ၏၊ အသီးစိမ်းသည်၎င်း, အခြောက်သည်၎င်း, အရောင်နက်သော ဆိုးဆေးများအဖြစ် အသုံးပြု၍ ရနိုင်၏။

---

# ဩဇာ ၁ - ဒူးရင်း

| | | |
|---|---|---|
| ဟိန္ဒီ | **मममफल** | (မမ်ဖလ်) |
| မရာဌီ | **मांमफल** | (မာမဖလ်) |
| လက်တင် | Annona Muricata | |
| အင်္ဂလိပ် | Soursop | |

**ပုံသဏ္ဌာန်။** ။ဒူးရင်း ဩဇာပင်သည် အမြဲ စိမ်းလန်းနေသော ပင်ငယ်မျိုး ဖြစ်၏၊ အရွက်သည် သားရေကဲ့သို့ ပြင်းတွဲပြော့ပျောင်း၏၊ အနံ့ ဆိုး၏၊ အရွက်လှံသွားသဏ္ဌာန် ရှိ၏။ ထိပ်ပျားချွန်း၏၊ အပွင့်ကြီး၏၊ အသီးမှာလည်း ကြီးထွား၏၊ နှလုံးပုံသဏ္ဌာန် ရှိ၏၊ အစိမ်းရင့်ရောင် ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒအလိုအားဖြင့် အစေ့သည် အန်စေတတ်၏၊ ချုပ်၏၊ အရွက်ကို ရေနွေးဖြင့်၎င်း ရေနံဆီဖြင့်၎င်း ရောကြိတ်၍ အနာပြည်ပေါက်ဆေးအဖြစ် အသုံးပြုရ၏၊ ထို့ပြင် အဖျားရောဂါများ၌လည်း အရွက်ကို တိုက်ဆေးအဖြစ် အသုံးပြုရ၏၊ အဖူးငုံနှင့် အပွင့်များကို ချောင်းဆိုးပျောက်ဆေးအဖြစ် အသုံးပြုရ၏၊ အသီးစိမ်းနုနုများကို အမှုန့်ပြု၍ ပိတ်ဝမ်းသွားရောဂါများ၌ အသုံးပြုရ၏။

---

# ဩြော်လဲ

| | |
|---|---|
| မဂဓ | (ရဓေသ) |

ဩြော်လဲပင်သည် ရှေးကျသော ဂေဇက်ဝင် ဆေးပင်ဖြစ်သော်လည်း နေရာတိုင်း ပေါက်ရောက်လေ့မရှိသဖြင့်၎င်း၊ ပေါက်ပါသော်လည်း ပေါက်သောနေရာ ကျဉ်းမြောင်းသဖြင့်၎င်း၊ ရှေးအကျဆုံးသော သက္ကတ, ဟိန္ဒီ, မဂဓ စသော ဆေးကျမ်းကြီးများ၌ ဩြော်လဲ၏ အသုံး အစွဲကို ကောင်းစွာ မတွေ့ရှိရပေ။



ANNONA MURICATA.

မြန်မာနိုင်ငံတွင်လ
ယှဉ်၍ အသုံးအစွဲများလ
မျိုးမျိုးဖော်စပ်ရာတွင် တွ
ရေးသားကြသော ဗိန္ဒော
ရှိပေ၏။

သတ္တိ်သ ၃၇-ပါ
တွင်-ဩောလဲ၊ ကျော်သဲ

ကန့်ချုပ်နီ ဆယ်
ဩောလဲ'' ဟူ၍ရှင်း။

ဟာလိဒ္ဒါ စုဏ္ဏင်နံးေ
ခင်းမှူ၊ နန္ဒင်းမလွဲ၊ ဩော

နူနာသမင်ရက်ဆေ
နှင့်၊ သက်ရင်-ဩောလဲ၊

လောကသာရဆေ
ဂုဏ်ပောဓိဟု'' ဟူ၍ရှင်း ၊

အထက်ဖော်ပြပါ
ဘက် ပါဝင်သုံးစွဲလာကြ
သုံးသောဆေးနည်းတို့ကား

ဩောလဲပေါက်ဆေ
ပေါင်း( )ကျော်ဒ
အပြားပေါက်လေ့ရှိသဖြ

ဩောလဲပေါက်ရေ
မြေဖြူ ကျောက်စရစ်ကု
အရပ်ဒေသများ၌ ပေါက်
ကျပေါက်နေသော ဩော
ပေါင်းများစွာ တွေ့ရှိနိုင်
လာသိရှိနိုင်၏။

ဩောလဲပင်၏ ပုံ
တို့သည် အခေါင်းမရှိ မ
ရှိ၏။ မိမိဘာသာ ထီးထီး
ရောက်သည့်နေရာ အ၀

ANNONA MURICATA.

ဩဇာ (ဒူးရင်း)



မြန်မာနိုင်ငံတွင်လည်း ပုဂံ, ပင်းယ, အင်းဝ စသော ခေတ်အဆက်ဆက်မှ စ၍ ဆေးဘက်ယှဉ်၍ အသုံးအစွဲများလာသည်ကို တွေ့ရှိရ၏။ ယခုခေတ် ဗိန္ဒောဆေးဆရာကြီးများ ဆေးအမျိုးမျိုးဖေါ်စပ်ရာတွင် တွင်ကျယ်စွာ အသုံးများလာသည်ကို ပင်းယ, အင်းဝခေတ်၏ နောက်ပိုင်းရေးသားကြသော ဗိန္ဒောဆေးကျမ်းကြီးတို့၌ အောက်ဖော်ပြပါတို့ဖြင့် သိသာ ထင်ရှားလျက်ရှိပေ၏။

သတ္တိ'သ ၃၇-ပါးသော ဆေးကြီး ဖေါ်စပ်ရာတွင်။ ။"ပေါက်ဖြူ-သင်းဝင်၊ ခေါ်တွင်-ဩဇာလဲ၊ ကျော်သဲအုန်းမြစ်" ဟူ၍ငင်း။

ကန့်ချုပ်နီ ဆယ်ပုံခွဲဆေး ဖော်စပ်ရာတွင်လည်း။ ။"ကန့်ချုပ်နီတွေ၊ ဖုန်းဆေးဩဇာလဲ" ဟူ၍ငင်း။ ။"လင်းနေ-ဩဇာလဲ၊ ဆေးပုလဲ-ပေါက်နက်" ဟူ၍ငင်း။

**ဟလိဒ္ဒါစုဏ္ဏန်းဆေး ဖော်စပ်ရာတွင်လည်း။** ။"ဟလိဒ္ဒဟု၊ မြည်တွင်ရှိခြင်း၊ နီဖါန်းဝင်းမှု၊ နနွင်းမလွဲ၊ ဩဇာလဲဘွားဘွက်" ဟူ၍ငင်း။

**နူနာသမင်ရက်ဆေး ဖေါ်စပ်ရာတွင်လည်း။** ။"ဇောင်ချမ်း-ခတက်၊ ဆူးခေါက်နက်နှင့်၊ သက်ရင်-ဩဇာလဲ၊ ဆေးပုလဲခေါ်၊ ဆေးခြောက်ဖော်ကို" ဟူ၍ငင်း။

**လောကသာရဆေးကြီး ဖော်စပ်ရာတွင်လည်း။** ။"ဩဇာလဲ-သုမက၊ အမျှနှော၍ဂုဏ်ပေါဓိဟု" ဟူ၍ငင်း စပ်ဆိုခဲ့ကြသည်။


အထက်ဖော်ပြပါ ဆေးကြီးတို့ကို ကြည့်သဖြင့် ဩဇာလဲကို ဆေးအရာ၌ မည်ကဲ့သို့ ယှဉ်ဘက် ပါဝင်သုံးစွဲလာကြသည်ကို သိသာထင်ရှားလှပေ၏။ ၎င်းပြင် ဩဇာလဲပါဝင် ယှဉ်ဘက်၍ သုံးသောဆေးနည်းတို့ကား အရာအထောင်မက များပြားလှတော့၏။

**ဩဇာလဲပေါက်ရောက်ရာဒေသ။** ။ဩဇာလဲသည် ပင်လယ် ရေမျက်နှာပြင်မှ ပေ၊ပေါင်း( )ကျော်အထက် အပူပိုင်းဒေသ ပခုက္ကူ, မုံရွာ စသော ဒေသများ၌သာ အများအပြားပေါက်လေ့ရှိသဖြင့် အလေ့ကျပေါက်ပင်မျိုး ဖြစ်၏။

**ဩဇာလဲပေါက်ရောက်သည့် မြေအမျိုးအစား။** ။သဲနှင့် ကျောက် ရောစပ်နေသော မြေနီမြေဖြူ ကျောက်စရစ်ကုန်းများ၌သာ ပေါက်ရောက်လေ့ရှိ၏။ အများအားဖြင့် ချိုင့်ဝှမ်းသော အရပ်ဒေသများ၌ ပေါက်ရောက်ခြင်းမရှိသည်ကို တွေ့ရ၏။ ၎င်းကျောက်စရစ်ကုန်းများ၌ အလေ့ကျပေါက်နေသော ဩဇာလဲတပင် တွေ့ပါလျှင် ပတ်ဝန်းကျင်ရှိ ကျောက်ကုန်းတို့၌လည်း အပင်ပေါင်းများစွာ တွေ့ရှိနိုင်သည်ကို ထောက်သော် အုပ်စုဖွဲ့၍ ပေါက်တတ်သော အပင်ဟု သေလာသိရှိနိုင်၏။

**ဩဇာလဲပင်၏ ပုံသဏ္ဌာန်အရောင်အသွေး။** ။ဩဇာလဲ၏ ပင်စည်နှင့်အကိုင်းအခက်တို့သည် အခေါင်းမရှိ မာကြောလှ၏။ ပင်စည်နှင့်အကိုင်းတို့မှာ ဖြူဖျော့သော အရောင်အသွေးရှိ၏။ မိမိဘာသာ ထီးထီးပေါက်၍ နေတတ်သောအပင်မျိုးဖြစ်၏။ မှီခိုပင်မျိုးမဟုတ်၊ ပေါက်ရောက်သည့်နေရာ အဝန်းအဝိုင်းလောက်သာ များစွာ ပေါက်ရောက်သည်ကို တွေ့မြင်နိုင်၏။






အကိုင်းအခက်တို့မှာ ရှပ်ဝေ
ပင်ထောင်မျိုးတွင်လည်း ဝ
လှပေ။

သြော်လဲရှတ်၏ ပုံသ

နုကလေးများ ပေါက်သဖြ
ကဲ့သို့ ဥဖျားသွယ်ချွန်းသော
များပါရှိ၏၊ အရွက်၏အရေ
ရာဆိုခ္ခ် အစိမ်းများသော
၏။ ရွက်ညှာတိုပြီး ပတ်လည်
တတ်သော အပင်မျိုးမဟုတ်
ကျသော်လည်း ရွက်နုတို့အ
ကစေ မြင်တွေ့နိုင်၏။ ရွက်
ရွက်နုကလေးများ ထွက်လာ

ပန်းကိုင်းထွက်ပေါ

ယိပ်ဖျား တပင်တိုင်ပန်းခိုင်
ပွင့်ကြ၏၊ ပွင့်သောပန်းက
ပွင့်ကြသဖြင့် အလွန်လှပသေ
မဟုတ်ဘဲ ၃-၄-၃ စုပြုံ၍လ

သြော်လဲ၏ ရသဝိပ

သုံးရာ၌ အမြစ်ကိုသာ အသုံး
တို့သည် ဇောင်ချမ်း၊ ခတက်
ဖေါ်စပ်နည်းတို့ကို အများအ

ဂုဏ် နှင့် စွမ်းရည်။

ကဘ်၏၊ ဝါယောခေတ်ကြ
ဖျားနာခြင်း၊ မူးဝေခြင်း၊
ပျောက်စေတတ်၏၊ ဘဝါ
မည်ဟု ဖော်ပြထား၏၊
လက်ထုတ်ကြီး၊ ယောက်သွာ

အနာဖတိုင်းပေါက်
ကို အရက်နှင့်သွေးပြီး တိုက်

။ အကိုင်းအခက်တို့မှာ ရှပ်ထွေးစွာ ပေါက်တတ်သဖြင့် ချုံဆန်သောအပင်ဟု ခေါ်ဆိုနိုင်၏၊ သို့သော် ပင်စထောင်မျိုးတွင်လည်း ထည့်သွင်းခေါ်ဆိုနိုင်၏။ အမြင့်ပေမှာ ၅-ပေ, ၆-ပေထက် ပို၍ မမြင့်လှပေ။

ဩော်လဲရွက်၏ ပုံသဏ္ဌာန် အရောင်အသွေး။ ။အရွက်သည် အထက်အောက် အမွေးနုကလေးများ ပေါက်သဖြင့် သနပ်ပွစ္စည်းရွက်နှင့် ခပ်ဆင်ဆင်တူ၏၊ အဏ္ဍာကာရ (Ovate) ဥပုံကဲ့သို့ ဥဖျားသွယ်ချွန်းသော ပုံစံတွင် အနားပတ်လည်၌ လွှသွားကဲ့သို့သော ခွေးသွားစိတ်ကလေးများပါရှိ၏၊ အရွက်၏အရောင်အဆင်းမှာ နွေရာသီ၌ အဝါများသော စိမ်းဝါနုရောင်ရှိ၍ မိုးလ ရာသီ၌ အစိမ်းများသော စိမ်းဝါနုရောင်ဖြစ်၏၊ ရာသီကိုလိုက်၍ အသွေးအရောင်ပြောင်းလဲတတ်၏။ ရွက်ညှာတိုပြီး ပတ်လည်တက်၍ ပေါက်တတ်၏၊ တပြိုင်တည်း အရွက်ကြွေပြီးမှ ရွက်နုပေါက်တတ်သော အပင်မျိုးမဟုတ်၊ ၁၂ရာသီပတ်လုံး ရင့်ရော်သော အရွက်တို့သည် ကြွေ၍ကြွေ၍ ကျသော်လည်း ရွက်နုတို့သည် ပေါက်၍ပေါက်၍ နေသဖြင့် တနှစ်ပတ်လုံး အရွက်တို့ကို အမြဲတမ်း မြင်တွေ့နိုင်၏။ ရွက်ဟောင်းမကြွေမီစပ်ကြား ရွက်ညှာနှင့် ပင်တန်အကြား၌ နောက်ဆပ် ရွက်နုကလေးများ ထွက်လာရန် အားယူနေသည်ကို မြင်တွေ့နိုင်၏။

ပန်းကိုင်းထွက်ပေါ်၍လာပုံ။ ။ဩော်လဲပန်းကိုင်းသည် ပင်စည်နှင့် အကိုင်းအခက်တို့ ထိပ်ဖျား တပင်တိုင်ပန်းခိုင်ကဲ့သို့ ထွက်လာသော ရိုးတန်ကိုမှီတွယ်၍ နီဝါရောင် ပန်းကလေးများ ပွင့်ကြ၏၊ ပွင့်သောပန်းကလေးတို့သည် ရိုးတန်၏ တဘက်တချက် ညီညာလှပစွာ ကပ်တွယ်၍ ပွင့်ကြသဖြင့် အလွန်လှပသော တောပန်းကလေးများဖြစ်ကြ၏။ ပန်းရိုးတန်သည် တခုတည်းသာ မဟုတ်ဘဲ ၃-၄-ခု စုပြုံ၍လည်း ထွက်တတ်၏၊ ထို့ထက်များစွာလည်း ထွက်လာတတ်ကြ၏။

ဩော်လဲ၏ ရသဝိပါက။ ။ဩော်လဲသည် ပူခါးသောရသာရှိ၏၊ ဆေးဘက်ယှဉ်၍ သုံးရာ၌ အမြစ်ကိုသာ အသုံးပြုကြ၏၊ ဩော်လဲပေါက်ရောက်ရာဒေသ ပတ်ဝန်းကျင်ရှိ လူအပေါင်းတို့သည် ဇောင်ချမ်း၊ ခတက်၊ ဆူးခေါက်နက်၊ သရင်း၊ ဩော်လဲ၊ ဆေးပုလဲ စသော ၆-ပါးဆေး ပေါင်းစပ်နည်းတို့ကို အများအားဖြင့် သိနားလည်ကြ၏။

ဂုဏ်နှင့် စွမ်းရည်။ ။ဓာတုဗေဒကျမ်းအဆို ဩော်လဲမြစ်သား ဓာတ်မီးကို ရှင်စေတတ်၏၊ ဝါယောဓာတ်ကြွခြင်းကြောင့် အာပေါဓာတ်ကို ပျက်စေတတ်၏၊ ခြေလက်ကိုက်ခြင်း၊ များနာခြင်း၊ မူးဝေခြင်း၊ ဘဝါးဓာတ်ရောင်ခြင်း၊ မျက်စိယားခြင်း၊ ခေါင်းသွေး ပျက်ခြင်းကို ပျောက်စေတတ်၏၊ ဘဝါးဓာတ် ၄-ပါးသို့ သွားသည်၊ ကြေစေတတ်သည်၊ လက်စွဲပြု၍ ပေးရမည်ဟု ဖော်ပြထား၏၊ ကျောက်ပေါက်စဉ် နေမထိ ထိုင်မသာရှိသောအခါ ဩော်လဲ၊ သမက လက်ထုတ်ကြီး၊ ယောက်သွားမီးကျွမ်း၊ ၎င်း ၄-မျိုးကို အမှုန့်ပြု၍ တိုက်ရာ၏။

အနာဖအိုင်းပေါက်သောအခါ။ ။ဩော်လဲ၊ တီလက်သာ၊ လက်ထုတ်ကြီး ၎င်း ၃-မျိုးကို အရက်နှင့်သွေးပြီး တိုက်ရာ၏။




# အင်္ကောလပင်

| | | |
|---|---|---|
| ပါဠိ | | (အင်္ကောလ- လိင်္ဂေါစက) |
| သက္ကတ | अंकोल | (အံ-ကို-လ၊ အံ့-ကို-လ်) |
| ဟိန္ဒီ | ढेरा अंकोल | (ဓေရာ အံ-ကို-လ်) |
| လတ်တင် | Alangium Lamarckii | |

ပုံသဏ္ဌာန်။ ။အင်္ကောလပင်သည် ပေနှစ်ဆယ့်ငါးပေမှ လေးဆယ်အထိ မြင့်၏။ လုံးပတ်နှစ်ပေခွဲမျှရှိ၏။ အကိုင်းအခက်တို့သည် ဖြူရောင်သန်း၏။ အရွက်မှာ သုံးလက်မမှ ခြောက်လက်မအထိရှည်၏။ အနံတလက်မမျှရှိ၏။ အကိုင်းအခက်တို့တွင် ရှည်သောဆူးများရှိ၏။ ရွက်ဟောင်းတို့သည် တပို့တွဲ၊ တပေါင်းလများတွင် ကြွေ၍ အပွင့်များလည်း ပွင့်ကုန်၏။ တန်ခူးလ ကဆုန်လများတွင် ရွက်သစ်ထွက်၍ အသီးများသီးကုန်၏။ ၎င်းအရွက်သည် ချိုသော အရသာ ခါးသောအရသာများရှိ၏၊ အပွင့်မှာ ဖြူ၏၊ မွှေးသောအနံ့ရှိ၏၊ အဆုပ်လိုက်ပွင့်၏၊ အသီးမှာနှစ်ဥ အညိုရောင်ရှိ၏၊ ရင့်မှ နီရောင်ရှိ၏၊ မှည့်သောအခါ သပြေရောင်ရှိ၏၊ ၎င်းအသီးကို လက်သည်းဖြင့်ဆိတ်၍ ကြည့်မူ အရည်များစွာ ထွက်၍လာ၏၊ အင်္ကောလပင်သည် အချို့သော ဆေးဆရာကြီးများနှင့် ဘာဝပ္ပကာသ နိဃဏ္ဍုဆရာတို့၏ အလိုအားဖြင့် အပွင့်ကိုခွဲ၍ အနက်၊ အနီ အဖြူဟူ၍ သုံးမျိုးရှိကြောင်းကို ရေးသားဖေါ်ပြကြကုန်၏။ အနက်မျိုးကိုမူ လွန်စွာတွေ့နိုင်ခဲ၏။ ဥပမာ ကန့်ကြုတ်၊ ဖြူ၊ နီ၊ ပြာ အနေဖြင့် တွေ့နိုင်၊ လွယ်ကူစွာရနိုင်ငြားလည်း တပင်လုံးနက်သော ကန့်ကြုတ်နက်ကို ရရန်ခဲယဉ်းသကဲ့သို့တည်း။

ဂုဏ်နှင့် စွမ်းရည်။ ။အာယုဗ္ဗေဒအလိုအားဖြင့် နိဃဏ္ဍုရတနာကရ ဆရာကြီး၏အမြင်မှာ အင်္ကောလပင်သည် ခါး၏။ ဖန်၏။ ပြဒါးကို စင်ကြယ်အောင် ပြုတတ်၏။ ကြေကျက်လွယ်၏။ အနည်းငယ်စပ်၏။ ဝမ်းလျှောစေ၏။ သက်၏။ ခြောက်သွေ့၏။ ပူ၏။ ၎င်း၏ သတ္တုရည်သည် ကိုယ်၏အရောင်အဆင်းကို ကြည်လင်စေ၏။ အဆိပ်ကို ထုတ်ပယ်တတ်၏။ လေ၊ သလိပ်ရောဂါနှင့် ထိုးအောင့်ခြင်းကို ပယ်ဖျောက်တတ်၏။ ၎င်းပြင် ပိုးနာ၊ ရောင်ရမ်းခြင်း၊ သွေးဖေါက်ပြန်ခြင်း၊ ရေယုန်ကြီးနာ၊ ခွေးဆိပ်၊ ကြွက်ဆိပ်၊ ကြောင်ဆိပ်တို့ကို နိုင်နင်း၏။ အင်္ကောလ အသီးသည် အေး၏။ နှုတ်ကိုမြိန်စေတတ်၏။ အားကိုဖြစ်စေ၏။ ကြေကျက်ခဲ၏။ ဆီး၊ ဝမ်းကို ရှင်စေ၏။ လေနာ၊ သည်းခြေနာ၊ အဆုတ်နာ၊ ပူလောင်ခြင်းနှင့် သွေးဖေါက်ပြန်ခြင်းတို့ကို ပယ်ဖျောက်နိုင်၏။

၎င်း၏အစေ့သည် အေး၏။ ဓာတ်တို့ကို ပြုပြင်တတ်၏။ နှုတ်ကိုမြိန်စေ၏။ ကြေကျက်ခဲ၏၊ ဝမ်းမီးကိုနှ စေ၏။ ရသာအားဖြင့် ချို၏။ ဝိပါကအားဖြင့်လည်း ချို၏။ အားကိုတိုးပွားစေ၏၊ ဆီးနှင့်ဝမ်းကို ရှင်စေ၏။ နူးညံ့၏။ သုက်ကို ပွားစေ၏။ ၎င်းပြင် ပူလောင်ခြင်း၊ လေနာ၊ သလိပ်နာ၊ အားကုန်ခမ်းသော ရောဂါ၊ သွေးအန်သွေးကျ ရောဂါတို့ကို ကင်းဝေးစေအောင် ပြုတတ်၏။



ကာ၁၈၈)


လ်)

)

လေးဆယ်အထိ မြင့်၏။
ဥ္စာ သုံးလုက်မမှ ခြောက်
သာဆုံးများရှိ၏။ ရွက်
ဉ်း ပွင့်ကုန်၏။ တန်ခူးလ
ာည် ချိုသော အရသာ
ဆုပ်လိုက်တွင်၏၊ အသီး
ရောင်ရှိ၏၊ ၎င်းအသီးကို
လပင်သည် အချို့သော
အပွင့်ကိုခွဲ၍ အနက်၊ အနီ
းကိုမူ လွန်စွာတွေ့နိုင်ခဲ၏။
ားလည်း တပင်လုံးနက်

ာကရ ဆရာကြီး၏ အမြင်
ာတ်၏။ ကြေကျက်လွယ်
ပူ၏။ ၎င်း၏ သတ္တုရည်
ာ်တတ်၏။ လေ၊ သလိပ်
ာင်ရမ်းခြင်း၊ သွေးဖေါက်
း၏။ အင်္ကောလ အသီး
၏။ ဆီး၊ ဝမ်းကို ရှင်စေ
ဖြုန်ခြင်းတို့ကို ပယ်ဖျောက်

ကိုမြိန်စေ၏။ ကြေကျက်
ချိ၏။ အားကိုတိုးပွား
ဉ် ပူလောင်ခြင်း၊ လေနာ၊
ဘိုကို ကင်းဝေးစေအောင်



အင်္ကောလ
ALANGIUM LAMARCKII
अंकोल

## ယူနာနီဆရာတို့၏အမြင်

အကော်ဘလသည် လျှာကိုအထူးသဖြင့် အားပေး၏၊ အဆိပ်ကိုပြေစေ၏၊ ဆံပင်ကိုအကျိုးပြုတတ်၏။ လေ၏ဖေါက်ပြန်ခြင်းကိုငှင်း၊ ဝမ်းဗိုက်ကိုက်ခဲထိုးကျပ်ခြင်းကိုငှင်း၊ ပိုးတို့ကိုငှင်း၊ နှိပ်နင်းစေ၏၊ ၎င်းအကော်ဘလကို အတိုင်းအတာလွန်အောင် စားမှု အစာသစ်အိမ်အားနည်းပြီးလျှင် ဝမ်းမီးနု ့ခြင်း၊ ပျက်ခြင်းကို ဖြစ်စေတတ်၏။ ဦးကျောက်၌ တဂျုတ်ဂျုတ် မည်သံနှင့်တကွ ခေါင်းကိုက်ခြင်းကို ဖြစ်စေတတ်၏၊ ၎င်းအမြစ်သည် ပူ၏၊ စပ်၏၊ အသီးသည် အေး၏၊ ဝဖြိုးစေ၏၊ အားကိုဖြစ်စေ၏။

## ဒေါက်တာမုနိယှရစ်၏အမြင်

၎င်းဆေးကို အန်အေးအဖြစ် အသုံးပြုရန်လိုသောအခါ ၄ ပဲသားမျှ သုံးစွဲမှု များစွာတန်ဘိုးရှိသောဆေးဖြစ်၏။ ၎င်းသည် ထက်မြက်သော ဆေးဖြစ်သဖြင့် ဆေးသုံးစွဲသောအခါ အချိန်ပမာဏကို အထူးလေးစားသင့်ပေ၏၊ ၎င်းအခေါက်သည် အလွန်ခါး၏။ အရေပြားရောဂါအတွက် များစွာတန်ဘိုးရှိ၏။ အဖျားရောဂါကိုလည်း ထုတ်ဆောင်တတ်၏။ အထူးသဖြင့် အပူပြင်းထန်သော အဖျားကို ငြိမ်းအေးစေတတ်၏။ ခတ်များကို ပြုပြင်ရန်အတွက် ရွှေးကြီးတရွေးမှ သုံးရွေးကြီးအထိ သုံးစွဲ၍ ဆီးချုပ်ရောဂါနှင့် အဖျားရောဂါအတွက် စားသုံးမှု သုံးရွေးကြီးမှ ငါးရွေးကြီးအထိ သုံးစွဲနိုင်၏။ ၎င်းအပြင် လိင်နိမိတ်ရောဂါများကို ကုစားရာ၌လည်း များစွာအကျိုးပြုသောဆေးဖြစ်၏။

## ရောဂါ အလိုက် အသုံးပြုပုံ

**ပန်းနာရင်ကျပ် ရောဂါ။** ။အကော်ဘလအမြစ်မှုန့်ကို သံပုရာရည်နှင့် ခပ်ပျစ်ပျစ်ဖျော်၍ လဘက်ရည်ဖျော်ဇွန်းငယ်၏ ထက်ဝက်ကို သုံးနာရီတွင် တကြိမ်ကျ နံနက်မှ ညနေအထိ တနေ့လေးကြိမ်မျှ တိုက်ပါက အလွန်ကြောက်မက်ဖွယ်ကောင်းသော ပန်းနာရင်ကြပ်ရောဂါ ပျောက်ကင်းစေနိုင်၏။

**မြွေဆိပ်နိုင်ဆေး။** ။အကော်ဘလအမြစ် ၇-ကျပ် ၈-ပဲသားကို အနည်းငယ် ထောင်း၍ ရေတပိဿာနှစ်ဆယ်နှင့် ထက်ဝက်ခန်းအောင်ကျိုပြီး အဝတ်ဖြင့် ကောင်းစွာ စစ်၍ယူထားပါ၊ ၎င်းနောက် မြွေဆိပ်ကို ကုသလိုသောအခါ ၎င်းပြုတ်ရည် ၃-ကျပ် ၁၂-ပဲသား၊ နွားထောပတ် ၃-ကျပ် ၁၂-ပဲသားကို အနည်းငယ်ပူအောင်ပြု၍ ၎င်း ၂-ပါးကို ၁၅-မိနစ်တွင် တကြိမ်ကျတိုက်ပါ၊ အဆိပ်နှင့်တကွ အန်ပါလိမ့်မည်၊ အထက်ပါ နည်းအတိုင်း မကုန်မခြင်း ဆက်လက်၍တိုက်ပါ၊ အဆိပ်ကုန်သောအခါ ၈-ရက်တိုင်အောင် အထက်ဖော်ပြပါ ဆေးပြုတ်ရည်ကိုတိုက်ပါ၊ တမာအတွင်းသားအခေါက် ၂၅-ကျပ်သား ရေ ၂-ပိဿာနှင့် ထက်ဝက်ခန်းအောင်ကျို၍ အဝတ်ဖြင့် စစ်၍ထားပါ၊ ၎င်းပြုတ်ရည် ၅-ကျပ်သား၊ အကော်ဘလမြစ်၏ အခေါက်မှုန့် ၆-ပြားသားမျှ ရော၍ တနေ့ ၂-ကြိမ်ကျဖြင့် ၈-ရက်စေ့အောင်တိုက်ပါ၊ ကြွင်းကျန်သောအဆိပ်များ အကုန်အစင် ပြေပျောက်သွားမည် ဖြစ်၏။

**ခွေးကောင်းအဆိပ်နိုင်ဆေး။** ။ခွေးကောင်းများ ကိုက်သောအခါ ၎င်းအမြစ် ၃-ကျပ်သားကို ထုချေ၍ ရေ ၄၈-ကျပ်သားနှင့် ၇-ကျပ်သားကျန်အောင် ကျို၍ တခွက် ၃-ကျပ်သားမျှ သောက်ပါ၊ ခွေးကောင်း အဆိပ်များ ပျောက်ကင်း သွားလိမ့်မည်။

**ခွေးရူးအဆိပ်နိုင်ဆေး။** ။ဂမုန်းကွင်းထိုးမြစ် အမှုန့်နှစ်ပြားသား၊ အကော်လ အမြစ်ခေါက်မှုန့်နှစ်ပြားသား၊ ၎င်းနှစ်မျိုးကိုရော၍ နံနက်နှစ်ပြားသား၊ ညနေနှစ်ပြားသား တိုက်ပါ၊ ခွေးရူးဆိပ် ပြေပျောက်ပါလိမ့်မည်၊ အထူးမှာ အထက်ပါအတိုင်း သုံးလတိုင်အောင် သောက်ပါက ၎င်းအဆိပ်အတွက် လုံးဝစိတ်ချရမည် ဖြစ်၏။

**ကြွက်အဆိပ်နိုင်ဆေး။** ။အကော်လ အမြစ်ကိုသွေး၍ ဝမ်းတွင်းသို့ နှစ်ပဲသားမျှ ကိုက်ပြီးလျှင် ကိုက်သောဒဏ်ရာကို လိမ်းပေးပါ၊ ကြွက်ဆိပ်ပြေ၍ ၎င်းကြွက်ဆိပ်ကြောင့် တကိုယ်လုံး ပူလောင်နေခြင်းလည်း အေးငြိမ်း သွားလိမ့်မည်။

**အဖျားပျောက်ဆေး။** ။အကော်လမြစ်ခေါက် အမှုန့်နှစ်ရွေးခွဲမှ ငါးရွေးကြီးအထိ ရေနွေးဖြင့်တိုက်ပါ၊ ချွေးများထွက်လာ၍ အအေးမိသော အဖျားများ ပျောက်ကင်းသွားလိမ့်မည်။

**ရေဖျဉ်းရောဂါ ပျောက်ဆေး။** ။အကော်လမြစ်ခေါက် အမှုန့် တပဲသားမှ သုံးပဲသားအထိ ရေနွေးနှင့်သောက်မူ ဝမ်းသက်လျက်ရေဖျဉ်းရောဂါနှင့် အစာမကြေသော ရောဂါများ ပျောက်ကင်း သွားလိမ့်မည်။

**နူနာရောဂါ ပျောက်ဆေး။** ။အကော်လ အမြစ်ခေါက်မှုန့်၊ ဇာတိပ္ဖိုလ်သီး ဇာတိပ္ဖိုလ်ပွင့်၊ လေးညှင်းပွင့်၊ ၎င်းလေးမျိုး ငါးရွေးကြီးစီစု၍ အမှုန့်ပြုပြီးလျှင် ရေနွေးနှင့်တနေ့ တကြိမ်သောက်မူ နူနာများ ပြန့်ပွားခြင်းမရှိ ပျောက်ကင်းသွားလိမ့်မည်။

**နောက်တနည်း။** ။သတ်ပြီးသော ဆေးဒန်းကို အကော်လဆီနှင့် ကြိတ်၍ အပြားကလေးများ ပြုလုပ်၍ထားပါ၊ ၎င်းနောက် ညောင်မင်ပဋ္ဌငါးပါးကိုလည်း ပြာချ၍ထားပါ၊ ထိုနောက်မြေအိုးကြီးတွင် ညောင်ပင်ပြာကို လက်သုံးသစ်မျှထည့်ပါ၊ ၎င်းပြာ၏အထက်က ဆေးဒန်းအပြားကလေးများကို ထည့်ပါ၊ ထိုနောက်ညောင်ပင်ပြာ လက်ငါးသစ်မျှ ထပ်၍ထည့်ပြီးလျှင် သုံးဆယ့် ခြောက်နာရီ တိုင်အောင် မီးဖိုတ်ပါ၊ ၎င်းဆေးဒန်း အပြားကလေးများ ပြာဖြစ်၍သွားပါလိမ့်မည်၊ ၎င်းပြာကို နူနာကုသသော ဆေးများနှင့် သင့်တော်အောင် ရောစပ်၍ သုံးစွဲမူ ပျောက်ကင်းရန် ခဲယဉ်းသော နူနာများ ပျောက်ကင်းသွားလိမ့်မည်။

**အဆစ်ရောင် ရောဂါပျောက်ဆေး။** ။အကော်လမြစ်ခေါက် အစို၏ သတ္တုရည်နှင့် အဆစ်အဆက် ရောင်ရမ်း၍ နာကျင်ကိုက်ခဲသော နေရာများကို ပေါလစ်တိုက်သကဲ့သို့ ပွတ်လိမ်း၍ပေးပါက အဆစ်ရောင်သော ရောဂါများ ပျောက်ကင်းသွားလိမ့်မည်။

**အဆစ်ရောင်ရောဂါ ပျောက်ဆေးတနည်း။** ။အကော်လအမြစ်၏ အခေါက်အနည်းငယ်နှင့် အကော်လဆီကိုရော၍ လိမ်းပေးမူ အဆစ် အဆက် ရောင်၍ နာကျင်ကိုက်ခဲသော ရောဂါ ပျောက်ကင်း၏။

**မြင်းသရိုက် ရောဂါ ပျောက်ဆေး။** ။အကော်လမြစ် ခေါက်မှုန့် တပဲသားကို ငရုတ်ကောင်းအမှုန့်အနည်းရော၍ မကြာမကြာလျက်ပေးမူ မြင်းသရိုက်ရောဂါ ပျောက်ကင်းနိုင်၏။

**အန်ဆေးနည်း။** ။ချွဲသလိပ်ကြပ်ခြင်း၊ အစာလွန်၍ စားပိုးနှင့်ခြင်း၊ မသင့်သော အစာများ စားမိ၍ အဆိပ်အတောက်ဖြစ်ခြင်း၊ စသည်တို့ကို လျင်မြန်စွာ အန်မှသာလျှင် အသက်ချမ်းသာရာ ရလိမ့်မည်၊ ထိုကဲ့သို့ဖြစ်သောအခါ အကော်လ အမြစ်၏ အမှုန့် ၃-ပဲသားကို အနည်းငယ် အနည်းငယ် လျက်မူ မသင့်သောအစာများ၊ အဆိပ်အတောက်များ အသက်ရှု၍ မရအောင် ကြပ်နေသော သလိပ်များ၊ အစားများ လျင်မြန်စွာ အန်ထွက်လာလိမ့်မည်၊ ၎င်းဆေးတိုက်သောအခါ ဆေးအချိန် အတိုင်းအတာမှန်အောင် တိုက်ရမည်၊ ဆေးချိန်လျော့၍ တိုက်မူ ပျို့ရုံသာရှိပြီး မအံမသာနှင့် အလွန်နေရ ခက်တတ်လေသည်။

**ဆီးချုပ်ရောဂါပျောက်ဆေး။** ။အကော်လသီး၏ အသားနှင့် နှမ်းနက်၏ ပြာကို ရော၍ ပျားရည်နှင့် သောက်မူ ဆီးချုပ်ရောဂါ ပျောက်ကင်းနိုင်၏။

**သလိပ်ဖျားရောဂါ ပျောက်ဆေး။** ။အကော်လအမြစ် ၁၂-ပဲ၊ ပန်းနှ ၃-ပဲ၊ ပိတ်ခြင်းသီး ၃-ပဲ၊ သစ်ဆိမ့်သီး ၆-ပဲ၊ ၎င်းဆေးလေးမျိုးကို အကြမ်းထောင်း၍ ရေ ၂၄-ကျပ်နှင့် ၃-ကျပ်သားကျန်အောင်ကျိုပါ၊ ၎င်းတွင်သကြား အနည်းငယ်ထည့်၍ တခွက်စာ ၃-ကျပ်သားမျှသောက်ပါ သလိပ်များရောဂါ ပျောက်ကင်းနိုင်၏။

**အနာပေါက်နှင့် ယားနာ လိမ်းဆေး။** ။အကော်လရွက်အစိုကို ညက်စွာကြိတ်၍ အပြားကလေးများ လုပ်ပြီးလျှင် တမာဆီနှင့်ရော၍ ရေခမ်းအောင်ချက်ပြီးလျှင် ငရုတ်ကောင်းမှုန့် အနည်းငယ်ထည့်၍ သမအောင်တေပါ၊ ၎င်းလိမ်းဆေးသည် အနာပေါက်မျိုးစုံနှင့် ယားနာ၊ ဝဲနာများကို ဖရောင်းချက်သဘောကဲ့သို့ ကပ်ပေးခြင်း၊ လိမ်းပေးခြင်း ပြုမူ လျင်မြန်စွာ ပျောက်ကင်းစေ၏။

**ပြည်တူလာသရောနာ ပျောက်ဆေး တနည်း။** ။အကော်လ အပင်၏ အတွင်းသားအခေါက်ကို ညက်စွာအမှုန့်ပြုပါ၊ ၎င်းအမှုန့် ၄-ပဲသားနှင့် ပျားရည်သင့်တော်ရုံထည့်၍ သောက်ပါ၊ ၎င်းနောက်နွားနို့ကို သကြားအနည်းငယ်ရော၍ ၂၅-ကျပ်သားမျှသောက်ပါ ဤနည်းဖြင့် ၇-ရက်မျှ သောက်မူ ပြည်တူလာသရောနာ ပျောက်ကင်း၏၊ ၎င်းပြင် ခါးနာ၊ ခါးကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်းများ ပျောက်ကင်းနိုင်၏၊ ၎င်းသည် သွေးအားတိုးဆေး တမျိုးဖြစ်၏။

**အတိသာရဝမ်းသွား ပျောက်ဆေးတမျိုး။** ။အကော်လ အရွက်စိမ်း၏ သတ္တုရည် ၆-ပဲသားကို နွားနို့နှင့်ဖက်စပ်၍ သောက်မူ ပထမ အပုပ်အစပ်များနှင့်တကွ ဝမ်းသက်လျှော ပြီးလျှင် တဖြေးဖြေးဝမ်းရပ်၍ သွားလိမ့်မည်။

**အရိုးကျိုး၍ ကိုက်ခဲနာကျင်ခြင်း ပျောက်ဆေး။** ။အရိုး ကျိုးပြီးနောက် ကိုက်ခဲခြင်း၊ ကျပ်ပူလောင်၍ နာကျင်ကိုက်ခဲခြင်း ဖြစ်မူ အကော်လရွက်ကို ကျက်ကျက် ဆူအောင်ပြုတ်၍ ပြုတ်ငွေ့ ပြုတ်ရိုးခံနိုင်သောအခါ အရိုးကျိုးသော နေရာသို့ အငွေ့ခံ၍ပေးပါ၊ ထိုနောက်

အရွက်ကိုမီးကင်၍ အရိုး
မည်။

သွားဖုံး လည်
ပေါက်ခြင်း၊ သွေးပုပ် ပြ
ဖြစ်မူ ၎င်းအခေါက်ကို
ဖုံးနာခြင်း၊ ပြည်များ

လိပ်ခေါင်းဖြတ်
၎င်းပြာ ၁၂-ပဲ ငြုပ်
ဒန်း ၁-ပဲသား၊ ၎င်းဆေ
နှင့်ပျားဖယောင်း သင့်တော
ခေါင်းကို သုတ်လိမ်းပေး
ငယ်ကြာအောင် ဆက်လ

အနာမြုံ အနာပျ
ကို မကျက်နိုင်ဘဲ ပြည်များ
စွာကျက်၍ အနာများ

အဆိပ်သင့်နာ
၇-ကျပ်သားကျန်အောင်
အဆိပ်များပြေပျောက်သွ

ပန်းသေပန်းညှိုး
၃-ကျပ်၊ စင်ကြယ်ပြီးသော
သေး မြင်မှား၊ သို့မဟုတ်
အမြစ်သေးအစိုများကို ကြ
၃-ရက်တိုင် ဆက်လက်၍
မြစ်အစို၊ အာဒူရွက်အစို
ဆေးကို ညက်စွာကြိတ်ပြီး
ပြီးလျှင် မီးပေါ်၌ အသင့်
နာနာခန်းအောင် ချက်ပ
နွားနို့ ခန်း၍ ဆေးလုံးသ
ပါလေ၊ ထိုသို့ နွားနို့ ခန်း
သော ဆိတ်သားစသည်တို့

ဆေးသောက်ရန်
၁-ရွှေး၊ ၂-ရွှေး အထိ သ
No. 16

အရွက်ကိုမီးကင်၍ အရိုးကျိုးရာသို့ ကပ်စည်းပေးပါ၊ ကိုက်ခဲခြင်းများ ပျောက်ကင်းသွားလိမ့်မည်။

**သွားဖုံး လည်ချောင်းနာ ပျောက်ဆေး။** ။သွားဖုံးရောင်ခြင်း၊ အပူအိပ်များ ပေါက်ခြင်း၊ သွေးပုပ် ပြည်ပုပ်များ ယိုစီးခြင်း၊ လည်ချောင်းအာခေါက်၌ ပူလောင်ခြင်းများ ဖြစ်မူ ၎င်းအခေါက်ကို ကျက်ကျက်ကျို၍ နှုတ်ငုံဆေးပြုမူ အပူအိပ်များ ပျောက်ကင်း၍ သွားဖုံးနာခြင်း၊ ပြည်များ သွေးများ ယိုစီးခြင်းမှ ပျောက်ကင်းနိုင်၏။

**လိပ်ခေါင်းဖြတ်ဆေးနည်း။** ။အကော်လ အရွက်ခြောက်ကို အကျွမ်းလှော်၍ထားပါ၊ ၎င်းပြာ ၁၂-ပဲ ငြုပ်ကောင်း ၂၅-စေ့၊ ဒုတ္တာမီးဖောက် ၃-ပဲသား၊ ကျောက်ဆေးပန်း ၁-ပဲသား၊ ၎င်းဆေးစုကိုရော၍ ကျောက်ဆုံဖြင့် ညက်စွာထောင်းပါ၊ ၎င်းနောက် နမ်းဆီနှင့်ပျားဖယောင်း သင့်တော်ရုံထည့်၍ ကျောက်ဆုံဖြင့် ညက်စွာထောင်းပြီးလျှင် မြင်းသရိုက် လိပ်ခေါင်းကို သုတ်လိမ်းပေးမူ လိပ်ခေါင်းမှာ ချောက်ကပ်၍ ကွာကျသွားလိမ့်မည်၊ ရက်အနည်းငယ်ကြာအောင် ဆက်လက် သုတ်ပေးပါလေ။

**အနာမြုံ အနာပျက် ပျောက်ဆေး။** ။အကော်လအမြစ်ခြောက်ကို ပြာချ၍ ၎င်းပြာကို မကျက်နိုင်ဘဲ ပြည်များယိုစီးနေသော အနာမြုံ၊ အနာပျက်များကို သိပ်၍ပေးပါက ကောင်းစွာကျက်၍ အနာများ ပျောက်ကင်းသွားလိမ့်မည်။

**အဆိပ်သင့်နာ ပျောက်ဆေးတနည်း။** ။အကော်လမြစ် ၃-ကျပ်၊ ရေ ၄၈-ကျပ်နှင့် ၇-ကျပ်သားကျန်အောင် ကျို၍ တခွက်စာ ၃-ကျပ်သားမျှ သောက်မူ ဝမ်းလျှော၍ အန်ပြီးလျှင် အဆိပ်များပြေပျောက်သွားပါလိမ့်မည်။

**ပန်းသေပန်းညှိုး ပျောက်ဆေး။** ။စင်ကြယ်ပြီးသော ကန့်ဝါ (ကန့်ကျည်တောက်) ၃-ကျပ်၊ စင်ကြယ်ပြီးသော ပြဒါး ၃-ကျပ်၊ ၎င်း ၂-မျိုးကို အပွင့်ဖြူသော အကော်လပင်၏ မြစ်သေး မြစ်မွှား၊ သို့မဟုတ် ညောင်မုတ်ဆိတ်များကဲ့သို့ အပင်မှ တွယ်ကပ်၍ ကျဆင်းနေသော အမြစ်သေးအစိုများကို ကြိတ်၍ သတ္တုရည်ညှစ်ယူပါ၊ ၎င်းသတ္တုရည်နှင့် အထက်ပါပြဒါးနှင့်ကန့်ကို ၃-ရက်တိုင် ဆက်လက်၍ ကျောက်ဆုံငယ်ဖြင့် နာနာထောင်းကြိတ်ပါ၊ ၎င်းနောက် ကန့်ချုပ်နီမြစ်အစို၊ အာဒူရွက်အစို (ကောက်ရင်ပန်းရွက် ဟူလို) ၎င်း ၂-မျိုး၏ သတ္တုရည်ဖြင့် အထက်ပါဆေးကို ညက်စွာကြိတ်ပြီးလျှင် အလွန်လတ်ဆတ်သော ဆိတ်သားတွင် ၎င်းဆေးကိုလုံး၍ထည့်ထားပြီးလျှင် မီးပေါ်၌ အသင့်ချက်ထားသော နွားနို့ အိုးတွင်းသို့ ၎င်းဆိတ်သားနှင့် ဆေးလုံးကိုထည့်၍ နာနာခန်းအောင် ချက်ပါ၊ ၎င်းဆေးလုံးသည် ဟင်္သပြဒါးကဲ့သို့ နီရဲ၍လာလိမ့်မည်။ အကယ်၍ နွားနို့ခန်း၍ ဆေးလုံးသည် ဟင်္သပြဒါးကဲ့သို့ နီရဲသော အရောင်မဖြစ်မူ နွားနို့ထပ်ထည့်၍ ချက်ပါလေ၊ ထိုသို့ နွားနို့ခန်း၍ ဆေးလုံးနီမြန်းသောအရောင် ဖြစ်မူ အိုးကိုချ၍ အအေးခံပြီး အခြားသော ဆိတ်သားစသည်တို့ကို ပယ်၍ ဆေးလုံးကိုယူပြီး လုံစွာထားပါလေ။

**ဆေးသောက်ရန် နှင့် ဆေး၏အကျိုး။** ။၎င်းဆေးကို အရွယ်ကိုကြည့်၍ ရွေးငယ် ၁-ရွေး၊ ၂-ရွေး အထိ သင့်လျော်သော သတ္တုရည်၊ နွားထောပတ်၊ ပျားရည်တို့ဖြင့် ဖျော်၍

သောက်ပါ၊ ထိုသို့သောက်ပြီးသည့်နောက် အချိန်အနည်းငယ်အတွင်း ဇပွက်ဆူရုံ ကျိုချက်ထားသော နွားနို့ကို သောက်ပါလေ၊ ပန်းသေ့ ပန်းညှိုးရောဂါများ ပျောက်ကင်းခြင်း၊ သွေးအားသားအားကောင်းလျက် ခွန်အားဗလတိုး၍ ဖြိုးခြင်း၊ ကာမသုက်အလွန်ပွားများခြင်း၊ သုက်ဓာတ်များကောင်းခြင်း၊ အလွန်ပျော်ရွှင်သောစိတ်ဓာတ်များ ဖြစ်ပေါ်ခြင်းစသော အကျိုးထူးများ ခံစားရလိမ့်မည်။

အထူးသတိပြုရန်။ ။ဤဆေးကို အိမ်ထောင်မရှိသူများ အလျှင်း မစားရ အထူး သတိပြု၍ ရှောင်ပါ၊ အကြောင်းကား ဆေးစားပြီးတိုင်း ကာမယူမှသာလျှင် ဆေး၏အာနိသင်နှင့် ပြည့်စုံမည်၊ ဆေးသာစား၍ ကာမ မယူဘဲနေမူ ဆေးသည် တကိုယ်လုံး ပျံ့နှံ့ခြင်းမရှိဘဲ မျက်လုံးအိမ်များ ပူလောင်ခြင်း၊ ရောင်ရမ်းခြင်းစသော ဒုက္ခများ ဖြစ်စေနိုင်၏။

**အနာစက် နှင့် အနာမီးလျှံ ပျောက်ဆေး။** ။အနာစက်နှင့် အနာမီးလျှံ၊ အဖုအပိန့်များကို နံနက်အချိန်တွင် အကော်လသီး တလုံးကိုစား၍ ၎င်းနောက် အကော်လသီးတလုံးကို သတ္တုရည်ညှစ်၍ အနာအဖုများကို လိမ်းပေးပါ၊ ၎င်းအနာများ ပျောက်ကင်းနိုင်၏။ အထက်ပါနည်းအတိုင်း အနာမပျောက်မခြင်း ဆက်လက်၍ ပြုလုပ်ရမည်။

**ကျောက်ပေါက်မာ ပျောက်ဆေး။** ။ဂျုံမှုန့်၊ နနွင်းမှုန့် အကော်လဆီ၊ ၎င်းသုံးမျိုးကို ရေနှင့်သမအောင်ဖျော်၍ ကျောက်ပေါက်သော အနာများကို လိမ်းသုတ်ပေးမူ ကျောက်ပေါက်မာများ ပကတိ အသားကောင်းကဲ့သို့ ဖြစ်သွားလိမ့်မည်။

**ညောင်းကျရောဂါ ပျောက်ဆေး။** ။(၁) အကော်လသီး၏အသား၊ (၂) နှမ်းပင်ပဋ္ဌေါးပါး၏ ပြာ၊ (၃) ပျားရည်စစ်စစ်၊ ၎င်းသုံးပါးကိုအတူစပ်၍ နံနက်ည ကြွေဇွန်းငယ်တဇွန်းကျစီသောက်မူ ညောင်းကျရောဂါများ ပျောက်ကင်းနိုင်၏။

**မြင်းသရိုက် လိပ်ခေါင်းရောဂါ ပျောက်ဆေး။** ။အကော်လ အပွင့်ခြောက် ၁-ကျပ် ၈-ပဲ၊ ဆီးဖြူသီး ၁-ကျပ် ၈-ပဲ၊ နနွင်းတက် ၁-ကျပ် ၈-ပဲ ၎င်းသုံးမျိုးကို အမှုန့်ပြု၍ ၎င်းဆေးမှုန့် ၃-ပဲသားကို ပျားရည်နှင့်ရော၍ တနေ့ ၂-ကြိမ်သောက်မူ ဆီးအိမ်လည်း သန့်ရှင်း၍ မြင်းသရိုက်ရောဂါလည်း ပျောက်ကင်းနိုင်၏။

**အတိသာရ ဝမ်းသွားရောဂါ ပျောက်ဆေး။** ။အကော်လမြစ်၏ အခေါက်၊ ရှမ်းထင်းရှူးနှစ်၊ တိလက်သာမြစ်၊ လက်ထုပ်ခေါက်၊ ပန်းလဲနှင့် ဒေါက်ရပ်ခေါက်၊ သလဲမြစ်ခေါက်၊ အင်ကြင်းစေး၊ ၎င်းဆေးစုကို အညီအမျှချိန်၍ မှုန့်ညက်စွာထောင်းပါ၊ ၎င်းဆေးမှုန့်ကို ဆန်ဆေးရည်နှင့် ညက်စွာကြိတ်၍ ဇီးကင်းမျှလုံး၍ အရိပ်တွင်ခြောက်ပါစေ၊ ဆေးတခွက်စာလျှင် တလုံးနှစ်လုံး၊ သုံးလုံးအထိ အရွယ်ကိုကြည့်၍ ဆန်ဆေးရည်နှင့်တိုက်ပါ၊ အတိသာရဝမ်းသွား၊ သွေးဝမ်း၊ သလိပ်စသည်တို့ ပျောက်ကင်းသွားလိမ့်မည်။

**အတိသာရ ဝမ်းသွားပျောက်ဆေး တနည်း။** ။အကော်လသီး၏ အသားနှစ်ကိုပျားရည်နှင့်ရော၍ လျက်မူ အတိသာရဝမ်းသွားရောဂါ ပျောက်ကင်းနိုင်၏။

**သန်ကျဆေး။** ။အကော်သလအမြစ်၏ အခေါက်မှုန့်ကို တရွေးမှဆယ်ရွေးထိ အရွယ်ကို ကြည့်၍ တိုက်မူ ဝမ်းတွင်းရှိ သံကောင်များ ကျဆင်းနိုင်ကုန်၏။

**ဝမ်းနုတ်ဆေး။** ။၎င်းအမြစ်မှုန့် ဆယ်ရွေးကြီးမျှ အရွယ်ကို ကြည့်၍ ကျွေးမူ **မဝကာင်း**သော အညစ်အကြေးနှင့်တကွ ဝမ်းသက်စေနိုင်၏။

**အရေပြားရောဂါလိမ်းဆေး။** ။အကော်သလအပင်၏ အခေါက်ကို ဆန်ဆေးရေနှင့် **သွေး**၍ လိမ်းမူ ယားနာဝဲခြောက်စသော အရေပြားရောဂါများ ပျောက်ကင်းနိုင်၏။

**နူနာနှင့် လိင်နိမိတ်ရောဂါ ပျောက်ဆေး။** ။နူနာဖြစ်စဉ ယားယံ၍အကွက်အထင်း ပေါ်ခြင်း၊ လူပျိုနာနှင့်စပ်လျဉ်း၍ အရေပြားရောဂါဖြစ်ခြင်း စသောရောဂါတို့ကို အနာ၏ အခြေအနေကိုကြည့်၍ အကော်သလ၏ အမြစ်ခေါက်ကို သုံးစွဲမူ အထက်ပါရောဂါများသည် ပျံ့နှံ့တိုးပွားခြင်းမရှိဘဲ အလွယ်တကူ ကုသ၍ ပျောက်ကင်းနိုင်၏။

**သွေးသား စင်ကြယ်ရန် ဆေးနည်း။** ။အကော်သလအမြစ်၏ အခေါက်မှုန့်၊ နှစ်ရွေးမှ လေးရွေးထိ အရွယ်ကိုကြည့်၍ ပျားရည်နှင့်ရော၍ လျက်မူ သွေးဆိုးပွားခြင်း၊ သွေးဖောက်ပြန်ခြင်း ပျောက်ကင်း၍ သွေးသားစင်ကြယ်ခြင်းကို ဖြစ်စေတတ်၏။

**အနီကွက် ပျောက်ဆေး။** ။သွေးဆိုးပွား၍ ကိုယ်၌ အနီကွက်များ ကျရောက်မူ မယားကြီးရွက်ပြုတ်ရေနှင့် အကော်သလအမြစ်မှုန့်ကို သောက်မူ အကွက်အထင်းများ ပျောက်ကင်းနိုင်၏။

**အရောင်အဖောနှင့် အကိုက်အခဲ ပျောက်ဆေးနည်း။** ။အကော်သလအမြစ်ကို သွေး၍ **လိမ်း**မူ ကိုက်ခဲနာကျင်ခြင်း၊ ဖောရောင်ခြင်း ပျောက်ကင်းနိုင်၏။

**ကိုယ်၏ ပူလောင်ခြင်း ပျောက်ဆေး။** ။ကိုယ်သားကိုယ်ရေ အလွန်ပူလောင်ခဲ့သော် **အ**ကော်သလသီးကို အရည်ညှစ်၍ ၎င်းအရည်ကို လိမ်းပေးမူ ကိုယ်၏ပူလောင်ခြင်း ငြိမ်းအေးနိုင်၏။

**နံ့တာရှည် ချောင်းဆိုးရောဂါ ပျောက်ဆေး။** ။အကော်သလမြစ်၏ အခေါက်အမှုန့်ကို အနည်းငယ်သျက်ပြီးနောက် မုယားကြီးရွက်ပြုတ်ရည်ကို ဆက်သက်၍သောက်မူ အလွန်ကြောက်မက်ဖွယ်ကောင်းသော ချောင်းဆိုးရောဂါ ပျောက်ကင်းနိုင်၏။

**သွေးယိုသွေးကျ ပျောက်ဆေး။** ။ခံတွင်း၊ နှာခေါင်း၊ သွား စသည်တို့မှ သွေးယိုစီးခြင်းဖြစ်မူ အကော်သလအသီးကို သကြားရည်နှင့်ရော၍ သောက်က သွေးယိုစီးခြင်း ပျောက်ကင်းနိုင်၏။

**အဆစ်ရောင် ပျောက်ရန် ကျပ်ထုပ်။** ။၎င်းအရွက်ကို ကျပ်ထုပ်ပြုလုပ်၍ အဆစ်ရောင်သော နေရာများကို ခပ်နွေးနွေးပြု၍ ကပ်ပေးခြင်း၊ ထိုးပေးခြင်း ပြုပါက အဆစ်ရောင်ခြင်း ပျောက်ကင်းနိုင်၏။

## (၁) အင်္ကော်လဆီချက်နည်း

အင်္ကော်လအစေ့ကို အမှုန့်နုနုပြု၍ထားပါ၊ ထိုနောက် ၎င်းအမှုန့်ကို နှမ်းဆီဖြင့် စိုစွတ်အောင်နယ်၍ နေပူတွင် ဆီခန်းအောင်လှန်းပါ၊ ထိုနောက် နှမ်းဆီနှင့်ထပ်၍ နယ်ပြီးလျှင် နေတွင် တဖန်ပြန်၍ လှန်းပါ၊ ဤနည်းဖြင့် ခုနစ်ကြိမ်စေ့အောင်လှန်းပါ၊ ထိုကဲ့သို့ ခုနစ်ကြိမ်စေ့အောင် ဆီနှင့်နယ်၍ လှန်းသည့်အခါ ဆီအချိန်မည်မျှ ဆေးအတွင်းသို့ ဝင်သွားသည့် ဆီအချိန်ပမာဏ အတိုင်း နောက်ဆုံးရှစ်ကြိမ်မြောက် ဆီဖြင့်နယ်ကြိတ်ပြီးလျှင် ကြေးပန်းကန်ပြား (ကုလားများ ထမင်းစားသော ဇောက်ရှိသော ကြေးပန်းကန်ပြား) တွင် ၎င်းဆီနှင့် နယ်ကြိတ်ထားသော ဆေးကို လိမ်းကျံပြီးလျှင် ၎င်းကြေးပန်းကန်ပြားထက် အနည်းငယ်ကြီးသော ကြေးပန်းကန်ပြား တချပ်ပေါ်သို့ မှောက်၍ ဖုံးအုပ်ထားပြီးလျှင် နေကျက်ကျက်ပူရာတွင် လှန်း၍ထားပါ၊ နှမ်းဆီနှင့်တကွ အင်္ကော်လဆီများ အောက်ကြေးပန်းကန်တွင်းသို့ ကျဆင်းလာလိမ့်မည်။ ၎င်းဆီကို ပုလင်းများတွင် လုံစွာထည့်၍ထားပါလေ၊ ၎င်းဆီကို အင်္ကော်လဆီဟု ခေါ်၏။

## (၂) အင်္ကော်လဆီချက်နည်းတနည်း

ကြွေရည်သုတ်ပန်းကန် သို့မဟုတ် ဇောက်ရှိသော ကြွေပန်းကန်၏ အဝမျက်နှာကို အဝတ်ဖြင့်အုပ်၍ စည်းထားပါ၊ (ကြက်စာကျွေးသော အိုးကဲ့သို့) ၎င်းအဝတ်ပေါ်သို့ အင်္ကော်လအဆံများကို ညက်စွာထောင်း၍ ဖြန့်ပြီးတင်ထားပြီးနောက် အင်္ကော်လအမြစ်များကို နုတ်နုတ်စဉ်း၍ ၎င်းအဝတ်ပေါ်တွင် ဖြန့်၍ထားသည့် အင်္ကော်လအဆံများပေါ်သို့ လုံအောင်ဖုံးအုပ်၍ ထားပြီးလျှင် မီးသွေးမီးဖြင့်ချက်ပါ၊ အဆီများ ပန်းကန်အတွင်းသို့ ကျဆင်းလာလိမ့်မည်။ ၎င်းအဆီကို အင်္ကော်လဆီဟု ခေါ်သည်။

## (၃) အင်္ကော်လဆီချက်နည်းတနည်း

ကြွေပန်းကန်တလုံးကို အထက်ပါအတိုင်း အဝတ်ဖြင့်စည်းထားပြီးလျှင် အင်္ကော်လ အဆံများကို ထောင်း၍ဖြန့်ထားပါ၊ ၎င်းအပေါ်တွင် လချေးအဖြူအပြားတချပ်ကို လုံစွာဖုံးအုပ်၍ထားပါ၊ ၎င်းအပေါ်မှ မီးသွေးမီးဖြင့် မီးထည့်၍ (နန္ဒင်းမကင်းဖုတ်သကဲ့သို့) ဖုတ်ပါ ဤနည်းဖြင့် အင်္ကော်လဆီများ ပန်းကန်တွင်းသို့ ကျဆင်းလာလိမ့်မည်။

## အင်္ကော်လဆီ၏ ဂုဏ် နှင့် စွမ်းရည်

အင်္ကော်လဆီသည် လေနှင့်သလိပ်ကို နိုင်၏။ ၎င်းဆီကို လိမ်းကျံမှု အရေပြားရောဂါများ ပျောက်ကင်းစေ၏။ မကျက်နိုင်သောအနာများ၊ အနာပျက်များကို မြန်စွာကျက်စေရန် လိမ်းကျံရ၏။ ဆံပင်များအစုလိုက်အပြုံလိုက်ကွက်၍ ကျွတ်ခြင်းကို လိမ်းကျံမှု အသစ်တဖန် ဆံပင်များ သန်စွမ်းပေါက်စေ၏။

## အကော်လဆီကို ရောဂါ အလိုက် အသုံးပြုပုံ

**ကာလဝမ်းရောဂါ ပျောက်ဆေး။** ။အကော်လဆီ ၅-စက်၊ သကြားရေကျက်သင့်ရုံ နှံ့ရော၍ သောက်မူ ကာလဝမ်းရောဂါ ပျောက်ကင်းနိုင်၏။

**ပြည်တည်လာသရောနာ ပျောက်ဆေး။** ။အကော်လဆီ ၅-စက်မှ ၁၅-စက်အထိ အရွယ်ကိုကြည့်၍ နွားနို့ပူပူတွင်ရော၍ သကြားအနည်းငယ်ထည့်ပြီး အမြဲသုံးဆောင်မူ ကိုယ်၌ အားအင်တိုးပွားခြင်းကို ဖြစ်စေ၏။ ၎င်းပြင် ပြည်တည်လာသရောနာ အားကုန်ခန်းသော ရောဂါ၊ မူးဝေခြင်းနှင့် မိုက်ခြင်းရောဂါများ ပျောက်ကင်းနိုင်၏။

**ဝမ်းပိုက်နာခြင်းနှင့် ဝမ်းချုပ်ခြင်းရောဂါ ပျောက်ဆေး။** ။အကော်လဆီ ၃-ပဲသားကို ရေနွေးပူပူနှင့် သောက်ပါ၊ ဝမ်းများလျှောပြီးလျှင် ဝမ်းပိုက်နာခြင်း၊ ဝမ်းချုပ်ခြင်း ပျောက်ကင်းလိမ့်မည်။

**ခေါင်းကိုက်ရောဂါ ပျောက်ဆေး။** ။ဆေးမတွေ့နိုင်သော ခေါင်းကိုက်ရောဂါများကို အကော်လဆီ အစက် ၂၀၊ ဆိတ်နို့ ၂၅ ကျပ်သားတွင် ပျားရည်အနည်းငယ်ထည့်၍သောက်မူ ခေါင်းကိုက်ခြင်း ပျောက်ကင်း၍ ဦးနှောက်ကြည်လင်ခြင်း၊ အားတိုးခြင်းကို ဖြစ်စေနိုင်သည်။

**ဂရင်ဂျီနာ နှင့် အရေပြားရောဂါ ဟူသမျှ ပျောက်ဆေး။** ။အကော်လဆီ ၁၅-ကျပ်သား ပျားဖယောင်း ၃-ကျပ် ၁၂-ပဲ ၎င်း ၂-မျိုးကို မီးညွှန်းညွှန်းဖြင့် ချက်၍ အရည်ပျော်လျှင် ဒုတ္တာမီးဖောက် ၃-ပဲ ရောမွှေ၍ အအေးခံပြီး လုံစွာ ထားပါလေ၊ ၎င်းဆေးဖယောင်းချက်၏ အကျိုးမှာ မကျက်နိုင်သော အနာမြုံ၊ အနာပျက်၊ ပွေးနာ၊ ယားနာ၊ ဝဲစို၊ ဝဲခြောက်၊ ဂရင်ဂျီရောဂါ၊ အနာပေါက်မျိုးစုံ စသော အရေပြားရောဂါများကို လိမ်းကျံပေးမူ မြန်စွာ ပျောက်ကင်းနိုင်၏။

**ဆီးလွန်ရောဂါနှင့် အားကုန်ခန်းသောရောဂါ ပျောက်ဆေး။** ။အကော်လဆီ ၅-စက်နှင့် သကြား သင့်ရုံ ထည့်ထားသော နွားနို့ကို ရောစပ်၍ သောက်မူ ဆီးလွန်ရောဂါ၊ အားကုန်ခန်းသော ရောဂါ၊ မူးဝေခြင်း စသော ရောဂါများ ပျောက်ကင်း၍ ကိုယ်သားကိုယ်ရေ သန့်ရှင်းကြည်လင်၍ အားအင် တိုးပွားစေသောဆေး ဖြစ်ပါသည်၊ အမြဲမပြတ် သုံးဆောင်ပါမူ များစွာ အကျိုးရှိ၏။

**အနာများမှ သွေးယိုစီးခြင်း ပျောက်ဆေး။** ။အနာမြုံများနှင့် အနာပေါက်မျိုးစုံတို့မှ သွေးများ ယိုစီး ကျဆင်းနေသောအခါ အကော်လဆီကို ဂွမ်းမှာ ဆွတ်၍ အနာကို အုပ်ပြီးလျှင် အဝတ်ဖြင့် စည်းထားပါ၊ သွေးများ ယိုစီးခြင်း ရပ်တန့်၍ အနာလည်း အကျက် မြန်စေ၏။

**ဒန္တစိုနာ ပျောက်ဆေး။** ။ရေနွေး ပူပူတွင် အကော်လဆီ အနည်းငယ် ထည့်၍ ပလုတ်ကျင်းဆေး ပြုပါက သွားဖုံးမှ သွေးများ၊ ပြည်များ ယိုစီး ကျဆင်းနေခြင်း၊ နာကျင် ကိုက်ခဲခြင်းများ ပျောက်ကင်းပါလိမ့်မည်။

**ဆံပင်များ ကောင်းမွန်သန်စွမ်းသော ဆေးနည်း။** ။အကော်လ ဆီကို နှမ်းဆီတွင် အနည်းငယ်မျှ ရော၍ ဆံပင် လိမ်းဆေး ပြုမူ ခေါင်း၌ ယားယံခြင်း, ဗောက်များ သန်းများ ထခြင်း, ကိုက်ခြင်းများ ပျောက်ကင်း၍ ဆံပင်များ သန်စွမ်းလာလိမ့်မည်။

**ကျောက်ပေါက်မာ နှင့် ကျောက်အိုင်းရာ ပျောက်ဆေး။** ။ကျောက်ပေါက်ပြီးသည့် နောက် ကျောက်ပေါက်ရာများ မညစ်၍နေခြင်း, ကျောက်အိုင်းရာများ မညို၍နေခြင်း ဖြစ်မူ ဂျုံမှုန့်, နနွင်းမှုန့်, အကော်လဆီဘို့ကို ရေနွေးနှင့် ရော၍ မဲကွက်နေသော ကျောက်ပေါက်မာ အမာရွတ်များကို တနေ့ ၂-ကြိမ်မျှ နာနာပွတ်၍ လိမ်းသုတ်ပေးမူ အမာရွတ်, အမဲကွက်များ အသားကောင်း ပကတိ ဖြစ်လာလိမ့်မည်။

## အကော်လဆေး အစားလွန်ခြင်းကြောင့် ဖြစ်တတ်သော ဥပ္ပဒ္ဒဝေါရောဂါ ဖြေဆေး

"တန်လျှင်ဆေး - လွန်လျှင်ဘေး" ဆိုသည့်အတိုင်း ကောင်းသည့်, စွမ်းသည် ဆိုတိုင်း ဆေးများကို စားသောက်ရန် ညွှန်ကြားထားသော အချိန် အတိုင်းအတာထက် ပိုမို စားသောက်ခြင်းကြောင့် ရှိရင်းစွဲရောဂါ အပြင် နောက်ထပ် ရောဂါသစ်များ ဝင်၍ လာတတ်လေသည်၊ အကော်လနှင့် ပတ်သက်သော ဆေးများကို အစားလွန်မူ အဆီဓာတ် အားနည်းခြင်း, ခွန်အား ဆုတ်ယုတ်ခြင်း, တကိုယ်လုံး တဆတ်ဆတ်တုန်ခြင်း, ကိုက်ခဲ နာကျင်ခြင်း, ဝစ္စမဂ်များ (စအို) ပူလောင်ခြင်း, မျက်လုံးဝါခြင်း, အိပ်စက်၍ မပျော်ခြင်း, စိတ်၌ အကြံအစည် များခြင်း, စိတ်ကူးယဉ်၍ဂုယောင်ချောက်ချား ဖြစ်ခြင်း စသော ဥပ္ပဒ္ဒဝ ရောဂါများ (ရောဂါသစ်များ) ဖြစ်ပေါ် လာတတ်လေ၏၊ ထိုရောဂါများ ဖြစ်ပေါ်လာမူ ဖြေရန်ဆေးမှာ အောက်ပါအတိုင်း ဖြစ်၏၊ ဂဠုန်တောင်ပံ ပဉ္စငါးပါး အမှုန့် ၄-ပဲသား, နွားနို့ ၂၅-ကျပ်, ရေ ၂၅-ကျပ်ကို ရေခန်း၍ နွားနို့ ကျန်အောင် ကျိုပြီး သကြား အနည်းငယ် ထည့်ကာ သောက်လျှင် အထက်က ဆိုခဲ့သော ဆေးသောက်လွန်၍ ဖြစ်သော ရောဂါများ ပျောက်ကင်းလိမ့်မည်။

## အကော်လပင် ရာဇဝင်

အကော်လပင်သည် မြန်မာနိုင်ငံတွင် ကုန်းဘောင်ဆက် ဘိုးတော်ဘုရားလက်ထက် မတိုင်မီ ရှေးယခင်က မရှိခဲ့ဘူးချေ၊ အပင်ဖြစ် မရှိသောကြောင့် ဓါတ်ဝေါ်စရာ အမည်သညာလည်း မရှိခဲ့ချေ၊ ဆေးလောကတွင် အသုံးဝင်ပုံ အသုံးပြုနည်းကိုကား အဘယ်သို့ သိနိုင်ပါမည်နည်း။

သို့ရာတွင် ပုဂံ အနော်ရထာမင်းစော လက်ထက်တွင် သထုံပြည်မှ ဆောင်ယူ ရောက်ရှိလာသော ပိဋကတ်တော်တွင်ကား "အကော်လ" ဟူသော အမည်သည် ပိဋကတ်တော်နှင့် အတူ မကင်းနိုင်သော (အဝိနာဘာဝနည်း) အားဖြင့် ပါလာခဲ့လေသည်၊ သုတ္တန်ပိဋကတ် မဟာနိပါတ် ဝေဿန္တရာဇာတ်နှင့် ဝီသတိနိပါတ် ဘလ္လာတိယဇာတ်များတွင် "အကော်လ" ဟူသော အမည်ကို တွေ့ရှိနိုင်ပေသည်။

မြန်မာနိုင်ငံတွင် မပေါက်သော (မရှိသော) သစ်ပင်တပင်၏ အမည်ဟော ပါဠိ ဖြစ်သောကြောင့် အကော်လ ပုဒ်ကို မှန်ကူပင်, အဝ်ပင်, ကျွန်းပင် စသည်ဖြင့် ပညာရှိများ မှန်းဆ၍ မြန်မာဘာသာ ပြန်ဆိုခဲ့ကြလေသည်၊ မမြင်ဘူး မတွေ့ဘူးလျှင် ဤသို့ ဖြစ်တက်သည်ကား ဓမ္မတာ ဟူ၍ ပင် မှတ်ယူရပါတော့သည်။

ပင်းယခေတ် တစီးရှင် လက်ထက် ပညာရှိ စတုရင်္ဂဗလ အမတ်ကြီးသည် မာဂဓအဘိဓာန်ဋီကာကို ပြုစုသောအခါ "အကော်လ" ဟူသော ပါဠိကို ရှောင်တိမ်း၍ မရသဖြင့် သစ်ပင်ကို မမြင်ဘူးဘဲ ဋီကာ ဖွင့်ခဲ့ရလေသည်၊ မူလ ဂါထာမှာ အဘိဓာန် အရုဏာဒိဝဂ် ဂါထာ အမှတ် ၅၇၇ "လိကောစ စကော တထကော်လော" စသော ဂါထာ ဖြစ်ပါသည်၊ လိကောစက, အကော်လ ၂-ပုဒ်သည် အကော်လပင်ဟော ပရိယာယ် ၂-ပုဒ် ဖြစ်ပါသည်။

ဤ ၂-ပုဒ်သည် အကော်လပင်ဟော ဖြစ်၍ "ဒွယ မကုံလ ဣတိ ချာတေ" ဟု ဋီကာ ဖွင့်ပြရာ ဤဖွင့်ဆိုချက် အရ "အကုံလပင်" ဟူ၍၎င်း "မှန်ကူပင်" ဟူ၍၎င်း ဘာသာ ပြန်ဆို ဖော်မူခဲ့ကြလေသတည်း။

## လက်တွေ့ နှင့် ပါးစပ်ရာဇဝင်

အကော်လပင်၏ အကြောင်းကို လက်တွေ့ သိရှိရန် ၎င်းအပင်ရှိရာ အမရပူရမြို့ဟောင်းသို့ ကိုယ်တိုင် သွားရောက်၍ ရှာဖွေ စူးစမ်းသည်တွင် အကော်လပင်များကို ကိုယ်တိုင် တွေ့ရှိရရုံမျှမက ၎င်းအပင် မြန်မာနိုင်ငံသို့ ရောက်လာရပုံအကြောင်းကိုပါ "မေးဖန်များ စကားရ" ဆိုသည့်အတိုင်း ရှေ့မှီ့ နောက်မှီ ပညာရှိ အဘိုးကြီး တဦး ထံမှ ဤသို့ မှတ်သား ကြားသိခဲ့ရပါသည်။

"ကုန်းဘောင်ဆက် ဘိုးတော်ဘုရား လက်ထက် ဖြစ်ပါသည်၊ အခါတပါး ဘိုးတော်ဘုရားသည် သွေးဝမ်း ဒုလာရောဂါ စွဲကပ်လာသည်တွင် နန်းတွင်း သမားတော်များဖြင့် ကုစားစေသော်လည်း ထူးထူးခြားခြား ပျောက်ကင်းခြင်း မရှိ၊ အမြစ် မပြတ်ဘဲ ဖြစ်နေရာ မှူးတော် မတ်တော်တို့က— ဣန္ဒိယနိုင်ငံမှ ယခင်က ဆက်သထားသော ဆေးကျမ်းများတွင် အကော်လပင်၏ စွမ်းရည်အတွက် ထက်မြက်ကြောင်း ပါရှိပါသည်၊ ထိုအပင်ကို အမိန့်တော်ဖြင့် မှာထား၊ ဆောင်ယူသင့်ပါသည် ဟု လျှောက်တင်ကြပါသတဲ့ ...၊ ယင်းသို့ လျှောက်တင်ချက် အရ ဣန္ဒိယနိုင်ငံသို့ အမိန့်တော်ဖြင့် စေလွှတ် ဆောင်ယူစေသည်တွင် အကော်လမျိုးကို ဆက်သလိုက်ပါသည်။

ဘိုးတော်ဘုရားသည် ထို အကော်လပင်မှ ဖြစ်သော ဆေးဝါးနှင့် ပင် ကုသရာ စွဲကပ်သော သွေးဝမ်းရောဂါ အမြစ်ပြတ် ပျောက်ကင်းတော်မူသည်နှင့် နောင်လာနောက်သားတို့ ရောဂါပျောက်ကင်း ကျန်းမာခြင်း ဖြစ်ကြစေရန် ဆန္ဒတော် ရှိသည့်အတိုင်း အမရပူရမြို့ဟောင်း နေရာတွင် စိုက်ပျိုးစေတော်မူခဲ့ပါသည်၊ ပထမ စိုက်ပျိုးခဲ့သော အပင်မှာ မန္တလေးခေတ် ဒုတိယနန်းစံ သီပေါမင်း လက်ထက်သို့ ရောက်သောအခါ လူ့တဖက်စာမျှ ကြီးထွားနေပါသတဲ့....၊ ၁၂၄၇-ခုထီးကျိုး စည်ပေါက် ဖြစ်နေသော အချိန်တွင် သစ်ပင်၏ တန်ဘိုးကို မသိသူ အချို့တို့က ခုတ်လှဲပစ်လိုက်ကြသဖြင့် "မှန်ကင်းတလှဲ - ထင်းတလှဲ" ဆိုသည့်အတိုင်း ထင်းဖြစ်သွားရရှာပါသည်၊ ထိုမူလအပင်မှ မျိုးစေ့ကျမြီး ပေါက်နေသော အကော်လပင်တို့မှာ ပုထိုးတော်ကြီး အနီးတဝိုက်နှင့်

မြို့ရိုးဟောင်းအနီး နေရာတို့မှာ ယနေ့တိုင် အကောလပင် အဆက်ဆက် ပေါက်ပွားလျက် ရှိနေ ပါသည်၊ အရှင်ဘုရားတို့ တွေ့မြင်နေရသော အပင်တို့ပင် ဖြစ်ပါသည်။”

အမရပူရ မြို့ဟောင်းမှ ရရှိခဲ့သော အကောလပင်ကို ထင်ထင်ရှားရှား မှတ်သား သိရှိနိုင် စေရန် ရုပ်ပုံနှင့်တကွ ဖော်ပြထားသည်။

## အကောလပင်နှင့် စပ်လျဉ်း၍ မှတ်သားဖွယ်များ

‘မဟာဇေယျသင်္ချာ’ ဘွဲ့ခံ လှေသင်းအတွင်းဝန်မင်း၏ ‘**ဝေါဟာရလိနတ္ထဒီပနီ**’ သစ်ပင် တို့၏ သဒ္ဒါစွဲ ဝေါဟာရ အခန်းတွင်—

**အကောလ—အကောလပင်။** ။အကောလပင် ဟု ခေါ်ဝေါ် ရေးသား ကြသည်မှာ အဘိဓာန်ကျမ်းတွင် “လိကောစကော၊ အကောလပင်။ အကောလော၊ အကောလပင်” ရှေးနိဿယဟောင်းများမှာ “ဒွယမကုလဏ္ဍတိချာတေ” ဟု အဘိဓာန်ဋီကာ ဖွင့်သည်ကို နိဿယဆရာတို့ ထိုသစ်ပင်ကို မတွေ့မမြင်ဘူးသည်နှင့် နှလုံးမသွင်းမိသောကြောင့် “အကော လပင်” ဟူ၍မရှိ မှန်ကူပင်သာ ဖြစ်တန်သည်၊ ရမ်းဆ၍ “ဒွယံမှန်ကူတိချာတေ” ဟု အမှာ မာတ်နက်ကြားသော ပါဌ်ကို ပြင်ဆင်၍ မှန်ကူပင် အနက်ပေး မှားကြလေသည်။

၅၅၀ - ဝိသတိနိပါတ် အဝင်အပါ ကိန္နရာချောင်းခြား ခေါ်ဝေါ်ကြသော ဘလ္လာ တိယဇာတ် ဋီကာတွင်လည်း “အကောလန္တိ ဇံ နာမကံ ရုက္ခံ” ဟု ဖွင့်သည် မပြင်သည့် ဝေဿန္တရာဇာတ် နိဿယဟောင်းများမှာ ဝင်္ကပါတောင် မုစလိန္ဒာရေကန် လက်ဝဲသကျိုး များတွင် အကောလပင် ရှိကြောင်းနှင့် “အကောလာ ပုပ္ဖိတာ” ဟူသော ပါဌ်တော် “အကောလာ၊ အင်ပင်တို့သည်။ ပုပ္ဖိတာ၊ ပွင့်ကုံန်လျက်။ တိဋ္ဌန္တိ၊ တည်ကုန်၏” ဟူ၍ရင်း အချို့သော ဝေဿန္တရာဇာတ် ရှေးနိဿယဟောင်းများမှာ— “အကောလာ၊ ကျွန်းပင်တို့ သည်။ ပုပ္ဖိတာ၊ ပွင့်ကုန်လျက်။ တိဋ္ဌန္တိ၊ တည်ကုန်၏” ဟူ၍ရင်း အနက်ရေး မှားကြလေ သည်။

ထိုအကောလပင်ကား- ရှေးအခါလ ငါတို့ မြန်မာလူမျိုးတို့ နေရာ သုနာပရန္တတိုင်း တမ္ပဒီပတိုင်း ဖြစ်သော သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပန်းယ စသော မြန်မာ မင်းတို့လက်ထက် ထိုသစ်ပင် ရှိဟန်မထင်။ အမရပူရ မြို့တည် နန်းတည် ဘိုးတော်မင်းတရား ကြီးလက်ထက် ကာသိတိုင်း၊ ဗာရာဏသီစသော အနောက်တိုင်းပြည်မှ နာဂဇုန္နဆေးကျမ်း သည် ရွှေနန်းတော်သို့ ရောက်လာသည့်တွင် “အကောလဆီဖြင့် ချက်ရမည်၊ အကောလ ဆီဖြင့် သုတ်လူးရမည်” အမှာအာဘားနှင့် နာဂဇုန္နဆေးကျမ်း၌ ဆိုသည်တွင် အနောက် တိုင်းပြည်သို့ စေလွှတ်၍ အကောလဆီ၊ အကောလပင်၊ အကောလသီး မျိုးစေ့များကို ပုဏ္ဏားမာဓဝ၊ အခွန်ဝန် ဇေယျကျော်ထင်တို့ ဆောင်ယူဆက်သသည်တွင်မှ အမရပူရ ရွှေမြို့တော်သို့ ရောက်လာသတည်း။

အပင် အရွက် သဏ္ဌာန်မှာ တရော်ညိုပင် အရွက်သဏ္ဌာန်နှင့် ရိပ်ရိပ်တူသည်၊ အမရပူရ ရွှေနန်းတော် မြောက် ဥယျာဉ်တော်တွင် စိုက်ပျိုး ပြုစု ထားသည်၊ ရွှေနန်းတော်ရှေ့

မြောက်ယွန်း "နိဗ္ဗာနပစ္စယ နာဂရာဇာ" တံဆိပ်နာမံရှိသော ဆံဒွန်ဆင်မင်းနန်း အရှေ့စူးစူး အရပ်များမှာ စိုက်ပျိုးပြုစုထားသည်၊ ရွှေနန်းတော် အနောက်မြောက် ဆင်ကြိုးရွှေဂူဘုရား တံတိုင်းအတွင်း ပိဋကတ်တိုက် အနီးတွင်လည်း အင်္ကော်လပင် ရှိသတည်း၊ စတုတ္ထရတနာပူရမြို့တည် နောင်တော်ဘုရားလက်ထက် ရတနာပူရ အဝမြို့ ရွှေနန်းတော် မြောက်စမုတ် ပန်းခြံများတွင် စိုက်ပျိုးပြုစုထားတော်မူသည်၊ အသီးမှာ နှုရဲသီးနှင့် သဏ္ဌာန်တူသည်၊ ချိုသောအရသာ ရှိသည်၊ မွှေးသောပန်းနံ့ ရှိသည်။

အဘိဓာန်ဋီကာတွင်— "လိကုစေ၀နာမ လဟုရှကေ္ခာ၊ တဂ္ဂုဏတ္တာလိကောစကော၊ သညာယံကော၊ အင်္ကာလက္ခဏော၊ ဩလော အင်္ကောလော" ဟူ၍ ဖွင့်သည်၊ အနက်ကား- လိကုစေ၀နာမ၊ လိကုစမည်သည်ကား။ လဟုရှကေ္ခာ၊ တောင်ပိန္နဲပင်တည်း။ တဂ္ဂုဏတ္တာ၊ ထိုတောင်ပိန္နဲပင်နှင့်တူသော ဂုဏ်ရှိသည်၏ အဖြစ်ကြောင့်။ လိကောစကော၊ လိကောစကမည်၏။ သညာယံ၊ လိကုစဟူသော အမည်သည်။ ကော၊ က ပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။ အင်္ကာ၊ အင်္ကာသဒ္ဒါသည်။ လက္ခဏော၊ မှတ်ကြောင်းဟူသော အနက်၌။ ဝတ္တတိ၊ ဖြစ်၏။ ဩလော၊ ဩလ ပစ္စည်းတည်း။ အင်္ကောလော၊ အင်္ကောလသည်။ ဟောတိ၊ ဖြစ်၏" ဤကားအနက်။

ယင်းသို့ဖြစ်၍ အဘိဓာန်ရှေးနိဿယများမှာ ဆရာတို့ (အင်္ကပင်) ဟူ၍ အနက် ပြန်တော်မူကြသည်၊ အင်္ကောလပင် ဆိုသည်နှင့် အင်္ကပင် ဆိုသည်လည်း စကားမကွာလှန်းနီးပါး၏၊ မှန်ကူပင် အနက်ပြန်သည်မှာ စကားအဓိပ္ပာယ် ကွာဝေးသည်၊ ဒြဗျဂုဏ် ဆေးကျမ်းတွင်ဆိုသည့် တုရဝပင်မှုကား မြန်မာပြည်သို့ မရောက်လာသေး အနောက်ပြည် တုရဝမြစ်နားများမှာ ရှိကြောင်းကို ဒြဗျဂုဏ်ဋီကာတွင် ဆိုသည်။

**ဥတုဘောဇနံ သင်္ဂဟကျမ်း** ကေ္ကုနဝိသတိမကဏ္ဍတွင်—အသီးမျိုးတို့ဂုဏ်ကို ပြဆိုရာ၌—

"**အင်္ကောလိ** သီးမှည့်သည် ချို၏၊ အေး၏၊ ကြေခဲ၏၊ အား၊ အသား၊ သလိပ်တို့ကို ပွားစေတတ်၏၊ ဝမ်းကျစေတတ်၏၊ လေနာ, သည်းခြေနာ, ကိုယ်ပူနာ, ဓာတ်ကုန်ခန်းသောအနာ, သွေးနာတို့ကို နိုင်၏။

ဤ **အင်္ကောလိ** ပင်ကား ရှေးအခါ မြန်မာနိုင်ငံတွင်မရှိ၊ အမရပူရမြို့တည် မင်းတရားကြီးလက်ထက် အနောက်တိုင်းပြည်က မျိုးစေ့ယူ၍ အမရပူရနန်းမြို့တွင် ဆင်မင်းနန်းအနီးတွင် စိုက်ထားသည်၊ အင်းဝမြို့ နန်းမြို့အတွင်း ပန်းခုံတွင် စိုက်ထားသည်၊ ယခုအခါ အမရပူရနန်းမြို့တွင်းမှာ ရှင်းအပင်ပွားများ၍ ရှိသည်၊ အပွင့်ဖြူသည်၊ အချိုသင်းနံ့မွှေးသည်၊ ပျားပိတုံးတို့ အလွန်ကြိုက်သည်၊ ကနစိုသီးနှင့်တူသော အသီးရှိသည်၊ ဝေဿန္တရာမင်းကြီးနေသည့် ဝင်္ကပါတောင်အနီး မုစလိန္ဒာအိုင်နားတွင် အင်္ကောလိပင် အများရှိကြောင်းနှင့် ဝေဿန္တရာဇာတ်တွင် ပါသည်။

ဤသို့ပြဆိုထား၏။

ဥတုဘောဇနသင်္ဂဟကျမ်း၌ **အင်္ကောလိ** ဟုဆို၏။ အဘိဓာန်အရှည်ဒီဝင် ဂါထာ အမှတ် ၅၁၇ တွင် "လိကောစကော တထာ ကောလော" အင်္ကောလဟု ဆို၏။

**အဘိဓာန်နိသျသစ်** (**အဘယာရာမမူ**) ၌— "**အကော်သလ၊ စကိကတုံးပင်**" ဟု (မြန်မာ ဝေါဟာရ ပြန်ထား၏၊) ရှေးက မှန်ကူပင်ဟု ပေးကြ၏၊ သက္ကရာဇ် ၁၃၄၄-ခုနှစ် အမရပူရ မြို့တည်နန်းတည် ဘိုးတော်မင်းတရားလက်ထက် ကာသိတိုင်း ဗာရာဏသီမှ အကော်သလပင်ရောက် လာသောကြောင့် ထိုအပင်ကို အမှန်အကန်သိရသည်၊ အပင်အရွက်သဏ္ဌာန်မှာ တရော်ညိုပင်၏ အရွက်နှင့်ရိပ်ရိပ်တူသည်၊ အသီးမှာ နရွဲသီးနှင့် သဏ္ဌာန်တူသည်၊ ချိုသောအရသာရှိသည်၊ မွှေး သောပန်းအနံ့ရှိသည်ဟု **အဘိဓာန်ဋ္ဌ စိယော်ဓနီ** ၌ ဆို၏။

**ထေဝမနိဝိ** ၌ကား— "မီတဝဏ္ဏသာရေ ဂန္ဓယုတ္တပုပ္ဖေ ဒီဃကဏ္ဍကယုတ္တေ ရတ္တဝဏ္ဏဖလေ 'အာကောဠ' ဣတိချာတောရုက္ခေ" ဟု ထိုသစ်ပင်ကား အနှစ်ဝါသည်။ မွှေးကြိုင်သောအပွင့် ရှိသည်၊ ရှည်သောဆူးရှိသည်၊ နီသောအသီးရှိသည် ဟု ဆိုသည်။

မော်လမြိုင်မြို့ အဂ္ဂမဟာပဏ္ဍိတ တောင်ပေါက်ဆရာတော် စီရင်တော်မူသည့် **အဘိဓာန်နိဿယသစ်** ၌ကား—

> "အကော်သလ—၎င်းပုဒ်၏ အနက်ကို အကိုပင်, အင်ပင်, မှန်ကူပင် စသည်ဖြင့် ရှေး နိဿယများ၌ အမျိုးမျိုးပြန်ဆိုရေးသားကြသည်။ ငါတို့အထက်မြန်မာပြည် ဆေးဆရာ များနှင့် အင်္ဂလိပ်ဆရာမျှားကမူ (လ) မှာ လုံးကြီးတင်နှင့်တကွ (အကော်သလိ) ဟု အမည်မှည့်ခေါ်ကြ၍ သင့်လျော်ရာ ဆေးဝါးဖော်စပ်သောအရာနှင့် ပြဒါးခဲ့အောင် ပြုလုပ်သောအရာများမှာ အသုံးပြုကြသည်။
>
> ယိုးဒယား ရှမ်းစသော လူမျိုးများကမူ ၎င်းတို့ဘာသာအားဖြင့် (မိုက်ပရှုး) ဟု မှည့်ခေါ်ကြ၍ အကွယ်အကာ အစောင့်အရှောက်ကောင်း ပယောဂ အဆောင် ဆေး ဆရာမှာ အသုံးပြုကြသည်။ ၎င်းတို့ဘာသာ (မိုက်ပရှုး) ကို မြန်မာပြန်မူ (သစ်ပလူး) ဟု အဓိပ္ပာယ်ရသည်။

ဟုဖော်ပြထားလေသည်။

## အကော်သလ ရသာယနဆေး

အကော်သလပင်ပျို အပွင့်ဖြူအမြစ်ကို ကျောက်ပျဉ်ပေါ်၌ သန့်ရှင်းစင်ကြယ်သော ရေ ဖြင့် ပြစ်ပြစ်သွေး၍ ၎င်းအမြစ်ရေ ၂၅-ကျပ်သားခန့် ရသည့်အခါ ချက်ပြီး ပြဒါးစင် ပြဒါးကောင်း ၅-ကျပ်သားထည့်၍ ၃-ရက်ပတ်လုံး ပြဒါးပျောက်သည့်တိုင်အောင် ကျောက်လုံးဖြင့် ကြိတ်ပါ။ ပြဒါးပေါ်ထွက်လာလျှင် သွေးထားသော အမြစ်ရည်ကို အနည်းငယ်စီထည့်၍ ပြဒါးကြေပျောက် သည့်တိုင်အောင် ၇-ရက်ကြိတ်ပါ။

ထို့နောက်မတ်ပြားခန့် အပြားငယ်ပြု၍ သံလင်ပန်း သို့မဟုတ် ကြေးလင်ပန်း၌ ထည့်ပြီး သွေ့ခြောက်အောင် မြင့်မြတ်သောနေရာ အရိပ်တွင်ထားပါ။ သွေ့ခြောက်အောအခါ လုံ၌ထည့် ပြီးလျှင် အထက်၌ လုံဖုံးထည့်၍ မြေသရွတ် ၃-ထပ်မံပါ၊ ထိုလုံကို မြေသရွတ် ခြောက်သွေ့သည့် တိုင် မြင့်မြတ်သော နေရာမှာ ကောင်းစွာထားပါ၊ ထို့နောက် သစ်ပင်ချုံနွယ်ကင်း၍ လွတ်လပ်

ကန့်ရှစ်း ပြန့်ပြူးသော ကုန်းမြေပြင်တွင် ဒယ်အိုးပုံသဏ္ဌာန် အနက် ၃-တောင်ခန့် တွင်းတူးပြီး လျှင် မောင်းထောင်းရာမှ ရရှိသော ဖွဲတတင်းမျှ ထည့်ပါ၊ ၎င်းဖွဲတတင်း အလယ်တဲ့တဲ့တွင် လုံကို ထိပ်ပေါ်ရှုမျှထား၍ မြှုပ်ပါ၊ ထို့နောက်ဖွဲတတင်းအပေါ်က ထပ်မံထည့်လောင်းပြီး မျက်နှာ ပြင် ညီစွာပြု၍ မီးခဲဖြင့်ပြန့်နှံ့အောင်ရှို့ပါ၊ ဖွဲ ၃-ပုံ ၂-ပုံမျှ လောင်ကျွမ်း၍ ဖွဲခေါင်းဖြူလာ သည့်အခါ နောက်ထပ် ဖွဲတတင်းလောင်းထည့်ပါ၊ ထိုဖွဲ ၃-တင်းလုံး လောင်ကျွမ်း အေးမြ သည့်အခါ လုံကိုဖော်ယူပါ၊ လုံအတွင်းရှိ ဆေးပြာကို ကျောက်ပျဉ်ပေါ်၌ အညက်ကြိတ်ပြီးလျှင် မန်ကျည်းကြွေဘူးတို့နှင့် အလုံပိတ်ထားပါ၊ ပျားရည် ၂၅-ကျပ်သားလျှင် ထိုဆေးပြာ ဒင်္ဂါးချိန် ကမတ်သားခန့်ထည့်၍ ညအိပ်ရာဝင် ကြွေဇွန်းတဇွန်းမျှ စားသုံးခဲ့လျှင် ရောဂါကင်း၍ အသက် ရှည်မည်၊ အားကောင်းမည်။

အင်္ကော်လပင်မှာ အင်းဝမြို့, တံတားဦးမြို့နှင့် မန္တလေးမြို့များတွင် ရှိပါသည်၊ အရွက် ပုံသဏ္ဌာန်မှာ ချယားပင်အရွက်နှင့်တူ၍ ထိုအရွက်မှ စိမ်းလန်းသော အရောင်ထွက်သည်၊ ချယား ပင်ကဲ့သို့ပင် စောက်ဖြစ်သည်၊ အပွင့်ဖြူသည်၊ အသီးမှာ ဆီး (ဇီး) သီးခန့်ရှိသည်။ အင်္ကော်လ အင်္ကော်လိ ၂-မျိုးခေါ်သည်။

မီးချိန်ကို နားလည်သူဘိုးသည် ထိုအရွက်သတ္တုရည်ဖြင့် ပြဒါးကို အမာသို့ ရောက်အောင် သေနိုင်သည်။ ဘိုးတော်မင်းတရားလက်ထက် ဣန္ဒိယနိုင်ငံမှ မျိုးယူ၍ အင်းဝနှင့် အမရပူရတွင် စိုက် ပျိုးထားခဲ့သည်။

အမရပူရမြို့ထောင့် ဆင်ကြိုးရွှေဂူဘုရားအတွင်းမှာ အပင်ကြီးတပင်, မန္တလေးမြို့အနောက် ပြင် သင်္ဂဇာတိုက်တွင် အပင်ကြီးတပင်, မန္တလေးလက်ဝါးတံဆိပ် ဆေးတိုက် ဆေးရိုးဝင်းအတွင်း ၌ အပင်ပျိုတပင်, မော်သမြိုင်မြို့ တောင်ပေါက်ကျောင်းတိုက် အတွင်းမှာလည်း ပင်ပျိုတပင် ရှိသည်။

အင်္ဂေါသမိကသာယာနံ၊ ပါနတံ ဥပယောဇယေ။
တေတေရောဂေဇယေယျာသု၊ အာစရန္တော့ယထာဝိဓိ။ *


ယု ရသာယနကျမ်းတွင် လာရှိသဖြင့် အင်္ကော်လိမြစ်ဖြင့် စီရင်အပ်သော ဆေးပြာသည် ထိုထို ရောဂါမျိုးတို့ကို လျင်မြန်စွာ အောင်နိုင်ကြောင်း ပြဆိုသည်။

ဘေသဇ္ဇမဉ္ဇူသာ နောက်ဆုံးကဏ္ဍ ရသာယနပိုင်းမှ ထုတ်နုတ်သည်။

---

* ၅၀။ အင်္ဂေါသမိကသာယာနံ၊ ပါနတံ ဥပယောဇယေ။
တေတေရောဂေဇယေယျာသု၊ အာစရန္တော့ယထာဝိဓိ။

ဖြူသောအံကောလ (သစ်ချို) မြစ်အရည်တို့ဖြင့် ကျောက်ပျဉ်၌ ကြိတ်၍ ၃-ရက်ပတ်လုံးနေလှန်း လျက် ခွက်၌ ပြဒါးနှင့် ရော၍ လုံစွာ ပိတ်ဖုတ်ပါ၊ ထိုအခါ ပြဒါးသည် ပြာကျသွားပါလိမ့်မည်၊ ဆေးအစီ ရင်အားလျော်စွာ ပြု၍ ကြဇ ဂ-ဘိုဘဘိုကြွင်း ကျိုသောအရည်နှင့် ထိုပြဒါးကို ရော၍ သောက်သော် ရောဂါဟူသရွေ့ကို လျင်စွာ ပျောက်ကင်းစေနိုင်၏။ (ဘေသဇ္ဇမဉ္ဇူသာ၊ ရသာယန-၇၉၄)



အင်ကြင်း
SHOREA ROBUSTA.
साल; शाल

# အင်ကြင်းပင် (ဣန္ဒိယ)

| | | |
|---|---|---|
| သက္ကတ | शाल | (သျှာ-လ) |
| ဟိန္ဒီ | साल, शाल | (ဆာလ၊ သျှာ-လ) |
| အင်္ဂလိပ် | Commonrsal | |
| လက်တင် | Shorea Robusta | |

**ပုံသဏ္ဌာန်။** ။အင်ကြင်းပင်သည် ပင်ကြီးမျိုးဖြစ်၏။ ဣန္ဒိယမြောက်ပိုင်း ဟိမာလျ၊ ဒေဟာရာဒွန်းစသော တောင်ပေါ်၌များစွာ ပေါက်၏။ ၎င်း၏အရွက်မှာ ၄-လက်မမှ ၁၂-လက်မအထိရှည်၏။ ၂-လက်မမှ ၅-လက်မအထိ အနံရှိ၏။

အပွင့်မှာ အနည်းငယ်အဝါရောင်သန်း၏။ ၎င်းအင်ကြင်းပင်ကို ဒေဟာရာဒွန်း၌ "ယှာလ" ဟု ခေါ်၏။ ၎င်းအစေးကို ယူပီနယ်၌ "ရာလစူပ" ဟူ၍၎င်း၊ ဗင်္ဂါတွင် "ဓူနာ" ဟူ၍၎င်း ခေါ်ဆိုကြကုန်၏။ ၎င်းအစေးသည် အသစ်ဖြစ်မူ အရောင်အဆင်း ကြည်လင်တောက်ပ၍ ဟောင်းသောအခါ ညိုသောအရောင်ရှိ၏။ ၎င်းအစေး၌ မည်သည့်အနံ့ အရသာမျှ မရှိဖြစ်၏။ သို့သော် ၎င်းအစေးကို လော်ပန်များ မီးရှို့သကဲ့သို့ မီးရှို့မူ အခိုးများအလွန်ထွက်လျက် မွှေးကြိုင်သောအနံ့များလည်း ထွက်ပေါ်လာ၏။ ၎င်းသစ်ပင်ကို "ဣန္ဒိယအင်ကြင်း၊ ကလျာဏီအင်ကြင်း" ဟု မြန်မာနိုင်ငံ သစ်တောဌာနက ခေါ်ဆိုကြကုန်၏။

## အဆီ

၎င်းအင်ကြင်း၏ အစေ့မှ အဆီထုတ်ယူ၍ ရ၏။ ၎င်းအစေ့များကို ရေနှင့် ကျိုက်ကျိုက်ဆူအောင် ပြုတ်သောအခါ ရေပေါ်တွင်အဆီများစုခဲ၍ တက်လာလေ၏။ ၎င်းအဆီကို အချို့သူများ ထောပတ်နှင့်ရော၍ ရောင်းတတ်ကြကုန်၏။

**ဂုဏ်နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒအလိုအားဖြင့် ၎င်းကလျာဏီအင်ကြင်း သို့မဟုတ် ဣန္ဒိယအင်ကြင်း၏ အခေါက်နှင့်အရွက်သည် သိနိဒ္ဓဂုဏ်ရှိ၏၊ အေး၏၊ ဖန်၏၊ ခါး၏၊ ပိုးတို့ကို နိုင်၏၊ ဓာတ်ဘို့ကို တောင့်တင်းခိုင်မြဲစေ၏၊ အနာပေါက်များ ထိခိုက်သောဒဏ်ကြောင့် ဖြစ်စေသော အနာအဖုအပိမ့်များကို ပယ်ဖျောက်တတ်၏။ ညောင်းကျရောဂါ၊ ယားနာ အမျိုးမျိုး၊ အရေပြားရောဂါ၊ နူနာများအတွက် အသုံးပြုမှုများစွာအကျိုးရှိ၏။ ချွေးထွက်လွန်ခြင်း၊ သွေးဖောက်ပြန်ခြင်းတို့ကို တားမြစ်တတ်၏၊ ကိုယ်သားကိုယ်ရေ အရောင်အဆင်း ကြည်လင်ခြင်းကို ပြုတတ်၏၊ ၎င်းအပြင် ချောင်းဆိုး ရောဂါများ၌ ဖြစ်သောအနာများ၊ ဦးကျောက်ရောဂါ၊ ယောနိရောဂါများကို များစွာအကျိုးပြု၏။

## ကလျာဏီ အင်ကြင်းအသီး

၎င်းအသီးသည် ချို၏၊ အေး၏၊ ကာမကိုအားပေး၏၊ တွန့်ရှုံ့စေတတ်သော ဓာတ်ရှိ၏၊ ဝပြိုးစေ၏၊ လေကိုပွားစေတတ်၏၊ သည်းခြေကို ထုတ်ဆောင်တတ်၏၊ ၎င်းအပြင် ရေငတ်ခြင်း၊

ပူလောင်ခြင်း၊ ခယရှက်ကြောင့်ဖြစ်သော အနာပေါက်များ၊ သွေးဖေါက်ပြန်ခြင်းတို့ကို ပယ်ဖျောက်တတ်၏။

## အစေး

ငင်း၏ အစေးသည် အေး၏၊ ခါး၏၊ ဖန်၏၊ ကြေကျက်ခဲ၏၊ အူများကို တွန့်ရှုံ့စေတတ်၏၊ သွေးကိုစင်ကြယ်စေ၏၊ ဖျားခြင်း, သွေးလွန်ခြင်း, သွေးဝမ်းသွားခြင်းနှင့် ခပ်သိမ်းသော မီးယပ် ဖြူ နီ ဝါ ဆင်းသော ရောဂါများ၊ အနာပေါက်, သွေးစိမ်းယို မီးလောင်နာများ၊ အရိုးကျိုးခြင်းနှင့် ယားနာစသော ရောဂါများအတွက် များစွာ အကျိုးပြုတတ်၏။

## ယူနာနီဆရာတို့၏ အမြင်

ငင်းအစေးသည် မကောင်းသော အနံ့အရသာရှိ၏၊ ငင်းသည် ဦးဏှောက်၌ ဖြစ်တတ်သော ရောဂါများ အတွက် များစွာအကျိုးရှိသော အစေးဖြစ်၏၊ ငင်းအပြင် ရေဖျဉ်းရောဂါ၊ သရက်ရွက်ကြီးသောရောဂါ၊ အနာပေါက်ချိုးစုံ၊ ထိခိုက်ရှနာသော ဒဏ်ကြောင့် ဖြစ်သည့်အနာများ၊ အဆီတိုးခြင်း, မီးယပ်သွေးလွန်ခြင်း, သွားနှင့်စပ်လျဉ်းသော ရောဂါများအတွက် များစွာအကျိုးပြု၏၊ ငင်းအပြင် မျက်စိရောဂါ, မျက်စိ၌ တိမ်ကျခြင်းတို့ကိုငင်း အစေ့ကို မျက်စဉ်းပြု၍ ခပ်မူ ငင်းရောဂါများ ပျောက်ကင်းစေ၏၊ ငင်းအစေ့မှ ဖြစ်သောအဆီသည် အရေပြားရောဂါနှင့်၊ ယားနာမျိုးစုံ၊ ထိခိုက်ရှနာ၍ဖြစ်သော အနာမျိုးစုံတို့အတွက် များစွာ အကျိုးပြု၏။

ငင်းအစေးသည် တွန့်ရှုံ့စေသော ဆေးတွင် အလွန်တန်ဘိုးရှိသော ဆေး ဖြစ်၏၊ အလွန်စင်ကြယ်စေတတ်သော ဆေးတမျိုးလည်းဖြစ်၏၊ ငင်းအပြင် အတိသာရ ဝမ်းသွားရောဂါ, ပါဓကတေဇောဓာတ်နုန့်ခြင်း, ညောင်းကျခြင်း, ကာမသတ္တိ အားနည်းခြင်းတို့ကို များစွာအကျိုးပြု၏၊ ငင်းအပြင် အခိုးအငွေ့ပေးခြင်း (ပလာစတာ) ပြုလုပ်ရာတွင်လည်း များစွာ အသုံးဝင်သော အစေးဖြစ်၏။

## ဒေါက်တာ ဝေဓာရီ အမြင်

ငင်းအစေးတွင် အနာပေါက်များ အသားနုတက်စေခြင်း၊ သွေးများကို ချုပ်စေခြင်းနှင့် တွန့်ရှုံ့စေတတ်သော ဓာတ်များ၊ များစွာပါရှိ၏၊ ငင်းအစေးကို အင်္ဂလိပ်မှဖြစ်သော ထင်းရှူးဆီ အစား အသုံးပြုနိုင်၏၊ ငင်းအစေးဖြင့် ဖော်စပ်၍ ချက်ထားသော ဖရောင်းချက်သည် အလွန်ကုသခက်သော အနာဟောင်းများ၊ ပြည်မပေါက်နိုင်သော အနာများ၊ မကျက်နိုင်သော အနာများအတွက် များစွာ အကျိုးရှိ၏၊ ငင်းဆေးဖရောင်းချက်ကို လိမ်းပေးသော နေရာများ၌ သွေးအလွန်သွက်လက် လှုပ်ရှားစေတတ်၏၊ ဆိုလိုရင်းမှာ သွေးလှုပ်ရှားမှု နည်းပါး၍ နေသော ကိုယ်လက်အင်္ဂါများကို လိမ်းကျံမှု သွေးအားလှုပ်ရှားခြင်း သွက်လက်စေ၏၊ ငင်းအစေးကို မီးဖွားသော အခန်းများ၌ အခြားသော မွှေးကြိုင်သည့် ဆေးဘက်ဝင်များနှင့် အခိုးပြု၍ပေးမူ ရောဂါဖြစ်စေတတ်သော ပိုးမွှားများ လွင့်စင်၍ ကျန်းမာရေးကို အကျိုးပြုသော အခိုးအနံ့

ဆောကောင်း လေသန်များ ဖြစ်စေနိုင်၏၊ နာတာရှည်, ညောင်းကျ ရောဂါများအတွက် ၎င်းအင်ကြင်းစေ့ကို သုံးစွဲရန် အမြဲသတိရှိကြပါက တန်ဖိုးရှိသော ဆေး ဖြစ်၏။

## ဆေးသုံးစွဲရန် အချိန်အတိုင်းအတာ

လူကြီး တစ်ရွေးမှ နှစ်ရွေးအထိ သုံးစွဲနိုင်၏၊ ကလေးများကို ကျွေးမူ ဇီယာနှင့် ဆီဦး ( မကျွန်း ) တို့ ရော၍ကျွေးပါ။

## ရောဂါ အလိုက် အသုံးပြုပုံ

**အဆစ်အဆက် ရောင်သောရောဂါ။** ။အင်ကြင်းစေ့မှ ဖြစ်သော အဆီကို အဆစ်အဆက် ရောင်ရာသို့ လိမ်းပေးပါက နာတာရှည် အဆစ်ရောင်သော ရောဂါများပင် ပျောက်ကင်းနိုင်၏။

**နှာစေးရောဂါ။** ။အင်ကြင်းစေ့ကို အမှုန့်ပြု၍ မီးကျီးခဲဖြင့် အခိုးပြုကာ ရှူခဲ့သော် အအေးမိ၍၎င်း၊ အပူမိ၍ဖြစ်သော နှာရည်ယိုခြင်း, နှာစေးခြင်းများ ပျောက်ကင်းနိုင်၏။

**သွားနာ သွားကိုက်။** ။သွားနာခြင်း, သွားကိုက်ခြင်း, သွားဖုံးရောင်ခြင်း, သွားဖုံးများမှ သွေးယိုစီးခြင်းဖြစ်မူ အင်ကြင်းစေ့ကို မှုန့်ညက်စွာပြု၍ သွားတိုက်ခြင်း, သိပ်ပေးခြင်း, ပြုမူ သွားရောဂါများ မြန်စွာ ပျောက်ကင်းနိုင်၏။

**နားပြည်ယို နားကိုက်ရောဂါ။** ။အင်ကြင်းခေါက်အမှုန့်ကို ဝါသီးနှုန်၏ သတ္တုရည်နှင့် ပျားရည်၊ သင့်တော်ရုံရော၍၊ နားတွင်းသို့ ထည့်ပေးမူ နားကိုက်, နားပြည်ယို ရောဂါပျောက်ကင်း၏။

**ဖရောင်းချက်ဆေးနည်း။** ။အင်ကြင်းစေး, ပျားဖယောင်း, နှမ်းဆီ ၎င်းသုံးမျိုးကို တူစုံ၍ မီးညှင်းညှင်းဖြင့် အရေပျော်ရုံ၊ သမရုံချက်၍ထားပါ၊ ၎င်းဖယောင်းချက် ဆေး၏ အကျိုးမှာ အနာမီးလျှံ, ဝဲနာယားနာ, အနာပေါက်မျိုးစုံ, အနာဆက်မျိုးစုံတို့ကို လိမ်းကျံပေးမူ လျှင်ပိန်၍ ရင့်လျှင်ပြည်ပေါက်ပြီး အသားနုမြန်စွာတက်၍ အနာလည်း အကျက်မြန်စေသော ( အသားနုတက် ) ဖရောင်းချက်ဖြစ်၏။

---

## အင်ကြင်းတမျိုး (အဆိပ်နိုင်နာဂမောက်နီပင်)

| | | |
|---|---|---|
| ဟိန္ဒီ | शिवलिङ्गम | ( သျှိဝလင်-ဂမ် ) |
| ဗင်္ဂါလီ | नागलिङ्गम | ( နာဂ်-လင်ဂမ နာ-ဂ်လင်-ဂမ်၊ ) |
| လက်တင် | Couroupika Guanensis | |
| အင်္ဂလိပ် | Cannon ball | |

**ပုံသဏ္ဌာန်။** ။အဆိပ်နိုင် အင်ကြင်းပင်၏ ထူးခြားချက်မှာ ပင်စည်မှပွင့်တံထိုး၍ ပွင့်၏၊ ပွင့်တန် ၃- ပေမျှ ရှည်၏၊ ပွင့်ဖတ်ထူ၏၊ အရည်ရွှမ်း၏၊ အဖူးမှာလုံးဝိုင်း၏၊ အရောင်စိမ်း၏၊ ပွင့်ဖတ်

၆-ဖက်ရှိ၍ အချင်း ၃-လက်မသာသာရှိ၏၊ ဝါရောင်သန်း၍ နီသောအရောင်ရှိ၏၊ ဖြူသောအရောင်လည်းရှိ၏၊ မွေး၏၊ ပွင့်ဖတ်များ၏၊ အလယ်ဝတ်ဆံများမှာ အသီးငယ်ကိုဖုံးအုပ်၍ထား၏၊ ၎င်းအသီးရင့်မှု မာကျော၏၊ ညိုရောင်ရှိ၍ အခွံခွာပြီး အုန်းသီး ဇကြီးစားမျှရှိ၏၊ ထိုကြောင့် "ကာနဝ်ဘောလ် အမြောက်နှင့်တူ၏" ဟု ပြောဆိုကြကုန်၏၊ အသီးမှာ ဂ-လ နှင့် ကိုးလ ကြာသော အခါမှ မှည့်၏၊ မှည့်သောအခါ ချဉ်စုတ်စုတ်အနံ့ရှိ၏၊ အသီးမှည့်လျှင် အဝါနုရောင့်ရှိ၏၊ အရွက်များ၏၊ ထူးခြားချက်မှာ အခက်ဖျားမှ ရွက်သစ်အနု အဖူးကလေးများ ထွက်ပြီး တပတ်လောက်ကြာမှ ရွက်ဟောင်းများ ကြွေကျကုန်၏၊ အရွက်မှာ ၅-လက်မမှ ၁၁-လက်မမျှရှည်၍၊ ရွက်ဖျားကျယ်၍ ရွက်ရင်းမှာ သေးငယ်၍ သွား၏၊ ၎င်းအပင် အသက်တန်းမှာ ၁၃၀-မျှရှည်၏၊ ၎င်းသည် မိုးများသော ဒေသများတွင် ပို၍ပေါက်၏၊ ၎င်းအင်ကြင်းမှ ပန်းကိုသာ အသုံးပြုရ၏၊ သစ်သားမှာ ပျော့၍ အသုံးမကျချေ၊ ၎င်းအပွင့်ကို ပြဒါးနှင့်ကြိတ်၍ မြွေဆိပ်နိုင်ဆေးအဖြစ် ဆေးကု ဆေးထိုးကြကုန်၏။

လက်တင်ဘာသာအရ အဆိပ်ပင်ဆိုသော်လည်း အဆိပ်နိုင်ပင် ဖြစ်တန်ရာ၏။

---

## အင်ကြင်းပင်တမျိုး

| | | |
|---|---|---|
| သက္ကတ | अश्वकर्ण | (အ-သျှ-က-ရ်-ဏ်) |
| ဟိန္ဒီ | चन्दरस | (ကျန္ဒ-ရ-ဆ်) |
| အင်္ဂလိပ် | Gomcopal Sandarack | |
| လက်တင် | Vateria Indica | |

**ပုံသဏ္ဍာန်။** ။ဟိန္ဒီဘာသာအားဖြင့် ကျန္ဒရဆ် ခေါ် အပင်သည် အင်ကြင်းပင်မျိုး ဖြစ်၏၊ ၎င်းအင်ကြင်းပင်သည် ကြီးသော အပင်မျိုး ဖြစ်၏၊ ၎င်းအစေ့မှလည်း ဆီတမျိုး ထွက်လေသည်၊ ပင်စည်မှလည်း အစေးတမျိုး ထွက်၏၊ ၎င်းအစေးကို ကျန္ဒရဆ် ဟု ခေါ်ဝေါ် သုံးစွဲကြကုန်၏၊ ထိုအဆီ နှင့် အစေး နှစ်မျိုးစလုံးပင် ဆေးဝါး ဖော်စပ်ရာတွင် များစွာ အသုံးဝင်သည့် အပြင် (ဝါရ်နိသျ) ခေါ် အရောင်တင်ဆီ ဖော်စပ်ရာတွင်လည်း များစွာ အသုံးဝင်လေသည်၊ ၎င်းအပြင် အစေ့မှ ထွက်သော ဆီကိုလည်း ဖယောင်းတိုင် ပြုလုပ်ရာတွင်လည်း များစွာ အသုံးဝင်လေသည်၊ ၎င်းကျန္ဒရဆ် အင်ကြင်းဆီကို လော်ဗန်များကဲ့သို့ မီးကျီးတွင် ထည့်ပါက မွှေးကြိုင်သော အနံ့တမျိုး ထွက်လေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒ အလိုအားဖြင့် ၎င်းအစေးသည် ချို၏၊ ခါး၏၊ ဖန်၏၊ နူးညံ့၏၊ ပူ၏၊ ဝမ်းလျှောစေတတ်၏၊ သည်းခြေကို ဖြစ်ပွားစေ၏၊ သလိပ်, လေနာ, ဦးနှောက်ရောဂါ, မျက်စိရောဂါ, အသံပျက်ရောဂါ, ချွေးနံ့ မကောင်းခြင်း, ချွေးထွက် လွန်ခြင်း, ယားနာ, အနာပေါက်များ, သန်းပေါများခြင်း စသည်တို့ကို ပျောက်ကင်းစေ၏၊ ၎င်းအစေးသည် ဥရောပ

မှ လာသော ထင်းရှူးဆီနှင့် ဂုဏ် သတ္တိချင်း တူမျှလေသည်၊ အနာများ အသားနု တက်စေခြင်း၊ အနာများ ပြည် သွေးပုပ် စသည်များကို သန့်ရှင်းစေခြင်းကို ဖြစ်စေ၏၊ ၎င်း၏ အဆီသည် ကိုက်ခဲ နာကျင်ခြင်းကို ပျောက်ကင်းစေ၏၊ ၎င်းနှင့် ချက်သော ဖယောင်းချက်သည်လည်း အနာမျိုးစုံကို ကောင်းစွာ အကျိုးပြု၏၊ နာတာရှည် အဆစ်ရောင်ရောဂါများကို ၎င်းဆီကို လိမ်းကျံမှု များစွာ အကျိုးရှိ၏။

## ဖယောင်းချက် ဖော်နည်း

သင်္ဇက အင်ကြင်းစေး အဖြူ ၄ - ကျပ်, ကလျာဏီ အင်ကြင်းစေး အညို ၁ - ကျပ် ဂ - ပဲ, နှမ်းဆီ ၆ - ကျပ်သား ၎င်းဆေးကို မီးညှင်းညှင်းနှင့် သမအောင် ချက်ပါ၊ ခပ်သိမ်းသော အနာမျိုးရုံ အတွက် အသုံးပြုရသော ဖယောင်းချက် ဖြစ်၏။

## ယူနာနီဆရာတို့ အမြင်

၎င်းအဆီသည် အူ နှင့် အဆီများတွင် ရှိသော အရိအရွဲ အချွဲများကို သုတ်သင် ရှင်းလင်းတတ်၏၊ ဝမ်းတွင်း၌ ရှိသော ပိုးများကို ဖျက်ဆီးတတ်၏၊ ၎င်းကို သွားတိုက်ဆေး အဖြစ်နှင့် အသုံးပြုပါက သွားနာ, သွားကိုက်, သွားဖုံး နာခြင်းများ ပျောက်ကင်း၏၊ ၎င်းကို လော်ဗန် မီးရှို့ အကဲ့သို့ မြင်းသရိုက်နာများကို မှိုင်းတိုက်ပေးပါက များစွာ အကျိုးရှိ၏၊ မျက်ကွင်းဆေး အဖြစ် အသုံး ပြုမှု မျက်စိ၏ အမြင်အား တိုးတက်စေ၏၊ ၎င်းကို နားသို့ ခပ်ပေးမှု နားနာ, နားကိုက်များ ပျောက်ကင်းစေ၏။

နှလုံးတုန်ခြင်း, ရင်ခုန်ခြင်း, ပန်းနာရောဂါ, သရက်ရွက် ကြီးခြင်း စသော ရောဂါအတွက် အကောင်းဆုံးဆေး ဖြစ်၏၊ မကျက်နိုင်သော အနာပျက်များကို ၎င်းအမှုန့်ကို အနည်းငယ် ဖြူး၍ ဖြူး၍ ပေးမှု မြန်စွာ အသားနု တက်၍ အနာလည်း အကျက်မြန်၏။

## ရောဂါ အလိုက် အသုံးပြုပုံ

**အတိသာရ ဝမ်းသွားရောဂါ။** ။၎င်းအင်ကြင်းစေး အဖြူကို အနည်းငယ် လျက်၍ ပေးမှု အတိသာရ ဝမ်းသွားရောဂါ ပျောက်ကင်းနိုင်၏။

**အဆစ်ရောင် ရောဂါ။** ။၎င်းအသီးနှင့် အဆစ်ရောင်သော နေရာများကို နှိပ်နယ်ပေးပါက အဆစ်ရောင်ခြင်း ပျောက်ကင်းနိုင်၏။

**နှာစေး ရောဂါ။** ။၎င်းအစေးနှင့် သကြားကို မီးကျီးနှင့် အခိုး ပြု၍ ၎င်းအခိုးကို ရှူပါက နှာစေးရောဂါ ပျောက်ကင်းနိုင်၏။

**သွားနာ သွားကိုက်။** ။၎င်းအစေးနှင့် သွားကို တိုက်ပေးပါက သွားနာခြင်း, ကိုက်ခြင်း, သွေးယိုစီးခြင်းများ ပျောက်ကင်းနိုင်၏။

**နားနာ နားကိုက် ရောဂါ။** ။အင်ကြင်းထက် အမှုန့်နှင့် ဝါသီးနှ သတ္တုရည်, ပျားရည် ၎င်း သုံးမျိုး ရော၍ နားတွင်းသို့ ခပ်ပေးမူ နားနာ, နားကိုက် ပျောက်ကင်းနိုင်၏။

---

# အင်ကြင်းဆင့်

**ပုံသဏ္ဌာန်။** ။အင်ကြင်းဆင့်ပင်သည် အမြင့် ၃ - ၀ေမျှ ရှိ၏၊ အရွက်မှာ အင်ရွက်နှင့် ဆင်ဆင် တူ၏၊ အရွက် ထွက်ပုံမှာ အစက်ရင်း, ကတိုးရွက်များ ထွက်သကဲ့သို့ ပြွတ်လိုက် ထွက်၏၊ အမြစ်မှာ သဒ္ဒါနက်အတို အပြင်က နက်, အတွင်းဘက်တွင် အဝါ နှင့် အနီပြောက်ကလေးများ အကန့်လိုက် အကန့်လိုက် ရှိ၏၊ ဤအပင်မျိုးသည် မိတ္ထီလာနယ် မန်ကျည်းခါ်းတောရတွင် ရှေးအခါက များစွာ ပေါက်ရောက်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။အရသာ ပူရှိန်းရှိန်း ရှိ၏၊ ၎င်းကို တက်ဖျား, ကျဖျား စွဲကပ်ရာတွင် မျက်စဉ်း အဖြစ် အသုံးပြုရ၏၊ အသုံး ပြုပုံမှာ အဖျား မတက်မီ တရက်က ကြိုတင်၍ မျက်စဉ်းခပ် ထားစေကာမူ မစပ်သေး၊ နောက်တနေ့ အဖျားတက်လာသောအခါ ကျမှ စပ်လာ၏၊ မျက်ရည်ပူများနှင့် နှာခေါင်းမှ ချွဲ သလိပ် အရိအရွဲများ ကျဆင်းလာမည်၊ အလွန် စပ်၍ မခံမရပ်နိုင် ဖြစ်ခဲ့သော် အုန်းရည်ကို သောက်၊ အစပ် ပျောက်နိုင်၏။

## အင်ကြင်းဆင့် အဖျားဖြတ်ဆေး

| | |
|---|---|
| အင်းကြင်းဆင့် | ၁ - ကျပ် |
| ငြုပ်ကောင်း | ၁ - ကျပ် |
| ကြက်သွန်ဖြူ | ၁ - ကျပ် |
| လင်းလေ | ၁ - ကျပ် |
| ရှိန်းခို | ၁ - ကျပ် |

ဤဆေး ငါးပါးကို ညက်စွာ အမှုန့် ပြု၍ လေလုံစွာ ထားပါ၊ နေ့ဥတုတွင် ဖြစ်မူ ရှိန်းခိုကို တဝက်မျှ ထည့် ဖော်ပါ၊ ဆေးအကျိုးမှာ—တက်ဖျား, ကျဖျား, ရက်ခြားဖျား, ငှက်ဖျားတို့နှင့် အငုပ်ရောဂါ ဟူသမျှကို ကွမ်းရွက်ပြွတ် ( ဆား နှင့် ပြုတ် ) ၍ ဆေးမှုန့် ဇီးကင်းခန့်မျှ ရော၍ တိုက်ပါ၊ အာကာသ အလွန်ပွင့်လာပြီး ချွေးထွက်၍ အဖျား ကျသွားတော့၏။

**ကျောက်ရောဂါ။** ။ကျောက် မပေါ်ဘဲ လူးလဲ ပူဆာခဲ့သော်၎င်း, ကျောက်ပေါ်ပြီးမှ ဝင် လယ်ငုပ်သော်၎င်း အင်ကြင်းဆင့်ဆေးဖြင့် တိုက်ရာ၏၊ အင်ကြင်းဆင့်, ယင်းပြား, ယင်းမာ, သစ်ဝင်ခေါက် အဖြူ, ငဖိုးဆေး ဆေးငါးမျိုး အမျှစု၊ အမှုန့်ပြု၊ အရက်နှင့် တိုက်။

**ကျောက်သားရေ တိုက်ရန်။** ။အင်ကြင်းဆင့်, ဂုချို, ပေါက်နက်, အင်တိုင်းဆေးနီ, သဗီသ, မျောက်ဂုညင်း, ရှိန်းခို, သီသခွ ဆေး ၈ - မျိုး အမျှစု၊ အမှုန့်ပြု၊ ကျောက် ပေါ်၍ ၄ - ရက်ရလျှင် အရက်နှင့် တိုက်။

**ကျောက်သားရေတိုက်ရန် တနည်း။** ။အင်ကြင်းဆင့်, သစ်ဝင်ပေါက်ဖြူ, ယင်းပြား, ပေါကြီး သည်းခြေ ဆေး အမျှစု၊ အမှုန့်ပြု၊ လဲ ဝါစေ့ ခန့် လုံး၍ထား၊ ၂-၃-လုံး တန်သည် အရက်နှင့် တိုက်။

**။ကျောက် မထဲ မကြွ နေလျှင်။** ။အင်းကြင်းဆင့်, ယင်းပြား, ယင်းမာ, သစ်ဝင်ပေါက်ဖြူ။ ။ဤဆေး ၄-ပါး အမျှစု၊ အမှုန့်ပြု၊ လဲ ဝါစေ့ ခန့် လုံး၍ထား၊ ၂-လုံး ၃-လုံး တန်သည် အရက်နှင့်တိုက်။

---

# အင်ဒိုင်းဆေးနီ

**ဆက္ကာလိ** **ဆမ္ပာခဒ္ဒါ** (ကျမ္ပာဇဟား)

**လက်တင်** Ochnapumila

**ပုံသဏ္ဌာန်။** ။၎င်းသည် ပင်ငယ်မျိုး ဖြစ်၏၊ အရွက်သည် အလျား ၅-လက်မ ရှည်၍ အနံ တလက်မခွဲမျှ ရှိ၏၊ အရွက်နားတွင် ခွေးသွားစိပ် ရှိ၏၊ အရောင် ပြောင်း၏၊ စိမ်း၏၊ အမြစ်မှာ နီရောင် သန်း၏၊ ၎င်းအပင်သည် တန်ခူးလမှ နယုန်လအတွင်း ဝါရောင် သန်းသော ပန်းများ ပွင့်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။မြေဆိပ်ကို ကုသရာတွင် အတွင်းဆေးအဖြစ် အသုံးပြုရ၏၊ ကိုက်သောဒဏ်ရာကိုလည်း အပြင်ဆေးအဖြစ် လိမ်းကျံ ပေးရ၏၊ ဥတုသွေးနှင့် စပ်လျဉ်း၍ ဖြစ်တတ်သော ဆင်းရဲခြင်းကို ငြိမ်းအေးစေ၏၊ ခယရုဂ်ရောဂါ, ပန်းနာရောဂါများကိုလည်း များစွာ အကျိုးပြု၏၊ ၎င်းပြင် အတိသာရ သွေးဝမ်းသွား ကျောက်ဝက်သက် ဝမ်းကိုက်ခြင်း, ရေငတ် ဝမ်းကျ ဖြစ်ခြင်း စသော ရောဂါများကို များစွာ အကျိုးပြု၏၊ ပျောက်ကင်းစေ၏။

**သီတာအန္တကဆေး။** ။အင်ဒိုင်းဆေးနီ, ဆေးပုလဲ, ဆေးကင်းပိန့်, ကျည်းနီမြစ်, ပိန္နဲပေါက်, ဂုံခါး ဆေး ၆-ပါးကို ဆတူ ချိန်စက်ပြီးသော် အမှုန့် ညက်အောင်ပြု ဇီးကင်းခန့်လုံး၍ထား၊ ကာလဝမ်းရောဂါ, အောနာ, ဝမ်းကျသော ရောဂါတို့ကို ပုဇွန်ကျစ်စာ, တီကျစ်စာတို့ကို မီးကျက်အောင် ဖုတ်ပြီးလျှင် ၎င်းပူ၍နေစဉ် တိုက်မည့်ရေထဲသို့ ပစ်၍ချ၊ ၎င်းအရေဖြင့် တိုက်ပေးရမည်။

ဝမ်းတာရှည်စွာ မပြတ် သွားနေပါလျှင် ၎င်းဆေးမှုန့်ကို ရေကျိုက်အေးနှင့် တိုက်၊ ကိုယ်ပူပြီး ဝမ်းအလွန်သွားပါလျှင် ဆန်ဆေးရေနှင့် တိုက်။

**အင်ဒိုင်းဆေးနီ အသုံး လင်္ကာ။** ။"ဆေးနီငယ်ကား၊ ကြီးကျယ်ဂုဏ်ရှိ၊ ဇာတ္တိယ၊ ကြဇုစသား၊ ပန်းမ, ပန်းနု၊ ရဇ္ဇု ဂမ္ဘီ၊ ဆေးနီအင်တိုင်း၊ နိုင်းချင်းခုနစ်ထွေ၊ ညက်သုံ့စေ၍၊ လုံးလေငယ်ငယ်၊ ဝါစေ့နှယ်ထည့်၊ သူငယ်ရေငတ်၊ ဝမ်းခတ်သက်လျှော၊ ခေါင်းကျောခြေလက်၊ ပူနွေးငယ့်ယှက်သော်၊ ရေကျိုက်ကြည်ကြည်၊ အေးမြသည်နှင့်၊ ရွှေစည်တော်ကြီး၊

နှစ်ချက်တီးမူ၊ ယှဉ်မှီးတိုက်လေ၊ ခေါတ်ဆူစေ၍၊ ရေတလစပ်၊ မရပ်မနား၊ ဝမ်းသွား ဝမ်း
သွန်၊ ဝမ်းဆင်းလွန်မူ၊ ပုဇွန်ကျစ်စာ၊ တီကျစ်စာကို၊ မီးမှာဖုတ်သစ်၊ နှစ်သည့်ရေနှ
ချိန်မလင့်ဘဲ၊ ခွက်ဆင့်သောက်စေ၊ လေသည်းခြေတို့၊ ယှဉ်ထွေဖြစ်ခြင်း၊ အော့အန်လျှော
ထမင်းမီးဖုတ်၊ တသုတ်ကြံစည်၊ ဆန်လှော်ရည်နှင့်၊ လှည့်လည်ကာပေး၊ ပူမီးဝေးသည်
ညိမ်းဆေးသီတာ ပက်ဖျန်းတည်း။"
နယရာသီ ၀ိဒ ၂၇

ကြဇုကြီး, ကြဇုငယ်, ပန်းမ, ပန်းနု, ဆေးပုလဲ, ပညာလကာ, အင်ဒိုင်းဆေးနီ ၎င်းဆေး
၇-ပါးကို အလေးတူ ညက်အောင်ပြုပြီးလျှင် ဝါစေ့ငယ်မျှ လုံးပြီး လက်ာအတိုင်း အသုံးပြုပါ။

**ကျောက် အကင်းသတ်ဆေး။** ။အင်ဒိုင်းဆေးနီ, အင်ဒိုင်းကျော်ထင်, အင်ကြင်းဆံ
ကြောင်မီးကူ, ယင်းပျား, ကင်ပလင်း, သမလ, လက်ထုတ်ကြီး, တပဆေး, မဏိသြဃ, သ
ခေါက် ၎င်းဆေးတို့ကို အမှုန့် ညက်စွာ ပြုပြီးလျှင် ကျောက် အကင်းထပြီး ယားသောအခါ၌၎င်း
ကျောက်ယားပါ၍ မနေနိုင် မထိုင်နိုင်အောင် ယားသောအခါ၌၎င်း အထက်ပါဆေးကို ရေနွေး
နှင့် ဇီးကင်းခန့် တိုက်ပေးလေ။

**ကျောက်ဝမ်းသွား၍ သွေးပါသောအခါ။** ။အင်ဒိုင်းဆေးနီ, ရေချင်းယားနက် ၎င်း
ဆေး ၂-မျိုးကို နုတ်နုတ်ပါအောင် စင်းပြီး ၃-ပုံ ၁-ပုံ ခန်းအောင် ကျို၍ ပျားရည်နှင့် စပ်၍
တိုက်လေ။

**ကျောက်သမာ တိုက်ရန်။** ။အင်ဒိုင်းဆေးနီ, မြင်းစဂုံနီ, ပေါက်နက်, သံသတ်,
သမန်းကျား, ဗဆောင်းမေးခါး, ကျေးဖြူ ဆေး ၇-မျိုး အညီအမျှစု အမှုန့်ပြုပြီး အရက်,ရေနွေး
ရှားနှင့် တိုက်။


**ကျောက်မှည့်ချိန် သွေးဝမ်း သွားသော်။** ။အင်ဒိုင်းဆေးနီ, ပန်းနု, ပညာလကာ
ဆေးပုလဲ ဆေး ၄-မျိုး အမျှစု၊ အမှုန့်ပြု၊ ပင်လယ်အုန်းသီး မရလျှင် ပဋ္ဌကာနီသီး သွေးသော
အရေဖြင့် အထက်ပါ ဆေးကို တိုက်လေ။

**ဝမ်းကိုက် ရောဂါ။** ။အင်ဒိုင်းဆေးနီ, တိလက်သာ, လေးညှင်း, ဇာတိပ္ဖိုလ် ဆေး
၄-မျိုးကို အမျှစု အမှုန့်ပြု ကန့်ချပ်နီကဲဆေး ရောစွက်၍ တိုက်လေ။


**ကျောက် ပေါစဉ် ဝမ်းသွားခဲ့သော်။** ။အင်ဒိုင်းဆေးနီ, ရေချင်းယားနက် ၎င်းဆေး
၂-မျိုးကို ကျို၍ တိုက်လေ။

**ကျောက် လိမ်းရန်။** ။အင်ဒိုင်းဆေးနီ, ပညာကာ ၎င်းဆေး ၂-မျိုးကို အရက်နှင့်
သွေးပြီး လိမ်း၍ ပေးလေ။

**ကျောက် ပေါ်စဉ် ခြေအစ်, လက်ဆစ်ရောင် လိမ်းရန်။** ။အင်ဒိုင်းဆေးနီ, မြင်းစဂုံနီ
ကျေးဖြူ, သစ်ဝဝ်ပေါက်ဖြူ, ကြွက်နဘောင်း အမျှစု အမှုန့်ပြုပြီး ရောင်သောနေရာကို လိမ်း၍
ပေးလေ။



အ
DIPTEROCA




အင်

**DIPTEROCARPUS TUBERCULATUS.**

**ရွှေနှယ်တုနိုင်း ဆေးအင်တိုင်း။** ။အင်ဒိုင်းဆေးနီ, ဂွဿ်ရမူလီ, ပရှပ်, ပန်းမ,ပန်း, ကြဇ္ဇ, ဆေးပုလဲ, လက်ထုတ်ခေါက် ဆေး ၈-မျိုး အမျှစု အမှုန့်ပြု၊ အော့နာဝမ်းကျရောဂါ ဝမ်းသွားရောဂါ, ဝမ်းလားခြင်း ၆-မျိုးတို့ကို ပုဇ္ဇနိကျစ်စာ, တိကျစ်စာ ရရာ တခုခုကို မီးတွင် ဖုတ်ပြီး ရေထဲတွင် ပစ်၍ချ ၎င်းရေအေးလျှင် အထက်ပါ ဆေးနှင့် တိုက်လေ။

---

# အင်ပင်

| | | |
|---|---|---|
| သက္ကတ | यज्ञद्रुम | ( ယ-ဇ္ဉ-ဒြု-မ ) |
| ဟိန္ဒီ | गरजन | ( ဂါဂျန် ဂ-ရိ-ဂျ-န် ) |
| ဗင်္ဂါလီ | गरजन | ( ဂ-ရ်-ဂျ-န် ) |
| လက်တင် | Dipterocarpus Tuberculatus | |

**ပုံသဏ္ဌာန်။** ။၎င်းအပင်သည် အင်ဒိုင်းကုန်းမြေ သဲကြမ်းမြေများတွင် အုပ်စုဖွဲ့၍ ပေါက်တတ်သော အပင်မျိုး ဖြစ်၏၊ အမြင့် ပေ ၇၀-မှ ၁၀၀-ကျော်မျှ မြင့်၍ လုံးပတ် ၅-ပေမှ ၁၀-ပေထိ မြင့်သော ပင်ကြီးမျိုး ဖြစ်၏၊ အခေါက်သည် အညိုရောင်ဖြစ်လျက် အပွေးထူ၍ အက်ကြောင်းများ ရှိ၏၊ အသီးမှ ၅-မြောင့် ရှိ၍ အဖျားတွင် ရှည်လျက် ပါးလွှာသော အတောင့် ၂-ခု ရှိ၏၊ အရွက်သည် အလျား ၁-ပေခွဲမျှ ရှိ၍ အနံ ၁၀-လက်မသာသာ ရှိလေ၏၊ ၎င်းအင်ပင်ကို ( ရဟာ ) အစေး ခံယူသကဲ့သို့ ပြုလုပ်ပါက ညိုမဲရောင်ရှိသော အစေးများ ထွက်လာလေသည်၊ အနံ့ စူးရှ၏၊ ၎င်းကို အရောင်တင်ဆေး အဖြစ်လည်း အသုံးပြုနိုင်သည်။

**ဂုဏ် နှင့် စွမ်းရည်။** ။အင်ပင်၏ အစေးသည် ပွေးနာ ယားနာများကို ပျောက်ကင်းစေ၏၊ နူနာရောဂါ နှင့် ခရုသင်းနာများကို ပယ်ဖျောက်တတ်၏၊ ဆီးကို ရွှင်စေ၏၊ ပြည်တူလာသရေနာ, ဆီးနှင့်ပတ်သက်သော ရောဂါများကို ကင်းဝေးစေ၏၊ အထူးသဖြင့် အင်ပင်မှ ထွက်သော အဆီ, နံ့သာဖြူဆီ, အင်ဥချိုး ဆတူ ရောစပ်၍ အစက် ၃၀-လျှင် တခွက်စာပြု၍ သောက်မူ ညောင်းကျရောဂါအမျိုးမျိုး ပျောက်ကင်းနိုင်၏၊ ၎င်းအပြင် အင်ပြင်များ ပေါက်သောအခါ ၎င်းအရွက် ပြုတ်၍ ရေချိုးခြင်း, အင်သားကို သွေး၍ လူးခြင်းဖြင့် မြန်စွာ ပျောက်ကင်း၏။

---

# အင်းဂမုန်းဖို

**ပုံသဏ္ဌာန်။** ။အင်းဂမုန်းဖို၏ အရွက်ပုံစံမှာ ပိန်းရွက်ကဲ့သို့ ရှိသည်၊ အရွက်၏ မျက်နှာပြင်မှာ အစိမ်းရင့် ကတ္တီပါသွေး အရောင်ရှိသည်၊ အလယ်ဗဟိုမှ အရွက်ဖျားအထိ ကတ္တီပါရောင် ရှိသော အစိမ်းရင့်မျက်နှာပြင်ပေါ်သို့ ဖြတ်သန်းပြီးသွားသော အဖြူ ကြောကြီး ထင်



ရုမှုလီ, ပရှပ်, ပန်းမ,ပန်း
အော့နံ့ာဝမ်းကျဆေဂ
စာ ရရာ တခုခုကို မီးတွင်
က်လေ။


ဂျ-နီ )

.s

ကြမ်းမြေများတွင် အုပ်စု
၀- ကျော်မျှ မြင့်၍ လုံး
ည် အညိုရောင်ဖြစ်လျက်
းတွင် ရှည်လျက် ပါးလွှာ
အနံ ၁၀-လက်မသာသာ
သို့မဲ့ရောင်ရှိသော အစေး
အဖြစ်လည်း အသုံးပြုနိုင်

းနှာများကို ပျောက်ကင်း
ပို ရှင်စေ၏၊ ပြည်တူလာ
းသဖြင့် အင်ပင်မှ ထွက်
တခွက်စာပြု၍ သောက်
များ ပေါက်သောအခါ
ဗွာ ပျောက်ကင်း၏။

သည်၊ အရွက်၏ မျက်နှာ
ချက်ဖျားအထိ ကတ္တီပါ
ဖြူ ကြောကြီး ထင်



အင်းဂမုန်းဖို

ရှားစွာ ရှိသည်၊ ၎င်းအကြောကြီး၏ ဝဲယာတွင် လူတို့၏ နံရိုးလွှဲသဘွယ် အရွက်ကို ကန့်လန့်ဖြတ်၍ အရွက်နခမ်းသား ရောက်အောင် အဖြူကြောကလေးများ သွယ်တန်းနေသည်၊ အရွက်၏ အနားတွင် ငွေသားကွပ်ထားသကဲ့သို့ အဖြူရောင်အတွန့်များဖြင့် လှပစွာ ရှိသည်၊ အရွက်၏ ကျောဘက်တွင် နီညိုသောအရောင်ရှိပြီး အကြောများ ယှက်သန်းနေသည်၊ အရိုးတန်မှာ စိမ်းဖျော့သော အရောင်ရှိပြီး ၎င်း၏ အရင်းပိုင်းမှာ နီညိုသော အရောင် အနည်းငယ် ရှိ၏၊ ခေါင်းသာရှိ၍ ဥမရှိသော အမျိုး ဖြစ်သည်၊ ထိုခေါင်းမှ နောက်ထပ် အပင်ဖြစ်ရန် ပိန်းစွယ်ကဲ့သို့သော အပင်ကလေးများ တွယ်ကပ်လျက် ရှိသည်၊ အရွက်မှာ အင်းမျဉ်းသွား သကဲ့သို့ ထင်ရှားသော အဖြူစင်းကြိုးများ ရှိသဖြင့် အင်းဂမုန်းဟု နာမည်ပေးထားခြင်း ဖြစ်သည်၊ ပိန်းကဲ့သို့ အပွင့်ရှိသည်၊ အပွင့်မှာ အနံ့မရှိ၊ ၎င်းအပွင့်မှာ ဆယ်ရက်မှ တလအတွင်း ကြွေကျတတ်သည်၊ အင်းဂမုန်းမှာ အေးသောဒေသ အေးသော ရာသီဥတုကို ကြိုက်သည်၊ အသားပါး၍ ရေဓာတ်ကို ထိန်းထားနိုင်သော အားမရှိသဖြင့် နေပူကို ကြောက်သည်၊ အပူရှိန်နှင့်တွေ့လျှင် ညှိုးလွယ်သည်။

ဆေးအသုံးမှာ ဒဏ်ကြောင့် နာကျင်ကိုက်ခဲသော ရောဂါ, အကြောထုံးသောရောဂါများ ၎င်းအရွက် အပွင့်တို့ကို ထုချေပြီးလျှင် အရေကို လိမ်း၍ပေးခြင်း ရောဂါနေရာကို အုံ၍ ထားပြီး အဝတ်ပတ်တီးစည်းထားခြင်း အရွက်လိုက် ကပ်စည်းထားခြင်းဖြင့် ပျောက်ကင်းနိုင်၏။

၎င်းပြင် အင်းမြှုပ်, စုန်းတိုက်, နတ်တိုက်, မှော်သွင်း, ရုပ်ဆား, နာမ်ထား စသော အတိုက်အခိုက်တို့ကို အင်းဂမုန်းရှိက မပြုလုပ်နိုင်ဟု အဆိုရှိ၏။

---

## အင်းဂမုန်းအမ

**ပုံသဏ္ဌာန်။** ။အရွက်ပုံစံမှာ ပိန်းနှင့် တူသော်လည်း ပိန်းရွက်ကဲ့သို့ ဝန်းဝိုင်းခြင်း မရှိဘဲ မြှားရွက်ဦးသဏ္ဌာန် တွေ့ရမည်၊ အရွက်၏ အရောင်အဆင်းမှာ တောက်ပခြင်းမရှိသော အစိမ်းရင့်ရောင်ရှိသည်၊ ၎င်းအစိမ်းရင့်ရောင်ပေါ်တွင် အရိုးတန်နှင့် အရွက်တွေ့ဆုံသောနေရာမှ အရွက်ဖျားတိုင်အောင် အလယ်ဗဟိုကြော အဖြူရောင် သွယ်တန်းလျက် ရှိသည်၊ ၎င်းအကြောကြီး၏ ဝဲယာတွင် အင်းဂမုန်း အဖိုကဲ့သို့ အရွက်ကို ကန့်လန့်ဖြတ်၍ အရွက်နခမ်းသား ရောက်အောင် အဖြူကြောကလေးများ သွယ်တန်းလျက် ရှိသည်၊ အင်းဂမုန်းအဖိုကဲ့သို့ ငွေနားကွပ်မပါ၊ ရှည်သွယ်သော အရိုးတန်မှာ အစိမ်းနုရောင်ရှိသည်၊ အစိမ်းနုရောင်ရှိသော အရိုးတန်ပေါ်တွင် အနက်ပြောက်ကလေးများ ထင်ရှားစွာ တွေ့မြင်ရသည်၊ အရွက်သစ်များ ထွက်ပေါ်ရန်အတွက် အရိုးတန်၏ အရင်းပိုင်းတွင် အရွက်အိတ် ရှိ၏၊ ရှေးဦးစွာ အရွက်ထွက်ပေါ်လာပြီးနောက်မှ အရိုးတန် ထွက်လာသည်၊ ရွက်သစ်သည် ကန်တော့ကဲ့သို့ လိမ်ပတ်၍ ထွက်လာပြီး မူလရှိသော အရွက်များ အနီးသို့ ရောက်မှ ပြန့်၍ သွား၏၊ မြေသြဇာကောင်း၍ အေးသောအရပ်များမှာ အရွက်သည် ၂-ပေမှ ၃-ပေထိ ရှည်လျားပြီး မြေမှ ၄-ပေ ၅-ပေအထိ စားပိန်းများကဲ့သို့ ကြီးထွားနိုင်သည်၊ အပွင့် ပွင့်ခဲသော အပင်မျိုး ဖြစ်၏၊ ပွင့်လျှင်လည်း ရက်ပေါင်း ၂၀-မျှသာ ခံ၏၊ အပင်ပေါက်များ အပွားမြန်သည့်အတွက် အဖိုလောက် ရှားပါးခြင်း မရှိပေ၊ အရွက်သည် နေပူရှိန် မိသော



No. 19

ာ် အရွက်ကို ကန့်လန့်ဖြတ်
ာတန်းနေသည်၊ အရွက်၏
ာ ရှိသည်၊ အရွက်၏ ကျော
ာရိုးတန်မှာ စိမ်းဖျော့သော
ရှိ၏၊ ခေါင်းသာရှိ၍ ဥမရှိ
ာ်ကဲ့သို့သော အပင်ကလေး
ွရှားသော အဖြူစင်းကြီး
ဲ့သို့ အပွင့်ရှိသည်၊ အပွင့်
ည်၊ အင်းဂမုန်းမှာ အေး
ာတ်ကို ထိန်းထားနိုင်သော
သည်။

ကြာထုံးသောရောဂါများ
ဂါနေရာကို အုံ၍ ထားပြီး
ပျောက်ကင်းနိုင်၏။

ထား, နာမ်ထား စသော

က်ကဲ့သို့ ဝန်းဝိုင်းခြင်း မရှိ
ာက်ပခြင်းမရှိသော အစိမ်း
ကွဆုံသောနေရာမှ အရွက်
သည်၊ ဥင်းအကြောကြီး၏
ာနခမ်းသား ရောက်အောင်
ို ငွေနားကွပ်မပါ၊ ရှည်
အရိုးတန်ပေါ်တွင် အနက်
ွက်ပေါ်ရန်အတွက် အရိုး
လာပြီးနောက်မှ အရိုးတန်
မူလရှိသော အရွက်များ
ာရပ်များမှာ အရွက်သည်
ကဲ့သို့ ကြီးထွားနိုင်သည်၊
ျသာ ခံ၏၊ အပင်ပေါက်
ျက်သည် နေပူရှိန် မိသော



အင်းဂမုန်း မ

No. 19

ဆဲခါ လိပ်ခွေ၍ သွားတတ်၏၊ နေပူရှိန် ကြိုက်၊ ပြင်းထန်သော နေပူရှိန်မိလျှင် အရွက်များနွမ်းလျ ကြွေကျတတ်၏။

**ဆေးအသုံး။** ။၎င်းအင်းဂမုန်းအမသည် ဆေးဘက်ဝင်သောအပင် ဖြစ်၏၊ အင်းဂမုန်း အဖိုကဲ့သို့ အထိအခိုက် အဖူးအရောင်၊ အကြေ၁ထုံး၊ ဒဏ်ကြောင့်ဖြစ်သော အကိုက်အခဲတို့ကို ပျောက်ကင်းနိုင်သည့်ပြင် ကြွေကျသော အရွက်တို့ကို ဆေးဘက်ယှဉ်၍ သုံးရန်အတွက် ဗိန္ဒောဆရာ ကြီးများ အမြတ်တနိုး သိမ်းဆည်း၍ ထားတတ်ကြ၏။

---

# အိပ်မွှေ့ပင်စောက်

**ဟိန္ဒီ** ဗာယဗိဍင်္ဂ ( ဝါယဗိဍင်္ဂ )

**လက်တင်** Embelia Robusta

**ပုံသဏ္ဌာန်။** ။အိပ်မွှေ့ပင်စောက်သည် အိပ်မွှေ့ပင်မျိုး ဖြစ်သော်လည်း ပင်စောက်ချုံမျိုးဖြစ်၏၊ ၎င်းအရွက်သည် ၂ - လက်မခွဲမှ ၄ - လက်မခွဲအထိ ရှည်၏၊ အနံမှာ ၁ - လက်မခွဲမှ ၂ လက်မခွဲမျှရှိ၏၊ ၎င်းအပွင့်သည် စိမ်းရောင်သန်း၍ဝါ၏၊ ကဆုန်လမှ ဝါဆိုလထိ ပွင့်၏၊ နတ္တော်လ၊ ပြာသိုလများတွင် အသီးသီး၏၊ အချို့ကဒင်းကို အိပ်မွှေ့နွယ်ဟုလည်း ခေါ်ကြသည်၊ သို့ရာတွင် နွယ်ပင်မဟုတ် အပင်ငယ်တမျိုးသာ ဖြစ်သည်။

**ဂုဏ် နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒအလိုအားဖြင့် ဝမ်းမီးကို ဖျက်ဆီးတတ်သောလေကိုနိုင်၏၊ ပိုးနာ၊ မြင်းသရိုက်နာ၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ဖော၁ရောင်ခြင်း စသော ရောဂါတို့ကို ကင်းဝေးအောင် ပြုတတ်၏၊ အသက်ရှည်ခြင်းကို ပြုတတ်၏၊ အခြားသော သဘောတရားများသည် အိပ်မွှေ့နွယ်ပင်နှင့် တူသော ဂုဏ်သတ္တိရှိ၏၊ သို့ရာတွင် ရောင်းရမ်းခြင်းကို နိုင်နင်းသော ဂုဏ်သတ္တိသည် အိပ်မွှေ့နွယ်ထက် ပိုမိုစွမ်းဆောင်နိုင်၏၊ ထိုနည်းတူ ကျပ်တီးနာများတွင် ဥပသကာ မြစ်နှင့်ရောစပ်၍ သောက်ခြင်း၊ အနာ၊ အဖု၊ အပိမ့်များကို ရေနွေးအနှင့် သွေး၍ လိမ်းခြင်း၊ သွားနာ သွားကိုက်များတွင် ၎င်းအသီးကိုကြိတ်၍ ရှိန်းခိုအနည်းငယ်ထည့်၍ သိပ်ခြင်း၊ လိမ်းကျံခြင်းတို့၌ ၎င်း၏အစွမ်းသတ္တိသည် အိပ်မွှေ့နွယ်အသီးထက် ပိုမို၍ စွမ်းအင်သတ္တိရှိ၏၊ ၎င်းအကိုင်းအခက်များကို ဒန်ပူပြုလုပ်၍ သွားတိုက်မူ သွားနာ သွားကိုက်များ ကင်းဝေး၏၊ လည်ချောင်း၊ အာခေါင်၊ ခံတွင်းတို့၌ အဖု အပိမ့်များ ပေါက်သော အနာအတွက် ၎င်းအရွက်များကို ချင်းခြောက်နှင့်ပြုတ်၍ နုတ်ငုံ ဆေးပြုမူ အဖု အပိမ့်များ ပျောက်ကင်းစေ၏၊ အဆုတ်ရောင်သောရောဂါများ၌ ၎င်းအသီးကို မခန်း ( ဆီးဦး ) နှင့်နယ်၍ လိမ်းပေးမူ အဆုတ်ရောင်ခြင်း ပျောက်ကင်း၏၊ ၎င်းအစေ့အမှုန့်ကို အနည်းငယ်မျှ လျက်၍ လျက်၍ ပေးမူ မြင်းသရိုက် ရောဂါ ပျောက်ကင်းနိုင်၏။

---

# အိပ်မွေ့နွယ် ( စော်ဘွားစား )

| | | |
|---|---|---|
| သက္ကတ | कृमिघ्न | ( ကြိ-မိဃ-န် ) |
| ဟိန္ဒီ | वायविडंग वंवरंग | ( ဝါ-ယ်-ဝိ-ဍ္ဍံ-ဂ် ) |
| လက်တင် | Embelia Ribes | |


**ပုံသဏ္ဌာန်။** ။အိပ်မွေ့နွယ်ပင်သည် ချုံနွယ်မျိုးဖြစ်၏၊ အခြားသော သစ်ပင်များသို့လည်း မှီတွယ်၍ တက်ထတ်၏၊ ၎င်းနွယ်သည် ကြီးထွား၏၊ ကြမ်းတမ်း မာကျော၏၊ အခေါက် ဂ-ပဲမျှထူ၏၊ အရွက်သည် ဥသဏ္ဌာန်ရှိ၏၊ အလျား ၃-လက်မမှ ၅-လက်မအထိရှည်၏၊ အရွက်သည် ရွက်လွှဲဘယ်ညာတက်၏၊ အပေါ်မျက်နှာတွင် ပြောင်ချော၏၊ အပွင့်မှာ အကိုင်းအခက်များတို့၌ အဆုပ်လိုက်ပွင့်၏၊ ဖြူ၏၊ ကဆုန်လ၊ နယုန်လများ၌ ပွင့်၏၊ အသီးသည် ငြုတ်ကောင်းစေ့မျှ ရှိ၏၊ အသီးတလုံးတွင် အစေ့တစေ့ရှိ၏၊ နီညိုရင့်ရောင်ရှိ၏၊ အလွန် ဝိုင်းဝိုင်း စက်ဝန်းလုံး၏၊ ပြာသိုလ၊ တပို့တွဲလများ၌ သီး၏။

**ဂုဏ် နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒအလိုအားဖြင့် အိပ်မွေ့နွယ် အစေ့သည် စပ်ဖျဉ်းဖျဉ်းရှိ၏၊ ခါး၏၊ ပူ၏၊ နှုတ်ကိုမြိန်စေ၏၊ ကြေကျက်လွယ်၏၊ ဝမ်းမီးကို တောက်စေ၏၊ ၎င်းပြင် လေနာ၊ သလိပ်နာ၊ ဝမ်းမီးနုန့်ခြင်း၊ ခံတွင်းပျက်ခြင်း၊ သန်ကောင်ပိုးများ ထိုး၍ ဝမ်းပိုက်နာကျင် ကိုက်ခဲခြင်း၊ မေ့လျော့ခြင်း၊ အစာမကြေ လေပြည့်၍ ဝမ်းကျောများ တင်းသောရောဂါ၊ နှလုံးရောဂါ သရက်ရွက်ကြီးခြင်း၊ နာတာရှည် ချောင်းဆိုးရောဂါ၊ ရင်ပတ်နာခြင်း၊ အဆိပ်သင့်သော အနာများ၊ မလများချုပ်ခြင်း၊ အဆီတိုးရောဂါ၊ ပြည်တူလာ သရောနာများကို ကင်းဝေးစေ၏။

အိပ်မွေ့သီး၏ အကျိုးသတ္တိ စွမ်းရည်ရှိပုံကို အာယုဗ္ဗေဒ ဆေးကျမ်းအစောင်စောင်လာ ပိန္နဲ့ဆရာ အဆက်ဆက်တို့၏ လက်တွေ့ခံယူချက်ကို ထင်ရှားစွာ ဖေါ်ပြသဖြင့် သိရပေပြီ၊ အကြီးကျယ်ဆုံး ပိုးရောဂါ နိုင်သောဆေးနှင့် အကြီးကျယ်ဆုံး အသက်ရှည်ခြင်း၏ သတ္တိကို စောင့်ရှောက်နိုင်သော ဆေး ၂-မျိုးတို့ကို တမျိုးတည်းပေါင်းစပ်၍ ဖော်စပ်ထားသော ဆေးတွင်လည်း ၎င်းအိပ်မွေ့သီးကိုပင် မူတည်၍ သုဿုတရသေ့မြတ်သည် "သဗ္ဗောပဃာတ သမနိယ" ဟူသော အမည်နှင့် အောက်ပါ ဆေးနည်းများကို ရေးသား ဖော်ပြလေသည်၊ ၎င်းဆေး၏အကျိုးမှာ လေ၊ သည်းခြေ၊ သလိပ် တည်းဟူသော ဒေါသ သုံးပါးတို့ကိုပင် လျှင် ပယ်ဖျောက်နိုင်၏၊ ဒေါသသုံးပါးတို့ကြောင့် ဖြစ်သော မီးယပ်သွေးဖောက်ပြန်မှု အမျိုးမျိုးတို့ကိုလည်း ပြုပြင်ပေးနိုင်၏၊ ၎င်းပြင် နှလုံးနှင့် ဦးနှောက်တို့ကို အနေအထား မှန်စေသည့်အပြင် ပကတိစရိုက် ၃-မျိုးတို့ကိုလည်း သန့်ရှင်းစင်ကြယ်စေလျက် မှန်ကန်သည်၏ အဖြစ်ကို ဖို့ဆောင်နိုင်၏။

## သဗ္ဗောပဃာတ သမနိယ ဆေးနည်း

အလွန် ကောင်းမွန်လတ်ဆတ်သော အိပ်မွေ့သီးကို အခွံချွတ်ပြီးသော အိပ်မွေ့ဆံ ၁ဝိ၊ နွယ်ချိုကောင်းကောင်း ၁ဝိ ၎င်း ၂-မျိုးကို မှုန့်ညက်စွာထောင်း၍ စစ်ပြီး လေသုံ့စွာ ထားပါလေ၊




အိပ်မွေ့နွယ်

EMBELIA RIBES.

कृमिघ्न



ငှင်းဆေးစားသူသည်
စာစော တနေ့ တကြိမ်ကျ
ရကနည်းငယ် ထပ်၍ သေ
နှံ့ ကြေကျက်ချိန်ကျသော
ပါ၊ စားသောက်ရန် သင့်ေ
စွတ်ပြုတ်ရည် စသည်တို့ကိုသ
စားပါ၊ အထက်ပါဆေးကို
မြင်းသရိုက်ရောဂါအမျိုးမျိ
များကိုငှင်း ပျက်စီးကာကွပ
ဆေးကို တနှစ်လျှင် တလ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြ

အထက်ဖော်ပြပါ
သမနိယ ) ဆေးကြီးကို ဖေ
ပေးကမ်း ကုမခြင်းဖြင့် လ
ပြည့်စုံ၍ ရောဂါအမျိုးမျိုး

ထိုဆေး၏ စွမ်းရည်
ကြယ်ခြင်း, လေ နှင့် သလိ
စသော ဂုဏ်များ ရှိ၍၊ ထို
ပေါ်းကိုက်ခြင်း, မြင်းသရိုက်
ပြည့်ရောဂါ ဂူလုံးများ, ထို
ဖြစ်သော ပြည်တူလာသေ
များကိုငှင်း, အာရုံကြော
နှတ်ခမ်း, မေး, ပါး စောင်
ဖြစ်သော ခယရှဂ်ရောဂါ,
ပါ သဗ္ဗောပဃာတ သမန်
ကျွန်ုပ်တို့ လက်တွေ့ ပင် ဖြ
ရောဂါ, ပလိပ်ရောဂါ, အ
ကျရောက်သည့်အခါ၌လည်
ဖော်စပ်သုံးဆောင်ခြင်းဖြင့်

## ဆေးသောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ

ၐင်းဆေးစားသူသည် မိမိ၏ အင်အားကို ကြည့်၍ ၆ - ပဲသားမှ ၈ - ပဲသားအထိ နံနက် စောစော တနေ့ တကြိမ်ကျ ရေအေးနှင့် ဖျော်၍ သုံးဆောင်ပါလေ၊ ဆေးသောက်ပြီးနောက် ရေအနည်းငယ် ထပ်၍ သောက်ပါ၊ ၎င်းနောက် အချိန်အတော်ကြာ၍ သောက်ထားသော ဆေး မှ ကြေကျက်ချိန်ကျသောအခါ စားသောက်လိုသော ထမင်း စသည့် အစာများကို စားသောက် ပါ၊ စားသောက်ရန် သင့်တော်သော အစာများမှာ ကောက်လှိုင်ဆန်များ, ပဲနောက်, ဆီးဖြူသီး, ကြက်ပြုတ်ရည် စသည်တို့ကိုသာ စားသောက်ရန် သင့်ပေသည်၊ ထမင်းကို တနေ့လျှင် တကြိမ်သာ စားပါ၊ အထက်ပါ ဆေးကို ညွှန်ကြားချက်အတိုင်း တလတိုင်အောင် လိုက်နာစားသောက်ပါမူ မြင်းသရိုက်ရောဂါ အမျိုးမျိုးကိုၐင်း, အသက်ကို အန္တရာယ်ပြုတတ်သည့် ကိုယ်တွင်း ကိုယ်ပ ရှိ ပိုး များကိုၐင်း ပျက်စီးကာကွယ်နိုင်၏၊ သတိတရား ကောင်းမွန်ခြင်းကိုလည်း ဖြစ်စေနိုင်သည်၊ ၎င်း ဆေးကို တနှစ်လျှင် တလ၊ တလ မှန်မှန်သုံးဆောင်ပါမူ အသက်ရှည်ခြင်း, အနာရောဂါကင်းခြင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံမည် ဖြစ်၏။

## ကျွန်ုပ်တို့ကိုယ်တွေ့ စွမ်းရည်များ

အထက်ဖော်ပြပါ သုဿုတ ရသေ့ မြတ်ကြီး၏ စီမံဖော်စပ်ထားသော (သမ္ဘောပဿာတ သမနိယ) ဆေးကြီးကို ဖော်စပ်၍ မိမိကိုယ်တိုင် သုံးစွဲခြင်း၊ များစွာသော ရောဂါသည်တို့အား ပေးကမ်း ကုမခြင်းဖြင့် လက်တွေ့ စမ်းသပ် ကြည့်ရှုရာ အလွန့် အလွန် တန်ခိုးသတ္တိ စွမ်းရည်နှင့် ပြည့်စုံ၍ ရောဂါအမျိုးမျိုး ပျောက်ကင်း ချမ်းသာသည်ကို တွေ့ရပေသည်။

ထိုဆေး၏ စွမ်းရည်သတ္တိသည် ဝမ်းမီး တောက်ခြင်း, ပိုးများကို နိုင်ခြင်း, သွေးသား စင် ကြယ်ခြင်း, လေ နှင့် သလိပ်ကို နိုင်နင်းခြင်း, အာရုံကြော များ၏ သတ္တိအားကို ပွားများစေခြင်း စသော ဂုဏ်များ ရှိ၏၊ ထိုကြောင့် ဝမ်းမီးနှုန့်ခြင်းကြောင့်ဖြစ်သော အတီသာရ ဝမ်းသွားခြင်း, ဝမ်းကိုက်ခြင်း, မြင်းသရိုက်ရောဂါ ဖြစ်ခြင်း သလိပ်နှင့် လေကြောင့်ဖြစ်သော အစာမကြေ လေ ပြည့်ရောဂါ ဂူလုံးများ, ထိုးအောင့်ခြင်း စသည့်ရောဂါများကိုၐင်း, သွေးဆိုးနှင့် ပိုးများကြောင့် ဖြစ်သော ပြည်တူလာသရေနာ, လိင်နိမိတ်ရောဂါ, ဂရင်ဂျီရောဂါ, ကျပ်တီးနာ, နူနာ စသည် များကိုၐင်း, အာရုံကြော အားနည်းခြင်းကြောင့် ဖြစ်သော ရူးသွပ်ခြင်း, ဝက်ရူးနာဖြစ်ခြင်း, နတ်ခမ်း, မေး, ပါး စောင်းရွဲ့ခြင်း စသော ရောဂါများကိုၐင်း, အဆုတ်အား နည်းခြင်းကြောင့် ဖြစ်သော ခယရှက်ရောဂါ, ချောင်းဆိုးရောဂါ, ပန်းနာရင်ကျပ် စသော ရောဂါများ၊ ၎င်း-ဖော်ပြ ပါ သမ္ဘောပဿာတ သမနိယဆေးကို သုံးစွဲခြင်းကြောင့် များစွာ ထမြောက် အောင်မြင်သည်မှာ ကျွန်ုပ်တို့ လက်တွေ့ ပင် ဖြစ်ပါသည်၊ ၎င်းအပြင် ကာလဝမ်းရောဂါ, ၄က်ဖျားရောဂါ, တုပ်ကွေး ရောဂါ, ပလိပ်ရောဂါ, အသက်ကို ကြီးစွာ အန္တရာယ်ပြုတတ်သည့် ကူးစက်တတ်သောရောဂါများ ကျရောက်သည့်အခါ၌လည်း ၎င်းသမ္ဘောပဿာတ သမနိယဆေးကို ကြိုတင်ကာကွယ်၍ စံနစ်တကျ ဖော်စပ်သုံးဆောင်ခြင်းဖြင့် ထိုရောဂါများ ကျရောက်ခြင်းမှ ကင်းဝေးလိမ့်မည် ဖြစ်သည်။



ဒိပ်မွေ့နွယ်

MBELIA RIBES.

कृमिघ्न

ငင်းအပြင် ဆင်ခြေထောက်ရောဂါများမှာ တလ နှစ်လတိုင်အောင် ၎င်းသမ္ဘောပဏာတ သမနိယဆေးကို စားပါ၊ ထို့နောက် ဆင်ခြေထောက်နှင့် တိုက်ရိုက်သက်ဆိုင်သော ဆေးများကို ဆက်လက်၍ စားမှု လျှင်မြန်စွာ ပျောက်နိုင်၏။

သည်းခြေနှင့် စပ်သောရောဂါနှင့် သည်းခြေပကတိ ရှိသော ရောဂါသည်များကို ၎င်းသမ္ဘောပဏာတ သမနိယဆေးကို စားသောအခါ သဗျက်သီးပြုတ်ရေ နှင့် ဖက်စပ်၍ အသုံးပြုရ၏၊ (သို့မဟုတ်) တမာပင်ကို နွယ်၍ တက်သော ဆင်တုံးမနွယ်၏ သတ္တုရည်နှင့် ဖက်စပ်၍ သုံးပါ၊ လေ နှင့် သလိပ်ကြောင့်ဖြစ်သော ရောဂါ နှင့် လေ သလိပ် ပကတိရှိသော သူများကို ချေးသီး ပြုတ်ရေနှင့် ဖက်စပ်၍ အသုံးပြုရ၏၊ အထက်က ဆိုခဲ့သောနည်းအတိုင်း ကျနစွာ လိုက်နာ ကျင့် သုံးပြီး ၎င်းဆေးကို စွဲ၍ သုံးဆောင်မှု နောက်ဆုံး၌ ဆေးကုသ၍ မရနိုင်ဟု လက်မှိုင် ချထား ရသော လိင်နိမိတ်ရောဂါ, အနာမြုံ, အနာပျက်, ဂရင်ဂျီနာမျိုးစုံ, ကျပ်တီးနာ, ဝမ်းကိုက်ရော ဂါ, နူတ်ခမ်း, မေး, ပါး, စောင်းရွဲ့သော ရောဂါ စသည်တို့ ကောင်းပျောက်ကင်း ချမ်းသာနိုင် သည်။

## ဒေါက်တာ ဒေဆာဏ္ဍ်၏ အမြင်

အိပ်မွှေ့နွယ်အစေ့သည် ပူ၏၊ ဝမ်းမီးကို တောက်စေ၏၊ အနည်းငယ် သက်စေ၏၊ ဆီး ရှင်စေ၏၊ ပိုးကို အထူ သဖြင့် နိုင်၏၊ အားကို ဖြစ်စေ၏၊ ဦးနှောက် ခြင်ဆီကြောများ၏ သတ္တိ အားကို ပေး၏၊ သွေးကို စင်ကြယ်စေ၏၊ အသက်ကို ရှည်စေ၏၊ ၎င်းဆေးကိုသောက်သော အခါ ဆီးအရောင် နီမြန်းတတ်၏၊ အချဉ်ဓာတ်ကို ပွားများစေ၏၊ အိပ်မွှေ့သီး၏ အလုပ်သည် (၀၁) ၎င်း၏ စွမ်းဆောင် ပြုလုပ်ချက်သည် ခပ်သိမ်းသော ကိုယ်အင်္ဂါ၏ အထုံးအဖွဲ့နှင့် ရသာဓာတ်၏ တည်ရာတွင် ဖြစ်၏။

## အိပ်မွှေ့သီး နှင့် ပြဒါး နှိုင်းယှဉ်ချက်

ပြဒါးသည် လူသားတို့အား-အား, အစွမ်း, ဉာဏ်, သတ္တိ, အသက်ရှည်ရာ အနာမဲ့ ကြောင်း စသည်ဖြင့် အကျိုးပြုသကဲ့သို့ အိပ်မွှေ့သည်လည်း လူသားတို့အား များစွာ ကောင်းကျိုး ပြုတတ် ၏၊ ၎င်းသည် အစာကို ကြေစေ၏၊ ဆာလောင်မွတ်သိပ်ခြင်းကို ဖြစ်စေ၏၊ ဝမ်း စင်ကြယ်စွာသွား ၏၊ ကိုယ်၏အလေးချိန် တိုး၏၊ ကိုယ်သား ကိုယ်ရေ ခန္ဓာကိုယ်၏ အားဓာတ်, သွေးဓာတ် ပျော် ရွှင်ချမ်းမြေ့ခြင်းကို အမြဲ ပြု၏၊ သူငယ် ကလေးများအဘို့မှာ နတ်ဆေးသဖွယ် ဖြစ်၏၊ ကလေး များ၌ ဖြစ်တတ်သော သူငယ်နာ, အခြောက်နာရောဂါများ, ထမင်း အစားအစာများ မကြေ ကျက်ခြင်း, လက် နှင့် ခြေထောက်များ တဖြေးဖြေး သိမ်၍ ဝါးလုံးသဖွယ် ဖြစ်နေခြင်း, ဝမ်း ဗိုက် ကြီးခြင်း စသည်တို့ ဖြစ်မှု အသက်အန္တရာယ်ကို များစွာ စိုးရိမ်ရလေသည်၊ အခြား အခြား ဆေးများလည်း အားကိုးရာမဲ့ ဖြစ်ရချေပြီ၊ ၎င်းရောဂါကို ကာကွယ်နိုင်သော ဆေးစွမ်းကောင်းမှာ အိပ်မွှေ့သီး ပင် ဖြစ်လေ၏၊ ၎င်းကို ဥပါသကာမြစ်နှင့် ဆတူ ဖက်စပ်၍ အရွယ်ကို ကြည့်ကာ ၁-လမှ ၆-လသား အထိ တရွေးကြီးမှ နှစ်ရွေးကြီး အထိ၊ ၆-လမှ တနှစ် အထိ ၂-ရွေးမှ ၄-ရွေးကြီး အထိ တိုက်ပါမူ ၎င်းရောဂါ ပျောက်ကင်းနိုင်၏၊ ၎င်းအပြင် ကလေးများ အရွယ်

အနိမာထွားကြိုင်းစေလိုပါမူ အိပ်မွှေ့သီး အနည်းငယ် ထည့်၍ နွားနို့ကို ကျိုချက်ပြီး တိုက်မူ အနိမာထွားကျိုး၍ သူငယ်နာရောဂါကိုလည်း ကင်းစေ၏။

## ကျပ်တီးနာ ပျောက်ဆေး

ကျပ်တီးနာများကို အိပ်မွှေ့သီးနှင့် ( အိုးဒိန်စေး ) သဘော်ာပွဲလျက်, ဆေးဒန်းမြင်းသျှိလာ, အမင်ကျိုပြာ, ထောပတ်, ပျားရည် ၎င်းစုကို ရောစပ်၍ သုံးဆောင်မူ ရက်မကြာမီ သက်သာရာ ရစေ၏၊ ၎င်းပြင် ခြင်ဆီနှင့် စပ်လျဉ်းသောရောဂါ၊ ဥပမာ နှုတ်ခမ်း, မေး, ပါး, စောင်းရွဲ့စေတတ်သော လေနာ စသည်တို့ကိုလည်း အထက်ပါနည်းအတိုင်း နွားနို့ နှင့် အိပ်မွှေ့သီးကိုကျို၍ သုံးစွဲမူ အထူး အကျိုး ရှိ၏။

## အရေပြားရောဂါ အတွက် ဝမ်းနှုတ်ဆေး

အရေပြားရောဂါ၌လည်း အတွင်းဆေး, အပြင်ဆေးအဖြစ် အသုံးပြုနိုင်၏၊ အရေပြားရောဂါ နှင့် နူနာရောဂါတို့မှာ တခါတရံ အစာများကို ကြေကျက်နိုင်စွမ်းခြင်း မရှိ ဖြစ်တတ်၏၊ အိပ်မွှေ့သီးမှာ အစာကိုလည်း ကြေကျက်စေတတ်သော သဘော ရှိသည့်ပြင် ဝမ်းကိုလည်း စင်ကြယ်စွာ သက်ဆင်းစေခြင်းကြောင့်၎င်း, ထို့အပြင် အိပ်မွှေ့သီးသည် အရေပြားရောဂါ, နူနာရောဂါများ၌၎င်း ဂုဏ်သတ္တိ စွမ်းရည်ဖြင့် အကျိုးပြုနေသဖြင့် အရေပြားရောဂါများမှာ အိပ်မွှေ့သီးကိုပင် ဝမ်းနှုတ်ဆေး ပြုလုပ်ရန် သင့်မြတ်လှ၏။

## အိပ်မွှေ့သီး နှင့် ရက်တက်ရည်

၎င်းအပြင် အောက်ဖော်ပြပါ ရောဂါများကိုလည်း အိပ်မွှေ့သီးသည် များစွာ အကျိုးပြု၏၊ ဝမ်းမီးနူန့်ခြင်း, နှုတ်မမြိန်ခြင်း, အစာမကြေခြင်း, အော့အန်ခြင်း, ထိုးအောင့်ခြင်း, အစာမကြေ လေပြည့်၍ ဝမ်းကြောတင်းခြင်း, မြင်းသရိုက်ရောဂါ ဖြစ်ခြင်းတို့၌ အိပ်မွှေ့သီးကို ရက်တက်ရည်ရေနှင့် သောက်မူ အထက်ပါရောဂါများ ပျောက်ကင်းနိုင်၏။

အတိသာရ ဝမ်းသွားရောဂါ, ဝမ်းကိုက်ရောဂါ စသော ရောဂါများကို အိပ်မွှေ့သီးကို ကျို၍ တိုက်ပါ၊ အစာမကြေသော ရောဂါဖြစ်မူ ရံဖန်ရံခါ ချောင်းဆိုးခြင်း, ပန်းနာထခြင်း ဖြစ်တတ်၏၊ ၎င်းရောဂါကို အိပ်မွှေ့သီး နှင့် မိတ်ချင်းသီးကို ခပ်ပေးရာ၏။

## သန်ကျဆေး

အာယုဗ္ဗေဒ လောကကြီးတွင် အိပ်မွှေ့သီးသည် ထိပ်တန်းကျကျ ပို့နိုင်သော ဆေးအုပ်စုတွင် တပါး အပါအဝင် ဖြစ်၏၊ ထို့ကြောင့် ခန္ဓာကိုယ်၏ အတွင်း၌ ရောဂါအမျိုးမျိုး ဖြစ်စေလျက် အသက်ကို အန္တရာယ်ပြုနေသော သန်ကောင်များကို ပျက်စီးကျဆင်းစေရန် အိပ်မွှေ့သီး ၁၂-ပဲသားကို ရေနှင့်၎င်း၊ သို့မဟုတ် ဒိန်ချဉ်ရေနှင့် တိုက်ကျွေးမူ ဝမ်းတွင်းရှိ သန်ကောင်များ ပျက်စီး ကျဆင်းစေကုန်၏။

## ဆေးတိုက်နည်း

ငင်းအိပ်မွှေ့သီးမှုန့် မတိုက်မီ ကြိုတင်၍ ကြက်ဆူဆီ စသော ဝမ်းနှုတ်ဆေးဖြင့် ဝမ်းနှုတ်ပါ၊ ဝမ်းသွား၍ အူတွင်း၌ အစာများ စင်ကြယ်ပြီးသည့်နောက်မှ အိပ်မွှေ့သီးမှုန့်ကို တိုက်ကျွေးပါလေ၊ နောက်တရက်တွင် ဝမ်းနှုတ်ဆေး ထပ်၍ တိုက်ပါ၊ သန်ကောင်များ ပျက်စီး ကျဆင်းလိမ့်မည်။

**နှာစေးခေါင်းကိုက်ပျောက်ဆေး။** ။နှာစေးခြင်း၊ ခေါင်းထက်ခြမ်းကိုက်ခြင်း ဖြစ်မူ အိပ်မွှေ့သီးအမှုန့်ကို ရှူပါ၊ ငင်းရောဂါများပျောက်ကင်း၏။

**ဝမ်းဗိုက် ထိုးအောင့်ခြင်း နှင့် လေနာ ပျောက်ဆေး။** ။အိပ်မွှေ့သီးကို ဆေးရွက်ကြီးနှင့်ရော၍ ဆေးတံတွင်း၌ငင်း၊ တမာကူတွင်ငင်း၊ သို့မဟုတ် ဆေးပေါ့လိပ်အငယ်စားကို အတွင်းမှဆေးစာများဖယ်၍ ဆေးရွက်ကြီးနှင့် အိပ်မွှေ့သီးရောစပ်သော ဆေးကိုထည့်၍. သောက်မူ ဝမ်းဗိုက်နာခြင်းနှင့် လေရောဂါများ ပျောက်ကင်း၏။

**ဝမ်းဖောရောင်ခြင်း ပျောက်ဆေး။** ။ကလေးများ ဝမ်းဗိုက်ရောင်ဖောခြင်း ဖြစ်မူ အိပ်မွှေ့သီးကို နွားနို့နှင့်ကျို၍ ခပ်နွေးနွေးကလေးတိုက်မူ ဝမ်းဖောရောင်ခြင်း ပျောက်ကင်း၏။

**ကလေးသူငယ်များ သူငယ်နာကင်းရန် ဆေးနည်း။** ။သူငယ်များမွေးဖွား၍ အသက်တလပြည့်မူ အိပ်မွှေ့သီးတလုံး၊ ၂-လအသက်ပြည့်မူ အိပ်မွှေ့သီး ၂-လုံး စသည်ဖြင့် အသက်တနှစ်ပြည့်အောင် အိပ်မွှေ့သီးကို အမှုန့်ပြု၍ ပျားရည်နှင့် ရော၍ တိုက်ပါ၊ ကလေးများကျန်းမာသန်စွမ်း၍ သူငယ်နာမျိုးစုံ ရောဂါများ ကင်းဝေးနိုင်၏။

**အဖျားရောဂါ နှင့် ခံတွင်းပျက်ပျောက်ဆေး။** ။အိပ်မွှေ့သီးကို အမှုန့်ပြု၍ ပျားရည်နှင့် ရွှေးကြီးမျှလုံး၍ထားပါ၊ ငင်းဆေးကို ပါးစပ်၌ငုံ၍ထားပြီးလျှင် အရည်များကို မျို၍ချပါ၊ နာတာရှည်ဖျားခြင်း၊ ခံတွင်းပျက်ခြင်းများ ပျောက်ကင်းပါလိမ့်မည်၊ တနေ့ကို ၃-ကြိမ်မျှငုံပါ။

**ဦးနှောက်ချောက်ချားခြင်း ပျောက်ရန် ယတြာဆေး။** ။အိပ်မွှေ့သီးကို ပုတီးကုံးပြုလုပ်၍ နား၌ဆွဲပေးထားမူ ဦးနှောက် မငြိမ်သက်ခြင်း ပျောက်ကင်း၏။

**ခလေးများ ရင်ကျပ်ချောင်းဆိုး ပျောက်ဆေး။** ။အိပ်မွှေ့သီးကို အမှုန့်ပြု၍ ပျားရည်နှင့်ရောစပ်တိုက်မူ သူငယ်နာချောင်းဆိုး၊ ရင်ကျပ်၊ ပန်းနာရင်ကျပ်များ ပျောက်ကင်းနိုင်၏။

**နှလုံးရောဂါ ပျောက်ဆေး။** ။အိပ်မွှေ့သီး ပတဲဂေါ်အငယ်မြစ်ကို ဆတူအမှုန့်ပြု၍ ထားပါ၊ ငင်းအမှုန့် ၄-ပဲသားကို နွားကျင်ငယ်ရေနှင့် သောက်မူ ကုသရန်ခက်ခဲလှသော နှလုံးရောဂါနှင့် ပိုးများပျောက်ကင်းကုန်၏။

**သူငယ်များ နို့ချဉ်အန်ခြင်း ပျောက်ဆေး။** ။အစာမကြေကျက်၍ ကလေးများ နို့ချဉ်များအန်သောအခါ နွားနို့ကို အိပ်မွှေ့သီး အနည်းငယ်ထည့်၍ ကျိုပါ၊ ငင်းနို့ အေးသော

အမေါ် လင်သလိုတိုက်ပါ၊ မကြေကျက်သော နို့ချဉ်များ၊ ကြေကျက်၍ ကလေးများ ရောဂါကင်း မကို ဖြစ်စေနိုင်၏။

**အဖျားကြီး၍ ရေငတ်ခြင်း ပျောက်ဆေး။** ။ရေတွင် အိပ်မွှေ့သီးကို စိမ်ထား၍ မရေကို တိုက်မူ အဖျား၊ အပူအားကြီး၍ ရေငတ်ခြင်း ပျောက်ကင်း၏။

**အိပ်မွှေ့ပြုတ် ဆေးရည်။** ။အိပ်မွှေ့သီး၊ ကြောင်ပန်းရွက်၊ ကြံဇိုး၊ ကြွက်နပေါင်း၊ ကြက်လွှန်ဖြူ၊ ဒန့်ဒလွန်မြစ်၊ ကန့်ချုပ်နီ၊ ချင်းခြောက်၊ နွားမြေရင်း ၎င်းဆေးစုကို ၁-ကျပ်စီစု ၍ ကြဲဆန်ညှာမျှထောင်း၍ ရေ၁၄၄-ကျပ်နှင့် ၁၈-ကျပ်သားမျှ ကျန်အောင်ကျိုပါ၊ လူကြီး တခွက်စာ ၃-ကျပ်သားမျှ သောက်၍ ကလေးများအတွက် အရွယ်ကို ကြည့်၍ တိုက်လေ၊ ၎င်း ပြုတ်ဆေး၏ အကျိုးမှာ ကလေးများ ကျောပူ, ခေါင်းပူထခြင်း၊ သန်ထခြင်း၊ သန်ကလိခြင်းနှင့် ရောဂါအမျိုးမျိုးကြောင့် ဖြစ်သောရောဂါ၊ အစာမကြေ ဝမ်းရောင်ဝမ်းဖောရောဂါ၊ နို့မကြေ ကျက်သော ရောဂါတို့ ပျောက်ကင်း၏၊ ၎င်းဆေးသည် ကလေးများအတွက် အမြိုက်ဆေးသဖွယ် ဖြစ်၏ ဟု ကွာတမဏိမာလာ ဆရာကြီး မိန့်ဆို၏။

**မှတ်ချက်။** ။'ပြုတ်ဆေး' ဟူသမျှမှာ ဆေးတဆ ရေ ၁၆-ဆနှင့် ၈-ပုံ ၁-ပုံ ကျန်အောင် ကျိုချက်၍ လူကြီးတခွက်စာ ၃-ကျပ်သားမျှ သောက်ရသည်။

---

# အုပ်ခါးပင်

| | | |
|---|---|---|
| ဟိန္ဒီ | छोटाकूट | (ချိုဋ္ဋာ-ကူ-ဋ်) |
| ဗင်္ဂါလီ | ছোটাকূট | (ချိုဋ္ဋီကူ,-ဋ်) |
| လက်တင် | Sagittaria Sagittifolia | |

**ပုံသဏ္ဌာန်။** ။အုပ်ခါးပင်သည် ရေနီးရာ ကွင်းစပ်များ၊ ကွင်းပြင်များတွင် ပေါက် သော အပင်မျိုးဖြစ်၏၊ အရွက်သည် အလွန်နူးညံ့၏၊ ပျော့ပျောင်း၏၊ ထက်မြက်၏၊ အရှည် ၂-လက်မခွဲမှ ၉-လက်မအထိ ရှည်၏၊ အပွင့်သည်ဖြူ၏၊ အဆုပ်လိုက်ပွင့်၏၊ ပွင့်ဖတ် ၅-ဖတ်ရှိ၏၊ အနည်းငယ် ရှည်ဝိုင်းဝိုင်းရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒ အလိုအားဖြင့် ၎င်းဆေးပင်သည် သားဖွားပြီး နောက် ယိုစီးတတ်သော အညစ်အကြေးများကို တွန်းကန်ပေးတတ်၏၊ ၎င်းအပြင် အရေပြား ရောဂါနှင့် သားအိမ်ရောင်ပွသော ရောဂါများကို ပျောက်ကင်းစေသော ဆေးအဖြစ်အသုံးပြုရ၏။


---

No 20

## အုံတုံ

**LITSAEA CHINENSIS**

मेदिनी



သက္ကတ

ဟိန္ဒီ

အင်္ဂလိ

လက်တ

**ပုံသဏ္ဍာန်။** ။
အပင်မျိုးဖြစ်၏၊ ၎င်းအုံတု
နောက်အုံတုံတမျိုးကို ကြေ
၏၊ အလျား ၅-လက်မမှ ၉
မှာ ဝါရောင်သန်း၍ ပြာနှမ်
အပွင့်မှာ နယုန်နှင့် ဝါဆိုလ
မုန်းလအတွင်း သီး၏၊ ပြုပ်

**ဂုဏ် နှင့် စွမ်းရည်။**
ဝါး၏၊ အေး၏၊ ကာမကိုအ
ခြင်း၊ ချောင်းဆိုးခြင်း၊ အ
နိုင်၏၊ ဝဖြိုးစေ၏၊ သလိပ်
အဆစ်အဆက်နာကျင်ကိုက်ခဲ
ခြင်း၊ သရက်ရွက်ကြီးခြင်း၊
၎င်း၏အစေ့သည် ကာမကို

၎င်းအပြင် ထိခိုက်ဒေ
ရှိမဟုတ် အခေါက်ခြောက်
အနာစိမ်းတို့မှ ယိုကျသောဒေ
နာကျင်ခြင်းကိုလည်း ပျောက်
အဆိပ်ပြေငြိမ်းရန်အတွက် ဝ
ကိုက်ခဲနာကျင်ခြင်း ပျောက်

**အတိသာရ ဝမ်းသွား**
သားကို ရေနှင့်ကြိတ်၍ (သို့
ရောဂါများပျောက်ကင်း၏၊

# အုံတုံပင်

| | | |
|---|---|---|
| သက္ကတ | मेदिनी | (မေဒိနီ) |
| ဟိန္ဒီ | मेदालकड़ी | (မေဒါ-လကဍီ) |
| အင်္ဂလိပ် | Common Tallowlawrel | |
| လက်တင် | Litsea Chinensil Sebifera | |

**ပုံသဏ္ဍာန်။** ။အုံတုံပင်သည် ပေ-၇၀ခန့် မြင့်၏၊ အလိုအလျောက် ပေါက်သော အပင်မျိုးဖြစ်၏၊ ၎င်းအုံတုံသည် ၅-မျိုးမျှရှိ၏၊ ထားဝယ်နယ်တွင် တဂူ၊ တဂူလျှော်ဟူ၍၎င်း၊ နောက်အုံတုံတမျိုးကို ကြေးစည်ဟူ၍၎င်း ခေါ်ကြကုန်၏၊ အရွက်သည်ထူ၏၊ သစ်ကျပိုးနှံ့ မွေး၏၊ အလျား ၅-လက်မမှ ၉-လက်မမျှရှိ၏၊ အနံ ၃-၄-လက်မမျှ ရှိ၏၊ အဖျားချွန်၏၊ အပေါ်မှာ ဝါရောင်သန်း၍ ပြာနှမ်းသော အရောင်ရှိ၏၊ အခေါက်မှာ လှိုင်းထသကဲ့သို့ မညီမညာရှိ၏၊ အပွင့်မှာ နယုန်နှင့် ဝါဆိုလအတွင်းပွင့်၏၊ ဝါရောင်ရှိ၏၊ အသီးမှာ ဝါခေါင်လမှ တန်ဆောင်မုန်းလအတွင်း သီး၏၊ ပြောင်ကောင်းစေ့မျှရှိ၏၊ ၎င်းအစေ့မှ ဖြူသောဆီများထွက်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒအလိုအားဖြင့် ၎င်းအမြစ်သည် အနည်းငယ်ချို၏၊ ပေါ့၏၊ အေး၏၊ ကာမကို အားပေး၏၊ မိန်းမများနို့ ကိုများစွာထွက်စေ၏၊ သည်းခြေနာ၊ ပူလောင်ခြင်း၊ ချောင်းဆိုးခြင်း၊ အားကုန်ခန်းခြင်း၊ အဖျား၊ နူနာနှင့် လေရောဂါများကို ပယ်ဖျောက်နိုင်၏၊ ဝဖြိုးစေ၏၊ သလိပ်ကိုထုတ်ဆောင်တတ်၏၊ ၎င်းအပြင် ရောင်ရမ်းခြင်း၊ ဦးနှောက်ပူခြင်း၊ အဆစ်အဆက်နာကျင်ကိုက်ခဲခြင်း၊ ရေတော်ခြင်း၊ လည်ချောင်းအာစေးကပ်၍ ပူခြင်း၊ ခြောက်ကပ်ခြင်း၊ သရက်ရွက်ကြီးခြင်း၊ နှုတ်ခမ်း၊ မေး၊ ပါး၊ ဇောင်းရွဲ့ခြင်းတို့ကို ပယ်ဖျောက်တတ်၏၊ ၎င်း၏အစေ့သည် ကာမကို အားပေး၏။

၎င်းအပြင် ထိခိုက်သောဒဏ်နာ၊ အဆစ်အဆက်လွဲသော ဒဏ်နာတို့ကို အခေါက်စိုကြိတ်၍ ၎င်းမဟုတ် အခေါက်ခြောက်ကို ရေနှင့် သို့မဟုတ် နို့ဖြင့်ကြိတ်၍ လိမ်းကျံပေးရ၏၊ အနာပျက်၊ အနာစိမ်းတို့မှ ယိုကျသောသွေးများ ရပ်တန့်စေရန်လည်း ၎င်းဆေးကိုပင် အသုံးပြုရ၏၊ ကိုက်ခဲနာကျင်ခြင်းကိုလည်း ပျောက်ကင်းစေ၏၊ အဆိပ်ရှိသောတိရစ္ဆာန်များ ကိုက်ခဲသောဒဏ်ရာများကို အဆိပ်ပြေငြိမ်းရန်အတွက် လိမ်းကျံပေးရ၏၊ ၎င်းအစေ့မှ ထွက်သောဆီသည် အဆစ်အဆက်ကိုက်ခဲနာကျင်ခြင်း ပျောက်စေရန် လိမ်းနယ်ပေးရ၏။

## ရောဂါ အလိုက် အသုံးပြုပုံ

**အတိသာရ ဝမ်းသွားခြင်း နှင့် ဆီးချို ရောဂါ။** ။အုံတုံမြစ်၏ အခေါက် ၆-ပဲသားကို ရေနှင့်ကြိတ်၍ (သို့မဟုတ်) သွေး၍သောက်မူ ဆီးချိုရောဂါနှင့် အတိသာရ ဝမ်းသွားရောဂါများပျောက်ကင်း၏၊ တနေ့ ၂-ကြိမ် မှန်မှန်သောက်ပါ။

**ကျောက်ထကြွဆေး။** ။အုံတု၊ မိုးနံ၊ သစ်ဝင်ပေါက်ဖြူ၊ မြင်းခေါင်းနွားရော်၊ ပတဲကော၊ ငရိုင်ရင်း၊ မဏီသြဃ။ ။ဆေး ၇-မျိုး အမျှစု၊ အမှုန့်ပြု၊ အရက်၊ ရေနွေး ရရာ နှင့်တိုက်။

**ကျောက်မထလျှင် လိမ်းရန်။** ။အုံတု၊ သစ်ဝင်ပေါက်ဖြူ၊ မြင်းခေါင်းနွားရော်၊ ဆေးအိုးဖုတ်၊ သုံးပန်လှ၊ ပေါက်နက်၊ လုသင်ကျော်၊ ခွေးတောက်၊ ဥပါသကာ၊ အမျှစု၊ အမှုန့်ပြု ထုံးကြက်တက်ရေနှင့် ဖျော်၊ ကြက်တောင်ဖြင့်လိမ်း။

**သွေးမောင်းဟပ်နာ။** ။အုံတုခေါက်၊ ဆူးပဇောင်း၊ နွယ်ချို၊ စယို၊ ပတဲကော၊ ဆေး ၅-မျိုးအမျှစု၊ အမှုန့်ပြု၊ ဝါဂွမ်းနှင့်ထုတ်၍ငုံ။

**အဆစ်လွဲနှင့်ထိခိုက်သောဒဏ်။** ။အုံတုခေါက်၊ ရုက္ခမူဆား၊ ကျားဆနွင်း ၎င်း ၃-ပါး ရေနှင့်ကြိတ်၍ လိမ်းခြင်း၊ ဆွတ်ဖျန်းခြင်း ပြုလုပ်ပေးမူ ဒဏ်ကြောင့် စုခဲနေသော သွေးများ၊ ကြေပျက်၍ အဆစ်လွဲခြင်းနှင့် ထိခိုက်ဒဏ်သင့်ခြင်းကြောင့် ကိုက်ခဲနာကျင်ခြင်းတို့ ပျောက်ကင်းစေ၏။

**ကာမအားတိုးဆေး။** ။အုံတုအမြစ်ခေါက် ၆-ပဲသားကို သကြားခဲ၊ နွားနို့တို့နှင့် ရောစပ်၍ တလမျှ သောက်မူ ကာမသတ္တိ များစွာတိုးပွား၍ လာလိမ့်မည်။

**ထိခိုက်သောဒဏ်ကြောင့် သွေးများစုခဲနေခြင်း၊ ရောင်ရမ်းခြင်းဖြစ်မူ။** ။အုံတုခေါက် နနွင်းစိမ်း၊ ချေးသီး၊ နံ့သာနီ၊ အိုးထိန်းခစး၊ အင်တွဲ ၎င်းဆေးစုကို ရေနွေးနှင့်ကြိတ်၍ ခပ်ပျစ်ပျစ် လူးပေးပါ၊ နောက်တကြိမ်ထပ်၍ လူးလိုသော် ပထမလူးထားသောဆေးကို ရေနွေးနှင့် ဆေးကြော ပြီးမှ ထပ်၍ အသစ်တဖန်လူးပါ၊ တနေ့ကို ၂-ကြိမ်, ၃-ကြိမ်တန်သည် လူးပေးပါ။

---

# အုန်းပင်

| | | |
|---|---|---|
| သက္ကတ | နာရိကေဠ | ( နာရိကေလ် ) |
| ဟိန္ဒီ | နာရိယလ | ( နာရိဟ,လ် ) |
| အင်္ဂလိပ် | Coconuct | |
| လက်တင် | Cocos Nucifera | |

**ပုံသဏ္ဌာန်။** ။အုန်းပင်မှာ လောကတွင် အထင်အရှား လူသိများပြီး ဖြစ်၍ အပင် ပုံသဏ္ဌာန် အကြောင်းအရာကို ရေးသားဖွင့်ဆိုရန် မလိုတော့ပေ။

**ဂုဏ် နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒအလိုအားဖြင့် အုန်းသီးသည်ကြွခဲ၊ ပြေပြစ်၏၊ အေး၏၊ သုက်ကိုပွားစေ၏၊ အရသာချို၏၊ ဝိပါကဌ်လည်းချို၏၊ ကြက်၏နှလုံးကို အကျိုးပြု၏၊ ကြေကျက်ခဲ၏၊ သည်းခြေဒေါသကို နိုင်၏၊ မူးယစ်စေတတ်၏၊ ကာမကိုအားပေး၏၊ ဆီးအိမ်ကို

တတ်သင်တတ်၏၊ အားကိုဖြစ်စေ၏ ဝဖြိုးစေ၏၊ သလိပ်ကိုပွားစေ၏၊ နှုတ်ကိုမြိန်စေ၏၊ တွန့်စေ၏၊ ဖောရောင်ခြင်း၊ ရေငတ်ခြင်း၊ သည်းခြေနာ၊ သွေးဖောက်ပြန်ခြင်းကို ငြိမ်းစေ၏၊ ပူလောင်ခြင်း၊ ၎င်းအပြင် အဆုတ်နာနှင့် အနာပေါက်များကို ပျောက်ကင်း စေ၏။

**အုန်းသီးစိမ်း အနု။** ။အုန်းသီးစိမ်းသည် သည်ခြေဖျား၊ သွေးဖောက်ပြန်ခြင်း၊ ရေငတ်ခြင်း၊ အန်ခြင်း၊ ပူလောင်ခြင်း၊ အော့အန်ခြင်း၊ သွေးအန် သွေးကျများကို လျင်မြန်စွာ ပျောက်ကင်း နိုင်၏။

**အုန်းသီးစိမ်း အရင့်။** ။ချို၏၊ အပူကိုဖြစ်စေ၏၊ သည်းခြေကို ပွားများစေ၏၊ ကြေကျက်ခဲ၏၊ မလတို့ကိုချုပ်စေ၏၊ အားကိုပွားစေ၏၊ သုက်ပွား၏။

အုန်းသီး အခြောက်။ ။အုန်းသီး အခြောက်သည် ကြေကျက်ခဲ၏၊ အပူကိုဖြစ်စေ၏၊ နူးည့်၏၊ မလတို့ကိုချုပ်စေ၏၊ သည်းခြေကို ပျက်စေ၏၊ ၎င်းပြင် သုက်ကိုပွားစေ၏၊ အားကို ဖြစ်စေ၏၊ နှုတ်ကို မြိန်စေ၏။

အုန်းနို့။ ။အုန်းနို့သည် အားကို ဖြစ်စေ၏၊ နှုတ်ကိုမြိန်စေတတ်၏၊ ဝမ်းမီးချက်ပြီးသည့်နောက် ချို၏၊ ပြေပြစ်၏၊ သုက်ကိုပွားစေ၏၊ အပူကိုလည်း ဖြစ်စေတတ်၏၊ လေရောဂါ သလိပ်ရောဂါနှင့် ဂူသုံးရောဂါများ၊ ချောင်းဆိုး ရောဂါများကို နိုင်၏၊ များစွာစားမူ ဝမ်းသက်စေတတ်၏။

အလွန်နုသော **အုန်းစိမ်းရည်။** ။အလွန်နုသော အုန်းစိမ်းရည်သည် များသောအား ဖြင့် ဝမ်းကျ စေတတ်၏။

မနု မရင့် **အလတ်စား အုန်းစိမ်းရည် အချို။** ။မနု မရင့် လတ်လတ် ဆတ်ဆတ်အုန်းစိမ်းရည်သည် သုက်ကို ပွားစေ၏၊ အဆီသြဇာ ရှိ၏၊ ချို၏၊ အချို့စဉ်းငယ်ဖန်၏၊ အေး၏၊ ကြေလွယ်၏၊ ပေါ့၏၊ ရေငတ်ခြင်း၊ သည်းခြေနာ၊ လေနာတို့ကို နိုင်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဆီးကို ရှင်စေတတ်၏၊ ဝမ်းမီး ချက်ပြီးသည့်နောက် ချို၏။

**မနု မရင့် အလတ်စား အုန်းစိမ်းရည် အငန်။** ။မနု မရင့် အလတ်စား အုန်းစိမ်းရည်သည် ချိုငန်ပျပျရှိ၏၊ နှလုံးကို ကြည်လင်စေတတ်၏၊ နှုတ်ကိုမြိန်စေတတ်၏၊ အားကိုဖြစ်စေတတ်၏။

**အလွန်ရင့်သော အုန်းရည်။** ။အလွန်ရင့်သော အုန်းရည်သည်၎င်း၊ ဆွတ်ခူး၍ကြာ ပြီးသော အုန်းရည်သည်၎င်း မလတို့ကို ချုပ်စေ၏၊ ဝမ်းချုပ်စေ၏၊ ကြေခဲ၏၊ သည်းခြေကို ပျက်စေ၏။

**အုန်းစိမ်းရည်။** ။အုန်းရည်ကို စဉ့်အိုးတွင်ထည့်၍ စိမ်ဆေးရည်များကဲ့သို့ အချဉ်ပေါက်ထားသော အရည်သည် ဝမ်းမီးတောက်စေ၏၊ ပိုးတို့ကိုနိုင်၏။

**အုန်းထမနဲရည်။** ။အုန်းထမနဲရည်သည် အလွန်အေး၏၊ ချို၏၊ သုက်ကိုအလွန်ပွားစေ၏၊ သုက်ကိုလည်းထိန်း၏၊ ကြေကျက်ခဲ၏၊ သည်းခြေရောဂါကို နိုင်၏။

အုန်းထမနဲဟူသည်မှာ အုန်းသီးရင့်၍ ခွဲလိုက်သောအခါ အထဲတွင် ထမနဲကဲ့သို့ ပျစ်... လျှင် အခြားသော အုန်းသီးများကဲ့သို့ အရည်အသား တခြားစီမနေဘဲ အရေနှင့် အသား... လျက် ထမနဲကဲ့သို့ ဖြစ်နေသောအုန်းမျိုးကို ဆိုလိုသည်၊ အချို့သူတို့သည် အုန်းထောပတ် ဟူ... လည်း ခေါ်ကြကုန်၏။

**အုန်းပွင့်။** ။အုန်းပွင့်သည်အေး၏၊ မလဘ္ဘိုကိုချုပ်စေ၏၊ သွေးဝမ်းသွားခြင်း၊ သွေး... အန် သွေးကျဖြစ်ခြင်း၊ ပြည်တူလာသရောနာ၊ ဆီးလွန်သော အနာများကို ပယ်တတ်၏။

**အုန်းပွင့်မှ ဖြစ်သော အရည်။** ။အုန်းပွင့်ရည်သည် ကြေကျက်ခဲ၏၊ သုတ်ကိုပွ... စေ၏၊ မူးယစ်စေတတ်၏၊ အလွန်နူးညံ့၏၊ ချဉ်၏၊ သလိပ်ကို ပြုတတ်၏၊ သည်းခြေကို ဖြစ်စေ... လေနာ၊ ပိုးနာတို့ကို နိုင်၏၊ ၎င်းအုန်းပွင့်ရည်မှာ ထန်းနို့များလို၍ အရေခံသလိုမဟုတ်၊ အ... အလျှောက် ၎င်းပျောဖူးစသည်တို့ကို ခုတ်ထစ်လိုးဖြတ်၍ ကျလာသော အရည်မျိုး ဖြစ်၏။

**အုန်းဖူးမှ ဖြစ်သော ပင်ကျရည်အချို။** ။အုန်းဖူးမှဖြစ်သော ပင်ကျရည် အချို သည် ( ထန်းရေအချိုကဲ့သို့ ) အလွန်နူးညံ့၏၊ ခဏခြင်း မူးယစ်စေတတ်၏၊ ကြေကျက်ခဲ၏၊ သုတ် ကိုပွားစေ၏။

**အုန်းဖူးမှဖြစ်သော ပင်ကျရည်အချဉ်။** ။၎င်းအုန်းဖူးမှ ဖြစ်သော အထက်ဆိုခဲ့ သော ပင်ကျရည်အချိုသည် ၆ - နာရီ ကျော်ကျော်မျှ အချိန်ကာလလွန်မူ အချဉ်သဘောဖြစ် သွား၏၊ ၎င်းအုန်းပင်ကျရည် အချဉ်သည် သလိပ်ကို ပွားစေ၏၊ သည်းခြေကို ဖြစ်စေ၏၊ ပိုး တို့ကိုနိုင်၏။

**အုန်းဆီ။** ။အုန်းဆီသည် အားကိုဖြစ်စေ၏၊ ကြေကျက်ခဲ၏၊ အားကုန်ခန်းသော သူများကို အားအင်တိုးစေတတ်၏၊ ဝဖြိုးစေတတ်၏၊ ပိုးကိုနိုင်၏၊ လေနှင့် သည်းခြေကို နိုင်၏၊ ၎င်းပြင် ဆီးချုပ်နာ၊ ပြည်တူလာသရောနာ၊ ပန်းနာရင်ကျပ်၊ ချောင်းဆိုးခြင်း၊ အဆုတ်နာဖြစ် ခြင်း၊ အသိတရား နည်းပါးခြင်း၊ မေ့လျော့ခြင်း၊ ထိခိုက်သော ဒဏ်နာများကို အလွယ်တကူ ပျောက်ကင်းစေ၏၊ ကျင်ကြီး၊ ကျင်ငယ်တို့ကို ရှင်စေ၏၊ ဝမ်းမီးကို ပျက်စေတတ်၏၊ ခါးကိုက် နာခြင်းများကိုလည်း ပျောက်ကင်းစေ၏၊ ဝဲစို၊ ဝဲခြောက်များကိုလည်း ပယ်ဖျောက်တတ်၏။

**အုန်းမြစ်။** ။အုန်းမြစ်သည် ဆီးရွှင်၏၊ လည်ချောင်း အာခေါင်၌ ပေါက်သော အဖုများကို ပယ်ဖျောက်တတ်၏၊ တွန့်ရှုံ့စေတတ်၏။

**အုန်းမြစ်ပြုတ်ရေ။** ။အုန်း ၃ - ကျပ်၊ ရေ ၄၈ - ကျပ်နှင့် ၆ - ကျပ်သား ကျန်အောင် ကျို၍ တခွက်စာ ၃ - ကျပ်သားမျှသောက်မူ သွေးကျရောဂါ၊ အသက်ရှူ မြန်ဆံရောင်ခြင်း၊ အသည်းနှင့်ပတ်သက်သော ကိုယ်ရေဝါ ရောဂါတို့ကို ပယ်တတ်၏၊ ၎င်းဝမ်းကိုက်ခြင်း သလိပ် နှင့်ရော၍ သွေးစ သွေးနပါခြင်း၊ သွေးအန် သွေးကျနှင့် ယှဉ်လျက် ဖျားခြင်းတို့ကိုလည်း ပယ် ဖျောက်တတ်၏။

**အုန်းဦးနှောက်။** ။အုန်းပင်ကိုခုတ်လှဲ၍ အုန်းပင်ဇက်ကိုဖြတ်က အုန်းလက် အုန်း ညွန့်စသည်တို့ကို ပယ်ရှင်းပြီးရရှိသော အုန်းဇက်သားအနုကို အုန်းဦးနှောက်ဟု ခေါ်သည်၊ ၎င်း

နောက်သည် ချို၏၊ ဖန်၏၊ အဆီဩဇာရှိ၏၊ လူကို ဝစေတတ်၏၊ ကြေခဲ၏၊ အုန်းဦးနှောက်ကို ကျက်သား၊ ဝက်သားစသည်များနှင့် ချက်၍စားကြသည်။

အုန်းဖူးနှင့် မီးတွင်းဖျား ရောဂါ။ ။(ပြဆုတိ) ခေါ် မီးတွင်းဖျားသည် မိန်းမများအတွက် အလွန်ကြောက်မက်ဖွယ် ကောင်းသော ရောဂါဆိုးတခု ဖြစ်လေသည်။ နှစ်စဉ် နှစ်တိုင်းထိုရောဂါနှင့် ပျက်စီးဆုံးရှုံးကြကုန်သော မီးနေသည် မြောက်မြားစွာ တွေ့ရှိကြရလေသည်၊ ထိုဖြစ်သောကြောင့် ၎င်းရောဂါနှင့် စပ်လျဉ်း၍ ဖြစ်တတ်သောရောဂါများကို ကျွန်ုပ်တို့ကိုယ်တိုင် နှစ်ပေါင်းများစွာ လေ့လာဆည်းပူး၍ စာတွေ့လက်တွေ့ ၂ - မျိုးဖြင့် ကုသကာ အသက်ပေါင်းမြောက်မြားစွာကို လက်တွေ့ ကယ်တင်လာသည့် အံ့ဘွယ်တကယ်စွမ်းသည့် ဆေးနှင့်သုံးစွဲနည်းကိုပါ လူသားတို့အကျိုးကို မြော်ကိုး၍ ရေးသားဖော်ပြ လိုက်ပေသည်။

## မီးတွင်း သက်စောင့် ဆေးကြီး

အုန်းပင်မှ မပွင့်သော အဖူးသက်သက်တခုကို ယူ၍ အပေါ်အခွံဖတ်ကြီးကို ခွာပစ်ပါ၊ အတွင်းမှ အုန်းဖူးနုနုကလေးများကို ချွေယူ၍ သစ်သားဆုံဖြင့် ညက်စွာထောင်းပါ၊ ၎င်းနှင့် ရောရန်ဆေးမှာ ဇာတိပ္ဖိုလ်သီး၊ ဇာတိပ္ဖိုလ်ပွင့်၊ လေးညှင်းပွင့်၊ ပြုတ်ကောင်း၊ ကချင်းခြောက် ၁ - ကျပ် ၈ - ပဲစီ၊ ကုံကမံ ၁ - ကျပ် ၂ - ပဲသား ၎င်းဆေးစုကို အမှုန့်ပြု အဝတ်နှင့်စစ်၍ အုန်းဖူးငုံများ ကြိတ်ထားသော ဆေးနှင့်ရောပြီး တဖန်ထပ်၍ သစ်သားဆုံဖြင့်ပင် ချောမွေ့အောင် ထောင်းထုပြီးလျှင် ၁၄ - လုံး လုံး၍ထားပါ၊ ၎င်းဆေးလုံးကို နံနက်ည တလုံးကျ နွားနို့ ၂၅ - ကျပ်နှင့် သောက်ပါ၊ ၎င်းဆေးကိုသောက်စဉ် အခြားသော အစားအစာများကို မကျွေးဘဲ နွားနို့ကမျိုးတည်းသာလျှင် သောက်ပါ၊ အကယ်၍ နွားနို့ တမျိုးတည်းသောက်၍ တင်းမတိမ်သောအခါ၌ (အမြဲမဟုတ်) အလွန်အလွန် တင်းတိမ်ခြင်း မရှိသော အခါ၌ ကောက်လျှင်ဆန်ကို ထမင်းချက်၍ အနည်းငယ် ယာယီမျှကျွေးပါ၊ သို့သော် ခံတွင်းတွေ့ရန်အတွက် ချင်းစိမ်းကို အနည်းငယ် ကျွေးနိုင်ပါသည်၊ ၎င်းဆေးသောက်စဉ် ရေသောက်ခြင်းကို အထူးသဖြင့် ရှောင်ရမည်၊ ရေငတ်တိုင်း ရေငတ်တိုင်း နွားနို့ကိုသာသောက်ပါ၊ အကယ်၍ရေကို သတိမေ့၍ ပေးမိသော် ကြီးစွာသော အန္တရာယ်ဖြစ်နိုင်ပါသည်၊ ရောဂါအခြေအနေကိုကြည့်၍ ၇ - ရက် ၁၄ - ရက် သို့မဟုတ် ၂၁ - ရက်စသည်ဖြင့် ဆေးကိုသောက်ပါ၊ အကယ်၍ဆေးသောက်ခြင်း ပြီးဆုံးသည့်တိုင်အောင် ရေသောက်ခြင်းကို ၄၊ ၅၊ ရက် ဆက်လက်ပြီး ရှောင်ကြဉ်ပါလေ၊ ဤကဲ့သို့တားမြစ်ထားသော ဆေးသောက်နေသည့် အချိန်ကာလအတွင်း၌ ရေကို ကိုင်တွယ်သုံးစွဲခြင်းမှ အစ ရှောင်ပါလေ၊ ၎င်းကဲ့သို့ ၇ - ရက်၊ ၁၄ - ရက်၊ ၂၁ - ရက် စသည်ဖြင့် ဆေးသောက်သော ကိစ္စ၊ ရှောင်ကြဉ်သော ကိစ္စများပြီးဆုံးသောအခါ၌ နွားနို့ သောက်ခြင်းကို တနေ့ထက်တနေ့ လျှော့၍ လျှော့၍ သောက်ပြီးလျှင် ထိုအချိန်မှာပင် ထမင်းကိုလည်း အနည်းငယ်မျှကိုသာ စားပါ၊ ထို့နောက် တနေ့ထက် တနေ့ အနည်းငယ် အနည်းငယ် တိုး၍ တိုး၍စားပါလေ၊ ထိုနည်းတူရေကိုလည်း ပထမအနည်းငယ်မျှ သောက်ပြီးလျှင် တနေ့ထက် တနေ့ အနည်းငယ်တိုး၍သောက်ပါ။

## အထက်ပါဆေး၏ ဂုဏ် နှင့် စွမ်းရည်

ထိုဆေးကို သုံးဆောင်ခြင်းကြောင့် အစာကြေကျက်၍ စားသောက်လိုသော စိတ်များ ဖြစ်ခြင်း မိမိ၏နို့လည်း ကောင်းသောအခြေအနေသို့ ပြောင်းလဲစေ၏၊ ကိုယ်၌စင်ကြယ်သော သွေးများတိုးပွားလာ၏၊ အကြောများလည်း များစွာလှုပ်ရှားသွားလာစေ၏၊ မျက်နှာ၏ အရောင်လည်း ကြည်လင်ဝင်းပ၍ လာစေ၏၊ မိမိ၏စိတ်သည် အလွန်ကြည်လင်၍ ပျော်ရွှင်ချမ်းမြေ့သော သဘောတရားများကို ပြန့်ပွားလာစေ၏။

၎င်းဆေးကိုစားစဉ် ပထမ ၇ ရက် စေ့သောအချိန်၌ပင် ဆေး၏ စွမ်းရည် သတ္တိရှိပုံကို ထင်ထင်ရှားရှားကြီး တွေ့မြင်ခံစားရလိမ့်မည် ဖြစ်ပါသည်၊ ၎င်းပြင် မီးတွင်းဖွားနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာတတ်သော အားကုန်ခန်းခြင်း ရောဂါ၊ သွေးဝမ်းသွား၊ ပိတ်ဝမ်းကိုက်ရောဂါ၊ ဝမ်းမီးနုန့်သောရောဂါများကို အထူးကာကွယ်နိုင်သော ဆေးကြီးဖြစ်ပါသည်။

## ရောဂါ အလိုက် အသုံးပြုပုံ

**ဆံပင်ကျွတ်ခြင်းနှင့် မီးလောင်နာ။** ။ဆံပင်ကျွတ်ပြီး ဦးခေါင်းတွင် ကွက်၍ပြောင်နေခြင်းနှင့် မီးလောင်ရာ ဒဏ်သင့်သောအနာများကို အုန်းဆီ နှမ်းဆီဖျော်၍ လူးပေးမှု များစွာ အကျိုး ရှိ၏။

**ပွေးရောဂါ။** ။အုန်းမှုတ်ခွံများကို သေးငယ်သော အစိတ်များ ပြု၍ အိုးတလုံးတွင် ထည့်ပါ၊ ၎င်းကိုပါ တာလယန္တရားဖြင့် အဆီထုတ်ပါ၊ ၎င်းအဆီကို ပွေးကို လိမ်း၍ပေးပါ၊ ပွေးရောဂါ ပျောက်ကင်း၏၊ (သို့မဟုတ်) အုန်းမှုတ်ခွံကို တဖက်မှ မီးရှို့လျှင် တဖက်သို့ အဆီများ ထွက်လာ၏၊ ၎င်းအဆီကို ပွေးနာတွင် လိမ်းကျံပေးပါ၊ ခပ်နာနာ ပွတ်၍ ပွတ်၍ လိမ်းပေးပါ။

**သွေးစိမ်း ထွက်ခြင်း။** ။ကျိုးပဲ့သော ဒဏ်ရာ၊ တုတ်၊ ဓား စသည် ထိခိုက်သော ဒဏ်ရာ နှင့် အနာများမှ သွေးစိမ်းယိုစီးခြင်းကို ရပ်တန့်စေရန် အုန်းလက် ကျောဘက်တွင် တွယ်ကပ်နေသော အမွှေးနုများကို ခြစ်ယူ၍ သိပ်ပေးမှု သွေးစိမ်းယိုစီးခြင်း ပျောက်ကင်း၏။

**ကာလဝမ်းသွားစဉ် အော့အန်ခြင်း။** ။အော့အန်ခြင်းနှင့် တကွ ကာလဝမ်းသွားမှု အခြား ဆေးဝါးများနှင့် ကုသ၍ မရသောအခါ အုန်းစိမ်းရည်ကို တိုက်ပါက ထိုရောဂါများ ပျောက်ကင်း၏။

**ခေါင်းတခြမ်းကိုက် ရောဂါ။** ။အုန်းရည် နှာခေါင်းတွင်းသို့ အနည်းငယ်၊ အနည်းငယ် ခပ်၍ ပေးမှု ခေါင်းတခြမ်းကိုက်ရောဂါ ပျောက်ကင်း၏။

**ကျောက်ရောဂါ။** ။နို့စို့ကလေးများ ကျောက်ပေါက်ခဲ့သော် မိခင်ဖြစ်သူသည် ၇ ရက်စေ့အောင် အုန်းသီးဆံကို စားမှု ခလေး ကျောက်ပေါက်ရာတွင် များစွာ သက်သာရာ ရစေ၏။

**အကြောတက် ရော**
စဝက်သာလက်ဟောင်း အ
လာပါလိမ့်မည်၊ နံနက်တွင်
၎င်းနေ့တွင် ညနေစာ မစာ
စားပါ၊ အကြောတက်ရော
၂ ရက်ခြား၊ ၃ ရက်ခြား

**ချေးသီးစက်ခြင်း ဧ**
အုန်းသီးအသားဆံကို သွေး

**ကြွက်ဆိပ် ဖြေဆေး။**
ကြွက်ကိုက်သော ဒဏ်ရာကို

**အစာမကြေ လေချ**
များရည်ကဲ့သို့ မပျစ် ပျစ်
ကပ်ထည့်ရန် ဆေးများမှာ
ချင်းသီး ၄ ပဲသားစီ စုပြီး
လေလုံစွာ ထားပြီးလျှင် နံ
လေချဉ်တက်ခြင်း နှင့် ဝမ်းဗို

**ဆီးအောင့်နာ နှင့်**
ခေ အမှုန့်ကို ရောစိမ်၍ သေ
သင့်ရုံရောစပ်၍ သောက်ပါ၊
သည်။

**ကိုယ်သား ကိုယ်ရေ**
မှ သင့်သလို စားပါ၊ ကိုယ်

**အာခံတွင်း ပူလောင်**
အာခေါင်၌ ပူလောင်၍ ဒေ

**ချောင်းဆိုး သွေးပါ**
သင့်သလိုစားပါ ချောင်းဆို

**ရေငတ် ပြေဆေး။**
လေ၏။

**ဝမ်းသွား ရောဂါ။**
သီးစိတ် ပိုက်ဆံတပြားမျှ စ
သူများ ဝမ်းလည်း ရပ် အ

No. 21

**အကြောတက် ရောဂါ။** ။အုန်းသီး အသားဆံကို သေးသေးစိတ်၍ ၎င်းအပေါ်မှ စဝက်သာလက်ဟောင်း အမှုန့်ကို လုံအောင် ဖုံး၍ တညအိပ် ထားပါ၊ ၎င်းမှ အရည်များ ထွက်လာပါလိမ့်မည်၊ နံနက်တွင် ၎င်းအရည်ကို သင့်ရုံ သောက်၍ အုန်းသီးဆံကိုလည်း သင့်ရုံစားပါ၊ ၎င်းနေ့တွင် ညနေစာ မစားဘဲနေ၍ ည(၈)နာရီလောက်တွင် ရေချိုးပြီးလျှင် ဒိန်နှင့် ထမင်းကို စားပါ၊ အကြောတက်ရောဂါများ ပျောက်ကင်း၏၊ အကြောတက်ရောဂါ အမြဲစွဲကပ်နေပါက ၂ ရက်ခြား, ၃ - ရက်ခြား ပြုလုပ် စားသောက်ပါလေ။

**ချေးသီးစက်ခြင်း ပျောက်ဆေး။** ။ချေးသီးစက်၍ အနာစက်များ ပေါက်သော် အုန်းသီးအသားဆံကို သွေး၍ သို့မဟုတ် မီးအကျွမ်းဖုတ်၍ ရေ နှင့် လိမ်းပေးပါ။

**ကြွက်ဆိပ် ဖြေဆေး။** ။မုန်လာမြစ် သတ္တုရည် နှင့် အုန်းသီးဆံ အသားကို သွေး၍ ကြွက်ကိုက်သော ဒဏ်ရာကို လူးပေးပါ၊ ကြွက်ဆိပ် ပြေ၏။

**အစာမကြေ လေချဉ်တက်ခြင်း နှင့် ဝမ်းဗိုက်နာခြင်း။** ။အုန်းရည် ၆ - ပိဿာကို ပျားရည်ကဲ့သို့ မပျစ် ပျစ်အောင် ကျို၍ ထားပါ၊ ၎င်းကျိုထားသော အုန်းရည်တွင် အမှုန့် ပြု၍ ထပ်ထည့်ရန် ဆေးများမှာ ဇာတိပ္ဖိုလ်သီး, ဇာတိပ္ဖိုလ်ပွင့်, ချင်းခြောက်, ငြုတ်ကောင်း, ပိတ်ချင်းသီး ၄ - ပဲသားစီ စုပြီး အမှုန့် ပြု၍ ကျိုပြီးသော အုန်းရည်တွင် ရောပါ၊ အိုးသန့်သန့်နှင့် လေလုံစွာ ထားပြီးလျှင် နံနက် ဝ - သား, ညနေ ဝ - သား မှန်မှန် သောက်ပါ၊ အစာမကြေ၍ လေချဉ်တက်ခြင်း နှင့် ဝမ်းဗိုက်ထိုးနာခြင်းများ ပျောက်ကင်း၏။

**ဆီးအောင့်နာ. နှင့် သွေးအန် သွေးကျ ရောဂါ။** ။အုန်းရည်တွင် ကြံသကာနှင့် နံနံစေ့ အမှုန့်ကို ရောစိမ်၍ သောက်ပါ၊ သို့မဟုတ် အုန်းရည်တွင် ခပေါင်းရေကြည်စေ့ နှင့် သကြား သင့်ရုံရောစပ်၍ သောက်ပါ၊ ဆီးအောင့်ရောဂါ နှင့် သွေးအန်, သွေးကျရောဂါ ပျောက်ကင်းနိုင်သည်။

**ကိုယ်သား ကိုယ်ရေ ပူလောင်ခြင်း။** ။အုန်းသီးစိမ်း၏ အသားဆံကို တနေ့ ၂ - ကြိမ်မျှ သင့်သလို စားပါ၊ ကိုယ်သားကိုယ်ရေ ပူလောင်ခြင်း ပျောက်ကင်းနိုင်သည်။

**အာခံတွင်း ပူလောင်၍ ချောင်းဆိုးခြင်း။** ။အုန်းသီးစိမ်း အသားဆံကို ဝါး၍စားပါ၊ အာခေါင်၌ ပူလောင်၍ ချောင်းခြောက်ဆိုးခြင်း ပျောက်ကင်း၏။

**ချောင်းဆိုး သွေးပါ။** ။သဖျက်သီး အနက် နှင့် အုန်းသီးစိမ်း အသားဆံကို ရော၍ သင့်သလိုစားပါ ချောင်းဆိုး၍ သွေးစ သွေးနပါခြင်း ပျောက်ကင်းနိုင်၏။

**ရေငတ် ပြေဆေး။** ။ဇွန်းခြစ်ရ အုန်းသီးစိမ်း အသားနုနုကို စားမူ ရေငတ်ခြင်း ပြေလေ၏။

**ဝမ်းသွား ရောဂါ။** ။ဝမ်းသက်လျော့ပြီးနောက် အိမ်သာမှ ပြန်လျှင်ပြန်ခြင်း အုန်းသီးစိတ် ပိုက်ဆံတပြားမျှ စတီပြု၍ စားပါ၊ ဝမ်းအလွယ်သွားခြင်း, ဝမ်းသွား၍ အား ကုန်ခန်းသူများ ဝမ်းလည်း ရပ် အားလည်း တိုးလာပါလိမ့်မည်။

**သုက်ဓာတ် အားနည်းသော ရောဂါ။** ။သုက်ဓာတ်အား နည်း၍ အားအင် ချိ့တဲ့သူများသည် ညအိပ်ရာဝင်တိုင်း ဝင်တိုင်း ဗိုက်ဆံတပြားမျှ ရှိသော အုန်းသီးစိတ်နှင့် ၎င်းနည်းတူ သကြားကို ရော၍ ညစဉ် ဆက်လက်၍ စားမူ ရက်အနည်းငယ်ကြာသောအခါ သုက်ဓာတ်တိုးပွား၍ အားအင်လည်း ပြည့်ဖြိုးလာနိုင်သည်။

**ဘဝင်မြင့်သော ရောဂါ၊** ။နေ့စဉ်နေ့တိုင်း အုန်းသီးအခြောက်ဆံကို တနေ့ ၂-ကြိမ်မျှ စားပါ၊ လေဓာတ်ဖောက်၍ စိတ်ခက်ထန်ခြင်း, မာနကြီးခြင်း နှင့် ဘဝင်မြင့်ရောဂါ ပျောက်ကင်းနိုင်သည်။

**ကိုယ်တုန်လှုပ်၍ ချွေးစေးများထွက်ကာ တကိုယ်လုံး အေးစက်၍ နေသောရောဂါ။** ။အုန်းသီးအခြောက်သား ၁-ကျပ်, ကြက်သွန်ဖြူ ၁-ကျပ်, စမုန်ဖြူ ၁-ကျပ် ၎င်းဆေးသုံးပါးကို ညက်စွာ ကြိတ်၍ လုံးထားပါ၊ တခွက် ၃-ပဲသားမျှ တနေ့ ၂ ကြိမ်သောက်ပါ၊ ချွေးထွက်လွန်ခြင်း ရပ်စဲ၍ ကိုယ်သားကိုယ်ရေလည်း ပူနွေးလာနိုင်သည်။

**သတ္တိအား နည်းခြင်း ရောဂါ။** ။သတ္တိအားနည်း၍ ကြောက်လန့်သော စိတ်များဖြစ်နေသော ရောဂါကို အုန်းသီးအခြောက် ၄-ကျပ်ကို ကြိတ်၍ အုန်းနို့ ညှစ်ယူပါ၊ ၎င်းအုန်းနို့ကို တခွက်စာ ပူ၍ မှန်မှန်သောက်ပါ ကြောက်လန့်ခြင်းစိတ်များ ပျောက်ကင်းနိုင်၏။

**ဂူလုံးရောဂါ။** ။ဝမ်းတွင်း၌ လေဂူ ( လေလုံး ) သလိပ်ဂူ ( သလိပ်လုံး )၊များ စွဲကပ်နေမူ အုန်းနို့ ၃-ကျပ်သားတွင် ဖာလာဖြူ အမှုန့် ရွေးကြီး လေးရွေးသားစပ်၍ သောက်ပါ၊ ၎င်းဆေးသည် တခွက်စာ ဖြစ်၏၊ တနေ့ကို နှစ်ကြိမ် သောက်ပါ၊ လေလုံး ( လေဂူ ) သလိပ်လုံး ( သလိပ်ဂူ ) များ ပျက်ကြေ၍ သွားနိုင်သည်။

**ခံတွင်းပျက်ခြင်း ရောဂါ။** ။နေထိုင်၍ ကောင်းလျက်နှင့် မစား မသောက်နိုင်ဘဲ ခံတွင်းပျက်မူ အုန်းသီး အလတ်စား ( မနုမရင့် ) အုန်းရည်ကို တနေ့ ၂-ကြိမ်မျှ သောက်ပါ၊ ခံတွင်း ကောင်းလာနိုင်သည်။

**ဆီးအောင့်၍, အောင့်၍ သွားသော ရောဂါ။** ။ဆီးသွားသောအခါ အောင့်၍ ရပ်တန့် ရပ်တန့် သွားခြင်း, လေတွန်းအား နည်း၍ တံစက်မြိတ်မှ ကျသော ရေ၏ အရှိန်ကဲ့သို့ တစက်စက် ကျခြင်း ဖြစ်မူ အုန်းစိမ်းရည်တွင် သကြားခဲ ခပ်၍ သောက်ပါ၊ တနေ့ သုံးကြိမ်မျှ သင့်ရုံ သင့်ရုံသောက်၊ အထက်ပါ ရောဂါများ ပျောက်ကင်းသည့်အပြင် ကိုယ်၌ ပူလောင်ခြင်းကိုလည်း ငြိမ်းစေတတ်၏၊ နှလုံးရောဂါနှင့် စပ်လျဉ်းသည့် ရောဂါများကိုလည်း ပျောက်ကင်းစေနိုင်၏။

**သတိမေ့လျော့ခြင်း နှင့် ရေငတ်ခြင်း ရောဂါ။** ။အုန်းစိမ်း မနုမရင့် အလတ်စား အရည်ကို တနေ့လျှင် သုံးကြိမ်မျှ သောက်ပါ၊ ရေငတ်ပြေ၍ သတိတရားလည်း များစွာ ကောင်းနိုင်သည်။

**ဆီး၌ သွေးပါသော ရောဂါ။** ။ဆီး၌ သွေးရော၍ ပါခြင်း၊ ၎င်းအပြင် သွေး၏အရောင်ကဲ့သို့ ဆီးနီသွားခြင်း, ပူလောင်ခြင်းတို့ကို ၇-ရက်တိုင်အောင် နံနက်ထကြိမ်, ညတကြိမ် အုန်းစိမ်းရည်ကို သောက်ပါ၊ ၎င်းရောဂါများ ပျောက်ကင်းနိုင်၏။

**ပိုးနာ။** ။၄-၅-ရက်မျှ အုန်းသီးအခြောက်ရည်ကို သောက်ပါ၊ ပိုးရောဂါများ ပျောက်ကင်းနိုင်၏။

**ချောင်းဆိုးသွေးပါရောဂါ။** ။အုန်းနို့ ၆-ပဲသားနှင့် သကြားခဲ ၃-ပဲသားမျှ တခွက် ဖျော်၍ နံနက်ညတကြိမ်ကျ မှန်မှန်သောက်ပါ၊ ချောင်းဆိုးခြင်း၌ သွေးစသွေးနပါခြင်း ပျောက် ကင်းနိုင်၏။

**အုန်းထောပတ်ချက်ဆေး။** ။အုန်းစိမ်း မနုမရင့်ကို ခြစ်၍ အုန်းနို့ ညှစ်၍ ယူပါ၊ ၎င်းအုန်းနို့ကို အဝကျယ်သော အိုးတွင်ထည့်၍ ၎င်းအိုးကို အလွန်ပါးသော အဝတ်ဖြူဖြူဖြင့် စည်း၍ထားပါ၊ ၎င်းအိုးကို လေလုံ၍ အေးသောနေရာတွင် တညသိပ်ထားပါ၊ နံနက်ချိန်ခါတွင် ထောပတ်ချက်ရန် ဆီဦးထုပ်သကဲ့သို့ ၎င်းအိုးတွင်ရှိသော အုန်းနို့များကို ဒလက်နှင့်မွှေပါ၊ ဆီဦး များအပေါ်သို့ စုခဲ၍ တက်လာပါလိမ့်မည်၊ ၎င်းဆီဦး ( မခန်း ) ကို ထောပတ်ချက်သကဲ့သို့ ချက်မူ အုန်းမှဖြစ်သော ထောပတ် ( အုန်းထောပတ် ) ဖြစ်လာ၏။

၎င်းထောပတ်၏ အကျိုးမှာ ခပ်သိမ်းကုန်သော ဖောက်ပြန်သည့် ရောဂါများအတွက် အသုံးပြုနိုင်၏။

**နှုတ်ခမ်း မေး ပါး စောင်းရွဲခြင်း ရောဂါ။** ။နှုတ်ခမ်း မေး ပါး စောင်းရွဲ့သော မဲ့ရောဂါတွင် ၎င်းထောပတ်ကို နံနက်-ည ဂ-ပဲသားစီ စားမူ, ရက်အနည်းငယ်အတွင်း ပျောက် ကင်းနိုင်၏။

**ထိခိုက်သောဒဏ်ကြောင့် ရောင်ရမ်းခြင်း ရောဂါ။** ။ထိခိုက်၍၎င်း၊ လိမ့်ကျ၊ ခလုတ် တိုက်မိခြင်းကြောင့်၎င်း၊ ကိုယ်လက်အင်္ဂါ ကြီးငယ်ရောင်ရမ်းခြင်း၊ ကိုက်ခဲနာကျင်ခြင်း ဖြစ်မူ အုန်း နို့ညှစ်၍ ယူပြီးသော အုန်းသီးဆံကို ကြိတ်၍ နနွင်းမှုန့် အနည်းငယ်ရော၍ မီးနွေးနွေးပြုပြီးလျှင် ရောင်ရမ်းကိုက်ခဲသောနေရာကို စည်းပေးခြင်း၊ အုံပေးခြင်းပြုပါ၊ ၎င်းရောဂါ ဒဏ်နာများပျောက် ကင်းနိုင်၏။

**အန်ခြင်း နှင့် ကြို့ထိုးခြင်း ရောဂါ။** ။အုန်းမြစ်ကို ပြာချ၍ ပျားရည်နှင့် သင့်တော် သလို ခပ်ပြီး လျက်၍ လျက်၍ ပေးမူ အန်ခြင်း၊ ကြို့ထိုးခြင်းများ လျှင်မြန်စွာ ပျောက်ကင်း နိုင်၏။

**သွားခိုင်ဆေး။** ။အုန်းမှုတ်ခွံကို ပြာချ၍ ၎င်းပြာနှင့် သွားတိုက်မူ သွားအလွန် ခိုင်မာ၏။

**ဝမ်းမီးနှံ့ခြင်း ရောဂါ။** ။အုန်းမှုတ်ခွံကို ၃-ပဲသားမျှသွေး၍ ပျားရည် ကြွေဇွန်း တဇွန်း သာသာတွင် ရောဖျော်ပြီးလျှင် ( ၇ ) ရက်တိုင်တိုင် သောက်ပါ၊ ဝမ်းမီးနှံ့ခြင်း ပျောက် ကင်းနိုင်၏။

# အုန်း ( နဂဘာရီ )

ကိုးကိုးကျွန်း နဂဘာရီ သို့မဟုတ် 'နီကိုဖာရီအုန်း' ခေါ် မိချောင်းအုန်းသီးမျိုးများကို စိုက်ပျိုးကြသည်၊ နဂဘာရီခေါ် မိချောင်းအုန်းမှာ အလုံးသေးပြီး အသားထူသော အုန်းဖြစ်၏၊ အုန်းသီး၏ ပုံသဏ္ဍာန်မှာ အလယ်တွင် အနည်းငယ်ကြီးပြီးလျှင် တဘက်တချက် ရှူး၍သွားသည်။

၎င်းနဂဘာရီ ခေါ်သော အုန်းသည် အုန်းမျိုးထဲတွင် ဆေးအာနိသင်ဝင်၍ ထူးခြားသော အုန်းတမျိုး ဖြစ်သည်၊ ၎င်း၏ အသီးသည် သေးငယ်၍ အုန်းမှုတ်ကို မြန်မာလူမျိုးများ ဆီသုံးသော မှုတ်ပြုလုပ်ကြသည်၊ ရှေးကျသော မြန်မာလူမျိုးများသည် ၎င်းမှုတ်၏ အပိတ်ကို လှပသော နဂါးခေါင်း၊ ခြင်္သေ့ခေါင်း ထုလုပ်ပိတ်ဆို့ပြီး အလွန်လှပ နက်ပြောင်သော ခရီးဆောင် လဘက်ဘူးပြုလုပ်ကြသည်၊ ၎င်းအုန်းမှုတ်ကို သွေးပြီး အုန်းပုတီး ပြုလုပ်ဆောင်ကြသည်၊ အုန်းဆံသည် ထူ၍ အဆီအနှစ်နှင့် ပြည့်စုံသည်၊ အုန်းမျိုးတွင် ပါဝင်သော အပင်ဖြစ်သည်၊ စိုက်ပျိုးလျှင် ၃ နှစ်နှင့် ၅-နှစ်ကြားတွင် သီးတတ်သည်၊ လှပသော အုန်းမှုတ်နှင့် ချိုဆိမ့်သော အသားကို စားလိုကြသဖြင့် လူအများ နှစ်သက်ကြ၏၊ အဆံထူ၍ အုန်းကြီးမျိုးနှင့်မခြား အဆီချက်ရာတွင်၎င်း၊ ဆေးဘက်သုံးရာတွင်၎င်း၊ အလွန်ခရီးရောက်၍ တန်ဘိုးရှိသော အုန်းမျိုးဖြစ်သည်၊ ရှေးဆေးကျမ်းကြီးတို့၌ အားဆေးပြုလုပ် ဖော်စပ်ရာတွင် နဂဘာရီ အုန်းတလုံး၏ အရေ အသား ဟူ၍ ဖော်စပ်အသုံးပြုကြသည်၊ သို့သော် သေးငယ်သည့်အတွက် အသုံးပြုရာတွင် လက်ဝင်သော်လည်း ဆေးဘက်တွင်ကား အခြားသော အုန်းများထက် အစွမ်းထက်မြက်သည်၊ ၎င်းအုန်းပင်မှ ဖူးကင်းစ အသီးငယ်လေးများ ထွက်ပေါ်လာသည့် အချိန်တွင် အားလုံးစုပေါင်း ချည်နှောင်ပြီး ထန်းနို့များ စုစည်းကာ ထန်းရည်ယူသကဲ့သို့ ပြုလုပ်ပြီး အရေကိုယူပါလျှင် ချို, ငန် ရသာရှိသော အရေများရ၏၊ ၎င်းအရေသည် မောပန်းသောရောဂါ၊ နှလုံးတုန် ရင်ခုံသော ရောဂါတို့ ပျောက်ကင်းစေနိုင်သည့်ပြင် ဆီးရှင်၍ ဝမ်းတွင်းအေးသည်၊ သို့သော် အငန်ဓာတ်ပါသည့် အတွက် ဓာတ်အနည်းငယ် သက်တတ်သည်၊ အဆုတ်ရောဂါ၊ လေနာ, ရင်ဘတ်နာ ရောဂါ၊ အညောင်းအညာနှင့် မီးယပ် ပိန်ခြောက် ရောဂါတို့ကို ငါးကြီးဆီအစား အုန်းနို့ကို ကျိုချက်ပြီးကျွေးပါလျှင် အထက်ပါ ရောဂါများ ပျောက်ကင်းပြီး အားအင်ဗလနှင့် ပြည့်စုံနိုင်သည်။

အုန်းကိုချက်၍ ရသော အုန်းဆီထဲတွင် ကြာလျှင် ပုပ်သိုးတတ်သော ရေဓာတ် ပါဝင်လေသည်၊ ၎င်းကို စင်ကြယ်အောင် ထုတ်ပြစ်ပါလျှင် ဆေးဝါးသုံးသော အခါ၌ သံလွင်ဆီ၊ ဘာဒန်ဆီ၊ ငါးကြီးဆီတို့ ကဲ့သို့ အသုံးများလေသည်။

အားအင် ချိနဲ့သော ခလေးများနှင့် အားအင် ကုန်ခန်းသောလူကြီးများ၊ အရေအသား ခန်းခြောက်၍ နေပါလျှင် လတ်ဆတ်သော အုန်းသီးမှ ကြိတ်ယူသော အုန်းဆီကို ငါးကြီးဆီ သုံးသကဲ့သို့ တခွက်လျှင် အစက် ၂၀-မှ ၃၀-အထိ တနေ့ ၃-ကြိမ်ကျ တိုက်နိုင်သည်။

အုန်းနုရေသည် ကိုယ်တွင်း အေးသည်၊ ရေငတ် ပြေသည်၊ ဆီး ကောင်းသည်၊ ရင့်သော အုန်း၏ အဆံ အသားသည် ဝမ်းမီးကို နုန့်စေ၍ အစာ ကြေခဲသည်၊ အုန်း၏ အမြစ်ကို မိန်းမများ မမွတာ လွန်သော ရောဂါများနှင့် ဆီးချုပ်သော ရောဂါများ ပျောက်ကင်း ချမ်းသာစေနိုင်သည်

အုန်းရွက်ခြောက်၏ ပြာသည် ( Polash ကျိုချက်ပြီးနောက် ကျန်ရှိသောပြာ ) များ များပေါသဖြင့် ဆေးဝါးတို့တွင် အသုံးများသည်။

နဂဘာရီအုန်းမှုတ်ခြောက်ကို မီးဖုတ်၍ နီရဲနေသောအခါ ပုဂံတလုံးဖြင့် မှောက်အုပ်၍ ထားပြီးလျှင် ပုဂံထဲဘွင် မည်းနေသော အဆီများကို ပွေး, ဝဲ, နှင်းခူ စသော ရောဂါများ သုတ် လိမ်း၍ ပေးရသည်။

## ဆေးညွှန်းပေါင်းကျမ်း အဆို

"ဆိမ့်သော ရသာ၊ အုန်းသီးမှာလျှင်၊ အေးစွာသောဓာတ်၊ အခိုးမှုတ်လေ ၊ ကျေအပ် ပထဝီ၊ နိုင်သည်အပုပ်၊ ဘတ်စမ်းထုတ်လျက်၊ ချိုထန်းလျက်နှင့်၊ ပေးဆက်ဘုလေ၊ သလိပ် ကျေ၏၊ အေးစေအပူ၊ သလိပ်မူကား၊ ဝမ်းပျက်များကို၊ ထင်လျှားဆေးချာ၊ ရသည် မှာ၏၊ အုန်းသားအရေ၊ ပုပ်လေတကြောင်း၊ ဝမ်းမကောင်းကို၊ ပျောက်စေဆိုသည်။ ။ ချိုငန် ရသာ ရှိသတည်း။"

## နဂဘာရီအုန်း၏ ဆေးအသုံးများ

ဇာသီးပွင့်, စမုန်မျိုးငါးမျိုး, တြိကဋုတ် ၃ မျိုး, လေးညှင်း ဆေး ၁၁ - မျိုး ၄ - ၅ သားစီ, မင်းကိုးကာ အနက် ခေါ်ပ်ဆန်အလှော် ၁၀ - ကျပ်သားစီ, ပျားရည်, ထန်းလျက် ၂၅ - ကျပ်သားစီ, နဂဘာရီ အုန်းတလုံးကရသော နို့ နှင့် အုန်းရေ ၎င်းအားလုံး အမှုန့်ပြုသင့်သည်ကို ပြုပြီး ပျားရည်, အုန်းနို့တို့ဖြင့် ကြိတ်တေပြီး နံနက်, ည တဇွန်းစီ သောက်ပါလျှင် မီးယပ်,ဒူလာ ကြောင့် ပိန်ခြောက်၍ နေသော ရောဂါများ, မအိပ်နိုင်အောင် ကိုက်ခဲ ထုံကျင်သောရောဂါများ ပျောက်ကင်းနိုင်၏၊ မီးယပ် သွေးနုသောရောဂါများ ပျားရည်ကို နှုတ်၍ ဖော်စပ်ရာ၏။

---

# အုန်း ( တောင်၊ သာကူအုန်း )

တမီလ် ᨀᩣᩯᩃ ᩅᩢᩁ ( ကီချီလိပနိုင် )

လက်တင် Arenga Saccharifera

**ပုံသဏ္ဍာန်။** ။တောင်အုန်းသည် လှပသော အပင်မျိုး ဖြစ်၏၊ ပင်စည်သည် ၁၆ - ပေ ၁၇ - ပေမျှ မြင့်၏၊ ၎င်းအပင်သည် အဖို, အမ ဟူ၍ ၂ - မျိုး ရှိ၏၊ အပွင့်သည် များစွာ သော အခက်အလက်တို့၌ ပွင့်၏၊ အသီးသည် ၂ - လက်မခွဲမျှ ရှည်၏၊ အဖျား ချွန်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။အမြစ်ကို အဆုတ်ပြွန်ရောင်သော ရောဂါနှင့် အစာကြေဆေး အဖြစ် အသုံးပြု၏၊ အသီးကို အားတိုးဆေး အဖြစ်ဖြင့်၎င်း, အနာ စားဆေးအဖြစ်ဖြင့်၎င်း အသုံး ပြုရ၏။

---




အုံးဖွဲ(အုံးဖွေး)
AERUA JAVANICA.

# အုန်

ဆက်

ပုံသဏ္ဌာန်။ ။အုံး
ားဖြင့် ချုံကို မှီ၍ အလေ
ာ ကြီးသော တနှစ်ခံ အရိ
ု ရှပ်ပုံသဏ္ဌာန် ရှိသဖြင့် ကြ
ကိုင်းတို့ကို ပတ်လည်တက်
ှင် ၂-ရွက် ၃-ရွက် ခွ၍
သည် ရှင်းလင်းစွာ ခွဲ၍ ထွ
ပ်ဖျား၌ ဝါဗိုင်းတောင့်သ
ဖူး အပွင့်တို့ ထွက်ပေါ်ပြီး

ဆေးအသုံး။ ။
ရာ၏ ခလေးများအတွက်
မြစ်ကို သံပုရာရည်နှင့် ဖေ

အခြေပြုအဘိဓာန်အဆို။
သည်ဝက်ရူးရောဂါ

# အုန်းပင်လယ်

( ပင်လယ်အုန်း—ရှု။ )

---

## အုန်းဖွဲပင် ( အုန်းဖွေးလည်းဟု )

**လက်တင်** Aerua Javanica

**ပုံသဏ္ဍာန်။** ။အုန်းဖွဲပင်သည် ပင်ထောင် ပင်သေး ဖြစ်၍ အပူပိုင်းဒေသတွင် အများအားဖြင့် ချုံကို မှီ၍ အလေ့ကျ ပေါက်တတ်သော မှီခိုပင်မျိုး ဖြစ်၏၊ ၁ ပေမှ ၃ ပေအထိသာ ကြီးသော တနှစ်ခံ အရိုးပွ အပင်မျိုး ဖြစ်၏၊ အရွက်မှာ သလ္လာကာရ ( Lanccolate ) လှံစပ်ပုံသဏ္ဍာန် ရှိသဖြင့် ကြခပ်ဝါးရွက်ကဲ့သို့ ၃ လက်မ အထိ ရှည်သွယ် ချွန်းပြီး ပင်တံ နှင့် အကိုင်းတို့ကို ပတ်လည်တက်လျက် ဝါဖျော့သော အရောင်အဆင်း ရှိ၏၊ အရွက်နှင့် ပင်တံခွကြားတွင် ၂ ရွက် ၃ ရွက် ခွ၍ သေးငယ်သော ရွက်နုကလေးများ ပေါက်တတ်၏၊ ပင်တံမှ အကိုင်းတို့သည် ရှင်းလင်းစွာ ခွ၍ ထွက်ကြပြီး ဖြူ, ဝါ, နုသော အရောင် ရှိ၏၊ ပင်တံ နှင့် အကိုင်းများ ထိပ်များ၌ ဝါဗိုင်းတောင့်သဏ္ဍာန် ဖြူဖွေးသော အဖူး အပွင့်များသည် လှပစွာ ဖူးပွင့်ကြ၏၊ အဖူး အပွင့်တို့ ထွက်ပေါ်ပြီးသည့်အဆုံး၌ အပင်၏ ကြီးထွားမှု နောက်ဆုံး ပင် ဖြစ်၏။

**ဆေးအသုံး။** ။အုန်းဖွဲမြစ်ကို ထန်းရည်ခါးနှင့် သွေးပြီး ဆီးချုပ်သူကို တိုက်၍ ပေးရ၏၊ ခလေးများအတွက် ငုံးသွေးသော အရည်ကို ဆီးအိမ်ပေါ်သို့ လိမ်း၍ ပေးရ၏၊ ငုံးအမြစ်ကို သံပုရာရည်နှင့် သွေးပြီး ဆီးပူ ဆီးအောင့်, ကျောက်တည်သူများကို တိုက်၍ ပေးရ၏၊

**အခြေပြုအဘိဓာန်အဆို။** ။အုန်းဖွဲကို ခေါင်းအုံးထည့်စရာ ဟု ခေါ်ဆို၏၊ အုန်းဖွဲမြစ်သည်ဝက်ရူးရောဂါ နှင့် နာကျင် ကိုက်ခဲခြင်းတို့၌ ကောင်းလှ၏။

---

# အောက်ကျွပင်

( ပိုးကောင်စာ—ရှု။ )

---

# အောက်ကြွေ

( အောက်ကျူ၊ ရေပတောက်—ရှု။ )

---




**အောင်မဲဖြူ**

**CLITORIA TERNATEA**

**अपराजिता**

သက္ကတ

ဟိန္ဒီ

လက်ဝ

**ပုံသဏ္ဌာန်။** ။

၍ အဖြူမျိုး အညိုမျိုးဟု

အဝါဖျော့ရောင်၊ အနီဖျော့

ော်ပြပါ ရောင်စုံအပွင့်များ

ေလ လာရှာဖွေ၍ ကြည့်ရှုေ

ထိ ထပ်၍ ပွင့်နေသည့် အ

ို့မှ ထပ်၍ ပွင့်နေသည်ကို

ာယုဗ္ဗေဒ ဗိန္ဒောဆေးကျမ်

ြားခြင်းမရှိ၊ အနည်းငယ်မျ

ယစုခေတ် အချို့သူတို့သည်

ကယဆေးကုန်သည် ကျူ

(ဟဲမေလ်) စကား၌ အမည်

ကြောင်းဖြင့် လှည့်ပတ်၍ ေ

ိုး ၂-မျိုးသည် တခြားစီဖြ

ြစ်ကြောင်း မှတ်ယူအပ်ပေး

**ဂုဏ် နှင့် စွမ်းရည်။**

များအလိုအားဖြင့် အောင်မ

ကို အကျိုးပြု၏၊ ဝမ်းလျှေ

မရောဂါ ပူလောင်ခြင်း၊ နူနာ

နာ၊ သလိပ်နာနှင့် မြွေဆိပ်

**အောင်မဲဖြူမြစ်။**

တတ်၏၊ ဆီးတွန်းအားနည်း

မပြင်ပသို့ တွန်းအားဖြင့် ေ

ဆိပ်ကို ပယ်တတ်၏၊ ဦးေ

မျက်စိစွ ခြင်း စသော မျက်

ဖြစ်သော အနာအဖုအပိမ့်မျ

ံ့ုးပါးပျက်ခြင်း၊ အဖြူကွ

ဂါ၊ မြွေဆိပ်သင့်သော အန

# အောင်မဲဖြူ

သက္ကတ  अपराजिता  (အပရာဇိတာ)

ဟိန္ဒီ  कोयल  (ကိုယလ်)

လက်တင်  Clitoria Ternatea

ပုံသဏ္ဍာန်။ ။အောင်မဲဖြူပင်သည် မာကျောသော နွယ်မျိုး ဖြစ်၏၊ အပွင့်ကို အစုံ [illegible]၍ အဖြူမျိုး အညိုမျိုးဟူ၍ ၂-မျိုး ထင်ရှား၏၊ သို့သော် တခါတရံ ၎င်းအပွင့်များသည် အဝါဖျော့ရောင်၊ အနီဖျော့ရောင်အားဖြင့် တွေ့ရသည်၊ ၎င်းအပြင် ပွင့်ချပ်နှင့် စပ်လျဉ်း၍ အထက် ဖော်ပြပါ ရောင်စုံအပွင့်များမှ ပွင့်ချပ်တချပ် တလွှာသာ ရှိကြသော်လည်း ကျွန်ုပ်ဘိုကိုယ်တိုင် [illegible] လာရှာဖွေ၍ ကြည့်ရှုသောအခါ ၎င်းဆေးပင်၏ ပွင့်ချပ်လွှာများသည် ၂-ထပ်မှ ၄-ထပ် အထိ ထပ်၍ ပွင့်နေသည့် အဖြူပွင့်မျိုးကိုလည်း မျက်မြင်တွေ့ရှိခဲ့ရလေသည်။ အခြားသော အပွင့် [illegible]မှ ထပ်၍ ပွင့်နေသည်ကို မတွေ့ရသေးပါ၊ ထိုကဲ့သို့ ရောင်စုံနှင့် အထပ်မျိုးစုံ ရှိနေသော်လည်း အာယုဗ္ဗေဒ ဗိန္ဒောဆေးကျမ်းဟောင်းကြီးများ၌မူ ၎င်းတို့၏ ဂုဏ်သတ္တိစွမ်းရည်မှာ များစွာ ကွာခြားခြင်းမရှိ၊ အနည်းငယ်မျှသာ ကွာခြားကြောင်းဖြင့် ရေးသားထားကြလေသည်၊ ၎င်းအပြင် ယခုခေတ် အချို့သူတို့သည် အောင်မဲဖြူအစေ့နှင့် ကာလာဒါနခေါ် (နဂါးဘွယ်နွယ်စေ့) ကို [illegible]ယဆေးကုန်သည် ကျုလယာ လူမျိုးတို့သည် ၎င်း ၂-မျိုးကို ၎င်းတို့ ပြောဆိုသုံးစွဲသော (တမေလ်) စကား၌ အမည်ထပ်တူ ခေါ်ဝေါ်သုံးစွဲကြသဖြင့် ၎င်း ၂-မျိုးကို တမျိုးတည်း ဖြစ်ကြောင်းဖြင့် လှည့်ပတ်၍ ရောင်းသည်ကို ယုံကြည်ကြကာ အယူအဆ မှားကြလေသည်၊ အမှန်မှာ ၎င်း ၂-မျိုးသည် တခြားစီဖြစ်ကြောင်း မည်သည့်နည်းနှင့်မျှ ဆက်စပ်၍ မရသော အပင် ၂-မျိုး ဖြစ်ကြောင်း မှတ်ယူအပ်ပေသည်။

ဂုဏ် နှင့် စွမ်းရည်။ ။အောင်မဲဖြူပဥ္စငါးပါး—အာယုဗ္ဗေဒ ဗိန္ဒော ဆေးကျမ်းကြီးများအလိုအားဖြင့် အောင်မဲဖြူသည် စပ်၏၊ အေး၏၊ ဖန်၏၊ ခါး၏၊ ပညာကို ပွားစေ၏၊ မျက်စိကို အကျိုးပြု၏၊ ဝမ်းလျှောစေတတ်၏၊ အဆိပ်ကို နိုင်၏၊ ဒေါသသုံးပါး ပျက်ခြင်းနှင့် ဦးနှောက်ရောဂါ ပူလောင်ခြင်း၊ နူနာ၊ ထိုးအောင့်နာကျင်ကိုက်ခဲခြင်း၊ ရောင်ရမ်းခြင်း၊ ပိုးနာ၊ အနာပေါက်နာ၊ သလိပ်နာနှင့် မြွေဆိပ်သင့်သောအနာများကို ပယ်ဖျောက်နိုင်၏။

အောင်မဲဖြူမြစ်။ ။အောင်မဲဖြူမြစ်သည် အရသာခါး၏၊ အေး၏၊ ဝမ်းလျှောစေတတ်၏၊ ဆီးတွန်းအားနည်း၍ ထိုးအောင့်နာကျင်ပြီး အကြိမ်များစွာ အောင့်၍ သွားရခြင်းကို အပြင်ပသို့ တွန်းအားဖြင့် ထုတ်ဆောင်တတ်၏၊ ပိုးကြောင့်ဖြစ်သော ရောဂါများကို နှိမ်နင်း၏၊ အဆိပ်ကို ပယ်တတ်၏၊ ဦးနှောက်ကြောကို အားပေး၏၊ မျက်စိနာ ရောဂါများကို အကျိုးပြု၏၊ မျက်စိစွ ခြင်း စသော မျက်ခွံ၌ အနာအဖုပေါက်ခြင်းတို့ကို ပယ်တတ်၏၊ ခယရုဂ် ရောဂါကြောင့် ဖြစ်သော အနာအဖုအပိမ့်များနှင့် ဆင်ခြေထောက်ရောဂါများ၊ ခေါင်းကိုက်ရောဂါများ၊ ဒေါသသုံးပါးပျက်ခြင်း၊ အဖြူကွက်ရောဂါ၊ သည်းခြေပူနာ၊ ရောင်ရမ်းခြင်း၊ နူနာများနှင့် သလိပ်ရောဂါ၊ မြွေဆိပ်သင့်သော အနာများကို ပယ်ဖျောက်နိုင်၏။

No. 22

**အောင်မဲဖြူညိုစေ့။** ။အောင်မဲဖြူစေ့ကို လှော်၍ ၁၀-ရွေးငယ်မှ ၃၀-ရွေးငယ်မှု စားသုံးပါမူ ရေဖျဉ်းရောဂါ၊ အအေးပတ်ခြင်းကြောင့် အသည်းကြီးခြင်းတို့ကို ပယ်စွမ်းနိုင်၏။

**အောင်မဲဖြူညိုရွက်။** ။နားရောဂါနှင့် စပ်လျဉ်း၍ နားကိုက်ခြင်း၊ ရောင်ရမ်းခြင်း၊ နား၏ပတ်ဝန်းကျင်၌ အဖုအနာပေါက်ခြင်းဖြစ်မူ အောင်မဲဖြူညိုရွက်၏ သတ္တုရည်တွင် သိန္ဓော မှုန့်အနည်းငယ်ထည့်၍ မီးနွေးနွေးပြုပြီး မကြာ မကြာ လိမ်းပေးပါ၊ နားနာ၊ နားကိုက်၊ နားနှင့် ပတ်သက်သော ရောဂါများ ပျောက်ကင်းစေ၏။

## အောင်မဲဖြူ နှင့် မြွေဆိပ်

**အရေပြားသို့ ပြန့်နှံ့ ရောက်ရှိနေသော မြွေဆိပ်။** ။မြွေ၏ အဆိပ်သည် အရေပြားသို့ ပြန့်နှံ့၍တက်မူ အောင်မဲဖြူမြစ်မှုန့် ၁၂-ပဲသားကို ထောပတ်စစ်စစ်နှင့်ရော၍ သောက်ပါ၊ အရေ ပြားသို့ ရောက်နေသော မြွေဆိပ် ပြေ၏။

**သွေးသို့ ပြန့်နှံ့ ရောက်ရှိနေသော မြွေဆိပ်။** ။သွေးသို့ ပြန့်နှံ့ရောက်ရှိ၍ တက်နေသော မြွေဆိပ်ကို အောင်မဲဖြူမြစ် ၁၂-ပဲသားကို နွားနို့နှင့်ရော၍ သောက်ပါ၊ သွေးအတွင်းသို့ ရောက် ရှိ၍ တက်ရသော မြွေဆိပ် ပြေ၏။

**အသားအတွင်းသို့ ပြန့်နှံ့ ရောက်ရှိနေသော မြွေဆိပ်။** ။အောင်မဲဖြူမြစ် ၁၂-ပဲသား နှင့် ပန်းနုမြစ်အမှုန့်ကို ရောစပ်၍ သောက်မူ အသားအတွင်းသို့ ပြန့်နှံ့ရောက်ရှိ၍ တက်နေသော မြွေဆိပ် ကျဆင်း၏။

**အရိုးအတွင်းသို့ဝင်၍ ပြန့်နှံ့ ရောက်ရှိနေသော မြွေဆိပ်။** ။အောင်မဲဖြူမြစ်မှုန့် ၁၂-ပဲ သားနှင့် နနွင်းမှုန့်ကိုရော၍သောက်ပါ၊ အရိုးတွင်းသို့ ဝင်ရောက်ခါ ပြန့်နှံ့၍ တက်နေသော မြွေ ဆိပ် ကျဆင်း၏။

**အဆီအတွင်းသို့ ရောက်ရှိပြန့်နှံ့၍ တက်နေသော မြွေဆိပ်။** ။အောင်မဲဖြူမြစ်မှုန့် ၁၂-ပဲသားနှင့် အဆာဂန် (ဖဟာသကို) မြစ်မှုန့်ကို ရောစပ်၍ သောက်မူ အဆီအတွင်းသို့ ပြန့်နှံ့၍ ရောက်ရှိ၍ တက်နေသော မြွေဆိပ် ကျဆင်း၏။

**သုက်ခဲတ်သို့ ပြန့်နှံ့ ရောက်ရှိနေသော မြွေဆိပ်။** ။အောင်မဲဖြူမြစ်မှုန့် ၁၂-ပဲသား နှင့် ကုလားရမ္မလီမြစ်ကို ရောစပ်၍ သောက်မူ သုက်ခဲတ်သို့ ပြန့်နှံ့ရောက်ရှိ၍ တက်နေသော မြွေဆိပ် ကျဆင်း၏။

**မှတ်ချက်။** ။အထက်ဖော်ပြပါ ဆေးများသည် အောင်မဲဖြူမြစ်ကိုသာ ယူရမည်။

## ရောဂါ အလိုက် အသုံးပြုပုံ

**ခူနာ နှင့် အောင်မဲဖြူမြစ်။** ။အောင်မဲဖြူရွက်ကို ညက်စွာကြိတ်၍ လက်ချောင်း အဖျားများ၌ ပေါက်သော ခူနာစသော အနာများကို စီးပေးပါ၊ ၎င်းစီးပတ်ထားသော နေရာ ကို ရေမကြာမကြာ ဆွတ်၍ ပေးပါ၊ ခူနာစသော အနာများ ပျောက်ကင်းလိမ့်မည်။

**မြွေဆိပ်ဖြေဆေးတမျိုး။** ။အောင်မဲ့ပြု အစိုအမြစ်ခေါက် ဂ-ပဲသား၊ ကြောင်ပန်းကြီး၊ အစိုအမြစ်ခေါက် ဂ-ပဲသား ၎င်း ၂-မျိုးကို ရေနှင့်ကြိတ်ပြီး တခွက်စာပြု၍ သောက်ပါ၊ အရေးကြီးမူ တနေ့ကို ၂-ကြိမ်၊ ၃ကြိမ်မျှသောက်ပါ၊ မြွေဆိပ်ချ ားကျဆင်း ပြေပျောက်သိမ့်မည်။

**ရေဖျဉ်းရောဂါ။** ။အောင်မဲ့ပြုမြစ်၊ ဂဠုန်တောင်ပန်မြစ်၊ နှပ်ချိုမြစ်၊ မဲမြစ်—၎င်း ၄-မျိုးကို ဖ-ပဲသားစီစု၍ ရေနှင့်ကြိတ်၍ သတ္တုရည်ကို ညှစ်ယူပြီးလျှင် နွားကျင်ငယ် ၃-ကျပ်သားနှင့် တခွက်စာပြု၍သောက်ပါ၊ ရေများ အစုအဝေးပျက်ကျ၍ ရေဖျဉ်းရောဂါ ပျောက်ကင်းပါလိမ့်မည်၊ ၄-ရက် ၅-ရက် တကြိမ် စသည်ဖြင့် ရောဂါအခြေအနေကို ကြည့်၍ သောက်ပါ။

**အသည်း နှင့် သရက်ရွက်ကြီးခြင်း ဖျဉ်းစွဲခြင်း ရောဂါ။** ။အောင်မဲ့ပြုစေ့ကိုလှော်၍ အမှုန့်ပြုပါ၊ အခွက်စာလျှင် ဖ-ပြားမှ ၃ ပဲသားအထိ ရေနွေးနှင့် သောက်ပါ၊ အသည်းကြီးရောဂါ၊ သရက်ရွက်ကြီးသောရောဂါနှင့် ရေဖျဉ်းရောဂါများ ပျောက်ကင်း၏၊ ရောဂါ အခြေအနေကိုကြည့်၍ ဆက်လက်သောက်ပါ။

**ရောင်ရမ်းခြင်းရောဂါ။** ။အောင်မဲ့ပြုမြစ်၏ အခေါက်ကို ရေနှင့် စိမ်၍ သောက်မူ မပျောက်ရမ်းသောရောဂါ ပျောက်ကင်းနိုင်၏။

**ထိုးအောင့်နာကျင်ခြင်း မှင်ထခြင်းရောဂါ။** ။ကိုယ်လက်အင်္ဂါ ကြီးငယ်တို့တွင် နေရာအပြမရှိ ရွေ့ပြောင်း၍ ထိုးအောင့် နာကျင်နေသောရောဂါကို "မှင်ထရောဂါ" ခေါ်၏၊ အောင်မဲ့ပြုမြစ်၏ အခေါက် ဖ-ပြားသားမှ ၃-ပဲသားအထိ ပျားရည် ထောပတ်တို့နှင့် သင့်ရုံရောစပ်၍ သောက်ပါ၊ ရွေ့ပြောင်း၍ ထိုးအောင့်နာကျင်ခြင်း (မှင်ထခြင်း) ပျောက်ကင်းနိုင်၏။

**မှတ်ချက်။** ။မည်သည့် ဆေးတွင်မဆို ပျားရည်နှင့် ထောပတ်၊ ၎င်း ၂-မျိုးကို ဆေးနှင့် ရောစပ်၍ သောက်ရမည်ဟု ဆိုသောအခါ၌ ၎င်း ၂-မျိုးကို ဆတူ မရောစပ်ပါနှင့်၊ ဆတူရောက်စပ်မူ အဆိပ်သဖွယ် ဖြစ်တတ်သည်ကို သတိပြုပါလေ။

**နာတာရှည် ချောင်းဆိုးရောဂါ။** ။အောင်မဲ့ပြုအစိုမြစ်၏ သတ္တုရည် ၁-ကျပ်သားနှင့် နွားနို့အေးကို ရော၍သောက်ပါ၊ နာတာရှည် ချောင်းဆိုးရောဂါ ပျောက်ကင်းနိုင်၏။

**ခေါင်းတခြမ်းကိုက်ရောဂါ။** ။အောင်မဲ့ပြု အစိမ်းအစေ့၏ သတ္တုရည်ကို နှာခေါင်းတွင် ခပ်၍ ခပ်၍ ပေးပါ၊ ခေါင်းတခြမ်းကိုက်ခြင်း ပျောက်ကင်းနိုင်၏။

**ကိုယ်ဝန်လျှောခြင်း။** ။ကိုယ်ဝန်လျှောတတ်သော မိန်းမများသည် အောင်မဲ့ပြုမြစ်၏ အခေါက်ကို နွားနို့နှင့်ကြိတ်၍ ပျားရည်နှင့်ရောပြီး သောက်မူ ကိုယ်ဝန်လျှောခြင်း၊ ပျက်ခြင်းများ ရပ်တန့်စေလိမ့်မည်။

**ကိုယ်ရေဝါရောဂါ။** ။နို့ခဲထုတ်ယူပြီး၍ ကျန်သော ရက်တက်ရည် ဒိန်ချဉ်ရည်နှင့် အောင်မဲ့ပြုမြစ်အမှုန့်ကို ရော၍ သောက်မူ ကိုယ်ရေဝါရောဂါ ပျောက်ကင်းနိုင်၏။

**လိင်ဥရောင်ရောဂါ။** ။အောင်မဲဖြူအစေ့ကို ကြိတ်၍ ရေနှင့်ဖျော်လျက် မီးနွေးနွေး ပူပြီးလျှင် လိင်ဥရောင်ခြင်းကို လိမ်းပေးမူ လိင်ဥရောင်ခြင်း ပျောက်ကင်း၏။

**ကြို့ထိုးရောဂါ။** ။အောင်မဲဖြူအစေ့ အခြောက်ကို ကြိတ်ပြီး ကြေးဇွန်းတွင်ထည့်၍ မီးဖြင့် အခိုးအငွေ့ပူပြီးလျှင် မှိုင်းသဘော ရှူပါလေ၊ ကြို့ထိုးခြင်း ပျောက်ကင်းနိုင်၏။

**လည်ပင်း၌ အကျိတ် အဖုပေါက် ရောဂါ။** ။လည်ပင်း၌ အကျိတ် အဖု ပေါက်မူ အောင်မဲဖြူမြစ်ကို ကြိတ်၍ ထောပတ်နှင့် သောက်မူ လည်ပင်း၌ ဖြစ်သော အနာ အဖု အကျိတ်များ ပျောက်ကင်းနိုင်၏။

**အမှောင့်ပယောဂ မိခြင်း။** ။အမှောင့် ပယောဂ စွဲကပ်ခြင်း, စုန်း, ဖုတ်, ကဝေ စသည်တို့ ဖမ်းစားခြင်းကြောင့် ရောဂါအမျိုးမျိုး ကပ်ရောက်ခြင်း, ငိုတုံ ရီတုံနှင့် ဂယောင်ချောက်ချား ဖြစ်ခြင်း စသော ရောဂါတို့ကို အောင်မဲဖြူမြစ်ကို ဆန်ဆေးရေနှင့် သွေး၍ ၎င်းရေကို ရှူပါ၊ သို့မဟုတ် မှုတ်၍ သွင်းပေးသော် ပျောက်ကင်းနိုင်၏။

**သွေးအန် သွေးလျှံနာ ရောဂါ။** ။အထက်သို့ ပင့်ဆောင်၍ သွေးအန် သွေးကျခြင်း ဖြစ်မူ အောင်မဲဖြူမြစ်ကို သွေးပြီးလျှင် သကြား, နွားနို့တို့နှင့် ဖက်စပ်၍ သောက်ပါ၊ ၎င်းအပြင် ထိုရောဂါသည်နှင့် သင့်တော်သော အစာမှာ ဆန် (ထမင်း, ဆန်ပြုတ် စသော ဆန်မှ ဖြစ်သော အာဟာရများ) နှင့် နွားနို့မှ တပါး တခြား အာဟာရများ မသင့် ဖြစ်၏။

**ခရုသင်း ရောဂါ။** ။အောင်မဲဖြူမြစ်ကို ရေအေးနှင့် သွေး၍ ခပ်ပျစ်ပျစ် လိမ်းပေးပါ၊ ၁၅ ရက် အတွင်း ပျောက်ကင်းနိုင်၏၊ သို့သော် နာတာရှည် ခရုသင်း ဖြစ်မူ တလမျှ လိမ်းပေးရမည်။

**မျက်စိ တိမ်ကျခြင်း။** ။မျက်စိ သူငယ်အိမ် အတွင်း၌ အဖြူကွက် အဲစက် တိမ်များ ကျမူ အောင်မဲဖြူမြစ်ကို ဂျုံမှုန့် ရော၍ ကြိတ်ပါ၊ ၎င်းနောက် ရေဖြင့် ရော၍ မျက်စိမှာ ခပ်ပါ၊ မျက်စိသူငယ်အိမ်တွင်း ကျရောက်သော တိမ်များ ပျောက်ကင်းနိုင်၏။

**ကိုယ်ဝန် တည်စေရန်။** ။ကိုယ်ဝန် တည်ရှိစေရန် (ကလေး ရရှိစေရန်) အောင်မဲဖြူမြစ် ရှည်ရှည်ကို ခါး နှင့် ချက် ၂ ခုစလုံး ပတ်မိအောင် (ခါးပတ်သဲ့ဖွယ်) ချည်ထားပါ၊ ကိုယ်ဝန် ရရှိနိုင်သည်။

**သူငယ်နာ မျက်စိနာ။** ။ကလေးများ သွားပေါက်ချိန် ဖြစ်တတ်သော မျက်စိအဖြူနာ ရောဂါကို အောင်မဲဖြူပွင့်ကို နွားနို့နှင့် ကြိတ်၍ မျက်စိကိုလည်း ကွင်းပါ၊ အတွင်းသို့လည်း ခပ်၍ပေးပါ၊ မျက်စိနာ ပျောက်ကင်းနိုင်သည်။

**ကာမဒေဝ အားတိုးဆေးကြီး။** ။အောင်မဲဖြူရွက် ၂ ကျပ်သားကို နွားနို့ ၂၅ ကျပ်သားနှင့် ထက်ဝက် ခန်းအောင် ကျို၍ နံနက်စောစော သောက်မူ သုက်ဓာတ် ပွားများ၏၊ ကာမ သတ္တိကို ပြည့်ဖြိုးစေ၏။

**ဖောရောင် ရောဂါ။** ။ဖောရောင်သေသူများသည် အခြားသော အဖောကျ ဆေးများ၊ စားသောက်စဉ် အောင်မဲဖြူရွက်ကို ဟင်းရံ ပြု၍ စားမှု များစွာ အကျိုးရှိ၏။

**မြွေဟန့်ဆေး။** ။အောင်မဲဖြူမြစ်ကို လက်မောင်းတွင် ချည်၍ထား၊ မြွေကို ဟန့်ထားနိုင်၏။

**သူငယ်နာ မျက်စိ တိမ်စွဲ ရောဂါ။** ။အောင်မဲဖြူမြစ် နှင့် ဆင်စွယ်နှစ် ၂ - ပါး ပေါင်း၍ သွေးပြီး မျက်စဉ်း ခပ်သော် သူငယ်နာ မျက်စိ တိမ်စွဲ ရောဂါ ပျောက်ကင်းနိုင်၏။

**အောင်မဲဖြူမြစ် အကျိုး။** ။အောင်မဲဖြူမြစ်သည် စပ်၏၊ လေ, သလိပ်ကို ငြိမ်းစေတတ်၏၊ ဝမ်းသက်စေတတ်၏၊ သွေး နှင့် သည်းခြေကို ထကြွစေတတ်၏။

---

# အောင်မဲညို

| | |
|---|---|
| သက္ကတ | अपराजिता |
| ဟိန္ဒီ | कोयल |
| လက်တင် | Clitoria Ternatea |
| အင်္ဂလိပ် | Butterfly Pea, Wing-Leaved Clitoria |

**ပုံသဏ္ဍာန်။** ။အောင်မဲညိုပင်သည် အောင်မဲဖြူ ကဲ့သို့ ပင် မာကျောသော နွယ်မျိုး ဖြစ်၏၊ အောင်မဲဖြူ, အောင်မဲညို ဟု ခေါ်ဆိုခြင်းမှာ အပွင့်၏ အရောင်အသွေးကို လိုက်ပြီး ခေါ်ဆိုခြင်း ဖြစ်၏၊ ၎င်းနွယ်ပင်သည် အခြားသော အပင်များ နှင့် ချုံတို့ကို အမှီပြုပြီး အလေ့ ကျပေါက်ပင် ဖြစ်၏၊ အပင် နှင့် ချုံတို့ကို နွယ်၍သွားပြီးလျှင် မှီရာ တပင်လုံးကို ဖုံးလွှမ်း၍သွား အောင် ပေါက်ရောက်ဘတ်၏၊ အဖြူ, အညို ကွဲပြားခြင်းသည် အပင်, အရွက်, အသီးအနေဖြင့် ကွဲပြားခြင်း မရှိ၊ အပွင့်ရောင် အနေဖြင့် သာ အဖြူ, အညို ခွဲခြား၍ ထား၏။

အရွက် ပေါက်ပုံမှာ ရွက်ညှာတံ တခုလျှင် ၅ - ရွက် ထွက်ပြီး ထိပ်ဆုံး ရောက်သော အရွက်သည် ကြီး၏၊ ရွက်ညှာတံခြင်းမှ နေ၍ ဒေါင်းမြီးကွက် သဏ္ဍာန် မညီသော အဆင်းဖြင့် ပွင့်၏၊ ပွင့်ချပ်လွှာသည် အောင်မဲဖြူပွင့် ကဲ့သို့ ၂ - ထပ်မှ ၃ - ထပ် အထိ ပွင့်သည်ကို တွေ့ရှိနိုင်၏၊ အပြင် ပွင့်ချပ်လွှာသည် မညီသော အဆင်း ရှိ၏၊ ၎င်း၏ အတွင်းမှ ထပ်လျက်နေသော ငယ်သော ပွင့်ချပ်လွှာသည် အကြီးပွင့်လွှာလောက် မညီခြင်း မရှိဘဲ အဖြူ များသော အပြာနုရောင် ဖြစ်၏၊ ၎င်းအောက် အတွင်းသား ကျသော ပွင့်ချပ်လွှာမှာ အရင်း ဖြူပြီး အနားသား အညိုရောင် သန်းရုံမျှ သာ ရှိ၏၊ ၎င်းပွင့်ချပ်လွှာများ ကြွေကျ၍ သွားသောအခါ သီးကင်းနုကလေးများ အဖြစ် ကျန်ရှိ၍ ၎င်းသီးကင်းနုကလေးများသည် ကြီးထွား၍ လာသောအခါ ၃ - လက်မမျှလောက် ရှိ၏၊ တန်ဆောင်မုန်း, နတ်တော် (ဒီဇဘာ - ဇန္နဝါရီ) စသော ဆောင်းလရာသီ ဘွင် သစ်ပင်ချုံပင်တို့ အပေါ်၌ ပွင့်သီးနေကြသည်ကို တွေ့မြင်နိုင်၏၊ အပွင့်၏ အဆင်းအရောင် ကွဲပြားမှုမှသာ၊ နွယ်ပုံ၊

အရွက်ပေါက်ပုံ ၊ ပွင့်သီးကြပုံချင်း အဖြူနှင့် အတူတူပင်ဖြစ်၏၊ အောင်မဲညို၏ ဆေးအသုံးမှာ အောင်မဲဖြူသုံးသကဲ့ပင် သုံးစွဲနိုင်၏၊

အောင်မဲဖြူ၊ အောင်မဲညို၊ အောင်မဲနီ ဟူ၍ ၃-မျိုး ရှိကြောင်း ရတနကောသကျမ်း၌ အဆိုရှိ၏၊ ဆေးသုံးရာတွင် ၃-မျိုးစလုံး အတူတူ သုံးစွဲနိုင်ကြောင်း ပြဆိုထား၏။

အောင်မဲညိုဆေးသုံးကို အာယုဗ္ဗေဒ ဆေးကျမ်းကြီးများ၌ လာသည့်အတိုင်း ဘော်ပြပါအံ့၊

## အောင်မဲညိုပဥ္စငါးပါးအသုံး၊

အောင်မဲညိုသည် ခါး၏၊ ပြေပြစ်၏၊ ဒေါသသုံးပါး ပျက်သည်ကို နိုင်၏၊ အေးသော ဂုဏ်ရှိ၏၊ လေ သလိပ်ဖျားခြင်း၊ ပူလောင်ခြင်း၊ မူးဝေထိုင်းမှိုင်း၊ သွေးဝမ်းသွားခြင်း၊ ရူးသွပ်ခြင်း၊ ချောင်းအလွန်ဆိုးခြင်း၊ ပန်းနာရင်ကြပ်စွဲခြင်း ခူနာ-ပိုးနာနှင့် အဆုတ်ရောဂါတို့ကို များစွာကင်းဝေးစေ၏။

## အောင်မဲညိုမြစ်

အောင်မဲညိုမြစ်သည် အောင်မဲဖြူမြစ်နှင့် ဂုဏ်·သတ္တိစွမ်းရည်များ တူမျှ၏။ သို့ရာတွင် ၎င်း၏ ထူးခြားချက်မှာ ကာမအားကို တိုးပွားစေတတ်၏၊ ပိတ်ဝမ်းသွားခြင်းကို ပယ်တတ်၏၊ ကြောက်မက်ဘွယ်ကောင်းသော လေကြောများ၏ ပူသောင်ခြင်းကို ငြိမ်းအေးစေတတ်၏၊ ( အသက်ရှူ လေကြော, ဆီးကြော စသည်ကို ဆိုလို၏ )၊ ပန်းနာ၊ ရင်ကြပ်၊ ရေဖျဉ်းရောဂါ၊ ဝမ်းဗိုက်တင်းရောင်ခြင်းတို့ကို ပယ်ဖျောက်တတ်၏။

## နိဃဏ္ဍုကျမ်းအလို

အောင်မဲညိုသည် ခါး၏၊ အဆီ၊ အစေးရှိ၏၊ တြိဒေါသကို နိုင်၏၊ အေးသော ဝိရိယ ဂုဏ်ရှိ၏၊ လေနာ၊ သည်းခြေနာ၊ ဖျားနာ၊ ကိုယ်ပူနာ၊ မူးယစ်နာ၊ မြေဘုတ်ဘီလူး ဖမ်းစားသော အနာ၊ သွေးဝမ်းသွားသောအနာ၊ ရူးသွပ်နာ၊ မူးမိုက်နာ၊ အလွန်ချောင်းဆိုးသော အနာ၊ ပန်းနာ၊ သလိပ်နာ၊ နူနာ၊ ပိုးနာ၊ ခယရှုဂ်ရောဂါတို့ကို နိုင်၏၊ ကြွင်းသော ဂုဏ်တို့သည် အောင်မဲဖြူနှင့်တူသော သဘောရှိ၏၊ အောင်မဲညိုရွက်သည် ချို၏၊ အဆိပ်အတောက်ကိုနိုင်၏၊ အောင်မဲညိုမြစ်သည် လေကို နိုင်၏၊ အာဟာရအပုပ်ကို ကြေစေ၏။

---

# ဒိုင်ရစ်

( သက်တန့်ရောင်ပန်း—ရှူ )

---

# အိုးထိန်းပင်

| | | |
|---|---|---|
| သက္ကတ | ဂုဂ္ဂုလဓူပ | ( ဂုဂ္ဂုလ်-ဓူပ် ) |
| ပါဠိ | ဂုဂ္ဂုလဓူပ | ( ဂုဂ္ဂုလ်-ဓူပ် ) |
| လက်တင် | Ailanthus Malabarica | |

**ပုံသဏ္ဌာန်။** ။အိုးထိန်းပင်သည် ပင်ကြီးမျိုး ဖြစ်၏၊ ပင်စည် ဖြောင့်မတ်၍ အလွန် မြင့်မားသော အပင် ဖြစ်၏၊ အခက်အလက် များသည် တောင်တမာ၊ သစ်ကတိုး၊ အာဖရိက ကျူလစ် အပင် အရွက်ထွက်သကဲ့သို့ ထွက်၏၊ ရွက်တံ တလက်တွင် အရွက် ၁၀-စုံ၊ ၁၅-စုံ စသည် ဖြင့် စုံထွက်၏၊ တရွက်ချင်း ကြည့်မူ ခန့်မှန်း အလျား ၃-၄-လက်မ ရှိ၍ အနံ ၂-လက်မ ရှိ၏၊ ရွက်တံလက်တွင် အလျား ၂-ပေခွဲမှ ၃-ပေမျှ ရှိ၏၊ အပွင့် ဖြူ၏၊ အခေါက် ထူ၏၊ ၎င်းအခေါက် ခြောက်သော အခါ သစ်ကြပိုးနံ့ ရ၏၊ အချို့သော သူတို့သည် သစ်ကြပိုး အရိုင်း ဟူ၍ ခေါ် ပြီးလျှင် သစ်ကြပိုး အစားလည်း အသုံးပြုကြကုန်၏၊ အသားမှာ လက်လေး လက်ဆ မရှိ၊ ပေါ့၏၊ အသီးမှာ နီရောင် သန်း၏၊ ၎င်းအပင်၏ အခေါက်များကို ဓား စသည်တို့နှင့် ခုတ်ထစ် ခြစ်မူ အစေးတမျိုး ထွက်၏၊ ၎င်းအစေးကို ( ဂုဂ္ဂုလု ) အိုးထိန်းဆေး ဟု ခေါ်ဝေါ် သုံးစွဲကြ ကုန်၏၊ အိုးထိန်းပင်သည် ရန်ကုန် နှင့် အင်းစိန်ခရိုင်တို့၌ များစွာ ပေါက်ရောက်သည်ကို တွေ့ရ၏၊ ရန်ကုန် မြို့ ဗိုလ်ချုပ်ပန်းခြံတွင် အနည်းငယ် တွေ့ရပြီးလျှင် ကနေဒီကျွန်း၌ကား များစွာ စိုက်ပျိုးထား သည်ကို တွေ့ရပေသည်။

၎င်းအစေး၏ အရောင်သည် ကာကီရောင် နှင့် နက်သောအရောင်များ ဖြစ်၏၊ တဘက်မှ တဘက်သို့ ဖလ် မှန်များကဲ့သို့ ထိုးဖောက်၍ မြင်၏၊ ထိုအိုးထိန်းစေး ( ဂုဂ္ဂုလု ) သည် ပင်ကြီး၊ ပင်ငယ် ၂-မျိုး ရှိ၏၊ ပင်ငယ်မျိုးကို ( သဘော်ာပွဲလျက် ) တွင် ဆက်၍ ကြည့်ပါလေ။

**ဂုဏ် နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒ ဗိန္ဓောဆေးကျမ်းကြီးများ အလိုအားဖြင့် အိုးထိန်း စေးသည် နူးညံ့ ပြေပြစ်၏၊ ချုပ်စေ၏၊ ထက်မြက်၏၊ သလိပ်ကို ပယ်တတ်၏။

**အခေါက်။** ။အခေါက်သည် ဝဖြိုးစေ၏၊ ချုပ်၏၊ အဖျားကို နိုင်၏၊ ဝမ်းမီး နှုန့် ခြင်းကို ပယ်တတ်၏၊ ပိတ်ဝမ်းသွား၊ ဝမ်းကိုက်ရောဂါ နှင့် ဝမ်းဗိုက်တင်းရောင်ခြင်း၊ လေကြော များ ပူခြင်းတို့ကို ငြိမ်းစေ၏၊ မြေဟောက် ကိုက်သော အခါ၌ အဆိပ်ပြေစေရန်လည်း ၎င်းအ ခေါက်ကို သောက်ရ၏။

**အသီး။** ။၎င်းအသီးကို ဆန်နှင့် ရေစပ်၍ မျက်စိရောဂါများတွင်လည်း များစွာ အသုံးပြု၏။

**ဆေး အချိန် အဆ။** ။တခွက်စာ ရွှေးငယ် ၁၀-ရွှေးမှ ၃၀-ရွှေးအထိ နွားနို့နှင့် ရေစပ်၍လည်း အသုံးပြုရ၏။



အိုးထိန်

AILANTHUS MALABARICA

गूगलधूप

ဒ်၊

ကို၊

နေ

အင်

လ၏

ပုံသဏ္ဌာန်။ ။ဒ
ချုံငယ်မျိုး ဖြစ်၏၊ ၎င်းသဉ
စသည်တို့၏ နဖူးကမ်းစပ်မျာ
ဖြစ်၏၊ အဖွင့်မှာ ၄ - ၅ - ပွင့်
များမှာ အိုးဗုတ်၊ ရေဗုတ်ဒ
ဘိုး ဟူ၍၎င်း ခေါ်ဆိုကြ ကု

ဂုဏ် နှင့် စွမ်းရည်။
ပမ်းသွားရောဂါ၌ များစွာ
ရောဂါများ၌ အသုံးပြုရ၏၊
ပြုရ၏၊ ၎င်းအပွင့်၌ တွန့်ရှုံ့ေ
သွားရိုးရိုး နှင့် အတိသာရ ဝေ
သားမျှ ကျန်အောင် ကျိုပြီးေ
ပျောက်ကင်း၏၊ ၎င်းပြုတ်ရေ
မြန်စွာ အသားနု တက်စေ၏၊
နာစေးသောသူ၊ လည်ချောင်
ပတွင်း အာခေါင် ပူလောင် ေ

အရှင်



# အိုးထိမ်းတမျိုး

( သတော်ပွဲလျက်—ရှု။ )

---

## အိုးဗုတ်ပင် ( ဆေးအိုးဗုတ် )

ကုလား नागकेशरी ( နာ-ဂ်-ကေရှိ )
နေပါလ် चौलिसी ( ကျိုလိစီ )
အင်္ဂလိပ် Indian Rhododendron
လက်တင် Melastoma Malabaricum

**ပုံသဏ္ဍာန်။** ။အိုးဗုတ်ပင်သည် အကိုင်းအခက် အလွန် များသည့် ပင်ငယ် သက်ပြင်း မျိုးငယ်မျိုး ဖြစ်၏၊ ၎င်းသည် ရေနီးရာ အရပ်များ၌၎င်း, ချောင်း မြောင်း အင်း အိုင် ရေကန် စသည်တို့၏ နဖူးကမ်းစပ်များ၌၎င်း ပေါက်တတ်၏၊ များသောအားဖြင့် အရွက်မှာ သန်လျက်ပုံ ဖြစ်၏၊ အဖွင့်မှာ ၄ - ၅ - ပွင့် စုပြုံ၍ ပွင့်တတ်၏၊ အရောင် နီပျော့ရောင် ရှိ၏၊ အသီးကလေး များမှာ အိုးဗုတ်, ရေဗုတ်အိုး စသည်နှင့် တူ၏၊ ထို့ကြောင့် အိုးဗုတ်ပင် ဟူ၍၎င်း, ဆေးဗုတ် အိုး ဟူ၍၎င်း ခေါ်ဆိုကြ ကုန်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒ အလိုအားဖြင့် ၎င်း၏ အရွက်သည် အတိသာရ ဝမ်းသွားရောဂါ၌ များစွာ အသုံးပြုရ၏၊ ၎င်း၏ အပွင့်သည် မိန်းမများ မီးယပ်ဖြူဆင်းသော ရောဂါများ၌ အသုံးပြုရ၏၊ ၎င်းအပြင် နာတာရှည် အတိသာရဝမ်းပျက်များ၌ အထူး အသုံး ပြုရ၏၊ ၎င်းအပွင့်၌ တွန့်ရှုံ့စေတတ်သော သဘော ရှိ၏၊ အလွန် ပြင်းထန်သော အတိသာရ ဝမ်း သွားရိုးရိုး နှင့် အတိသာရ သွေးဝမ်းသွားတို့ကို ၎င်းအရွက် ၃ - ကျပ်, ရေ ၄၈ - ကျပ် နှင့် ၆ - ကျပ် သားမျှ ကျန်အောင် ကျိုပြီးလျှင် တခွက်စာ ၃ - ကျပ်သားမျှ တိုက်မူ အထက်ပါရောဂါများ ပျောက်ကင်း၏၊ ၎င်းပြုတ်ရေကို ဖန်ဆေး ပြုမူ အနာများ ပြည်ပုတ် စသည်တို့ စင်ကြယ်ပြီး လျှင် မြန်စွာ အသားနု တက်စေ၏၊ ၎င်းအပြင် ၎င်းအမြစ်၏ အခေါက်ကို ပြုတ်၍ နှုတ်ငုံဆေး ပြုမူ နာစေးသောသူ, လည်ချောင်း အကြောများ တုန်လှုပ်ခြင်း ( သွိမပာုတ် ) အကြောဆွဲခြင်း, နှင့် တွင်း အာခေါင် ပူလောင် ပေါက်ကွဲခြင်းများ ပျောက်ကင်း၏။


---

## အန်ဒမန်

( ပိတောက်—ရှု။ )

အရှင်နာဂသိန် ပုံပြ ဆေးအဘိဓာန်- စတုတ္ထတွဲပြီးပြီ။

No. 23



ဒိုးဗုတ် (ဆေးဒိုးဗုတ်)

MELASTOMA MALABATHRICUM.

चोलिसो



:ဗုတ်)

.BATHRICUM.

အရှင်နာဂသိန်

# ပုံပြဆေးအဘိဓာန် - ပဌမတွဲ

မှ

ကြွင်းကျန်သော ဆေးပင်များ

အရှင်နာဂသိန်
# ပုံပြဆေးအဘိဓာန် (ပဥ္စမတွဲ) မှ
# ကြွင်းကျန်သောဆေးပင်များ

[ က ]

## ကဆစ်သခွား (ပြောင်သခွား)

ပုံပြ ဆေးအဘိဓာန် (ပ) တွဲ ရှု။

## ကညွတ်ပန်း (သဘော်မညိုးပန်း)

ပုံပြ ဆေးအဘိဓာန် (တ) တွဲ ရှု။

## ကတိုးနွယ် (နွယ်ကတိုး)

ပုံပြ ဆေးအဘိဓာန် (ဒု) တွဲ ရှု။

## ကနစို (ဘုံစာသီး)

ပုံပြ ဆေးအဘိဓာန် (ဒု) တွဲ ရှု။

## ကန့်ပင် (သဖန်းနွယ်)

ပုံပြ ဆေးအဘိဓာန် (တ) တွဲ ရှု။

# ကယောပင်

မာဂဓ — သုရိန္ဒ (ခုရိန်-ဒ)

လက်တင် — Excaecara Agallocha

အင်္ဂလိပ် — Tigar's Milk tree, Blinding tree

**ပုံသဏ္ဌာန်။** ။ငင်းကယောပင်သည် အပင်ငယ်မျိုး ဖြစ်၍ အဆိပ် ရှိသော အပ ဖြစ်၏၊ အမြဲ စိမ်းစို၏၊ ၎င်းပင်လုံး နှင့် အကိုင်းအခက်တို့သည် အဖြူရောင် ရှိ၏၊ အရသာမှ အလွန် ထက်မြက်၍ နို့ရည်နှင့် တူသော အရည် ရှိ၏၊ ၎င်း၏ အရွက်သည် လက်ထုပ်ကြ အရွက်နှင့် တူ၏၊ သို့ရာတွင် အနည်းငယ် ထူ၏၊ ရှည်၏၊ နူးညံ့၏၊ ရွက်ညှာရိုးသည် ရှည် အနီရောင်ရှိ၏၊ အပွင့်မှာမူ အဝါရောင် ရှိ၍ အနံ့ မွှေး၏၊ အခေါက်သည် မညီမညာ အ အထစ် ရှိ၏၊ အသားမှာ ဖြူ၍ နူးညံ့ ချောမွတ်၏၊ အမြစ်သည် နူးညံ့ ပျော့ပျောင်း၍ ကန်စွန်း ဥများကဲ့သို့ ရှိ၏၊ ၎င်းကို ရေထဲသို့ ထည့်သည်ရှိသော် ရေကို စုတ်ယူ၏၊ အကယ်၍ ရေကို ညှ လိုက်သော် အခြောက်ကဲ့သို့ ဖြစ်သွား၏၊ ရေစိမ်ထားသော အမြစ်ကို ဓားငယ်ဖြင့် ဖြတ်လိုက် လျှင် စုတ်ယူထားသော ရေသည် ထွက်ကျလာ၏၊ ၎င်းအပင်၏ အခေါက်နှင့် အမြစ်ကို ဆေး ဘက်၌ အသုံးပြုရ၏၊ ၎င်းအပင်သည် မြန်မာနိုင်ငံ နှင့် အနောက်ဘက်ကျွန်းတို့၌ ပေါက်ရောက်၏။

အပင်၏ အခေါက်မှ ထွက်သော နို့ရည်နှင့် တူသည့် အရည်သည် အလွန် ထက်မြက် ပြင်းထန်သောကြောင့် မျက်စိကို ဒုက္ခပေးတတ်၏၊ ထို့ကြောင့် အင်္ဂလိပ် ဘာသာအားဖြင့် "Blinding tree" ဟု ခေါ်၏၊ ၎င်းသည် ပြင်းထန်စွာ ဝမ်းသက်စေတတ်၍ အသား အရေပေါ်တွင် ကျရောက်ခဲ့သော် ထိုကျရောက်ရာ နေရာတွင် ပူလောင်ပြီး မီးလောင်ဖုများကဲ့သို့ အနာ ဖြစ်တတ်၏၊ "အဆိပ်ကို အဆိပ်ဖြင့် ပင် နှိမ်နင်းတိုက်ရာ၏" ဟူသော စကား အရ ယင်း ကယောခေါက် အရည်သည် ၎င်းကိုယ်တိုင် အဆိပ် ဖြစ်နေစေကာမူ အခြားသော အဆိပ် မျိုးကို ပျောက်ကင်း စေနိုင်၏၊ ကင်းမြီးကောက် ကိုက်ရာ၌ ၎င်းအရည်ကို သုတ်သိမ်းပေးသော် အဆိပ် မတက်နိုင်ချေ။

သွေးအန် သွေးကျ အနာဓပေါက် နှင့် အခြား အရေပြား ရောဂါတို့၌ ၎င်းကို ဆီနှင့် ရော၍ အသုံးပြုရာ၏၊ ၎င်းပြင် ထို ကယောရွက် ပြုတ်ရည်ဖြင့် ဆေးကြော ပေးရာ၏။

ချောင်းဆိုး ရောဂါ၌ ကယောစေးကို ဆန်မှုန့်ဖြင့် လုံးအောင် ထုပ်၍ ပေးရာ၏၊

မြွေဆိပ် ကျစေရန် ကယောခေါက် သတ္တုရည်ကို ပေးရာ၏။



)


Blinding tree

၌ အဆိပ် ရှိသော အပ
ပြောင် ရှိ၏၊ အရသာမှာ
ရွက်သည် လက်ထုပ်ကြီ
၊ ရွက်ညှာရိုးသည် ရှည်
ါက်သည် မညီမညာ အ
ပျော့ပျောင်း၍ ကန်စွန်
၏၊ အကယ်၍ ရေကို ညှ
မေးငယ်ဖြင့် ဖြတ်လိုက်
ါက်နှင့် အမြစ်ကို ဆေး
န်းတို့၌ ပေါက်ရောက်၏။

သည် အလွန် ထက်မြက်
ဂ်လိပ် ဘာသာအားဖြင့်
က်စေတတ်၍ အသား
ဦး မီးလောင်ဖုမျာကဲ့သို့
ဟူသော စကား အရ
မှု အခြားသော အဆိပ်
သုတ်သိမ်းပေးသော်

၍ ၎င်းကို ဆီနှင့် ရော၍
၏။

၍ ပေးရာ၏၊



ကလဋ္ဍ (ကာကျူပွတ်)

MELALEUCA LEUCHDEADRON

काजापुति

# ကလဝါ (ကလွှာပင်)

ပုံပြဆေးအဘိဓာန် (ပ) တွဲ- ရှု။

---

# ကလက် (တောင်ဘောင်း)

ပုံပြဆေးအဘိဓာန် (ဒု) တွဲ- ရှု။

---

# ကလန်ပင် (ကာကျူပွတ်)

ပုံပြဆေးအဘိဓာန် (ပဌမတွဲ - စာ-ရှု) (စတုတ္ထတွဲ - ပုံ-ရှု)

---


# ကသည်းပင်

| | | |
|---|---|---|
| ဟိန္ဒီ | कथे | (ကထေ) |
| သက္ကတ | लोखंडी | (လောခံဍီ) |
| လက်တင် | Samadera indica | |
| အင်္ဂလိပ် | Neepa Bark | |

ပုံသဏ္ဍာန်။ ။ကသည်းပင်သည် အမြင့် ပေ ၂၅ - ၃၀-ထက် မမြင့်၊ အစဉ်သဖြင့် စိမ်းလမ်း စိုပြေနေသော အပင် ဖြစ်သည်၊ ၎င်းအပင်၏ အခေါက်တို့မှာ အက်ကွဲသော လယ်မြေကဲ့သို့ ကန့်လန့် ကွဲအက်သော အရေးအကြောင်းများ ရှိသည်၊ တောင့်တင်း ခိုင်မာသော အကိုင်းတို့ကား အရပ်လေးမျက်နှာ လုပစွာ ဖြာထွက်ကြသည်၊ ၎က်တောင်ပုံ, လွန်းပုံဆံသော အရွက်တို့သည် သရဖီရွက်ကဲ့သို့ မာကျောလျက် အမွေးမဲ့ ဖြစ်ကြသည်၊ ကွန်ခြာနှင့် တူသော ရွက်ကြောများ ယှက်သန်း၍ ပမာဏမှာ ၃-လက်မခန့် ရှည်သည်၊ ရွက်ညှာမှာ ၂ ပိုင်း ၁-ပိုင်းလက်မခန့်ရှိသည်။

အပွင့်၏ အရောင်အဆင်းမှာ ပန်းရောင် အနည်းငယ်ရောသော ဝါရောင် ဖြစ်သည်၊ အပွင့်ဖတ်သေးငယ်၍ ခိုင်မြဲသော ပွင့်လွှာရှိသည်၊ အသီးမှာ ဗူးသီးကင်း ပုံသဏ္ဍာန် ရှိ၍ ၂-လက်မခန့် ရှည်သော အတွင်းခွံမာသီး ဖြစ်သည်။

ကသည်းပင် ပေါက်ရောက်ရာ ဒေသမှာ ဣန္ဒိယနိုင်ငံ ကုန်ကန်နှင့် မာလဝါ ပြည်နယ်, သီဟိုဠ်ကျွန်းနှင့် မြန်မာနိုင်ငံ တနင်္သာရီ အထက်ပိုင်းဒေသများ ဖြစ်ကြသည်။



ကသည်းပင်

SAMADERA INDICA.

लोखंडी

No. 24

**ဂုဏ် နှင့် စွမ်းရည်။** ။ကသည်းခေါက်သည် ခါးသော အရသာ ရှိသဖြင့် အဖျားဖြတ်ဆေးများတွင် ထည့်သွင်း အသုံးပြုကြသည်။

အဖျားရောဂါ, လေနာ, အစာမကြေရောဂါ, အားအင်ဆုတ်ယုတ်သော ရောဂါတို့ အတွက် အသားပြုတ်ရည်ကိုငင်း အသားကို အမှုန့်ပြု၍ငင်း အသုံးပြုရသည်၊ အရွက်ပြုတ်ရည် သည်ကား ရောဂါပိုးများကိုငင်း, ခြပိုးများကိုငင်း, အင်းဆက်ပိုးများကိုငင်း အထူးသဖြင့် နိုင်နင်းသောသတ္တိ ရှိ၏။

အရွက်သည် အေးသော ဂုဏ်ရှိသဖြင့် အနာမီး အနာလျှံ တို့၌ အရွက်ကို ကြိတ်၍ အုံပေး ရသည်။

အသီးအဆံမှ အဆီထုတ်ယူနိုင်သည်၊ ၎င်းအဆီဖြင့် အဆစ် အမြစ် ကိုက်ခဲသော ရောဂါ တို့၌ သုတ်လိမ်း ပေးရသည်။

---

## ကာကတုဏ္ဍိ (ရွှေတကုန်းပင်)

ပုံပြဆေးအဘိဓာန် ( တတိယတွဲ - စာရှု ) ( စတုတ္ထတွဲ - ပုံရှု )

---

## ကာကောလီပင်

ပုံပြဆေးအဘိဓာန် ( ပဥ္စမတွဲ - စာရှု ) ( စတုတ္ထတွဲ - ပုံရှု )


---

## ကာဆနီ (ချီကိုရီ)

ပုံပြဆေးအဘိဓာန် ( ပ ) တွဲရှု

---

## ကုလဖာသိမ်



| | | |
|---|---|---|
| သက္ကတ | जलशिरस | ( ဇျ-လ-ဝိရ-စ ) |
| ဟိန္ဒီ | दुर्बला | ( ဒုရ်ဗလာ ) |
| လက်တင် | Trichodesma Indicum | |

**ပုံသဏ္ဌာန်။** ။၎င်းအပင်သည် မြန်မာနိုင်ငံ အိန္ဒိယနိုင်ငံတွင် ခြောက်သွေ့သော ဒေသတို့၌ ပေါက်ရောက်တတ်၏၊ ၎င်းအပင်သည် မိုးရေကို မှီ၍ အသက်ရှင်ရသော အပင်မျိုးဖြစ် ၏၊ အမြင့် ၁-ပေမှ ၃-ပေခန့်အထိ မြင့်၏၊ ပင်လုံးသည် တုတ်ခိုင်၍ ခရမ်းရောင် ရှိ၏၊ အရွက်သည်

၁ ရှိသဖြင့် အဖျားဖြတ်

သာ ရောဂါတို့ အတွက်
ာက်ပြုတ်ရည် သည်ကား
ခြင့် နိုင်နင်းသောသတ္တိ

ချက်ကို ကြိတ်၍ အုံပေး


ကိုက်ခဲသော ရောဂါ

ရှု)

ခြောက်သွေ့သော
သော အပင်မျိုးဖြစ်
င် ရှိ၏၊ အရွက်သည်



ဟာကာတုကျှို (ဆွေ့တာကုန်း)
ASCLEPIAS CURASSAVICA
काकतुंडी



ကာကောလီ
LUVANGA SCADENS.
काकोली

၂-လက်မမှ ၄-လက်မ အထိ
အနားသည် အပြာရောင် ရှိ
သာ ရှိ၏၊

ဂုဏ် နှင့် စွမ်းရည်။
ဖြစ်သော ဆင့်ပွားရောဂါမျ
ကြားစေသော အစွမ်းသတ္တိ

အကြောအဆစ်ရော
အပင်ကိုကြိတ်၍ အုံပေးရ၏

ဆီးရွှင်စေရန် အပင်

ကလေးသူငယ်တို့ ဝ

ပုံသဏ္ဍာန်။
စိုစွတ်သော ဒေသများ ဖြ
ပျပြင်း စွတ်စိုသော အရပ်
ကြသည်။

ကိုကိုးပင်မှာ ၁၂
အထိ မြင့်မားပြီး တနှစ်ပတ်
အခြား အပင်ကြီးများ၏
ထားမှ သာလျှင် သီးသမျှ
ရစေရန် ကိုကိုးပင်ကို ငှက်
ဖြစ်ကြောင်း ထင်ရှားသည်

ကိုကိုးပင်၏ အပွင့်
မှဝင်း ပွင့် သီးကြသည်၊
သည်၊ အသီး၏ ပုံသဏ္ဍာန်
သည်၊ သီးကင်းအရွယ်မှ
လာသောအခါ တဖြေးဖ

၂လက်မမှ ၄-လက်မ အထိရှည်၍ ၃-ပိုင်း ၁-ပိုင်းလက်မမှ ၁-လက်မအထိ ကျယ်ပြန့်၏၊ အပွင့်၏ အနားသည် အပြာရောင် ရှိ၏၊ ပွင့်ညှာမှာ သေးသွယ်၏၊ အမွေးကြမ်း၏၊ အသီးတလုံးတွင် တစေ့သာ ရှိ၏၊

ဂုဏ် နှင့် စွမ်းရည်။ ။ကုလဖာသိမ်သည် မြင်းသရိုက်ရောဂါ, အဆိပ်ကြောင့်ဖြစ်သော ဆင့်ပွားရောဂါများနှင့် ကြိဒေါသတို့၌ ကျေးဇူးများ၏၊ မျက်စိအာရုံကြောကို တက်ကြွနိုးကြားစေသော အစွမ်းသတ္တိ ရှိ၏။

## ရောဂါ အလိုက် အသုံးပြုပုံ

အကြောအဆစ်ရောင်ခြင်း, အသားအရေပေါ်တွင် ယားယံခြင်းတို့၌ ထိုယားယံရာတွင် အပင်ကိုကြိတ်၍ အုံပေးရ၏။

ဆီးရွှင်စေရန် အပင်ကို သုံးခွက် တခွက်တင် ကျို၍ သောက်ရ၏။

ကလေးသူငယ်တို့ ဝမ်းကိုက်ရောဂါ ဖြစ်လျှင် အမြစ်ကို ရေနှင့် သွေး၍ တိုက်ပေးရ၏။

---

# ကိုကိုးပင် ( ကကေးအိုပင် )

လက်တင် Theobroma Cacao

အင်္ဂလိပ် Cocoa

ပုံသဏ္ဍာန်။ ။ကိုကိုးပင်၏ မူလ ပေါက်ရောက်ရာ ဒေသမှာ အမေရိကတိုက် ပူပြင်းစိုစွတ်သော ဒေသများ ဖြစ်ကြသည်၊ ထိုအရပ်ဒေသမှ တဆင့် အာဖရိကတိုက် နှင့် အာရှတိုက်ရှိ ပူပြင်း စွတ်စိုသော အရပ်ဒေသများသို့ ပို့ဆောင်၍ ကိုကိုးပင်များကို တိုးချဲ့ စိုက်ပျိုး၍ လာကြသည်။

ကိုကိုးပင်မှာ ၁၂-ရာသီ အမြဲ စိမ်းလန်းသော အပင် ဖြစ်သည်၊ အမြင့်ပေ ၂၀ - မှ ၄၀ - အထိ မြင့်မားပြီး တနှစ်ပတ်လုံး အပွင့်များ အမြဲမပြတ် ပွင့်သည်၊ ကိုကိုးပင်ကို စိုက်ပျိုးသောအခါ အခြား အပင်ကြီးများ၏ လောင်းရိပ်အောက် စိုက်ရသည်၊ အခြား အပင်ကြီးများ ကာကွယ်၍ ထားမှ သာလျှင် သီးသမျှသော အသီးများ အောင်မြင်နိုင်သည်၊ အချို့သော ခြံကြီးများ၌ အရိပ်ရစေရန် ကိုကိုးပင်ကို ငှက်ပျောပင်နှင့် ရော၍ စိုက်ကြသည်၊ သို့ဖြစ်၍ ကိုကိုးပင်သည် မှီခိုပင်မျိုး ဖြစ်ကြောင်း ထင်ရှားသည်။

ကိုကိုးပင်၏ အပွင့် နှင့် အသီးများသည် ပင်စည် ပင်လုံးမှရင်း, ရင့်သော အကိုင်းကြီးများမှရင်း ပွင့် သီးကြသည်၊ အပွင့်ပေါင်း ၁၅၀၀- ကျော်ပွင့်မှ အသီး လုံးရေ ၂၅- လောက်သာ တင်သည်၊ အသီး၏ ပုံသဏ္ဍာန်မှာ မှို့သီးသဖွယ် သခွားသီးနုအရွယ် ရှိသည့် အသီးတောင့်များ ဖြစ်သည်၊ သီးကင်းအရွယ်မှ စ၍ ရင့်လာသည့်တိုင်အောင် အစိမ်းရောင်များ ဖြစ်သည်၊ အသီး မှည့်လာသောအခါ တဖြေးဖြေး ဝါညစ်သော အရောင်သို့ ပြောင်းလဲသွားသည်၊ ၎င်း ကိုကိုးပင်



ကိုကိုးပင် (ကာကောအိုးပင်)

THEOBROMA CACAO

က်ပျိုးသော ခြံကြီးများ၌ ခြံ
ရှုယူသော လုအပေါင်းတို
သော အသီးများကို တံချူဖြင့်
မှုသော အတွင်းသား အနှစ်
သီး တခုလျှင် အစေ့ ပေါင်

ကိုကိုးစေ့သည် ဗာဒံ
ောင် ( ရသာခေတ် ခါးသ
စေ့ များကို သုံးရက်ခန့် စုပုံ
ောင် နေလှန်း၍ပေးရသည်၊
ောင် မီးဖြင့် ပြုလုပ်ကြသည်
တက်ခြင်းကို ကာကွယ်နိုင်ပေး

ဂုဏ် နှင့် စွမ်းရည်။

ုံး ဖြစ်သည်၊ ၎င်းအစေ့ဆံမျ
န်း အားဆေးများ ဖော်စပ်
တွက် ၎င်းအစေ့ဆံကို ကျ
ျာကလက် ပြုလုပ်ကြလေသ
မ်းနိုင်သည့် ဓာတ်သဘာဝမျ
များဆုံး ဖြစ်လေသည်။

ကု

ဖိ

သ

အင်္ဂ

လက်

ပုံသဏ္ဌာန်။ ။ဂ

သော အပင်မျိုး ဖြစ်သည်
တက်၍ ထွက်ကြသည်၊ အရွက်
ရှိသည်၊ တနည်း လွန်းပုံ
ရှည်သည်။

ပန်းခိုင်သည် ရွက်ကြ
တက်သည်၊ အပွင့်၏ အရောင်

စိုက်ပျိုးသော ခြံကြီးများ၌ ခြံရှင်တို့သည် အသီး မှည့်ချိန်တွင် အလွန်အလုပ်များကြသည်၊ အသီးကို ခူးယူသော လူအပေါင်းတို့သည် လက်လှမ်းမီသော အသီးတို့ကို လက်ဖြင့်ပင် ခူးဆွတ်ကြပြီး မမှီသော အသီးများကို တံချူဖြင့် ချူယူကြသည်၊ အသီး၏ အခွံကို ခွာလိုက်သောအခါ အရသာရှိသော အဝှင်းသား အနှစ်ပျော့ထဲ နစ်မြုပ် ဖုံးမြုပ်၍နေသော ကိုကိုးစေ့များကို တွေ့ရှိနိုင်သည်၊ အသီး တခုလျှင် အစေ့ ပေါင်း ၃၀ - မှ ၅၀ - အထိ တွေ့ရှိနိုင်သည်။

ကိုကိုးစေ့သည် ဗာဒံစေ့ အရွယ်ခန့် ဖြစ်သည်၊ ၎င်းအစေ့များကို ကဇော်ပေါက်လာအောင် ( ရသာဓာတ် ခါးသက်သက် ဖြစ်လာအောင် ) အနှစ် အဖတ်နှင့် ရောစပ်၍ နေသော အစေ့များကို သုံးရက်ခန့် စုပုံ၍ ထားရသည်၊ ထို့နောက် ၎င်းအစေ့များ ခြောက်သွေ့သွားအောင် နေလှန်း၍ပေးရသည်၊ အအေးများသော နိုင်ငံများတွင် အစေ့များကို ခြောက်လွယ်အောင် မီးဖြင့် ပြုလုပ်ကြသည်၊ သို့မှ သာ ကိုကိုးမှုန့် ပြုလုပ်ရာ၌၎င်း၊ ချော့ကလက်ပြုလုပ်ရာ၌၎င်း မြတ်ခြင်းကို ကာကွယ်နိုင်ပေသည်။

ဂုဏ် နှင့် စွမ်းရည်။ ။ကိုကိုးဆီသည် အားဆေး ပြုလုပ် ဖော်စပ်ရာတွင် အသုံးအဝင်ဆုံး ဖြစ်သည်၊ ၎င်းအစေ့ဆီများသည် လူတို့အတွက် အာဟာရဓာတ်ကို ဖြည့်စွမ်းနိုင်သဖြင့် ပဌမတန်း အားဆေးများ ဖော်စပ်ရာတွင် ပါဝင်နိုင်သည်၊ နို့နှင့် ဖျော်၍ သောက်သော ကိုကိုးမှုန့်အတွက် ၎င်းအစေ့ဆီကို ကျွမ်းအောင် လှော်ပြီး ကြိတ်ယူရသည်၊ ၎င်းအမှုန့်ကို ကိုကိုး သို့မဟုတ် ချော့ကလက် ပြုလုပ်ကြလေသည်၊ ကိုကိုးမှုန့်သည် လူတို့အတွက် အာဟာရဓာတ်ကို အထူး ဖြည့်စွမ်းနိုင်သည့် ဓာတ်သဘာဝများ အထူးသဖြင့် ပါဝင်နေသည့်အတွက် ကမ္ဘာတွင် အသုံးအစွဲများဆုံး ဖြစ်လေသည်။

---

## ကုတ်ကင်းပင် ( ကော်ကင်း )

ဟိန္ဒီ  कोकान  ( ကိုကီ-န် )

သက္ကတ  कोकीन  ( ကိုကီန )

အင်္ဂလိပ်  Cocaine.

လက်တင်  Erythroxylon Coca

ပုံသဏ္ဌာန်။ ။ကုတ်ကင်းသည် အမြင့် ၅ - ပေ၊ ၆ - ပေထက် ပို၍ မမြင့်သော ချုံပုတ်သော အပင်မျိုး ဖြစ်သည်၊ ရှည်သွယ်သော အကိုင်းဖျားများမှ အရွက်တို့သည် ပတ်လည်ထွက်၍ ထွက်ကြသည်၊ အရွက်၏ ပုံသဏ္ဌာန်မှာ အဏ္ဍာကာရ ( Ovate ) အရင်း ချွန်သော ဘဲဥပုံရှိသည်၊ တနည်း လွန်းပုံသဏ္ဌာန် ဟု လည်း ခေါ်နိုင်သည်၊ ၂—၂ - ပိုင်း ၁ - ပိုင်း လက်မရှည်သည်။

ပန်းခိုင်သည် ရွက်ကြားထွက် ပန်းခိုင် ဖြစ်သည်၊ ၃ - ပွင့်မှ ၅ - ပွင့် အထိ အစုလိုက် ပွင့်တတ်သည်၊ အပွင့်၏ အရောင်အဆင်းမှာ အဝါရောင် ဖြစ်သည်၊ ၎င်းအပင်၏ ပေါက်ရာ ဒေသမှာ



ကူတ်ကင်းပင်(ကော်ကင်း)

ERYTHROXYLON COCA

कोकीन

ပီရူးနိုင်ငံ, ဗိုလီဗီယားနိုင်ငံ,
အမေရိကနိုင်ငံများတွင်

ဂုဏ် နှင့် စွမ်းရည်။
ပွားစေသည်၊ ထက်မြက်စေ
တိန်း, ဆေးခြောက်တို့ကဲ့သို့
လူမျိုးများ ကုတ်ကင်းရွက်
ကြသည်၊ ကွမ်းထဲ၌ ရော
ထားပါလျှင် ထုံထိုင်း၍နေ
ထက် ပိုလွန်၍ သုံးစွဲပါက

ကုတ်ကင်းသည် ပ
ပိသော ရောဂါများ အတွ
အရွက်ကို နေခြောက်သွေ့
ပေးရသည်၊ သူငယ်များ
သော အရည် အနည်းငယ်

ကုတ်ကင်းကို အား
ကာမအားတိုးဆေး စသည်
ကမ္ဘာတဝှမ်းလုံးတွင် ကု
အပင် ဖြစ်သည်။

**ကုတ်က**

၁ - ကိုယ်ခန္ဓာ ညှိုးနွမ်
၂ - သွားနာ, သွားကို
၃ - အင်အား ကုန်ခမ်
၄ - လေထိုး, လေအေး
၅ - ပန်းနာ မြစ်ခြေ
၆ - သလိပ်ငုပ်, သလိ
၇ - မီးရပ်သွေးမမှန်
၈ - ကာမအားနည်း
၉ - အာ, လျှာ ခြော
၁၀ - အိပ်၍ မပျော်သော

ဂီရှုးနိုင်ငံ, ဗိုလီဗီယားနိုင်ငံ, သီဟိုဠ်ကျွန်း, ဇာဝကျွန်း, အိန္ဒိယနိုင်ငံ, မြန်မာနိုင်ငံ နှင့် တောင်အမေရိကနိုင်ငံများတွင် အနှံ့အပြား စိုက်ပျိုးကြသည်။

**ဂုဏ် နှင့် စွမ်းရည်။** ။ကိုတ်ကင်းရွက်သည် အေးခါးသော အရသာ ရှိသည်၊ အားကိုပွားစေသည်၊ ထက်မြက်သော စွမ်းရည် ရှိသည်၊ အာရုံကြောများကို သန်မာ ကြီးထွားစေသည်၊ ဘိန်း, ဆေးခြောက်တို့ကဲ့သို့ အကျိုးများ ဖြစ်ထွန်းသည်၊ တောင်အာဖရိကလူမျိုးများ နှင့် အိန္ဒိယလူမျိုးများ ကုတ်ကင်းရွက်ကို ထုံးအနည်းနှင့် ရောစပ်ပြီး အမော ပြေစေရန် အတွက် စားသောက်ကြသည်၊ ကွမ်းထဲ၌ ရောထည့်၍လည်း စားကြသည်၊ နှုတ်ခမ်း နှင့် ကိုယ်အင်္ဂါတို့ကို သုတ်လိမ်း၍ ထားပါလျှင် ထုံထိုင်း၍နေသဖြင့် တစုံတရာ ထိခိုက်ခြင်းကို မသိနိုင်၊ ကုတ်ကင်းကို အတိုင်းအတာ ထက် ပိုလွန်၍ သုံးစွဲပါက အဆိပ် အဖြစ်သို့ ရောက်ပြီး အန္တရာယ် ပြုတတ်သည်။

ကုတ်ကင်းသည် ပန်းနာ, လည်ချောင်း၌ ဖြစ်သော အနာ, နှာစေး ချောင်းဆိုးနာ, အအေးမိသော ရောဂါများ အတွက် အရွက်ကို ပြုတ်၍ ရသော အရည်ပူပူကို တိုက်၍ပေးပါ၊ သို့မဟုတ် အရွက်ကို နေခြောက်သွေ့အောင် လှန်းပြီး ဆေးလိပ် သောက်သကဲ့သို့ အခိုးကို သောက်ရှူ၍ ပေးရသည်၊ သူငယ်များ သန်ထိုးသောရောဂါ, လေထိုးသောရောဂါတို့ကို ကုတ်ကင်းရွက်ကို ပြုတ်သော အရည် အနည်းငယ်နှင့် ဆိတ်နို့, နွားနို့ ရောစပ်ပြီး တိုက်ပေးရသည်။

ကုတ်ကင်းကို အားတိုးဆေး, လေကြေ လေနိုင်ဆေး, သလိပ်ရှင်ဆေး, မီးယပ်သွေးမှန်ဆေး, ကာမအားတိုးဆေး စသည်တို့ အတွက် အသုံးပြုကြသည်၊ ထုံဆေး အဖြစ်လည်း သုံးစွဲကြသည်၊ ကမ္ဘာတဝှမ်းလုံးတွင် ကုတ်ကင်းကို နည်းအမျိုးမျိုးနှင့် အသုံးအစွဲ ပြုကြသဖြင့် ကမ္ဘာကျော် အပင် ဖြစ်သည်။

## ကုတ်ကင်းကို သုံးစွဲသဖြင့် ပျောက်ကင်းသော ရောဂါများ
## အကျဉ်းချုပ်

၁ - ကိုယ်ခန္ဓာ ညှိုးနွမ်းသော ရောဂါ၊
၂ - သွားနာ, သွားကိုက်, သွားနဲ့သော ရောဂါ၊
၃ - အင်အား ကုန်ခမ်းသော ရောဂါ၊
၄ - လေထိုး, လေအောင့် ရောဂါ၊
၅ - ပန်းသော မြစ်ခြောက် ရောဂါ၊
၆ - သလိပ်ငုပ်, သလိပ်ပုပ် ရောဂါ၊
၇ - မီးရပ်သွေးမမှန်သော ရောဂါ၊
၈ - ကာမအားနည်းသော ရောဂါ၊
၉ - အာ, လျှာ ခြောက်သော ရောဂါ၊
၁၀ - အိပ်၍ မပျော်သော ရောဂါ၊
၁၁ - ခေါင်းကိုက်သော ရောဂါ၊
၁၂ - မောပန်းသော ရောဂါ၊
၁၃ - ပန်းနာရောဂါ၊
၁၄ - နှာစေး, ချောင်းဆိုး ရောဂါ၊
၁၅ - အအေးမိသော ရောဂါ၊
၁၆ - သူငယ်နာ လေထိုး ရောဂါ၊
၁၇ - အစာ မကြေကျက်သော ရောဂါ၊
၁၈ - ဆာလောင် မွတ်သိပ်သော ရောဂါ၊
၁၉ - သန်ထိုး, ပိုးထသော ရောဂါ၊
၂၀ - စိတ်နှလုံး မချမ်းမြေ့သော ရောဂါ။

---






ကတ္တီ

သ
ဖိ
လ
အ


ပုံသဏ္ဍာန်။ ။(
စိုက်ပျိုးထားသည်ကို တွေ့ရ
ရင့်ထိ အရောင် အမျိုးမျိုး

ဂုဏ် နှင့် စွမ်းရည်။
ရောဂါ, ဘုတ်တစ္ဆေ နှင့်
ပျောက်ကင်းစေ၏၊ သွေးကို
သားအထိကို မြင်းသရိုက်
သည် ကျောက်ကြီးရောဂါ

နားကိုက်ရောဂါ။
နားကိုက်ခြင်း ပျောက်ကင်း

မျက်စိရောဂါ။
နာ ပျောက်ကင်း၏။

မြင်းသရိုက် သွေးယို
ကတ္တီပါပန်းဝါပွင့်ကို ပြုတ်






# ကောက်ရင်ပန်း (ကဍူဥ)

ပုံပြ ဆေးအဘိဓာန် (ပ) တွဲ- ရှု။

---

## ကတ္တီပါပန်းဝါ (မြင်သစ်ထင်တရာ)

| | | |
|---|---|---|
| သက္ကတ | झण्डु | (ဈဏ္ဍု။) |
| ဟိန္ဒီ | लाल मुर्गा | (လာလ်မုရဂါ) |
| လက်တင် | Tagetes Erecta | |
| အင်္ဂလိပ် | French Marigold | |

ပုံသဏ္ဌာန်။ ။ကတ္တီပါပန်းဝါသည် ချုံပင်မျိုး ဖြစ်၏၊ ၎င်းကို ပန်းခြံတို့၌ အလှအပ စိုက်ပျိုးထားသည်ကို တွေ့ရ၏၊ ၎င်း၏ အပွင့်သည် ကြီး၏၊ အဝါရောင် ဖျော့ဖျော့မှ လိမ္မော်ရောင်ရင့်ထိ အရောင် အမျိုးမျိုး ရှိ၏၊ ဘိန်းပွင့် အနံ့နှင့် အနည်းငယ် တူ၏။

ဂုဏ်နှင့် စွမ်းရည်။ ။ကတ္တီပါ ပန်းဝါသည် အရသာ ပူစပ်စပ် ရှိ၏၊ ဖန်၏၊ အဖျားရောဂါ၊ ဘုတ်တစ္ဆေ နှင့် ဂြိုဟ် ဖမ်းစားခြင်းတို့ကို ပျောက်ကင်းစေ၏၊ ဖောရောင်ခြင်းကို ပျောက်ကင်းစေ၏၊ သွေးကို ချုပ်စေတတ်သော သတ္တိ ရှိ၏၊ ပွင့်ဖတ်များ ၆-ပဲသားမှ ၁၂-ပဲသားအထိကို မြင်းသရိုက်ရောဂါ သွေးယိုစီးခြင်း ရပ်တန့်စေရန် ပေးရ၏၊ ကတ္တီပါ ပန်းဝါရွက်သည် ကျောက်ကြီးရောဂါ၌ ကျေးဇူးပြု၏။

### ရောဂါအလိုက် အသုံးပြုနည်း

**နားကိုက်ရောဂါ။** ။ကတ္တီပါ ပန်းဝါရွက် သတ္တုရည်ကို နားထဲသို့ ထည့်ပေးသော် နားကိုက်ခြင်း ပျောက်ကင်း၏။

**မျက်စိရောဂါ။** ။ကတ္တီပါ ပန်းဝါပွင့် အရည်ဖြင့် မျက်စိကို ကွင်းပေးသော် မျက်စိနာ ပျောက်ကင်း၏။

**မြင်းသရိုက် သွေးယိုခြင်း။** ။မြင်းသရိုက်လိပ်ခေါင်းကြောင့် သွေးယိုခြင်း ဖြစ်ခဲ့သော် ကတ္တီပါပန်းဝါပွင့်ကို ပြုတ်၍ သောက်ရ၏။

---

## ကန့်ချုပ်နီပင်

ပုံပြဆေးအဘိဓာန် (ပဉ္စမတွဲ - စာ ရှု) (စတုတ္ထတွဲ - ပုံ ရှု)

---

ကျိုးခြေပင်

LEEA ACCUTA

काकजंघा



ပုံသဏ္ဍာန်။
လားကျွန်း, ကပ္ပလီကျွန်း,
ပေါက်ရောက်သော အပင်

ငှင်းကျိုးခြေပင်သည်
သည် ညောင်ရွက်အသွင်
ရွက်ညှာ ရှည်သွယ်လျက်
ဖျားတိုင်အောင် ထင်ရှား
ပွှာများ ဖြာထွက်ကြကုန်
ကတ္တီပါမွေးနုကလေးမျာ

ပန်းခိုင် ထွက်ပုံမှာ
ထွက် ပန်းခိုင် ဖြစ်၏၊ အပွ
အသီးသည် နုစဉ် စိမ်းပုပ်

ဂုဏ် နှင့် စွမ်းရည်
ပိုးတို့ကို ဖျက်ဆီးတတ်၏၊
အဆိပ်ကို ပယ်ရှားတတ်၏
ထုန်ကျဉ်၍နေခြင်း, နုံ့
ကြောင့်ဖြစ်သော အဖျာ
ရောဂါတို့ကို နိုင်၏၊ အဂ

**တာဝပ္ပကာသ**
သည်းခြေနာ, သလိပ်နာ
ဖက်နာ, နားပင်း, နားအူ

**မီးရပ်ဖြူဆင်းခြ**
မီးရပ်ဖြူဆင်းသော ရော

# ကျီးခြေပင်

| | | |
|---|---|---|
| သက္ကတ | काकजंघा, | (ကာကဇင်္ဃာ) |
| ဟိန္ဒီ | काकजंघा | (ကာ-က်-ဇင်္ဃာ) |
| လက်တင် | Leea Accuta | |

**ပုံသဏ္ဌာန်။** ။ကျီးခြေပင်သည် မြန်မာနိုင်ငံ ဘော်တန်းဒေသတို့ နှင့် အရှေ့ ဗင်္ဂလားကျွန်း, ကပ္ပလီကျွန်း, ဂျာဗားကျွန်း, ကာဆီယတောင်တန်း, ဟိမဝန္တာတောင်တန်းတို့၌ ပေါက်ရောက်သော အပင် ဖြစ်သည်။

၎င်းကျီးခြေပင်သည် ပင်ပမာ ( ချုံနှင့် တူသော ) အပင်ငယ်မျိုး ဖြစ်၏၊ ၎င်း၏ အရွက်သည် ညောင်ရွက်အသွင် အရင်းဝိုက်ပြီး အဖျား ချွန်သွယ်သော သဏ္ဌာန် ရှိ၏၊ အရွက် ထွက်ပုံမှာ ရွက်ညှာ ရှည်သွယ်လျက် ၃ - ၃ ရှိသော ရွက်ဆိုင် ဖြစ်၏၊ ရွက်ကြောသည် ရွက်ညှာရင်းမှ ရွက်ဖျားတိုင်အောင် ထင်ရှားသော အကြောမကြီးမှ ( မြစ်လက်တက်များ ထွက်ဘိသကဲ့သို့ ) အကြောမွှာများ ဖြာထွက်ကြကုန်၏၊ အရွက်၏ အရောင်အဆင်းမှာ စိမ်းပုပ်သော အရောင်အဆင်း ရှိ၏၊ ကတ္တီပါမွေးနုကလေးများကဲ့သို့ ထင်ရှားသော အမွေးကလေးများ ပါရှိသဖြင့်လည်း နူးညံ့၏။

ပန်းခိုင် ထွက်ပုံမှာ ရွက်ခွတို့၏ အကြားမှ အပွင့်လိုက် အခိုင်လိုက် ထွက်သဖြင့် ရွက်ကြားထွက် ပန်းခိုင် ဖြစ်၏၊ အပွင့်သည် အနည်းငယ် ဖြူသောအရောင် ရှိပြီး ညိုသောအဆင်း ဖြစ်၏၊ အသီးသည် နုစဉ် စိမ်းပုပ်သောအရောင် ရှိပြီး မှည့်သောအခါ မည်းနက်သော အဆင်း ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ကျီးခြေမြစ်သည် ခါး၏၊ ဖန်၏၊ ပူ၏၊ ချဉ်သောအရသာ ရှိ၏၊ ပိုးတို့ကို ဖျက်ဆီးတတ်၏၊ ပေါက်သော အနာတို့ကို နိုင်၏၊ အဖျားရောဂါတို့ကို တားမြစ်တတ်၏၊ အဆိပ်ကို ပယ်ရှားတတ်၏၊ လေပြွန်ချောင်း ပူလောင်ခြင်း, ခြေဖျား လက်ဖျား အရေပြားတို့၌ ထုံကျဉ်၍နေခြင်း, နုံ့သော မန္ဒဝမ်းမီး စသော ရောဂါတို့ကို နိုင်၏၊ သည်းခြေ ပူလောင်ခြင်း ကြောင့်ဖြစ်သော အဖျားရောဂါ, ကုဋ္ဌနူနာရောဂါ, နှင်းခူနာ, ဓာတ်အား ကုန်ခန်းသော အနာရောဂါတို့ကို နိုင်၏၊ အလွန်လည်း ကျေးဇူးပြုတတ်၏။

**တာဝပွကာသဆေးကျမ်းတွင်ကား။** ။ကျီးခြေပင်သည် အေး၏၊ ခါး၏၊ ဖန်၏၊ သည်းခြေနာ, သလိပ်နာ, ဖျားနာ, ယားနာ, ရတ္တပိတ်နာ, အဆိပ်နာ, ပိုးနာ, ထိခိုက်မိသော ဒဏ်နာ, နာပင်း, နာအူရောဂါတို့ကို နိုင်၏။

**မီးရပ်ဖြူဆင်းခြင်း။** ။ကျီးခြေပင်၏ အမြစ်ကို ဆန်ဆေးရေနှင့် သွေး၍ သောက်မူ မီးရပ်ဖြူဆင်းသော ရောဂါ ပျောက်၏။

### ကျီးခြေပင်ကို သုံးစွဲသဖြင့် ပျောက်ကင်းသော ရောဂါများ

**အထူးမှတ်ချက်**

| | |
|---|---|
| ၁ - ပိုးကြောင့် ဖြစ်သော ရောဂါ၊ | ၂ - အဆိပ်ကြောင့် ဖြစ်သောရောဂါ၊ |
| ၃ - အဖျားရောဂါ၊ | ၄ - လေပြန်ချောင်း ပူလောင်သောရောဂါ၊ |
| ၅ - ခြေ, လက်ဖျား ထုံကျဉ်သော ရောဂါ၊ | ၆ - အရေပြား ထုံကျဉ်သောရောဂါ၊ |
| ၇ - ဝမ်းမီးနု ့သော ရောဂါ၊ | ၈ - သည်းခြေပူလောင်သော အဖျားရောဂါ၊ |
| ၉ - သွေးမသန့်သော ရောဂါ၊ | ၁၀ - ဓာတ်အားကုန်ခန်းသော ရောဂါ၊ |
| ၁၁ - နှင်းခူနာ၊ | ၁၂ - သလိပ်နာ၊ |
| ၁၃ - ဖျားနာ၊ | ၁၄ - ယားနာ၊ |
| ၁၅ - ရတ္တပိတ်နာ၊ | ၁၆ - နားပင်းသော အနာ၊ |

၁၇ - မီးရပ်ဖြူဆင်းသော ရောဂါ။

---

# ကျောက်ခွဲပင်

| | | |
|---|---|---|
| သက္ကတ | पाषाणभेद | (ပါယှာဏဘေဒ) |
| ဟိန္ဒီ | पाखानभेद पोपल | (ပါယှာက်ဘေ-ဒ်, ပို-ပ-လ်) |
| လက်တင် | Saxifraga Ligulata | |

**ပုံသဏ္ဍာန်။** ။ကျောက်ခွဲပင်သည် နှစ်ကြာခံသော အပင်ငယ်မျိုး ဖြစ်သည်၊ အမည်နှင့် လိုက်အောင် ထိုအပင်များသည် ကျောက်မြေ, ကျောက်ခဲ, ကျောက်တောင်များတွင် သာ ပေါက်လေ့ ရှိသည်၊ မြေကြီးမှ ရေဓာတ်, သတ္တုဓာတ်များ ရယူရေးအတွက် အမြစ်များသည် ကျောက်မြေများကို ဖောက်ခွဲကာ စွဲမြဲ သန်မာစွာ ပေါက်ရောက်တတ်သည်၊ ရုက္ခဗေဒပညာ သင်ကြားရာတွင် ကျောက်ခွဲပင်များသည် အတော်အတန် ထင်ရှားသော အပင်များ ဖြစ်ကြသည်၊ အချို့သော ကျောက်ခွဲပင်များမှာ အလွန် လှပသောကြောင့် ခြံမြေ ဥယျာဉ်များတွင် စိုက်ပျိုး၍ ထားကြသည်။

ကျောက်ခွဲပင်များ ပေါက်ရောက်ပုံမှာ အလွန် ထူးဆန်း အံ့ဩဘွယ်ကောင်းလှသည်၊ အချို့သော ကျောက်တောင်ကြီးများပေါ်တွင် ရေညှိရောင် ကမ္ဗလာကော်ဇောကြီးများ ခင်းထားဘိသကဲ့သို့ စုစုဝေးဝေးဖြင့် စိုပြေ လှပစွာ ပေါက်ကြသည်၊ အချို့သော ကျောက်ခွဲပင်တို့မှာ တပင်နှင့် တပင် ၁-ပေ, ၂-ပေ ခြားလျက် ခပ်ကျဲကျဲ ပေါက်ကြသည်။

ရွက်လွှာကလေးများမှာ ရှည်လျားသော ရွက်ညှာတံတွင် ပင်လယ်ယောက်သွားခုန်းသဏ္ဍာန်ကဲ့သို့ နခမ်းသားလှိုင်းကလေးများ တွန့်ကာ လှပဆန်းကြယ်လှသည်၊ ရွက်လွှာကလေးများမှာ မွဲပြာရောင် ရှိပြီး အလွန် သိမ်မွေ့ချောမွက်သည်။

ပန်းခိုင်များမှာ ခေါင်ညွန့်ဆွဲ ပန်းခိုင်မျိုး ဖြစ်သည်၊ အပွင့်ကလေးများမှာ အဖြူရောင်၊ အနီရောင်၊ ပန်းရောင်၊ မရမ်းစေ့ရောင် စသည်ဖြင့် အရောင်အဆင်း ကွဲပြား ခြားနားလျက် အမျိုးမျိုး ပွင့်ကြသည်၊ ပွင့်ညွှာခိုင် အများတွင် အစုလိုက်၊ အပြုံလိုက်၊ အုံလိုက် ပွင့်ကြသည်၊ အဝါရောင် အပွင့်ကလေးများတွင် အနီစက်ကလေးများ ပါသော ပန်းတမျိုးကို အလွန်လှပသော တောင်ကျောက်ခွဲပန်းရိုင်း တမျိုးဟု ဆိုကြသည်၊ အချို့သော ကျောက်ခွဲပန်းမျိုးများမှာ ပင်စည်ဘေးတွင် ဖူးထွက်၍နေသော သစ်ဖုလုံးကလေးများမှ နှင်းပန်းကဲ့သို့ ရှည်လျားသော ပွင့်တံရိုးတို့ဖြင့် ပွင့်ကြသည်၊ အမွေးမဲ့သော ပွင့်ဖတ် ပွင့်ညွှာများ ဖြစ်ကြသည်၊ ပွင့်ဖတ်လွှာကလေးများမှာ ၅-ခုထက် မနည်း ရှိသည်။

၎င်း၏ အမြစ်သည် ၁-လက်မှ ၂-လက်မအထိ ရှည်သည်၊ အလယ်တွင် ၁-လက်မခန့် ထုလုံး ရှိ၏၊ အမြစ်၏ အရောင်သည် ညိုပြာရောင် ရှိသည်၊ ဤအမြစ်သည် အလွန် ကြမ်းတန်းစွာ မာကြောသော အမြစ် ဖြစ်၏၊ အမြစ်၏ အတွင်းဘက်၌ ဖြူ၏၊ ၎င်း၏ အရသာသည် ချို၏၊ အလွန် မွှေးသော အနံ့ ရှိ၏။

ကျောက်ခွဲပင်၏ အမြစ်ခြောက်ကို ဗယဆေးဆိုင်များတွင် ရရှိနိုင်၏၊ ၎င်း၏ အပင်ငယ်သည် အိန္ဒိယနိုင်ငံ ကသ္မီရနယ် နှင့် နီပေါလ်နိုင်ငံ ဟိမဝန္တာတောင် အလယ်ပိုင်း နှင့် အေးသောနေရာဌာနတို့၌ ပေါက်လေ့ ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ကျောက်ခွဲပင်သည် စေးကပ်၍ သလိပ်ကို ကြေစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ ဆီးကို ရွှင်စေတတ်၏၊ ကျောက်တည်သော ရောဂါ၌ ၎င်းကို ပေးခဲ့သော် အလွန် အစွမ်းထက်၏၊ ဤအပင်ဖြင့် ဆီးကို များလာစေ၍ ကျောက် တဖြည်းဖြည်း ၂-ခြမ်းကွဲသွားစေ၏။

ဝမ်းကိုက်ရောဂါနှင့် ကလေးသူငယ်များ သွားပေါက်ချိန် သွားရည်များယိုခြင်း၊ အနာစက်ကလေးများ ပေါက်ခြင်း ဖြစ်သောအခါ ကျောက်ခွဲပင်ကို အမှုန့်ပြု၍ ပျားရည်နှင့် ရောစပ်တိုက်ကျွေးရာ၏။

မျက်ရည်ယိုသော ရောဂါ၌ ကိုယ်ကို လိမ်းကျံ၍ပေးရာ၏။

ကျောက်ခွဲပင် အမြစ်သည် ကျောက်တည်ရောဂါကို နိုင်၏၊ ၎င်းအမြစ် နှင့် ပင်စည်သည် ဝမ်းကို ချောင်စေ၏၊ အစာအိမ်ကို ကောင်းမွန်စေ၏၊ ကျောက်ခွဲပင် ပြုတ်ရည်သည် အစာကို ကြေစေတတ်၏။

အမြစ်ကို ကြိတ်၍ ပြည်တည်နေသော အနာ၊ သွေးစုနာတို့ကို အုံ၍ပေးရသည်၊ မျက်စိ ပူလောင်သော ရောဂါအတွက်လည်း ထည့်၍ပေးရသည်။

အမြစ်ကို အဖျားရောဂါတွင် အားတိုးဆေးအဖြစ် အသုံးပြုသည်၊ ထုန်နာ ကျဉ်နာပျောက်ဆေးလည်း ဖြစ်သည်။

# ကျောက်ခွဲပင်

**SAXIFRA LIGULATA**

पाषाणभेद



အမြစ်ကို ဝမ်းလေ
အတွက် အသုံးပြုရသည်၊
အပင်ကို မျက်စိအခို
နှင့် ရောစပ်၍ အသုံးပြုရသ

သက္ကတ
ဟိန္ဒီ
လက်တင်

ပုံသဏ္ဌာန်။ ။ဤ
အပင်၏ အရွက်သည် ၂-လ
ဂုဏ်အပင်သည် အာသံနယ်,

ဂုဏ် နှင့် စွမ်းရည်။
ကျောက်တည် ရောဂါတို့ကို
ဖြင့်လည်း အသုံးပြုနိုင်၏။

ဤအပင်၏ ခွက်တင်
ကျည်ရောဂါ, ဆီးပူခြင်း, ဆီ

သက္ကတ
မလာယ
လက်တ

ကျောက်ခွဲပင်၏ အ
သောရောဂါ, ကာလသားရေ

No. 26

အမြစ်ကို ဝမ်းလျှောခြင်း, ချောင်းဆိုးခြင်း, အဆုတ်နှင့် စပ်လျဉ်းသော ရောဂါများ အတွက် အသုံးပြုရသည်၊ အမြစ်သည် ဘိန်းအတွက် ဖြေဆေးလည်း ဖြစ်သည်။

အပင်ကို မျက်စိအခိုးရိုက်သောရောဂါ, ဝမ်းကိုက်ရောဂါ, အပူနာများ အတွက် ပျားရည် နှင့် ရောစပ်၍ အသုံးပြုရသည်။

---

# ကျောက်ခွဲပင်ငယ်

| | | |
|---|---|---|
| သက္ကတ | **पाषाणभेदक** | (ပါ-ယှာဏဘေဒက) |
| ဟိန္ဒီ | **पाषाणभेद छोटा** | (ပါယှာ-ဏ်-ဘေ-ဒ်-ချိုတာ) |
| လက်တင် | Homonoia riparia | |

ပုံသဏ္ဌာန်။ ။ဤကျောက်ခွဲပင်ငယ်သည် အမြဲ စိမ်းစိုသော ချုံပင်မျိုး ဖြစ်၏၊ ၎င်း အပင်၏ အရွက်သည် ၂-လက်မမှ ၆-လက်မ အထိ ရှည်၍ လက်မဝက်မှ ၁-လက်မခန့် ကျယ်၏၊ ၎င်းအပင်သည် အာသံနယ်, မဏိပူရနယ်တို့၌ ပေါက်၏။

ဂုဏ် နှင့် စွမ်းရည်။ ။၎င်းအပင်သည် အနာပေါက်, မုတ္တကိစ် (ဆီးအောင့်) ရောဂါ နှင့် ကျောက်တည် ရောဂါတို့ကို ပျောက်ကင်းစေ၏။ ၎င်းအပင်ကို နူးညံ့သော ဝမ်းနုတ်ဆေး အဖြစ် ဖြင့်လည်း အသုံးပြုနိုင်၏။

၎င်းအပင်၏ ခွက်တင်ကျိုရည်ကို မြင်းသရိုက် လိပ်ခေါင်းရောဂါ, ဆီးအိမ်၌ ကျောက် တည်ရောဂါ, ဆီးပူခြင်း, ဆီးအိမ်ရောင်ခြင်းတို့၌ ပေးရ၏။

---

# ကျောက်ခွဲပင်တမျိုး

| | | |
|---|---|---|
| သက္ကတ | **पाषाणभेद** | (ပါယှာဏဘေဒ) |
| မလာယလန် | **चेरुपुनेरिजल** | (ကျေ့ပုနေ့ရိဋ္ဌလ်) |
| လက်တင် | Rhabedia lycioides | |

ကျောက်ခွဲပင်၏ အမြစ်သည် မြင်းသရိုက်လိပ်ခေါင်းရောဂါ, ဆီးအိမ်၌ ကျောက်တည် သောရောဂါ, ကာလသားရောဂါတို့၌ အသုံးပြု၏။

---

## ကျဲဗဟုံး (ဗဟုံးပင်)

ပုံပြ ဆေးအဘိဓာန် (ဒု) တွဲ- ရှု။

---

## ကြာဖက်သိမ်

ဗင်္ဂါလီ **बन चालिता** (ဗန်-ချာလိတာ)

လက်တင် Leea crispa

**ပုံသဏ္ဌာန်။** ။၎င်းကြာဖက်သိမ်သည် အပင်ငယ်မျိုးဖြစ်၏၊ ၎င်း၏အပွင့်သည် အနည်းငယ်စိမ်းရောင်ရှိ၍ ဖြူ၏၊ အသီးသည် ဆီးသီးနှင့်တူပြီးလျှင် မည်း၍ ညို၏။

**ဂုဏ် နှင့် စွမ်းရည်။** ။၎င်း၏အမြစ်ကို သန်းများကို သုတ်သင်ရာ၌ အသုံးပြုရ၏၊ အရွက်ကို ထုထောင်း၍ ထိခိုက် ရှန သော ဒဏ်ရာပေါ်၌ လိမ်းကျံပေးရ၏။

---

## ကြက်တူရွေးပန်း (သစ်ခွပန်း)

ပုံပြ ဆေးအဘိဓာန် (တ) တွဲ- ရှု။

---


## ကြောင်မြီးကူပင် (ကြောင်မြီးတူလည်းဟု)


လက်တင် Buddleia asiatica

အင်္ဂလိပ် Quinine succiruba

**ပုံသဏ္ဌာန်။** ။ကြောင်မြီးကူပင်သည် အလေ့ကျ ပေါက်သော တနှစ်ခံ ချုံဆံသော အပင်မျိုး ဖြစ်သည်၊ အမြင့် ၃-ပေမျှသာ ရှိသည်၊ မိုးဦးကျစ ကဆုန် နယုန်လတို့၌ “နယုန် မိုးသေး မြက်သားမွေး” ဟူသော မြန်မာ့ဝေါဟာရ စကားပုံအရ မိုးကျ၍ မြက်များ စ၍ ပေါက်သောအချိန်တွင် မြက်များနှင့်အတူ ပေါက်လာတတ်လေသည်။

ကြောင်မြီးကူရွက်သည် ရွက်သွာတံရှည်သွယ်၍ အဏ္ဏာကာရ (Ouate) ခေါ် ဝမ်းဘဲဥ သဏ္ဌာန် အဖျားသွယ်သော အရွက်မျိုး ဖြစ်သည်၊ အရွက်၏ အထက်အောက်တွင် မထင်မရှား ကတ္တီပါမွေးနုကလေးများ ပါရှိသည်၊ အကိုင်းကို ပတ်လည်လှည့်၍ တရွက်ချင်း ပေါက်သည်၊ ရွက်ရင်းဗဟို၏ ရွက်သွာထိပ်မှ ရွက်ဖျားတိုင်အောင် အကြောမကြီးကို မှီတွယ်၍ ကွေးညွတ်သော ရွက်ကြောငယ်ကလေးများ အရွက်၏အနားသားတိုင် ဖြတ်သန်းသွားကြသည်ကို တွေ့နိုင်သည်။





ကြောင်မြီးတူ

BUDDLEIA ASIATICA.

ကြောင်မြီးကူပင်၏ အပွင့်တို့မှာ အရွက်တို့ အကြားအကြား ကိုင်း၏ ဝဲယာ တဖက်တချ
တို့၌ ၄-လက်မခန့် လုံးသွယ်ရှည်ချွန်းသောပုံဖြင့် ပွင့်ကြ၏၊ ထိုအပွင့်တို့မှာ ကြောင်မြီးနှင့်အ
သဏ္ဌာန်တူကြသဖြင့် "ကြောင်မြီးကူ" ဟူ၍၎င်း "ကြောင်မြီးတူ" ဟူ၍၎င်းခေါ်ဝေါ်ကြ

ကြောင်မြီးကူပင်သည် ဆေးဘက်ဝင် နွယ်မြက်သစ်ပင် မျိုးတွင် ပါဝင်၍ ထင်ရှားသော
အပင်ဖြစ်၏၊ သို့ဖြစ်သည့်အတိုင်း ဗိန္ဒောဆရာတို့ အသိများသော ဆေးပင် ဖြစ်ပေသည်၊ ယ
အပင်ကို အချို့သော အရပ်ဒေသများတွင် "ခွေးမြီးပင်" ဟူ၍၎င်း "သားလှကျေးဇူး" ဟူ
၎င်း အမျိုးမျိုးခေါ်ဝေါ်ကြသည်၊၊

ဂုဏ်နှင့်စွမ်းရည်။ ။ကြောင်မြီးကူရွက်သည် စပ်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊
ကြေလွယ်၏၊ ပိုးနာ၊ သလိပ်နာ၊ လေနာတို့ကိုနိုင်၏၊ ကြောင်မြီးကူပွင့်သည် စပ်၏၊ ပူ၏၊ ခါ
၏၊ ပိုးနာ၊ သလိပ်နာ၊ လေနာ၊ နူနာ၊ ကိုယ်ဖောရောင်နာ၊ ဂူနာ၊ သရက်ရွက်နာ၊ နှုတ်မမြိန်နာ၊
ယားနာတို့ကိုနိုင်၏။

ထို့ပြင် ဆီးရောဂါ၊ အဆုတ်မြွှန်ရောဂါ၊ ပန်းနာတို့၌လည်း သုံး၏၊ လူနှင့်သင့်မြတ်၏၊
သည်းခြေနာ၊ ဖျားနာ၊ သလိပ်နာ၊ လေရောဂါတို့ကိုနိုင်၏၊ ကိုယ်အရောင်အဆင်းကိုလည်းပြုတတ်
၏၊ သူငယ်နာ ရောဂါတို့၌ အကျိုးပြု၏၊ ပျောက်ကင်းစေတတ်၏။

---

# ကွီနိုင်ဆေးပင်

လက်တင် Cinchona

အင်္ဂလိပ် Quinine succiruba

ပုံသဏ္ဌာန်။ ။ကွီနိုင်ဆေးပင်သည် အမြဲစိမ်းသော အပင်မျိုး ဖြစ်သည်၊ အရွက်
သည် ချောမွတ်၏၊ ရွက်လှဲလည်း ပေါက်သည်၊ အကိုင်းအခက်များတွင် ဆိုင်၍လည်း ပေါက်
သည်၊ အရွက်၏ ပုံသဏ္ဌာန်မှာ ဘဲဥဖျားသွယ်သော ပုံဖြစ်၏၊ အပွင့်သည် မွှေးကြိုင်ပြီး အရောင်
မှာ အဖြူပန်းရောင်နှင့် ခရမ်းရောင်ရှိ၏။

ကွီနိုင်ပင်၏ မူလပေါက်ရောက်ရာ ဒေသမှာ တောင်အမေရိကတိုက် ဖြစ်၏၊ ခရစ်နှစ်
၁၆၃၈-ခုနှစ်တွင် ပီရူးဘုရင်ခံချုပ်ကတော် "စင်ကိုးနာ" သည် ထိုအပင်၏ အခေါက်ကို စား
သုံးခြင်းအားဖြင့် ငှက်ဖျားရောဂါ ပျောက်ကင်းကြောင်း သိကြသည်၊ ၎င်း "ကောင့်တတ်
စင်ကိုးနာ"ကို အကြောင်းပြု၍ ကွီနိုင်ဆေးပင်ကို "စင်ကိုနာ" ဟုခေါ်ဆိုကြလေသည်။



### ကွီနိုင်ခေါ် စင်းကိုးနာဆေးပင်၏ ရာဇဝင်အကျဉ်းချုပ်

ကွီနိုင် ခေါ် စင်ကိုးနာပင်သည် တောင်အမေရိကတိုက်တွင် မူလပေါက်သည်၊ အများ
အားဖြင့် အန်ဒီးတောင် အရှေ့ဘက်စောင်း အမြင့်ပေပေါင်း ၃,၀၀၀-မှ ၉,၀၀၀-ကြား
တွင် အခြားသစ်ပင်များနှင့်ရော၍ အလေ့ကျပေါက်သည်၊ ကွီနိုင်ပင်သည် မျိုးပေါင်းအမြောက်
အမြားရှိသည်၊ ကွီနိုင်ပင်ကို ရှေးဦးစွာ ပီရူးနိုင်ငံနှင့် အက်ကွာဒေါ နိုင်ငံတို့တွင် တွေ့ရသည်။

င်း၏ ဝဲယာ တဖက်တချက်
မှာ ကြောင်မြီးနှင့်အသွ
ဟူ၍ငင်းခေါ်ဝေါ်ကြ၏၊
င် ပါဝင်၍ ထင်ရှားသော
ပင် ဖြစ်ပေသည်၊ ယင်း
" သားလှကျေးဇူး "ဟူ၍

မီးကို တောက်စေတတ်၏၊
င့်သည် စပ်၏၊ ပူ၏၊ ခါး
ပ်ရှက်နာ, နူတ်မမြိန်နာ,

ဉ်း၏၊ လူနှင့်သင့်မြတ်၏၊
င်အဆင်းကိုလည်းပြုတတ်

ချိုး ဖြစ်သည်၊ အရွက်
ဆိုင်၍လည်း ပေါက်
မွေးကြိုင်ပြီး အရောင်

ဘိုက် ဖြစ်၏၊ ခရစ်နှစ်
၍ အခေါက်ကို စား
ငင်း "ကောင့်တတ်
ါ်ဆိုကြလေသည်။

ျပ်

ပေါက်သည်၊ အများ
၁-မှ ၆,၀၀၀-ကြား
မျိုးပေါင်းအမြောက်
ဘွင် တွေ့ရသည်။



ကွီနိုင်ဆေးပင်
CINCHONA.
किंकिन

တောင်အမေရိကတိုက်သို့ စပိန်လူမျိုးများ မရောက်လာမီ အချိန်ကပင် ထိုနယ်ရှိ တိုင်းရင်းသားများသည် ကွီနိုင်ပင်ကို ဆေးအဖြစ် အသုံးပြုကြသည်ဟု ဆိုသည်၊ ပီရူးဘုရင်ခံချုပ်ကတော်သည် ထိုအပင်၏ တန်ဘိုးကိုသိရှိသဖြင့် ထိုအပင်၏ အခေါက်များကို လိုက်လံစုဆောင်းစေ၍ ငှက်ဖျားရောဂါ စွဲကပ်သူများအား ကုသစေသည်၊ ဤသို့သောအားဖြင့် ကွီနိုင်ဆေးပင်သည် စပိန်နိုင်ငံသို့ ရောက်သွားသည်ဟု ဆိုသည်၊ ထိုအခေါက်ကို ဂျက်ဇူးအစ် ခေါ် ခရစ်ယာန်ဘုန်းကြီးများက လိုက်လံဝေငှသဖြင့် ထိုဘုန်းတော်ကြီးများကို အစွဲပြု၍ ဂျက်ဇူးအစ် အခေါက်ဟူ၍လည်းခေါ်ဝေါ်ကြသည်၊ ထို့ပြင် တခါတရံ ပီရူးနိုင်ငံကိုအစွဲပြု၍ ပီရူး ဗီးယန်းခေါက် ဟူ၍လည်းခေါ်တတ်ကြသည်၊ ၁၉ ရာစုနှစ်အစသို့ ရောက်သောအခါ ထိုအခေါက်ကိုအသုံးများလာ၍ လုံလောက်စွာပင် မရရှိကြတော့ပေ၊ သဘာဝအလျောက် ပေါက်သော အပင်များသည်လည်း မျိုးပြုတ်လုမတတ် ဖြစ်ကြသည်။

ထို့ကြောင့် ကွီနိုင်ခေါ် စင်ကိုးနာ ခေါက်ကို လုံလောက်စွာရရှိရေးအတွက် ထိုအပင်ကို စိုက်ပျိုးရန် အမျိုးမျိုး ကြိုးစားကြ၏၊ ၁၉-ရာစုနှစ် အလယ်သို့ ရောက်သောအခါမှ ကွီနိုင်ပင် စိုက်ပျိုးရေးလုပ်ငန်းသည် ထမြောက်အောင်မြင်လေသည်။

ယခုအခါ ကွီနိုင်ဆေးပင်များကို ဣန္ဒိယနိုင်ငံ, သီဟိုဠ်ကျွန်း, ဂျဝါးကျွန်း, အမေရိကတိုက်မှစ၍ နိုင်ငံအနှံ့အပြားတို့၌ အပူပိုင်းဒေသများတွင် စိုက်ပျိုးကြသည်။

ဂုဏ် နှင့် စွမ်းရည်။ ။ကွီနိုင်ဆေးပင်သည် အခေါက်သုံး ဆေးပင် ဖြစ်သည်၊ ကွီနိုင်ခေါ် စင်ကိုးနာပင်၏ အခေါက်ကို ချက်၍ယူရသော ဆေးခါးဖြစ်သည်၊ ကွီနိုင် ဆေးသည် ငှက်ဖျားရောဂါအတွက် အလွန် အစွမ်းထက်သော ဆေးတလက် ဖြစ်သည်။

**ကွီနိုင်ဆေးဖြင့် ပျောက်ကင်းချမ်းသာစေနိုင်သောရောဂါများ**

အကြောကိုက်ရောဂါ
ခေါင်းကိုက်ရောဂါ
တုတ်ကွေးရောဂါ
အစားပျက်သောရောဂါ
အာဂန္တုက အဖျားရောဂါ
နာတာရှည် ငှက်ဖျားရောဂါ
တကိုယ်လုံး ကိုက်ခဲသောရောဂါ

အထက်ဖော်ပြပါ ရောဂါစသည်တို့ကိုပျောက်ကင်းစေနိုင်သည့်ပြင် ၎င်းကွီနိုင်ဆေးပင်ကို ဆံပင်သန့်စွမ်းအောင် ပြုလုပ်ရာတွင်လည်း ပါဝင် ဖော်စပ်ကြသည်။

**ကွီနိုင်ဆေး အစားများလျှင် ဖြစ်ပေါ်တတ်သော ရောဂါများ**

နားအူရောဂါ
မူးဝေသောရောဂါ

ခေါင်းကိုက်သောရောဂါ
သွေးအားဆုတ်ယုတ်သောရောဂါ

အထက်ပါ ရောဂါများဖြစ်ပေါ်၍ လာသည့်ပြင် သည့်ထက် လွန်ကဲစွာ စားသုံးပါက အသက်ကိုပင် ထိခိုက်နိုင်လေသည်။ အပူပိုင်းဒေသတွင် ငှက်ဖျားရောဂါ စွဲကပ်သူ ပေါများရာ ငှက်ဖျားရောဂါမဖြစ်မီက ကာကွယ်ရန် နှင့် ကူးစက် ပြန့်ပွါးခြင်း မရှိစေရန် ကွီနိုင်ဆေးဖြင့် ကာကွယ်တားဆီးခြင်း ပြုလုပ်ရာ၏။

---

## ကျွဲပြည်စင် (ကင်ပလင်းပင်)

ပုံပြဆေးအဘိဓာန် (ပ) တွဲ- ရှု။

---

## ကျွန်းဖိုပင် (ကျွန်းနလင်)


ပုံပြဆေးအဘိဓာန် (ပ) တွဲ- ရှု။

---

## ကြွက်နဖောင်းပင်

ပုံပြဆေးအဘိဓာန် (ပဉ္စမတွဲ - စာ ရှု) (စတုတ္ထတွဲ - ပုံ ရှု)

---




**ကြွက်နဒေါင်း**

CISSAMPELOS PAREIRA

**ပုံသဏ္ဍာန်။**

ကာတ်၏၊ ၎င်း၏ အရွက်သဉ်
အနီရောင်, အဖြူရောင်, အ
၏၊ အပွင့်အရောင် ကွဲပြားမှု
၃·စား ကွဲပြားလျက် ရှိ၏၊
ပင် ပွင့်ကြ၏၊ ခရုသင်းချော
ဖြူ။ဟူ၍ လောက ဝေါဟာ

ခရုသင်း တပင်လုံး
ပါ မွေးနုကလေးများ ပါရှိ
ပင်လယ်ကမ်းခြေ စသော
လည်း အထက်သို့ ထောင်မ
သင်းပန်း ဟူ၍ ခေါ်ဆိုကြ

**မှတ်ချက်။** ။ခရု
ပေါင်ကဲ့သို့ အရိုးမ
လျက် သို့မဟုတ်
မှတ်ယူစေလိုသည်။

**ဂုဏ် နှင့် စွမ်းရည်။**
ကို ရှည်စေ၏၊ စိတ်နှင့် ပတ်
ဖြစ်၏၊ ပူ၏၊ ဦးကျောက်၏
ပစေ၏၊ ပူစပ်၏၊ အနှစ်သ
ပြုတတ်၏၊ အသက် အရှယ်
အဆိုပ်, သည်းခြေ, ဝက်ရူး
ကို ကင်းစေတတ်၏။

**ဗဗ္ဗဂုဏပကာသနီ**
**အရေ** အကြောတို့ကို နူးညံ့

**No. 27**



## [ ခ ]

# ခရသင်းပွင့်ဖြူ

ဟိန္ဒီ    शंखपुष्पी    (သျှံခပုလီ)

သက္ကတ    शंखपुष्पी    (သျှံခပုပ္ဖိ)

လက်တင်    Evolvulus Alsinoides


**ပုံသဏ္ဌာန်။** ။ခရသင်း ပွင့်ဖြူပင်သည် နွယ်မျိုး ဖြစ်၍ မြေ၌ ပြန့်ကားလျက်ပေါက်တတ်၏၊ ၎င်း၏ အရွက်သည် သေးငယ်၍ မှဲ့ပြာရောင် (မြေမှုန့်ဖုံ ရောင်) ရှိ၏၊ ၎င်း၏ အပွင့်သည် အနီရောင်, အဖြူရောင်, အပြာရောင်ဟူ၍ ၃-မျိုး ရှိ၏၊ ၎င်းအပွင့်သည် ခရသင်း ပုံသဏ္ဌာန်နှင့် တူ၏၊ အပွင့်အရောင် ကွဲပြားမှုအရ ခရသင်း ပွင့်နီ, ခရသင်း ပွင့်ဖြူ, ခရသင်း ပွင့်ပြာ ဟူ၍ ၃-မျိုး ၃-စား ကွဲပြားလျက် ရှိ၏၊ ခရသင်းပင် အရွက်တို့၏ အကြားကြား၌ ရွှေဘိုချည်ခပေါင် ပွင့်သကဲ့သို့ ပင် ပွင့်ကြ၏၊ ခရသင်းခေါင် သို့မဟုတ် ခရသင်းနှင့် တူသော ပန်းများပွင့်ကြသဖြင့် ခရသင်းပွင့်ဖြူဟူ၍ လောက ဝေါဟာရအားဖြင့် ခေါ်ဆိုကြခြင်း ဖြစ်၏။

ခရသင်း တပင်လုံး၌ အဖြူရောင် သို့မဟုတ် အညိုရောင် ဖျော့ဖျော့ နူးညံ့သောကတ္တီပါ မွေးနုကလေးများ ပါရှိ၏၊ ၎င်းအပင်သည် ရေအိုင်, ချောင်း, မြောင်း, အင်းအိုင်, မြစ်ကမ်းပါး ပင်လယ်ကမ်းခြေ စသော ရေနှင့်နီးသော အရပ်တို့၌ ကန်ဇွန်းနွယ်ကဲ့သို့ ပေါက်တတ်၏၊ အချို့လည်း အထက်သို့ ထောင်မက် နွယ်တက်၍ ပေါက်တတ်၏။ ။အချို့သော အရပ်ဒေသတို့၌ ခရသင်းပန်း ဟူ၍ ခေါ်ဆိုကြ၏။

**မှတ်ချက်။** ။ခရသင်းပွင့်ဖြူပင်၏ ပုံစံကို ဖော်ထုတ်ရာ၌ ထောင်မတ်၍ နေသဖြင့် ချဉ်ပေါင်ကဲ့သို့ အရိုးမာမျိုးဟု ထင်မှတ်ဘွယ်ရာ ရှိ၏၊ သို့သော် ပုံစံဖော်ထုတ်ရာ၌ကား ထောင်လျက် သို့မဟုတ် လှဲလျက် အမျိုးမျိုး ရေးဆွဲထားသော်လည်း နွယ်မျိုးဟူ၍ တထစ်ချ မှတ်ယူစေလိုသည်။

**ဂုဏ် နှင့် စွမ်းရည်။** ။ခရသင်း ပွင့်ဖြူပင်သည် အသိဉာဏ်ကို ပွားစေ၏၊ အသက်ကို ရှည်စေ၏၊ စိတ်နှင့် ပတ်သက်သော ရောဂါကို ပယ်ရှားတတ်၏၊ ရသာယန အသက် ရှည်ဆေး ဖြစ်၏၊ ပူ၏၊ ဦးနှောက်၏ အားကို တိုးပွားစေ၏၊ တောက်ပြောင် လှပစေ၏၊ ဝမ်းမီးကိုတောက်ပစေ၏၊ ပူစပ်၏၊ အနှစ်သာရ ရှိ၏၊ အေး၏၊ အသံကို ကောင်းစေတတ်၏၊ ကြက်သရေ မင်္ဂလာကို ပြုတတ်၏၊ အသက် အရွယ်ကို နုပျိုစေတတ်၏၊ အစာကို ကြေကျက်စေ၏၊ အမျက်ဒေါသ, ပိုး, အဆိပ်, သည်းခြေ, ဝက်ရူးရောဂါနှင့် အလုံးစုံသော (ဥပဒ္ဒဝေါ) ဆင့်ပွား ရောဂါ အမျိုးမျိုးကို ကင်းစေတတ်၏။

**ဒဗ္ဗဂုဏပကာသနီ ကျမ်းတွင်။** ။ခရသင်းမြစ်သည် အသံကို ကောင်းစေတတ်၏၊ အရေ အကြောတို့ကို နူးညံ့စေတတ်၏၊ ပညာကို တိုးပွားစေတတ်၏၊ နှလုံးကို ကြည်လင်စေတတ်



# ခရုသင်းပင် (ပွင့်ဖြူ)

## EVOLULUS ALSINODES

## शंखपुष्पी

ဏ်၊ နှလုံးခုန် ရင်တုံ၍ မူးဝေ
ယင့်နာတို့ကို ပယ်ရှားတတ်၊

ပညာကို ပွားစေတ
ကြည်သင်ခြင်းကို ပြုတတ်ေ
ဟု မှာကြားထား၏။

နိဃဏ္ဍုရတနာကရ
သင်းပွင့်ဖြူပန်းသည် ကာမ
ယ်ပူ၏၊ တြိဒေါသ ဂြိုဟ်
ဟု ဖော်ပြထား၏။

ခရုသင်းပန်းသည် ဂ
**စိကိစ္ဆာ ဝိညာဏ ကျမ်း**" ၌
ခရုသင်းပန်းပင်ဖြစ်၏ဟု ည
၍သုံးမျိုးတို့ကို အလုံးစုံ
အပြင် ဝက်ရူးရောဂါ၊ အ
သော ရောဂါတို့၌ အသုံးပြ

**အရူးရောဂါ**။
မျိုးရော၍ ပေးသော် အရူ

**ဝက်ရူးရောဂါ**။
မျိုးကို ဝက်သည်းခြေရည်
လည်းတိုက်၊ လျှာကို ပွတ်

**ပန်းနာ ရင်ကျပ် ရေ**
သောက်လည်းသောက်၊ ပန်

**ချောင်းဆိုး ရောဂါ**
၍ သောက်၊ အခိုးမှိုင်းကိုလ

**အဖျားကြီး၍ သ**
ကို နို့ရည်နှင့်ကြိတ်၍ ပေ
ရောဂါတို့ ပျောက်ကင်း၏။

**ဝမ်းပိုက်ရောဂါနှင့်**
ပြုတ်ရည် တိုက်၍ ပေးရ၏။

**အသက်ရှူပြွန်ချော**
ပန်းရွက် အခြောက်ကို မှိုင်

၏၊ နှလုံးခုန် ရင်တုံ၍ မူးဝေမောပန်းသော ရောဂါတို့ကို ပျောက်ကင်းစေတော်၏၊ ပိုးနာ, အဆိပ်ယင်နာတို့ကို ပယ်ရှားတတ်၏။

ပညာကို ပွားစေတတ်၏ ဟူရာ၌ ခရုသင်း ပွင့်ဖြူ ဆေးမြစ်သည် စိတ်နှလုံး ငြိမ်းအေး ကြည်လင်ခြင်းကို ပြုတတ်သောကြောင့် ပညာကို ပွားစေတတ်၏ ဟူသော အဓိပ္ပာယ်ကို ယူလေ ဟု မှာကြားထား၏။

**နိဃဏ္ဍုရတနာကရကျမ်းတွင်လည်း။** ။ဖော်ပြခဲ့ပြီးသော ဂုဏ် သတ္တိတို့ အပြင် ခရုသင်းပွင့်ဖြူပန်းသည် ကာမအားကို တိုးပွားစေတော်သော ဝါဇီကရဏ ဆေးလည်း ဖြစ်၏၊ အနည်းငယ်ပူ၏၊ တြိဒေါသ ဂြိုဟ်ဖန်းစားခြင်းနှင့် အလုံးစုံသော "ဥပဒ္ဒဝေါ"တို့ကို ပျောက်ကင်းစေ၏ ဟု ဖော်ပြထား၏။

ခရုသင်းပန်းသည် လူသားတို့၏ ဦးနှောက်ကို ပဓာနအားဖြင့် ဆောင်ရွက်၏၊ "**အာယုဗ္ဗေဒ စိကိစ္ဆ ဝိညာဏ ကျမ်း**" ၌ လူသားတို့၏ ဦးနှောက် အစွမ်းသတ္တိကို ပေးနိုင်သော အပင်ကား ခရုသင်းပန်းပင်ဖြစ်၏ဟု ညွှန်ပြထားလေသည်၊ ထိုကျမ်းတွင် မြင်းခွာရွက်, ခရုသင်းပန်း, စယို-ဤသုံးမျိုးတို့ကို အလုံးစုံသောဆေးတို့ထက် ဦးနှောက်ကို အကျိုးပြုကြောင်း မိန့်ဆိုအားသည့် အပြင် ဝက်ရူးရောဂါ, အရူးရောဂါ, မှတ်ဉာဏ်အားနည်းခြင်း စသော ဦးနှောက်နှင့် စပ်လျဉ်းသော ရောဂါတို့၌ အသုံးပြုသင့်ကြောင်း ဖော်ပြထား၏။

**အရူးရောဂါ။** ။ခရုသင်းပွင့်ဖြူပန်း သတ္တုရည်, ပျားရည်, ပန်းနု ဋင်းဆေးသုံးမျိုးရော၍ ပေးသော် အရူးရောဂါ အမျိုးမျိုး ပျောက်ကင်း၏။

**ဝက်ရူးရောဂါ။** ။ခရုသင်း ပန်းအခြောက်, ပိဘောက်မှို, ဆင်အချင်း, ဋင်းဆေးသုံးမျိုးကို ဝက်သည်းခြေရည်ဖြင့် ကြိတ်ပြီး အတောင့်လုပ်၍ထား၊ ဋင်းဆေးတောင့်ကို သွေး၍ လည်းတိုက်၊ လျှာကို ပွတ်၍လည်း ပေး၊ ဝက်ရူးရောဂါ ပျောက်၏။

**ပန်းနာ ရင်ကျပ် ရောဂါ။** ။ခရုသင်း ပန်းခြောက်ကို ဆေးလိပ်ကဲ့သို့ လိပ်၍ အခိုးရှူ သောက်လည်းသောက်၊ ပန်းနာရင်ကြပ် ပျောက်၏။

**ချောင်းဆိုး ရောဂါ နှစ်ရှည်ကြာ။** ။ခရုသင်း ပန်းခြောက်ကို ဆေးလိပ်ကဲ့သို့ လိပ်၍ သောက်၊ အခိုးမှိုင်းကိုလည်း ရှူ၍ပေး၊ ချောင်းဆိုး တာရှည်သော ရောဂါ ပျောက်၏။

**အဖျားကြီး၍ သတိကင်းသော ရောဂါ။** ။ခရုသင်းပန်းနှင့် ဇီယာ ဆေး၂မျိုးတို့ကို နို့ရည်နှင့်ကြိတ်၍ ပေးရသော် ကယောင်ကတန်း ပြောခြင်းနှင့် သတိလွတ်ကင်းသော အဖျား ရောဂါတို့ ပျောက်ကင်း၏။

**ဝမ်းပိုက်ရောဂါနှင့် အစာမကြေသော မန္ဒဝမ်းမီးညှံ့သော ရောဂါ။** ။ခရုသင်းပန်း ပြုတ်ရည် တိုက်၍ ပေးရ၏။

**အသက်ရှူပြွန်ချောင်းကျဉ်းသော ရောဂါနှင့် ပန်းနာ ရင်ကျပ်ရောဂါ။** ။ခရုသင်း ပန်းရွက် အခြောက်ကို မှိုင်းရှူ၍ ပေးရ၏။

**မျက်စိရောဂါ မျက်စဉ်း။** ။ခရုသင်းပန်း, ဖန်ခါးသီး, လင်းနေ့, ပန်းနု, ပိတ်ချပ်, ဂြုပ်ကောင်း, သစ်ဆိမ့်သီးဆန်, မြင်းသီလာ အထက်ပါ ဆေးတို့ကို အမျှစီ အမှုန့်ပြုပြီး ဆိတ်နို့နှင့် ကြိတ်၊ အတောင့်လုပ်၍ထား၊ ရေဖြင့်သွေးပြီး မျက်စိသီ, တိမ်စွဲ, မျက်သားတက်, စသော မျက်စိရောဂါများ ပျောက်ကင်း၏။

**မှတ်ချက်။** ။ခရုသင်းပွင့်ဖြူ, ပွင့်နီ, ပွင့်ပြာ အားလုံးတို့သည် တူညီသော အကျိုးသွာဂုဏ် သတ္တိ အတူတူပင် မှတ်ရာ၏၊

---

# ခရေ (ရှိင်း)

**သက္ကတ** तालवृक्ष (တာလဝရိက္ခ)

**ဟိန္ဒီ** खिरनी (ခိရနီ)

**လက်တင်** Mimasops Kanki

**ပုံသဏ္ဍာန်။** ။ခရေ ( ရှိင်း ) သည် မလေးကျွန်းစွယ် နှင့် ၎င်းအနီး ကျွန်းအားလုံးတို့၌ ပေါက်ရောက်သည်ကို တွေ့ရ၏၊ ၎င်းအပင်သည် အလွန်ကြီးထွား ပြန့်နှံ့တက်၏၊ ၎င်း၏ အရွက်သည် ဘဲဥပုံ ဖြစ်၏၊ အသီးသည် ၁.လက်မခန့် ရှည်၍ လိမ္မော်ရောင် ရှိ၏၊ အလွန် နှစ်သက်ဘွယ်ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ခရေရှိင်းပင်၏ အမြစ် နှင့် အခေါက်သည် ချုပ်စေတတ်သော သတ္တိရှိ၏၊ ယင်းအခေါက် နှင့် အမြစ်တို့သည် ကလေးသူငယ်တို့၏ ဝမ်းသက်ခြင်းကို ရပ်တန့်စေရန် ပေးရ၏။

အရွက်ကို နှမ်းဆီနှင့် ကျိုချက်၍ ၎င်းဆီ၌ ယင်းခရေရှိင်း အခေါက် အတွင်းသားအမှုန့်ကို ရောထည့်၍ လိမ်းကျံပေးသော် ထုန်နစိုးရောဂါ ပျောက်ကင်း၏။

ခရေ ( ရှိင်း ) ပင်၏ အရွက်တို့ကို နနွင်း, ချင်းစိမ်း နှင့် ကြိဘ်၍ ရောင်ရမ်းသော နေရာတွင် အုံပြီး စည်းထားသော် ရောင်ရမ်းခြင်းကို ပျောက်ကင်းစေ၏။

ခရေ ( ရှိင်း ) ပင်၏ အစေးကို နားပူလောင်သော ရောဂါနှင့် မျက်စိ တိမ်စွဲခြင်းရောဂါတို့၌ ယှဉ်ဘက်ဆေးတို့နှင့် အသုံးပြုရ၏။

ခရေ ( ရှိင်း ) စေ့သည် အားကိုဖြစ်စေ၍ အဖျားရောဂါကို တားမြစ်တတ်၏၊ ၎င်းသည် နူနာရောဂါ, ရေငတ်ရောဂါ, တွေဝေသောရောဂါ နှင့် အဆစ်အဆက် ရောင်ရမ်းခြင်း, ဖောက်ပြန်ခြင်းတို့၌ အကျိုးပြု၏။

**၎င်း ခရေ ( ရှိင်း ) စေ့သည် ပိုးကိုလည်း နှိုင်၏။**

**ဓဒါက်တာ ကာနယ်ကျိုပရာကား** — ၎င်းခရေ (ရှိုင်း) သည် အားကို ဖြစ်စေတတ်၏၊ အများရောဂါကို တားဆီးတတ်၏၊ ပိုးတို့ကို ဖျက်ဆီးတတ်၏၊ ၎င်းသည် ကလေး သူငယ်တို့၏ [illegible]သက်ခြင်း နှင့် မျက်စိရောဂါတို့၌ အကျိုးများကြောင်း လက်တွေ့ ရသမျှ ဖော်ပြထား၏။

# ခီရကာကောလီ

သက္ကတ ক্ষীর কাকোলী

**ပုံသဏ္ဌာန်**။ ။ခီရကာကောလီပင်သည် နွယ်မျိုးတွင် ပါဝင်သော အပင်ဖြစ်သည်၊ နွယ်သည် စိမ်းသော အရောင်ရှိပြီး အလျားလိုက် ဖြူသော အစင်းကလေးများ ရွက်ဖျားတိုင်အောင် ခပ်စိပ်စိပ် လှပစွာ ပါရှိသည်၊ အနွယ်၏ အတွင်းသား အရောင်သည် ဖြူဖျော့ဖျော့ အရောင်ရှိသည်၊ အနွယ်ကို ချိုး၍ ကြည့်လျှင် ဆပ်သဖြင့် ကျိုးလွယ်သော သဘော ရှိသည်၊ အပင်သည် ပုံသဏ္ဌာန်အားဖြင့် ဝက်ကြွပ်ပင်နှင့် ခပ်ဆင်ဆင် တူသည်၊ အပင်၏ မြေဝင်ပိုင်းတွင် ယုန်နားရွက်ကဲ့သို့သော ဖြူဖွေးသော ဥများ ပါရှိသဖြင့် ဥကို အသုံးပြုသော အပင် ဖြစ်သည်၊ ပါဠိအဘိဓာန်ကျမ်း၌ ခီရကာကောလီကို မျောက်ငိုပင်ဟု အနက် ပြန်ဆိုသည်။


အရွက်သည် ဝါးဘိုးရွက်ကဲ့သို့ ရှည်သွယ်၍ အနည်းငယ် ပြန့်ကားသော အရွက်ဖြစ်သည်၊ အရွက်၏ ပုံသဏ္ဌာန်မှာ သလ္လာကာရ (ခေါ်) လှံစွပ်ပုံနှင့် တူသောအရွက် ဖြစ်သည်၊ ရွက်ညှာမရှိ၊ ထူထဲသော အခွံဖြင့် အနွယ်ကို ရစ်ပတ်ဖုံးအုပ်ပြီး အနွယ်ကို ဘယ်-ညာ တဘက်စီ ရွလျက် တလှည့်စီ ပတ်လည်လှည့်၍ လှေခါးထစ်သဖွယ် ပေါက်သည်၊ အရွက် တခု နှင့် တခု အကွာအဝေးမှာ ၂-လက်မ မှ ၃-လက်မအထိ ရှိသည်၊ အရွက် မျက်နှာပြင်ပေါ်၌လည်း မျဉ်းချ၍ ထားထားသကဲ့သို့သော အဖြူစင်းကလေးတို့သည် ရွက်ရင်းမှ ရွက်ဖျားတိုင်အောင် ခပ်စိပ်စိပ် ညီညာလှပစွာ အစင်းလိုက် အစင်းလိုက် ရှိကြသည်၊ အနွယ်၏ အဖျားရွက်ညွန့် ဖူးကလေးသည် တဆင့်ထက်တဆင့် မြင့်တက်ရန် တရွက်စီ ပွင့်အာလျက် ရှိကြသည်။

**ဂုဏ် နှင့် စွမ်းရည်**။ ။**ဂဏနိဃဏ္ဍုကျမ်း** အလို— ခီရကာကောလီသည် သုက်ကိုဖြစ်စေတတ်၏၊ နို့ရည်ကို ပွားစေတတ်၏၊ ကြေလွယ်၏၊ ရသ-ဝီရိယ-ဝိပါက အားဖြင့် ကာကောလီ နှင့် တူ၏။

အဋ္ဌဝဂ္ဂ - ဆေးရှစ်ပါးခေါ်ပုံ

| | |
|---|---|
| ၁ - ဇီဝက | ၂ - ရိသဘက |
| ၃ - မေဒါ | ၄ - မဟာမေဒါ |
| ၅ - ရိဒ္ဓိ | ၆ - ဝုဒ္ဓိ |
| ၇ - ကာကောလီ | ၈ - ခီရကာကောလီ |

ဟူ၍ ဆေး (၈) ပါး ရှိ၏၊ ၎င်းကို 'အဋ္ဌဝဂ္ဂ' ဟု ခေါ်၏၊ ထိုဆေး (၈) မျိုးတို့တွင်—



ခီရကာကောလီ
क्षीर काकोली

၁ -

ရင်းဆေး ၂-မျိုးသည်

၃ -

မေဒါဥသည် ဖြူသေ
ကွက်၏။

မဟာမေဒါဥသည် ဖြူ

ရင်းဥ ၂-မျိုးသည် နွ
လည်း ပါရှိ၏၊ ကောသလဝေ

၄ - ကာ

ကာကောလီဥသည်
သောအဆင်း ရှိ၏။

ခီရကာကောလီဥသည်
မေးတို့ ထွက်ကုန်၏။ ။ရင်း
ပေါက်ကုန်၏။

ဆေး (ဂ) မှ

၁ - ဇီဝက နှင့် ရိသ
ထည့်သွင်း ဖော်စပ်ရာ၏။

မှတ်ချက်။ ။ဥမှန်ဥ
အခက်းတွင် ပါဝင်
တတိယတွဲတွင် ရှု။

၂ - ရိဒ္ဓိ နှင့် ဝုဒ္ဓိ။
ဖော်စပ်ရာ၏။

မှတ်ချက်။ ။ရိဒ္ဓိ ဆေး

၃ - မေဒါ နှင့် မ
သွင်းဖော်စပ်ရာ၏။



### ၁ - ဇီဝက ၂ - ရိသဘကဆေး ၂-မျိုး

၎င်းဆေး ၂-မျိုးသည် ကြက်သွန်ဥ နှင့် တူ၏၊ ဟိမဝန္တာတောင်၌ ပေါက်ကုန်၏။

### ၃ - မေဒါ ၄ - မဟာမေဒါ - ဆေး ၂-မျိုး

မေဒါဥသည် ဖြူသော အဆင်း ရှိ၏၊ လက်သည်းနှင့် ဆိတ်၍ ကြည့်လျှင် အရည် ယို၏။

မဟာမေဒါဥသည် ဖြူသောအဆင်း ရှိ၏၊ ဂျင်းတက်နှင့် သဏ္ဍာန်အားဖြင့် တူ၏။

### ၅ - ရိဒ္ဓိ ၆ - ဝုဒ္ဓိ - ဆေး ၂မျိုး

၎င်းဥ ၂-မျိုးသည် နွယ်နှင့် တူ၏၊ ဥအပေါ်၌ ဖြူသော အမွေးများ ပေါက်၏၊ အပေါက် လည်း ပါရှိ၏၊ ကောသလတောင်၌ ပေါက်၏။

### ၇ - ကာကောလီ ၈ - ခီရကာကောလီ ဆေး ၂-မျိုး

ကာကောလီဥသည် ခီရကာကောလီဥ နှင့် သဏ္ဍာန်အားဖြင့် တူညီ၏၊ အနည်းငယ် ညို သောအဆင်း ရှိ၏။

ခီရကာကောလီဥသည် ရှဥ့်မတက်ဥနှင့် တူ၏၊ ၎င်းဥမှ နို့ကဲ့သို့ မွှေးကြိုင်သော အဖြူ ရေးတို့ ထွက်ကုန်၏။ ။၎င်းဆေးပင် ၂-မျိုးသည် မေဒါ နှင့် မဟာမေဒါ ပေါက်သော အရပ်၌ ပေါက်ကုန်၏။

### ဆေး (၈) မျိုးရခဲပုံ တူညီသော အကျိုးသွား နှင့် ဖော်စပ်ပုံများ

၁ - ဇီဝက နှင့် ရိသဘက။ ။၎င်းဆေး ၂-မျိုးမရပါလျှင် ဥမှန်ဥကို ဆေးအဖြစ် ထည့်သွင်း ဖော်စပ်ရာ၏။

**မှတ်ချက်။** ။ဥမှန်ဥ ဆေးအသုံးကို ယခု ပုံပြ ဆေးအဘိဓာန် စတုတ္ထတွဲ (အ) အက္ခရာ အခဏ်းတွင် ပါဝင် ဖော်ပြထား၏။ ။ရိသဘက ဆေးအသုံးကို ပုံပြဆေးအဘိဓာန် တတိယတွဲတွင် ရှု။

၂ - ရိဒ္ဓိ နှင့် ဝုဒ္ဓိ။ ။၎င်းဆေး ၂-မျိုး မရပါလျှင် ဖျံဥကို ဆေးအဖြစ် ထည့်သွင်း ဖော်စပ်ရာ၏။

**မှတ်ချက်။** ။ရိဒ္ဓိ ဆေးအသုံးကို 'ပုံပြ ဆေးအဘိဓာန်' တတိယတွဲတွင် ရှု။

၃ - မေဒါ နှင့် မဟာမေဒါ။ ။ဆေး ၂-မျိုး မရပါလျှင် ရှဥ့်မတက်ဥကို ထည့် သွင်းဖော်စပ်ရာ၏။

**မှတ်ချက်။** ။ရှဉ့်မတက် အသုံးကို 'ပုံပြ ဆေးအဘိဓာန်' ပဌမတွဲ **ကညွတ်** (ရှဉ့်မတက်) ဟူ၍ (က) အက္ခရာ အပိုင်းတွင် ပါဝင်ဖော်ပြထား၏။ ။မေဒါ မဟာမေဒါတို့၏ ဆေးအသုံးကို 'ပုံပြ ဆေးအဘိဓာန်' ဒုတိယတွဲတွင် ရှု။

**၅ - ကာကောလီ နှင့် ခီရကာကောလီ။** ။ဆေး ၂-မျိုး မရပါလျှင် ဒဟာသကိုမြစ်၏ ထည့်သွင်း ဖော်စပ်ရာ၏။

**မှတ်ချက်။** ။ဒဟာသကို ဆေးအသုံးကို 'ပုံပြ ဆေးအဘိဓာန်' ဒုတိယတွဲတွင် ရှု၊ **ကာကောလီ** ဆေးအသုံးကို 'ပုံပြ ဆေးအဘိဓာန်' ပဌမတွဲတွင် ရှု။

ဇီဝက နှင့် ဝုဒ္ဓိ ဆေး ၂ မျိုးတို့၏ အပင်ပုံစံကို တိကျစွာ မရရှိသေးသည့် **အတွက်** ၎င်းဆေး ၂-မျိုးတို့၏ ရသ- ဝိပါက ဂုဏ်-ကိစ္စတို့ကိုသာ ဖော်ပြလိုက်ပါသည်။

## ဇီဝက

**ဂဏနိဂဏ္ဍုဆေးကျမ်း အလို။** ။ဇီဝက ဆေးသည် အေး၏၊ ချို၏၊ သွေးနာ၊ သည်းခြေနာ၊ လေနာ၊ ခယရုဂ်နာ၊ ကိုယ်ပူနာ၊ အဖျားရောဂါတို့ကို နိုင်၏၊ သုက် နှင့် သလိပ်ကို ပွားစေတတ်၏။

**နိဃဏ္ဍုရတနာကရကျမ်း အလို။** ။ဇီဝကဆေးသည် ချို၏၊ အေး၏၊ သုက်၊ သလိပ် အားတို့ကို ဖြစ်စေတတ်၏၊ ရတ္တပိတ်နာကို နိုင်၏၊ လေနာ၊ သည်းခြေနာ၊ အဖျားရောဂါ၊ ကိုယ် ပိန်ကြုံသောရောဂါ၊ ချောင်းဆိုးနာ၊ ကိုယ်ပူနာ၊ သွေးဖောက်ပြန်သော ရောဂါတို့ကို နိုင်၏။

## ဝုဒ္ဓိ

**နိဃဏ္ဍုရတနာကရကျမ်း အလို။** ။ဝုဒ္ဓိဆေးသည် ချို၏၊ သားသမီးကို ရစေတတ်၏၊ ကိုယ်ခန္ဓာကို စည်ပင်ဝဖြိုးစေတတ်၏၊ သုက်ကိုပွားစေတတ်၏၊ ရတ္တပိတ်နာ၊ ချောင်းဆိုးနာ၊ ခယရုဂ်နာ၊ ဥရောခတနာတို့ကို နိုင်စေတတ်၏။

**သုက်ပွား အားရှိ လိမ်းဆေး။** ။ခီရကကောလီ၊ အစိမ်းရောင် ပဲဖိစပ်၊ ကာကောလီ၊ ခွေးလေးယားစေ့၊ ရိသဘက၊ ရိဒ္ဓိ၊ မေဒါ- အထက်ပါ ဆေး ၆-မျိုးကို အမှုန့်ပြု၊ ထောပတ်နှင့်ချက်ပြီး လိမ်း၍ ပေးပါလျှင် အထူးအားဖြင့် သုက်ကို ပွားစေ၏၊ သန္နိပါတ် ရောဂါကို ပျောက်ကင်းစေ၏။

**ခယရုဂ် ရောဂါ လိမ်းဆေး။** ။ခီရကကောလီ၊ ရွှေတိုင်းမြစ်၊ ဥမှန်ဥ- ဤဆေး ၃- မျိုးကို ခယရုဂ်ရောဂါတွင် ဒွေးဓမ်းကြောင့် ဖြစ်သော ခေါင်းကိုက် ရောဂါကို အသုံးပြုရာ၏။

**နံဘေးအောင့်ခြင်း၊ ပန်းနာရင်ကျပ်ခြင်း လိမ်းဆေး။** ။ခီရကာကောလီ၊ သဘော်မျက်မွေးမဲ၊ ကညွတ်- ဤဆေး ၃-မျိုးကို နှမ်းဆီနှင့် သို့မဟုတ် မုန်ညင်းဆီနှင့် ချက်ပြီး အောင့်သောနေရာကို လိမ်း၍ ပေးရာ၏။

**အသံဝင် အသံပြာ လျှက်ဆေး။** ။ခိုရကကောလီ, ပန်းဥ, ပန်းလိမ်မြစ်— ဤဆေး ၇-မျိုးကို အမှုန့်ပြုပြီး ပျားရည် ထောပတ်နှင့် ချက်၍ လျှက်ရာ၏။

**သည်းခြေ ချောင်းဆိုး ရောဂါ။** ။ခိရကကောလီ, ကာကောလီ, မြေပုံ ခရမ်းကြီး, ခရမ်းငယ်, မေဒါ, မဟာမေဒါ, မယားကြီးရွက်, သဘော်ချဉ်းခြောက်, အထက်ပါ ဆေးတို့ကို အမှုန့်ပြုပြီး နို့ရည် သို့မဟုတ် ပဲနောက်ပြုတ်ရည်တို့ဖြင့် တိုက်ကျွေးရာ၏။

**သုက်ပွား အားရှိ ဝုသျှခ ီရဆေး။** ။ခီရက ကောလီ၊ စွန်ပလွန်ခေါင်း၊ မာသ်ပဲ၊ ကညွတ်၊ စွန်ပလွန်သီး၊ သစ်မယ်ဇယ်ပွင့်၊ သပျက်သီး၊ ခွေးလေးယားသီး— ဆေး ၈-မျိုး ၃-ကျပ်သားစီ အမှုန့်ပြု၊ ရေ ၃-ပိဿာ ၆၄-ကျပ်သားနှင့် ၄-ပုံ ၁-ပုံကြွင်းအောင် ကျိုပြီး စစ်၍ယူ၊ ပြုတ်ရည်ကို နွားနို့နှင့် ရောပြီး မီးနွေးနွေးနှင့်ချက်၊ သကြားအနည်းငယ် ခပ်၍ ကောက်ညှင်း ထမင်းနှင့် စားပါ။

**အသိုးအို သားသမီးရစေသော အပစ္စခ ီရ ယောဂဆေး။** ။ခ ီရကာကောလီ, မေဒါ, ဇီဝန္တိ, ဥမ္မန်ဥ, မြေပုံခရမ်း, ဆူးလေ, ခြသေ့်နို့, (ကျဲကျောင်းမစင်ငယ်) မာသ်ပဲ, ဂျုံ, သလေးစပါး— အထက်ပါ ဆေး ၉-မျိုး ၁-ကျပ်သားစီ၊ အမှုန့်ပြု၊ နို့ရည် ၃-ပိဿာ ၃၈-ကျပ် သားရော၍ နို့နှစ်ကျန်အောင်ကျို၊ နောက် သကြားနှင့် ထောပတ်ရောပြီး တဖန် ပြန်၍ ကျိုပြီး နံနက်ည တဇွန်းစီစား၊ အသက် ၇၀-ကျော်သော အသိုးကြီးများပင် သားသမီး ရနိုင်၏။

**ခယရုပ်ရောဂါလိမ်းဆေး။** ။ပုဏ္ဏရိကာဒ၂ လေပဆေး—ခ ီရကာကောလီ, ကြာဖြူရိုး, ကြောင်ပန်းရွက်, ပဒ္မာဝစ္ဆံ, ကံ့ကော်ဝစ္ဆံ, ကြာညိုဝစ္ဆံ, ဝက်မြေစာဥ— ဆေး ၈-မျိုးကို အမှုန့်ပြုပြီး ထောပတ်နှင့် ချက်၊ ခယရုပ်ရောဂါကို လိမ်း၍ ပေးရာ၏။

## စရကသံဟိတာ ကုထုံးကျမ်းကြီးမှ

### ဣန္ဒြောက္တ-ရသာယနဆေး

သိကြားမင်းသည် ရသေ့မြတ်တို့အား အာယုဗ္ဗေဒ တည်းဟူသော အမြိုက်တရားကို ဟောကြားပြီးနောက် အရှင်တို့ ဤအာယုဗ္ဗေဒ ဆေးပညာကို လေ့လာတော်မူပါ၊ ခန္ဓာကိုယ် ကို စောင့်ရှောက်ခြင်းငှာ အာယုဗ္ဗေဒ ကျမ်းတို့၌ ဆိုသော အလုံးစုံသော စည်းကမ်းတို့ကို ကျင့်သုံးပါ၊ ယခုအခါ အောက်ပါ အသက်ရှည်ဆေးတို့ကို မှီဝဲရန် ကောင်းသောအခါ ဖြစ်၏။

ဟိမာလယ တောင်၌ ဖြစ်ကုန်သော နတ်ဆေးတို့သည် ဤအချိန် အခါ၌ သတ္တိနှင့် ပြည့်စုံ ကုန်၏၊ ထိုနတ်ဆေးတို့ကား—

| | |
|---|---|
| ၁ - ခ ီရကာကောလိ | ၂ - ကာကောလီ |
| ၃ - မေဒါ | ၄ - မဟာမေဒါ |
| ၅ - ဇီဝန္တိ | ၆ - ဇီဝက |
| ၇ - ရိဒ္ဓိ | ၈ - ရိသဘက |
| ၉ - စာကလေးသခွား | ၁၀ - မြင်းခွာရွက် |

၁၁ - ဂဠုန်တောင်ပန်
၁၂ - မရကန်ငယ်
၁၃ - မရကန်ကြီး
၁၄ - ကညွတ်
၁၅ - ဥမ္မန်ဥ
၁၆ - ပရန္ဒဝါ
၁၇ - ဝက်ချေးပနဲ
၁၈ - သာလပဒ္ဓိ
၁၉ - လင်းလေ
၂၀ - စမုန်စပါး
၂၁ - စမုန်နီ
၂၂ - နွယ်ချို
၂၃ - မုဂ်ပဲရိုင်း ( ပဲနောက်ရိုင်း )
၂၄ - မာသ်ပဲရိုင်း
၂၅ - သစ်ကြွေးသီး
၂၆ - သစ်မယ်ဇယ်သီး
၂၇ - သလေးဆန်

ဤဆေးတို့ကို နို့ရည်နှင့် အတူ အစီအမံ အတိုင်း ၆-လတိုင်အောင် မှီဝဲခဲ့သော် အသက်ရှည်ခြင်း၊ အရွယ်ပျိုမြစ်ခြင်း၊ ရောဂါကင်းခြင်း၊ အသံကောင်းခြင်း၊ အဆင်းလှခြင်း၊ ဝဖြိုးခြင်း၊ ပညာရှိခြင်း၊ သတိကောင်းခြင်း၊ ကောင်းမြတ်သော ခွန်အားဗလ ရှိခြင်းနှင့် အခြားသော အလိုရှိသော အကျိုးတို့ကို ရ၏။

---

## ချ ယ ား (ခရေပင်)

ပုံပြ ဆေးအဘိဓာန် ( ပ ) တွဲ ရှု။

---

## ချဉ်ဖျစ် (ချဉ်ပြစ်ပင်)

ပုံပြ ဆေးအဘိဓာန် ( ပ ) တွဲ ရှု။

---

## ချိန်ရွှေးငယ် (ချင်ရွှေးပင်)

ပုံပြ ဆေးအဘိဓာန် ( ပ ) တွဲ ရှု။

---

## ချိန်ရွှေးငယ်-နီ-ဖြူ (ရွှေးပင်)

ပုံပြ ဆေးအဘိဓာန် ( တ ) တွဲ ရှု။

---

## ချွေးခေါင်းတဗွက် (ယင်းပြားအမို)

ပုံပြ ဆေးအဘိဓာန် ( တ ) တွဲ ရှု။

---

# ခွေးလှေပြွတ်ပင် ( တဖွက်ပင် )

ပုံပြ ဆေးအဘိဓာန်(ဒု) တွဲ- ရှု။

---

[ ၈ ]

## ဂမုန်းကျေးမြီး

**ပုံသဏ္ဍာန်။** ။ဂမုန်းကျေးမြီးဟု ခေါ်ဆိုခြင်းမှာ ၎င်းအပင်၏ အရွက်သည် ကျေးမြီးနှင့်သဏ္ဍာန် တူသောကြောင့် မြန်မာဝေါဟာရအားဖြင့် ဂမုန်းကျေးမြီးဟု ခေါ်ဆိုကြခြင်းဖြစ်သည်၊ ထိုဂမုန်းကျေးမြီးသည် ဥရှိသော အပင်ဖြစ်သည်၊ ကြက်သွန်အနီဥမှ အဖြူရောင် ထွန်း၍ လာသော ကြက်သွန်အဖြူဥနှင့် ပုံစံတူသည်။

**ဂုဏ် နှင့် စွမ်းရည်။** ။အနာမီးလျှံ, အနာစက်, ပြည်-သင်ရည် ယိုစီးသော အနာများ အတွက် အထူးသဖြင့် ပျောက်ကင်းစေသော ဆေးပင် ဖြစ်သည်။ ။ပြုလုပ်နည်းမှာ ဂမုန်းကျေးမြီးဥကို မီးတွင် ပြာနှံဆိုက်အောင် အကျွမ်းဖုတ်ပြီး ၎င်းပြာနှုကို အုန်းဆီနှင့် ဖျော်စပ် လိမ်းပေးရသည်။

---

## ဂမုန်းကြက်သွန်

**ပုံသဏ္ဍာန်။** ။ဂမုန်းကြက်သွန်သည် ဟင်းချက်၍ စားသော ကြက်သွန်နီဥနှင့် ပပ်ဆင်ဆင်တူသည်ဟု ဆိုရသော်လည်း အရွက်မှာ အနည်းငယ် ကွဲပြားလျက်ရှိသည်၊ ဟင်းချက်ကြက်သွန်နီ၏ အမြိတ်သည် အခေါင်းပါးသဖြင့် ပွလျောင်း ပျော့ပြောင်းသော သဘောရှိသည်၊ ဂမုန်းကြက်သွန်၏ အမြိတ်ကား အခေါင်းမရှိ၊ ရေခါကာရ (Linear) ခေါ် ကြိုးပြားသေး ပုံသဏ္ဍာန်ရှိပြီး သေးသွယ် ရှည်လျားသည်၊ ဂမုန်းကြက်သွန်နီ ဥ၏ အရွယ် အစားမှာ ဟင်းချက်ကြက်သွန်နီ ဥတလုံးကဲ့သို့ပင် အရွယ်အစား တူသည်၊ အရောင်မှာ ပန်းနုရောင် ရှိသည်။

**ဂုဏ် နှင့် စွမ်းရည်။** ။မီးပူ၊ ရေနွေးပူ၊ ထမင်းရေပူ လောင်သောအခါ ဂမုန်းကြက်သွန်ကို ကြိတ်ပြီး နဲလျှင် အုံ၍ ပေးရသည်၊ များလျှင် ၎င်းဥကို အရေညှစ်ယူပြီး လောင်သော နေရာအနှံ့ အပြား သုတ်လိမ်း၍ ပေးရသည်။

---

# ဂမုန်းဂျင်းဖြူ

**ပုံသဏ္ဌာန်။** ။ဂမုန်းဂျင်းဖြူသည် ရိုးရိုးဂျင်းပင်များကဲ့သို့ပင် အရွက် ရှည်ရှည်လျား လျားရှိသည်၊ ရုတ်တရက် ကြည့်လျှင် ဟင်းသုံးဂျင်း ရိုးရိုးအပင်ဟုပင် ထင်ရသည်၊ အရွက်အနား သားမှာ အဖြူရောင် အကွက်များ ပါရှိပြီး အရွက်ကြောများသည် ထင်ရှား ပေါ်လွင်လျက် ပေ်စိပ်စိပ်ရှိသည်၊ အရွက်ရိုးတန်သည် ရှည်သွယ်သည်၊ ၎င်းအရိုးတန်ထက် အရွက်သည် ၂-ဆမျှ ရှည်လျက် အထက်သို့ ခပ်ကိုင်းကိုင်း ရှိသည်၊ ဂျင်းတက်ကဲ့သို့သော မြေပေါ်သို့ ကန့်လန့်ရှည်လျား သော အတက်များမှ အပင်ပွားကလေးများ ပေါက်ကြသည်၊ ပင်စည် ပင်လုံးမရှိ၊ ရိုးရိုးအပင် များကဲ့သို့ပင် ဖြစ်သည်။

**ဂုဏ် နှင့် စွမ်းရည်။** ။**အဖောအရောင် ရောဂါ**— ဂမုန်းဂျင်းဖြူပင် ပဉ္စငါးပါး ကို နုတ်နုတ်ပါအောင် စင်းပြီးလျှင် ရေဖောဖောထည့်ပြီး ၃-ပုံ ၁-ပုံ ခန်းအောင် ပြုတ်ရသည်၊ ၎င်းပြုတ်ရည်ကို ဆားအနည်းငယ် ထည့်ပြီး နံနက်တကြိမ် ညတကြိမ် တနေ့လျှင် နေ့စဉ်မှန်မှန် ၂ကြိမ်ကျ သောက်၍ ပေးပါလျှင် အဖောရောဂါ ကျဆင်းပြီး ချမ်းသာခြင်း ရှိသည်ဟု ဂမုန်း ကျမ်း၌ အဆိုရှိသည်။

---

# ဂမုန်းဆေးတလုံး

**ပုံသဏ္ဌာန်။** ။ဂမုန်းဆေးတလုံးပင်၏ အရိုးတံသည် နီသောအဆင်း ရှိသည်၊ ဖလံ တောင်ဝှေး ရိုးတံနှင့် သဏ္ဌာန် တူသည်၊ အရွက်သည် ပေါက်စ ဖြစ်သော ငှက်ပျောပင်၏ အရွက် နှင့် ဆင်ဆင်တူသည်၊ အနီးစပ်ဆုံး ပုံစံထုတ်ရသော် ဂမုန်းသူတော်ရွက်နှင့် ခပ်ဆင်ဆင် တူသည်၊ အရွက်သည် အထက် အောက် ချောမွတ်ပြီး ရွက်ကြောများ လှပစွာ ရှိသည်၊ ဥ ရှိသော အပင် ဖြစ်သဖြင့် ထန်းစေ့ခန့်သော ဥများ တွေ့မြင်ရသည်။

ဂမုန်းဆေးတလုံးကို အများအားဖြင့် ကျွဲ, နွားတို့၌ ဖြစ်ပေါ်တတ်သော ရောဂါများ အတွက် အသုံးအစွဲ ပြုကြသည်၊ ကျွဲ,နွားများ အစာမစားဘဲ အမွေးဆောင်းလျက် စွဲကပ်သော ရောဂါများ အတွက် ဂမုန်းဆေးတလုံး ဥကို ကြေညက်အောင် ထောင်းပြီး အရည်ကို ညှစ်၍ ယူ ရာ၏၊ ၎င်းအရည်ကို ဆားခပ်ပြီး တိုက်၍ ပေးရမည်၊ ဆေးတိုက်ပြီး မကြာမီ အစာများ စားလာပါ လိမ့်မည်၊ အစာ မစားသေးလျှင် နောက်ထပ် တိုက်ပေးပါ၊ ထိုဆေး အရည်ဖြင့် ပင် ဆား အနည်းငယ် ထည့်ပြီး မျက်စဉ်း ခပ်၍ ပေးရသည်။

---

# ဂမုန်းဆင်စွယ်

**ပုံသဏ္ဌာန်။** ။ဂမုန်းဆင်စွယ်သည် မြေပေါက် အပင် အားလုံးတို့တွင် တမျိုး **တဘာသာ ထူးခြားသော အပင် ဖြစ်သည်၊ ဆင်စွယ်နှင့် အလွန် တူသဖြင့်လည်း မြန်မာ ဝေ**

ာရအားဖြင့် ဂမုန်းဆင်စွယ် ဟု မှည့်ခေါ်ကြခြင်း ဖြစ်သည်၊ ဂမုန်းဆင်စွယ်ကို ၂-မျိုး ၂-စား ရှိကြောင်း သိသူ အလွန် နည်းပါးသည်၊ တမျိုးသော ဂမုန်းဆင်စွယ်ပင်သည် အရေးအကြောင်း အစင်း မပါဘဲ ပုလင်းကဲ့သို့ လုံးချော ဖြစ်သည်။

ဂမုန်းဆင်စွယ် တမျိုးမှာ အောက်ခြေမှ အထက်သို့တိုင်အောင် အရေး, အစင်းများ အလျားလိုက် ခပ်စိတ်စိတ် ပါရှိသည်၊ ပင်လုံးကို ကိုင်၍ ကြည့်လျှင် ခပ်ကြမ်းကြမ်း တွေ့ရှိရမည်၊ အရေး, အစင်းများ ရှိကြောင်းကို အနားသို့ ကိုင်ကြည့်, ကပ်ကြည့်မှ သာ လျှင် သိသာ ထင်ရှားသည်၊ ၂ မျိုးလုံး ဆေးဘက်ဝင်သော အပင်များ ဖြစ်ကြသည်၊ ဂမုန်းဆင်စွယ် ၂-မျိုးလုံး အစိမ်း ရင့်ရောင် ရှိသည်၊ အရွက် ဟူ၍ လုံးဝမရှိဘဲ မြေကြိုက်လျှင် လုံးပတ် ၃-လက်မ, အရှည် ၃-ပေမျှ မြေပေါ်သို့ ထောင်မတ် ထိုးထွက် နေသည်ကို လူတိုင်း မြင်ဘူးကြမည် ဖြစ်၏၊ အမြစ်ပွားများ မှ အချောင်းလိုက် အပင်ပွားကလေးများ မြေပေါ်သို့ အရှိုး အရှိုး ပေါ်ထွက်၍ လာကြသည်။

## ဂမုန်းဆင်စွယ်၏ ဂုဏ် နှင့် သတ္တိ

**နားကိုက် နားပြည်ယိုသော ရောဂါ။** ။ဂမုန်းဆင်စွယ်ကို မီးအုံးပြီး နားတွင်းသို့ အရည် ညှစ်၍ ခပ်နွေးနွေးကလေး ထည့်ပေးရသည်၊ မီးရပ်ရောဂါအတွက် ၎င်းအပင်ကို အကွင်း အကွင်း လှီးပြီး မီးရပ်ချက်ဆေး ပြုလုပ် ဖော်စပ်ကြသည်။

---

# ဂမုန်းကတိုးအသေး

**ပုံသဏ္ဍာန်။** ။ဂမုန်းကတိုးသည် ကွမ်းစားဂမုန်းတွင် ပါဝင်သော အပင် ဖြစ်ကြောင်း ပုံပြဆေးအဘိဓာန် ပဌမတွဲတွင် အနည်းငယ် ဖော်ပြထား၏၊ ဂမုန်းကတိုးရွက်သည် ကွမ်းစား ဂမုန်းရွက်ထက် အနည်းငယ်မျှ သာ သေး၏၊ အရောင်အဆင်းမှာ စိမ်း ဝါနုရောင် အဆင်း ရှိ၏၊ ပင်စည်, ပင်လုံး မရှိဘဲ မြေတွင် ဝပ်၍ ပေါက်သော အပင် ဖြစ်၏၊ ဥ ရှိသော အပင် ဖြစ်သဖြင့် ဥကလေးများမှ အပင်ကလေးများ ပေါက်ပွားကြသည်၊ အပွင့်များ တခါတရံ သာ ပွင့်တတ်သည်၊ သွေးဆေး နှင့် သူငယ်နာ အုပ်ဆေးများတွင် ပါဝင် ဖော်စပ်ရသော ဆေးဘက်ဝင် ဖြစ်သည်၊ အရိပ် ရှိသော နေရာတွင် သဲနှင့် မြေဆွေး ရောစပ်၍ စိုက်ရသည်၊ အပူ မကြိုက်။

**ဆေးအဘိဓာန်ကျမ်း အလို။** ။ဂမုန်းကတိုးပွင့်သည်ကား– သလိပ်, သည်းခြေ နှင့် လျော်၏၊ မျက်စိနာ, ခေါင်းခဲနာတို့ကိုငင်း, မူးဝေသော အနာကိုငင်း ချမ်းသာစေတတ်၏။

---

# ဂမုန်းနီ

**ပုံသဏ္ဍာန်။** ။ဂမုန်းနီပင်သည် ကတိုးနွယ်ပင်နှင့် တူ၏၊ အချို့ကား ကတိုးနွယ်ပင် ဟူ၍ ပင် ခေါ်ဆိုနေကြ၏၊ အပင် နှင့် ရိုးတံ အရွက်တို့သည် နီသော အဆင်း ရှိသဖြင့် ဂမုန်းနီ ဟူ၍ ခေါ်ဆိုကြသည်။

**ဂုဏ် နှင့် စွမ်းရည်။** ။မျက်စိကို ကြည်လင်စေခြင်— ဂမုန်းနီရွက်သည် ချမ်းအေးသော သဘော ရှိခြင်းကြောင့် မျက်စိကို ကြည်လင်စေတတ်၏။

**ခံတွင်း၌ ပေါက်သော အနာ။** ။ဂမုန်းနီရွက်ကို ၃-ပုံ ၁-ပုံ ခန်းအောင် ကျိုပြီးလျှင် အရည်ကို ခပ်နွေးနွေး ငုံထားပေးပါ။

**လေထိုး, လေအောင့်။** ။ဂမုန်းနီရွက်ကို အထက်ပါအတိုင်း ကျိုပြီးလျှင် ဆားမီးဖုတ် စပ်၍ ကျွေဇွန်းနှင့် ၂-ဇွန်း ၂-ဇွန်း—တနေ့ ၃-ကြိမ် သောက်ပါ။

**ချောင်းဆိုးသွေးပါ, အဆုတ်နာ။** ။ဂမုန်းနီ ဥကို ဆားမီးဖုတ် နှင့် ရောပြီး အမှုန့်ထောင်း၊ အမှုန့်ကို ပျားရည်နှင့် ဖော်ပြီး တနေလှန်းပြီး ဆေးကို ရွှေးကြီး—တနေ့ ၂-ကြိမ် မှန်မှန် စား၍ပေးပါလျှင် သွေးပါသော ရောဂါကြီးများပင် ပျောက်ကင်း၏။

---

# ဂမုန်းတိမ်ပြာ (နနွင်းပြာ)

ပုံပြ ဆေးအဘိဓာန် (၃) တွဲ ရှု။

---

## ဂေါ်ရခါးနံနံ

| | | |
|---|---|---|
| **သက္ကတ** | अश्वघ्री | (အသွ၂ဃရိ) |
| **ဟိန္ဒီ** | जलखारी | (ဂျလာခာရိ) |
| **လက်တင်** | Zanthoxylum budrunga | |

**ပုံသဏ္ဍာန်။** ။ဝင်းဂေါ်ရခါး နံနံပင်သည် အိန္ဒိယနိုင်ငံ ကိုကိနနယ်, မိုက်ဆိုးနယ်, ဩဒိသနယ် ခါသိယာတောင်တန်းနှင့် မြန်မာနိုင်ငံတို့တွင် ပေါက်ရောက်၏၊ ၎င်း၏ အခေါက်သည် ဝါဖန့်ဖန့် အရောင် ရှိ၍ ဆူး ရှိ၏၊ ၎င်း၏ အပွင့်သည် ပွင့်ဖတ် ၄-ဖတ် ရှိ၏၊ အသီးသည် လုံးဝိုင်း၏၊ အစေ့သည် ရှည်လုံးလုံး ဖြစ်၏၊ အရောင်မှာ ပြာ၍ မည်း၏၊ ဆီကဲ့သို့ တောက်ပ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒ အလိုအားဖြင့် ၎င်း၏ အသီးသည် ပူ၏၊ ဝမ်းမီးကို တောက်စေ၏၊ ဆာလောင်ခြင်းကို ဖြစ်ခစေတတ်၏၊ ၎င်းသည် သလိပ်ကို ဖျက်ဆီးတတ်၍ ပန်းနာရင်ကျပ် နှင့် လေပြွန်ချောင်း ပူလောင်ခြင်းတို့၌ ကျေးဇူး များ၏၊ နှလုံးရောဂါ, ကြက်ညှာ ချောင်းဆိုး, မြင်းသရိုက် ရောဂါ နှင့် ပါးစပ်, သွား, လည်ချောင်း ရောဂါတို့၌လည်း ကျေးဇူး ပြု၏။

**ယူနာနီဆေးကျမ်း** အလိုအားဖြင့် ၎င်းဂေါ်ရခါးနံနံသည် ပူ၏၊ အနံ့မွှေး၏၊ ခြောက်သွေ့၏၊ တက်ကြွစေ၏၊ ဝမ်းမီးကို တောက်စေသော ဂုဏ် သတ္တိ ရှိ၏၊ ဝမ်းမီးနုန့်ခြင်းနှင့် ဝမ်းအက်ခြင်းတို့ကို ပျောက်ကင်းစေ၏။

အချို့ဒေသ၌ ၎င်းဂေါ်ရခါးနံနံ၏ အခေါက်ကို ဝမ်းနုတ်ဆေး အဖြစ် အသုံးပြုကြ၏။

ဖျားနာသောအခါ၌ ဂေါ်ရခါးနံနံ၏ အသီးကို စမုန်ဖြူနှင့် ရောကြိတ်၍ ရောဂါသည်အား တိုက်ကျွေးကြကုန်၏။

အကြော အဆစ်ရောင်နာ၌ ဂေါ်ရခါးနံနံသီးကို ပျားရည်နှင့် ရော၍ ပေးရ၏။

---

# ဂျင်စိန်း ( ကောလီသိန် )

ပုံပြ ဆေးအဘိဓာန် ( ပ ) တွဲ ရှု။

---


# ဂျပ်တယ်ပင် ( အဆိပ်ပင် )

**ပုံသဏ္ဌာန်။** ။ဂျပ်တယ်ပင်သည် ချုံဆံသော အပင်မျိုး ဖြစ်သည်၊ ၎င်း၏ ပင်စည်နှင့် အရိုး, အရွက်တို့သည် စိမ်းညိုသော အရောင်အဆင်းဖြင့် မာကြောသော သဘော ရှိသည်၊ အရွက်သည် ဂေါလာကာရ (Rotund) အရွက်မျိုး အပါအဝင် ဖြစ်၍ အရွက်နား ပတ်လည်ဝိုင်း၍ ဆန်ကောပုံ ဆောင်သည်၊ အရွက်၏ အရွယ်အစားမှာ ၁-လက်မပတ်လည်သာ ရှိ၍ ဆူး ၂-ချောင်း ၂-ချောင်း အကြားတွင် အရွက် ၁-ရွက် ၁-ရွက် ထွက်လျက် အကိုင်းကို ပတ်လည်ကာ၍ ပေါက်သည်၊ အပင်၏ ပုံသဏ္ဌာန်မှာ ဆူးကောက်နက် ဆယ်ထပ်ခြင်းတို့နှင့် ဆင်ဆင်တူသော်လည်း သဘာဝ ခြားနားလျက် ရှိသည်၊ ၎င်းအပင်သည် လူစား လူသေ, နွားစား နွားသေ တတ်သော အဆိပ်ပင် ဖြစ်သဖြင့် ၎င်းအပင် ပေါက်ရောက်ရာ ဒေသ အားလုံး၌ လူသိ များသော အပင် ဖြစ်သည်၊ ၎င်းအပင်၏ ဆေးအသုံးကား အလွန် သိသူနည်းပါးလှ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။**ဂျပ်တယ်ပင် ဆေးအသုံး** — ပေါက်သော အနာတို့၌ အမြစ်ကို သွေး၍ လိမ်းလျှင် သင်ရည်များ ကျဆင်းပြီး အသားနု တက်ကာ အနာ ကျက်လွယ်သည်။

၎င်းအမြစ်ကို ဆီနှင့် သွေးပြီး ပိုးဝင်သော အနာကို သုတ်လိမ်း၍ ပေးပါလျှင် ပိုးသေသဖြင့် အနာ ကျက်လွယ်သည်။

နား ပြည် ယိုသောအခါ ၎င်းအမြစ်ကို ဆီနှင့် သွေးပြီး ကြက်တောင်ဖြင့် နားကို ကျပ်၍ ပေးပါ။



၁-စကေး

ဂျပ်တယ်

နာနာသော နှာ
ကို ထည့်ပေးပါလျှင် ပေ

အနာ ပြည်ကိုက်၍

ပုံသဏ္ဍာန်။
မျိုး ဖြစ်၏၊ ပင်စည်ရှိ
အရွက်မှာ ဘဲဥပုံသဏ္ဍာန်
အရွက်ရောင်မှာ စိမ်းညို
ပေါက်သော အပင်မျိုး
ခြားခြား တွေ့မြင်နိုင်၏။


ဂျုတ်ပင်၏ အသာ
ပြုရန် အလွန် နှစ်သက်ကြ၏
အတွင်းသားမှာ အလွန်
တွန့်ကလေး (အစင်းကလေ
ရွှေပေါ်အိမ် စသော လူ
သည်ကို တွေ့ရ၏။

ဂုဏ် နှင့် စွမ်းရည်။
သတ္တဝါတို့ ကိုက်ခဲရာ၌ ဂျု
ကင်းနိုင်၏။

တစ်ုတခု ထိခိုက်မိ
သွေး၍ လိမ်းသုတ်ပေးခြင်း

ဓာတ်ဝင် ကျောက်
သင်း ဖော်စပ်ရာ၏၊ "ထိန်
၏ ဆေးဘက် ယှဉ်၍ အ

ကျောက်ပုလဲ ဆေး
ရွက်၊ နွားမြက်ရင်း၊ သံနပ်
ကြိတ်၊ ဇီးစေ့ ခန့် လုံး၊ အ



ခွာနာသော နွားများ ပိုးဝင်လျှင် ၎င်းအမြစ်, ဒုတ္တာ ၂၊ခု ရောဇပ်၍ သွေးပြီး ခွာနာ ကို ထည့်ပေးပါလျှင် ပျောက်ကင်းလွယ်သည်။

အနာ ပြည်ကိုက်၍ မခံနိုင် ရှိလျှင် ၎င်းအမြစ်ကို သွေး၍ လိမ်း။

---

# ဂျုတ်ပင် (ကြုတ်ပင်)

**လက်တင်** Diospyros Montana

**ပုံသဏ္ဍာန်။** ။ဂျုတ်ပင်သည် အမြင့်ပေ ၂၀-မှ ၃၀-အထိ မြင့်တက်သော ပင်ကြီးမျိုး ဖြစ်၏၊ ပင်စည်ရှိ အခွံတို့သည် ကြမ်းတမ်း၍ မည်းနက်သော အရောင်အဆင်း ရှိ၏၊ အရွက်မှာ ဘဲဥပုံသဏ္ဍာန် ၁၊လက်မမျှ သာ ရှိ၍ အကိုင်းကို ပတ်လည် လှည့်ဝိုင်း၍ ပေါက်၏၊ အရွက်ရောင်မှာ စိမ်းညိုရောင် ဖြစ်၏၊ အကိုင်း အခက်တို့ကား ရှင်းလင်း သေသပ်လျက် ဆူးပေါက်သော အပင်မျိုး- စိမ်းစိုသော တောမြိုင် အတွင်း၌ ၎င်းအပင်မျိုး ရှိနေလျှင် ထူးထူးခြားခြား တွေ့မြင်နိုင်၏။

ဂျုတ်ပင်၏ အသားသည် ထူးခြားစွာ မာကြောသဖြင့် လုပ်ငန်းသုံးကုန်ပစ္စည်း အဖြစ် အသုံးပြုရန် အလွန် နှစ်သက်ကြ၏၊ ဂျုတ်ပင်၏ အပြင်ဖန်း အမြင်မှာ မည်းညစ်ညစ် အရုပ်ဆိုးသလောက် အတွင်းသားမှာ အလွန် လှပ ချော့မွေ့သော အဝါရင့်ရောင် အသားပေါ်မှာ အနီရင့် လှိုင်းတွန့်ကလေး ( အစင်းကလေး ) များ ပန်းချီ ရေးခြယ်ထားသကဲ့သို့ ရှိသဖြင့် ဆေးတံ, ဆောက်ရိုး, ရှေးပေါ်အိမ် စသော လူသုံးပစ္စည်းမှ စ၍ စားပွဲ, ကုလားထိုင်, လှည်းရုံတိုင် အထိ အသုံးပြုကြသည်ကို တွေ့ရ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ပျားပိတုန်း, ကင်း, ဖားပြုပ်, မြွေ အစရှိသော အဆိပ်ရှိသတ္တဝါတို့ ကိုက်ခဲရာ၌ ဂျုတ်သီးကို သွေး၍ ကိုက်သောနေရာတွင် သုတ်လိမ်းပေးပါက ပျောက်ကင်းနိုင်၏။

တစုံတခု ထိခိုက်မိ၍ ဖူးရောင် နာကျင် ကိုက်ခဲသော ရောဂါတို့ အတွက် ဂျုတ်သီးကို သွေး၍ လိမ်းသုတ်ပေးခြင်းဖြင့် ပျောက်ကင်း ချမ်းသာစေနိုင်၏။

ဇာတိဝင် ကျောက်ထဆေးကြီးများ ဖော်စပ်ရာတွင် ဂျုတ်မြစ်ကို ဆေးဘက်ယှဉ်၍ ထည့်သွင်း ဖော်စပ်ရ၏၊ "ထိန်, ထန်း, ဂျုတ်လောင်း၊ အရက်ကောင်းနှင့်" ဟု ဆိုသဖြင့် ဂျုတ်ပင်၏ ဆေးဘက် ယှဉ်၍ အသုံးဝင်ပုံကို သိနိုင်ပေသည်။

**ကျောက်ပုလဲ ဆေးနည်း။** ။ဂျုတ်ရွက်, ဇျည်းချဉ်ရွက်, ထိန်ရွက်, နနွင်းစိမ်း, ကွမ်းရွက်, နွားမြက်ရင်း, သနပ်ခါးရွက်, တဆေးရွက် - ၎င်းဆေးစုကို အညီအမျှ ပြုပြီး အရက် နှင့် ကြိတ်၊ ဇီးစေ့ခန့် လုံး၊ အရက်နှင့် ဖျော်၍ လိမ်းပေးရာ၏။

---

No. 29




ဂျုပ်ပင်

DIOSPYROS MONTANA

ပုံသဏ္ဍာန်။ ။
လည်း ကြီးမား စိုပြေသေ
အရွက်မှာ ဗောဓိညောင်ရွက
ဖြင့် ခေါ်ဆိုကြသည်၊ ၎င်း
ရှိသည်၊ အရိုးမှာ စိမ်းဝါနု
အနည်းငယ် ဝေးကွာပြီး
သန်မာသော အရိုး နှင့် အ
မျိုး ဖြစ်သည်၊ ဂုဏ်လက်တို့
တွင် ပါဝင်သော အပင် ဖြ
ရှိသည်။

ဂုဏ် နှင့် စွမ်းရည်။
စွမ်းအင်နှင့် ပြည့်စုံသည် ဟု

ကျောက်သားရေ ပေ
ဆေးတို့ဖြင့် တိုက်ကျွေးရာ၏၊
စမုန်နက်, နနွင်းစိမ်း, ဆေးသု
လုံး အဖု အပိမ့် မထင်ဘဲ ဝ
တိုက်ပေးရာ၏။

ငပြေရှ

## ဂျူနိယာ (ဟပုသာ)

ပုံပြ ဆေးအဘိဓာန် (တ)တွဲ - ရှု။

---

# ဂုဏ်ဗောဓိ

**ပုံသဏ္ဌာန်။** ။ငင်း ဂုဏ်ဗောဓိပင်သည် နွယ်မျိုးတွင် ပါဝင်သော အပင် ဖြစ်သော်လည်း ကြီးမား စိုပြေသော အရွက်ဖားကြီးများဖြင့် နွယ်တက်တတ်သော အပင် ဖြစ်သည်၊ အရွက်မှာ ဗောဓိညောင်ရွက်နှင့် ခပ်ဆင်ဆင် တူသဖြင့် ဂုဏ်ဗောဓိ ဟု မြန်မာ့ဝေါဟာရ အနေဖြင့် ခေါ်ဆိုကြသည်၊ ၎င်းအရွက်သည် နူးညံ့သော ကတ္တီပါမွေးနုကလေးများ ပေါက်လျက်ရှိသည်၊ အရိုးမှာ စိမ်းဝါနုရောင် ရှိပြီး ဆူးမဲ့သော အပင် ဖြစ်သည်၊ အဆစ် တစ်ခု နှင့် တခု အနည်းငယ် ဝေးကွာပြီး အဆစ်ဖုများတွင် အရွက် ဆိုင်၍ ပေါက်သည်၊ နွေရာသီတွင် စိုပြေသန်မာသော အရိုး နှင့် အရွက်တို့ကို မြင်သဖြင့် အံပူဒဏ်ကို ခံနိုင်သော သတ္တိကောင်း အပင်မျိုး ဖြစ်သည်၊ ဂုဏ်လက်တို့၊ ဂုဏ်ချို၊ ဂုဏ်ခါး၊ ဂုဏ်သများ၊ ဂုဏ်ဗောဓိ ဟူသော ဂုဏ် ၅-မျိုးထဲတွင် ပါဝင်သော အပင် ဖြစ်သဖြင့် ဂုဏ် ၅-မျိုးဖြင့် ဖော်စပ်သော ဆေးတို့တွင် ပါဝင်လျက်ရှိသည်။

**ဂုဏ် နှင့် စွမ်းရည်။** ။ခေတ်ရသကျမ်းများ၌ ဂုဏ်ဗောဓိသည် လေကို နိုင်သော သတ္တိစွမ်းအင်နှင့် ပြည့်စုံသည် ဟု ဖော်ပြကြသည်။

ကျောက်သားရေ ပေါက်သော ရောဂါ အတွက် အောက်ပါ ဂုဏ် ၅-မျိုး ပါဝင်သော ဆေးတို့ဖြင့် တိုက်ကျွေးရာ၏၊ ဂုဏ်လက်တို့၊ ဂုဏ်ချို၊ ဂုဏ်ခါး၊ ဂုဏ်သများ၊ ဂုဏ်ဗောဓိ၊ မြင်းခွါနီ၊ စမုန်နက်၊ နနွင်းစိမ်း၊ ဆေးသုငယ်ချက်၊ ကွမ်းရွက် ၎င်းတို့ကို အမျှစု၊ အညက်ပွပြီးလျှင် တကိုယ်လုံး အဖု၊ အပိမ့် မထင်ဘဲ တပြင်တည်းနေသော ကျောက်သားရေကို အရက်ဖြင့် ဖျော်စပ်၍ တိုက်ပေးရာ၏။


---

[ ၄ ]

## ငပြေရှင် - ဝရိုင်ရှင် (သရက်ပမွှန် ဗို-မ)

ပုံပြ ဆေးအဘိဓာန် ( တ ) တွဲ - ရှု။

---



ဂုဏ်ဖောဓိ

ပုံသဏ္ဍာန်။
တို့သည် အကြီး အသေ
ဥတု၊ မြေ၊ ရေကို လိုက်
ခေါ် အရွက်သည် ပြ
အနွယ်ကို ပတ်လည် တ
နှင့် အကြောများ ထင်
အရွက်၊ အပင်၊ အမြစ်
ရှိသည်၊ အသီးမှာ ဂ
ကို ဂူသရမူလီ အဖို
တွင် အလွန် ထင်ရှာ
သော ဂေဇက်ဝင် ေ
က အရိုးကို ငဖုံးဆေ
ဆေးပင်ကို ဆေးဘ
ရောက်၍၊ ရှုပေါက်
ဟု နယရာသီကျမ်း စ

ဂုဏ် နှင့် စွမ်း
စေ၏၊ အပူ အပုပ်ကို


ဒဗ္ဗဂုဏ ဆေး
အဇီဏ္ဏ လေရောဂါ

နှာခေါင်း၌
တိပ္ပိလ်၊ ရှိန်းခို၊ လေ
နှာခေါင်းကို လိမ်း

ကျောက်သား
ကြိုပေါင်း၊ တမာရွက်
ရာ၏။

ကျောက်ယား
အရက်နှင့် ဖျော်ပြီး

ကျောက်ယ
စု၊ အညှက်ပြုပြီး အ



# ဖေါ့ဆေးပင်

**ပုံသဏ္ဌာန်။** ။ဖေါ့ဆေးပင်သည် နွယ်ပင်မျိုးတွင် ပါဝင်သော အပင် ဖြစ်သည်၊ အရွက်ကိုသည် အကြီး အသေး ညီညာခြင်း မရှိ၊ အရှည်ဆုံး အရွက်သည် ၈-လက်မခန့် ရှည်သည်၊ ရာသီဥတု၊ မြေ၊ ရေကို လိုက်၍ နွယ်တို့သည် ကြီး၊ သေး၊ ရှည်၊ တို ရှိကြသည်၊ ကရိယကပတ္တ(Obligue) ခေါ် အရွက်သည် ဖြောင့်ဖြောင့် စင်းစင်း မနေဘဲ ရွက်ဖျားစောင်း ဖြစ်သည်၊ ရွက်ညှာ တို့ပြီး အနွယ်ကို ပတ်လည် တက်၍ ပေါက်တတ်သော ဆူးမဲ့ပင်မျိုး ဖြစ်သည်၊ အရွက်တွင် အမွေးများနှင့် အကြောများ ထင်ရှားစွာ ပါရှိသည်။ အရွက်၏ အရောင်အဆင်းမှာ စိမ်းဝါနုရောင် ရှိသည်။ အရွက်၊ အပင်၊ အမြစ် စသည်တို့ကို ဖွတ်ချေ နမ်းရှု၍ကြည့်ပါလျှင် အလွန် စူးရှ မွှန်နံသောအနံ့ ရှိသည်၊ အသီးမှာ ဣဿရမူလီသီးနှင့် ဆင်ဆင် တူသည်၊ အချို့သော ဆရာများသည် ဖေါ့ဆေးကို ဣဿရမူလီ အဖို ဟူ၍ ပင် ခေါ်ဆိုကြသည်၊ ဖေါ့ဆေးပင်သည် ဗိန္ဒောဆေးပညာလောကတွင် အလွန် ထင်ရှားသော ဆေးပင် ဖြစ်သဖြင့် ဗယဆေးဆိုင်တိုင်းတွင် အမြဲတစေ ထားရှိရသော ဂေဇက်ဝင် ဆေးတပင် ဖြစ်သည်၊ (အချို့သော ဗယဆေးဆိုင်များတွင် လောက်သေပင်က အရိုးကို ဖေါ့ဆေး ပြုလုပ် ရောင်းချကြသည်) ရှေးကျသော မြန်မာ ဆေးကျမ်းတို့၌ ဖေါ့ဆေးပင်ကို ဆေးဘက် ယှဉ်၍ အသုံးပြုပုံကို အနည်းငယ် ဖော်ထုတ်၍ ပြရသော် "ဖွတ်သိုရောက်၍၊ ရှုပေါက် ထူးဆန်း၊ နာမကျန်းသော်၊ ဆေးဒန်း၊ ဇာတိပ္ဖိုလ်၊ ရှိန်းခို၊ ဖေါ့ဆေး" ဟု နယရာသီကျမ်း စသည်တို့၌ ဆေးဘက် ယှဉ်၍ ပါဝင်ထားသည်ကို တွေ့ရှိနိုင်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ဖေါ့ဆေးသည် ဝမ်းမီးကို တောက်စေ၏၊ အစာကို ကြေစေ၏၊ အပူ အပုပ်ကို ကျစေတတ်၏၊ ငန်းနာ အမျိုးမျိုးကို နိုင်၏။


**ဒဗ္ဗဂုဏ ဆေးကျမ်းတွင်။** ။ဖေါ့ဆေးမြစ်သည် ပတဲကောမြစ် နှင့် အကျိုးသွား တူ၏၊ အဇီဏ္ဏ လေရောဂါကို ပယ်ဖျောက်နိုင်ကြောင်း ဖော်ပြထား၏။

**နှာခေါင်း၌ ဖွတ်သိုရောဂါ စွဲရောက်သောအခါ ပေးရန် ဆေး။** ။ဖေါ့ဆေး၊ ဇာတိပ္ဖိုလ်၊ ရှိန်းခို၊ လေးညှင်း၊ ဆေးဒန်း ၎င်းဆေး ၅-မျိုး အမျှစု၊ အညက်ပြု၊ ဆီနှင့် ဖျော်၍ နှာခေါင်းကို လိမ်းလည်း လိမ်း၊ ရှုလည်း ရှု၍ ပေးရာ၏။

**ကျောက်သားရေ လိမ်းရန်။** ။ဖေါ့ဆေး၊ ဟင်းဂွတ်၊ တဆေး၊ ချင်းယားရွက်၊ ပေါက်ကြီပေါင်း၊ တမာရွက်၊ နနွင်းစိမ်း—၎င်းဆေး အမျှစု၊ အညက်ပြုပြီး အရက်နှင့် ဖျော်၍ လိမ်းရာ၏။

**ကျောက်ယား တို့ဆေး။** ။ဖေါ့ဆေး၊ ကွမ်းရွက်၊ ရှားပုပ်၊ ၎င်း ၃-မျိုးကို ရေ၍ကြိတ်၊ အရက်နှင့် ဖျော်ပြီး ယားသောကျောက်ကို တို့။

**ကျောက်ယား တိုက်ဆေး။** ။ဖေါ့ဆေး၊ သစ်ဝင်ပေါက်ဖြူ၊ ခွေးတောက်မြစ် အမျှစု၊ အညက်ပြုပြီး အရက်နှင့် တိုက်။




ငဖုန်းဆေး

ဖွတ်သိုနှာ လိမ်းဧ
ထွေးပြီးလျှင် ဖွတ်သိုနှာကို

မုက္ခစိုနှာ လိမ်းရန်
ဟညက်ပြုပြီးလျှင် သံပု

ငုစပ် ( ဖွားဘက်
ကို ရှေးဦးစွာ ပြသင့်သည့်

ဟု ၃ မျိုး ရှိ၏၊ ယင်း ၃
တွဲတွင် ဂုဏ် သတ္တိ ဆေး

၁ - ငုကြီး ( ငုဧ
၂ - ငုစပ် ( ဖွား
၃ - ငုသိမ် ကို

ပုံသဏ္ဌာန်။

ငုကြီးပင်ကို ငုရွှေအမ ပ
ပေ ၃၀ - ခန့် ရှိ၏၊ ငုဧ
အရွက်တို့ ထွက်ပုံမှာ ငု
တို့မှာ စိမ်းဝါနုရောင်
မှ ဖြာထွက်သော အကို
ဖြစ်သည်၊ အရွက်များ
သည် ၃ — ၂ - ပိုင်း ၁
ထွက်သော အရွက်သည်
ဖြောင့်မတ်သော ငုက်
ဖြစ်သည်၊ ရွက်ဖျားထိ
မျက်နှာပြင် နှစ်ဖက်လုံး




**ဖွတ်သိုနာ လိမ်းဆေး။** ။ဇေဖုံးဆေး, မြင်းစဂုံနီ, သမင်စာနီ—ဆေး ၃-မျိုး အမျှစီ သွေးပြီးလျှင် ဖွတ်သိုနာကို လိမ်း၍ပေး။

**မုက္ခဝိုနာ လိမ်းရန်။** ။ဇေဖုံးဆေး, လင်းနေ, ခင်ပုပ်မြစ်, ဒုတ္တာ—ဆေး ၄-မျိုး အမျှ ။ အညက်ပြုပြီးလျှင် သံပုရာရည်နှင့် ဖျော်ပြီး အနာကို လိမ်း၍ ပေးရာ၏။

---

# ငုစပ် (ဖွားဘက်)

**လက်တင်** Cassia Renigera

ငုစပ် (ဖွားဘက်) ပင် အကြောင်းကိုပြလိုရင်း ဖြစ်၏၊ သို့ရာတွင် ငု ၃-မျိုး အကြောင်းကို ရှေးဦးစွာ ပြသင့်သည့်အတိုင်း အချုပ်အားဖြင့် ပြပါအံ့၊ ငုသည်—

၁ - ငုကြီး (ငုရွှေ)
၂ - ငုစပ် (ဖွားဘက်)
၃ - ငုသိမ်


ဟု ၃-မျိုး ရှိ၏၊ ယင်း ၃-မျိုးအနက် ငုကြီး (ငုရွှေ) အကြောင်းကို 'ပုံပြ ဆေးအဘိဓာန်' ပဌမ တွဲတွင် ဂုဏ် သတ္တိ ဆေးအသုံးနှင့် တကွ ဖော်ပြခဲ့ပြီးလေပြီ၊ ဤ၌ ဖော်ပြရန် မလိုတော့ပေ။

၁ - ငုကြီး (ငုရွှေ) ကို လက်တင်ဘာသာဖြင့် (Cassia firlila) ဟု ခေါ်၏။

၂ - ငုစပ် (ဖွားဘက်) ကို ၎င်းဘာသာဖြင့် (Cassia pegnigera) ဟု ခေါ်၏။

၃ - ငုသိမ် ကို ၎င်းဘာသာဖြင့် (Cassia nodosa) ဟု ခေါ်၏။

**ပုံသဏ္ဌာန်။** ။ငုစပ်ပင်ကို အချို့ဒေသများ၌ ငုရွှေအဖို ဟု လည်း ခေါ်ကြသည်၊ ငုကြီးပင်ကို ငုရွှေအမ ဟု ခေါ်ဆိုကြသည်၊ ငုစပ် (ဖွားဘက်) သည် ပင်လတ်မျိုး ဖြစ်၍ အမြင့် ပေ ၃၀-ခန့် ရှိ၏၊ ငုစပ်ပင်သည် မြန်မာနိုင်ငံ အနှံ့အပြား ပေါက်ရောက်၏၊ အခက် အလက် အရွက်တို့ ထွက်ပုံမှာ ငုကြီး (ငုရွှေ) ထက် ထူးခြား ကွဲလွဲချက်များ ရှိသည်၊ အခက်နှင့် အလက် တို့မှာ စိမ်းဝါနုရောင် ရှိ၍ အညွန့်ဖျားတွင် ကတ္တီပါမွေးနုကလေးများ ပါရှိ၏၊ အပင်မကြီး မှ ဖြာထွက်သော အကိုင်းတို့သည် ၅-၆-ပေမျှ ရှည်လျားကြသဖြင့် အရိပ်ကောင်းသော အပင် ဖြစ်သည်၊ အရွက်များ ထူထပ်စွာ ပေါက်ရောက်ကြသည်၊ အကိုင်းမှ ထွက်သော ရွက်လတ် သည် ၃—၂-ပိုင်း, ၁-ပိုင်း လက်မ ခြားလျက် ဘယ် ညာ တလှည့်စီ ထွက်သည်၊ အလက်မှ ထွက်သော အရွက်သည် ၁-လက်မမှ ၂-လက်မ အထိ ရှိ၏၊ ဗျက်သည် လက်မဝက်မျှ ရှိ၏၊ ဖြောင့်မတ်သော ငှက်တောင် ပုံသဏ္ဌာန် အနားသား ညီညာလျက် အရင်းဝိုင်း, အဖျားဝိုင်း ဖြစ်သည်၊ ရွက်ဖျားထိပ်တွင် ဝက်မွေးကဲ့သို့ မာကြောသော အမွေးငုတ်တိုကလေး ရှိ၏၊ အရွက် မျက်နှာပြင် နှစ်ဖက်လုံး၌ အမွေးနု ရှိ၏။




ငုယိမ် (မှားဘက်)

CASSIA NODOSA.

ငုစပ်

CASSIA RENIGERA.

ရွက်လတ် တ နုလျှ
အချို့ ရွက်လွှဲ, အချို့ ရွ
ယဆေး ဝေါဟာရဥက
ည် ပန်းရောင် ဖြစ်၍ ငု
အဆိုင်လိုက် ဖူးပွင့်လေ့ ရှိ
တောင့် ၁၅-လက်မ, ၁၈

ငုသိမ်ပင်။ ။ငုသိမ်
အလက်, အရွက်ပေါက်ပုံ
အလက် အရွက်တို့မှာ . မ
အရွက်များ ပိုမိုများပြား
လျက် အဖြူရောင်, ပန်း
မှားဘက် ဟူ၍ ပင် ခေါ်


ၛ

နိသဏ္ဍာရတနာက
ပူ, ခါး အရသာ ရှိ၏၊
ပေါက်သော အနာ, ဂူ
ပွေး, ဝဲ, နှင်းခူ, သမင်ဖြ
တို့ကို နိုင်သည်၊ ငုစပ်မြ
ဆင်ကူလည်ဖြတ်နာ ပျေ

ဓာတုဗေဒ ဆေး
ခြေ, သလိပ်, အညေ
အောင့် တောင့်, ဝမ်း
ပျောက်ကင်း ချမ်းသာ

ဓာတုရသ ဆေ
ထုတ်တတ်၏၊ မှာတ်ကျ

No. 30



ရွက်လတ် ထ နုလျှင် ရွက်ငယ်ပေါင်း တယ် ညာ ၂၂-မှ ၂၆-ထိ ရှိ၏၊ ရွက်ညှာမဲ့, အချို့ ရွက်လွှဲ, အချို့ ရွက်ဆိုင် ဖြစ်သည်၊ ငုံစပ်ပင်ကို ဖွားဘက် ဟု ခေါ်ဆိုကြသော်လည်း ပယဆေး ဝေါဟာရ၌ကား "ဖွားဘက်" ဟူ၍ သာ ခေါ်ဝေါ် သုံးနှုန်းကြ၏၊ ငုံစပ်အပွင့်များ သည် ပန်းရောင် ဖြစ်၍ ငုံကြီး (ငုံရွှေ) ကဲ့သို့ အရွက်ပေါက်သော အကိုင်းတို့၌ အဆုပ်လိုက် အခိုင်လိုက် ဖူးပွင့်လေ့ ရှိကြသည်၊ အသီးမှာ ငုံကြီး (ငုံရွှေ) နှင့် အလားတူသော်လည်း သီး တောင့် ၁၅-လက်မ, ၁၈ လက်မခန့်မျှ သာ ရှိ၍ ငုံကြီးသီးထက်ပင် တုတ်ယောင် ရှိသည်။

ငုံသိမ်ပင်။ ။ငုံသိမ်ပင်သည် ငုံစပ် (ဖွားဘက်) နှင့် အမြင့်, ပင်လုံး, ပင်စောက်, အကိုင်း အလက်, အရွက်ပေါက်ပုံတို့မှာ အလုံးစုံ တူသည် ဟု ဆိုရသော်လည်း ငုံစပ် (ဖွားဘက်) ထက် အလက် အရွက်တို့မှာ မဆိုစလောက် သေးငယ်သည်၊ ငုံသိမ်ပင်၌ ချောမွတ် တောက်ပသော အရွက်များ ပိုမိုများပြား၍ အရွက်စိပ်, ဝါနုရောင်များ ဖြစ်သည်၊ ငုံသိမ်ပန်းပွင့်မှာ မွှေးကြိုင် လျက် အဖြူရောင်, ပန်းရောင် အစင်းများ ပါရှိသည်။ အချို့ပုဂ္ဂိုလ်တို့က ငုံ ၃-မျိုးစလုံးကို ဖွားဘက် ဟူ၍ ပင် ခေါ်ဝေါ်ကြသည်။


## ငုံစပ် (ဖွားဘက်) ၏ ဂုဏ်သတ္တိ

နိဿဏ္ဍုရတနာကရ ဆေးကျမ်း အလို။ ။ငုံစပ်သည် ဝမ်းကို သက်စေတတ်၏၊ စပ်, ပူ, ခါး အရသာ ရှိ၏၊ သလိပ်နာ, လေထိုးကျင့်သော အနာ, အဖျဉ်းနာ, ပိုးနာ, ဆီးသွန်နာ, ပေါက်သော အနာ, ဂူနာတို့ကို နိုင်၏။ ။ငုံစပ်ရွက် အသုံး—၎င်းအရွက်ကို ပုန်းရည်ဖြင့် ကြိတ်၊ ပွေး, ဝဲ, နှင်းခူ, သမင်ဖြူ, နီ နှင့် နူနာတို့ကို လိမ်းပေးရသည်၊ ငုံစပ်သည် ပွေး, ယားနာ, နူနာ တို့ကို နိုင်သည်၊ ငုံစပ်မြစ်ကို ဆန်ဆေးရေနှင့် သွေးပြီး နှာခေါင်းထဲသို့ ဝင်အောင် ရှူပေးလျှင် ဆင်ကူလည်ဖြတ်နာ ပျောက်ကင်း၏။

ဓာတုဗေဒ ဆေးကျမ်း အဆို။ ။ငုံစပ် ခေါ် (ဖွားဘက်) မြစ်သည် သွေး, သည်း ခြေ, သလိပ်, အညောင်းအညာ, အကိုက်အခဲ, အချည့်အနဲ့, စမြင်းဒေါ်သမှ စ၍ ဝမ်းမီး အောင့် တောင့်, ဝမ်းမီး ညှိ၍ လေမဖြောင့်, စမြင်းဒေါ်သကြောင့် ကိုက်ခဲ ထုန်ကျင်သည်ကို ပျောက်ကင်း ချမ်းသာစေတတ်သည်။

ဓာတုရသ ဆေးကျမ်း အဆို။ ။ဖွားဘက်သည် သွေး, သည်းခြေ တို့၏ လေကို ထုတ်တတ်၏၊ မှာတ်ကျိုး မှာတ်ပျက်ကို ပယ်နိုင်၏။

No. 30




ငန်းဆေးပင်

ORIGANUM. MAJORANA

मरुवा

ပုံသဏ္ဍာန်။
လျှင် အလွန် ကြီးပွား၍ ေ
ပေါက်ပုံမှာ အခြား အပင်
ရှည်ပြီးလျှင် သုစိအာကာရ
ရွက်ညှာရင်းမှ စ၍ ရွက်ဖျ
မျှန်ကလေးပေါင်း ၄-၅,
အရွက် တခု နှင့် တခု အက
၍ ပေါက်၏၊ အရွက်၏ အ
ပြုပျော့သော အဆင်း ဖြစ်
မှာ အမွေး မဲ့သော အစိ
၏၊ အပင်လုံးနှင့် အကိုင်
ကာယဗေဒ ဆေးသိပ္ပံ၌ ဝ

ဂုဏ် နှင့် စွမ်းရည်။
တက်တတ်သော ရောဂါ, ဒ

ကလေးသူငယ်နာ
ချမ်းသာနိုင်၏။

၎င်းအရွက်ကို ပွတ်
စေနိုင်၏။

ငါး

# ငန်းဆေးပင်

| | | |
|---|---|---|
| ဟိန္ဒီ | **मरुवा** | (မရုဝါ) |
| သက္ကတ | **मरुबक** | (မရုဗက) |
| လက်တင် | Origanum Majorana | |
| အင်္ဂလိပ် | Sweet Marjoram | |

**ပုံသဏ္ဍာန်။** ။ငန်းဆေးပင်သည် ချုံပင်မျိုး ဖြစ်၏၊ ငန်းဆေးတပင် စိုက်ထားပါလျှင် အလွန် ကြီးပွား၍ တောထအောင် ချုံများ ဖြစ်လာတတ်၏၊ ၎င်း ငန်းဆေးပင်၏ အရွက် ပေါက်ပုံမှာ အခြား အပင်များနှင့် မတူဘဲ ထူးခြားလျက် ရှိ၏၊ အရွက်သည် ၃-လက်မခန့် ရှည်ပြီးလျှင် သုစိအာကာရ (Acieutar) ခေါ် အပ်သွားပုံဆောင်သော ရွက်ချွန်းမျိုး ဖြစ်၏၊ ရွက်ညှာရင်းမှ စ၍ ရွက်ဖျားတိုင်အောင် ပတ်တိုင် ရွက်ကြောမကြီးမှ ကြက်ခြေသဏ္ဍာန် အရွက်ပျှန်ကလေးပေါင်း ၄-ခု, ၈-ခုမှ ၁၀-ခုတိုင်အောင် မညီမညာ ခွလျက် ရှိ၏၊ ရွက်ညှာတို့၏ အရွက် တခု နှင့် တခု အကွာအဝေးမှာ ၁-၂ ပိုင်း ၁-ပိုင်းခန့် ရှိပြီး အကိုင်းကို ပင်လည် တက်၍ ပေါက်၏၊ အရွက်၏ အရင်းမှာ ရွက်နုဖူးကလေးများ ပါရှိ၏၊ အရွက်၏ အောက်မျက်နှာမှာ ပြူပျော့သော အဆင်း ဖြစ်လျက် ကတ္တီပါမွေးနုကလေးများ ပါရှိ၏၊ အရွက်၏ အထက်မျက်နှာမှာ အမွေး မဲ့သော အစိမ်းရောင် ဖြစ်၏၊ အရွက်၏ အနံ့မှာ မွှေးကြိုင်သော ငန်းဆေးနံ့ ထွက်၏၊ အပင်လုံးနှင့် အကိုင်းတို့မှာလည်း ပါးလွှာသော အမွေးနုကလေးများ ပါရှိ၏၊ မြန်မာ့ ကာယဗေဒ ဆေးသိပ္ပံ၌ ငန်းဆေးပင်များ စိုက်ပျိုးထားသည်ကို လေ့လာ ကြည့်ရှုနိုင်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ငန်းဆေးပင်သည် သလိပ်နာ, ငန်းနာ, လေပုပ်, လေဆန်နာ, တက်တတ်သော ရောဂါ, အဆစ်အမြစ် ရောင်ခြင်းနှင့် ငုတ်သော အခိုးတို့ကို ပယ်ရှားနိုင်၏။

ကလေးသူငယ်နာ ရောဂါမှာ ၎င်းငန်းဆေးတပင်တည်းနှင့် မြစ်ချင်းပြီး ပျောက်ကင်းချမ်းသာနိုင်၏။

၎င်းအရွက်ကို ပွတ်ချေ နမ်းရှူခြင်းဖြင့် အမူးအမော် ရောဂါများ ပျောက်ကင်း ချမ်းသာစေနိုင်၏။

---

## ငါးကျည်းပေါက် (မကျည်းအောက်)

ပုံပြ ဆေးအဘိဓာန် (၃) တွဲ- ရှု။

---

## ၄က်ခြောက်ပင် (ယူကလစ်)

ပုံပြ ဆေးအဘိဓာန် (တ) တွဲ- ရှု။

# ငှက်မြွေစာပင်



၄

ပုံသဏ္ဍာန်။ ။င

အမြင့် ပေမှ ၄-ပေ, ၅-ပေ

လစ်၍ ဆူးကလေး ၂-ခု ၂-

အရွက် ရှိ၏၊ သေးသွယ် ကျဉ်

အပင်၏ အရောင်သည် ဖြူဥ

အရောင် ရှိ၏၊ ၎င်းအပင်၏

ဖြစ်၏၊ ၎င်းအပင်သည် အမျ

ဂုဏ် နှင့် စွမ်းရည်။

ပန်းနာတို့ကို နိုင်၏၊ အပူ ဒ

ဓာတုရသ ဆေးကျမ်

ကျောက်, ဝက်သက်

ဟင်းဂွတ်— ဆေး ၃-ပါး ဒ

ဆေးကို ငှက်မွေ့စာမြစ်, ေ

ရ၏။

ပုံပြ ဓေ

ပြ

ပုံပြ ဓေ



## ငှက်ခွေ့စာ ( ငှက်ရွှေစာ )

**ပုံသဏ္ဌာန်။** ။ငှင်းအပင်သည် အလေ့ကျ ပေါက်သော ချုံပင်မျိုး ဖြစ်၏၊ အပင်၏ အမြင့် ပေမှာ ၄-ပေ, ၅-ပေခန့် ရှိ၏၊ အပင်နှင့် အကိုင်းအခက်တို့မှာ အလွန် မာကြော ကျစ်လစ်၍ ဆူးကလေး ၂-ခု ၂-ခု ပေါက်၏၊ ဆူး၏ အနီးမှာ ဗာနာကာရ (Cuneate) သပ်ပုံကဲ့သို့ အရွက် ရှိ၏၊ သေးသွယ် ကျဉ်းမြောင်းသော ၃-လက်မခန့် ရှိသော အရွက်ကလေးများ ပေါက်၏၊ အပင်၏ အရောင်သည် ဖြူညစ်သော အရောင် ရှိပြီး အရွက်၏ အရောင်တို့သည် စိမ်း ဝါနုသော အရောင် ရှိ၏၊ ငှင်းအပင်၏ ပေါက်ရောက်ရာ အရပ်မှာ အထက် မြန်မာနိုင်ငံ အပူပိုင်းဒေသ ဖြစ်၏၊ ငှင်းအပင်သည် အများအားဖြင့် အမြစ်ကို သာ အသုံးအစွဲ ပြုကြ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ငှက်ခွေ့ စာခေါ် (ငှက်ရွှေစာ) သည် အဆိပ်နာ, ငန်းနာ, ပန်းနာတို့ကို နိုင်၏၊ အပူ အပုပ်ကို ထုတ်၍ ပစ်တတ်၏။

**ဓာတုရသ ဆေးကျမ်း အဆို။** ။ငှက်ခွေ့စာသည် ပူစေတတ်၏၊ သွေးကို ကြွစေတတ်၏။

**ကျောက်, ဝက်သက်, အပူသတ်ဆေး။** ။နွားလျှာကြီးမြစ်, သစ်ဝင်ပေါက်ဖြူ, ဟင်းဂွတ်– ဆေး ၃-ပါး အမျှစု၊ အမှုန့်ပြု၊ ကျောက်ထ၍ ကျောက်လုံးရွဲရွဲ ရှိလျှင် အထက်ပါ ဆေးကို ငှက်ခွေ့စာမြစ်, မဏိသြဃမြစ်, ရင်းပြားမြစ် ဆေး ၃-ပါး ပွတ်ရည်ဖြင့် တိုက်၍ ပေးရ၏။

---

## ငြုတ်ကောင်းပင်

ပုံပြ ဆေးအဘိဓာန် ( ပဌမတွဲ - စာ-ရှု) ( စတုတ္ထတွဲ - ပုံ-ရှု )

---

## ငြုတ်ခါးပင် ( ဆေးခါးကြီး-မြန်မာ )


ပုံပြ ဆေးအဘိဓာန် ( ပ ) တွဲ- ရှု။

---

## ငြုတ်တံငါ

ပုံပြ ဆေးအဘိဓာန် ( ပဌမတွဲ - စာ - ရှု ) ( စတုတ္ထတွဲ - ပုံ - ရှု )

---




ငရုတ်ကောင်း

PIPER LONGUM.

मरिच






ရေတ်(တံငါ)

RANNCULUS SCELERATUS

कविराज

[ စ ]

## စကားစိမ်းမျိုး ( ကတတ်ငန်း )

ပုံပြ ဆေးအဘိဓာန် ( ပ ) တွဲ - ရှု။

## စတုပတ္တကလျာဏီ ( မန်းလေး ၄ )

ပုံသဏ္ဌာန်။ ။ငင်းအပင်သည် ရွက်ညွှာ ၄ ခု ၄-ခု ဆုံ၍ အရွက် ပေါက်တတ်သဖြင့် စတုပတ္တ ဟု ခေါ်တွင်၏၊ ကောင်းသော သဘောကို ဆောင်သဖြင့် ဆေးဘက်ဝင် အဖြစ် သုံးရာ ဗိန္ဒော နှင့် ပယောဂဆေးတို့တွင် နှစ်ဘက် စွယ်စုံရသော တန်ခိုးဣဒ္ဓိပါဝါနှင့် ပြည့်စုံသဖြင့် စတုပတ္တကလျာဏီ ဟု ဆေးဆရာကြီးများ မှည့်ခေါ်ကြကုန်၏၊ ငင်းပြင် မန်း ၄-ခွ ဟူ၍လည်း ခေါ်ဆိုကြသေး၏၊ တနည်းအားဖြင့် "တောနိုင်မင်း" ဟူ၍လည်း ခေါ်ဆိုကြသေး၏၊ ငင်းစကားကို အနည်းငယ်မျှ ရှင်းလင်း၍ ပြပါအံ့၊ ရှေးကျသော ကဝေသာရကျမ်းကြီးများ၌ ပယောဂနှင့် ပတ်သက်သော စကားကို ဖော်ပြရာတွင် တောသူ, ရွာသူ ဟူ၍ ၂-မျိုး ခွဲခြား၍ ခေါ်ဆိုကြလေ၏၊ တောသူ ဆိုသူသည်မှာ ဖုတ်, ပြိတ္တာ, တစ္ဆေ, မြေဖုတ် စသည်တို့ကို တောသူ ဟု ခေါ်ဆိုကြလေ၏၊ စုန်း, ကဝေ စသည်တို့ကို ရွာသူ ဟူ၍ ခွဲခြား ခေါ်ဆိုကြ၏၊ ငင်း စတုပတ္တကလျာဏီ မန်း၄-ခွ "တောနိုင်မင်း" သည် ၃-မည် ရသော အပင်ဖြစ်သဖြင့် ဆေးဂါ ၃-မျိုးစလုံး အကျုန်နိုင်သော အပင် ဖြစ်သည်၊ ငင်းအပင်သည် မြေ၌ တွယ်ကပ်၍ ပေါက်တတ်သော မြက်ပင်မျိုးတွင် ပါဝင်သည်၊ မြန်မာနိုင်ငံ အထက်ပိုင်းတွင် နေရာ အနှံ့ အပြား ပေါက်တတ်သဖြင့် လူသိများသော အပင် ဖြစ်သည်။

ဂုဏ် နှင့် စွမ်းရည်။ ။ငန်း မန်း ဝင်၍ သတိ ကင်းနေသော အနာဝင် လူနာများအား ကြိုတ်ပြီး အနာပေါ်သို့ အုံ၍ ပေးပါလျှင် မကြာမီ မန်းရည်များ စိုလာပြီး သတိ ရလာလေသည်၊ အဆိပ် ရှိသော သတ္တဝါတို့ ကိုက်ခဲပါက ငင်းအရွက်ဖြင့် ကိုက်ရာ အရပ်ကို အုံ၍ ပေးရသည်၊ အရည်ကို ညှစ်၍လည်း တိုက်ပေးရသည်။

ပွေး, ညှင်း, တင်းတိတ်တို့ကို အရည်ညှစ်ပြီး နေ့စဉ် သုတ်လိမ်း၍ ပေးရသည်။



No. 31

း )

း၃ )

အရွက် ပေါက်တတ်သဖြ
းဆေးဘက်ဝင် အဖြစ် သုံး
းဣန္ဒြိယါဒ်နှင့် ပြည့်စုံသဖြ
ပွင့် မန်း ၄-ခု ဟူ၍လည်း
ဆိုကြသေး၏၊ ၎င်းစကား
ကျမ်းကြီးများ၌ ပယောဂ
၂-မျိုး ခွဲခြား၍ ခေါ်သို
တို့ကို တောသူ ဟု ခေါ်သ
။ ၎င်း စတုပတ္တကလျာဏ်
င့် ရောဂါ ၃-မျိုးစလုံ
ပေါက်တတ်သော မြက်ပင်
ပေါက်တတ်သဖြင့် လူသိ

ာ အနာဝင် လူနာမျာ
း စိုလာပြီး သတိ ရလာ
ကိုက်ရာ အရပ်ကို အုံ၍

၂ ပေးရသည်။

စတုပတ္တကလျာဏ်



No. 31

## စန္ဒပင် ( နိုးလမင်း )

| | | |
|---|---|---|
| ဟိန္ဒီ | ऊदसालप | ( ဦ-ဒ်-စာ-လ်-ပ် ) |
| လက်တင် | Paeonia emodi | |
| အင်္ဂလိပ် | Official peony | |

ပုံသဏ္ဌာန်။ ။ငင်းဆေးပင်သည် ဟိမဝန္တာတောင်တန်း ကသ္မီရနယ်မှ ကုမာအုံနယ် အထိ ပေါက်ရောက်သည်ကို တွေ့ရ၏၊ ငင်းသည် အပင်ငယ်မျိုး ဖြစ်၏၊ အခက် အလက် များ၏၊ ငင်း၏ ပင်လုံးသည် မြင့်၏၊ ငင်း၏ အပွင့်သည် လုပတင့်တယ်၍ အရေအတွက်အားဖြင့် နည်းပါး၏၊ အရွက်သည် မုန်လာ ဥဝါ အရွက်မျိုး ဖြစ်၏၊ အပွင့်၏ အရောင်မှာ အပြာရောင် ဖြစ်ပြီး လျှင် အပွင့်ဖတ် ၄ - ၅ - ဖတ် ရှိ၏၊ ငင်း၏ အလယ်၌ အဝါရောင် ဝတ်ဆံ ရှိ၏၊ အသီးသည် လုံး၍ အဖု အထစ် ရှိ၏၊ ငင်းအဖု၌ အစေ့ တည်ရှိ၏။

ဂုဏ် နှင့် စွမ်းရည်။ ။ငင်း၏ အမြစ်သည် သားအိမ်နှင့် စပ်လျဉ်းသော အနာရောဂါ, ဝက်ရူးရောဂါ, ခြေ လက် သေသော ရောဂါ, ရေဖျဉ်းရောဂါ, ထိုး ကျင် ကိုက်ခဲသော ရောဂါတို့၌ အလွန် ကျေးဇူး များ၏။

ငင်း၏ အမြစ်သည် ၂-မျိုး ရှိ၏၊ တမျိုးမှာ ချို၍ အခြား တမျိုးမှာ စပ် ခါး၏၊ ငင်း အမြစ်သည် ဆာလောင် မွတ်သိပ်ခြင်းကို ပယ်ဖျောက်တတ်၏၊ ဝက်ရူးပြန်ခြင်း, ခေါင်းကိုက်ခြင်း, သားအိမ်နှင့်ဆိုင်သော အနာ, ဆီးအိမ်နှင့်ဆိုင်သော အနာတို့၌ အလွန် အကျိုး ပြု၏။

ငင်းအမြစ်မှုန့်ကို နွားနို့ နှင့် ယှဉ်ဘက်၍ ပေးသော် သွေးဖောက်ပြန်သောကြောင့် ဖြစ်သော အနာတို့၌ အလွန် အကျိုး များ၏၊ ဆီးချုပ်ခြင်း, ဆီးတွင် သလိပ်, သွေးမဟုတ် သွေးပါခြင်းတို့ကို ပျောက်စေ၏။

---

## စစ်ကြီးပင်

| | | |
|---|---|---|
| သက္ကတ | तिनिश | ( တိ ံ နိ ယှ ) |
| ဟိန္ဒီ | तिनिच्छ | ( တိနိတ်-ဆ် ) |
| လက်တင် | Ougenia dalbergioides | |

ပုံသဏ္ဌာန်။ ။စစ်ကြီးပင်သည် တောင်တန်းဒေသ နှင့် မြစ်ကမ်းခြေတို့၌ ပေါက်ရောက်လေ့ ရှိ၏၊ ဤအပင်သည် ပေ ၃၀-မှ ပေ ၆၀-အထိ မြင့်၏၊ ပင်စည် လုံးပတ်သည် ၅-ပေမှ ၈ ပေ အထိ ရှိ၏၊ ငင်း၏ အခေါက်သည် ညိုမှောင်းသော အရောင် ရှိ၏၊ ငင်း၏ အရွက်

သည် ကျယ်ပြန့်၍ ဘဲဥ ပုံသဏ္ဌာန်ဖြင့် ၃-လက်မမှ ၆-လက်မ အထိ ရှည်၏၊ အခေါက်သည် နီသော အရောင် ရှိ၏။

ဂုဏ် နှင့် စွမ်းရည်။ ။အာယုဗ္ဗေဒ အလိုအားဖြင့် စစ်ကြီးပင်သည် ပူလောင်ခြင်း, တွန့်ချုပ်ခြင်း, သလိပ် နှင့် လေတို့ကို ပယ်တတ်၏၊ သွေးဝမ်း ရောဂါ, ကုဋ္ဌရောဂါ, ဆီးလွန် ရောဂါ, အဆိတိုး ရောဂါ, အနာပေါက်ခြင်း, သွေးဖောက်ပြန်ခြင်း, သည်းခြေ ဖောက်ပြန်ခြင်း, သမင်ဖြူနာ, ပိုးရောဂါ, ပူလောင်သော ရောဂါ နှင့် ကိုယ်ရေ ဖျော့တော့သော (ပဏ္ဍု) ရောဂါတို့ကို ပျောက်ကင်းစေ၏။

## ရောဂါ အလိုက် အသုံးပြုပုံ

စစ်ကြီးပင်၏ အစေးကို (ဖက်ကီ) လုပ်၍ ပေးသော် ဝမ်းသက် ရောဂါ ပျောက်ကင်း စေ၏။

စစ်ကြီးပင်၏ အစေး, ချင်းခြောက်, သကြားခဲ ၎င်း ၃-ပါး နှင့် အညီအမျှ ထောပတ် ကို ရော၍ မကြာမကြာ လျက်ပေးသော် ဝမ်းကိုက်ရောဂါ ပျောက်ကင်းစေ၏။

စစ်ကြီးခေါက်ကို ခွက်တင် ကျို၍ သောက်လျှင် အဖျားရောဂါ ပျောက်ကင်းစေ၏။


---

# စစ်တုံ


ပုံသဏ္ဌာန်။ ။စစ်တုံပင်သည် ပင်စည် ရှိသော အပင်မျိုး ဖြစ်သည်၊ ၎င်းအပင်၏ အသားကို ချိုးဖဲ့ပြီး နမ်းရှုကြည့်သောအခါ မွှေးကြိုင်သော အနံ့ ရှိသည်၊ အရွက်သည် ရှည် လျားသော ရိုးဘံဖြင့် ဆက်သွယ်လျက် အရင်း ကွဲ, အဖျား ချွန်သော ကြာရွက်ကဲ့သို့ အရွက် စိုင်း ပုံသဏ္ဌာန် ရှိသည်၊ အရွက်၏ မျက်နှာပြင်တွင် ရွက်ကြောများ အစင်းလိုက် ထင်ရှားစွာ မြင်နေရသည်၊ စစ်တုံနီသည် အရိုး နှင့် အရွက်ပါ နီရောင်သန်းလျက် ရှိသည်၊ စစ်တုံဖြူသည် အရိုး နှင့် အရွက်ပါ အစိမ်းရောင်ပေါ်တွင် ဖြူရောင်သန်းလျက် ရှိသည်။

စစ်တုံပွင့်သည် အကိုင်း အခက်များဖြင့် ဝေဆာ ပြွတ်သိပ် ပွင့်ပြီးလျှင် မွှေးသော ရနံ့ ဖြင့် လှပသော ပန်းကလေးများ ဖြစ်ကြသည်၊ အသီးသည် မျိုးယူရန် အတွက် အောင်မြင်သော အသီးများ မဟုတ်ပေ၊ စိုက်ပျိုးလိုသောအခါ အတက်ကို စိုက်ရသည်၊ အလွန် ပွားလွယ်သော အပင်မျိုး ဖြစ်သဖြင့် နေရာ အနှံ့ အပြား ပေါများသော အပင် ဖြစ်သည်။

ဗယဆေးဆိုင်များတွင် စစ်တုံ ဟု မေး၍ ဝယ်လျှင် အလွယ်တကူနှင့် ရနိုင်သော ပစ္စည်း ဖြစ်သည်။



# စစ်တုံ



၁"-စကေး

ဂုဏ် နှင့် စွမ်းရည်။
သော ရောဂါ၊ အကြောရေ
သော သွေးဆေး စသည် ေ
ကြသည်။

ပုံပြ ဆေး

စွယ်ေ

ဟိန္ဒီ

သက္ကတ

လက်တင်

ပုံသဏ္ဍာန်။
ဟူ၍လည်း ခေါ်သည်၊ အ
အရင်းဝိုင်းပြီး အဖျားတွင်
အထိ တဘက် ၃-ချောင်း

အပွင့်သည် ပွင့်ဖတ်
ပင်၏ အဖြူ၊ အနီ၊ အဝါ
ခွဲခြားသည်လည်း ရှိသည်၊
ပွင့်နီ၊ အဝါပွင့်လျှင် စွယ်
အဖြူ၊ အနီ အနည်းငယ်

စွယ်တော်ပင်သည်
တွင် အလှ စိုက်ပင် အ
ဆေးအသုံးတို့ကိုကား လူ

**ဂုဏ် နှင့် စွမ်းရည်။** ။မုတ္တာ ရောင်သော ရောဂါ၊ အကျိတ် အဆစ် အမြစ် ရောင်သော ရောဂါ၊ အကြောရောင် ရောဂါတို့ကို သွေး၍ လိမ်းပေးရသည်၊ ၎င်းပြင် ချို၊ အေး၊ မွှေးသော သွေးဆေး စသည် ဖျော်စပ်ရာတွင်လည်း စစ်တုံကို ဆေးဘက် အဖြစ် ပါဝင် အသုံးပြုကြသည်။

---

## စစ်ပင် (သစ်ဖြူပင်)

ပုံပြ ဆေးအဘိဓာန် (ပ) တွဲ ရှု။

---

## စွန်ပလွှန်ပင်

ပုံပြ ဆေးအဘိဓာန် (ပဌမတွဲ - စာ ရှု) (စတုတ္ထတွဲ - ပုံ ရှု)

---


## စွယ်တော်ပင် (မဟာလေှကား - အဖြူ)

| | | |
|---|---|---|
| ဟိန္ဒီ | **कचनार सफेद** | ( က-ဈ်-နာ-ရ် ဆဖေ-ဒ် ) |
| သက္ကတ | **कोविदार** | (ကိုဝိဒါရ) |
| လက်တင် | Bauhinia acuminata | |

**ပုံသဏ္ဌာန်။** ။စွယ်တော်ပင်သည် ချုံပင်မျိုး ဖြစ်သည်၊ ယင်းကို မဟာလေှကားဖြူဟူ၍လည်း ခေါ်သည်၊ အရွက်သည် ၃-လက်မမှ ၆-လက်မ အထိ ရှိသည်၊ ၂-ရွက် ပူးနေသကဲ့သို့ အရင်းဝိုင်းပြီး အဖျားတွင် အချိုင့်အဟိုက် ရှိသည်၊ ရွက်ကြောတို့သည် ရွက်ရင်းမှ ရွက်ဖျားအထိ တဘက် ၃-ချောင်း ခွလျက် ရှိသည်။

အပွင့်သည် ပွင့်ဖတ်လွှာ ၅-ခု အတွင်းမှ ဝတ်ဆံမျှင်များဖြင့် လှပစွာ ပွင့်သည်၊ စွယ်တော်ပင်၏ အဖြူ၊ အနီ၊ အဝါ စသော အမျိုးအစား ခွဲခြားမှုမှာ အပွင့်၏ အရောင်ကို လိုက်၍ ခွဲခြားသည်လည်း ရှိသည်၊ အဖြူပွင့်သော စွယ်တော်ကို စွယ်တော်ပွင့်ဖြူ၊ အနီပွင့်လျှင် စွယ်တော်ပွင့်နီ၊ အဝါပွင့်လျှင် စွယ်တော်ပွင့်ဝါ ဟူ၍ ခွဲခြား ခေါ်ဆိုကြသည်၊ ဆေးဘက်ယှဉ်၍ သုံးရာတွင် အဖြူ၊ အနီ အနည်းငယ်မျှ သာ ကွဲပြားသည်၊ အပင် ပုံစံကား အတူတူ ဖြစ်သည်။


စွယ်တော်ပင်သည် မျိုးစေ့ကို စိုက်ပျိုးရသော စိုက်ပင် ဖြစ်သည်၊ အိမ်ဝင်း၊ ခြံ ဥယျာဉ်တို့တွင် အလှ စိုက်ပင် အဖြစ် လူတိုင်း သိမြင်နေကြသော်လည်း ၎င်း၏ အစွမ်း ထက်လှသော ဆေးအသုံးတို့ကိုကား လူတိုင်း မသိရှိကြပေ။



စွန်ပလွန်

PHOENIX SYLVESTRIS

खजूर






စွယ်တော်

BAUHINIA ACUMINATA

कोविदार

စွယ်တော်သီးသည် ရှည်သွယ်သော ကြိုးပြားသေး ပုံသဏ္ဌာန် ရှိ၍ ဂ-လက်မခန့် ရှည် သွယ် ကုဉ်းမြောင်းသော အင်္ကကွဲသီး ဖြစ်သည်၊ အတွင်း၌ ပြားသော အစေ့ ဝိုင်းကလေးများ ဂ-စေ့မှ ၁၀-စေ့ အထိ ပါရှိသည်၊ စွယ်တော်ပင် စိုက်ပျိုးရာ တိုင်းပြည်များမှာ မြန်မာ, အိန္ဒိယ, တရုပ်နိုင်ငံ နှင့် မလ္လာယု ကျွန်းဆွယ်များ ဖြစ်ကြ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။စွယ်တော်ရွက်သည် ဟင်းရွက်မျိုးတို့တွင် အမြတ်ဆုံး ဖြစ်၏၊ ၎င်းအရွက်သည် သွေး သား ခြောက်ခန်းသော ရောဂါ, တြိဒေါသနာ, မုတ္တကိစ်နာ, သလိပ်နာ, ကိုယ်ပူနာ, လေနာတို့ကို နိုင်၏။

စွယ်တော်ပွင့်ဖြူသည် ဖန်၏၊ ချို၏၊ ဝမ်းကို ချုပ်စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ အဆီ အစေး ကင်း၏၊ သွေး ဖောက်ပြန်သော အနာ, ထိခိုက်သော ဒဏ် အနာ, မီးလှပ် မွေးပါး ပန်း မရှင်လန်းသော အနာ, ချောင်းဆိုးသော အနာ, သည်းခြေနာ, ပန်းနာကို နိုင်၏၊ စွယ် တော် အဖြူပွင့်သည် အနီပွင့်နှင့် ဂုဏ်ထူး ဝိသေသချင်း အနည်းငယ် ကွဲလွဲခြင်းမှ တပါး အတူတူ ပင် ဖြစ်၏။

နိဃဏ္ဍုရတနာကရကျမ်းတွင် စွယ်တော် အနီသည် ဖန်၏၊ အေး၏၊ ဝမ်းမီးကို တောက် စေတတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ဆီးကို ရှင်စေတတ်၏၊ ဝမ်းကို ချုပ်စေတတ်၏၊ ကဏ္ဍမာလာ ခေါ် ဆင်ဂူလည်ပြတ်နာ, ပေါက်သော အနာ, သည်းခြေနာ, သလိပ်နာ, လေနာ, ပိုးနာ, ရတ္တ ပိတ်နာ, နူနာ, စအိုကွဲသော အနာတို့ကို နိုင်၏၊ စွယ်တော် အနီပွင့်သည် အဆီ အစေး မရှိ၊ ဝမ်းကို ချုပ်စေတတ်၏။

စွယ်တော် အဝါပွင့်သည် ဖန်၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ ဝမ်းကို ချုပ်စေတတ်၏၊ မုတ္တကိစ်နာ, သလိပ်နာ, လေနာကို နိုင်၏။

စွယ်တော် အငယ်မျိုးသည် တြိဒေါသနာ, ဦးခေါင်း၌ ပေါက်သော အနာတို့ကို နိုင်၏၊ နို့ရည်ကို ပွားစေတတ်၏။

---

[ ဆ ]

# ဆီဖြစ်ရွက်ခေါ် - အကြောဆီပင်

| | | |
|---|---|---|
| သက္ကတ | ဂန္ဓပူရိကီ | (ဂန္ဓပူရိကီ) |
| နေပါလ် | မဟြိနေါ် | (မချိနို) |
| လက်တင် | Gaultheria fragrantissima | |
| အင်္ဂလိပ် | Winter green | |

ပုံသဏ္ဌာန်။ ။ဆီဖြစ်ရွက် ခေါ် ၎င်းအကြောဆီပင်သည် မြန်မာနိုင်ငံ ရိုးမတောင်တန်းများ နှင့် တနင်္သာရီတောင်တန်းဒေသတို့၌ ပေါက်ရောက်တတ်သော ချုံပင်မျိုး ဖြစ်၏၊ ၎င်း၏ အရွက်သည် အဆီ ရှိ၍ သားရေပြားနှင့် တူ၏၊ ဘဲဥ ပုံသဏ္ဌာန် ထိပ်ချွန်း ဖြစ်၍ သုံးထောင့် ပြိုင်ဂံ ကဲ့သို့ ဖြစ်၍ အပွင့်သည် ဖြူ၏၊ အသီးမှာမူ ခံသီးနှင့် တူ၏၊ ၎င်းအပင်၏ အရွက်မှ ဆီတမျိုး ရနိုင်၏၊ ကုလား ဗယဆေးဆိုင်တို့၌ "ဂါလ်ထေရီယာတေလ်" ဟူသော အမည်ဖြင့် မေးဝယ်လျှင် ရနိုင်သည်၊ ၎င်းဆီသည် နှစ်လိုဘွယ်ကောင်းသော အမွှေးနံ့ ပြင်းပြင်း ရှိ၏။

ဂုဏ် နှင့် စွမ်းရည်။ ။အကြောဆီသည် အနံ့ မွှေး၏၊ တက်ကြွစေ၏၊ ငြိမ်းအေးစေ၏၊ လေကို နိုင်၏၊ အဖျား ရောဂါကို ပယ်ဖျောက်တတ်၏၊ ချွေးထွက်စေတတ်၏၊ ဆီးရှင်၏၊ နှာကျင် ကိုက်ခဲခြင်းကို ပျောက်ကင်းစေ၏၊ နှလုံးအားကို ပေး၏၊ ၎င်းဆီကို ၅-စက်မှ ၁၅-စက်တထိ အသုံးပြုနိုင်၏။

## ရောဂါ အလိုက် အသုံးပြုနည်း

အကြော အဆစ်ရောင် ကိုက်နာ။ ။၎င်းအကြောဆီကို သောက်လည်း သောက်၊ လိမ်းလည်း လိမ်းပေးခဲ့သော် ပြင်းထန်သော ဖြစ်စ အကြော အဆစ်ရောင် ကိုက်နာသည် လျင်မြန်စွာ ပျောက်ကင်းနိုင်၏။

ဝမ်းပိုက် နာခြင်း။ ။၎င်းဆီကို ဝမ်းပိုက်၌ သုတ်လိမ်းပေးသော် ဝမ်းပိုက် နာခြင်း ပျောက်ကင်းစေ၏။

---

# ဆီရာ(လ်) (မြယာပင်)

ပုံပြ ဆေးအဘိဓာန် (၃) တွဲ ရှု။




ဆေးခါးကြီးပင်

ANDROGRAPHIS PANICULATA.

ခါ

ဆည်

နှ

ဆေး

ပုံပြ ဆေ

ပုံသဏ္ဌာန်။
ဒေသ ကျောက်စရစ်ကုန်း
အရွက်သည် အရှည် ၅-၈
ဖူးများသည်ပုံဆောင်သော
ကို ပတ်လည် တက်၍ ေ
အဆင်းရောင် ရှိပြီး အ

ဂုဏ် နှင့် စွမ်းရည်
ပြုတ်ပြီး ပေါင်းချေးအေ

## ဆီလက်ဝါး (ရှမ်းဆီး)

ပုံပြ ဆေးအဘိဓာန် (တ) တွဲ- ရှု။

---

## ဆည်းလည်းပန်း (ခေါင်ရမ်းပန်း)

ပုံပြ ဆေးအဘိဓာန် (ပ) တွဲ- ရှု။

---

## ဆူမျှားပင် (ခမသာ)

ပုံပြ ဆေးအဘိဓာန် (ဒု) တွဲ- ရှု။

---

## ဆူးရစ်ပင် (ဆူးပုပ်ကြီးပင်)

ပုံပြ ဆေးအဘိဓာန် (ပ) တွဲ - ရှု။

---

## ဆေးခါးကြီးပင် (သဘော်ာဆေးခါး)


ပုံပြ ဆေးအဘိဓာန် (ပဋ္ဌမတွဲ - စာ ရှု) (စတုတ္ထတွဲ - ပုံ ရှု)

---

## ဆေးနက်ကြီးပင်

**ပုံသဏ္ဌာန်။** ။ဆေးနက်ကြီးပင်သည် ပင်လတ်မျိုး ဖြစ်ပြီး မြန်မာနိုင်ငံ အပူပိုင်း သော ကျောက်စရစ်ကုန်း၊ ကမ်းပါးတောင်စောင်း စသော နေရာတို့၌ အပေါက်များသည်၊ ရွက်သည် အရှည် ၅-လက်မ, အနံ ၅— ၂-ပိုင်း ၁-ပိုင်း လက်မ ရှိပြီး အဏ္ဍာကာရ • ဥပုံသဏ္ဌာန် များသွယ်ပုံဆောင်သော ရွက်ချွန်မျိုး ဖြစ်သည်၊ ရွက်ညှာတို့နှင့် အရွက်ပေါက်ပုံမှာ အကိုင်းကို ပတ်လည် တက်၍ ပေါက်သည်၊ အရိုး နှင့် အရွက်တို့၏ အရောင်အဆင်းမှာ စိမ်းညိုသော ဆင်းရောင် ရှိပြီး အမွေးမဲ့ပင် ဖြစ်သည်။

**ဂုဏ် နှင့် စွမ်းရည်။** ။ကိုယ်ခရောင် ရောဂါ ရှိသော သူသည် ဆေးနက်ကြီးရွက်ကို မှုတ်ပြီး ပေါင်းချွေးအောင်း၍ ပေးရသည်၊




# ဆေးနက်ကြီး

ဆေးနက်ကြီးမြစ်ကို
ရောင် ရောဂါ ပျောက်ကင်

ဟိန္ဒူ
သက္က
လက်
အင်

ပုံသဏ္ဌာန်။
၏ အရွက်သည် ဂ·လက်
(Linear) ခေါ် ကြိုး
တူသော်လည်း မြက်မုန်
အရောင် ရှိပြီး အပင်၏
ပုဇွန်တုပ်ကွေးကဲ့သို့ ပုံသ
ပါရှိသည်၊ ၎င်းဥသည်
ဝေါဟာရ၌ ဆေးပုဇွန်
နာမည်ကြီးသော ဂေဇ

၎င်းဆေးပုဇွန်၏
သဖြင့် ဝမ်းကျသော
စပ်ရာတွင် အသုံးအစွဲ

ဓာတုရသ ဆေ
ခြင်းကိုလည်း နိုင်၏၊
အရည်, သို့မဟုတ် ေ

ဆေးနက်ကြီးမြစ်ကို သွေးပြီး ရောင်သောနေရာ အားလုံး၌ လိမ်း၍ ပေးရသည်၊ ကိုယ်ရောင် ရောဂါ ပျောက်ကင်းနိုင်သည်။

---





# ဆေးပုဇွန်တုပ်ပင်

| | | |
|---|---|---|
| ဟိန္ဒီ | पाखान भेद | (ပါခါ-န်-ဘေ-ဒ်) |
| သက္ကတ | पाषाणभेद | (ပါသျှာဏဘေဒ) |
| လက်တင် | Coleus amboinicus | |
| အင်္ဂလိပ် | Irissp | |

**ပုံသဏ္ဌာန်။** ။ဆေးပုဇွန်သည် မြက်မျိုးတွင် ပါဝင်သော အပင် ဖြစ်သည်၊ ထိုအပင်၏ အရွက်သည် ၈·လက်မခန့် ရှည်ပြီး ကျဉ်းမြောင်း ရှည်သွယ်သော မြက်မျိုး၊ ရေခါကာရ (Line::r) ခေါ် ကြိုးပြားကလေးပုံ ဖြစ်သည်၊ အပင် ပုံစံမှာ မြက်မုန်ညှင်းပင်နှင့် ဆင်ဆင်တူသော်လည်း မြက်မုန်ညှင်းပင်ထက် ကြီးသည်၊ အရွက်၏ အရောင်အဆင်းမှာ စိမ်း ဖျော့ဖျော့ အရောင် ရှိပြီး အပင်၏ အရင်း မြေဝင်ပိုင်းမှာ မြက်မုန်ညှင်းကဲ့သို့ပင် ဥ ရှိသည်၊ ၎င်းဥသည် ပုဇွန်တုပ်ကွေးကဲ့သို့ ပုံသဏ္ဌာန် တူပြီး အမွေး အမှင်များ မဟုတ်၊ အမြစ်သေး, အမြစ်မွှာများ ပါရှိသည်၊ ၎င်းဥသည် ပုဇွန်တုပ်ကွေးနှင့် တူသဖြင့် ရှေး ဗိန္ဒောဆရာကြီးများသည် မြန်မာ့ဝေါဟာရ၌ ဆေးပုဇွန် ဟု နာမပညတ် တပ်ကြသည်၊ ၎င်းဆေးပုဇွန်သည် ဗိန္ဒောဆေးပညာတွင် နာမည်ကြီးသော ဂေဇက်ဝင် ဆေးပင် ဖြစ်သည်။

၎င်းဆေးပုဇွန်၏ ရသ ဝိပါက ဂုဏ် သတ္တိတို့သည် ဖန်, ချုပ်, အေးသော သဘော ရှိသဖြင့် ဝမ်းကျသော ရောဂါ အမျိုးမျိုးကို ပျောက်ကင်းစေသည်၊ ထို့ပြင် တပါး သွေးဆေး ဖော်စပ်ရာတွင် အသုံးအစွဲ ပြုကြသည်။

**ဓာတုရသ ဆေးကျမ်း အဆို။** ။ဆေးပုဇွန်သည် သွေး, လေတို့နှင့် သင့်၏၊ ဝမ်းကျခြင်းကိုလည်း နိုင်၏၊ ထို့ကြောင့် ဝမ်းကျသွေးသွန်သော ကာလ၌ ဆေးပုဇွန်ကို ပြုတ်သော အရည်, သို့မဟုတ် သွေး၍ ရသော အရည်တို့ဖြင့် တိုက်ရာ၏ ဟု ဆို၏။

---




ခေးပုဇွန်တုပ်
COLEUS AMBOINICUS.
पाषाण भेद

သဏ္ဍ
မှီရှု
လက်

ပုံသဏ္ဌာန်။
ဗျာတန်စေ့ ပင်နှင့် ခပ်ဆင်
ဗေဒသတို့၌ ပေါက်ရောက်
ကထိ ရှိ၏၊ ၎င်းအပွင့်သည်
လျှင် ကာကီရောင် အဆင်
ဆိုကြကုန်၏။

ပဌမ အမျိုးအစာ
အနည်းငယ် နီရောင်သန်း
အရသာ ရှိသည် ဟု ထင်
၎င်းအမျိုးအစားသည် အ

ဒုတိယ အမျိုးအ
ရှ၍ ဝါရောင်သန်း နေသ
အမျိုးအစားသည် ပဌမ

တတိယ အမျိုးအ
သေးခဲ့သော် ရေသည် အ
ရှိ၏၊ (ဒုတိယ အမျိုးအ

၎င်း ၃-မျိုးလုံး
ကို ဖော်ပြ၍ မြန်မာနိုင်
တတ်၏။

စတုတ္ထ အမျိုးအ
၎င်း၏ အရသာသည် ခ

ပဉ္စမ အမျိုးအစ
မှာ ခါး၏၊ အကြောင်
တကွ ပေါက်ရောက်
ထားသည် ရှိသော် ၎င်

# ဆေးမင်းကင်းခြေ

**သက္ကတ** **अपविषा** (အပဝိသျာ)

**ဟိန္ဒီ** **जदवार** (ဂျ-ဒ-ဝါ-ရ)

**လက်တင်** Delphinium denudetum

**ပုံသဏ္ဌာန်။** ။ဆေးမင်းကင်းခြေသည် ချုံပင်မျိုး ဖြစ်၏၊ အပင်လုံး ပုံသဏ္ဌာန်သည် မှုတန်စေ့ပင်နှင့် ခပ်ဆင်ဆင် တူ၏၊ ၎င်း၏ ဥသည် မိဝုတ်မြစ်ဥနှင့် တူ၏၊ ၎င်းသည်တောင်တန်း ဒေသတို့၌ ပေါက်ရောက်တတ်၏၊ ၎င်း၏ အရွက်သည် ၁-လက်မမှ ၁— ၂-ပိုင်း ၁-ပိုင်း လက်မ ကထိ ရှိ၏၊ ၎င်းအပွင့်သည် ဝသန္တ ရတုတွင် စ၍ ပွင့်တတ်၏၊ အမြစ်သည် ညိုရောင်သန်းပြီး လျှင် ကာကီရောင် အဆင်းရှိ၏၊ ယူနာနီ ဆေးဆရာကြီးတို့က ၎င်းအပင်သည် ၆-မျိုးရှိသည် ဟု ဆိုကြကုန်၏။

ပဌမ အမျိုးအစားသည် အမြစ်၏ အပေါ်ယံတွင် ရွှံ့ညွန့်ရောင် ရှိ၍ အဘွင်းဘက်၌ အနည်းငယ် နီရောင်သန်းနေ၏၊ ၎င်း၏ အရသာမှာ ပဌမတွင် ချို၍ နောက်၌ ခါးသက်သက် အရသာ ရှိသည် ဟု ထင်ရ၏၊ ၎င်းအမျိုးအစားကို ဆေးမင်းကင်းခြေ အချဉ်မျိုး ဟု ခေါ်ကြ၏၊ ၎င်းအမျိုးအစားသည် အကောင်းဆုံး, အစွမ်းသတ္တိ အထက်မြက်ဆုံး ဟု ဆိုကြ၏။

ဒုတိယ အမျိုးအစားတွင် အတွင်း အပြင် ၂-ဘက်စလုံး ရွှံ့ညွှ ရောင် ရှိနေသည်ကို တွေ့ ရ၍ ဝါရောင်သန်း နေသည်ကိုလည်း တွေ့ရ၏၊ ၎င်း၏ အရသာမှာ ခါးသက်သက် ရှိ၏၊ ဤ အမျိုးအစားသည် ပဌမ အမျိုးအစားအောက် ဂုဏ် သတ္တိ အနေအားဖြင့် လျော့နည်း၏။

တတိယ အမျိုးအစားမှာ အတွင်း အပြင် ၂-ဘက်စလုံး မည်းရောင် ရှိ၏၊ ၎င်းကို ရေနှင့် သွေးခဲ့သော် ရေသည် အပြာရောင် ဖြစ်သွား၏၊ ဂုဏ် သတ္တိမှာမူကား တတိယတန်း အဆင့်တွင် ရှိ၏၊ (ဒုတိယ အမျိုးအစား အောက် ယုတ်လျော့သည် ဟု ဆိုလို၏။ )

၎င်း ၃-မျိုးလုံးသည် အိန္ဒိယပြည်, တိဘက်ပြည်, ဘူတန်နယ်တို့၌ ပေါက်ရောက်တတ်သည်ကို ဖော်ပြ၍ မြန်မာနိုင်ငံ ကချင်ပြည်နယ် တောင်တန်းကြီးများ, တောအုပ်ကြီးများ၌ ပေါက် တတ်၏။

စတုတ္ထ အမျိုးအစားမှာမူ အိန္ဒိယ တောင်ပိုင်း တောင်တန်းဒေသတို့၌ အပေါက်များ၏၊ ၎င်း၏ အရသာသည် ခါးသက်သက် ရှိ၍ သံလွင်သီးနှင့် တူ၏။

ပဉ္စမ အမျိုးအစားမှာ ၉- လက်မခန့် ရှည်၍ မည်းနက်၏၊ နူးညံ့ ပျော့ပျောင်း၏၊ အရသာ မှာ ခါး၏၊ အကြောင်းမူကား ယင်း ဆေးမင်းကင်းခြေသည် အထူးသဖြင့် ဝစ္ဆနာဘနှင့် အတူ တကွ ပေါက်ရောက်သောကြောင့် ဖြစ်၏၊ ဝစ္ဆနာဘ အဆိပ်ကို ဆေးမင်းကင်းခြေ၏ အနီး၌ ထားသည် ရှိသော် ၎င်းဝစ္ဆနာဘအဆိပ်၏ စွမ်းရည် သတ္တိသည် ပျက်ပြယ်သွားတော့၏။

# ဆေးမင်းကင်းခြေ

## DELPHINIUM DENUPETUM

## अपविषा



၎

ဤ သေးငယ်သော ၊
လည်လည်း ယုတ်လျော့၏။

အစစ်၊

ဆေးမင်းကင်းခြေသ
ကင်းခြေကို ရွေးချယ် ယူငင်
နာဘ အဆိပ်မြစ်ကို နို့တွင်
ကုန်၏။

ဝစ္ဆ

၁ - ဝစ္ဆနာဘသည်
နိ၏။

၂ - ဝစ္ဆနာဘကို ခဲ
စေ၍ ခြောက်
အကွက် ထင်

၃ - လျှာပေါ်၌ ဝ
သော် ၎င်းအ
သော အပြစ်တ

၄ - ဆေးမင်းကင်း
ကင်းခြေသည်

၅ - ဆေးမင်းကင်း
အစစ်မှာ ချေ

၆ - ဆေးမင်းကင်း
ဖြူနေ၏၊ သ
လုံး၌ အရော

ဂုဏ် နှင့် စွမ်းရည်
ဒါး၏၊ အေး၏၊ အရောင်
ပြန့်မှုကိုငင်း, အဆိပ်ကိုငင်

No. 33

ဤ ဆေးငယ်သော အမျိုးအစားသည် ဖြူ၏၊ ချို၏၊ အနံ့ မွှေးကြိုင်၏၊ တန်ခိုး သတ္တိ ထည်လည်း ယုတ်လျော့၏။

### အစစ်အမှန် ဖြစ်သော ဆေးမင်းကင်းခြေ၏ လက္ခဏာ

ဆေးမင်းကင်းခြေသည် အမျိုးမျိုး ရောနှောလျက် ရှိ၏၊ အစစ်အမှန် ဖြစ်သော ဆေးမင်းကင်းခြေကို ရွေးချယ် ယူငင်ရန် များစွာ ခဲယဉ်းလှ၏၊ ဆေးကုန်သည်လောက၌ လူတို့သည် ဝစ္ဆနာဘ အဆိပ်မြစ်ကို နို့တွင် ထည့်ပြုတ်၍ ဆေးမင်းကင်းခြေ အတု ပြုလုပ်လျက် ရောင်းချတတ်ကုန်၏။

### ဝစ္ဆနာဘ နှင့် ဆေးမင်းကင်းခြေ ထူးခြားချက်

၁ - ဝစ္ဆနာဘသည် ဆေးမင်းကင်းခြေထက် ပါးလွှာ၍ သေးငယ်၏၊ ၎င်း၏ အရောင်သည် နီ၏။

၂ - ဝစ္ဆနာဘကို ချိုး၍ ဝါးပြီး ပါးစပ်တွင် ငုံထားသော် အာခေါင့် လျှာတို့ကို ပူလောင်စေ၍ ခြောက်သွားစေတတ်၏၊ အလွှား ကွာစေတတ်၏၊ တခါတရံ လျှာပေါ်တွင် အကွက် ထင်နေစေတတ်၏၊ ဆေးမင်းကင်းခြေကြောင့် ဤအဖြစ်မျိုး မဖြစ်ချေ။

၃ - လျှာပေါ်၌ ဝစ္ဆနာဘကို တင်ထားမိခြင်းကြောင့် လောင်ကျွမ်း၍ အလွှား ကွာခဲ့သော် ၎င်းအပေါ်၌ ဆေးမင်းကင်းခြေကို တင်ပေးသော် ဝစ္ဆနာဘကြောင့် ဖြစ်သော အပြစ်တို့ကို ပျောက်ကင်းစေ၏။


၄ - ဆေးမင်းကင်းခြေ နှင့် ဝစ္ဆနာဘတို့၏ အရသာလည်း ကွဲပြား ခြားနား၏၊ ဆေးမင်းကင်းခြေသည် ခါးသော အရသာ ရှိ၍ ဝစ္ဆနာဘမှာမူ မခါးချေ။

၅ - ဆေးမင်းကင်းခြေ အတုသည် အပေါ်ယံ၌ ကြမ်းတမ်း ညစ်နွမ်း၍ ဆေးမင်းကင်းခြေ အစစ်မှာ ချောမွတ် သန့်ရှင်းသည်။

၆ - ဆေးမင်းကင်းခြေ အတုသည် အပေါ်ယံ၌ အရောင် အမျိုးမျိုး ရှိ၍ အတွင်းဘက်၌ ဖြူနေ၏၊ သို့သော် ဆေးမင်းကင်းခြေ အစစ်သည်ကား အတွင်း အပြင် နှစ်ဘက်လုံး၌ အရောင် တမျိုးတည်း ရှိ၍ ရွှံ့ညွှန်ရောင် ပြာနှမ်းနှမ်း ဖြစ်၏။

ဂုဏ် နှင့် စွမ်းရည်။ ။အာယုဗ္ဗေဒ ဆရာတို့ အလိုအားဖြင့် ဆေးမင်းကင်းခြေသည် ခါး၏၊ အေး၏၊ အရောင်အဆင်းကို တောက်ပစေ၏၊ ထိုမှတပါး သလိပ်, လေ, သွေးတို့၏ ဖောက်ပြန်မှုကိုငင်း, အဆိပ်ကိုငင်း ဖျက်ဆီးတတ်၏။

No. 33




ဆယ်ထပ်ချင်း

ငှင်းဆေးမင်းကင်းခြေ
နှံသော် ဖောရောင်ခြင်း ပျေ

ဆီးချုပ်သောအခါ၊
ပင်၏ အမှုန့်ကို ဆူးလေ, ေ
အတူ ပေါင်းဘင်ချွေး ယူ၍
ဆီးအိမ်၌ ကျောက်ဘည်ခြင်

မြေဟောက်၏ အဆ
များ၏ ဟု ဆိုကြ၏၊ ၁
ပဟုတ်ချေ။

ငှင်း ဆေးမင်းကင်း

ရေဖျဉ်း ရောဂါ၌
အထိ ပေးကြ၏၊ ကာမန္တြေ
ထက် ပိုလွန်ခဲ့သော် ဝမ်း

ပုံသဏ္ဌာန်။
မသာ အပင်မျိုး ဖြစ်၏၊
ပတ်လည် အတွင်း ဝန်းဝို
ကွဲလျက် ရှိသဖြင့် ဆူးေ



## ရောဂါ အလိုက် အသုံးပြုပုံ

ငှင်းဆေးမင်းကင်းခြေကို နွားကျင်ငယ်၌ စိမ်၍ ဖောရောင်သော နေရာ၌ လိမ်းကျံပေး ခဲ့သော် ဖောရောင်ခြင်း ပျောက်ကင်း၏၊ သွားကို ပွတ်တိုက်ပေးသော် သွားမျှား ခိုင်ခန့်စေ၏။

ဆီးချုပ်သောအခါ ဖြစ်စေ, ဆီးအိမ်၌ အနာ ဖြစ်သောအခါ ဖြစ်စေ ဆေးမင်းကင်းခြေပင်၏ အမှုန့်ကို ဆူးလေ, ဗောက်လောက်ညို, သခွားမွေး အစေ့ နှင့် ကုလားသခွားစေ့တို့နှင့် အတူ ပေါင်းဘင်ချွေး ယူ၍ ပေးခဲ့သော် ဆီးပေါက်လာနိုင်၏၊ ဆီးအိမ် နာကျင် ကိုက်ခဲခြင်း, ဆီးအိမ်၌ ကျောက်ဘည်ခြင်းတို့ကို ပျောက်ကင်းစေနိုင်၏။

မြေဟောက်၏ အဆိပ်၌ ဆေးမင်းကင်းခြေ ၂-ပဲသားမျှ ထည့်ပေးခဲ့သော် အသွန် ကျေးဇူးများ၏ ဟု ဆိုကြ၏၊ သို့ရာတွင် ဤအတိုင်းအတာသည် ယုံကြည် စိတ်ချရသော ပမာဏ မဟုတ်ချေ။

ငှင်း ဆေးမင်းကင်းခြေ၏ အတိုင်းအတာသည် ၄-ရတီမှ ၁၂-ရတီ အထိ ဖြစ်၏။

ရေဖျဉ်း ရောဂါ၌ အချို့သောသူတို့သည် ဤဆေးမင်းကင်းခြေကို ၃-ပဲ အဘိုင်းအရှည် အထိ ပေးကြ၏၊ ကာမန္တြေကို တိုးပွားစေသော အခါ၌ ၂-ပဲမျှ သာ ပေးသင့်၏၊ အဘိုင်းအရှည် ထက် ပိုလွန်ခဲ့သော် ဝမ်းပိုက်, အူတို့၌ အနာ ဖြစ်တတ်၏။

---

## ဆေးရွှေ ( နနွင်းရွှေ )

ပုံပြ ဆေးအဘိဓာန် ( ဒ ) တွဲ- ရှု။

---

## ဆေးသံပုရာ ( သမင်စားဖြူ )

ပုံပြ ဆေးအဘိဓာန် ( တ ) တွဲ - ရှု။

---

## ဆယ်ထပ်ချင်း

ပုံသဏ္ဍာန်။ ။ဆယ်ဘပ်ချင်းပင်သည် ၅-ပေ, ၆-ပေမျှ သာ မြင့်တတ်သော ချုံဆံ မသော အပင်မျိုး ဖြစ်၏၊ အပင် နှင့် အရွက်မှာ အစိမ်းရင့်ရောင် ဖြစ်သည်၊ အရွက်မှာ ၈-လက်မ ပတ်လည် အတွင်း ဝန်းဝိုင်းသော ဆန်ကောပုံ ဖြစ်သော်လည်း အရွက်၏ ထိပ်ဘက်မှာ မသိမသာ ကွဲလျက် ရှိသဖြင့် ဆူးကောက်နက်နှင့် လွဲမှားတတ်၏၊ ဆူးကောက်နက် အရွက်မှာ သိသာ ထင်

ရှားသော ထိပ်ကွဲ ရှိသည့်ပြင် အရွက်၏ အောက်မျက်နှာမှာ ဖြူဖြော့သော ကတ္တီပါမွေး ကလေးများ ဆယ်ထပ်ချင်းရွက်နှင့် ထူးခြားစွာ ကွဲပြားလျက် ရှိ၏၊ ၎င်းပြင် ဆူးကောက်နက် သည် အပင်၏ အရင်းပိုင်း အခေါက်၏ အတွင်း၌ ဆူးပုန်းများ ပါရှိသဖြင့် ဆယ်ထပ်ချင်းနှင့် မတူ ထူးခြားလျက် ရှိ၏၊ ၎င်းတို့ ၂ ပင်ကို မျက်မြင် လေ့လာ ကြည့်ရှု မှတ်သားပါမှ ကွဲပြား သည်ကို သိရှိနိုင်၏။ ။ဆယ်ထပ်ချင်းသည် ဆူး ၂-ခု အကြားအကြားတွင် အရွက် တရွက် တရွက် ထွက်၏၊ ဆူး ၂-ခု တွေ့တိုင်း အရွက်ကို တွေ့နိုင်၏၊ အရွက် နှင့် ပင်စည်မှာ ပါးလွှာသော အမွေးနုကလေးများ ပါရှိ၏၊ အကိုင်း ထွက်ပုံမှာ ပင်မကို ပထိလည် တက်၍ ထွက်၏၊ အရွက် ပေါက်ပုံမှာလည်း အကိုင်းကို ပတ်လည် တက်၍ ပေါက်၏၊ ဆယ်ထပ်ချင်း, ဆူးကောက်နက်, ကျွဲ တယ်, ဦးခေါင်းခွံ စသော အပင်တို့သည် ဆင်တူရိုးမှားများ ဖြစ်ကြ၍ မှားတတ်သော အပင်တို့ မည်ကုန်၏၊ မျိုးရင်းချင်းလည်း တူညီသော အပင်များ ဖြစ်ကြသည့် အတွက် ဆေးသုံးလိုသော အပင်ကို အတိအကျ ရရှိရန်, အမှားအယွင်း မရှိရန် အလွန် သတိပြုအပ်သော အပင်များ ဖြစ် ပေသည်။

**ဂုဏ် နှင့် စွမ်းရည်။** ။ဆယ်ထပ်ချင်းသည် သွေး, လေကို ပွားစေတတ်၏၊ သလိပ် ရောဂါကို ပျောက်ကင်းစေတတ်၏။

ဆယ်ထပ်ချင်း ( ဒသကလျာ ) သည် ပူ၏၊ သွေး နှင့် လေကို ကြွစေတတ်၏။

**အဖောကျ လိမ်းဆေး။** ။ဆယ်ထပ်ချင်းမြစ်, ကြောင်လျှာခေါက်, ခတက်ခေါက်, နနွင်းစိမ်း—၎င်းဆေးစုကို အမျှစု၊ အမှုန့်ပြုပြီးလျှင် ရေကျက်အေးနှင့် ဖျော်ပြီး တကိုယ်လုံး လိမ်း၍ပေးပြီးလျှင် ပေါင်းချွေးအောင်းရသည်။

၎င်းပြင် ဟာလိဆေး ဖော်စပ်ရာတွင်လည်း “လက်ထုပ်, သက်ရင်း, ဆယ်ထပ်ချင်း” ဟူ၍ ဖော်စပ် ပါဝင်သဖြင့် ဆယ်ထပ်ချင်း၏ ဆေးအသုံး အလွန် ကျယ်ဝန်းပုံကို သိနိုင်၏။

---

# ဆင်မြေသဲပင်

**ပုံသဏ္ဌာန်။** ။ဆင်မြေသဲပင်သည် မြေပေါ်သို့ လျှောက်၍ သွားသော မြေလျှောက် နွယ်မျိုး ဖြစ်၏၊ နွယ်အရိုးတံသည် နီ, ညိုသော အရောင် ရှိပြီး မာကြော၏၊ ပင်မ၏ နွယ်ရိုးတံ မှ အကိုင်း, အလက်, အခက်များ ဖြာ၍ ထွက်ကြ၏၊ ပင်နွယ်နှင့် အကိုင်း အလက်ပေါ်တွင် အရွက်များ အကြီး, အငယ် အရွယ်အစား အမျိုးမျိုးဖြင့် အရွက်ပေါက်ကြ, သီးပွင့်ကြ၏၊ အရွက် ပုံသဏ္ဌာန်မှာ အရင်း ဝိုက်ပြီး ရွက်ဖျား အနည်းငယ် ချွန်သော ဘဲဥပုံ ဖြစ်သည်၊ အရောင်သည် အစိမ်းရောင်ရင့် ရှိပြီး အနည်းငယ် ထူ၏၊ အရွက်တို့၏ အကြားမှ ပွင့်, သီးကြသည်၊ ၎င်းသီးမှာ ခွံပျော့သီး ဖြစ်သည်။






ဆင်မြွေသဲ

ဆင်မြေသဲပင်သည် ဥ ရှိသော အပင် ဖြစ်သည်၊ မြေကျစ်လျှင် ဥသည် အမြစ်ပေ[ါ်] သာသာမျှ သာ ရှိပြီး မြေပွလျှင် ကြီးသော ဥများ ရနိုင်၏၊ ၎င်းအပင်သည် ပရန္နဝါ[ကဲ့သို့] မြေလျှောက် အပင် ဖြစ်ပြီး အရွက် အသီးတို့မှာ ပရန္နဝါနှင့် ကွဲပြား ခြားနားလျက် ရှိသည်။

ပရန္နဝါသည် အပွင့်ကို လိုက်၍ အဖြူ, အနီ, အညို ဟူ၍ ၃-မျိုး ရှိသည်၊ ( ဘာဝပ္ပကာ[သ] နိဃဏ္ဍုကျမ်းတွင် အပွင့်နက် တမျိုး ရှိသေး၏ ဟု ဆို၏ ) အဖြူမျိုးသည် အရွက် ပိုင်း[၏] အနား နီရောင် ရှိ၏၊ အပွင့် ဖြူ၏၊ အရွက် ထူ၏၊ အနီရွက်ထက် ကြီး၏၊ အရည် ရှမ်း၏၊ အ[ခက်] အလက် အရိုးများ ကျွတ်ဆတ်၏၊ ၎င်းအဖြူကို မိုးဥတု နှင့် အေးသော ရာသီများတွင် စိမ်းလ[န်း] စိုပြေစွာ တွေ့ရ၏၊ များစွာ ရနိုင်၏၊ အနီမျိုးသည် အဖြူမျိုးအောက် အရွက် ငယ်၏၊ အပွ[င့်] နီ၏၊ အရည် နည်းပါး၏၊ အကိုင်း, အခက်, အရိုး မာကြော၏၊ ၁၂-ရာသီလုံး အမြဲ ပေါ[က်] လျက်ရှိ၏၊ အညိုမျိုးသည် အပွင့် ညို၏၊ အခြား အစိတ်အပိုင်း အားလုံး အနီနှင့် တူ၏။

ဆင်မြေသဲပင်သည် အလွန် ပူပြင်းသော မိုးခေါင်ရေရှား ရပ်ဝန်း ဒေသတွင် ပေါ[က်] ရောက်သော်လည်း တနှစ်ပတ်လုံး စိမ်းလန်း စိုပြေ၍ နေသည်မှာ ဥက ရေဓာတ်ကို စုတ်ယူ ထိ[န်း] ပေးသဖြင့် အလွန် ပူပြင်းသော အချိန်အခါမှာပင် သတ္တိကောင်းစွာ လန်းဖြာလျက် ရှိ၏၊ ၎[င်း] ဆင်မြေသဲ ဆေးပင်သည် အထက်မြန်မာနိုင်ငံ မုံရွာဒီစတြိတ် နယ်ပယ်၌ အလွန် ကျော်ကြ[ား] လူသိများသော ဆေးတပင် ဖြစ်သည်။

**ဂုဏ် နှင့် စွမ်းရည်။** ။ဒဗ္ဗဂုဏဆေးကျမ်း အလို– ဆင်မြေသဲမြစ်, ပရန္နဝါ မြစ်, တွင်းနက်မြစ်, တိလက်သာမြစ် သည် ဝမ်းသွန်သော ရောဂါ, ဒူလာနာကို နိုင်၏၊ ကိုယ် လက် ပေါ့ပါးစေတတ်၏၊ ဒေါသ သုံးပါး ပျက်သော အနာ, ဖျားသော အနာများကို ပယ်ရှ[ား] နိုင်၏၊

**ဓာတုရသဆေးကျမ်း အလို။** ။ဆင်မြေသဲသည် လေကို ကြေစေတတ်၏။

**အနာ ပြည်မပေါက်ဘဲ ရောင်၍ နေလျှင်။** ။အမြစ်, သို့မဟုတ် ဥကို ဆားနှင့် သွေ[း] ပြီး လိမ်း၍ ပေးရာ၏။

**မီးရပ် ကိုယ်ရောင် ရောဂါ။** ။ဥကို ယိုထိုးပြီး ကျွေး၍ ပေးရာ၏။

**လိပ်ခေါင်း ရောဂါ။** ။ဆင်မြေသဲဥ အမှုန့်နှင့် လိပ်ခေါင်းကို နယ်၍ ပေးလျှင် လိပ် ခေါင်း ရောဂါ ပျောက်ကင်း ချမ်းသာနိုင်၏။

**မီးရပ် ဝမ်းသက် ရောဂါ။** ။ဆင်မြသေဲ, ခဘက်ခေါက်, ငြုတ်ကောင်း, ချင်းခြောက်, ပန်းလဲ ဆေး ၅-မျိုးကို ရောစပ်ပြီး ဟင်းခါးချက်၍ သောက်။

---

# ဆိတ်ချေးပင်အမ

| | | |
|---|---|---|
| ဟိန္ဒီ | पकवीर | ( ပ-က်-ဗီ-ရ်) |
| သက္ကတ | पकवीर | ( ပ-က-ဗီ-ရ ) |
| လက်တင် | Brdelia retusa | |

ပုံသဏ္ဌာန်။ ။ဆိတ်ချေးပင်သည် မြန်မာနိုင်ငံ အထက်ပိုင်းဒေသ နှင့် အောက်ပိုင်းဒေသများတွင် အတွေ့များသော အပင်ဖြစ်သည်၊ အမြင့်ပေ ၄၀-မှ ၅၀-အထိ ကြီးမြင့်သော အပင်ဖြစ်သည်၊ လုံးပတ်အားဖြင့် ၄-ပေ ၅-ပေခန့် ရှိသည်၊ အသား၏ အရောင်မှာ ညိုညစ်ညစ်ရှိပြီး မာကျောသော အသား ဖြစ်သည်။

အရွက်၏ ပုံသဏ္ဌာန်မှာ ဘဲဥပုံ ဖြစ်ပြီး အဖျား အနည်းငယ် ချွန်သည်၊ ရွက်ညှာတို၍ အကိုင်းကို ပတ်လည်တက်၍ ပေါက်သည်၊ ရွက်ညှာ၏ အရင်းတွင် အဖုးကလေးများ အသီးသီး ပါရှိသည်။

ဆိတ်ချေးသားသည် အလွန်မာကျစ်သော အသား ဖြစ်သဖြင့် ၁-ကုဗပေလျှင် ၂၅-ပေါင် အချိန်စီးသည်၊ အိမ်သုံးပစ္စည်းအတွက် အသုံးပြုရာတွင်၎င်း ထွန်တုံး, ထွန်တန်, လှည်းအိမ်, ပြုလုပ်ရာတွင်၎င်း ကြာရှည်ရေစိမ်ခံသော အသား ဖြစ်သည်၊ အခေါက်ကို သားရေနယ်ရာတွင် အသုံးပြုသည်။


ဂုဏ် နှင့် စွမ်းရည်။ ။ဆိတ်ချေးပင် အမသည် လေကိုနိုင်၏၊ ဒါးနာသော ရောဂါ, ကိုယ်တခြမ်းသေသောရောဂါ, ဆီးရောဂါတို့ကို ပျောက်ကင်းစေတတ်၏။


---

# ဆိတ်ချိုပင်

| | | |
|---|---|---|
| ဟိန္ဒီ | मेढासिंगी | ( မေဍါဒ်ိဂီ ) |
| သက္ကတ | मेषशृङ्गी | ( မေသျှဒ်ိဂ ) |
| လက်တင် | Dolichandrone falcata | |
| အင်္ဂလိပ် | Screw tree | |

ပုံသဏ္ဌာန်။ ။ဆိတ်ချိုပင်သည် နွယ်မျိုးတွင် ပါဝင်သောအပင် ဖြစ်၏၊ ၎င်းအပင်၏ အဆစ်အဆက်တို့မှ အရွက် အပွင့် အသီးတို့သည် ထွက်ကုန်ကြ၏၊ အရွက်တို့သည် ရွက်ဆိုင်ထွက်၏၊ မြှားဦးကဲ့သို့ သဏ္ဌာန်ရှိသော ဝါဏာကာရ ( Sagittate ) ခေါ် အရင်းဟိုက်သော မြှားဦးပုံရွက်ဟုခေါ်၏၊ ရွက်ညှာ ရှည်၏၊ ရွက်ကြောတို့သည် ပေါ်လွင်ထင်ရှားစွာ ဖြာထွက်ကြကုန်၏၊ အပင်၏ အဆစ်တို့မှ ရှည်လျားသော ညှာတံများဖြင့် ဆိတ်ချိုသဏ္ဌာန် ပွင့်သီးကြ


ဆိတ်ချေးပင်(၁၁၈)
BRIDELIA RETUSA
एकवीर



ဆိတ်ချိုပင်

DOLICHANDRONE FALCATA

मेषशृङ्गी

No. 34

ကုန်၏၊ အပင်၏ အမြစ်သည် အရင်းတုတ်ပြီး အဖျား ချွန်သွယ်သော ဥသဏ္ဌာန် အမြစ်လျှင် အမြစ်သေး အမြစ်မွှားများနှင့် တကွ မြေဝင် ၄ လက်မခန့် ရှိ၏၊ အပွင့်သည် ရှည်လျားသော ညွှာတံဖြင့် ပွင့်သော ရွက်ကြား ထွက်ပန်းခိုင် ဖြစ်၏၊ အသီးသည် ပန်းခိုင်တို့မှ ဆိတ်ချိုပုံ ဖြစ်၍ သီးကြကုန်၏။

ဂုဏ် နှင့် စွမ်းရည်။ ။နိဃဏ္ဍုရတနာကရကျမ်းအဆို– ဆိတ်ချိုပင်သည် အေးသော ဂုဏ်, ခါးဖန်သော ရသ, ချိုသောရသ, ရှိ၏၊ အဆီအစေး မရှိ၊ ဝမ်းမီး ချက်ပြီးနောက် စပ်၏၊ အားကို ဖြစ်စေတတ်၏၊ မျက်စိအမြင်ကို ကျေးဇူးပြုတတ်၏၊ ဒေါသ မလ တို့ကို ခွဲခြားတတ်၏၊ ရသာယန ဆေးမျိုး ဖြစ်၏၊ ကိုယ်ပူနာ, သည်းခြေနာ, သလိပ်နာ, သွေးဖောက်ပြန်နာ, ချောင်း ဆိုးနာ, ကြက်မျက်သင့်သောအနာ, ပန်းနာ, ပေါက်သောအနာ, အဆိပ်နာ, ပိုးနာ, မြင်းသရိုက် လိပ်ခေါင်းနာ, နှလုံးရောဂါ, ကိုယ်ရောင်နာ, နူနာ, လေနာတို့ကို နိုင်၏။

၎င်းအသီးသည် ခါး၏၊ စပ်၏၊ ပူ၏၊ ဝမ်းမီးကို တောက်စေတတ်၏၊ နှလုံးကို ကျေးဇူးပြု တတ်၏၊ နှုတ်ကို မြိန်စေတတ်၏၊ ချဉ်၏၊ ငံ၏၊ သံသန ဆေးမျိုး ဖြစ်၏၊ နူနာ၊ ဆီးသွန်နာ၊ ချောင်း ဆိုးနာ၊ ပိုးနာ၊ သလိပ်နာ၊ အဆိပ်နာ၊ ပေါက်သောအနာ၊ လေနာတို့ကို နိုင်၏။

---

# ဆပ်ပြာပင်-ခေါ် (ငစိုင်ရိုင်း)

ပုံသဏ္ဌာန်။ ။၎င်းအပင်သည် မြေပေါ်သို့ ဖြာထွက်၍ သွားသော မြေရှောက် အပင် မျိုး ဖြစ်သည်၊ ၎င်းသည် ပင်လုံးပင်စည် မရှိဘဲ မြေဝင်အမြစ်မှ မြေပေါ်သို့ ပေါ်ထွက်လာသော အခါ အရပ် ၄ မျက်နှာသို့ အံကောပမာဏမျှ ကြီးမားစွာ ဖြာ၍ လာသည်၊ အကိုင်း အခက် အရွက်ဟူ၍သည် လုံးရောင်သဏ္ဌာန် ရှိ၍ အရွက်ဟူ၍ ခေါ်ဆိုစရာ မရှိပေ၊ အခက် အလက် အားလုံး ရေဓာတ်ကိန်းသဖြင့် ရွှမ်းအိစိုပြေသော အရောင်အဆင်း ရှိသည်၊ ၎င်းကို ဓားဖြင့် ထု ကြိတ်ခြေ လိုက်သောအခါ အရေများ စိုရွှမ်းစွာ ထွက်ပေါ်လာသည်၊ ၎င်းအပင်သည် နေ၏ အပူဒဏ်ကို ခံနိုင်သော စွမ်းရည်သတ္တိနှင့် ပြည့်စုံသဖြင့် အထက်မြန်မာနိုင်ငံ မိုးခေါင်းရေရှား ရပ်ဝန်းဒေသ၌ ပူပြင်းသော နွေရာသီမှာပင်လျှင် စိမ်းရွှင်လျက် ရှိသည်၊ ၎င်းအပင်ကို ဗိန္ဒောဆရာတို့သည် ငစိုင် ရိုင်း ဟူ၍လည်း ခေါ်ဆိုကြ သေး၏။

ဂုဏ် နှင့် စွမ်းရည်။ ။မိန်းမများ နို့ကင်ဆာရောဂါ ဖြစ်ပေါ်လာသော အခါ ၎င်းအပင်ကို ကြိတ်ပြီး နို့နာကို အုံ၍ပေးလျှင် ပျောက်ကင်းနိုင်၏။


သူငယ်ခေါင်း၌ ပေါက်တတ်သော အနာစိမ်းများကို ၎င်းအပင်ကို ကြိတ်၍ ရသော အရည်ဖြင့် သုတ်လိမ်း၍ ပေးလျှင် ပျောက်ကင်း ချမ်းသာနိုင်၏။

မန်းရည်မရ၍ ခြောက်သွေ့ပူပြင်းသော အနာများကို ၎င်းအရည်ဖြင့် မကြာ မကြာ သုတ်လိမ်း၍ ပေးရသည်။

သွေးစုနာ, မွေးကျွတ်နာများကို ကြိတ်၍ အုံပေးရလျှင် ပျောက်ကင်း နိုင်သည်။

---

# ဆပ်ပြာပင်(ငရိုင်ရိုင်း)



[ဇ]

## ဇီဇဝါပန်းပင် (သုံးဆင့်ပန်း)

ပုံပြ ဆေးအဘိဓာန် (တ) တွဲ- ရှု။

---

## ဇော်ကလေးနီအသေး (စိန်ပန်းပင်)

ပုံပြ ဆေးအဘိဓာန် (ပ) တွဲ- ရှု။

---

## ဇော်ဂျီခါးပုံစ (သူယောင်ဂမုန်း)

ပုံပြ ဆေးအဘိဓာန် (တ) တွဲ- ရှု။

---

## ဇောင်ချမ်းပင်

ပုံပြ ဆေးအဘိဓာန် (ပဌမတွဲ - စာ ရှု)၊ (စတုတ္ထ တွဲ - ပုံ ရှု)

---


[ည]


## ညောင်ချဉ်ပင်

ပုံပြ ဆေးအဘိဓာန် (ပဌမတွဲ - စာ ရှု)၊ (စတုတ္ထ တွဲ - ပုံ ရှု)

---


အရှင်နာဂသိန် ပုံပြ ဆေးအဘိဓာန် (ပဌမတွဲ) မှ
ကြွင်းကျန်သော ဆေးပင်များ ပြီးပြီ။






စောင်ချမ်းပင်

OSYRIS ARBOREA.




ညောင်ချဥ်ပင်

FICUS INFECTORIA

पिलखन



အရှင်နာဂသိန်

# ပုံပြဆေးအဘိဓာန်-ဒုတိယတွဲ

မှ

## ကြွင်းကျန်သောဆေးပင်များ

အရှင်နာဂသိန်

# ပုံပြဆေးအဘိဓာန် (ဒုတိယတွဲ) မှ

# ကြွင်းကျန်သောဆေးပင်များ

—

[ တ ]

## တပြုက်နွယ် (တောသပြုက်)

**ပုံသဏ္ဌာန်။** ။တောသပြုက်သည် နွယ်မျိုးပင် ဖြစ်၏၊ ရေသောက်မြစ်သည် အရင်းတုတ်ပြီး အဖျား ချွန်သွယ်လျက် မြေတွယ် မြစ်မွှာတို့ဖြင့် ဖွာလျက် ရှိ၏၊ ပင်စည်သည် ကညစ်ရိုးကဲ့သို့ လုံးဝိုင်းလျက် ရှိ၏၊ အကိုင်းအလက် ထွက်ပုံမှာ သာမညသာ ဖြစ်၏၊ စပြစ်အယဉ် အရိုင်းကဲ့သို့သော သဏ္ဌာန်အားဖြင့် အနည်းငယ်မျှသာ ကွဲပြားခြားနားလျက် ရှိ၏။

အရွက်သည် ပြန့်ကား၍ ၃-မြှောင့်ရှိပြီး လက် ၃-ချောင်း ဆောင်၍ထားသော လက်ဝါးကဲ့သို့ ရှိ၏၊ ရွက်ကြောများသည် ပေါ်လွင်ထင်ရှားလျက် ရှိ၏၊ ရွက်ညှာသည် ၂-လက်မခွဲခန့်သာ ရှိပြီး ရွက်ညှာပေါ်၌ တုံးသော ဆူးကလေးများ ပါရှိ၏။

အပွင့်သည် ပွင့်ဖတ်အုံအတွင်းမှ ၁-လက်မခွဲခန့်သာရှိသော ပွင့်ဖတ်လွှာ ၅-ခုတို့ဖြင့် ပွင့်ကြ၏၊ အပွင့်ညှာတန်သည် ၃-လက်မမျှ ရှည်လျားသော ရွက်ကြားထွက် ပန်းခိုင် ဖြစ်၏၊ ပွင့်ဖတ်များ ကြွေကျသွားသောအခါ အစိမ်းရင့်ရောင်ရှိသော သီးနုကလေးများ ပေါ်ထွက်၍လာ၏၊ ရင့်သောအခါ ကျီးအာသီးခန့် ရှိပြီး မှည့်သောအခါ လိမ္မော်ရောင်အဆင်း ရှိ၏၊ ၎င်းအသီးသည် ပိန္နဲသီးနုကလေးများကဲ့သို့ ဆူးကလေးများ ပါရှိ၏။

**မှတ်ချက်။** ။ပုံပြဆေးအဘိဓာန် ပဌမတွဲတွင် စပြစ်ရိုင်း နှင့် တောသပြုက် ကွဲပြား ခြားနားကြောင်း ဖော်ပြထားပြီး ဖြစ်၏၊ စပြစ်ရိုင်း ဆိုသည်မှာ စပြစ်အယဉ်မျိုးမှ တောဝင်၍ ရိုင်းသွားသော စပြစ်ရိုင်းမျိုးကိုသာ ဆိုလို၏၊ မြန်မာပြည်တွင် နောက်ပိုင်းမှ နိုင်ငံခြားက မျိုးရောက်လာ၍ စိုက်ကြ, ပျိုးကြ, စားကြရသော အယဉ်မျိုးမှ တောဝင်၍ရိုင်းသော စပြစ်ရိုင်းမျိုး မဟုတ်သည်ကို ကွဲပြားအောင် ခွဲခြား၍ ပြခြင်း ဖြစ်၏။



**သပြုကာ်နွယ် (တောသပြုကာ်)**

ယာခု ရေးသာ
အထက်မြန်မာနိုင်
နွယ်မျိုးဖြစ်၏၊
ပေါက်သော ဝေ
သိစေအပ်၏။

စပြ

ဝေါဟာရ ဟူသ
မသွားဘဲ ပြောင်းလဲသွ
ဝေးသလောက် ပြောင်း
လာသောအခါ ပြောင်း

မည်သည့်ဘာသ
ရှိတတ်ရာ မြန်မာဝေါဟ
ယူကပြီး တိုင်းရင်းဘာသ
ဟာရတို့မှာ အက္ခရာသံ
သည်၊ ဘာသာဝေါဟ
လဲရမြဲပင် ဖြစ်ပေသည်။

စပြစ်သီး ဟူသေ
ပရိယာယ် ၂-ပုဒ် အနက်
မြန်မာတို့ သုံးနှုန်းခဲ့သည်
မြန်မာအမည်ဖြစ်ရုံ ခေါ
ပဒုမာ, ဟိဂုလ=ဟိန်း

'မုဒ္ဒိကာ=မုဒရ
အချာ မသိနိုင်ဘဲ ရှိလေ
ဝေါဟာရ ဖြစ်လာသည
သည်၊ နောင် စ အက္ခ
ဖြစ်လာပြန်သည်၊ ဤ
မဟာသယနာကို ဉစ္စာ
ရှိရာတွင် နောက်ဆုံး စ
ကို သမှ စ သို့ ပြောင်း
ထုံးမှိစံမျှ မှတ်သင့်ပေသ

သဒ္ဒါကျမ်းမျာ
မျှားစွာ ရှိလေသည်၊

ယခု ရေးသားသော တပြက်နွယ်ခေါ် တောသပြက်သည် ရှေးနှစ်ပေါင်း များစွာက အထက်မြန်မာနိုင်ငံ တောတောင်တလျှောက်၌ အလေ့ကျပေါက်သော ပေါက်ပင်မျိုး နွယ်မျိုးဖြစ်၏၊ ၎င်းသည် စပြစ်အယဉ် အရိုင်းမျိုးတို့နှင့် မဆိုင်ဘဲ အလိုအလျောက် ပေါက်သော တောသပြက်ပင်၏ ဆေးအသုံးကိုသာ ဖော်ထုတ်ရေးသားခြင်း ဖြစ်ကြောင်း သိစေအပ်၏။

## စပြစ် ဟူသော ဝေါဟာရ ပြောင်းလဲလာပုံ

ဝေါဟာရ ဟူသမျှသည် ယေဘုယျအားဖြင့် မြစ်ရေစီးကြောင်းအလား တခဖြောင့်တည်း မသွားဘဲ ပြောင်းလဲသွားတတ်လေသည်၊ မြစ်ရေစီးကြောင်းများသည် ခရီးရှည်ဝေးလျှင် ရှည်ဝေးသလောက် ပြောင်းလဲသွားတတ်သကဲ့သို့ ဝေါဟာရရေစီးကြောင်းလည်း ကာလရှည်ကြာလာသောအခါ ပြောင်းလဲတတ်၏။

မည်သည့်ဘာသာ၌မဆို တိုင်းရင်းဘာသာမှအပါး အခြားဘာသာများ ရောယှက်လျက် ရှိတတ်ရာ မြန်မာဝေါဟာရတွင်လည်း ပါဠိဘာသာ မွန်ဘာသာနှင့် နိုင်ငံခြားဘာသာများ ရောယှက်ပြီး တိုင်းရင်းဘာသာအသွင် အသုံးဝင်နေသော အရာများ ရှိနေလေသည်၊ အချို့ဝေါဟာရတို့မှာ အက္ခရာသံ ပြောင်းလဲ၍၎င်း အနေအထား ပြောင်းလဲ၍၎င်း သုံးနှုန်းလာခဲ့ကြလေသည်၊ ဘာသာဝေါဟာရသည် သဒ္ဒါရသဘော အနိစ္စသဘော ဖြစ်သောကြောင့် ပြုပြင်ပြောင်းလဲရမြဲပင် ဖြစ်ပေသည်။

စပြစ်သီး ဟူသော ဝေါဟာရကို စိစစ်လျှင် ၎င်းစပြစ်သီးသည် မုဒ္ဒိကာ, မဓုရသာ ဟူသော ပရိယာယ် ၂-ပုဒ် အနက် မုဒ္ဒိကာ ပါဠိကို မုဒြက် (မုဒရက်) ဟု နာမသတ် ဝေါဟာရ ပြုကာ မြန်မာတို့ သုံးနှုန်းခဲ့သည်၊ နာမသတ် ဆိုသည်မှာ အဓိပ္ပာယ်မပါ ပါဠိဘာသာကို မူတည်လျက် မြန်မာအမည်ဖြစ်ရှံခေါ်သော အမည်မျိုး ဖြစ်ပေသည်၊ ဥပမာ- ဇာတိဖလ=ဇာတိပ္ဖိုလ်, ပဒုမာ= ပဒုမ္မာ, ဟိင်္ဂုလ=ဟိန်းခို- ရှိမ်းခို စသည်တို့ကဲ့သို့တည်း။

'မုဒ္ဒိကာ=မုဒရက်' ဟု မြန်မာပြန်ထားသောကြောင့် မည်သည့် အသီးမျိုး ဟု အသေအချာ မသိနိုင်ဘဲ ရှိလေသည်၊ ထို့ကြောင့် မုဒရက် ဝေါဟာရမှ နောက်အခါ စပြစ်သီး ဟု ဝေါဟာရ ဖြစ်လာသည်၊ ပါဠိအသုံး စကားလုံးပြတ်ကာ စပြစ်ဟူ၍ ဝေါဟာရတမျိုး ဖြစ်လာသည်၊ နောင် စ အက္ခရာ သ သို့ ပြောင်း၍၎င်း စ သတ်ကို က သတ် ပြောင်း၍၎င်း သပြက် ဟူ၍ ဖြစ်လာပြန်သည်၊ ဤသို့ အက္ခရာပြောင်းလဲခြင်းမှာ သဘာဝတခု ဖြစ်လေသည်၊ ဥစ္စာသယန- မဟာသယနာကို ဥစ္စာစယန- မဟာစယန ဟူ၍ သ ကို စ သို့ ပြောင်းလဲသကဲ့သို့၎င်း- နှေ့ခုနစ်ပါး ရှိရာတွင် နောက်ဆုံး စနေ ဟူသော ဝေါဟာရသည် သက္ကတဘာသာတွင် သနေ ဟု ရှိသည်၊ ၎င်းကို သ မှ စ သို့ ပြောင်း၍ စနေ ဟု ပြောင်းသကဲ့သို့၎င်း စပြစ်မှ သပြက်သို့ ပြောင်းလဲလာသည် ဟု ထုံးမှီစံမျှ မှတ်သင့်ပေသည်။

သဒ္ဒါကျမ်းများမှာလည်း ဝဏ္ဏပရိယာယ ဝဏ္ဏဝိကာရ အက္ခရာဖောက်ပြန် ပြောင်းလဲပုံများ များစွာ ရှိလေသည်၊ ခြင်္သေ့ဟော သီဟသဒ္ဒါသည် ဟိံသ (ညှဉ်းဆဲခြင်း အနက်ဟော) မှ

သနှင့် ဟ ရှေ့နောက်ပြန်၍ သီဟ ဖြစ်လာ၏၊ ဟိ သတိတိ သီဟော ဟူ၏၊ မေခလာနတ်သမီး... ပုဒ်သည် "မေဟနသာ ခသား မာလာ" ဟူသော ပုဒ်များတွင် မေ တလုံး ခ တလုံး လာ တလုံး... ယူကာ ကြင်းသမျှ အက္ခရာနှင့်ချေပစ်ပြီး ဖြစ်လာသောပုဒ်တည်း၊ ခါးကြိုးတန်ဆာရှိသော နတ်သမီး... ဟူ၏၊ အတ္တဇ ပုဒ်မှ တ တလုံးကို ရပြု၍ အတြဇ ဖြစ်လာ၏၊ သား ဟု အနက်ရ၏၊ ဤသို့... ယုတ္တိများကို ထောက်ဆ၍ စပြစ်မှ သပြက် ဖြစ်လာနိုင်ပုံကို သဘောကျသင့်ပေသည်၊ ဝေါဟာရ... ဆန်းကြယ်ပုံကိုလည်း မှတ်သားရသည်။

စပြစ်မှ သပြက် ဝေါဟာရ ဖြစ်လာသောအခါ အချို့ပညာရှင်တို့က ယပင့်ပျက်ဘက်... ဆွဲယူကာ သားကို ပျက်စေတတ်သော အသီး ဟု ဝိဂ္ဂဟ်ပြုပြီး သားပျက်သီး ဟု အဓိပ္ပာယ်ပြန်သော ကြောင့် အချို့အမျိုးသမီးများ သပြက်သီးကို မစားဝံ့ကြ ဟု ဆိုသည်၊ ခြယားပင်မှ ခယော... ဟု ခေါ်သော အပင်ကို ခယ သဒ္ဒါကို အစွဲပြု၍ ကုန်ခန်းစေတတ်သော အပင် ဟု အဓိပ္ပာယ်... ကောက်ပြီး အိမ်ရှေ့တွင် ခယေပင် မစိုက်ဝံ့သော ပုဂ္ဂိုလ်များလည်း ရှိ၏၊ ပေါက်ပန်းပင်ကို စိုက်လျှင် ပေါက်သည်ကစ၍ ပင်ပန်းဆင်းရဲတတ်သည် ဟု အယူရှိပြီး အိမ်အနီး၌ ပေါက်ပန်းပင် မစိုက်ဝံ့သော သူများလည်း ရှိသေး၏၊ ဤသို့လျှင် သစ်ပင်နှင့် စပ်လျဉ်း၍ အယူအဆ ချွတ်ယွင်း မှုများ များစွာ ရှိတတ်လေသည်။

ထိုမှတပါး သပြက်ဟူသော ဝေါဟာရကို အစွဲပြု၍ ဟင်းချိုချက်စားရသော တပြက်နွယ် ကိုလည်း သပြက် ဟု ယူမှားကာ ကဗျာပင် ဖွဲ့ဆိုထားခဲ့သည်ကို တွေ့ရသည်။

"ကပလင်းရယ်နှင့်၊ ဂုံမင်းတဲ့ ရေရာ၊ ပြိုးပြောက်ကယ်ဖြာ၊ နွယ်ကျီးဟာ ဗုံလုံရွက် ကယ်နှင့်၊ သပြက်ကယ် ပီလညို့က၊ ချိုလှတယ်လေး"

ဟူ၏။

ဤကဗျာတွင်ပါသော သပြက်ကား အရွက်ကို ဟင်းချို ချက်စားရသော တပြက်နွယ်ပင် ဖြစ်သည်၊ ပီလညို ဆိုသည်ကား ပီလောညိုကို ဆိုသည်။

ထို့ပြင် သပြက်နှင့် စပ်လျဉ်း၍—

"တောသပြက် ရေယှက်ပါတဲ့ ပီလောညို။ ။ရွက်ချွန်းပုဇွန်စာနှင့်၊ လွန်တရာ ကညွတ်ပေါ်တယ်၊ တောဖြစ်လို့ကို"

စသည်ဖြင့် တောသပြက် ဟူ၍ စပ်ကြသေး၏၊ ဤ၌လည်း တပြက်နွယ်ပင် ဖြစ်ကြောင်း၊ တပြက် နွယ်သည် ဟင်းရွက်တမျိုး ဖြစ်ကြောင်း မှတ်သင့်ပေသည်၊ မုဒ္ဓိကာဟော သပြက် မဟုတ်ကြောင်း ထထစ်ချ သိထားရန် ဖြစ်ပေသည်။

သားပျက်ပင်၊ ခယေပင်မျိုးသည် မစိုက်ကောင်း မစားကောင်း သကဲ့သို့ အခြားမစိုက် ကောင်းသော အပင်များလည်း ရှိသေးကြောင်း သိသာရန် အချို့ပုဂ္ဂိုလ်တို့က စပ်ဆိုကြပြန် သည်မှာ—

"အရှေ့မှာ ညောင်၊ တောင်ကား ငှက်ပျော၊ မြောက်ကျော လက်ပံ၊ နောက်ရံ သဖန်း၊ ဒန်း နှင့် သပြေ၊ မစိုက်လေနှင့် "

ဟူ၍ အိမ်အရှေ့ဘက်မှာ ညောင်မစိုက်လေနှင့် တောင်ဘက်က ငှက်ပျော, မြောက်ဘက်က လက်ပံ, အနောက်ဘက်က သဖန်းပင်, ဒန်းပင်, သပြေပင် မစိုက်လေနှင့် စသည်ဖြင့် ညွှန်ကြားစာ များ ပေါ်လာခဲ့လေသည်။

ဤကား- သပြက် ဟူသော ဝေါဟာရ ပြောင်းခြင်းနှင့် စပ်လျဉ်း၍ သိမှတ်ဖွယ်ရာများကို ဖော်ပြလိုက်ခြင်းတည်း။

သပြက်နှင့်ပတ်သက်၍ ဆရာတော်ကြီးများ၏ မိန့်မှာချက်ကို ဖော်ပြဦးအံ့– မော်လမြိုင်မြို့ အဂ္ဂမဟာပဏ္ဍိတ တောင်ပေါက်ဆရာတော်၏ အဘိဓာန်နိဿယတွင် ဤသို့ မိန့်မှာတော် မူထား၏။

မုဒ္ဒိကာ မဓုရသာ- သပြက် ( စပြစ်, မုဒြက် ) ပင်တည်း၊ ဤမုဒြက် ဟူသော ဝေါဟာရ သည် သက္ကတဘာသာမှ ဖြစ်လာသော အမည်သညာ မဟုတ်၊ မွန်၏၊ ၎င်းဘာသာ၌ ( မရိဒ္ဒိကာ ) ဟု သာ ရှိသည်၊ အဟုတ်အားဖြင့်ကား မုဒြိကာ ဟူသော သီဟိုဠ်ဘာသာမှ ဖြစ်လာသော ဝေါ ဟာရသာတည်း၊ ထို့ကြောင့် ဒွေးအရစ်နှင့် ကျွန်မှန်ကန်စွာ ရေးတတ် ဘတ်တတ်ရမည်၊ ထို့ထက်သာ၍ နီးကပ်ဆက်စပ်သော ဘာသာကား ( မုဒြာတ် ) ဟူသော မွန်ဘာသာတည်း။

အဂ္ဂမဟာပဏ္ဍိတ- အဘယာရာမ ဆရာတော်၏ အဘိဓာန်နိဿယသစ်တွင်ကား—

မုဒ္ဒိကာ မဓုရသာ- စပြစ်, မုဒရက် ( သပြက် ) ရှေးနိဿယတို့၌ မုဒရက် ဟု အနက်ပေး သောကြောင့် ယခုထက်တိုင် မုဒရက်ကို အသေအချာ မသိနိုင်ဘဲ ရှိလေ၏၊ ထို့ကြောင့် ဆေး နိဃဏ္ဍုကျမ်းတို့ကိုရင်း ဟိန္ဒူပညာရှိတို့၏ အဘိဓာန်နိဿယတို့ကိုရင်း မှီ၍ ပေးသည်၊ နိသံသယ ( ယုံမှားမရှိ ) မှတ် - ဟူသည်တည်း။

ယောအတွင်းဝန်မင်း၏ ဥတုဘောဇနသင်္ဂဟကျမ်းတွင်ကား- စပြစ်သီးကြီး, စပြစ်သီးငယ်, ခံသီးနှင့် တူသော စပြစ် ဟု ၃-မျိုး ပြ၏။


၁ - စပြစ်သီးကြီးကို ဟိန္ဒူတို့က 'မုက္ကာ' ဟု ခေါ်၏၊ ပါဠိဘာသာ ဂေါတ္ထနီ ခေါ်၏၊ နွားနို့သီးနှင့် တူသည် ဟူလို။

၂ - စပြစ်သီးငယ်ကို ဟိန္ဒူတို့က 'ကိမိဆ' ဟု ခေါ်၏၊ တောင်၌ပေါက်သော စပြစ်သီး မျိုးကို ဟိန္ဒူတို့က ဗာဟရိ ခေါ်၏။

၃ - ခံသီးနှင့်တူသော စပြစ်သီးမျိုးကို ပါဠိဘာသာဖြင့် ကရမဒ္ဒိကာ၊ ဟိန္ဒူဘာသာဖြင့် 'ရော်ဒိ' ခေါ်သည်။

ဤသို့ ပြဆိုထားလေသည်။

**ဂုဏ် နှင့် စွမ်းရည်။** ။တောသပြက်ကို ဟင်းချိုချက်ပြီး တိုက်ကျွေးပေးလျှင် အဖျား ပျောက်လွယ်၏။




# တရော်

**GREWIA POLYGAMA.**

कुकुरबीच

တပြက်နွယ်သည်
ပေးရ၏။

တပြက်နွယ်သည် အ
မမြစ်ကျွတ်စေရန် အတွက်

တပြက်နွယ်သည်
ရှလုံးနာ၊ ထိုးအောင့်သော
ကျားရည်ကျသောအနာ
ပတ်၏။

ဖ

၈

ပုံသဏ္ဌာန်။
အဖျားအနည်းငယ်ချွန်သော
ပေါက်၏၊ ရွက်ညာတို့၏
သည် အဖျားချွန်၍ မနေး
ရင်းမှ ရွက်ဖျားတိုင်အောင်


တရော်ပွင့်သည်
များဖြစ်၏၊ ပွင့်ဖတ်လွှာမျ

တရော်ပင်သည်
မြန်မာနိုင်ငံ အနှံ့ အပြား
ကုန်ပစ္စည်းအဖြစ် တရော်

အထူးအားဖြင့်
လျှော်ရာတွင် တရော်

**ဂုဏ် နှင့် စွမ်းရည်**
မျိုး ဖြစ်သဖြင့် တရော်

**ဝမ်းပိတ်ဆေးမျ**
ဆေးများ ဖော်စပ်ရာတွင်



တပြက်နွယ်သည် အမြစ်ကို ဆားနှင့် သွေးပြီး ဖျားသော သူများ လျှာကို ပွတ်၍ ပေးရ၏။

တပြက်နွယ်သည် အရေပြား ပူနွေးစေရန် အဖု အပိန့်များ ပြည်မှည့်စေရန် နှင့် အနာ အမြစ်ကျွတ်စေရန် အတွက် အသုံးပြုရ၏။

တပြက်နွယ်သည် ဝမ်းမီးကို တောက်စေတတ်၏၊ ဒေါသ သုံးပါးလုံးကိုလည်း နိုင်၏၊ ပွလုံးနာ, ထိုးအောင့်သောအနာ, ချောင်းဆိုးနာ, ပန်းနာ, အဖျားရောဂါ, တုလာသရောနာ, သွားရည်ကျသောအနာ ခရုသင်းရောဂါ, နှလုံးနာကျင်သော ရောဂါတို့ကို ပျောက်ကင်းစေ တတ်၏။

---

# တရော်ပင်

**ဟိန္ဒီ** **ကုက္ကုရ ဓါဝ** ( ကုကုရ် ဓ° - ဂျ )

**လက်တင်** Grewia polygama

**ပုံသဏ္ဌာန်။** ။တရော်ပင်သည် ပင်လတ်မျိုး ဖြစ်၏၊ အရွက်သည် အရင်းဝိုက်လျက် အဖျားအနည်းငယ်ချွန်သောကြောင့် ဘဲဥ ပုံသဏ္ဌာန် ရှိ၏၊ အကိုင်းကို ဘယ်ညာတလှည့်စီ ရွက်လွှဲ ပေါက်၏၊ ရွက်ညာတို့၏ အရွက်၏ အနားသား တလျှောက်တွင်ရှိသော ခွေးသွားစိပ်ကလေးများ သည် အဖျားချွန်၍ မနေဘဲ အနည်းငယ်ဝိုင်းလျက်ရှိ၏၊ အရွက်၏ မျက်နှာပြင်ပေါ်၌ ရွက်ညှာ ရင်းမှ ရွက်ဖျားတိုင်အောင် ထင်ရှားသော အကြောကြီးများ ဖြတိသန်းလျက် ရှိ၏။

တရော်ပွင့်သည် အရွက်တို့၏အကြား အကြားမှ ထွက်သော ရွက်ကြားထွက် ပန်းကလေး များဖြစ်၏၊ ပွင့်ဖတ်လွှာများ ကြွေကျပြီးနောက် သီးကင်းများ ထွက်ပေါ်လျက် **အသီး** သီး၏။

တရော်ပင်သည် ဆင်တူရိုးမှား အနေဖြင့် မျိုးကွဲပေါင်းများစွာ ရှိ၏၊ တရော်ပင်တို့ကို မြန်မာနိုင်ငံ အနှံ့ အပြား တွေ့ရှိနိုင်၏၊ တရော်ခေါက်များမှ ကျိချွဲသောအရည်များ ထွက်၏၊ လူသုံး ကုန်ပစ္စည်းအဖြစ် တရော်ချောင်းများကို ခေါင်းလျှော်ရန်အတွက် ရောင်းချကြ၏။

အထူးအားဖြင့် တရော်ခေါက်ကို ထုပြီးနောက် ရေတွင်စိမ်၍ ခေါင်းလျှော်ရ၏၊ ခေါင်း လျှော်ရာတွင် တရော်ခေါက်ကို ကင်ပွန်းသီးပြုတ်ရည်ဖြင့် ရောစပ်ပြီး ပြုလုပ်ကြ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။**အယားပြေဆေး—** တရော်ပင်သည် ဆေးဘက်ဝင်သော ပစ္စည်း မျိုး ဖြစ်သဖြင့် တရော်ခေါက်ကို အယားပြေဆေးအဖြစ် ဖော်စပ် အသုံးပြုရ၏။

**ဝမ်းပိတ်ဆေးများ။** ။တရော်သီးသည် ချုပ်စေတတ်သော သတ္တိရှိသဖြင့် ဝမ်းပိတ် ဆေးများ ဖော်စပ်ရာတွင် ထည့်သွင်း အသုံးပြုကြသည်။

**ကိုယ်ရေပြားရောဂါ။** ။တရော်ရွက်ကို ကိုယ်ရေပြား ရောဂါအတွက် အသုံးပြုကြသည်။

**မန်းအားကြီးသောအနာ။** ။အခေါက်ကို သွေးပြီး မန်းအားကြီးသော အနာကို လိမ်း၍ပေးရသည်၊ သကြားအကြေးချွတ်ရာတွင်လည်း တရော်ခေါက်ကို အသုံးပြုကြသည်။

## အမာရွတ် ပျောက်ဆေးလင်္ကာ

"အမာရွတ်ထင်၊ လူတခွင်ဝယ်၊ အမြင်ဆိုးလှ၊ ပျောက်စေရအောင်။ ။တရော်စေးဆို၊ ရှိန်းခို ရှားစောင်း၊ အစေးလောင်းလျက်၊ ငင်းထက်ဝက်၊ ကပ္ပိုလ်စွက်မှု မခက်ရှိလွတ်၊ အမာရွတ်တွင်၊ ခြောက်ကြိမ်တင်က၊ လျှင်မြန်စောစွာ၊ လွတ်ချမ်းသာလိမ့်"

အထက် ဖော်ပြပါ လင်္ကာအတိုင်း တရော်ပင်သည် အလွန်အဲရုပ်ဆိုးသော အနာရွတ် ပျောက်စေရန်အတွက် မည်မျှအကျိုးသက်ရောက်စေနိုင်သည်ကို လင်္ကာကပင် ပေါ်လွင်စွာဖော်ပြနေပြီဖြစ်၍ အထူးချဲ့ထွင်ရေးသားရန် လိုမည်မထင်ပါ၊ တရော်စေး, ရှိန်းခို, ရှားစောင်းစေး ဟူသော အစေး ၃-ပါးကို အမှုစီစုရန် ဖော်ပြထားသည်၊ ရှိန်းခိုကို ယူငင်ရာ၌ အထူး သတိရှိရန်လိုအပ်သည်။

ရှိန်းခိုသည် မြန်မာနိုင်ငံဖြစ် မြန်မာ့ဝေါဟာရ စကားစစ်စစ် မဟုတ်ချေ၊ မွေးစားထားသော စကား ဖြစ်၏၊ ဟိင်္ဂုလ် (ဟိန်းဂိုလ်) ဟူသော သက္ကတပုဒ်ပျက် ဟိန္ဒီစကားမှ ဖြစ်၏၊ ရှေးဟောင်းဆေးနည်းတို့၌ ဟိန်းဂို ဟူ၍ပင် ရေးသားခေါ်ဝေါ် သုံးစွဲနေကြသည်ကို တွေ့ရသည်၊ နောက်မှတဆင့် ရွေ့လျော၍ ရှိန်းခိုဟူ၍ ခေါ်ဝေါ်သုံးစွဲကြသည်၊ တတိယတွဲ ပုံပြ ဆေးအဘိဓာန်နှင့် တိုက်ဆိုင်ညှိနှိုင်း ယူငင်ပါ။

ရှိန်းခိုရွက်ပင်မှ ရွက်ဖျားတွင် အစေးများ (ဝါဝါခဲကလေး) ကို တွေ့နိုင်သည်၊ ရှိန်းနံ့ အနံ့အတိုင်း ထွက်သည်ကို တွေ့ရသည်၊ မည်သို့ပင်ဖြစ်စေ ရှိန်းခိုစစ်ရန် လွန်စွာ လိုအပ်၍ သတိပေးစကား ဖော်ပြခြင်း ဖြစ်ပါသည်။

---


# တရုပ်နံ့နံ့ပင်

ဟိန္ဒီ अजमोद ( အ-ဇ-မော-ဒ )

သက္ကတ अजमोदा ( အဇမောဒါ )

လက်တင် Apium graveolens

**ပုံသဏ္ဌာန်။** ။တရုပ်နံ့နံ့ပင်သည် အစေ့မှ ပေါက်သည်၊ ၁-နှစ်ခံ ၂-နှစ်ခံသော အပင်ပျော့မျိုး ဖြစ်သည်၊ တရုပ်နံ့နံ့ပင်တွင် ရွက်ညှာ မြောက်မြားစွာ ရှိ၍ ငှက်မွေးပုံ အရွက်များရှိ




ထရုပ်နံနံ

APIUM GRAVEOLENS.

अजमोदा

သည်၊ အခက် အလက်တို့

ရှိ၏၊ ထိုပွင့်ညှာတန်သည်

ထိပ်ညီအပွင့်ဖြူများ ပွင့်၏၊

သည် အဖြူမျိုး, အစိမ်းမျိ

ရောင်းဝယ်ရာတွင် အဖြူမျိ

ရှိထားသော ၂-မျိုးသော

အစေ့ကိုသာ အများအား

သည် ဇာတ်လိုက် ဖြစ်သည်၊

တရုပ်နံနံပင်၏ ရိုးတန် နှင့်

၏ အကိုင်း, အရွက် စသည်

ပေါ်ရေ့ ငံပြာရည်တို့ဖြင့် အ

မျိုးစေ့ တို့၏ ဆေးအသုံးကို

တရုပ်နံနံပင်သည်

သည်၊ ထိုတိုက်ကြီးများရှိ ပ

တရုပ်နံနံပင်ကို စိုက်ပျိုးခဲ့

သို့သော် စိုစွပ်သော

လည်း ပေါက်တတ်သေးသ

ဒေသတို့၌ အလေ့ကျပေါ

ပေါက်ပင်တမျိုး ဖြစ်သဖြင့်

သို့ရာတွင် ထိုနံနံပ

သေးမီ ရာစုနှစ်များအတွင်

တရုပ်နံနံကို ပဌမဦးစွာ စို

ခဲ့ကြသေးချေ၊ ၁၀၇၄-ခု

တရုပ်နံနံပင်ကို စတင် စိုက်

တရုပ်နံနံစေ့၏

ထိုအစေ့များမှ အပင် ၁

ကို ပျိုးထောင်ရသည်၊ အ

၍ ပြုပြင်ထားသော မြေ

ရှိသော သစ်ဆွေးနှံး မြေ

မနှစ်သက်ချေ၊ မြေဆီ

ထည့်ပေးရသည်၊ အပင်

သည်၊ အခက် အလက်တို့ များစွာ ဖြာထွက်ပြီးလျှင် အရွက်များဖြင့် ပြီးသော ပွင့်ညှာတန်များ ရှိ၏၊ ထိုပွင့်ညှာတန်သည် ၂·ပေမှ ၃·ပေအထိ ရှိသည်၊ ထိုပွင့်ညှာတန်များ၏ ထိပ်တွင် ရင်းတူ ထိပ်ညီအပွင့်ဖြူများ ပွင့်၏၊ ထိုအပွင့်များမှ အစေ့အသီးငယ်များ ဖြစ်လာသည်၊ ထိုတရုပ်နံနံပင် သည် အဖြူမျိုး, အစိမ်းမျိုး ဟူ၍ ၂·မျိုးသာ ရှိသည်၊ အစိမ်းမျိုး၏ ပင်စည်သည် ကြွပ်ဆတ်၍ ဖျောင်းဝယ်ရာတွင် အဖြူမျိုးထက် အစိမ်းမျိုးက အတွေ့ရများသည်၊ အထူးဂရုတစိုက် စိုက်ပျိုး ၍ထားသော ၂·မျိုးသောအပင်တို့မှ အစေ့ကိုရနိုင်သည်၊ ဆေးဘက်ယှဉ်၍ အသုံးပြုရာတွင်လည်း အစေ့ကိုသာ အများအားဖြင့် အသုံးအစွဲပြုကြသည်၊ မဆလာမွှေး ဖော်စပ်ရာတွင် တရုပ်နံနံစေ့ သည် ဇာတ်လိုက် ဖြစ်သည်၊ တချို့ မဆလာဖော်စပ်ရာတွင် နံနံစေ့ ဖောဖောသီသီ ရေရှိပါက တရုပ်နံနံပင်၏ ရိုးတံ နှင့် ရွက်ခြောက်ကို အစားထိုးပြီး ထည့်သွင်းဖော်စပ်ကြသည်၊ တရုပ်နံနံပင် ၏ အကိုင်း, အရွက် စသည်တို့ကို ဟင်းအိုးခပ်အနေဖြင့်၎င်း လက်သုပ်, ဟင်းလျာအနေဖြင့်၎င်း ပေါင်မုန့်ပြာရည်တို့ဖြင့် အတို့အမြုတ် ပြုလုပ်၍၎င်း အမျိုးမျိုး အသုံးအစွဲပြုကြသည်၊ တရုပ်နံနံ မျိုးစေ့တို့၏ ဆေးအသုံးကိုကား နောက်ပိုင်း၌ ပါဝင်ဖော်ပြ၍ ထားပေ၏။

## တရုပ်နံနံပင်၏ အထွေထွေ အကျဉ်း

တရုပ်နံနံပင်သည် ဥရောပ အာရှ နှင့် အာဖရိကတိုက်တို့တွင် မူလ ပေါက်သောအပင်ဖြစ် သည်၊ ထိုတိုက်ကြီးများရှိ ယဉ်ကျေးမှု ရှေးကျသော ဒေသများတွင် ခရစ်နှစ်မတိုင်မီက ပင်လျှင် တရုပ်နံနံပင်ကို စိုက်ပျိုးခဲ့ကြသည်။

သို့သော် စိုစွပ်သောမြေတွင် အမြင့် ၆·လက်မမှ ၁၅·လက်မအထိ သဘာဝ အလျောက် လည်း ပေါက်တတ်သေးသည်၊ ဥရောပ မြောက်ပိုင်း နှင့် အာရှတိုက်၌ ညွှန်ပြောင်း ထူထပ်ရာ ဒေသတို့၌ အလေ့ကျပေါက်သော တရုပ်နံနံပင်သည် ခါးသော အရသာ ရှိ၏၊ ကြမ်းထမ်းသော ပေါက်ပင်တမျိုး ဖြစ်သဖြင့် စားသုံးရန် မသင့်လျော်ချေ။

သို့ရာတွင် ထိုနံနံပင် အရိုင်းမျိုးကို လူတို့ ဂရုတစိုက် စိုက်ပျိုးလာကြခြင်းကြောင့် မကြာ သေးမီ ရာစုနှစ်များအတွင်း စားသုံးနိုင်သော အပင် ဖြစ်လာလေသည်၊ ၁၆၈၆·ခုနှစ်တွင် တရုပ်နံနံကို ပဌမဦးစွာ စိုက်ပျိုးခဲ့သော်လည်း ၁၈၀၀ ပြည့်နှစ် တိုင်အောင် လူအများ မစားသုံး ခဲ့ကြသေးချေ၊ ၁၈၇၄ ခုနှစ်တွင် အမေရိကတိုက် မစ်ရှီဂန်ပြည်နယ် ကယ်လမာဇူး အနီးတွင် တရုပ်နံနံပင်ကို စတင် စိုက်ပျိုးခဲ့သည်။

တရုပ်နံနံစေ့၏ အလေးချိန် တအောင်စတွင် အစေ့ပေါင်း ၇၀,၀၀၀·ခန့်ပါဝင်၍ ထိုအစေ့များမှ အပင် ၁၀,၀၀၀·ခန့် ပေါက်လာနိုင်သည်၊ နွေကူးဥတုအချိန်တွင် နံနံစေ့များ ကို ပျိုးထောင်ရသည်၊ အပင်ပေါက်ကလေးများ ၆ လက်မခန့် ရှိလာသောအခါ ဇွန်လအတွင်း ၌ ပြုပြင်ထားသော မြေယာသို့ ရွှေ့ပြောင်းကာ အတန်းလိုက် စီ၍ စိုက်ပျိုးရသည်၊ အစိုဓာတ် ရှိသော သစ်ဆွေးနုံး မြေပွတို့တွင် ကောင်းစွာ ဖြစ်ထွန်းသည်၊ သို့သော် ရေဝပ်သော မြေကိုမူ မနှစ်သက်ချေ၊ မြေဆီဓာတ်ကို စုတ်ယူသော အပင်ဖြစ်သဖြင့် မြေဆီလွှာတွင် မြေသြဇာများ ထည့်ပေးရသည်၊ အပင် ၁၆·လက်မခန့် မြင့်လာသောအခါ အပင်၏ ထိပ်ပိုင်းကို လျော့လျော့

ချည်ထားပြီးလျှင် အတက်နှင့် အရွက်ကလေးများကို ဖြတ်တောက်ပစ်ရသည်၊ ပင်စည်တွင် ရောင်ရှိနေစေရန် အပင်ကို မြေတောင် မြှောက်ပေးရသည်၊ ဤသို့ ပြုလုပ်ရာတွင် အပင်၏ ပိုင်းသို့ မြေကြီးများ မရောက်စေရန် သတိထားရသည်။

တရုပ်နံ့နံ့ပင် စိုက်နည်း အမျိုးမျိုးရှိသည့်အနက် စိုက်နည်း တနည်းတွင် တပင်နှင့် ကို ၆-လက်မစီ ခွာထား၍ တတန်နှင့် တတန်းကို ၃-ပေမှ ၄-ပေအထိ ခြားထားရသည်၊ ပွအောင် ပြုပြင်ပေးရသည့်ပြင် ပေါင်းလည်း ရှင်းပေးရသည်၊ အပင်ကို နေရောင် မထိစေရ ပင်စည် ဖြူနေစေရန် မြေတောင် မြှောက်ပေး၍၎င်း, သစ်ခက်ဖြင့် ဖြစ်စေ ကောက်ရိုးဖြ စေ ဖုံး၍၎င်း ရက်သတ္တ နှစ်ပတ်မျှ ယင်းသို့ ပြုလုပ်ပေးရသည်၊ ဤသို့ ပြုလုပ်ပေး သည် အပင်ကို နေရောင်မထိစေရန်ပင် ဖြစ်သည်၊ နေရောင်ထိလျှင် အပင်တွင် အစိမ်းရော လာသဖြင့် စားသုံးရာတွင် ကြမ်းထမ်း၍ အရသာခါးလာ တတ်သည်။

အခြားသော စိုက်ပျိုးနည်းမှာ တပင် နှင့် တပင်ကို ပူးကပ်စွာ စိုက်ပြီးလျှင် တတန် တတန်းကို ၁၂-လက်မထက် မပိုအောင် ခြားထားရသည်၊ တတန်းနှင့် တတန်း အကွာ အဝေး မှု အပင်၏ အမျိုးအစား အရွယ်စသည်တို့ကို လိုက်၍ သင့်တော်အောင် ညှိထားရသည်၊ အချို့ တရုပ်နံ့နံ့ပင်သည် ၁၂-လက်မမှ ၁၅-လက်မအထိ ရှိ၍ အချို့မှာ ၂-ပေခွဲထက်ပင် မြင့်သည်။

တရုပ်နံ့နံ့ပင်ကို ပိုးကောင်ငယ်များ မကြာခဏ ဖျက်ဆီးတတ်သည်၊ ထိုပိုးကောင်ငယ် သည် အရွက်များတွင် အဝါကွက် သို့မဟုတ် မွဲပြာရောင်ကွက်ကဲ့သို့ အကွက်ပေါ်လာစေ၍အရွက် တခုလုံးကို ဖျက်ဆီးပစ်ကြသည်၊ ပင်စည်ကိုလည်း ဖျက်ဆီးသည်၊ အပင်ကို ပိုးသတ်ဆေး ဖျန်းပေး ခြင်းအားဖြင့် ကာကွယ်နိုင်သည်၊ ကျပ်ခိုးကို ထုံးမှုန့်နှင့် ရော၍လည်း မကြာခဏ မကြာခဏ ဖြူ ပေးနိုင်သည်၊ 'မြန်မာ့စွယ်စုံကျမ်း' တွင် အကျယ်တဝင့် ဖော်ပြထားသည်ကို လေ့လာကြပါကုန်။

**ဂုဏ် နှင့် စွမ်းရည်။** ။တရုပ်နံ့နံ့ပင်တွင် ထုံးဓာတ် သံဓာတ် နှင့် ဗီတာမင်များ ပါရှိ သည့်အတွက် အားကို ဖြစ်စေသည်။


တရုပ်နံ့နံ့စေ့ကို ကြာရှည်စွာ ဝမ်းချုပ်ခြင်းအတွက် သော်၎င်း မိန်းမတို့၌ ဖြစ်ပေါ်တတ် သော ဓမ္မတာ သွေးသွားမမှန်သော ရောဂါများအတွက် သော်၎င်း အသုံးအစွဲ ပြုရသည်။

အူတွင်း ရောဂါများအတွက် ဆေးဖော်စပ်ရာတွင်လည်း အစေ့သည် ဆေးဘက်ဝင် ဖြစ်သည်။

ချွေးထုတ်ဆေးနှင့် ဆီးရှင်ဆေး ဖော်စပ်ရာတွင်လည်း အသုံးဝင်သော အပင် ဖြစ်သည်။

တရုပ်နံ့နံ့ရွက်ကို လက်သုတ် ဟင်းလျာပြုလုပ်၍ စားလျှင် အားကို ဖြစ်စေသည်၊ ဟင်းသီး ဟင်းရွက်ကဲ့သို့ ချက်ပြုတ်၍လည်း စားနိုင်သည်၊ အစိမ်းလိုက်လည်း စားနိုင်သည်။

တရုပ်နံ့နံ့စေ့ကို ဆားနှင့်ရော၍ ကြိတ်ပြီးထားပါလျှင် ဟင်းလျာ စသည်တို့ကို ခပ်ရန် နံ့နံ့စေ့ အငန်မှုန့် ရသည်။



သို၊ ပင်စည်တွင် အပြ
ဝတွင် အပင်၏ အသ

းတွင် တပင်နှင့် တပ
ားထားရသည်၊ မြေ
နရောင် မထိစေရန်
စ ကောက်ရိုးဖြင့် ဖြ
ဤသို့ ပြုလုပ်ပေးဖြ
တွင် အစိမ်းရောင်

က်ပြီးလျှင် တတန်း
န်း အကွာ အပေါ
ထားရသည်၊ အချို
က်ပင် မြင့်သည်။

၊ ထိုပိုးကောင်ငယ်
ပေါ်လာစေ၍အရွက်
ပိုးသတ်ဆေး ဖျန်းပေ
ခဏ မကြာခဏ ဖြ
လေ့လာကြပါကုန်။

င့် ဗီတာမင်များ ပါ

းမတို့၌ ဖြစ်ပေါ်တတ်
အစွဲ ပြုရသည်။

သည် ဆေးဘက်ဝင်

၁ အပင် ဖြစ်သည်။

ဖြစ်စေသည်၊ ဟင်းသီ
းသည်။

စသည်တို့ကို ခပ်ရန်

# တောစမ္ပါယ်



၁″. စင်ကား

# တောစမွှါယ်ကြီး

ပုံပြ ဆေးအဘိဓာန် (ပဥ္စမတွဲ- စာ ရှု) (စတုတ္ထတွဲ- ပုံ ရှု)

---

# တောမှန်ကင်း (သစ်ကြမိုး)

ပုံပြ ဆေးအဘိဓာန် (က) တွဲ- ရှု။

---

# တောင်ကန်စွန်းငယ်

| | | |
|---|---|---|
| ဟိန္ဒီ | कालादाना | (ကာလ်ဒါနာ) |
| သက္ကတ | कृष्णबीज | (ကြိဿယ္ဗီဇ) |
| လက်တင် | Ipomoea hederacea | |


**ပုံသဏ္ဌာန်။** ။တောင်ကန်စွန်းငယ်သည် နွယ်မျိုးဖြစ်၍ သစ်ပင် ချုံ စသည်တို့ကို နွယ်၍ တက်သော တနှစ်ခံ အပင်မျိုး ဖြစ်၏၊ ပင်စည် ရိုးတန် တလျှောက် အမွှေးနုကလေးများ ခပ်ပါးပါး ပေါက်၏။

အရွက်သည် ပင်စည်နွယ်ကိုမှီ၍ ခပ်ကျဲကျဲ ရွက်လွှဲပေါက်၏၊ ရွက်ညှာ ရှည်သွယ်၏၊ အရွက်သည် ဝမ်းဘဲဥ ပုံသဏ္ဌာန် ထင်ရှားသော ဝိုက်ချွန် ၃-ခု ပါသည့် ရွက်ခွမျိုးဖြစ်သည်၊ ရွက်ညှာရင်းမှ ရွက်ဖျားတိုင်အောင် ထင်ရှားသော ဗဟိုကြောကြီးမှ အကြောသေး အကြောမွှာများ ဖြာထွက်၍ ရွက်ဖျားတိုင်အောင် သွား၏။

အပွင့် အဖူးတို့သည် အရွက်ထွက်သော အဆစ် အဆစ် အဖုတို့မှ အရွက်နှင့်ပြိုင်၍ ထွက်၏၊ တောင်ကန်စွန်းငယ်၏ အပွင့်ကိုင်းသည် ရွက်ညှာတန်ထက် တိုသည်၊ ပွင့်ခံရွက်သည် ပွင့်ဖတ်နှင့် ကပ်လျက် ရှိသည်၊ ပွင့်ချပ်သည် ၁– ၂-ပိုင်း ၃-ပိုင်း ရှည်၍ ကတော့ပုံ ဖြစ်သည်၊ ပန်းပွင့်ရောင်သည် ပန်းရောင်သန်းသော အပြာရောင် သို့မဟုတ် လိမ္မော်ရောင် ရှိသည်။

တောင်ကန်စွန်းငယ်သည် ကမ္ဘာပေါ်ရှိ အပူပိုင်းဒေသနှင့် သမန္တေးပိုင်း ဒေသများတွင် အလေ့ကျပေါက်အဖြစ် တွေ့ရှိရ၏၊ ဆေးဘက်ဝင်သော အပင်ဖြစ်သဖြင့် မြန်မာနိုင်ငံနှင့် အချို့သော နိုင်ငံများတွင် စိုက်ပင်အဖြစ် ပျိုးကြသည်ကို တွေ့ရှိရသည်။


တောင်ကန်စွန်းငယ် ဖော်ပြရာတွင် တောင်ကန်စွန်းကြီး အကြောင်းကိုလည်း နှိုင်းယှဉ်၍ သိရှိရန် အနည်းငယ် ဖော်ပြလိုပါသည်။



တောင်ကန်စွန်းငယ်

IPOMOEA HEDERACEA

कृष्णबीज





## တောင်ကန်ဇွန်းကြီးပင်

တောင်ကန်ဇွန်းကြီးပင်သည် ၁၀- ပေမှ ၁၅- ပေအထိ ရှည်လျားသော နွယ်မျိုး သစ်ပင်ချုံတို့ကို နွယ်၍တက်သော အခါ ပြုတ်မကျရန် နွယ်နှာမောင်းကလေးများ ပါရှိ၏၊ နွယ်ရင်းသည် ကျပ်လုံးခန့် တုတ်ပြီး ဖြူညစ်သောအရောင် ရှိ၏၊ အနွယ်သည် အရေ ချွမ် စိမ်းစိုသော အဆင်း ရှိသည်၊ ထိခိုက်မိလျှင် ဆတ်ကျိုးလွယ်သော သဘော ရှိ၏။

အရွက်သည် ၄-လက်မခန့် ရှည်သွယ်သော ရွက်ညှာဖြင့် ခပ်ကျဲကျဲ ပတ်လည်ပေါက် အရွက်ပုံသဏ္ဌာန်မှာ ငါးချောင်းစလုံး ထောင်၍ထားသော လက်ဝါးကဲ့သို့ ငှက်တောင်ပုံ ၄-ခွ ပါရှိသည်၊ တောင်ကန်ဇွန်းငယ်ကဲ့သို့ အနွယ်၏ အဆစ်အဖုတို့မှ အရွက်ပေါက်သည်၊ နှင့် အရွက်သည် အမွေးမဲ့ပြီး စိမ်းစိုရွှမ်းသော အရောင်ဖြင့် တောက်ပြောင်လျက် ရှိ၏၊ ပါး၏၊ နေရောင်ထိလျှင် ညှိုးလွယ်၏။

အရွက်ပေါက်သော အဆစ်အဖုံတို့မှ ပန်းပွင့်တန်ထွက်ပြီး ကတော့ပုံကဲ့သို့ အပြာနုရော သော အပွင့်များ ပွင့်ကြ၏၊ ရွက်ညှာတံထက် ပွင့်ညှာတံသည် ရှည်သွယ်၏၊ အပွင့်များ ကြွေ သွားသော အခါ အသီးတို့သည် ဇီးစေ့ခန့် အရွယ်အစားဖြင့် ပွင့်ပတ်လွှာများ ဖုံးအုပ်၍ထား သော ခွန်ပျော့သီး ဖြစ်၏၊ အတွင်း၌ ဝါဂွမ်းပမာ အမွေးအမှင်များ၏ အတွင်း ပဲနောက်စေ့ ရှိသော မာကြောသော အစေ့ကလေး ၂-စေ့မှ ၄-စေ့အထိ ပါရှိ၏၊ အသီးသည် ၁၀-လုံးမှ ၁၅- လုံးအထိ သီးသော အသီးပန်းခိုင် ဖြစ်၏။

တောင်ကန်ဇွန်းကြီးပင်ကို အခြားသော နိုင်ငံများ နှင့် မြန်မာနိုင်ငံ အရပ်ရပ်တွင် ဥကို အသုံးပြုရန် အတွက် စဝ်ဖြင့် စိုက်ပျိုး၍ ထားကြ၏၊ အရင်းကျသော နွယ်၏မြေဝင်ပိုင်း၌ ပလော ပီနံဥ သဏ္ဌာန်ရှိသော ဥများသည် အဝါရင့်ရောင် အဆင်းဖြင့် ဥကြ၏၊ ၎င်းဥကို ဥမှန်ဥ ဟု ခေါ် ဆိုကြ၏။

**မှတ်ချက်။** ။ 'မြန်မာ့အာယုဗ္ဗေဒ ဆေးသိပ္ပံ' ဆေးဥယျာဉ်၌ တောင်ကန်ဇွန်းကြီးပင်ကို စိုက်ပင် အဖြစ် စင်ခံ၍ ပြသထား၏။ ဥမှန်ဥ သုံးမျိုးတို့၏ ဆေးအသုံးကို 'စတုတ္ထတွဲ' ကျမ်း၊ အစ အ အက္ခရာ အစဉ် ဖြစ်သော ဥမှန်ဥ အခဏ်းတွင် အပင်ပုံစံ ၃-မျိုးနှင့်တကွ အကျယ် ဖော်ပြထားပြီး ဖြစ်သဖြင့် ယခုအခဏ်း၌ ဖော်ပြရန် မလိုတော့ပေ၊ တောင်ကန်ဇွန်းကြီး နှင့် တောင်ကန်ဇွန်းငယ် ၂-မျိုး နှိုင်းယှဉ်ရန်သာ အကြမ်းအားဖြင့် ဖော်ပြထားခြင်းဖြစ်၏။

## တောင်ကန်ဇွန်းငယ်

ဂုဏ် နှင့် စွမ်းရည်။ ။ဓာတုရသဆေးကျမ်း အလို– တောင်ကန်ဇွန်းငယ်ရွက်သည် သွေးနှင့် သင့်၏၊ သွေးကိုလည်း ကြေစေတတ်၏၊ တိမ်စွဲသော အနာကိုလည်း ပယ်တတ်၏။

**မှတ်ချက်။** ။ဆေးအဘိဓာန် အဖွင့်ကျမ်းကြီး များ၌လည်း ဓာတုရသနှင့် အကျိုးသွား အတူတူပင် ဖော်ပြကြ၏။

...များသော နွယ်မျိုး ဖြစ်၏၊
...းကလေးများ ပါရှိ၏၊ ...
နွယ်သည် အရေရှမ်းလျက်
...ာ ရှိ၏။

...ကျ ပတ်လည်ပေါက်၏
...သို့ ငှက်တောင်ပုံ ...
အရွက်ပေါက်သည်၊ ...
ပြာင်လျက် ရှိ၏၊ အရွက်

...ပုံကဲ့သို့ အပြာနုရောင်...
၏၊ အပွင့်များ ကြွေကျ
...များ ဖုံးအုပ်၍ထား၊
အတွင်း ပဲနောက်စေ့...
၊ အသီးသည် ၁၀-လုံး...

...င် အရပ်ရပ်တွင် ဥကို
၏ မြေဝင်ပိုင်း၌ ပလော
...ရင်းဥကို ဥမှန်ဥ ဟု

...ောင်ကန်ဇွန်းကြီးပင်ကို
...းကို 'စတုဋ္ဌတဲ့' ကျမ်း
...မျိုးနှင့်တကွ အကျယ်
တောင်ကန်ဇွန်းကြီး
...ဖော်ပြထားခြင်းဖြစ်၏။

...ကန်ဇွန်းငယ်ရွက်သည်
... ပယ်တတ်၏။

...ရသနှင့် အကျိုးသွား၊



၁"-စကေး

ငရုတ်(တံငါ)

RANNCULUS SCELERATUS

कविराज

တောင်ကန်ဇွန်းရွက်သည် အေးသောဂုဏ်, ငံသောရသ ရှိ၏၊ သည်းခြေထ၍ ပူဆာလိုက်လဲသောအနာ, ရေငတ်သောအနာ, အတွင်း အပူဒဏ လောင်၍ ပူဆာလှိုက်သော ရောဂါ, သလိပ်ခြောက်သော ရောဂါတို့ကို ပယ်ရှားတတ်၏။

---

## တောင်မရိုး (သင်ပုန်းပင်)

ပုံပြ ဆေးအဘိဓာန် (တ) တွဲ - ရှု။

---

## တံငါရေတ် (ရေတ်ခါး)

ပုံပြ ဆေးအဘိဓာန် (ပဌမတွဲ - စာ ရှု) (စတုတ္ထတွဲ - ပုံ ရှု)

---

## တိုင်းပင်

**ပုံသဏ္ဍာန်။** ။တိုင်းပင်သည် မွှေးကြိုင်သည့် ဥယျာဉ် သစ်ပင်နုမျိုး ဖြစ်သည်၊ ထိုအပင်သည် ပူဒီနာ အပင်မျိုး ဖြစ်၏၊ တိုင်းပင်သည် အရွက်နှင့် ပင်စည်အတွင်းရှိ ဆီကြောင့် မွှေးကြိုင်သည်၊ မျိုးစိတ်တိုင်းတွင် ထိုဆီမျိုး ရှိသည်၊ အရွက်များသည် အလွန်သေးငယ်၏၊ အပွင့်များသည်လည်း အလွန် သေးငယ်၍ အများအားဖြင့် စက်ဝိုင်းပတ်ပုံဖြင့် ပွင့်ကြသည်၊ ပန်းပွင့်၏ အရောင်မှာ ခရမ်းရောင်, အနီရောင်, သို့မဟုတ် အဖြူရောင် ဖြစ်သည်၊ ရိုးရိုးတိုင်းပင်သည် နွယ်၍ပေါက်လေ့ ရှိသည်၊ ထိုအပင်မျိုးသည် အေးသည့် ကမ္ဘာလုံးခြမ်းတွင် အလွန် ပေါများစွာပေါက်သည်၊ ချောက်နံ့ ထွက်သော တိုင်းပင်တမျိုးလည်း ရှိသေးသည်၊ ဥယျာဉ်များတွင် ပေါက်သော တိုင်းပင်မျိုးသည် ရိုးရိုးတိုင်းပင်ထက် ပို၍ မြင့်သည်၊ ထိုအပင်၏ မူရင်းဒေသမှာ မြေထဲပင်လယ်ဒေသ ဖြစ်သည်။

**ဂုဏ် နှင့် စွမ်းရည်။** ။တိုင်းမော ခေါ် ပိုးသတ်ဆေးတမျိုးကို တိုင်းပင်၏ အရွက်နှင့် ပင်စည်တို့မှ ရသော ဆီဖြင့် လုပ်၍ ယူရသည်။ (စွယ်စုံကျမ်း—မှ)

---



No. 37

ည်းခြေထ၍ ပူဆာလှိုက်
ဆာလှိုက်သော ရောဂါ ၊

ရှု )

နှမျိုး ဖြစ်သည်၊ ထိုအ
င်းရှိ ဆီကြောင့် မွှေး
သားငယ်၏၊ အပွင့်များ
သည်၊ ပန်းပွင့်၏ အ
ုံးတိုင်းပင်သည် နွယ်၍
ွန် ပေါ်များစွာပေါက်
များတွင် ပေါက်သော
သမှာ မြေထဲပင်လယ်

တိုင်းပင်၏ အရွက်နှင့်



တိုင်းပင်

No. 37



ဆောလပတ်

RHIMAEANTHUS COMMUNIS.

यूथिकापर्णी

ပုံပြ ဧ

ပုံပြ ဆေး

ပုံသဏ္ဍာန်။

မျှားဖုံးအုပ်၍ နေ၏၊

လျှင် ကျောဘက်၌ ကွ

ပန်းပွင့်သည် ဝ

အားလုံးကို ကတ္တိပါမွေး

သည် ဘဲဥပုံကဲ့သို့နေသ

၁-ပိုင်း လက်မရှည်၏။

ဒွိနိပင်၏ ဂုဏ်

[ ထ ]

## ထောလပတ်ပင်

ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာ ရှု ) ( စတုတ္ထတွဲ - ပုံ ရှု )

---

[ ဒ ]

## ဒညင်းပင် ( တိန်ညင်း )

ပုံပြ ဆေးအဘိဓာန် ( ဒု ) တွဲ ရှု။

---

## ဒန္တသုခပင်

ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာ - ရှု ) ( စတုတ္ထတွဲ - ပုံ - ရှု )

---

## ဒွနီပင် ( ထွနီပင် )

**လက်တင်** Eriolaena candollei

**ပုံသဏ္ဌာန်။** ။ဒွနီပင်သည် အပင်အလတ်စားမျိုး ဖြစ်၏၊ အညွန့်ကို ကတ္တီပါမွေးများ ဖုံးအုပ်၍ နေ၏၊ အရွက်ရင်းသည် နှလုံးပုံသဏ္ဌာန်ရှိ၍ အချက်နားရှိ ခွေးသွားစိပ်များဝိုင်းပြီးလျှင် ကျောဘက်၌ ကတ္တီပါမွေးများပေါက်၏၊ ရွက်ညှာသည် ရှည်၏။

ပန်းပွင့်သည် ဝါလျက် ပွင့်ခံရွက် ၃-ရွက် ရှိ၏၊ ပွင့်ခံရွက်ဘို့ အနား၌ ခွေးသွားစိပ်များရှိ၏၊ အားလုံးကို ကတ္တီပါမွေးများဖုံးလျက်နေ၏၊ ပွင့်ချပ်ပေါ်တွင်လည်း ကတ္တီပါမွေးပေါက်၏၊ အသီးသည် ဘဲဥပုံကဲ့သို့နေသော်လည်း အဖျားချွန်၍ အမျှောင်းများပေါက်၏၊ အလျား ၁—၂ -ပိုင်း ၁-ပိုင်း လက်မရှည်၏။

ဒွနီပင်၏ ဂုဏ် နှင့် စွမ်းရည်သည် ဒွဘုတ်ပင် နှင့် အကျိုးသွားတူ၏၊ ( ဒွဘုတ်ရှု )။

---

ဒန္တသုခ

SCOPARIA DULCIS

मुहिधाय



ဓ

ပုံသဏ္ဌာန်။
အပွေးသည် နီ၍ အခေါ
အညွန့်တို့ပေါ်တွင် ကြေ
ရောင်ကတ္တီပါမွေးများပေ
လျားသော လှ စွပ်နှင့်တူ
ပွင့်ခံရွက်တို့သည်ရေညှိအ
မွေးများ ဖုံးလျက်နေ၏

ဂုဏ် နှင့် စွမ်းရည
အသံပျက်, အသံဝင်,
ဂါ, ခေါင်းကိုက်နာ, ခေ

ပုံသဏ္ဌာန်။
ဆောင်း, ဥတုသုံးပါး
အနည်းငယ်ထူပြီး အ
အကြီးရှိ၏၊ မြေ ရေ
အလျား ၁၀ -လက်
အရွက်မှာ အမွေးကင်
စိမ်းညိုသော အရော
ဖြတ်သန်း၍သွားသေ
ကလေးများ, အရွက်
ယှက်ပြီး အဆုံးသပ်
ကြီးပင်သည် အလေ
မြေ၌ ဒ.ပေါက်မျ

[ န ]

# နကျယ်ပင် (နဂျယ်)

လက်တင် Pterosperum semisagittum



**ပုံသဏ္ဌာန်။** ။နကျယ်ပင်သည် အလတ်စားမျိုး ဖြစ်၏၊ ပင်တံ၌ ချိုင့်ခွက် ရှိ၏၊ အပွေးသည် နီ၍ အခေါက်ကွာသည့်အခါ အပြားကလေး ဖြစ်လျက် ကွာကျ၏၊ အရွက်ကျောနှင့် အညွန့်တို့ပေါ်တွင် ကြေးနီရောင် ကတ္တီပါအမွေးများပေါက်၏၊ အရွက်ကျောဘက်တွင် အဖြူရောင်ကတ္တီပါမွေးများပေါက်၏၊ အရွက်ရင်းသည် တံဖက်သို့ရွဲ့၍ပေါက်၏၊ အရွက်ပြားမှာ ရှည်လျားသော လုံးစွပ်နှင့်တူ၍ အနားတလျှောက်သည် မချောဘဲ တွန့်၍နေ၏၊ ပန်းပွင့်သည်ဖြူလျက် ပွင့်ခံရွက်တို့သည်ရေညှိအညိုရောင်ထွက်၏၊ အသီးသည် သစ်သားကဲ့သို့မာလျက် ညိုသောကတ္တီပါမွေးများ ဖုံးလျက်နေ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။နကျယ်ပင်သည် အသံကောင်းစေ၏၊ ဒေါသ ၃-ပါးကိုနိုင်၏၊ အသံပျက်, အသံဝင်, ချောင်းဆိုး, ချောင်းဆိုးသွေးပါ, အရေပြားရောဂါ, ဖောရောင်သောရောဂါ, ခေါင်းကိုက်နာ, သွေးအန်, သွေးကျ, သွေးဖောက်ပြန်ခြင်း စသောရောဂါတို့ကို ကောင်း၏။

---

# နဘူးကြီးပင်


**ပုံသဏ္ဌာန်။** ။နဘူးကြီးပင်သည် သနပ်ပင်ကဲ့သို့ ပင်လတ်မျိုး ဖြစ်၏၊ နွေ, မိုး, ဆောင်း, ဥတုသုံးပါးသုံး စိမ်းစိုသော အပင် ဖြစ်၏၊ အပင်သည်နီညိုသောအရောင်ရှိ၏၊ အပွေးအနည်းငယ်ထူပြီး အခေါက်ပါးလွှာ၏၊ နဘူးကြီးရွက်သည် မြေ, ရေကို လိုက်ပြီး အရွက် အသေးအကြီးရှိ၏၊ မြေ ရေ ကောင်းသောအရပ်၌ ပေါက်သောအပင်၏ အရွက်သည် ဗျက် ၆-လက်မ၊ အလျား ၁၀ -လက်မကျော်ကျော် ရှိ၏၊ အရွက်မှာ အရင်းဝိုက် အဖျားဝိုက်ပြီး ချွန်၏၊ အပင် နှင့် အရွက်မှာ အမွေးကင်း ဆူးကင်းသောအပင် ဖြစ်၏၊ ရွက်ညှာတို့၏ အရွက်၏ အထက်မျက်နှာပြင်မှာ စိမ်းညိုသော အရောင်ရှိပြီး အောက်ဘက်မှာ စိမ်းနုသောအရောင် ရှိ၏၊ ရွက်ညှာမှ ရွက်ဖျားအထိ ဖြတ်သန်း၍သွားသော အကြောကြီးမှ လေးကိုင်းသဘွယ် ကွေးညွှတ်သော ရွက်ကန့်လန့်ကြောကလေးများ, အရွက်၏ အနားသွားမရောက်မီ အခြားသောအကြောများ နှင့် ကွေ့ပတ်ရောယှက်ပြီး အဆုံးသပ်ကြ၏၊ အရွက်သည် အကိုင်းကို ဘယ် ညာ ခွပြီး ခပ်ကျဲကျဲပေါက်၏၊ နဘူးကြီးပင်သည် အလေ့ကျပေါက်ပင် ဖြစ်သဖြင့် ကျောက်ဆောင်, ကျောက်ကြား, သဲနုန်းဆန်သောမြေ၌ ဇ ပေါက်များ၏၊ ဆေးဘက်ဝင်သော အပင်ဖြစ်ကြောင်းကိုကား လူတိုင်းမသိကြပေ။



နကျယ်

PTEROSPERMUM SEMISAGITTATUM.

ISAGITTATUM.



## နဘူးလေး ခေါ် (နဘူးနွယ်)

နဘူးကြီးပင်ကို ပုံဖော်ရေးသားရာတွင် နဘူးလေးခေါ် နဘူးနွယ်ပင်၏ အကြောင်းကို နဘူးကြီးပင်နှင့် နှိုင်းယှဉ်၍ သိနိုင်ရန် အနည်းငယ် ဖော်ထုတ် ရေးသားလိုပေသည်၊ နဘူးလေး နဘူးနွယ်သည် နဘူးကြီးနှင့်မတူ၊ တမူထူးခြားလျက်ရှိ၏၊ နွယ်မျိုးချုံမျိုးဖြစ်၏၊ နဘူးလေးနွယ်တွင် နီညိုသောအဆင်း ရှိ၏၊ နဘူးလေးနွယ် စ၍ပေါက်သောအခါ နွယ်တို့သည် ဆင်နှာမောင်းကဲ့သို့ အထက်သို့ အားရှိသမျှ ထောင်မတ်၍ တက်သွားကြ၏၊ နွယ်တို့သည် ထွက်စ၌ နီရဲသောအရောင် အဆင်းရှိပြီး အဖျားကွေးညွတ်လျက် လေယူရာယိမ်းနွဲ့နေကြသဖြင့် နေရောင်နှင့် ပဏ္ဏရောင် က,၍နေကြသည့်အလား ကြည့်၍မဝနိုင်လောက်အောင် အလွန်လှပကြ၏၊ အရွက်သည် အရွက် ကို ဘယ်ညာဆိုင်၍ ပေါက်၏၊ အရွက်သည် ဝမ်းဘဲဥပုံ သဏ္ဌာန် ဗျက် ၁ လက်မ၊ အလျား ၂ လက်မမျှသာရှိ၏၊ အနွယ်, အရွက်တို့သည် နုသောအခါ နီညိုသော အရောင် အဆင်း ရှိကြသော်လည်း ရင့်သောအခါ ညို, စိမ်းသောအရောင်သို့ ပြောင်းလဲ၍သွားတတ်၏၊ ခြံစည်းရိုးနှင့် သစ်ပင် ကြီးတို့ကို နွယ်၍ တက်တတ်သော ဆူးကင်းသောနွယ်ပင် ဖြစ်၏၊ နွယ်ရိုးတံသည် အခေါင်းပေါက် သဖြင့် အထက်မြန်မာနိုင်ငံ၌ ရက်ဖောက်တံပြုလုပ်၍ အသုံးချကြ၏၊ နွယ်တို့ကိုကြိမ်အစား တော၌ ရက်၍လည်းအသုံးပြုကြ၏၊ နဘူးလေး ခေါ် နဘူးနွယ်၏ ဆေးအသုံးကိုကား - ပုံပြဆေးအဘိဓာန် ဒုတိယတွဲ၊ န - အက္ခရာတွင် ပါဝင်ပြီးဖြစ်၍ အထူးဘော်ပြရေးသားရန် မလိုတော့ပေ၊ နဘူးပင် ကြီးနှင့် ကွဲလွဲပုံကိုသာ ခွဲခြားသိနိုင်ရန် ရေးသားလိုက်ခြင်း ဖြစ်ပေ၏။

**နဘူးကြီးပင်၏ ဂုဏ် နှင့် စွမ်းရည်။** ။နဘူးကြီးရွက်ကို သတ္တုရည် ညှစ်၍ရင်း အရွက် ကိုပြုတ်သော အရေဖြင့်ရင်း အရိအရွဲတို့ဖြင့် ပြဲ၍နေသော ပျောက်ခဲသော အနာကြီးတို့ကို ပြုတ် ရည်ဖြင့် ဖန်ရည်ဆေးသကဲ့သို့ သုတ်လိမ်းပြီး သတ္တုရည်ဖြင့် မကြာမကြာ လိမ်းကျံ၍ပေးရာ၏၊ ဝမ်းတွင်းသို့လည်း တိုက်၍ပေးရာ၏။

နို့ကျိတ်ဆောင်ရောဂါမှစ၍ အကျိတ်, အခဲ, အဖု, အပိန့်တို့ကို သတ္တုရည်ဖြင့် လိမ်းနယ်၍ ပေးပါလျှင် နုလျှင် ပိန်၍သွားပြီး ရင့်လျှင် ပြည်ပေါက်၍ ပျောက်ကင်းချမ်းသာလွယ်၏။

အနာအို အနာမင်း အနာပျက် မှစ၍ ၎င်းအရွက်ရည်ဖြင့် သုတ်လိမ်း ပွတ်နယ်ပေးပါ လျှင် ပျောက်ကင်းချမ်းသာလွယ်သဖြင့် အနာပေါက်နှင့်ပတ်သက်၍ မြစ်ချင်းပြီး ချမ်းသာလွယ် သော အပင်ဖြစ်ကြောင်းကို ဖော်ထုတ်ရေးသားလိုက်ရခြင်း ဖြစ်ပါ၏။

---

# နမဏီသန်လျက်လေး (သံလျက်သိမ်လည်းဟု)

သက္ကတ ဂေါဝိန္ဒီ (၃၀၅)

ဟိန္ဒီ ဖာ်ဝါ ဂေါဖိန္ဒ (ရှိတာ ၃၀၄-၅)

လက်တင် Capparis horrida

ပုံသဏ္ဌာန်။ ။နမဏီသန်လျက်လေးသည် နွယ်ပင်မျိုးတွင်ပါဝင်၏၊ အထက်မြန်မာနိုင်ငံ မြင်းခြံ၊ ပခုက္က၊ မုံရွာ၊ ရွှေဘို၊ စစ်ကိုင်း စသော ဒေသအားလုံးတို့၌ အလွန် ပေါများသော အပင်မျိုး ဖြစ်၏၊ နမဏီသန်လျက်ကြီး နှင့် အရွက်ပုံစံချင်းမတူ၊ တမူကွဲပြားလျက် ရှိသည်မှ တပါး အားလုံးတူ၏၊ အပင်၏ နွယ်ရိုးတံသည် အလွန် မာကြောပြီး ဆူးကောက် ကလေးများ ပါရှိ၏၊ နွယ်စရာ ချုံ သစ်ပင် ရှိ၍ နွယ်၍တက်သော်လည်း နွယ်စရာ ချုံ သစ်ပင် စသည်တို့ မရှိလျှင် မာသော နွယ်ရိုးတံတို့ကြောင့် ထောင်မတ်ရှုပ်ထွေးစွာ ပေါက်၍နေတတ်၏၊ ၎င်းအပင်ကို ရှဉ့်မတက်ဟူ၍ အချို့သော အရပ်ဒေသ၌ ခေါ်ဆိုကြသေး၏။

အရွက်သည် အရင်းပိုင်းမှ ထစ်သိမ်လျက် အဖျားရှူးသွယ်၍ သွားပြီး သန်လျက်ပုံ တနည်း၊ လှံသွားပုံသဏ္ဌာန်ရှိ၏၊ ဆူးလေး ၂-ခုတို့၏ အကြားအကြားတို့၌ အရွက်တို့သည် အခက်အလက် ပေါ်၌၎င်း ရိုးတံပေါ်၌၎င်း ပေါက်သောအခါ တရွက် နှင့် တရွက် မျက်နှာချင်းဆိုင် ယှဉ်ပြိုင်၍ မပေါက်ဘဲ ပင်တံ၏ တဖက်တချက်တွင် တခုက အပေါ်ကျလျက် နောက်တခုက အောက်သို့ကျကာ တလှည့်စီ ဘယ် ညာ လှည့်ပတ်၍ရွက်လွှဲ ပေါက်၏၊ အရွက်၏ အရောင် အဆင်းသည် စိမ်းညိုသော အရောင်အဆင်းရှိ၏၊ အရွက်သည် ထူထဲမာကြောပြောင်လက်သော ဓမ္မကင်းမျိုး ဖြစ်သဖြင့် ရက်ပေါင်းများစွာ ခူးထားသော်လည်း ညှိုးနွမ်းသွားခြင်းမရှိဘဲ ပကတိအတိုင်း တည်နေတတ်၏။

အပွင့်သည် ဖြူသော အဆင်းရောင်ရှိသဖြင့် အလွန်လှပ၏၊ ပွင့်ဖတ်လွှာများ ကြွေကျ၍ သွားသောအခါ အသီးကင်းကလေးများ ထွက်ပြူ၍လာပြီးနောက် ကြီး၍ လာသောအခါ ကြက်ဥ အရွယ်အစား ကြက်ဥလောက်ကြီးမားလျက် မာကြောသော အစိမ်းရင့်ရောင် ဖြစ်၏။


အသီးမှည့်၍ လာသောအခါ ကျီးအာသီး ကဲ့သို့ နီရဲသောအဆင်း ရှိ၏၊ အသီးမှည့်တို့ကို ငှက် စသော သတ္တဝါများ စားသောက်ကြကုန်၏၊ အသီးစိမ်းနုကို လူများ ဟင်းအဖြစ် ချက်ပြုတ် စားသောက်နိုင်၏၊ အမြစ်ကို ဆေးအဖြစ် အသုံးပြုရ၏။

နမဏီသန်လျက်ကြီး၏ အကြောင်းအရာနှင့် ဂုဏ် သတ္တိ စွမ်းရည်တို့ကို 'ပုံပြ ဆေးအဘိဓာန် ဒုတိယတွဲ' န-ဇကွဲရာအပိုင်းကဏ္ဍတွင် ပါဝင်ပြီး ဖြစ်၍ အထူးတလည် ရေးသားဖော်ပြရန် မလိုတော့ပေ၊ ဂုဏ် နှင့် စွမ်းရည်တို့မှာလည်း နမဏီသန်လျက်ကြီးနှင့် အကျိုးသွား အတူတူပင် မှတ်ယူရာ၏၊ သို့သော် သန်လျက် အကြီးနှင့် အသေးတို့သည် အမြစ်သုံး ဆေးပင်များ ဖြစ်ကြသဖြင့် သန်လျက်ကြီး ငယ် ၂ မျိုးစလုံး ဆေးအသုံးတွင် ပါဝင်၍လာပါက ၂-မျိုးစလုံး ထည့်သွင်းဖော်စပ်ရာ၏၊ ဆေးအသုံးတွင် ၁-မျိုးတည်းသာ ပါဝင်၍လာပါက နမဏီ သန်လျက်ကြီးကို သာ အသုံးအစွဲ ပြုလုပ် ဖော်စပ်ရာ၏၊ နမဏီသန်လျက် အကြီး-အငယ် ခွဲခြား၍ ပြဆိုလိုက်ခြင်းမှာ

နမဏိသံလျှက်ငယ်

CAPPARIS HORRIDA

गोलिन्दी





အရွက်အနေအထား ကွဲပြား
ပေါ်ထုတ် ရေးသားလိုက်ခြင်း
ယူစေလိုကြောင်း ထပ်လောင်

ပုံပြ ဆေး

ပုံပြ ဓေ

ပုံပြ ဓ

ပုံပြ ဓ

အရွက်အနေအထား ကွဲပြားခြားနားချက်တို့ကို သိစေလို၍ နမဏီသန်လျက်ဆေးကို ပုံစံနှင့်မကွာ ဖော်ထုတ် ရေးသားလိုက်ခြင်း ဖြစ်ပါသည်၊ အကျိုးသွားမှာ အကြီး-အသေး အတူတူပင် မှတ်ယူစေလိုကြောင်း ထပ်လောင်း၍ မှာကြားလိုက်ရခြင်း ဖြစ်ပါသတည်း။

---

# နရပသိ

ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာ ရှု၊ စတုတ္ထတွဲ - ပုံ ရှု။ )

---

# နနွင်းပြာ ( ဂမုန်းတိမ်ပြာ )

ပုံပြ ဆေးအဘိဓာန် ( ဒု ) တွဲ ရှု။

---

# နနွင်းရွှေ (သစ်နနွင်း)

ပုံပြ ဆေးအဘိဓာန် ( တ ) တွဲ - ရှု။

---

# နီပဆေးပင် (တောရဲယို)

ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာရှု၊ စတုတ္ထတွဲ - ပုံရှု။)

---

# နီပဆေးလေး ( နီပသိမ် )

ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာ ရှု၊ စတုတ္ထတွဲ - ပုံ ရှု။)

---


# နန်းလုံးကြိုင်ပင်

ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာ ရှု ) ( စတုတ္ထတွဲ - ပုံ ရှု)

---

နရပသိ








နိုပဖေဆးကြီး

၁ စကေး




နိုပဆေးလေး

နန်းလုံ

ACACIA FAR

अरमेद



နှင်းလုံးကြိုင်

ACACIA FARNESIANA

अरिमेद



# နှာဂမုန်း(နေမင်းဂမုန်း)



ပုံသဏ္ဌာန်။ ။နှ
ဖြစ်သည်၊ ၎င်းအပင်သည်
ပေကျော်သည့် တိုင်အော
သွယ်သော လွန်းပုံသဏ္ဌာ
အကြော စင်းများသည် ၎
အပင့်၊ အဖူးတို့သည် တ
သွန်ပင်ကဲ့သို့ ဥမှ အရွက်
ထင်ရှားစွာ မပေါ်ရှိပေ၊
ဥတတ်၏၊ ၎င်းအပင်သည်

နှာအဖြစ် အသုံး
သော်လည်း ဂမုန်းမျိုးသ
တာ ပုတတ်စာ နန္ဒင်း
သည်၊ မြန်မာခေါ် ဂမုန်
၁၀၉ မျိုး ဖော်ပြထား၏
သော အမည် ဖြစ်သည်။

ယခုရေးသားသေ
လူသိများသော အပင်
ရှိသည်၊ ဗေဒဆေးဆိုင်
စွာ ရနိုင်လေသည်၊ အ
အရေးပါ အရာရောက်
ရှိသောအခါ အလွယ်
နှာအဖြစ် အသုံးပြုရန်

**ထိပ်ကပ်နှာ**
ဆေးရွက်ကြီး, ဆေး
မီးနှာပြုလုပ်၍လည်း

**မီးရပ်ခေါင်း**
ဆပ်ဆပ်ချေ, မာလ

**ရုန်း, နတ်,**

No. 39

# နှာဂမုန်း (နေမင်းဂမုန်း)

**ပုံသဏ္ဍာန်။** ။နှာဂမုန်း ခေါ် နေမင်းဂမုန်းသည် ဂမုန်းမျိုးတွင် ပါဝင်သော တနှစ်ခံပင် ဖြစ်သည်၊ ၎င်းအပင်သည် ၁-ပေထက် ကြီးသော အပင်မျိုးမဟုတ်ချေ၊ ရေမြေကြိုက်လျှင် ၁-ပေကျော်သည့် တိုင်အောင် ကြီး၏၊ ရိုးတန်ရှည်သွယ်ပြီး အရင်းရှူး အလယ်ပြန့်ကားပြီး အဖျားသွယ်သော လှံနှုတ်သဏ္ဍာန်ရှိသော အရွက် ဖြစ်၏၊ အရွက်၏ မျက်နှာပြင်၌ ထင်ရှားသော အကြောစင်းများသည် ရွက်ရင်းမှ ရွက်ဖျားတိုင် ညီညာလှပစွာ ပေါ်လွင် ထင်ရှားလျက် ရှိ၏၊ အပွင့်, အဖူးတို့သည် တခုအပေါ် တခု လှည့်ပတ်ခါ ထပ်လျက် ထပ်လျက် ပွင့်ဖူးကြ၏၊ ကြက်သွန်ပင်ကဲ့သို့ ဥမှ အရွက်များထွက်သည်ကို အပင်ဟူ၍ ဆိုရသော်လည်း ပင်လုံး သဏ္ဍာန်ကား ထင်ရှားစွာ မပါရှိပေ၊ နှာဂမုန်းတပင်လျှင် ဥပေါင်း ၁၅-မှ ၂၀-ကျော်အထိ တွယ်ကပ်လျက် ဥတတ်၏၊ ၎င်းအပင်သည် ဥကိုသာ အသုံးပြုရသော ဥသုံးပင်သက်သက် ဖြစ်၏။

နှာအဖြစ် အသုံးဝင်သော နေမင်းဂမုန်းပင်ကို သာ အထူးသဖြင့် ဖော်ထုတ် ရေးသားရသော်လည်း ဂမုန်းမျိုးသည် အလွန် ကျယ်ဝန်း၏၊ သာမန်အားဖြင့် ဂမုန်းသည် တောက်တာ ပုတတ်စာ နနွင်း စသည်တို့နှင့်မတူ ( ကင်းဖိီးရီးယား ) မျိုးစုတွင် ပါဝင်သည်ဟု ဆိုနိုင်သည်၊ မြန်မာခေါ် ဂမုန်းမှာ ဂမုန်းကျမ်း, ကျောက်ကျမ်း, ကဝေသာရကျမ်းတို့တွင် ဂမုန်းပေါင်း ၁၀၉-မျိုး ဖော်ပြထား၏၊ ဂမုန်း ဟူသော အမည်မှာ ဥရှိသော အပင်ငယ်မျိုးကို စွဲ၍ ခေါ်သော အမည် ဖြစ်သည်။


ယခုရေးသားသော နှာဂမုန်းခေါ် နေမင်း ဂမုန်းပင်သည် မြန်မာနိုင်ငံတွင် အလွန်ထင်ရှား လူသိများသော အပင် ဖြစ်သည်၊ နှာဂမုန်းကို အမှီပြုပြီး ချမ်းသာ ကြွယ်ဝ နေကြသူများလည်း ရှိသည်၊ ဗယဆေးဆိုင်များတွင်လည်း နှာဂမုန်းဆိုလျှင် ဥနှင့် အမှုန့်ကြိုက်ရာ ဝယ်ယူ၍ လွယ်ကူစွာ ရနိုင်လေသည်၊ အပရိက ရောဂါဝေဒနာ, အာဂန္တုနာများ ဖြေရှင်းသောနေရာတွင် အလွန်အရေးပါ အရာရောက်လှသော အိမ်တွင်း ဆေးသုံးပစ္စည်း တခု ဖြစ်သည်၊ အိမ်တိုင်းလိုပင် အလိုရှိသောအခါ အလွယ်တကူ ရရှိရန် အမှုန့်သော်၎င်း, ဥကိုသော်၎င်း ထားရှိကြသည်၊ ၎င်းဥကို နှာအဖြစ် အသုံးပြုရန်မှတပါး အခြားသော ဆေးဘက်များတွင် အသုံးမဝင်ချေ။

## ဂုဏ် နှင့် စွမ်းရည်

**ထိပ်ကပ်နာ ရောဂါ။** ။နှာဂမုန်းဥ, သီးလာစန္ဒနမြစ်, သပြက်ဥ, ပဒိုင်းရွက်ခြောက်, ဆေးရွက်ကြီး, ဆေးခါးကြီး, ငရုံ့ပဒုမြစ်— ဆေး ၇-မျိုးကို အမှုန့်ပြုပြီး ရှူ၍ ပေးရသည်၊ မီးနှာပြုလုပ်၍လည်း ရှူနိုင်သည်။

**မီးရပ်ခေါင်းကိုက်သော ရောဂါ။** ။နှာဂမုန်းဥ, ငြုပ်, ပိတ်ချင်း, ချင်းခြောက်, ဆပ်ဆပ်ချေ, မာလာနွယ်— ဆေး ၆-မျိုးကို အမှုန့်ပြုပြီး ပေါက်အောင် ရှူ၍ ပေးရသည်။

**ရှန်း, နှတ်, ပယောဂ မှုးဝင်သည်ဟု ထင်ရသော ရောဂါ။** ။နှာဂမုန်း, စိန်, ဆေး



နွားစားငုတ်

ဝါနှံး, ကန့်, ဟင်းရိုင်း—
ပေးရသည်။

မျက်ဖြူလန်အေး
ပြုတ်ကောင်း, ပိုတ်ချင်းဒါ
ထည့်သွင်းပြီး မှုတ်၍ပေး

နှာပိတ်သော ရေ

ခေါင်းကိုက် ရေ

သူငယ်တက်သော

မျိုးကို အမှုန့်ပြုပြီး အမှု

ပုံသဏ္ဍာန်။
ဖြစ်၏၊ တကြိမ် မြင်ဘူး
ဖြစ်သဖြင့် ၎င်းအပင်နှင့်

၎င်းနွားစားငုတ်
သော အပင် ဖြစ်၏၊
အမြဲတစေ ငုံးတိုလျက်
လည်း နွားစားထားသ
များပြုတ်လျက် ခြေ
မန္တလေးတောင်ခြေတ

အရွက်ပေါက်ပု
မဲ့ လှိုင်းတွန့်ပုံဆောင်
အပင်မ နှင့် အကိုင်း အ
စွာဖြင့် ညီညာချော
သကဲ့သို့ အမြဲတစေ
ငုတ် ဟူ၍ မြန်မာ့ဝေါ

ဂုဏ် နှင့် စွမ်း
နာ, အော့အန်နာ, သ

ကျောက်သွေး
မြူမြစ်—၎င်း ၃-မျိုး

ဝါနီး, ကန့်, ဟင်းရိုင်း— ဆေး ၅-မျိုးကို အမှုန့်ပြုပြီး နှာခေါင်းထဲသို့ ဝင်အောင် မှုတ်သွင်း၍ ပေးရသည်။

**မျက်ဖြူလန်အောင် ထက်သော ရောဂါ။** ။နှာဂမုန်းဥ, ဆယ့်နှစ်ရာသီ အဖြူမြစ်, ငြုတ်ကောင်း, ပိတ်ချင်းသီး, ချင်းခြောက်— ဆေး ၅-မျိုးကို အမှုန့်ပြုပြီး စက္ကူလိပ်ထဲသို့ အမှုန့် ထည့်သွင်းပြီး မှုတ်၍ပေးရ၏။

**နှာပိတ်သော ရောဂါ။** ။၎င်းဥကို ဓားငယ်နှင့် ခြစ်၍ ယူပြီး ရှူရာ၏။

**ခေါင်းကိုက် ရောဂါ။** ။အထက်ပါအတိုင်း ရှူ၍ ပေးရာ၏။

**သူငယ်တက်သော ရောဂါ။** ။နှာဂမုန်းဥ, တြိကဋုက် ၃-ပါး အမှုန့်, ဆေး ၄-မျိုးကို အမှုန့်ပြုပြီး အမှုန့်ကို မှုတ်၍ သွင်းရာ၏။

---



# နွားစာငုတ်ပင်


**ပုံသဏ္ဌာန်။** ။၎င်းအပင်သည် ဆေးပင်အားလုံးတို့တွင် ထူးခြားသော ဆေးတပင် ဖြစ်၏၊ တကြိမ် မြင်ဘူးလျှင် အထူးသဖြင့် လေ့လာမနေရတော့ဘဲ မြင်ရုံနှင့် သိနိုင်သော အပင် ဖြစ်သဖြင့် ၎င်းအပင်နှင့် ဆင်တူရိုးမှားအပင်သည် မရှိသလောက် ရှားပါးသော အပင် ဖြစ်၏။

၎င်းနွားစာငုတ်ပင်၏ အကိုင်း အလက် ပေါက်ပုံမှာ အလွန် ရှုပ်ထွေးစွာ ပေါက်တတ်သော အပင် ဖြစ်၏၊ အကိုင်း, အခက်, အလက်တို့၏ အဖျားတို့မှာ နွားစား၍ ထားဘိသကဲ့သို့ အမြဲတစေ ငုံးတိုလျက် နေသည်ကိုသာ တွေ့ရှိရ၏၊ နွားမရောက်သော နေရာများ၌ တွေ့လျှင်လည်း နွားစားထားသကဲ့သို့သာ တွေ့ရှိရ၏၊ (ငုံးတိုနေသည်ဆိုသည်မှာ အပင်၏ အဖျား အညွန့်များပြတ်လျက် ခြောက်ကပ်နေသည်ကိုသာ မြင်တွေ့ရသည်ကို ဆိုလို၏) အထက် မြန်မာနိုင်ငံ မန္တလေးတောင်ခြေတစိုက်နှင့် အချို့သော မြို့ ရွာဒေသတို့မှာ အများအားဖြင့် တွေ့ရှိနိုင်၏။

အရွက်ပေါက်ပုံမှာ အလွန် သေးငယ်ပြီး အကိုင်း အခက်တို့ကို ပတ်သည့်ဘက်၍ ရွက်ညှာမဲ့ လှိုင်းတွန့်ပုံဆောင်သော အနား ရှိ၏၊ အရွက်၏ အခေါင်မှာ စိမ်းဝါဆော့ သန်းလျက် ရှိ၏၊ အပင်မ နှင့် အကိုင်း အလက် ရိုးတန်တို့မှာ အသျှားလိုက် ရှည်သော အကြောင်းစင်းကလေးများ စွာဖြင့် ညီညာချောမွေ့ခြင်းမရှိဘဲ အမြဲတစေ ကြမ်းနေသည်ကိုသာ တွေ့ရှိရ၏၊ နွားစားထားသကဲ့သို့ အမြဲတစေ ငုံးတိုနေသည်ကိုသာ တွေ့ရှိရသဖြင့် ရှေးဗိန္ဒောဆရာကြီးများက နွားစာငုတ် ဟူ၍ မြန်မာ့ဝေါဟာရ အနေဖြင့် မှည့်ခေါ်ဟန် ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။နွားစာငုတ်မြစ်သည် အသံကို ကောင်းစေတတ်၏၊ အဖျားနာ, အော့အန်နာ, သည်းခြေနာ, ရေယုန်နာများကို ပယ်နိုင်၏။

**ကျောက်သွေးထ၍ ကျောက်ကြွလျှင်။** ။နွားစာငုတ်မြစ်, နွားလျှာကြီးမြစ်, ကျေးမြုံမြစ်—၎င်း ၃-မျိုးကို သွေးပြီး တိုက်၍ ပေးရာ၏။




ကျောက်ထွက်ညီ
ကျည်းဖြူ—၎င်းအမြစ် ၄

ကျောက်ပဒါး တို
ကိုင်း, စစ်ကြီး, မိုးနံ့—ရှ

ကျောက်စံသွေးေ
နံ့, သမန်းကျား, ကျည်းဖြ
ဵးကင်းခန့် လုံး၍ထား၊ ကို
၍ ပေးရာ၏။

အနာမပေါက်သူတို
မောက္ခ ီတော— ၎င်းဆေး

ပုံပြ ဆေ

ပုံသဏ္ဌာန်။
ဖြစ်၏၊ နွယ်ဖြူဆိုသ
သွေခဲသော အပင် ဖြစ်
လွှမ်းနေသော တော
ရှိ၏။

နွယ်ဖြူပင်၏
အရာ ရှိသောကြောင့်

**ကျောက်ထွက်ညီသော အချိန် တိုက်ရန်။** ။နွားစားငုတ်, နွားလျှာကြီး, ဆူးပုပ်ကြီး, ကျည်းဖြူ—၎င်းအမြစ် ၄-မျိုးကို အရက်နှင့် သွေးပြီး တိုက်၍ ပေးရာ၏။

**ကျောက်ပဒါး တိုက်ရန်။** ။နွားစားငုတ်, သစ်ဝင်ပေါက်ဖြူ, လက်ထုတ်ကြီး, ဒဟာသကိုင်း, စစ်ကြီး, မိုးနံ့—၎င်းဆေး အမျှစု အမှုန့်ပြု၊ အရက်နှင့်ဖျော်၍ တိုက်ရာ၏။

**ကျောက်ခံသွေးဆေး။** ။နွားစားငုတ်, ပေါက်နက်, မိုးနံ့, ရင်းပြား, သဗိသ, မြင်းစဂုံးနီ, သမန်းကျား, ကျည်းဖြူ, သစ်ဝင်ပေါက်ဖြူ, သခင်စာဖို မ—၎င်းဆေးစု အမျှစု၍ အမှုန့်ပြု၊ ဗီးကင်းခွံ့ လုံး၍ထား၊ ကိုယ်ပူ၍ ကျောက်သွေးဝင်သည့် နေ့ကစ၍ ၎င်းဆေးကို အရက်နှင့် တိုက်၍ ပေးရာ၏။

**အနာပေါက်သူတို့ တိုက်ရန်။** ။နွားစာငုတ်မြစ်, ရင်းပြားမြစ်, သစ်ဝင်ပေါက်ဖြူ, မောက္ခါတော—၎င်းဆေး ၄-မျိုးကို အမျှစိသွေးပြီး တိုက်ပေးရာ၏။

---

# နွားမြက်ရင်းကြီး

ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာ ရှု )၊ ( စတုတ္ထ တွဲ - ပုံ ရှု )

---

# နွားမြီးကပ်ပင် (ကပ်စေးနှဲ)

ပုံပြ ဆေးအဘိဓာန် ( ပ ) တွဲ- ရှု။

---

# နွယ်ဖြူပင်


**လက်တင်** Lettsomia setosa

**ပုံသဏ္ဌာန်။** ။နွယ်ဖြူပင်သည် ချုံ သစ်ပင်တို့ကို နွယ်၍ တက်တတ်သော နွယ်မျိုး ဖြစ်၏၊ နွယ်ဖြူဆိုသည့်အတိုင်း တပင်လုံး ဖွေးဖွေးဖြူလျက် ရှိ၏၊ ဆင်တုံးမနွယ်ပင်ကဲ့သို့ အလွန်သေခဲသော အပင် ဖြစ်၏၊ နွယ်ဖြူပင်သည် အလေ့ကျပေါက်ပင် ဖြစ်သော်လည်း အစိမ်းရောင်လွှမ်းနေသော တောကြီးအလယ်၌ အဖြူရောင် ထွန်းနေသဖြင့် စိဘ်နှလုံးအေးမြ အလွန် လှပလျက် ရှိ၏။

နွယ်ဖြူပင်၏ အရွက်သည် ဝါဏာကာရ ( Sagittate ) ခေါ် မြားဦးပုံကဲ့သို့ အခြင်းအရာ ရှိသောကြောင့် မြားဦးပုံသဏ္ဌာန်ရှိသော အရွက်ဟု ခေါ်၏၊ အကြီးဆုံးသော အရွက်သည်

# နွယ်ဖြူ

LETTSOMIA SETOSA.



…လျား ၃· လက်မ ဆနံ ၂·
…ါရှိ၏၊ ရွက်ညှာရှည်လျက်
…၍ အထက်အောက် ဖြူ…
…ကြောကလေးများ ရွက်လ…
…၏၊ အနွယ်လက်မောင်း…
…သကဲ့သို့ ရစ်ပတ်၍ ထာ…
…ပူပြင်းသော မိုးခေါင်…
…ါသနာဇိုးများ စိန်, ကန်…
…နွယ်လောက် မကြီးသော်…

ဂုဏ် နှင့် စွမ်းရည်။
…တ်ပျံ့လွင့်ပြီး ရှူသွပ်သော
မကြာခဏ အံ၍ အထက်သို့
ရောဂါတို့ကို အမြစ်ကို သေ…
…းရာ၏၊ အရွက်ကို ပြုတ်…


ပုံပြ ဆေ…

ကလျား ၃-လက်မ အနံ ၂-လက်မခွဲခန့် ရှိ၏။ အရွက်၏ အနားတလျှောက်၌ ခွေးသွားစိပ်များ ပါရှိ၏။ ရွက်ညှာရှည်လျက် အပင်ကို ဘယ် ညာ ပတ်လည်တတ်၍ ပေါက်၏။ အရွက်သည် ပါး လွှာ၍ အထက်အောက် ဖြူဖွေးလျက် အမွေးကင်း၏။ ရွက်ကြောတို့မှာ အဖြူထဲတွင် စိန်းလဲ့ရောင် အကြောကလေးများ ရွက်လယ်ကြောကြီးကို ခွလျက် ရွက်အနားသားရောက်အောင် ဖြာထွက်ကြ ကုန်၏။ အနွယ်လက်မောင်းတန်သည့် တခုခုဆွဲကိုင် နွယ်ရစ်မိလျှင် အလွန် မြဲမြံ၏။ စပရိန်ရစ် ထားသကဲ့သို့ ရစ်ပတ်၍ ထားတတ်၏။ နွယ်ဖြူပင်သည် ရေဓာတ်ကို ထိန်းထားနိုင်သော သတ္တိရှိသ ဖြင့် ပူပြင်းသော မိုးခေါင်ရေရှား ရပ်ဝန်း၌ မိုးမရွာသော်လည်း အသက်ရှင်လျက် ရှိ၏။ အင်္ဂရပ် ဝါသနာအိုးများ စိန်, ကန့်, ပြဒါး, ဖမ်းရန် အတွက် အလွန် နှစ်သက်သောအပင် ဖြစ်၏။ ဆင်တုံး မနွယ်လောက် မကြီးသော်လည်း ဆင်တုံးမနွယ်ကဲ့သို့ပင် အသက်ရှည်တတ်၏။

ဂုဏ် နှင့် စွမ်းရည်။ ။နွယ်ဖြူပင်၏ အမြစ်သည် မူးဝေသောရောဂါ, နှလုံးရောဂါ, စိတ်ပျံ့လွင့်ပြီး ရူးသွပ်သော ရောဂါ, ချွဲသလိပ်ထန်ပြီး အထက်သို့ ဆန်တက်သော ရောဂါ, အစာ မကြေခဏ အံ၍ အထက်သို့ လေဆန်တက်သော ရောဂါ, တကိုယ်လုံး လေးကျပ်လျက်နေသော ရောဂါတို့ကို အမြစ်ကို သွေး၍ သောက်ရာ၏။ အပွင့်ကို ပြုတ်ပြီး လက်သုတ် လုပ်၍လည်း စား၍ သုံးရာ၏။ အရွက်ကို ပြုတ်ပြီး အတို့ အမြုပ် ပြုလုပ်၍လည်း စားနိုင်၏။

# ပရုတ်ပင်

ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာ ရှု) ( စတုတ္ထတွဲ - ပုံ ရှု )



ပရုတ်ပင်

CAMPHORA OFFICINARUM

कपूर

# ပုတီးနက်ပင်

**ပုံသဏ္ဌာန်။** ။ပုတီးနက်ပင်သည် ပေ ၄၀- ၅၀- မြင့်သော အပင်လတ်မျိုး ဖြစ်၏၊ အပင်၏ အပေါ်သည် မြည်းနက်သော အရောင်အဆင်း ဖြစ်ပြီး ချောမွတ်၏၊ အပင်၏ အခေါက်ကို ခွာသောအခါ မထူမပါး နီမြန်းသော အရောင်အဆင်း ရှိ၏၊ ၎င်း၏ အသားသည် နီကြန်ကြန် ရှိပြီး မာကြော၏၊ အိမ်တိုင် ပြုလုပ်ကြ၏၊ အိမ်တွင်း အသုံးအဆောင် အဖြစ် အမျိုးမျိုး ပြုလုပ်ကြ၏။

အရွက်လက်သည် အပင်ကိုင်းကို ဘယ်ညာ လှည့်၍ ၁- လက်မခြား ပေါက်၏၊ အရွက်သည် ရွက်လက်ကို ရွက်ညှာချင်း မျက်နှာချင်းဆိုင်၍ ပေါက်၏၊ အရင်းကျသော မျက်နှာချင်းဆိုင် ၂- ရွက်သည် သေး၏၊ အလယ်ဖြစ်သော ရွက်ဆိုင် ၂- ရွက်သည် အလတ်စားဖြစ်ပြီး ထိပ်ဆုံးကျသော ရွက်ဆိုင် ၂- ရွက်သည် အကြီးဆုံး ဖြစ်၏၊ အရွက်လက်တခု တခုလျှင် ၆- ရွက် ၆- ရွက် ပေါက်တတ်၏၊ ရွက်ညှာ တို၏၊ အရွက်၏ အရောင်မှာ အစိမ်းပုတ်ရောင် ရှိ၏၊ အရွက်၏ အထက် မျက်နှာပြင်သည် ချောမွတ်ပြီး အောက်ဘက်တွင် ကတ္တီပါ မွေးနုကလေးများ ပေါက်၏၊ အရွက်၏ ပုံသဏ္ဌာန်မှာ အရင်း နှင့် အဖျား ညီ၍ ဝိုက်သော ဘဲဥပုံ သို့မဟုတ် တညင်းလုံးပုံ ဖြစ်၏၊ အရွက်လက်သည် အပင်၏ အကိုင်းကို ၁- လက်မခြားလျက် ဘယ်ညာ လှည့်ပတ်၍ ပေါက်၏။

အပွင့်ပန်းခိုင်သည် မြန်မာမဲဇလီကဲ့သို့ ထိပ်ဖျားထွက်ပန်းခိုင် ဖြစ်၏၊ အပွင့်သည် အလွန်သေးငယ်ပြီး နတ္တော်၊ ပြာသိုလများ၌ ပွင့်သီးကြပြီး တန်ခူးလမှာ အသီး၊ အရွက် အားလုံး ကြွေကျ အပြီးမှာ ပန်းရောင်ရှိသော ရွက်နုကလေးများ ပေါက်၍ လာသည်၊ အသီးမှာ ခွန်ပျော့သီး ဖြစ်ပြီး နီညိုသော အရောင်အဆင်း ရှိသည်၊ ကုလားကင်မွန်းသီး အသေးစားနှင့် ပုံစံအားဖြင့် တူ၏၊ အစေ့၏ အရောင်အဆင်းမှာ နီညိုသော အရောင်အဆင်း ရှိသည်၊ အစေ့သည် ပုတီးစေ့နှင့် တူသဖြင့် အချို့သော အရပ်ဒေသ၌ ပုတီးနက်ပင်ဟူ၍ ခေါ်ကြသည်။

**ဂုဏ် နှင့် စွမ်းရည်။** ။ပုတီးနက်ခေါက်သည် အစာကြေအားတိုးဆေး ဖော်စပ်ရာ၌ အသုံးပြုကြသည်။


ပုတီးနက် ရွက်ပွတ်ရည်ကို ဖြေဆေး အဖြစ် အသုံးပြုရာ၏ ဟု ဆေးအဘိဓာန်ကျမ်း၌ အဆို ရှိ၏။

---


# ပုတီးဖြူပင်

ပုံပြ ဆေးအဘိဓာန် (ဒုတိယတွဲ - ၈၁ ရှု) (စတုတ္ထတွဲ - ပုံ ရှု)

---



ပုတီးနက်




ပုတီးမြုပင်

PUTRANJIVA ROXBURGHII.

पुत्र जीवा

ပုံပြ ဆေး




ပဲနံ့သာ
TRIGONELLA FOECUMGRAETUM.

ပင်ဂ

ပ(

ပုံသဏ္ဌာန်။
ဇူလိုင်လတို့၌ အပင်ပေ
စိုပြေစွာ အသက်ရှင်လ
ပြေ့လဘို့၌ ခြောက်သွေ
စိမ်းလန်းလျက် နေ၏
၏ အပေါ်ပိုင်း၌ အ
အကိုင်းတို့၌ ကွေးညွ
ဆောင်နှင့် တူ၏။

ပင့်ကူထိပ်မှ
(Lanceolate)
လက်တန်သည် ၅·
ညီညာစွာ ဝယာ ခွ




# ဝနံ့ သာပင်

ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာ ရှု ) ( စတုတ္ထတွဲ - ပုံ ရှု )

---

# ပင်လယ်ကျောက်ပန်း (ကျွဲယမ်းငယ်)

ပုံပြ ဆေးအဘိဓာန် ( ပ ) တွဲ - ရှု။

---

# ပင်လယ်ထင်းရှူး (ပင်လယ်ကဇွန်း)

ပုံပြ ဆေးအဘိဓာန် ( ဒု ) တွဲ - ရှု။

---

# ပင့်ကူထိပ်ပိတ်

ဟိန္ဒီ ग़ूमा ( ဂူမာ )

သက္ကတ द्रोणपुष्पी ( ဒြိုဏပုပ္ဖီ )

လက်တင် Leucas cephalotes

**ပုံသဏ္ဍာန်။** ။ပင့်ကူထိပ်ပိတ်ပင်သည် အပင်ငယ်မျိုး ဖြစ်၏၊ ၎င်းအပင်သည် ဇွန်, ဇူလိုင်လတို့၌ အပင်ငယ်ကလေးများ စ၍ ပေါက်ကြ၏၊ မိုးနှင့် ဆောင်း နှစ်ရာသီလုံး စိမ်းလန်း စိုပြေစွာ အသက်ရှင်လျက် ရှိကြ၏၊ ဆောင်းရာသီ ကုန်ဆုံး၍ နွေဦးပေါက်၍လာသော မတ်(ချ်)လ, ဧပြီလဘို့၌ ခြောက်သွေ့သွား၏၊ တချို့ အမြဲ စိုစွတ်သော ဒေသတို့၌ တနှစ်ပတ်လုံး အမြဲတစေ စိမ်းလန်းလျက် နေ၏၊ ၎င်းအပင်ငယ်သည် အလယ် အလတ်အားဖြင့် ၁- ပေခွဲခန့်သာ ရှိ၏၊ အပင်၏ အပေါ်ပိုင်း၌ အကိုင်း အလက် အခက် အရွက် အပွင့် အသီးတို့ ပေါ်ထွက်ကြ၍ အောက်ပိုင်း အကိုင်းတို့၌ ကျေးညွတ်လျက် ရှိ၏၊ တပင်လုံး ခြုံ၍ ကြည့်ပါလျှင် ဘုံ ၇- ဆင့်ရှိသော ပြာသာဒ် ဆောင်နှင့် တူ၏။

ပင့်ကူထိပ်ပိတ်ရွက်သည် ၃- လက်မခန့်ရှည်၍ ၁- လက်မခန့် ကျယ်ပြန့်၏၊ သလ္လာကာရ (Lanceolate) ခေါ် လှံစွပ်ပုံကဲ့သို့ လုပစွာ အဖျားသွယ်ချွန်လျက် ရှိ၏၊ အရှည်ဆုံးသော လက်တန်သည် ၅- လက်မခန့် ရှိ၏၊ အလက်ပေါ်၌ ပေါက်သော အရွက်တို့သည် ရွက်ညှာတိုရှည် ညီညာစွာ ဝဲယာ ခွလျက် ပေါက်၏၊ အရွက်သည် ညီညာသော အထစ်ကလေးများ ပါရှိ၏။



# ပင့်ကူထိပ်ပိတ်

LEUCAS CEPHALOTES

द्रोणपुष्पी

အပွင့်သည် ပင်လုံး
သည် ပွင့်ဖတ်အုံအတွင်းမှ
ကလေးများ၏ အဖျား၌
အခါ ပွင့်ဖတ်အုံသည်
သော အရွက်လေး ၂-ရွက်
ပွင့်ဖတ်အုံ အတွင်း မိကျေ
ကလေးများ ခြောက်
သောအခါ အပင်ကလေး
ပင်မျိုးဖြစ်သဖြင့် နေရာ

ဂုဏ် နှင့် စွမ်းရည်
ဂုဏ်ရှိ၏၊ ချိုမြမြ ရှိ၏၊
ကြေကျက်ပြီးနောက် ချ
ရောဂါ, ကာမလာ ခေ
တို့ကို ပျောက်ကင်းစေ

အချို့ဆရာကြီး
ဝမ်းမီးနှုန်းခြင်းနှင့် ကို

ပင့်ကူထိပ်ပိတ်
ကိုယ်ရေဝါရောဂါ,
ချောင်းဆိုးသောရော
စပ်လျဉ်းသောရောဂါ
ယားယံခြင်းကိုလည်း

အသားဝါရှိ
အပွင့်၏ သတ္တုရည်

သုက်ကျန်
ချက်၍ စားရာ၏၊
မျက်စဉ်းခပ်၍လည်

ယူနာနီ
အညစ်အကြေးကို
၌ ကျေးဇူးပြု၏၊

အပွင့်သည် ပင်လုံး၏ထိပ်ဖျားမှ ပွင့်ညှာတခုစီပေါ်တွင် ပွင့်ကြ၏၊ အပွင့်ဖြူကလေးများသည် ပွင့်ဖတ်အုံအတွင်းမှ အပွင့်ပေါင်း ၅၀ - မှ ၁၅၀ - အထိ ပွင့်ကြ၏၊ အဖြူရောင်ပန်းလွှာကလေးများ၏ အဖျား၌ ညိုသောအဆင်းရောင် ရှိ၏၊ ပွင့်ဖတ်လွှာကလေးများ ကြွေကျသွားသောအခါ ပွင့်ဖတ်အုံသည် ပန်းအိုးသဘွယ် ကြွင်းကျန်၏၊ ပန်းအုံ၏အတွင်းမှ ယုန်နားရွက်ကဲ့သို့သော အရွက်လေး ၂-ရွက် ထောင်လျက် ထွက်နေ၏၊ အသီးတို့မှာ အပွင့်များ ကြွေကျပြီးနောက် ပွင့်ဖတ်အုံအတွင်း မိကျောင်းကွမ်းဖတ်ကဲ့သို့သော အစေ့ကလေးများ ဖြစ်ကြ၏၊ ၎င်းအစေ့ကလေးများ ခြောက်သွေ့ကြွေကြသောအခါ အန္တံအပြားလွင့်ပါး၍ သွားပြီး မိုယ်းဦးကျလာသောအခါ အပင်ကလေးများ ဖြစ်ထွန်း၍လာကြပြန်၏၊ ပင့်ကူထိပ်ပိတ်ပင်သည် အလေ့ကျပေါက်ပင်မျိုးဖြစ်သဖြင့် နေရာတိုင်း တွေ့ရှိနိုင်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ဤပင့်ကူထိပ်ပိတ်ပင်သည် ပူ၏၊ ကြေကျက်ခဲ၏၊ လေးသောဂုဏ်ရှိ၏၊ ချိုမြမြ ရှိ၏၊ ခြောက်သွေ့ ပူစပ်၏၊ လေ, သည်းခြေကို ဖြစ်စေတတ်၏၊ ထက်မြက်၏၊ ကြေကျက်ပြီးနောက် ချို၏၊ ပူစပ်၏၊ ဝမ်းသက်စေတတ်၏၊ သလိပ်ရောဂါ, အစာမကြေသောရောဂါ, ကာမလာ ခေါ် ကိုယ်ရေဝါရောဂါ, ဖောရောင်သောရောဂါ, ပန်းနာမိုက်နှင့် ပိုးရောဂါတို့ကို ပျောက်ကင်းစေ၏။

အချို့ဆရာကြီးများကား—ပင့်ကူထိပ်ပိတ်သည် ပူစပ်၏၊ နှုတ်ကို မြိန်စေ၏၊ လေ, သလိပ်, ဝမ်းမီးနှုန့်ခြင်းနှင့် ကိုယ်တခြမ်း သေသောရောဂါတို့ကို ပျောက်ကင်း၏။

ပင့်ကူထိပ်ပိတ်ရွက်သည် ချို၏၊ ခြောက်သွေ့၏၊ ကြေကျက်ခဲ၏၊ သည်းခြေကိုပွားစေ၏၊ ကိုယ်ရေဝါရောဂါ, ဖောရောင်ခြင်း, ဆီးလွန်ရောဂါနှင့် အဖျားရောဂါတို့ကို ပျောက်ကင်းစေ၏၊ ချောင်းဆိုးသောရောဂါ, ပန်းနာရင်ကျပ်ရောဂါ, ဝမ်းမီးနှုန့်ခြင်း သွေးဖောက်ပြန်ခြင်းနှင့် ဆီးနှင့်စပ်လျဉ်းသောရောဂါတို့၌ ကျေးဇူးများ၏၊ ပင့်ကူထိပ်ပိတ်၏ လတ်ဆပ်သော သတ္တုရည်သည် ယားယံခြင်းကိုလည်း ပျောက်ကင်းစေ၏။

## ရောဂါ အလိုက် အသုံးပြုနည်း

**အသားဝါ၍ ပိန်ခြောက်သော ပဏ္ဍုရောဂါ။** ။ပင့်ကူ ထိပ်ပိတ် အရွက် သို့မဟုတ် အပွင့်၏ သတ္တုရည်ဖြင့် မျက်စဉ်းခပ်၍ ပေးရာ၏။

**သုက်ကုန်ခန်းသော ရောဂါ။** ။ပင့်ကူထိပ်ပိတ် အရွက်, အပွင့်, အသီးတို့ကို ဟင်းချက်၍ စားရာ၏၊ လက်သုတ်ဟင်းလျာ ပြုလုပ်၍လည်း စား၍ပေးရာ၏၊ အရွက်, အပွင့်, အသီးတို့ကို မျက်စဉ်းခပ်၍လည်း ပေးရာ၏။

**ယူနာနီဆေးကျမ်း အလိုအားဖြင့်။** ။ပင့်ကူ ထိပ်ပိတ်သည် ပူ၏၊ ခြောက်သွေ့၏၊ အညစ်အကြေးကို သန့်ရှင်းစင်ကြယ်စေ၏၊ သလိပ်ကို သုတ်သင် ရှင်းလင်းစေ၏၊ ကိုယ်ရေဝါရောဂါ၌ ကျေးဇူးပြု၏၊ ဝမ်းဗိုက်တွင်းရှိ ပိုးတို့ကို ကင်းရှင်းစေ၏။

**ငှက်ဖျားရောဂါ အဖျားဖြတ်ဆေး။** ။ပင့်ကူထိပ်ပိတ်သီး တလုံးကို ရေ ၄-ပိုင်း ၁-ပိုင်း စီယာနှင့် ရော၍ ကြိတ်ပြီးလျှင် ဒိဘာလာသကြား ၁-ကျပ် ဂ-ပဲသားခန့်နှင့် သောက်၍ပေး၍ ဘေ… သော် ကြာရှည်စွာ စွဲကပ်၍နေသော ငှက်ဖျားရောဂါကြီး အဖျားပြတ်၏။

**သလိပ်ကြောင့်ဖြစ်သော အဖျားရောဂါ။** ။၎င်းအပင်ပြုတ်ရည်၌ လေးညှင်း ၁-ပွင့် ၂-ပွင့်ထည့်၍သောက်လျှင် သလိပ်ကြောင့်ဖြစ်သော အဖျားရောဂါပျောက်၏။

**မြွေကိုက်၍ မြွေဆိပ်တက်သော်။** ။ပင့်ကူထိပ်ပိတ်၏ လဘ်ဆပ်သော သတ္တုရည်ကို တိုက်၍ နှာခေါင်းတွင်း၌ သတ္တုရည်ကို ထည့်သွင်း၍ ပေးရာ၏။

**ကိုယ်ရေဝါရောဂါ။** ။ပင့်ကူထိပ်ပိတ်ပင်၏ အမြစ်ကို အရေ ညှစ်ယူပြီး ၎င်းအရေဖြင့် မျက်စဉ်းခပ်၍ပေးသော် ကိုယ်ခရဝါရောဂါ ပျောက်ကင်း၏။

**မှတ်ချက်။** ။ပင့်ကူထိပ်ပိတ်အပင်၏ သတ္တုရည် အတိုင်းအရှည် ပမာဏကား—ခလေးသူငယ်များအတွက် ၃-ပဲသားမှ ၆-ပဲသားအထိ၊ လူကြီးတို့အား ၁၂-ပဲသားမှ ၁-ကျပ် ဂ-ပဲသားအထိ တိုက်ကျွေးနိုင်၏။

**သူငယ်နာ ချောင်းဆိုးရောဂါ။** ။ပင့်ကူထိပ်ပိတ် သတ္တုရည် ၃-ပဲသားကို လက္ခဏာ… မီးပေါက်မှုန့်၊ ပျားရည် အနည်းငယ် ရောစပ်၍ တိုက်သည်ရှိသော် သူငယ်နာ ချောင်းဆိုးရောဂါ ပျောက်ကင်း၏။

**အကြောအဆစ်ရောင်နာ ( သန္ဓိဝါတ )။** ။ပင့်ကူထိပ်ပိတ် သတ္တုရည်၌ ပိတ်ချင်း၊ သီးမှုန့်ကို အနည်းငယ် ရော၍ သောက်သော် အကြော၊ အဆစ် ရောင်သော ရောဂါ ပျောက်ကင်း၏။

**လေ နှင့် သလိပ်တို့ကြောင့် ဖြစ်သော ခေါင်းကိုက်ရောဂါ။** ။ပင့်ကူထိပ်ပိတ် သတ္တုရည်တွင် ငြုပ်ကောင်းအမှုန့် အနည်းငယ် ရောစပ်ပြီး နဖူးကို သုတ်လိမ်း၍ ပေးလျှင် ခေါင်းကိုက်ရောဂါ ပျောက်ကင်း၏။

**ဘာဝပ္ပကာသ ဆေးကျမ်းတွင်။** ။ပင့်ကူ ထိပ်ပိတ်ပင်သည် ကြေခဲ၏၊ ချို၏၊ ဆိမ့်၏၊ ငန်၏၊ ဝမ်းမီးချက်ပြီးနောက် ချိုဆိမ့်သော အရသာ ရှိ၏၊ စပ်၏၊ အဆီအစေး မရှိ၊ ပူ၏၊ ထက်၏၊ ဝမ်းကို ဆက်စေတတ်၏၊ လေ၊ သည်းခြေတို့ကို ပြုတတ်၏၊ မျက်စိ၊ မျက်နာ ဝါသော ရောဂါ ကိုယ်ရေဝါသောရောဂါ၊ အမ်းသောအနာ၊ ကိုယ်ဖောရောင်သောရောဂါ၊ အလွန် မောပန်းသော အနာ၊ ပန်းနာ၊ ပိုးနာတို့ကို နိုင်၏။

## မြွေဆိပ် နှင့် ပင့်ကူထိပ်ပိတ်

ပင့်ကူထိပ်ပိတ်ပင်၏ အကြောင်းကို ရှေးဆရာတို့ သုတေသန ပြုထားသည်ကို အောက်ပါအတိုင်းတွေ့ရှိရလေသည်။

တဆယ့်လေးနှစ်အရွယ်ရှိ မိန်းမပျိုလေးတဦး ကျွန်ုပ်ထံသို့ ည- တည်တွင် ရောက်လာခဲ့၏၊ ကျွန်ုပ်သည် ထိုမိန်းကလေးကို ကြည့်ရှု စစ်ဆေးကြည့်သောအခါ သူမသည် သတိမရဘဲ ဖြစ်နေ

သည်ကိုတွေ့ရှိရ၏၊ သူမသည် ဆယ့်ငါးနှစ်ခန့်က ပိုးထိဘူးကြောင်းကို သူမကို လာပို့သော သူမ၏ ဆွေမျိုးသားချင်းများက ပြောပြသဖြင့် သိရှိရ၏၊ ကျွန်ုပ်သည် ပင့်ကူထိပ်ပိတ်ရွက်များကို ညှပ်စေ၍ ၎င်းတို့၏သတ္တုရည်ညှစ်ယူပြီး ဝေဒနာရှင်ဖြစ်သူ မိန်းကလေး၏ နှာခေါင်းထဲသို့ ထည့်သွင်းပေးလိုက်၏၊ မိန်းကလေးသည် မကြာမီ သတိ တဖန် ပြန်ရရှိလာပြီး ထ၍ ထိုင်လေသည်။

မိန်းကလေးသည် မြွေဆိပ်ဘက်၍ သတိမရ မေ့မြောနေသည်မှာ အမှန် ဖြစ်၏၊ အဘယ့်ကြောင့်ဆိုသော် သူမ၏ ခြေထောက်တွင် မြွေစွယ်ရာ ၂-ခု ပေါ်လာသည် ထိုမြွေစွယ်ရာ ၂-ခုကို တွေ့မြင်သောအခါ လက်တွေ့ မြွေကိုက်သော အနာကို ပင့်ကူထိပ်ပိတ်သည် အထူးနိုင်နင်းကြောင်း သိရှိရသည်။

**ပင့်ကူထိပ်ပိတ် ဆေးပင်ကြောင့် ပျောက်ကင်းသော ရောဂါများ**

၁ - သလိပ်ရောဂါ (ပြတာက်)
၂ - အစာမကြေသောရောဂါ
၃ - ကမလာ ခေါ် ကိုယ်ရေဝါရောဂါ
၄ - အဖော, အရောင် ရောဂါ
၅ - ပန်းနာ ရင်ကြပ်ရောဂါ
၆ - ပိုးရောဂါ
၇ - လေ နှင့် သလိပ်ရောစပ်၍ဖြစ်သော (ဒွေးဝန်း) ရောဂါ
၈ - ဝမ်းမီးနှုန့်သောရောဂါ
၉ - ကိုယ်တခြမ်းသေရောဂါ ( သွက္ခ၂ပါဒ )
၁၀ - သည်းခြေပူသော ရောဂါ
၁၁ - ဆီးလွှန်သောရောဂါ
၁၂ - အဖျားရောဂါ
၁၃ - ချောင်းဆိုး ရောဂါ
၁၄ - သွေးဖောက်ပြန်သောရောဂါ
၁၅ - ဆီးသွားသွေးပါသော ရောဂါ
၁၆ - ယားယံသောရောဂါ
၁၇ - ပဏ္ဍုခေါ် ကိုယ်ရေဖျော့ရောဂါ (သွေးအားနည်း)
၁၈ - ဝမ်းချုပ်သော ရောဂါ
၁၉ - သုက်ကုန်ခန်းသော ရောဂါ
၂၀ - မေဟ ( ဆီးပျက် ရောဂါ)

၂၁ - ဝမ်းတွင်း ပိုးထသော ရောဂါ

၂၂ - နာတာရှည် ဝှက်ဖျားရောဂါ

၂၃ - လေရောဂါ (ပြထက်)

၂၄ - သူငယ်နာ ချောင်းဆိုးရောဂါ

၂၅ - အကြော အဆစ်ရောင်သော ရောဂါ (သန္ဓိဝါတ)

၂၆ - ခေါင်းကိုက်ရောဂါ

၂၇ - မျက်စိ မျက်နှာဝါသော ရောဂါ

၂၈ - မောပန်းသော ရောဂါ

၂၉ - အား ကုန်ခန်းသော ရောဂါ

**ကိုယ်ရေဝါ ရောဂါနှင့် ပင့်ကူထိပ်ပိတ်။** ။ကိုယ်ရေဝါရောဂါ အတွက် ပင့်ကူထိပ်ပိတ် တပင်လုံး (ပဉ္စင်္ဂါးပါး) ကို ပြုတ်၍လည်း သောက်ရသည်၊ သတ္တုရည်ကို ညှစ်၍လည်း သောက်ရသည်၊ အမြစ်ကို သွေး၍ရင်း သတ္တုရည်ညှစ်ယူ၍ရင်း သောက်ရသည်၊ ပြုတ်၍လည်း တို့ရသည်၊ သုတ်၍လည်း စားရသည်၊ ဟင်းချက်၍လည်းစားရသည်၊ ဆေးအဖြစ် သောက်သောအခါ သကြား အနည်းငယ် စပ်၍ သောက်။

မြွေ ကင်း စသော အဆိပ်ရှိသော သတ္တဝါ ကိုက်သော ရောဂါ နှင့် ကိုယ်ရေဝါရောဂါကို အထူး နိုင်နင်းသော ဆေးပင် ဖြစ်ကြောင်း အာယုဗ္ဗေဒဆေးကျမ်း, သျှောဒလဆေးကျမ်း, ဥတုဘောဇန ဆေးကျမ်း, သောဒလနိဃဏ္ဍုကျမ်း, ယူနာနီဆေးကျမ်း, ဘာဝပ္ပကာသ စသော ဆေးကျမ်းကြီးတို့ တညီတညာတည်း ဖော်ထုတ်ရေးသားကြလေသည်။

**မှတ်ချက်။** ။ကိုယ်ရေဝါရောဂါ ကုထုံး နှင့် ပတ်သက်၍ 'ပဉ္စဘုတ်ကုထုံး' စသော ဆေးကျမ်းတို့၌ ကျွန်ုပ်တို့ ဖော်ထုတ်ရေးသားထားပြီး ဖြစ်သည်ကို ကြည့်ရှုကြပါကုန်။

---

## ပေါင်ပဲ့ပင် (သကြားရေစဉ်)

ပုံပြ ဆေးအဘိဓာန် (တ) တွဲ-ရှု။

---

## ပိတ်ချင်းသီးပင်

ပုံပြ ဆေးအဘိဓာန် (ဒုတိယတွဲ-စာရှု) (စတုတ္ထတွဲ-ပုံရှု)

---

အတွက် ပင့်ကူထိပ်ပိတ်
ညှစ်၍လည်း သောက်ရ
တ်၍လည်း တို့ရသည်၊
က်သောအခါ သကြား

ကိုယ်ရေဝါရောဂါကို
ာဒုလဆေးကျမ်း, ဥတု
ုကာသ စသော ဆေး


ဂုထုံး' စသော ဆေး
ွ်ရှုကြပါကုန်။


၅ )

## ပိတ်ချင်း

PIPER LONGUM

पिप्पली





SAUSSUREA LAPPA

कूठ

## ဗိတ်စွယ်ပင် (ရှင်မွှေးလွန်း)

ပုံပြ ဆေးအဘိဓာန် (တတိယတွဲ - ရှု။)

---

## ဗိဏ္ဍကျည်းပင် (ပန်းလဲပွင့်)

ပုံပြ ဆေးအဘိဓာန် (ဒုတိယတွဲ - ရှု။)

---

## ပီဘုတ်ပင် (ခွေးအိပင်)

ပုံပြ ဆေးအဘိဓာန် (ပဉ္စမတွဲ - ရှု)

---

## ပန်းပဒေသာ (ဖက်ခါးပင်)

ပုံပြ ဆေးအဘိဓာန် (ဒုတိယတွဲ- ရှု)

---

## ပန်းနုပင်


ပုံပြ ဆေးအဘိဓာန် (ဒုတိယတွဲ - စာ ရှု) (စတုတ္ထတွဲ - ပုံ ရှု)

---

## ပန်းလိမ်မြစ်ပင်

ပုံပြ ဆေးအဘိဓာန် (ဒုတိယတွဲ - စာ ရှု) (စတုတ္ထတွဲ - ပုံ ရှု)

---



ပန်းလိပ်မြစ်

INULA RACEMOSA

पुष्करमूल

# ပိုးသေမြက်

**ဟိန္ဒီ** **घामोर** (ဃာမိုရ်)

**လက်တင်** Panicum antidotale

**ပုံသဏ္ဌာန်။** ။ဒင်းမြက်သည် ၂-တောင်မှ ၄-တောင်အထိ မြင့်၏၊ ဒင်းမြက်သည် ကနေရာရာ၌ စုပြုံပြီး ပေါက်နေသည်ကို တွေ့ရ၏၊ ဒင်းမြက်ပင်သည် တပေခန့်တပေခန့်လောက်တွင် ဝပေါင်းထုံးဖွဲ့လျက် ရှိတတ်၏၊ ဤမြက်ပင်ကို ကျွဲ နွား စသည်တို့ စားမိခဲ့သော် မူးယစ်ခြင်းကို ဖြစ်စေတတ်၏၊ ဒင်း၏ အရွက်သည် သေးသွယ် ရှည်လျား၏၊ အပွင့်၏ အဝ အကင်းသည် အလွန် သေးငယ် ပါးလွှာ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ပိုးသေမြက်မှိုင်းသည် ပိုးတို့ကို နိုင်၏၊ ကူးစက်တတ်သော ရောဂါတို့မှ ကာကွယ်၏၊ လည်ပင်းတွင် ဖြစ်တတ်သော ရောဂါတို့ကို ပျောက်ကင်းစေ၏၊ ပိုးသေမြက်ကို ရေနှင့် ကြိတ်၍ မျက်စဉ်းခပ်ပေးခဲ့သော် မျက်စိ၌ တိမ်စွဲခြင်းကို ပျောက်ကင်း စေ၏။

---

# ပျိုလေးဆတ်ဆတ်တုန် (သမကပန်း)

ပုံပြ ဆေးအဘိဓာန် (တတိယတွဲ - ရှု)

---

# ပြိသပဥ္စ (ကျေးမြီးမ)

ပုံပြ ဆေးအဘိဓာန် (ပဌမတွဲ - ရှု)

---

# ပွဲတောင်ဟင်းခါး

**ဟိန္ဒီ** **चिरायता पहाड़ी** (ကျိရာယတာ ပဟာဍိ)

**လက်တင်** Swertia angustifolia

**ပုံသဏ္ဌာန်။** ။ဒင်းပွဲတောင် ဟင်းခါးပင်သည် တောင်တန်း ဒေသတို့၌ များစွာ ပေါက်တတ်၏၊ ဟိန္ဒီဘာသာတွင် 'စိရာယတာ ပဟာဍိ' ဟု ခေါ်ဝေါ် သုံးစွဲထားသည်ကို တွေ့ရ၍ မရာဌီဘာသာ၌ အလားတူပင် တွေ့ရသည်၊ အဓိပ္ပာယ်မှာ တောင်ပေါ် ဆေးခါးကြီးဟု အဓိပ္ပာယ် ရ၏၊ "စိရာယတာမိဋ္ဌာ" ဟု ခေါ်ဝေါ် သုံးစွဲထားသည်ကိုလည်း တွေ့ရပြန်၏၊ ဒင်းအဓိပ္ပာယ်

မှာ "ဆေးခါး အချို" ဖြစ်၏၊ ဆိုလိုသည်မှာ ဆေးခါးမျိုးမှန်သမျှ အမည်နှင့် ကိုက်ညီအော ခါးနေသည် ဖြစ်၏၊ ဖော်ပြပါ အပင်သည် ဆေးခါးမျိုးထည်းမှ ဖြစ်၏၊ သို့သော် ဆေးခါးကဲ့သို့ မခါးဘဲ ချိုနေ၏၊ "ဆေးခါးပင်" ဟု ခေါ်သကဲ့သို့ "ဆေးချိုပင်" ဟု ခေါ်မှုလည်း ခေါ် နိုင်ရာ၏။

ဂုဏ် နှင့် စွမ်းရည်။ ။ဆေးခါးပင်များ အသုံးချသည့်နေရာတွင် အသုံးဝင်သည်ဟု ဖော်ပြထားသည်၊ မြန်မာမှု၌ ဂုံခါး, ဂုံချို, ဂုံသံမျှား, ဂုံဗောဓိ, ဂုံလက်တို ဟု ဂုံအမည်နှ အုပ်စုဖွဲ့၍ အသုံးပြုသကဲ့သို့ ဤ၌လည်း ဆေးခါးအမျိုးမျိုး အသုံးချစေလိုသဖြင့် ဆေးခါးအဖြစ် အသုံးပြုနိုင်သည်ဟု ဖော်ပြထားခြင်း ဖြစ်၏။

---

[ ဖ ]

# ဖက်သန်းပင်

လက်တင် Heterophragma adenophyllum

ပုံသဏ္ဌာန်။ ။ဖက်သန်းသည် အပင်အလတ်စားမျိုး ဖြစ်၏၊ အခေါက်သည် အညိုနီ ရောင် ရှိ၏၊ အညွန့်ထူလျက် အညိုရောင် ကတ္တီပါမွှေးများ ပေါက်၏၊ အရွက်ကလေးများတွင် ခွေးသွားစိပ် မရှိ၊ ကျောဖက်၌ ကတ္တီပါမွှေးနုကလေးများ ပေါက်၏၊ ရွက်ညှာ မရှိ၊ အလက်တွင် ရှိသော အရွက်ကလေးများအနက် အောက်ဆုံး၌ ယှဉ်ပြိုင်လျက် ပေါက်သော အရွက်ကလေးများ သည် အငယ်ဆုံး ဖြစ်၏၊ ပန်းပွင့်သည် ကြီး၍ အကိုင်း အခက် အဖျားမှ အပေါ်သို့ တည့်တည့် မတ်မတ်ထောင်လျက် ပေါက်၏၊ အပွင့်သည် နူတ်ခမ်းကဲ့သို့ နှစ်ခွ နေ၏၊ အပွင့်သည် ဝါလျက် ကြေးနီရောင် ကတ္တီပါမွှေး ပေါက်၏၊ ပွင့်ခံခွက်၌ အနား တနား ၅-နားဖြာ၍ ပေါက်၏၊ အသီး တောင့်သည် ၁-ပေမှ ၃-ပေအထိ ရှည်၍ လုံးသော်လည်း အမြောင်းပေါ်လျက် အမွှေးထူပြီး ကွေးကောက်လျက် ရှိ၏။

ဂုဏ် နှင့် စွမ်းရည်။ ။ဖက်သန်းမြစ်သည် နူတ်ကို မြိန်စေတတ်၏၊ အားကို ဖြစ်စေ တတ်၏၊ ခယရောဂါနာ, ချောင်းဆိုးနာတို့ကို နိုင်၏၊ အသက်ကို ရှည်စေတတ်၏၊ ကုတ်ဟီးနာ, ချည် နဲ့သောအနာတို့ကို ပယ်နိုင်သော အစွမ်းသတ္တိနှင့် ပြည့်စုံစေတတ်၏။

---

[ ဗ ]

# ဗလရှင်ပင်

**ပါဠိ** **ပါပဋ မိဏ္ဍ** (ဗိပရ်မေ့ရွှ)

**လက်တင်** Mentha piperita

**အင်္ဂလိပ်** Peppermint

**ပုံသဏ္ဌာန်။** ။ဗလရှင်ပင်သည် ပင်ငယ်မျိုးဖြစ်၍ မြန်မာနိုင်ငံအတွင်း၊ ဗယဆေးပစ္စည်းတွင် ထင်ရှားသော ဆေးဘက်ဝင် ပစ္စည်းတမျိုး ဖြစ်၏၊ ၎င်း၏ အရွက်သည် ၁-လက်မမှ ၄-လက်မခန့် ရှည်၏၊ ၎င်းအရွက်၌ အလွန် စူးရှပြင်းထန်သော အဆီး အနံ့ တို့ရှိ၏၊ ၎င်းအပင်သည် ပူဒီနာ အုပ်စုတွင် အပါအဝင် ဖြစ်၏၊ ၎င်းအပင်ကို မြန်မာနိုင်ငံမှ ယူ၍ အိန္ဒိယနိုင်ငံသို့ ယူဆောင်၍ စိုက်ပျိုးရေးဉယျာဉ်တို့၌ စိုက်ပျိုးထားသည်ကို တွေ့ရ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ဗလရှင်ပင်သည် အူသိမ်, အူမနှင့် ဆိုင်သော ရောဂါတို့၌ အလွန် ကောင်းမြတ်သော ဆေးတပါးဖြစ်၏၊ ဝမ်းပိုက် ထိုးအောင့်ခြင်းနှင့် ကိုယ်ဖော ကိုယ်ရောင်ဖြစ်ခြင်းတို့၌ အထူး အကျိုးများ၏၊ ဝမ်းမီးကို တောက်စေ၏၊ လေကို နိုင်၏၊ ပူလောင်ခြင်းကို ငြိမ်းအေး စေတတ်၏၊ အားနည်းခြင်း, ပျို့အန်ခြင်း, ဖျားခြင်းနှင့် ဝမ်းတွင် လေမငြိမ်မသက်ဖြစ်ခြင်းတို့ကို ပျောက်ကင်းစေတတ်၏။

## ရောဂါ အလိုက် အသုံးပြုနည်း

နဖူးကိုက်ရာ၌၎င်း, သို့မဟုတ် အခြားတစုံတရာသော ကိုယ်အင်္ဂါ အစိတ်အပိုင်း ကိုက်ခဲရာ၌၎င်း–ဗလရှင်ရွက်ကို ကြိတ်၍ လိမ်းပေးသော် လျင်မြန်စွာ ပျောက်ကင်း၏။

ကိုယ်လက် အင်္ဂါ နာကျင်ကိုက်ခဲသော် ၎င်းအရွက်ကို ကျို၍ လိမ်းပေးရာ၏။

အားနည်းခြင်းနှင့် ဝမ်းရစ်လျက် ဓာတ်သက်ခြင်း ပျောက်ကင်းစေရန် ၎င်းအရွက်ကျိုရည်ကို **သောက်ရာ၏။**

---

# ဗီသွာပင် (နှမ်းကြစ်)

ပုံပြ ဆေးအဘိဓာန် (ဒု) တွဲ- ရှု။

---



ဗောက်လောက်ညို

SOLANUM NIGRUM.

काकमाची

## မောက်လောက်ညို

ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာ-ရှု) ( စတုတ္ထတွဲ - ပုံ-ရှု )

---

## မောင်မောင်သီး (ကုလားမျက်စိပင်စောက်)

ပုံပြ ဆေးအဘိဓာန် ( ဒု ) တွဲ - ရှု။

---

## မုံလုံခါး (မြူးဘါး)

ပုံပြ ဆေးအဘိဓာန် ( ဒု ) တွဲ - ရှု။

---

## မျိုင်းခြေထောက် (ဂျိုကြီး)

ပုံပြ ဆေးအဘိဓာန် ( ပ ) တွဲ - ရှု။

---

## မျည့်ဇာပင် (မြေချဉ်)

**ပုံသဏ္ဌာန်**။ ။မျည့်ဇပင်ခေါ် (ပြည့်ချဉ်ပင်) သည် အပေါ်သို့ ထိုးထွက် ထောင်ထွက်၍ သွားတတ်သော ပင်လတ်မျိုး ဖြစ်၏၊ အပင်၏ အခေါက်ရောင်သည် ဖြူဖျော့သော အရောင်, ပြာလဲ့လဲ့အရောင် ရှိ၏၊ အပွေး ချောမွတ်၏၊ ရွက်ညှာ ရှည်သွယ်၍ ၃-လက်မခန့် ရှိ၏၊ ရွက်ညှာထိပ်၌ ၃- ခွဆိုင် အရွက် ၃-ရွက်ခွလျက် ထွက်၏၊ အလယ်ရွက်သည် ၅-လက်မခန့် ရှည်သွယ်ပြီး ဘေး- ဘယ်ညာ ခွလျက် ရှိသော အရွက်သည် ၂-လက်မခွဲမျှသာ ရှိ၏၊ အရွက်၏ ပုံသဏ္ဌာန်မှာ လွန်းပုံဆောင်သောအရွက် ဖြစ်၏၊ ရွက်ညှာတံသည် အကိုင်းကို ဘယ်ညာ ပတ်၍ လှေခါးသဘွယ် ထွက်၏၊ အရွက်နုထွက်စ၌ ပန်းနုရောင်ဖြစ်ပြီး ရင့်သောအခါ အစိမ်းရောင်သို့ ပြောင်းလဲသွား၏၊ အရွက်တို့မှာ အထက်အောက် ပြောင်ချောပြီး အမွေးကင်းသောအရွက် ဖြစ်၏၊ အရွက်တို့ကို ချဉ်ရေဟင်းချက်၍ စားရ၏၊ အရွက်၏ ဆေးသုံးကို အောက်၌ ဖော်ပြပါမည်။

အပွင့်တို့မှာ အကိုင်း၏ ထိပ်ဖြားမှ စုပြုံ၍ ထွက်သော ထိပ်ဖျားထွက်ပန်းခိုင် ဖြစ်၏၊ ပွင့်ဖတ်များ ကြွေကျ၍သွားသောအခါ သန္ဓေသီးနုကလေးများ စုပြုံ၍ သီးလာ၏၊ အသီးရောင်မှာ




ဗျည်ဇင် (ပြေ့ချဉ်)

နုသောအချိန်တွင် အစိမ်းရင့်ရောင် ဖြစ်ပြီး ရင့်မှည့်သော အခါ သွေးကဲ့သို့ နီရဲသော အရောင် အဆင်း ဖြစ်၏၊ အရွက်နှင့် အသီးအားလုံး ချဉ်သောရသာ အပြည့်ရှိခြင်းကို အကြောင်းပြုပြီး ပြည့်ချဉ်ဟူ၍ ခေါ်ဆိုဟန် ရှိ၏၊ အချို့သော အရပ်ဒေသများ၌ စုပြုံ နီရဲ၍နေသော အသီးငယ်ကလေးများသည် စားချင်စဖွယ် ရှိကြသဖြင့် အားပါးတရ စားလိုက်သော အခါတွင် အလွန် ချဉ်လှသော အသီးဖြစ်၍ နေသဖြင့် ချဉ်ပြစ် ဟူ၍လည်း ခေါ်ကြောင်း ကြားသိခဲ့ရ၏၊ သို့သော် ချဉ်ပြစ် အစစ်အမှန်ကား 'ပုံပြ ဆေးအဘိဓာန် ပဌမတွဲ' (ခ) အက္ခရာတွင် ဆေးသုံးနှင့် တကွ ပါဝင်ထားပြီး ဖြစ်သော်လည်း နာမည်တူ ပေါ်လာသဖြင့် ချဉ်ပြစ် အစစ်အမှန်ကို ဖြည့်စွက် ဖော်ထုတ် ရေးသားရန် လိုပေ၏။

ချဉ်ပြစ် အစစ်အမှန်သည် အစဉ်သဖြင့် စိမ်းလန်းစွာ နေလေ့ရှိသော အပင်မျိုး ဖြစ်၏၊ အခွံ ချော၏၊ အညွန့်ဖျားတွင် ကတ္တီပါမွေးများ ပေါက်၏၊ အရွက်သည် အပေါ်ပင် စိမ်းသော်လည်း ကျောဘက်၌ အဖြူရောင် ထွက်၏၊ အရွက်ဖျား၏ အဝိုက်ကွဲကြောင်းကား မနက်လှပေ၊ ပန်းပွင့်သည် ငယ်၍ဖြူ၏၊ ပွင့်ဖတ်တို့သည် ရှက်ဘူဖြစ်၍ ပန်းခိုင်တွင် အခက်အလက် များ၏၊ အသီးတောင့်သည် များ၍ ပါးပြီးလျှင် အနည်းငယ် ကောက်၏၊ ရွက်ကြောများလည်း ကွေးကောက်လျက် ရှိ၏။

ဤကဲ့သို့ ပုံဖော်ရေးသားလိုက်ရခြင်းသည် ပြည့်ချဉ် ခေါ်သော ယခုဆေးပင်ကို အချို့သော အရပ်ဒေသက ချဉ်ပြစ် ဟု ခေါ်ဆိုနေကြသဖြင့် ချဉ်ပြစ် အစစ်အမှန်ကို နှိုင်းယှဉ်၍ သိရှိရန် ဖော်ထုတ်ရေးသားလိုက်ခြင်း ဖြစ်ပေ၏၊ ချဉ်ပြစ် အစစ်အမှန်ကား 'ပုံပြဆေးအဘိဓာန် ပဌမတွဲ' တွင် အပင်ပုံစံနှင့် တကွ ဖော်ပြထားသည်ကို ကြည့်ရှုနိုင်ကြပါသည်။

ဂုဏ် နှင့် စွမ်းရည်။ ။ကျောက်မြစ်ဖြတ်ဆေး— ပျည့်ချဉ်, ကျည်းဖြူ, ကျည်းနီ, ရေချင်းယား, ကေရာဇ်, ထောက်ရှာ, နွားလျှာကြီး, သစ်ဝင်ပေါက်ဖြူ, မရိုးနီ, မိုးနံ့, မြင်းစဂုံနီ, ပဲစိန်းငုံ, သက်ရင်းကြီး— ဆေး ၁၃- မျိုး အမျှ အညက်ပြု၊ ဇီးကင်းခန့်လုံးပြီး ဆန်ဆေးရည်နှင့် တိုက်။

**ကျောက်ချင်းယား လိမ်းဆေး။** ။ပျည့်ချဉ်ရွက်, ထိန်ရွက်, နနွင်းစိမ်း, လင်းနေ့, တဆေး, နွားမြက်ရင်းခေါင်း— ဆေး ၆- မျိုး အမျှစီ ကြိတ်ပြီး အရက်နှင့် ဖျော်၍လိမ်း။

ကျောက်ပေါ်စဉ် နေမချိ ထိုင်မသာ ရှိသောအခါ ပျည့်ချဉ်ရွက်, ထိန်ရွက်, နနွင်းစိမ်း စသာဆန်— ဆေး ၄- မျိုး အမျှစ၍ ကြိတ်ပြီး အရက်နှင့် ဖျော်၍လိမ်း။

**ကျောက်ယားကြီး တိုက်ရန်။** ။ပျည့်ချဉ်မြစ်, ငဖြူကြီးမြစ်, ကေရာဇ်မြစ်— အမြစ်သုံးမျိုးကို အမျှစီသွေးပြီး ရေကျက်အေးဖြင့် တိုက်၍ ပေးရာ၏။

**ကျောက်ပုလဲ ဆေးနည်း။** ။ပျည့်ချဉ်ရွက်, ထိန်ရွက်, နွားမြက်ရင်း, တဆေးရွက်, နနွင်းစိမ်း, ကွမ်းရွက်, ဂျုတ်ရွက်, သနပ်ခါးရွက်— ၎င်းဆေးစုကို အညီအမျှစုပြီး အရက်နှင့်ကြိတ်၊ ဇီးစေ့ခန့်လုံးပြီး အရက်နှင့်ပင် ဖျော်၍ လိမ်း။



ပြေ့ချဉ်)

**ကျောက်ယားကြီး ဆေးနည်း**။ ။မျည့်ချဉ်ရွက်, ထိန်ရွက်, နွားမျက်ရင်း, တဆေး ပုင်းဆေး ၄-မျိုးကို အမျှစီစုပြီး အညက်ပြု၊ ဇီးကင်းခန့်လုံး၍ထား၊ အရက်နှင့်ဖျော်ပြီး လိမ်း၍ပေး။

---

## မျစ်ဂျုံ (မာလီပင်)

ပုံပြ ဆေးအဘိဓာန် ( ဒု ) တွဲ-ရှု။

---

## မြင်းပင် (ပန်းနီ)

ပုံပြ ဆေးအဘိဓာန် ( ဒု ) တွဲ-ရှု။

---

[ ဘ ]


## ဘင်္ဂပင် (ဘင်္ဂကြီး)

လက်တင် Stephegyne diversifolia

ဘင်္ဂသည် အပင်အလတ်စားမျိုး ဖြစ်၏၊ အပွေးသည် ချောသော်လည်း တခါတရံ မြောင်းများ, အမျှောင်းလိုက် ပေါ်နေတတ်၏၊ အရွက်၏ကျောဘက်၌ အမွေးနုကလေးများ အနည်းငယ် ပါရှိတတ်၏၊ အရွက်သည် ကျယ်ပြီးလျှင် အရင်းတွင်ဟိုက်၍ ဝိုင်း၏၊ အကြောကလေးများ ကြားထဲတွင်နေသော အရွက်ဝိုင်းသည် ရံဖန်ရံခါ ခုံး၍ နေ၏၊ အရွက်သည် ၃-လက်မမှ ၁၀-လက်မအထိ ရှည်၏၊ အညှာသည် ၂-ပိုင်း ၁-ပိုင်း လက်မမှ ၁—၂-ပိုင်း ၁-ပိုင်းအထိ ရှည်လျက် အမွေးထူ၏၊ အပွင့်သည် ထိန်ပွင့်နှင့် သဏ္ဌာန်တူသော်လည်း ကြီး၏။

ဘင်္ဂ ( ဘင်္ဂကြီး ) ဝုဝ်းအပင်သည် မြန်မာနိုင်ငံ တလျှောက်တွင် မြောက်ဖက် အထက် ချင်းတွင်း အရပ်မှ တောင်ဖက် ထားဝယ်နယ်အထိ မြေညီသစ်တောများ၌ ဘင်္ဂပင်များကို တွေ့နိုင်၏၊ ဘင်္ဂပင် နှင့် နွှေဘင်္ဂ, နွှေသိမ်ပင်တို့မှာ အပင်တူများ ဖြစ်ကြသည်၊ ဘင်္ဂပင်တို့သည် တောသစ်ပင် အလတ်စားများ ဖြစ်ကြ၍ အမြင့်ပေ ၅၀-အထိ ရှိကြသည်၊ ပင်စည်လုံးပတ်မှာ ၆-ပေအထိ ရှိသည်။

ဘင်္ဂသားသည် ဝါကြန်ကြန် အရောင်ရှိပြီး အတော်အတန် မာသော သစ်မျိုး ဖြစ်သည်၊ အသားပြင်မှာ ညက်ညော၍ ပွတ်ပြင်ရန် လွယ်ကူသည့်ပြင် အသားလည်း သေလွယ်သည်၊ အသား



# ဘင်္ဂပင်

**MITRAGYNA ROTUNDIFOLIA.**

သေပြီးသော ဘက်သားကို ဓာတ်ပုံဘလောက်များ ပြုလုပ်ရာ၌ အသုံးပြုကြသည်၊ တန်စီး, စို့, ဆောက် စသော လက်နက် ကရိယာများ၏ သစ်သားပွတ်တိုင်စင်များ, သေတ္တာ, စားပွဲ, ကုလားထိုင် စသော အိမ်သုံးပစ္စည်းများကို ဘက်သားဖြင့် ပြုလုပ်ကြသည်၊ ( စွယ်စုံကျမ်း—မှ )

**ဂုဏ် နှင့် စွမ်းရည်။** ။ဘက် ( ဘက်ကြီး ) ပွင့်သည် သွေး, သည်းခြေ, လေ, သလိပ် များတို့ကိုငြိမ်း နာဂဝီသ အတီသာဥ်ဖောက်သော သန္နိပါတ်နာကိုငြိမ်း သလိပ်, လည်, နှလုံး ဆို့တောင့်သော အနာကိုငြိမ်း ဝမ်းလားသော အနာကိုငြိမ်း ညှိုးနွမ်းမြည်တမ်းသော အနာကိုငြိမ်း အလွန် ချွေးထွက်များသော အနာကိုငြိမ်း နှလုံး, အသည်း, အဆုတ်တို့အလွန် သည်းထန်စွာပူသော အနာကိုငြိမ်း ချမ်းသာစေတတ်၏။

---

# ဘုတ်ပင် ( တည်ကြီး )

ပုံပြ ဆေးအဘိဓာန် ( ဒု ) တွဲ - ရှု။

---

# ဘောက်ခွေးပင် ( ဘီးပင် )

ပုံပြ ဆေးအဘိဓာန် ( ဒု ) တွဲ - ရှု။


---

# ဘွဲ့ချဉ်ပင်

| | | |
|---|---|---|
| ဟိန္ဒီ | **कचनार** | ( က-ကျ-နာ-ရ် ) |
| သက္ကတ | **कंचनार** | ( ကံကျနာရ ) |
| လက်တင် | Bauhinia variegata | |

**ပုံသဏ္ဌာန်။** ။ဘွဲ့ချဉ်ပင်သည် တောသစ်ပင် အလတ်စား ဖြစ်၏၊ ပေ ၂၀-မှ ၃၀-အထိ မြင့်သော အပင်လတ်မျိုး ဖြစ်၏၊ အခေါက်မှာ ကြမ်း၍ ညိုညစ်သော အရောင် အဆင်း ဖြစ်၏။

အပင်၏ အရွက်များသည် အရင်းတွင် ၃-ပုံ ၁-ပုံ ကွဲ၍ အရွက်ဖျားတွင်လည်း အရင်းကဲ့သို့ပင် ၃-ပုံ ၁-ပုံ ကွဲလျက် ရှိ၏၊ ၎င်းအရွက်ကို လူတို့အမြင်အားဖြင့် ၂-ရွက် ပူးတွဲ၍ထားသကဲ့သို့ ထင်ရ၏၊ ရွက်ညှာထိပ်မှ ရွက်ဖျားအထိ ရွက်ကြောကြီးပေါင်း ၁၀-ခုမှ ၁၅-ခုအထိ ဖျာထွက်လျက် ရှိ၏၊ ထိုအပင်၏ ထူးခြားချက်မှာ နေဝင်ချိန် ရောက်သောအခါ ရွက်မွှာများသည် အထက်ပိုင်း


ဘွဲ့ချဉ်
BAUHINIA VARIEGATA
कचनार

မျက်နှာပြင်ခြင်း ထိအောင် လက်နှစ်ဘက်ယှက်၍ ဘုရားရှိခိုးသကဲ့သို့ ပူးကပ်၍ သွား၏၊ ရင့်သော အရွက်များထက် နုသော အရွက်များသည် ပို၍ ထူးခြားစွာ ပူးကပ်ကြ၏။

တပင်လုံးရှိ အရွက်များ ကြွေကျသွားသောအခါ ပန်းများ ပွင့်ကြ၏၊ ပွင့်သောပန်းများသည် အချို့မှာ အဖြူရောင် အချို့မှာ ပန်းရောင် အနုစားကလေးမှ အနီရင့်ရောင်အထိ ပွင့်ကြ၏။

ဘွဲ့ချဉ်ပင်ကို အများအားဖြင့် အိမ် ဝင်းခြံ ဥယျာဉ်များတွင် အလှကြည့် ပန်းပင်အဖြစ် စိုက်ပျိုး ကြသည်၊ ၎င်းအပင်ကို အစေ့မှ လွယ်ကူစွာ စိုက်ပျိုးနိုင်၍ အမြင့် ၁၀-ပေခန့် ရှိလျှင် ပန်းပွင့်ကြသည်၊ ၎င်းအပင်ကို အများအားဖြင့် ဆေးအဖြစ် အခေါက်ကို သုံးကြသဖြင့် အခေါက် အနာ များသောအခါ အပင် သေတတ်၏။

ဘွဲ့ချဉ်ပင်ကို မြန်မာ အိန္ဒိ ခြောက်သွေ့သော တောင်တန်းဒေသ များတွင် အများအားဖြင့် ဖြစ်ထွန်းသော အပင် ဖြစ်၏။


**ဂုဏ် နှင့် စွမ်းရည်။** ။ဘွဲ့ချဉ်ပင်၏ အခေါက် ပြုတ်၍ရသော အရည်ဖြင့် သွေးဝမ်း သွားသော အတိသာရ ဝမ်းရောဂါကို တိုက်ပေး ရသည်။

၎င်းအခေါက်ကို သွေး၍ ဒဏ်ထိခိုက်သော အနာတို့ကို လိမ်း၍ ပေးရာ၏။

ချောင်းဆိုးသော ရောဂါ, ပန်းနာရောဂါတို့ကို အခေါက်ကို ဆားနှင့် သွေး၍ လျက်ရာ၏။

အခေါက်ပြုတ်ရည်ကို ငုံလိုက် ထွေးလိုက် ပြုလုပ်၍ ပေးပါလျှင် သွားဖုံးရောင်သော ရောဂါကို ပျောက်ကင်း စေတတ်၏။

ဘွဲ့ချဉ်ခေါက်, မန်ကလာခေါက်, သပြေခေါက်, ဇီးခေါက်, ကျောက်ချဉ်, ၎င်း ၅-ပါး ပြုတ်ရည်ဖြင့် အနာကို ဖန်ဆေး၍ ပေးပါလျှင် အသားနုတက်၍ ပျောက်ကင်း ချမ်းသာ လွယ်၏။



[ မ ]

# မဂျစ်စု (မချစ်ဥ)

ပုံပြ ဆေးအဘိဓာန် ( ဒု ) တွဲ - ရှု။

---

## မဒမပင်

**လက်တင်** Dalbergia ovata

**ပုံသဏ္ဌာန်။** ။မဒမပင်သည် အောက်မြန်မာနိုင်ငံ ဒေသ အားလုံး၌ အလွန်ကျော်စောသဖြင့် လူသိများသော အပင် ဖြစ်၏၊ ၎င်းအပင်သည် ပင်လယ် ရေငံ ဝင်သော အရပ်၌ ပေါက်ရောက်တတ် သဖြင့် ရေငံကြိုက် အပင် ဖြစ်၏၊ အပင်၏ ပုံသဏ္ဌာန်မှာ ပေ ၃၀-၄၀-ခန့် သာ မြင့်သဖြင့် အလတ်စား အပင်များသာ ဖြစ်၏၊ အပင်လုံးသည် ညိုသော အဆင်း ရှိပြီး အကြေးခွံမှာ နီညိုသော အဖတ်စကလေးများ ဖြစ်ကြ၏၊ အဖူး အညွန့်များ ထွက်ပေါ်လာသောအခါ နီကျန်ကျန် ရှိပြီး အမွေး အမှင် ကင်း၏၊ အရွက်ကလေးများသည် ကျယ်ပြန့်၍ အရွက်၏ ကျောဘက်၌ ဖြူသော အဆင်း ရှိ၏၊ အရွက် အားလုံးတို့သည် ကတ္တီပါကဲ့သို့သော အမွေးနုကလေးများ ပေါက်ခြင်း မရှိပေ။

အပွင့်တို့သည် ၃-ပိုင်း ၁-ပိုင်း လက်မမျှသာရှိပြီး၊ ဖြူသော အဆင်းရှိ၏၊ အခက် အလက်များသော ပန်းခိုင်၌ အရွက်ကလေးများနှင့် ရောနှော၍ ပွင့်ကြ၏၊ အသီး တောင့်သည် ပါး၍ပြားလျက် ၁-လက်မမှ ၃-လက်မ အထိ ရှည်၏၊ အစေ့သည် ၁-စေ့မှ ၃-စေ့ အထိ ရှိတတ်၏၊ အသီးတောင့်ပေါ်၌ အကြောမျှင်များ မထင်ရှား လှပေ။

မဒမပင်သည် အိမ်တိုင် စသော လူသုံးကုန်ပစ္စည်း အဖြစ် အသိများသော အပင် ဖြစ်၏၊ ရဟန်းတော်များ အညိုရောင် သင်္ကန်း ဆိုးရာတွင်လည်း ၎င်းအပင်၏ အခေါက်ကို အသုံးပြုကြ၏၊ အပင်၏ ပေါက်ရောက်ရာ ဒေသမှာ ပင်လယ်ကမ်းခြေ ရေငံဝင်ဖြစ်သော ဒေးဒရဲ, ဖျာပုံ, ဘိုကလေး, မော်လမြိုင်ကျွန်း ပုသိမ် စသော မြစ်ဝကျွန်းပေါ်ဒေသတို့၌ ပေါက်တတ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။မဒမသည် ဖန်, ချုပ်သော ရသာ ရှိ၏၊ အခေါက်ပြုတ်ရည်သည် ဝမ်းသက်သော ရောဂါ၌ အကျိုးပြု၏၊ ယင်း ရောင်ရမ်းနေသော အနာတို့၌ လိမ်း၍ပေးရ၏၊ အာဖရိက ကမ်းခြေတို့၌ မဒမခေါက် ပြုတ်ရည်ကို ကွမ်းနိုင်ဆေးအဖြစ် အသုံး ပြုကြ၏။

## ရောဂါ အလိုက် အသုံးပြုနည်း

**သွားနာ သွားကိုက်။** ။မဒမခေါက်ကို ကျောက်ချဉ် အနည်းငယ် ရော၍ ပြုတ်ပြီး ငုံ၍ထားလျှင် သွားကိုက် သွားနာ သက်သာ၏။

**သွားဖုန်းရောင်, သွားပိုးစားသော ရောဂါ။** ။မဒမခေါက်နှင့် ဒုတ္ထာ ရော၍ပြာနှံ ကျိုက်အောင် မီးတွင်ဖုတ်ပြီး ၎င်းပြာနှင့် ပိုးစား၍ ထားသော သွား၏ အခေါင်းထဲသို့ ထည့်သွင်း၍ ထားရာ၏၊ ရောင်သော သွားဖုန်း သွားခြေတို့ကို သိပ်၍ပေးရာ၏။

**အနာ ဖန်ရည်။** ။မဒမခေါက်, ဇီးခေါက်, မန်ကလာခေါက်, သခြပ်ခေါက်, ကျောက်ချဉ်တို့နှင့် ရော၍ ပြုတ်ပြီး အနာတို့ကို ဖန်ရည်ဆေး၍ ပေးရာ၏။

**ဝဲစို, ဝဲခြောက်, ယားနာ။** ။မဒမခေါက် နှင့် ဆေးရွက်ကြီး—၎င်း ၂-မျိုးကို ပြာချ ပြီး အုန်းဆီနှင့် ဖျော်ပြီး သုတ်လိမ်း၍ ပေးရာ၏။

---

# မဟာဂါကျဲရေကျ

လက်တင် Linostoma decandrum

**ပုံသဏ္ဌာန်။** ။မဟာဂါကျဲရေကျ အပင်သည် ချုံဆန်သော အပင်မျိုး ဖြစ်၏၊ ၎င်း အပင်၌ အလွန်ထက်မြက်သော ဆူးတို့သည် အပင်၏ ပတ်လည် လှည့်ပတ်၍ ၁၀-ချောင်း ၁၅-ချောင်း အုပ်စုဖွဲ့ပြီး ပေါက်တတ်၏၊ ၎င်းအပင်သည် အလွန် ဆူးများသော အပင် ဖြစ်သဖြင့် မည်သည့် သတ္တဝါမျှ ခိုအောင်နားနေခြင်း မရှိပေ။

၎င်းအပင်၏ အရွက်သည် အလျား ၆-လက်မမျှ ရှည်လျားပြီး ဗျက် ၂-လက်မမျှ ရှိ၏၊ အရွက်သည်ချွန်ပြီး နူးညံ့ထူထဲလျက် အမွေးမဲ့ ဖြစ်၏၊ အရွက်အောက် ကျောဘက်တွင် မဆင်ရှား သော စိမ်းဝါနုရောင် ရှိပြီး အထက် မျက်နှာဘက်တွင် အာပေါ်ဓာတ်ဖြင့် ရွှန်းအိသော အစိမ်းရင့် ရောင် ရှိ၏၊ အရွက်တို့သည် အကိုင်းအခက်တို့ကို ရွက်လွှဲ ပတ်လည်လှည့်လျက် ပေါက်၏၊ ရွက် ညှာတို့၏ ရွက်ညှာ၏ အရင်းပိုင်း အပေါ်၌ ၁-လက်မခွဲခန့်ရှိသော ချွန်တက်သော ဆူး ၃-ချောင်း ပေါက်လျက် ရှိ၏။

အပွင့်ပန်းခိုင်သည် နွယ်သာကီ ပန်း ပွင့်သကဲ့သို့ အပင်ထိပ်ဖျား၌ အပြွတ်လိုက် ဖူးပွင့်ကြ သဖြင့် ဖရောင်းပန်းကလေးများပမာ ထူထဲသော ပန်းရောင်ပွင့်ဖတ်လွှာ အတွင်း တံမြက်စည်း ဝန္ဒ ဝါတို့ဖြင့် ရှုချင်စဖွယ် အလွန်လှပ တင့်တယ်လျက် ရှိ၏။

---



မဟာကာကျွဲရေချ

LINOSTOMA DECANDRUM.

ပုံသဏ္ဌာန်။ ။

ဆူးကလေးတို့သည် အပေ

ပေါက်လျက် ရှိကြ၏၊

ဖားကြီးမျိုး ဖြစ်၏၊ ငှ

ကျပေါက်ပင် ဖြစ်၏၊

မှတ်ချက်။ ။

မှားယွင်းရေးသ

မဟာဂါ ၅-မျိ

ဟူ၍ ၅-မျိုး ဖော်ပြ

ဂုဏ် နှင့် စွမ်း

စွာ ပျော့စေတတ်၏

သော အနာများကို

ဓာတုရသဒေ

တတ်၏၊ ဝမ်းကို ဖြေ

နယသြသဒေ

ကိုယ်မှာ

ဘက်၊

ဟင်းချ

ရင်း၊ နှ

မထူးတ

ဟု အရေပြားရော

နယမာလာ

တလုံး





# မဟာဂါဇရစ်

ပုံသဏ္ဍာန်။ ။မဟာဂါဇရစ်သည် ပိန်းကြီးပင်နှင့် ပုံသဏ္ဍာန်အားဖြင့် တူ၏၊ ၎င်းအပင်၌ ဘူးကလေးတို့သည် အပင်ရင်းမှစ၍ အရွက်နှင့် ဆက်သွယ်သော ရိုးတန် တလျှောက်လုံး လှပစွာ ပေါက်လျက် ရှိကြ၏၊ ၎င်းမဟာဂါဇရစ်၏ အရွက်သည် လှံသွား ပုံဆောင်သော ပိန်းကွဲသို့ ရွက်ဖားကြီးမျိုး ဖြစ်၏၊ ၎င်းအပင်သည် ရေအိုင် ကမ်းစပ်နှင့် မိုးများသော အရပ်ဒေသတို့၌ အလေ့ကျပေါက်ပင် ဖြစ်၏၊ မြန်မာ့ အာယုဗ္ဗေဒ ဗယဆေးဉယျာဉ်၌ စိုက်ပင်အဖြစ် ပြသထား၏။

**မှတ်ချက်။** ။ 'ပုံပြ ဆေးအဘိဓာန် ဒုတိယတွဲ' ၌ ၎င်းအပင်ကို မဟာဂါကျွဲရေကျ ဟု မှားယွင်းရေးသားထားသည်ကို မဟာဂါဇရစ်ဟု ပြင်ဆင် ဖတ်ရှုကြပါကုန်။

မဟာဂါ ၅-မျိုး မှတ်သားရန် ဖော်ပြလိုက်ပါသည်။

၁ - မဟာဂါကျွဲရေကျ
၂ - မဟာဂါကြံဆစ်
၃ - မဟာဂါဇရစ်
၄ - မဟာဂါထင်ဆွေး
၅ - မဟာဂါလှံတင် ( လောက်သေပင်ဟု ဆို၏ )

ဟူ၍ ၅-မျိုး ဖော်ပြထားသည်ကို မှတ်သားကြပါကုန်။


ဂုဏ် နှင့် စွမ်းရည်။ ။ဒဗ္ဗဂုဏဆေးကျမ်း၌–မဟာဂါမြစ်သည် ပူ၏, တက်၏, ဝမ်းကို လွန်စွာ ပျော့စေတတ်၏၊ ပျံ့နှံ့သည်ဖြစ်၍ တွေဝေခြင်းကို ပြုတတ်၏၊ သွေးနာ, မြင်းသရိုက်, ဖျားသော အနာများကို ပယ်ရှားနိုင်၏၊ လေကို ပွားစေတတ်၏။

**ဓာတုရသဆေးကျမ်း၌။** ။မဟာဂါသည် လေကို ထုတ်တတ်၏၊ သွေးကို ကြွစေတတ်၏၊ ဝမ်းကို ဖြောင့်စေတတ်၏။

**နယသြသဓဆေးကျမ်း၌။** ။"သမင်ရက် ဟု၊ ဖြူနီစွဲရောက်၊ အခြောက် အစို၊ ကိုယ်မှာထစေ၊ ကပ်လာချေသော်၊ (လ) ထွက်သည်ကာလ၊ ကုမ,စရာ၊ ပညာ- ဘွားဘက်၊ စွန့်လက်သည်းမြစ်၊ ကျည်းဖြူမြစ်ကို၊ ပျစ်ပျစ် အရေ၊ သောက်စေ မယွင်း၊ ဟင်းချက် နွားသား၊ စား၍ အနာ၊ ပေါ်ကာမလွဲ၊ ပေးမြဲဆေးမှန်၊ မဟာဂါသွင်း၊ သက်ရင်း, နုပ်ချို၊ အရည်တို့နှင့်၊ ဤသို့ပေးရာ၊ ကျမ်း၌ မှာသည်။ ။ဆရာပေးပွဲ မထူးတည်း။"

ဟု အရေပြားရောဂါတို့၌ မဟာဂါကို ထည့်သွင်း ဖော်ပြ ထားလေသည်။

**နယမာလာကျမ်း၌။** ။သူငယ်နာ အပုပ်ချဆေး ဖော်စပ်ရာတွင်လည်း– "ကြွေ တလုံးကို၊ မီးဖိုမှာဖုတ်၊ ရွေးဆံပြုတ်ကို၊ ခွဲနုတ်၍ ခွာ၊ ဖြူစင်စွာဖြင့်၊ မဟာဂါကြီး၊



မဟာကာဇရစ်

တာသီး ပဲစိမ်းနီ၊ အမျစ်ကို၊ အညီဖြောင့်ဖြောင့်၊ (လ) သူနာ ခိုင်ပြီး၊ အတန်ကြီးမူ၊ အသီးတမြိတ်၊ ဆိပ်စီငယ်သေး၊ ပိုးဟပ်ချေးခန့်၊ ခွန့်ပေးရသော်၊ ဖွပ်ဆေးလျှော်သို့၊ နံစော် အပုပ်၊ စက်ဆုပ်ဘွယ်ရှောင်း၊ မကောင်းသမျှ၊ အကုန်ကျ၏။"

ဟု မဟာဂါ၏ အသုံးကို ဖော်ပြထား လေသည်။

---

# မဟာမေဒါပင်

ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာ ရှု၊ စတုတ္ထတွဲ - ပုံ ရှု။ )

---

## မိကျောင်းကွမ်းဖတ် (ပင်လယ်နှမ်း)

ဟိန္ဒီ တာလမခါနာ ( တာလ်မခါနာ )

သက္ကတ कोकिलाक्ष

လက်တင် Hygrophila phlomoides


**ပုံသဏ္ဌာန်။** ။မိကျောင်း ကွမ်းဖတ်ပင်သည် ချုံဆံသော တနှစ်ခံ အပင် ဖြစ်၏၊ ဇွန်လ၌ အပင်ကလေးများ ပေါက်လာပြီးလျှင် တဖြေးဖြေး ကြီးထွားရှိလာရာ စက်တင်ဘာလ၌ ၄-ပေခန့် မြင့်တက်လာပြီး ပွင့်ဖူးကြ၏၊ အပင်မ နှင့် ရိုးတန်သည် လေးထောင့်ပုံ ဖြစ်ပြီး အနည်းငယ်မာကြော၏၊ ချိုး၍ကြည့်လျှင် အဆစ်နေရာကသာ ကျိုးသည်၊ အပင်၏ အဆစ်အဖုများမှ အကိုင်းများ ဝေဆာစွာ ဖြာ၍ ထွက်ကြ၏၊ အောက်အဆစ်အဖုမှ အရှေ့ နှင့် အနောက် အကိုင်း ခွ၍ထွက်လျှင် အထက်သော အဆစ်အဖုမှ တောင် နှင့် မြောက် ခွ၍ ထွက်သော ဆန့်ကျင်ဘက် အကိုင်းများ ထွက်၏၊ အပင်ရိုးတံတလျှောက်လုံး အမွေးနုကလေးများ ပေါက်ကြ၏၊ အပင်သည် နေရာတိုင်းမပေါက်ဘဲ အုပ်စုဖွဲ့၍ ပေါက်တတ်၏။

အရွက်သည် အဆစ်အဖု၏ အောက်ဆုံး နေရာမှ ၂-လက်မခန့် ရှည်လျားသော ရွက်ညှာဖြင့် အဆစ်တခုတွင် ဝဲ-ယာ ၂-ခု ပြိုင်၍ ထွက်ကြ၏၊ အရင်းချွန်ယောင်ရှိပြီး အဖျားဝိုင်းသော ငှက်တောင်ပုံသဏ္ဌာန် ရှိ၏၊ အရွက်၏ အနားသားတို့မှာ လှိုင်းတွန့်ကလေးများ ပါရှိ၏၊ အရွက်၏ အထက်အောက် မျက်နှာပြင်တွင် မထင်မရှား ပါးလွှာသော အမွေးနုကလေးများ ပေါက်၏။ ရွက်ကြောသည် ရွက်ညှာမှ ရွက်ဖျား တိုင်အောင် ရွက်ကြောမကြီးမှ နံရိုးလှဲသဘွယ် ဖြာထွက်၍ သွားကြ၏။

ပွင့်ချပ်အုံသည် ပင်မ နှင့် အကိုင်းတို့၏ အဆစ်အဖုကို ကပ်တွယ်ပြီး သေးငယ်သောအရွက်ကလေးတို့ကို အောက်ခံပြုလျက် ဖူးပွင့်ကြကုန်၏၊ အပွင့် အရောင်အဆင်းသည် အဖြူရောင်အောက်



မဟာမေဒါ
महामेदा



မိချောင်းကွမ်းဖတ်

HYGROPHILA PHLOMOIDES.

कोकीलाक्ष

No. 44

ခံရှိအနားကွက်သောမရမ်းအစေ့ရောင်ဖြစ်၏၊ အပွင့်များကြွေကျသွားသောအခါပွင့်ချပ်အုံအတွင်းမှ ဖြောင့်စင်းသော ထင်းချောင်းကလေးများ စုစည်း၍ ထားသကဲ့သို့ အသီးကလေးများ အစုလိုက်အပြုံလိုက် ပေါ်ထွက်၍လာသော ခွန်ပျော့အကင်ကဲ့သီး ဖြစ်၏၊ အသီးရင့်သောအခါ အတွင်းအစေ့ဆံသည် နီရဲပြီး လုပသေးငယ်သော မုန့်ညွှန်းစေ့ အရွယ်အစား အစေ့ဝိုင်းကလေးများဖြစ်ပေါ်၍လာ၏၊ မတ် ( ၆ )လသို့ ရောက်သောအခါ လူများမယူလျှင် အလိုလိုအက်ကွဲပြီး လွင့်စင်ကုန်ကြသည်၊ အသီးမအက်ကွဲမီ ပြန့်ဖြူးသော တလင်းပေါ်၌ အပင်လိုက်စုပုံ၍ထားပြီး အစေ့ကို နှမ်းများ ခါယူသကဲ့သို့ ခါ၍ ယူရ၏၊ မိကျောင်းကွမ်းဖတ်သည် အစေ့ကို ဆေးသုံးပစ္စည်းအဖြစ် အသုံးပြုရသော အပင် ဖြစ်သဖြင့် မြန်မာ ဘယဆေးဆိုင်များ နှင့် ကုလားဘယဆေးဆိုင်များတွင် မိချောင်းကွမ်းဘတ်ဟူ၍၎င်း၊ မြန်မာနိုင်ငံ ပင်လယ်ကန်းရိုးတန်းတလျှောက်တွင် ပင်လယ်နှမ်း ဟူ၍၎င်း ခေါ်ကြသည်၊ မေးဝယ်လျှင် အလွယ်နှင့် ရနိုင်သည်။

ဂုဏ် နှင့် စွမ်းရည်။ ။ပြည်တရွဲရွဲ နှင့် မကျက်နိုင်သော အနာအို့, အနာဟောင်းများ၎င်းအစေ့ကို ကြိတ်၍ အုံပေးပါလျှင် အနာကျက်ပြီး အသားနုတက်ကာ ပျောက်ကင်းချမ်းသာလွယ်၏။

တိန္ဒိလူမျိုးများ ၎င်းအစေ့ကို အစိမ်းလိုက် ဝါး၍ စားကြသည်၊ ထိုလူမျိုးတို့ အယူအားဖြင့် မိကျောင်းကွမ်းဖတ်စေ့ကို အမြဲတစေ စား၍ပေးပါလျှင် ရောဂါများ မကပ်ရောက်နိုင်သည့်ပြင် စွဲကပ်လျက်ရှိသော ရောဂါများလည်း ပျောက်ကင်းချမ်းသာလွယ်သည်ဟု အယူရှိကြသည်။

---

## မိကျောင်းနွယ်

ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာ ရှု ) ( စတုတ္ထတွဲ - ပုံ ရှု)

---

## မူစလီ (တောထန်းအဖြူ)

ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာ ရှု) (စတုတ္ထတွဲ - ပုံ ရှု။)

---

## မေဒါ


ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာ ရှု) ( စတုတ္ထတွဲ - ပုံ ရှု။)

---

ခါပွင့်ချပ်အုံအတွင်း
လေးများ အစုလိုက်
သာအခါ အတွင်း
စေ ဝိုင်းကလေးများ
ဝိုလို့အက်ကွဲပြီး လွင့်
ပုံ၍ထားပြီး အစေ့
ကို ဆေးသုံးပစ္စည်း
လားဘယဆေးဆိုင်
ပျာက်ဘွင် ပင်လယ်

အနာပေါင်းများ
ပျောက်ကင်းချမ်းသာ

ဉ်မျိုးတို့ အယူအား
ကပ်ရောက်နိုင်သည့်
အယူရှိကြသည်။





မိချောင်းနွယ်
DERRIS SCANDENS
गोंज


## မူစလီ

## တောထန်းအဖြူ

LIVISLONA SRECIOSA

स्वेत मुसली





मेदा




# မင်သော်

MENTHA ARVENSIS



# မင်သော်ပင်

**လက်တင်** Mentha arvensis

**အင်္ဂလိပ်** Menthal

**ပုံသဏ္ဍာန်။** ။မင်သော်ပင်သည် ပူဒီနာ အမျိုး အနွယ် ဖြစ်၏၊ ၎င်း၏ အမည်မှာ Menthal ဟူသော အင်္ဂလိပ်စကားလုံးကို တိုက်ရိုက် မွေးစားယူလျက် မြန်မာမှု ပြုထားသောအမည် ဖြစ်၏၊ ၎င်းအပင်သည် အေးသော အရပ်ဒေသတို့၌ ပေါက်ရောက်တတ်၏၊ အလျားအားဖြင့် ၅-ပေမှ ၁၀-အထိ ရှည်၏၊ ၎င်း၏အရွက်သည် ၁—၂-ပိုင်း ၁-ပိုင်းလက်မခန့်ရှည်၍ ၁-လက်မခန့်ကျယ်၏၊ ပုံမှာ ဥပုံ ဖြစ်၍ အရွက်ရင်းသေးပြီး ရွက်ဖျားကြီး၏၊ အနားတွင် ခွေးသွားစိပ် ရှိ၏၊ ၎င်း၏ အရသာမှာ အေး၍ အခိုးရှိ၏၊ ၎င်းအပင်ကို ဟိန္ဒူလူမျိုးတို့က "ပူဒီနေကေဖူလ်" ဟု ခေါ်ကြ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ယူနာနီဆေးကျမ်းအလိုအားဖြင့်—၎င်းမင်သော်ပင်သည်ထက်သော အရသာရှိ၍ အနံ့ မွှေး၏၊ သလိပ် နိုင်၏၊ ရာသီသွေးကို သက်ဆင်းစေ၏၊ ကျောက်ကပ်ကိုအားပေး၏၊ အသည်း နှင့် သရက်ရွက်တို့၏ ရောဂါ၌ ကျေးဇူးပြု၍ ပန်းနာ, ရင်ကျပ်ရောဂါ, အကြော အဆစ် ရောင်နာတို့၌လည်း ကျေးဇူးများ၏။

မင်သော်ပင်ခြောက်သည် အဖျားရောဂါ နှင့် ရေငတ်ရောဂါ ကင်းငြိမ်းစေတတ်၏၊ ဝမ်းမီးကိုတောက်စေ၏၊ ဆီးကိုရှင်စေ၏၊ တက်ကြွစေ၏၊ သွေးအားနည်းသောရောဂါ နှင့် ပျို့အန်သောရောဂါတို့ကို ပျောက်ကင်းစေရန် အခြားဆေးဘက်တို့နှင့် ယှဉ်၍ အသုံးပြုရ၏၊

## ရောဂါ အလိုက် အသုံးပြုနည်း

**ဝမ်းပိုက်နာ။** ။မင်သော်ပင်ပြုတ်ရည်ကိုသောက်သော် ဝမ်းပိုက်နာ ပျောက်ကင်း၏။

**ဝမ်းသက်ရောဂါ။** ။မင်သော်ရွက်တို့ကို ပျားရည်နှင့် ရော၍ လျက်သော် ဝမ်းသက်ရောဂါ ပျောက်ကင်းစေ၏။

**အကြောအဆစ်ရောင်ကိုက်ခြင်း** ။အကြောအဆစ်တို့ ရောင်ခြင်း, ကိုက်ခဲခြင်း ဖြစ်ခဲ့သော မင်သော်ကို ပြုတ်၍ သောက်ရာ၏။

**အအေးဖျား။** ။အအေးဖျား ဖျားသော် မင်သော်ကို ချင်းခြောက်နှင့် ပြုတ်၍ သောက်ရာ၏။

**ပျို့အန်ခြင်း။** ။ပျို့အန်ခြင်းကို ပျောက်ကင်းစေတတ်သော ဆေးတွင် မင်သော်ကို ထည့်၍ သောက်သော် ပိုမို လျင်မြန်စွာ ပျောက်ကင်းစေနိုင်၏။

**တွေ့ဝေမူးမိုက်ခြင်း။** ။မင်သော်ရွက်နုကို ကြိတ်၍ ရှူစေသော် တွေဝေ မူးမိုက်ခြင်း ပျောက်ကင်းစေ၏။

**နဖူးကိုက်ခြင်း။** ။မင်သော်ရွက် သတ္တုရည်ကို လိမ်းကျံပေးသော် နဖူး, မျက်ရိုးကိုက်ခြင်း ပျောက်ကင်းစေ၏။

**သူငယ်ပိုက်နာခြင်း။** ။မင်သော်ရွက်ကို ပေါင်းချေးပြုလုပ် တိုက်ပေးသော် ကလေးသူငယ်၏ ဝမ်းပိုက်နာ ပျောက်ကင်းစေ၏။

**ကြို့ထိုးခြင်း။** ။မင်သော်ရွက်ကို သကြားနီခဲနှင့် ဝါးစားသော် ကြို့ထိုးသောအနာ ပျောက်ကင်း၏။

**သွေးတိုးရောဂါ။** ။မင်သော် ချေးပြန်ရည်ကို သောက်သည်ရှိသော် သွေးတိုးရောဂါ ပျောက်ကင်း၏။

**ကြောင်ဆိပ် ( ကြောင်ကိုက်ခြင်း )။** ။မင်သော်ရွက်ကို ဝါး၍ ကိုက်သောနေရာကို လိမ်းပေးသော် ကြောင်ဆိပ် ပြယ်စေ၏၊ သုံးစွဲရန် ပမာဏကား—၁-ရတီ အထိ ဖြစ်၏။

---

## မင်းဘော (လက်မဲ)

ပုံပြ ဆေးအဘိဓာန် (တ) တွဲ - ရှု။

---

# မိုက်ဆက်ဖု

မဂဓ္ဂ ... **ဇမ္ဗိရ** ( ကျမ္ဘာရ )

**လက်တင်** Premna tomentosa

**ပုံသဏ္ဌာန်။** ။၎င်းမိုက်ဆက်ဖုပင်သည် မြန်မာနိုင်ငံတောင်တန်းဒေသတို့၌ များသောအားဖြင့် ပေါက်တတ်သောကြောင့် ရှမ်းဘာသာဖြင့် ခေါ်ဝေါ်သုံးစွဲမှု ထင်ရှားနေခြင်း ဖြစ်၏၊ ၎င်း၏ အခေါက်သည် အဝါရောင်ရှိ၍ အစင်းအကြောင်းကလေးများ ထင်နေ၏၊ အသီးမှာမှုလုံး၍ ရှည်၏၊ အနှစ် ရှိ၏၊ အသီးတလုံးလျှင် များသောအားဖြင့် အစေ့အိမ် ၄-ခု ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။၎င်းသည် ရေဖျဉ်းရောဂါ၌ အသုံးဝင်၏။

---

# မိုင်ကုတ်ကျင်း

**နေပါလ**　　**भकिय मीला**　　(ဘကိယာဝမီလော)

**လက်တင်**　　Rhus semialata

**ပုံသဏ္ဍာန်။**　　မိုင်ကုတ်ကျင်းပင်သည် ချုံဆံသော အပင်ငယ်မျိုး ဖြစ်၏၊ ၎င်းအမည်ကား ရှမ်းဘာသာ ဖြစ်၏၊ ၎င်း၏ အရွက်သည် ၁၀-လက်မမှ ၁၇-လက်မခန့် ရှည်၏၊ ၎င်းအပင်၏ အသီးသည် အနည်းငယ် ဝါရောင်သန်း၍ ညို၏၊ ၎င်းအပင်သည် ပေ ၃-ထောင်ကျော် ၄-ထောင်ခန့် မြင့်သော ရှမ်းပြည်နယ် ကချင်ပြည်နယ် တောင်တန်းဒေသတို့၌ ပေါက်ပွား၏။

**ဂုဏ် နှင့် စွမ်းရည်။**　　။မိုင်ကုတ်ကျင်း အသီးသည် ဝမ်းပိုက်ထိုးအောင့်ခြင်း, ဝမ်းသက်ခြင်းတို့၌ အကျိုးပြု၏၊ တရုတ်လူမျိုးတို့သည် ဤမိုင်ကုတ်ကျင်းပင်ကို သလိပ်ကြေစေတတ်သော ဆေး အဖြစ်ဖြင့်၎င်း ဝမ်းချုပ်စေတတ်သော ဆေးအဖြစ်ဖြင့်၎င်း အသုံးပြုကြကုန်၏၊ ရောင်ရမ်းခြင်း, ထိခိုက်ရှနခြင်း ဖြစ်သောအခါ အပြင်လိမ်းဆေး အဖြစ် အသုံးပြုကြ ကုန်၏၊ သွက္ခ၂ပါဒ ကိုယ်တခြမ်းသေသော ရောဂါ၌လည်း လိမ်းဆေးအဖြစ် အသုံးပြုရ၏။

---

# မိုင်ကုတ်ကျင်းမျိုး

**ဟိန္ဒီ**　　**रायतुंग**　　(ရာ-ယ်-တုံ-ဂ်)

**လက်တင်**　　Rhus parviflora

**ပုံသဏ္ဍာန်။**　　။မိုင်ကုတ်ကျင်းမျိုးသည် ရှမ်းဘာသာဖြင့် ခေါ်သော အမည် ဖြစ်သည်၊ ၎င်းအပင်သည် အေးမြသော ရှမ်းကုန်းမြေ တောင်တန်း ဒေသတို့၌ ပေါက်သည်၊ ချုံပင်မျိုးဖြစ်၏၊ ၎င်း၏ အသီးသည် ပဲတီစိမ်းစေ့နှင့် တူ၏၊ သေးငယ်၏၊ အသီးတလုံး တလုံး၌ အစေ့ ၁-စေ့ ၂-စေ့ ရှိ၏၊ အရသာ ချဉ်၏၊ အလွန် နူးညံ့ ပျော့ပျောင်းသော သဘာဝရှိသည့် အပင်မျိုးဖြစ်၍ မကျည်းပင်နှင့် သဘော တူ၏။

**ဂုဏ် နှင့် စွမ်းရည်။**　　။မိုင်ကုတ်ကျင်းမျိုးသည် နှလုံးအားကို တိုးပွားစေ၏၊ ဝမ်းမီးကို တောက်စေ၏၊ သွေးအန် သွေးကျ ရောဂါကို ပယ်ဖျောက်တတ်၏၊ သွေးကို ထိန်း၏၊ ၎င်း၏ အရွက်သည် လူဘို့၏ အသားအသွေး ရောင်ကို ကောင်းမွန်တောက်ပြောင် စေသည်၊ ဂြိုဟ်ဖမ်းစားခြင်းမှ ကင်းဝေးစေသည်၊ ကိုယ်ဝန်ဆောင် မိန်းမများ မွေးဖွားရ လွယ်စေသည်၊ အားနည်းသော ပုဂ္ဂိုလ်တို့ သွေးနှင့် ယှဉ်သော ပိတ်ဝမ်းရောဂါကို၎င်း သည်းခြေ ဖောက်ပြန်မှုကြောင့် ဖြစ်သော ပျို့အန်ခြင်း, သွေးအန်သွေးကျ ရောဂါ, မျက်စိရောဂါ, အဖျားနှင့် ပတ်သက်သော ရောဂါတို့ကို၎င်း ပျောက်ကင်း စေ၏။

---




မျက်နှာပန်း

PAVETTA INDICA

## မျောက်ငို (သစ်ကဖော်)

လက်တင် Duabanga sonneratioides

**ပုံသဏ္ဌာန်။** မျောက်ငိုပင်သည် အများအားဖြင့် စိုစွတ်သော ရပ်ဝန်းဒေသ, စိမ်းစိုသော သာဝရဏအရပ်၌ ပေါက်သော အပင်မျိုး ဖြစ်၏၊ ၎င်းအပင်၏ အခေါက်သည် ချောလျက် ညိုသော အဆင်း ရှိ၏၊ အကိုင်း အခက် များသည် အပြင်ဘက်သို့ တည့်တည့် ထွက်ပြီး အဖျားပိုင်းသည် မြေပြင်ဘက်သို့ ကိုင်းညွတ်ကြ၏၊ အရွက်များ၌ ရှိသော အညာတို့သည် တို၍ ထူလျက် နေ၏။

မျောက်ငိုအကိုင်း၏ အစွန် အဖျား များမှ အဖြူရောင် ရှိသော ပန်းတို့သည် ပွင့်ကုန်၏၊ ပန်းပွင့်၏ အချင်းသည် ၁·လက်မမှ ၃·လက်မအထိ ရှိ၏၊ ပွင့်ချပ်တို့သည် ထူ၍ အသားပြည့်လျက် စိမ်းသော အရောင် ရှိ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။သည်းခြေ ဒေါသတို့ကို ငြိမ်းစေ၏၊ ခယရုပ်နာ, ဇရင်တ်သော အနာ, သွေးဖောက်ပြန်၍ သွေးအန်, သွေးကျသောအနာ, အပူဖျား, အဆိပ်, လေနှင့် သည်းခြေကြောင့် ဖြစ်သော ရောဂါတို့ကို ငြိမ်းစေ၏၊ ထို့ပြင် အမြစ်နှင့် အသီးတို့ကို အခြားသော ဆေးတို့နှင့် ရောစွက်၍ မြွေဆိပ်, ကင်းဆိပ် စသော အဆိပ် အမျိုးမျိုးတို့၏ အဆိပ်ဖြေဆေး အဖြစ် အသုံးပြုရ၏။

---

## မျောက်ဒိုး (ဂုံညင်း)

ပုံပြ ဆေးအဘိဓာန် (ပ) တွဲ - ရှု။

---

## မျောက်ပေါင်ဝဲ (ဆီးသီး)


ပုံပြ ဆေးအဘိဓာန် (ပ) တွဲ - ရှု။

---

## မျက်နှာပန်းပင်

ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာရှု ) ( စတုတ္ထတွဲ - ပုံရှု )

---



မြေပုပ်ခရမ်း

SOLANUM XAXTHOCARPUM.

कण्टकारी

# မြေပုပ်ကြီးခရမ်း

ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာရှု ) ( စတုတ္ထတွဲ - ပုံရှု )

---



## မြင်းစဂုံနီပင်

လက်တင်　Parkinsonia aculeata

အင်္ဂလိပ်　Jerusalem thorn

**ပုံသဏ္ဌာန်။**　။မြင်းစဂုံနီသည် နွယ်မျိုး ဖြစ်၏၊ အပင်၏ အရောင်သည် နီညိုသော အဆင်း ရှိ၏၊ နွယ်သည် မာကြောသဖြင့် နွယ်၍ တက်ရမည့် ချုံသစ်ပင် မရှိလျှင် မိမိအလိုလို နီရဲသောအညွန့်တို့သည် ၂-ပေ ၃-ပေခန့် ထောင်မတ်၍ နေတတ်၏။

အရွက်သည် ရွက်ညှာချင်းဆိုင်၍ ပေါက်သော ရွက်ပြိုင် ဖြစ်၏၊ အရွက်သည် အရင်း သေးပြီး အဖျား ပြန့်ကားသော ထိပ်ချွန်မျိုး ဖြစ်၏၊ မြေဟောက်ပါးပြည်း ပုံသဏ္ဌာန် ရှိ၏၊ ရွက်ကြောမကြီးသည် ရွက်ညှာရင်းမှ ရွက်ဖျားတိုင်အောင် ရွက်လယ်မှ ဖြတ်သန်း၍ သွားပြီး ရွက်ကြောမကြီးမှ အကြောငယ်တို့သည် နံရိုးသဘွယ် ဘေးတဘက် တချက် ဖြာထွက်လျက် ရွက်နား တိုင်အောင် ရောက်၏၊ ရွက်နုတို့သည် နီညိုသော အဆင်း ရှိ၏၊ ရင့်သောအခါ ညိုစိမ်းသော အရောင်သို့ ပြောင်းလွဲ သွား၏။


မြင်းစဂုံနီအမြစ်သည် မြေဝင် ၆-လက်မမျှ ရှိပြီး အရင်းတုတ်လျက် သွယ်ချွန်းသော အဖျား ရှိ၏၊ မြင်းစဂုံအနီကဲ့သို့ မြင်းစဂုံအဖြူလည်း ရှိသေး၏၊ ( ကရင်ခေါ် သမန်းကျွား ဟုခေါ်၏၊ ) မြင်းစဂုံအဖြူမျိုးသည် ဆေးဘက်ဝင်သော အပင်ဖြစ်သော်လည်း အနီလောက် အစွမ်းမထက်သဖြင့် အနီကိုသာ အသုံးအစွဲ ပြုကြ၏၊ သို့သော် မြင်းစဂုံအနီကို လွယ်ကူစွာ မရရှိ သောအခါ အဖြူကို အနီအစား ဆေးဘက်ယှဉ်၍ သုံးစွဲနိုင်၏။

မြင်းစဂုံအနီအဖြူ ၂-မျိုးစလုံး အမြစ်ကိုသာ အသုံးအစွဲ ပြုကြ၏၊ အနီ အဖြူ ၂-မျိုးလုံး အထက်မြန်မာနိုင်ငံ၌ အလေ့ကျပေါက်သော တောဆေးပင် ဖြစ်၏၊ ဗိန္ဒောဆေးပညာ လောက၌ မြင်းစဂုံနီသည် ထင်ရှားပြီး အသုံးများသော ဆေးပင် ဖြစ်၏။

**ဂုဏ် နှင့် စွမ်းရည်။**　။ဓာတုရသဆေးကျမ်းအလို—မြင်းစဂုံနီသည် လေကို ကြွစေ တတ်၏၊ သွေးကို ငြိမ်းစေတတ်၏။

### ရောဂါ အလိုက် အသုံးပြုနည်း

**မြစ်ပေါင်းဆေးနိုင်ငယ်။**　။မြင်းစဂုံနီ, ဂုံချို, ဂုံခါး, ခွေးတောက် ဖို-မ, သခင်စာ ဖို-မ, ကျည်းဖြူ—ဆေးအားလုံးအမြစ်ကို အမျှစု၊ အညက်ပြု၊ စန္ဒကူးနီရေ, နံ့သာနီရေ နှင့် ကြိတ်




မြင်းစဂုံနို

PARKINSONIA ACULEATA

၍ထား၊ ကျောက်ပူ, ကျောက်ကင်း ကြီး၍ လန့်ဖြတ် ဟစ်အော်, မငြိမ် မသက် လှုပ်ရှားသော် ဆေးကို ဇီးကင်းခန့် အရက်, ရေနွေး ရရာနှင့် တိုက်။

**ကျောက်လယ် ဝင်ငုပ်သော် တိုက်ရန်။** ။မြင်းစဂုံနီမြစ်, ပိတ်ချင်းသီး, ဂျင်းစိမ်း, ကံ့ကော်ဝတ္ထုံ, ကရဝေးရွက်, မြွားဆိပ်—၄င်းဆေး ၆-ပါး အမျှစု၊ အမှုန့်ပြုပြီး ဇီးကင်းခန့် အရက်နှင့် တိုက်။

**ကျောက်သရေဆေးနည်း။** ။မြင်းစဂုံနီ, နွားလျှာကြီး, ပန်းခင်ပုတ်, လက်ထုတ်ကြီး—အမြစ် ၄-မျိုး အမျှစု၊ အမှုန့်ပြု၊ ဇီးကင်းခန့် အရက်နှင့် တိုက်။

**ကျောက်မီးတိုက်ရန်။** ။မြင်းစဂုံနီ, မြင်းစဂုံဖြူ, ကင့်ပွန်း, ထိန်, လက်ထုဘ်—အမြစ် ၆-မျိုး အမျှစု၊ အမှုန့်ပြု ဇီးကင်းခန့် အရက်နှင့် တိုက်။

**ပဋိသန္ဓေ နှင့် ကျောက်ပေါက်ခဲ့သော်။** ။မြင်းစဂုံနီ, မိုးနံ, ကသစ်, မရိုး—အမြစ် ၄-မျိုးကို ဆန်ဆေးရည်နှင့် သွေးပြီး ဆန်ဆေးရည်နှင့် တိုက်၍ ပေးရာ၏။

**ဝက်ခြံ ဒေါင်းသိုးနာ တိုက်ရန်။** ။မြင်းစဂုံနီမြစ်, ကျည်းမြစ်—အမြစ် ၂-မျိုးကို သွေးပြီး တိုက်၍ပေးရာ၏။

**အသမာနာ တိုက်ရန်။** ။မြင်းစဂုံနီမြစ်, ငြုတ်မြစ်, ရှိန်းခိုး—ဆေး ၃-မျိုးကို သံပုရာ ရည်နှင့် သွေးပြီး တိုက်လည်းတိုက် လိမ်း၍လည်းပေးရာ၏။

**ဂန္ဓမာလာ အနာလိမ်းရန်။** ။မြင်းစဂုံနီ, သစ်ဝင်ပေါက်ဖြူ, ငြုပ်—အမြစ် ၃-မျိုး ကို သွေးပြီး တိုက်၍ပေးရာ၏။

**အနာ့ပဆုပ် လိမ်းရန်။** ။မြင်းစဂုံနီ, သရင်းကြီး, သစ်ဝင်ပေါက်ဖြူ—ဆေးမြစ် ၃-မျိုးကို အမျှစီသွေးပြီး အနာကို မပြတ် လိမ်း၍ ပေးရာ၏။

**ဘင်နာပေါက်သူ သောက်ရန်။** ။မြင်းစဂုံနီ, ထောက်ရှာ— အမြစ် ၂-မျိုးကို အမျှ စီ သွေးပြီး ဘင်နာပေါက်သူကို တိုက်ပေးရာ၏။

**ကုတ်ဟီး, ချောင်းဆိုးနာ လျှက်ရန်။** ။မြင်းစဂုံနီ,တိသက်သာ, လင်းနေ, ရာဇဝင်, သိဒ္ဓာ—ဆေး ၄-မျိုး အမျှစု အမှုန့်ပြုပြီး ဆေးကို သကြားအရေနှင့် ဖျော်၍ တိုက်ရာ၏။

**ကျွဲသမာ တိုက်ရန်။** ။မြင်းစဂုံနီ, ကျည်းဖြူ, သမင်စာ ဖို-မ, ခွေးတောက်—ဆေး မြစ် ၄-မျိုးကို အမျှစု အမှုန့်ပြုပြီး ကျွဲသမာနာကို ဆန်လှော်ရေနှင့် တိုက်ရာ၏။

**ကျောက်ပေါက်၍ လည်ချောင်းနာ ရောဂါ။** ။မြင်းစဂုံနီ, တိလက်သာ, ပန်းခင် ပုတ်—ဆေး ၃-မျိုး အမျှစု၊ အမှုန့်ပြုပြီး ၇-ထုပ် ထုပ်၊ နံနက် ၁-ထုပ်၊ ည ၁-ထုပ် ငုံ၍ ပေးပါ။

**ကျောက်ခတိုး ဆေးနည်း။** ။မြင်းစဂုံနီ, ပန်းခင်ပုတ်, သုံးပန်လှ, ဝက်ချေး—ဆေး ၄-မျိုး အမျှပြု၍ကြိတ်၊ အရက်နှင့် ဖျော်ပြီး တနေ့ ၃-ကြိမ် ၄-ကြိမ် တိုက်၍ ပေးရာ၏။

**ကျောက်ဆီး ဟူသမျှတို့ကို တိုက်ရန်။** ။မြင်းစဂုံနီမြစ်, နွားလျှာကြီးမြစ်, ပန်းခင်ပုပ်, လက်ထုတ်ကြီး—အမြစ် ၄-မျိုးကို ကြိတ်ပြီး အရက်နှင့် တိုက်၍ ပေးရာ၏။

## မြင်းစဂုံဖြူ ဆေးအသုံး

**အနာပေါက် တိုက်ရန်။** ။မြင်းစဂုံအဖြူ, တိလက်သာ, ကြေးနီမြစ်—၎င်းဆေး ၃-မျိုးကို အမျှစီ သွေးပြီး တိုက်၍ပေးရာ၏။

**ဂရင်ဂျိနာ လိမ်းဆေး။** ။မြင်းစဂုံဖြူမြစ်, ဘူးချဉ်မြစ်, နဘဲရွက်, ကလောရွက်, ထောက်ရှာရွက်, ရှောက်ရွက်—ဆေး ၆-မျိုး အမျှစီကြိတ်ပြီးလျှင် ၎င်းအရေဖြင့် အနာကို လိမ်း၍ ပေးရာ၏။

**အနာသစ်ငုပ်နာ တိုက်ဆေး။** ။မြင်းစဂုံဖြူမြစ်, မိုးနံမြစ်, ဂုံခါးမြစ်—ဆေး ၃-မျိုး အမြစ်ကို အမျှစီသွေးပြီးလျှင် အနာသစ် ငုပ်နာကို တိုက်၍ ပေးရာ၏။

**အနာပေါက် သောက်ရန်။** ။မြင်းစဂုံဖြူ, ထောက်ရှာ, မရိုး, ခေါင်ရမ်းပန်း, သမင်စာနီ—ဆေး ၅-မျိုး အမြစ်များကို အမျှစီ သွေးပြီးလျှင် အရက်နှင့် တိုက်၍ ပေးရာ၏။

---

# မြင့်သေမြက်ပင် (မြင့်သေပင်)

**ပုံသဏ္ဌာန်။** ။မြင့်သေမြက်ပင်သည် ရှည်၍ ကျဉ်းသော အလွန် သေးမျှင် လုံးသွယ်သော မြက်မျိုး ဖြစ်၏၊ ဆင်ငိုမြက်ကဲ့သို့ အုံနှင့် တကွ အဆုပ်လိုက် အဆုပ်လိုက် ပေါက်၏၊ သို့သော် ဆင်ငိုမြက်လောက် မြက်ဖုတ်မကြီးပေ၊ ဆွဲ၍နှုတ်လိုက်လျှင် ဖွာထွက်နေသော အမြစ်များနှင့် တအုံလိုက် ပါလာတတ်၏။

အရွက်သည် အလွန် သေးမျှင်သော ဒုတ်ချောင်းကလေးများကဲ့သို့ သဲမြေပေါ်၌ ပေါက်တတ်၏၊ အမြင့် တထွာတမိုက်မျှသာ မြင့်၏၊ သဲမြေများတွင် ပေါက်လေ့ရှိ၏၊ အရောင် အဆင်းမှာ တပင်လုံး ဝါနေ၏၊ အောက်တိုဘာ, နိုဝင်ဘာလများတွင် ဇာမြက်စည်းကဲ့သို့ ဖွာလျက် နေသော အပင်၏ ထိပ်ဖျား၌ နီဝါရောင် အဆင်းရှိသော အပွင့်များ ပွင့်၏။

အထက်မြန်မာနိုင်ငံ အလုံ, မုံရွာ စသော မြို့နယ်များတွင် 'မြင့်သေမြက်'ဟု အောက်မြစ်သံဖြင့် ခေါ်ကြ၏၊ မြင့်သေမြက်ပင်များ တောထအောင် ပေါက်၍ နေသောအခါ ထိုအပင်၏ အနီးအပါး၌ အခြားသော အပင်ငယ်ကလေးများ ပေါက်ရောက်လေ့ မရှိခြင်းသည် ထူးခြားစွာ ဂုဏ်သတ္တိ ရှိသော မြက်မျိုး ဖြစ်သည် ဟု ဆိုနိုင်ဘွယ်ရာ အကြောင်း ရှိ၏၊ ဂျန္နဝါရီ, ဖေဖေါ်ဝါရီ စသော လတို့၌ ရွှေဝါရောင်ကဲ့သို့ တောက်ပြောင်လျက်ရှိသော မြင့်သေမြက်ပင်ကလေးများကို နှုတ်၍ ယူလျှင် ရသ - ဝိပါက - ဂုဏ် - ကိစ္စတို့ ပြည့်ဝ၏ဟု ရှေးက ဆေးကျမ်းဟောင်းကြီး,

များတွင် ကပ္ပူရာဒိ - သုဒဿန စသော ဆေးကြီးများဖော်စပ်ရာ၌ အားလုံးအလေး မြင့်သေမြက် ကဲ၍ ဖော်စပ်ကြရ၏၊ ထို့ကြောင့် 'နယမာလာကျမ်း ' တတိယ ကဏ္ဍ၌—

"မြင့်သေမြက်ကဲ၊ ကျော်သဲထိပ်ဆူ၊ ကပ္ပူရာဒိ၊ မည်ရှိသမုတ်၊ နိဒါန်းထုတ်အံ့၊
(လ) ပဋ္ဌာဝီသ၊ ညီမျှမှန်စေ၊ မြင့်သေမြက်ကား၊ အားလုံးနိုင်ခြင်း"

ဟူ၍ ဖော်ပြထားလေသည်။

ထို့ပြင် မြင့်သေမြက် ပါဝင်ဖော်စပ်သော ဆေးနည်းပေါင်း များစွာရှိသော်လည်း ကျမ်းလေးအံ့ထင်၍ မဖော်ပြလိုတော့ပေ၊ ဆိုင်ရာကျမ်းကြီးများတွင် ရှာ၍ ကုစားကြပါကုန်၊ ဗယဆေးဆိုင်ကြီးများတွင် မြင့်သေမြက်ပင်ကို မေး၍ ဝယ်ပါလျှင် အလွယ်တကူနှင့် ရနိုင်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ဆေးအဘိဓာန် အဖွင့်ကျမ်းကြီး အဆို— မြင့်သေမြက်သည် လူကို ဆူဖြိုးစေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ လေနှင့် ယှဉ်သော မုတ္တာကိစ်နာကို နိုင်၏။

---

## မောက္ခတော (ယုဇနပန်းပင်)

ပုံပြ ဆေးအဘိဓာန် (တ) တွဲ - ၌။

---

## မြွေနှိုင်ပင် (နဂါးစက်ပင်)

ပုံပြ ဆေးအဘိဓာန် (ဒု) တွဲ ၌။

---

အရှင်နာဂသိန် ပုံပြ ဆေးအဘိဓာန် (ဒုတိယတွဲ) မှ
ကြွင်းကျန်သော ဆေးပင်များ ပြီးပြီ။

---

အရှင်နာဂသိန်

# ပုံပြဆေးအဘိဓာန်–တတိယတွဲ

မှ

ကြွင်းကျန်သောဆေးပင်များ

အရှင်နာဂသိန်

# ပုံပြဆေးအဘိဓာန် (တတိယတွဲ) မှ

# ကြွင်းကျန်သောဆေးပင်များ

—


[ယ]

## ယင်းရဲပင်

ပုံသဏ္ဌာန်။ ။ယင်းရဲပင်သည် ၃-ပေ ၄-ပေခန့်သာ မြင့်သော ချုံဆံသော အပင်မျိုးဖြစ်၏၊ မြစ်ကမ်းပါးနှင့် မြေနုကျွန်းပေါ်, သဲသောင်အစပ်တို့၌ အလေ့ကျပေါက်တတ်သော တနှစ်ခံပင်မျိုး ဖြစ်၏၊ ၎င်းအပင်မျိုးသည် အကိုင်းအခက်အလက်တို့ဝေဆာစွာ ပေါက်လေ့မရှိဘဲ လုံးချင်းထောင်မတ်၍ ပေါက်တတ်သော အပင်မျိုး ဖြစ်၏။

ယင်းရဲပင်သည် အကြီးမျိုး, အငယ်မျိုးဟူ၍ နှစ်မျိုး ရှိ၏၊ နှစ်မျိုးလုံး ဆေးဘက်ဝင်သော အပင်ကြီး ဖြစ်ကြ၏၊ အပင်၏ပုံသဏ္ဌာန်မှာ ဖြောင့်စင်းဖြူးဖြောင့်သော ရိုးတံပင်လုံးကို အဖူး, အပွင့်, အသီး, အရွက်တို့ တွယ်ကပ်၍ ပေါက်ကြ၏၊ အရွက်တို့မှာ သံလျက်ပုံကဲ့သို့ သေးသွယ်၍ ၅-လက်မခန့် ရှည်၏၊ တိုသော ရွက်ညှာတံဖြင့် အပင်ကို ဘယ်-ညာ တလှည့်စီ ရွက်လှဲ့ပေါက်၏၊ အရွက်တို့သည် လက်နှစ်ဖက် ဘေးသို့ဖြောင့်စွာ ဆန့်တန်း၍ နေသကဲ့သို့ ထင်ရ၏၊ အရောင်အဆင်းမှာ ပြောင်လက် မာကြောသော စိမ်းဝါနုရောင် အဆင်း ရှိ၏၊ အသီး ဖူးခိုင်တို့၏ အကြားအကြားတို့၌ ပေါက်လေ့ရှိ၏၊ အရွက်တို့ ကြွေကျသောအခါ အပင်လုံး နှင့် အသီးဖူးတံတို့သာ ထောင်မတ်လျက် ကျန်နေတော့၏၊ အပင်သစ်များ ပေါ်ထွန်း၍ လာသည်တိုင်အောင် အပင်ဟောင်းတို့ကို တွေ့မြင်၍ နေရသေး၏။

အသီးဖူးတို့သည် အရွက်တို့၏ အထက်၌ ပေါက်လေ့ရှိ၏၊ အရွက်တွေ့လျှင် ၎င်းအရွက်ပေါ်၌ အဖူးခိုင်ကို အစဉ်တွေ့မြင်နိုင်သော ရွက်ကြားထွက် ဖူးခိုင် ဖြစ်၏၊ ဖူးတံမှ ချော့ကလက်ရောင်, နီညိုရောင်အဆင်းရှိသော ဇီးစေ့ခန့်ရှိ အသီးကလေးများ တွယ်ကပ် စီတန်းလျက် သီးကြ၏၊ အသီးတို့မှာ အလွန်ချဉ်သော ရသ,ရှိကြကုန်၏၊ အသီးဖူးတံတို့သည် အရွက်၏ ထက်ဝက်မျှသာ ရှိ၏၊ အချို့ အရွက်ဘက် ရှည်လျားသော ဖူးခိုင်များလည်း ပါရှိကြသေး၏၊ ယင်းရဲပင်ကို အထက် မြန်မာနိုင်ငံ အချို့သော အရပ်ဒေသ၌ ဘုရားပန်းအိုး ထိုးကြ၏။



ယင်းရဲ

ဂုဏ် နှင့် စွ
သီး အကြီးမျိုးသည်
စေခြင်းသဘော ရှိ

ယင်းရဲသီး
သလိပ်နာ, လေနာဝ

ယင်းရဲသည်
အနာတို့ကို ပယ်နိုင်

ယင်းရဲမြစ်သ
ပေါ်ပြီးနောက်မှ ၎
ပေးရာ၏။

**ဂုဏ် နှင့် စွမ်းရည်။** ။ဒဗ္ဗဂုဏပကာသနီဆေးကျမ်းတွင် မိန့်ဆိုထားသည်မှာ—ယင်းရဲသီး အကြီးမျိုးသည် ဝမ်းမီးကို တောက်စေတတ်၏၊ ဝမ်းကို ချုပ်စေခြင်း, ကိုယ်ကိုခြောက်သွေ့စေခြင်းသဘော ရှိ၏၊ လေနာ, သလိပ်နာတို့ကို နိုင်သော ဂုဏ်သတ္တိတို့နှင့် ပြည့်စုံ၏။

**ယင်းရဲသီး အငယ်မျိုးသည်။** ။အလွန် ချဉ်သော ရသ ရှိ၏၊ တက်သော အနာ, သလိပ်နာ, လေနာတို့ကို နိုင်သော သတ္တိ ရှိ၏။

**ယင်းရဲသည်။** ။လေ သလိပ်နာ, သည်းခြေနာ, ပျို့အန်သောအနာ, ရေငတ်သော အနာတို့ကို ပယ်နိုင်၏၊ ပေါက်သောအမာတို့ကို လိမ်းကျံခြင်းအားဖြင့်ချမ်းသာစေတတ်၏။

**ယင်းရဲမြစ်သည်။** ။ကျောက် ဝက် သက်, ပေါ်ချိန်တန်လျက် မပေါ်ရှိခဲ့သော်၎င်း ပေါ်ပြီးနောက်မှ ငုပ်လွယ် ပျောက်ကွယ်၍ သွားခဲ့သော်၎င်း ယင်းရဲမြစ်ကို သွေးပြီး တိုက်၍ ပေးရာ၏။

---

[ ရ ]

## ရာတန်စေ့ပင်

ပုံပြ ဆေးအဘိဓာန် ( တတိယတွဲ - စာ ရှု ) ( စတုတ္ထတွဲ - ပုံ ရှု )

---

## ရိသဘကပင်

ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာရှု ) ( စတုတ္ထတွဲ - ပုံ ရှု )

---

## ရေကျည်းပင် (ကျည်းနီ)

ပုံပြ ဆေးအဘိဓာန် ( ပ ) တွဲ- ရှု။

---

## ရေခအောင်းပင် ( ကြက်ကတွတ် )

ပုံပြ ဆေးအဘိဓာန် ( ပဉ္စမတွဲ - ရှု )

---




ရတနီဓေ

BRUCEA

ဣဿဘက

ऋषभक



No. 47

# ရေငန်ပုတ်ပင်

ဟိန္ဒီ कालातिन्दु (ကာလာတိန္ဒု)

သက္ကတ अनिलखा (အနိလခာ)

လက်တင် Diospyros Peregrina

**ပုံသဏ္ဍာန်။** ။ငင်း ရေငန်ပုတ်ပင်သည် တည်ပင်မျိုး ဖြစ်၏၊ ငင်းအပင်၏ အခြင်း အရာအားလုံး တည်ပင်နှင့် တူ၏။

**ဂုဏ် နှင့်၊ စွမ်းရည်။** ။ရေငန်ပုတ် ခေါ် တည်ပင်၏ မမှည့်သေးသော အသီးသည် ချုပ်၏၊ အနည်းငယ် စပ်ခါးသော ရသာ ရှိ၏၊ ကြေကျက်ခဲ၏၊ အနာကို ကျုံ့စေတတ်၏၊ ငင်းသည် အနာပေါက် နှင့် လေရောဂါတို့၌ ကျေးဇူးများ၏။

မှည့်သောအသီးသည် ချို၏၊ နူးညံ့ပြေပြစ်၏၊ သည်းခြေကို ဖျက်ဆီးတတ်၏၊ သွေးရောဂါတို့ကို ပျောက်ကင်းစေတတ်၏၊ ဆီးအိမ်၌ ကျောက်တည်ခြင်း နှင့် ဆီးလမ်းကြောင်း ဖောက်ပြန်ပျက်စီးခြင်း တို့၌လည်း ကျေးဇူးပြု၏။

ရေငန်ပုပ်အသီး နှင့် အပွင့်တို့ကို ကလေးတို့၏ ကုက္ကုဋ္ဌကာသ ခေါ် ကြက်ညှာချောင်းဆိုး၌ ပေးရ၏၊ ငင်း၏အခေါက်သည် ဝမ်းဗိုက်နာခြင်းကို ပျောက်ကင်းစေတတ်၏၊ ငင်း၏ အသားသည် သည်းခြေ ဖောက်ပြန်ခြင်းကို ပျောက်ကင်းစေတတ်သော သတ္တိ ရှိ၏။

ယူနာနီဆေးကျမ်းတွင် မိန့်ဆိုထားသည်မှာ။ ။ရေငန်ပုပ်အပွင့်သည် ကာမဓာတ်ကို တက်ကြွစေတတ်၏၊ ကင်္ဂဝါတကို အားပေး၏၊ သည်းခြေနှင့်ငင်း၊ သွေးနှင့်ငင်း စပ်လျဉ်းသော ဖောက်ပြန်မှုတို့၌ ကျေးဇူးသက်ရောက်၏၊ ငင်းရေငန်ပုပ်အသီးသည် ချိုသောရသာ ရှိခြင်းကြောင့် ကာမကို အားပေး၏၊ ခွန်အားကို ဖြစ်စေ၏၊ ငင်း၏အစေ့သည် ဝမ်းသက်ရောဂါကို ပျောက်ကင်းစေတတ်၏၊ ငင်း၏ ရွှေအးသော အစေးသည် လည်ပင်း မျက်နှာ စသော အရေပြား၌ ဖြစ်သော ရောဂါတို့ကို ကွာစေတတ်၏။

**စရကဆရာတို့အလိုအားဖြင့်။** ။ရေငန်ပုပ်ခေါက် နှင့် ထွားကျိုင်းသော အမြစ်တို့ကို သွေးပြီး မြွေကိုက်သောသူတို့ကို တိုက်၍ပေးရ၏၊ အရွက်၏ သတ္တုရည်ကို ညှစ်ပြီး မျက်စဉ်း ခပ်၍ ပေးရ၏၊ နှာခေါင်းအတွင်းသို့လည်း အရွက်သတ္တုရည်ကို ထည့်သွင်းပေးရ၏။

---

# ရေမယ်ဇယ် (ကဇော်ပင်)

ပုံပြ ဆေးအဘိဓာန် (ပ) တွဲ- ရှု။

---

# ရွှေးတဆစ်ပင်

**ပုံသဏ္ဍာန်။** ။ရွှေးတဆစ်ပင်သည် နွယ်မျိုး ဖြစ်၏၊ ဂုံညင်းပင်နှင့် သဏ္ဍာန်အားဖြင့် ခပ်ဆင်ဆင် တူ၏၊ ချင်းတောင်၊ ကချင်တောင် စသော စိမ့်စမ်းပေါသော အေးမြသော အရပ်ဒေသတို့၌ ပေါက်သော အပင်မျိုး ဖြစ်၏။ ၎င်း၏ အရွက်သည် အရပ်းဝိုင်းပြီး အဖျား ချွန်း၏။

ရွှေးတဆစ်ဥသည် နှစ်ဖက်ချွန် ဒုတ်နှင့် တူ၏၊ ပလောပီနံဥနှင့် သဏ္ဍာန်အားဖြင့်လည်း တူ၏၊ အချိန် ၂ ပိဿာခန့် ရှိ၏၊ ဥ၏ အရောင်အဆင်းမှာ နီညိုရောင်၊ အဝါရင့်ရောင် ဟူ၍ နှစ်မျိုး ရှိ၏၊ နှစ်မျိုးစလုံး ဆေးဖက်ဝင်၍ သုံးရာတွင် အတူတူပင် ဖြစ်၏။

## ရောဂါ အလိုက် အသုံးပြုနည်း

**ထိခိုက်ရှနသော အနာ။** ။ရွှေးတဆစ်ကို အကွင်းလိုက် လှီးပြီး နေအခြောက်လှမ်းရသည်၊ ခြောက်သောအခါ အမှုန့်ပြုလုပ်ပြီး ၎င်းအမှုန့်ဖြင့် အထိ အခိုက် အရှအန ဓားလှီး ဓားပြတ် သိပ်၍ ပေးရသည်။

**ရွှေးတဆစ်ဥကို ခေတ်မှီ သုံးစွဲနည်း။** ။၎င်းဥကို အကွင်းလိုက် ပါးပါးလှီးပြီး အရက်ချက်သကဲ့သို့ ချွေးကို ယူရသည်၊ ၎င်းချွေး အရေဖြင့် ထိခိုက်ရှနသော နေရာကို သုတ်လိမ်း၍ ပေးပါလျှင် အသားနု တက်ပြီး ပျောက်ကင်းချမ်းသာ လွယ်သည်။

**သွားနာ သွားကိုက်။** ။ရွှေးတဆစ် ချွေးရေဖြင့် မကြာခဏ ငုံပြီးထားပါလျှင် သွားနာ သွားကိုက်ကို ထူးခြားစွာ သက်သာစေနိုင်၏။

**သွားပိုးစား၊ သွားဖုံးရောင်၊ ဒန္တစိုနာ။** ။၎င်းဆေး၏ အမှုန့်ကို သိပ်၍ ပေးရ၏၊ သွားခေါင်းထဲသို့ ထည့်သွင်း၍ ထားရ၏၊ သွားဖုံးကို သိပ်၍ ပေးရ၏။

**အနာအို အနာမင်း။** ။၎င်းကို အနာပြည်မပေါက်သေးလျှင် ဓားဖြင့် ခွဲစိတ်လှီးဖြတ်ပြီးသောအခါ ရွှေးတဆစ် ဆေးရည်ဖြင့် ဆေးကြောပြီး ၎င်းဆေးရည်ဖြင့်ပင် သုတ်သိမ်း၍ ထားရသည်။

**ကျွဲနွားတို့၏ ရွာနာ ခွာနာ ကလမ္မ ခေါ်သော ရောဂါ။** ။ရွှေးတဆစ် အခိုးရေနှင့် ရေနံဆီ နှမ်းဆီ ရောစပ်ပြီး ကျွဲနွားတို့၏ ရွာနာ၊ ခွာနာ၊ ကလမ္မနာတို့ကို ထည့်၍ ပေးရ၏။

**မှတ်ချက်။** ။ရွှေးတဆစ် အခိုးခံပြီးသော ချွေးရည်သည် ယခုခေတ် သိပ္ပံနည်းဖြင့် ဖော်စပ်ထားသော တင်ချာဆေးရည်၊ ဆေးဝါကလေး ခေါ် အရည်တို့ထက် အလွန် အစွမ်းထက်လှသည်၊ ၎င်းဆေးရည်ကို ယခုခေတ် သိပ္ပံနည်းဖြင့် တီထွင်ကြံဆပြီး ခေတ်မှီနည်းတို့ဖြင့် စီမံ ပြုလုပ်ပါလျှင် နိုင်ငံခြားသုံးငွေသည် တနေ့တခြား လျော့ပါးသွားနိုင်စရာ အကြောင်းရှိသည်၊ ရွှေးတဆစ်ဥ သည်လည်း အလိုရှိသလောက် ရနိုင်သောပစ္စည်းလည်း ဖြစ်သည်၊ ကွမ်းနိုင်ပင်ကဲ့သို့ အလေ့ကျပေါက်ပင် ဖြစ်သော်သည်း လူသုံးများ၍ ရှားပါးသွားခဲ့သော် စိုက်ပင်အဖြစ် ပြောင်းလွဲသွားရန်သာ ရှိပေမည်၊ သို့အတွက် နိုင်ငံတော်

အစိုးရ ကျန်းမာရေးဌာနသည် ယခုကဲ့သို့ နိုင်ငံခြားဆေးကိုချည်းသာ အားကိုး၍ မနေဘဲ တိုင်းရင်းဆေးများကို သုတေသန ပြုလုပ်ပြီး ဖော်ထုတ်သင့်ပေပြီ၊ သူတပါးနှာခေါင်းဖြင့် အသက်ရှူခဲ့ရသော မြန်မာနိုင်ငံသည် ဂျပန်ခေတ် စစ်အတွင်းကို ပြန်လည် သတိရသင့်ပြီ ဖြစ်ပါကြောင်း ထပ်လောင်း၍ သတိပေးအပ်ပါသည်။

---

## ရှားစောင်းလက်ဝါး (ကုလားဇော)

ပုံပြ ဆေးအဘိဓာန် (ပ) တွဲ - ရှု။

---

## ရှင်မာကူ (လဲလူဖို)

ပုံပြ ဆေးအဘိဓာန် (တတိယတွဲ - ရှု။)

---

## ရှင်ကစ္စည်း (လဲလူမ)

ပုံပြ ဆေးအဘိဓာန် (တတိယတွဲ - ရှု။)

---

## ရှဉ့်မတက် (ကညွတ်)

ပုံပြ ဆေးအဘိဓာန် (ပ) တွဲ - ရှု။

---

## ရွှေပန်းနွယ် (ရွှေဝါပန်း)

ပုံပြ ဆေးအဘိဓာန် (တတိယတွဲ - ရှု)

---

## ရွှေဝါရောင် (ဆပ်သွားဖူး)

ပုံပြ ဆေးအဘိဓာန် (ပဉ္စမတွဲ - ရှု)

---

[ လ ]

## လဲလူဖို (ရှင်ဇာကူ)

ပုံပြ ဆေးအဘိဓာန် ( တတိယတွဲ- ရှု)

---

## လဲလူမ (ရှင်ကန္တည်း)

ပုံပြ ဆေးအဘိဓာန် ( တတိယတွဲ- ရှု)

---

## လမ်းတမာ (သင်္ဘောတည်)

ပုံပြ ဆေးအဘိဓာန် ( တတိယတွဲ - ရှု )

---

## လင်းတပါးပျဉ်း (တောမုံလာ)

ပုံပြ ဆေးအဘိဓာန် ( ဒုတိယတွဲ - စာ ရှု ) ( စတုတ္ထတွဲ - ပုံ ရှု )


---

## လျှော်နီပင်

လက်တင် Sterculia Villosa

**ပုံသဏ္ဌာန်။** ။လျှော်နီပင်၏ အပွေးမှာ ပြာကဲ့သို့ အရောင် ရှိ၏၊ အခေါက်မှ ကြိုး ကျစ်ရန် လျှော်ရနိုင်၏၊ အညွန့်များ၌ အမာရွတ်ကဲ့သို့သော အကွက်များ ရှိ၍ ကတ္တီပါမွေးဖြင့် ဖုံးနေ၏၊ အရွက်သည် ကြီး၍ ခပ်ဝိုက်ဝိုက် ရှိလျက် အနားတလျှောက်၌ ခွဲသွားစိတ်များ ပါရှိ၏၊ ပန်းပွင့်သောအခါ မြေကြီးဘက်သို့ ငိုက်၍ ပွင့်တတ်၏၊ လျှော်နီသီးသည် ရှည်၍ အညာမဲ့၏၊ သစ်သားကဲ့သို့ မာ၍ ကတ္တီပါမွေးများဖြင့် ဖုံးလွှမ်းနေ၏၊ အသီးရောင်မှာ ကြက်သွေးရောင် အနီရင့်ဖြစ်၏၊ ၎င်းလျှော်နီခေါက်ကို ခွာ၍ ကြိုးအဖြစ် အသုံးပြုကြ၏။ ။(ပုံပြ ဆေးအဘိဓာန် ကတိယတွဲ· လျှော်ပင် ရှု )

**ဂုဏ် နှင့် စွမ်းရည်။** ။၎င်းအပင်သည် ဝမ်းကို ချုပ်စေ၏၊ အင်အားကို ဖြစ်စေ၏၊ ၎င်းအမြစ်ကို ပြုတ်ဆေး ပြုလုပ်၍ သကြား, ပျားရည်တို့ဖြင့် သုံးစွဲပါမူ အားတိုးဆေး တမျိုး ဖြစ်၏။




လင်းတပါးပျဉ်း

BLUMEA LACERA

कुकुन्दर

## ရောဂါ အလိုက် အသုံးပြုနည်း

**သုငယ်နာ ဆီးချုပ်ရောဂါ။** ။လျှော်နီရွက်အနုကို ကြိတ်ပြီး ဆီးခုံပေါ်၌ အုံ၍ ပေးရ၏၊ အမြစ်အခေါက်ကိုလည်း သွေး၍ လိမ်းနိုင်၏။

**အနာ ငန်းမန်းကြောင့် နီရဲ၍ နေလျှင်။** ။လျှော်နီမြစ်ကို သွေးပြီး မကြာခဏ သုတ်လိမ်း၍ ပေးရ၏။

**အနာဘက်ပြဲဖြစ်ပြီး ပျောက်နိုင်ခဲလျှင်။** ။လျှော်နီခေါက်, ကျောက်ချဉ်, ရှားစေး–ဆေး ၄ မျိုးကို အရည်ကျိုပြီး အနာကို ဖန်ရေအဖြစ် စင်ကြယ်အောင် ဆေးကြောပြီး ရွှေးတာဆစ်မှုန့်ကို သိပ်၍ ပေးရာ၏။

---


# လျှော်ဖြူခေါ် (ဆေးကလမပင်)

**လက်တင်** Sterculia versicolar

**ပုံသဏ္ဌာန်။** ။လျှော်ဖြူ အညှန့်သည် ပြောင်ချော၍ ထူ၏၊ အရွက်များမှာ လက်ချောင်း ပမာ ဖြာထွက်၍ ရွက်ငယ် ၅-ရွက်မှ ၉-ရွက် အထိ ရှိ၏၊ အဆိုပါ ရွက်ငယ်တို့၌ အညှာမရှိ၊ ရှိပြန်သော်လည်း တို၏၊ ပန်းပွင့်သည် အနီရောင်, အဝါရောင်, ခိုရောင် စသည် ပွင့်၏၊ အတွင်း၌ ကတ္တီပါမွေး ပေါက်ပြီး အနံ့ ဆိုး၏၊ အသီးသည် သစ်သားကဲ့သို့ မာလျက် ပြောင်ချော၍ ကြက်သွေးရောင် အရင့် ဖြစ်၏၊ အစေ့သည် မဲ၏၊ နွေရာသီ၌ ဤအပင်မျိုး ထင်ရှားစွာ မြင်နိုင်၏။

**မှတ်ချက်။** ။လျှော်ဖြူပင် ( ကတီရာ ) ဆေးကလမပင်သည် 'ပုံပြ ဆေးအဘိဓာန်' တတိယတွဲ၌ ပါဝင်ပြီး ဖြစ်၏၊ သို့သော် ဆေးကလမ ထွက်သော အပင် ဟု ထင်ရှားစွာ မပေါ်လွင်ခြင်း, လိုအပ်သော အရာတို့ကို ထပ်လောင်း ဖြည့်စွက် ဖော်ပြလိုခြင်းတို့ကြောင့် အပင် ပုံစံနှင့် တကွ ထည့်သွင်း ဖော်ပြလိုက်ပါကြောင်း၊ အကျယ် ကြည့်လိုက 'ပုံပြ ဆေးအဘိဓာန်' တတိယတွဲ လျှော်ပင် ရှု။

ယခုအခါ ကတီရာ ခေါ် ဆေးကလမသည် နိုင်ငံခြား တိုင်းပြည်များမှ တင်သွင်းခြင်း မရှိကြသဖြင့် လျှော်ဖြူပင်မှ ကတီရာ ခေါ် ဆေးကလမ ထွက်ကြောင်း သိရှိကာ မင်းကွန်း တောင်ရိုး စသော တောင်ရိုး မြေပြင်တလျှောက်၌ အလေ့ကျ ပေါက်သော လျှော်ဖြူပင်မှ ထုတ်ယူကြသည်၊ လျှော်ဖြူပင်များမှ ရော်ဘာစေး ထုတ်ယူသကဲ့သို့ ကတီရာ ခေါ် ဆေးကလမ များ ထုတ်ယူ ရောင်းချကြသည်မှာ တပိဿာလျှင် ၃၀-ကျပ် ဈေးဖြင့် ပင် ရောင်းချလျက် ရှိကြသည်၊ ( ဆေးကလမလည်း အစစ်အမှန် ဖြစ်ကြောင်း သိရှိရသည်။ )



လျှော်ဖြူ (ဆေးကာလမ)

STECULIA FOETIDA.



ရှေးအခါက မြန်မာနိုင်ငံ ဗယဆေး ကုမ္ပဏီကြီးများသည် မြန်မာပြည်၌ သုံးစွဲ၍ မကုန်နိုင်အောင် ပေါများသော လျှော်ဖြူပင်များမှ ကတီရာ ခေါ် ဆေးကလမ ထွက်သည် ဟူ၍ မသိနိုင်အောင် ဖုံးကွယ်၍ ထားခဲ့ကြသည်၊ နိုင်ငံခြားမှ တင်သွင်းသော သွင်းကုန် အဖြစ်နှင့် ဈေးမြှင့်၍ ရောင်းခဲ့ကြသည်၊ ယခုအခါ မြန်မာလူမျိုးများသည် မျက်စိ,နား ပွင့်လာကြပြီ ဖြစ်သဖြင့် မြန်မာနိုင်ငံ၌ သုံးစွဲ၍ မကုန်နိုင်အောင် ပေါများလှသော ဆေးကလမ စသော ဗယဆေးပစ္စည်းများကို ကိုယ့်အားကိုယ်ကိုးသော စနစ်ဖြင့် ဖော်ထုတ်နိုင်ကြလေပြီ။

၎င်း လျှော်ဖြူ ခေါ် ဆေးကလမ ထွက်သော အပင်ကို ခုတ်လှဲ ဖျက်ဆီးခြင်းမှ ကာကွယ်ပြီးလျှင် နိုင်ငံတော်အစိုးရ စိုက်ပျိုးခင်း အဖြစ် တိုးချဲ့ပြုလုပ်၍သွားမည် ဆိုပါက ပိုလျှံသော ပစ္စည်းများကို နိုင်ငံခြားသို့ ပင် တင်သွင်း ရောင်းချနိုင်ပေလိမ့်မည်။

၎င်း လျှော်ဖြူပင်ကို ထပ်ဆင့် ဖော်ထုတ် ရေးသားလိုက်ရခြင်းအားဖြင့် လျှော်ဖြူပင်ကဲ့သို့ အခြားသော ဗယဆေးပင်များကိုလည်း တွင်ကျယ်အောင် စိုက်ပျိုးမည် ဆိုပါက မြန်မာနိုင်ငံ၌ ပင် လိုအပ်သော ဗယဆေးပင်များ ပြည့်စုံ လုံလောက်သည့်ပြင် နိုင်ငံခြားသို့ ပင် တင်သွင်း ရောင်းချနိုင်ပေလိမ့်မည်၊ သို့မှသာ တိုင်းရင်းဆေးပညာရှင်များ သူတပါး နှာခေါင်းဖြင့် အသက်ရှူခြင်းမှ ကင်းလွတ်ကြမည် ဖြစ်ပါသည်။

**ဂုဏ် နှင့် စွမ်းရည်။** ။ လျှော်ဖြူပင်၏ အခေါက်သည် ချွေးထွက်ခြင်း, ဆီး- ဝမ်း ရှင်ခြင်းတို့ကို ဖြစ်စေ၏၊ ၎င်းပြင် အစာ မကြေခြင်း, လေပြည့်, ဝမ်းဗိုက် ရောဂါတို့၌ အကျိုး ပြု၏။ ။လျှော်ဖြူစေ့ ဆီသည် သာမန် ဝမ်းနုတ်ဆေးကဲ့သို့ အကျိုး ပြု၏၊ ဝမ်းဗိုက် ရောင်တင်းခြင်းကို ပျောက်ကင်းစေ၏။ ။အစေ့သည် စားလျှင် အန်စေ, မူးရစ်စေတတ်၏။

## ရောဂါ အလိုက် အသုံးပြုနည်း

**ချောင်းဆိုး ရောဂါ။** ။လျှော်ဖြူ အခေါက်က ရသော သတ္တုရည်ကို ပိတ်ချင်းသီး မှုန့်, ပျားရည်တို့နှင့် ရောစပ်ပြီး လျက်၍ ပေးရ၏။

**အရိုးကျိုး ဆက်ရန် နှင့် အနာအုံရန်။** ။လျှော်ဖြူ သို့မဟုတ် လျှော်နီ၏ အမြစ် ခေါက်ကို ကြိတ်ပြီး အုံ၍ ပေးရ၏။

**လိင်ဥ ပူလောင်သော ရောဂါ။** ။အမြစ်ကို သွေးပြီး လိမ်း၍ ပေးရ၏၊ အခေါက်ကို လည်း သွေး၍ လိမ်းပေးနိုင်၏။

**အနာ မန်းအားကြီး၍ ရောင်သော ရောဂါ။** ။အရွက်ညွန့်ကို ကြိတ်ပြီး အနာပေါ် သို့ အုံ၍ ပေးရ၏။

**အဆုတ်ရောင်, သရက်ရွက် ရောင်သော ရောဂါ။** ။ဆေးကလမ ခေါ် (ကတီရာ) အစေးကို ရေစိမ်၍ သောက်ရ၏။

**ဆီးပူသော ရောဂါ။** ။လျှော်ဖြူပင်က ထွက်သော ဆေးကလမကို သကြားနှင့် **စိမ်၍ သောက်ရ၏။**

**No. 48**

**ဆီးခိုးမှုတ်၍ မျက်စိ ပူလောင်သော ရောဂါ။** ။ငင်း ဆေးကလမ ခေါ် (ကတီရာ) ၈-ပဲသား, ယမ်းစိမ်း ၈-ပဲသား, သကြား ၅-ကျပ်သားနှင့် ရေစိမ်ပြီး ဆေးကလမ ပွ၍ လာသော အခါ သောက်၍ပေးရ၏။

**ကိုယ်တွင်း ပူလောင်၍ ရေ မကြာခဏ သောက်သော ရောဂါ။** ။ ငင်း ရောဂါကို ဆေးကလမ ခေါ် (ကတီရာ) ၁-ကျပ်သား, သကြား ၅-ကျပ်သားနှင့် ရောစပ်ပြီး အပူမငြိမ်း မခြင်း ရေအစား သောက်၍ ပေးရ၏။

**သူငယ်နာ ဆီးပူ, ဆီးချုပ် ရောဂါ။** ဆေးကလမ ခေါ် (ကတီရာ) ကို ရေစိမ်၍ လည်း တိုက်၊ ဆီးအိမ်ပေါ်၌ ရေညှိနှင့် ရော၍ ကြိတ်ပြီး အုံ၍ပေးရ၏။

---

## လျှော်ပင် (နိုက်ဆံပင်)

ပုံပြ ဆေးအဘိဓာန် (ဒ) တွဲ-ရှု။

---

[ ဝ ]

## ဝါဆိုနွယ် (သွေးတက်ပင်)

ပုံပြ ဆေးအဘိဓာန် (တ) တွဲ-ရှု။

---

## ဝက်မြီးကပ် (ဂျစ်ပင်)

ပုံပြ ဆေးအဘိဓာန် (ပ) တွဲ-ရှု။

---

## ဝက်မြီးကပ်-တနည်း (ကပ်စေးနှဲ)

ပုံပြ ဆေးအဘိဓာန် (ပ) တွဲ-ရှု။

---

## ဝ်အု (ဓမနွယ်)

ပုံပြ ဆေးအဘိဓာန် ( ဒု ) တွဲ - ရှု။

---

[ သ ]

# သိကြားလက်ဆက်

**ပုံသဏ္ဍာန်။** ။သိကြားလက်ဆက်ပင်သည် ချုံဆံသော နွယ်ယောင်, ပင်ယောင် ဖြစ်၏၊ အမြင့်ပေ ၄-ပေမှ ၅-ပေမျှသာ မြင့်၏၊ ဆူးကင်း, အမွေး ကင်းသော ပင်ငယ်မျိုး ဖြစ်၏၊ အပင် အရိုး အရွက်အားလုံး အစိမ်းရောင် ဖြစ်၏၊ အရွက်၏ ပုံသဏ္ဍာန်မှာ ဝမ်းဘဲဥပုံ ဖြစ်ပြီး အဖျား ချွန်၏၊ ရွက်ညှာ ရှည်သွယ်ပြီး အကိုင်းကို လှေကားထစ်သဖွယ် တလှည့်စီ ဘယ်, ညာ ပတ်လည် လှည့်၍ ခပ်ကျဲကျဲ ပေါက်၏၊ အရွက်သည် ၃-ရွက်ဆိုင်မှ ၅-ရွက်ဆိုင် အထိ ပေါက်တတ်၏၊ ၂-ရွက် ၂-ရွက် ရွက်ဆိုင် ပေါက်ပြီး ထိပ်ဆုံး ၁-ရွက်သည် ရွက်ဆိုင်ရွက်တို့ထက် ကြီး၏၊ အရွက်ပေါက်ပုံမှာ လက်ဝါးကို ထောင်ထားသကဲ့သို့ ရှိ၏၊ အချို့သော အရပ်ဒေသများသည် ၎င်းအပင်ကို တောက်တဲ့ လက်ဝါး ဟူ၍ ခေါ်ဆိုကြသေးသည်၊ သို့သော် တောက်တဲ့ လက်ဝါး အစစ်အမှန်မှာ 'ပုံပြ ဆေးအဘိဓာန်' ဒုတိယတွဲ (တ) အက္ခရာ အခန်းတွင် ပုံနှင့်တကွ ပါဝင်ထားပြီး ဖြစ်သဖြင့် ၎င်း 'ပုံပြဆေးအဘိဓာန်' (ဒု) တွဲတွင် ရှုစားကြစေလိုသည်။

သကြားလက်ဆက်ပင် ပေါက်တတ်သော အရပ်ဒေသမှာ အောက်မြန်မာနိုင်ငံ မြိတ်၊ ထားဝယ် စသော နေ့ပက အရပ်ဒေသများတွင် အများအားဖြင့် ပေါက်တတ်သော အပင်မျိုး ဖြစ်၏။

**ဂုဏ် နှင့် စွမ်းရည်။** ။သိကြားလက်ဆက်ပင်ကို အရိုး ကျိုးသောအခါ အရိုး ဆက်စေရန် အတွက် အသုံးပြုကြ၏။

---


# သပွတ်ပင်ကြီး

ပုံပြ ဆေးအဘိဓာန် ( တတိယတွဲ- စာ ရှု ) ( စတုတ္ထတွဲ - ပုံ ရှု )

---

# သမြုံသပြေ (သမုသပြေ ခေါ် ဘူးမြ)

ပုံပြ ဆေးအဘိဓာန် ( တတိယတွဲ - စာ ရှု ) ( စတုတ္ထတွဲ - ပုံ ရှု )




သီကြားလက်ဆက်



သပွတ်ကြီး

POLYALTHIA SIMIARAM.

डिगिवेरिया



သပြူသပြေ
EUGENIA JAMBOS
महाफल

## သဘောက် (သစ်နနွင်း)

လက်တင် Dalbergia paniculata

**ပုံသဏ္ဌာန်။** ။သဘောက်ခေါ် သစ်နနွင်းပင်၏ အခေါက်သည် နီကြန်ကြန်နှင့် ညို၏၊ အခွံမှ အထပ်ပြားကလေးများ ထွက်၏၊ ပင်တံသည် ချောမွေ့ခြင်း မရှိဘဲ ချိုင့်ခွက်ကလေးများ ရှိ၏၊ အရွက်ကလေးများသည် ဝိုင်းလျက် ရံဖန်ရံခါ အရွက်ကလေးများ၏ အဖျားသည် ချိုင့်ခွက်လျက် ရှိ၏၊ ရွက်ကြောမကြီး တလျှောက်တွင် ကတ္တီပါမွေးနုကလေးများ ပေါက်၏။

ဖြူ၍ ငယ်သော ပန်းပွင့်များသည် အရွက်ငယ်များနှင့် ရောနှောကာ ပြောင်လက်လျက် ရှည်သော အမွေးများပေါက်သည့် အခိုင်တွင် အပွင့်များဝေဆာစွာ ပွင့်ကြ၏၊ အသီးတောင့်သည် ပြား၍ ၂ လက်မမှ ၃ လက်မအထိ ရှည်လျက် နှစ်ဘက်ချွန်လျက် ရှိ၏၊ ၎င်းအသီးတောင့်အတွင်း၌ အစေ့ ၁ စေ့မှ ၃ စေ့ အထိ ရှိ၏။

**မှတ်ချက်။** ။သဘောက်ဟု ခေါ်ခြင်းသည် အရပ်ခေါ် ဖြစ်၏၊ သစ်နနွင်းအမျိုးအစားတွင် ပါဝင်၍ သစ်နနွင်း ဟူ၍လည်း ခေါ်ကြ၏၊ သစ်နနွင်းဟု ခေါ်ခြင်းမှာ နနွင်းရိုးရိုးကဲ့သို့ မြစ်ဥ မဟုတ်ချေ၊ သစ်သားသည် ပင်လျှင် နနွင်းရောင်ကဲ့သို့ ဖြစ်နေသဖြင့် သစ်နနွင်းဟု ခေါ်ကြခြင်း ဖြစ်သည်။

**ဂုဏ် နှင့် စွမ်းရည်။** ။သဘောက်ခေါ် သစ်နနွင်းပင်သည် အနာပေါက်, ဆီးရောဂါ, ယားနာ, ရေယုံနာ, အရေပြားရောဂါ, အဆိပ်နာရောဂါ, မျက်စိရောဂါ, ပါးစပ်ရောဂါ, သားအိမ်၌ ဖြစ်သောရောဂါ, အဖျားရောဂါတို့ကို နိုင်၏။

၎င်း၏အသီးသည် ခြောက်တပ်စေ၏၊ နှလုံး နှင့် အသည်းတို့ကို အားပေး၏၊ မြင်းသရိုက်ရောဂါ, မီးရပ်အဖြူဆင်းသော ရောဂါတို့၌ သစ်ကြပိုး, ပျားရည်တို့နှင့်ရောစပ်၍ တိုက်ရာ၏၊ ဥတုသွေးသွန်သော အနာကို နည်းပါးစေ၏၊ ရေဖျဉ်းရောဂါ, သလိပ်ပွားသောရောဂါ, အဖျားနှင့် ဝမ်းသက်သော ရောဂါတို့ကို ပျောက်ကင်းစေ၏။

---

## သမကမွှေစုပ် (သမကနွယ်)


ပုံပြ ဆေးအဘိဓာန် (တ) တွဲ - ရှု။

---

## သမင်စာဖြူပင် (သမင်စနို)

ပုံပြ ဆေးအဘိဓာန် (တတိယတွဲ - စာ - ရှု) (စတုတ္ထတွဲ - ပုံ - ရှု)

---



သမင်တာဖြူ

GARDENIA SESSILIFLORA.

## သလဲပင် (တလည်းပင်)

ပုံပြ ဆေးအဘိဓာန် ( တတိယတွဲ - စာရှု ) ( စတုတ္ထတွဲ - ပုံရှု )

---

## သာလပဥ္စ (ကျေးမြီးမှို)

ပုံပြ ဆေးအဘိဓာန် (ပ)တွဲ - ရှု။

---

## သိလာစန္ဒန် (သိတာစန္ဒန)

ပုံသဏ္ဌာန်။ ။သိလာစန္ဒနအပင်သည် ၃- ၄-ပေမျှသာ မြင့်သော အပင်မျိုး ဖြစ်၏၊ အပင်၏ အပွေးသည် ညိုမှိုင်းသော အပြာရောင် အဆင်း ရှိ၏၊ ဆင်စွယ်ခရမ်းပင်နှင့် ခပ်ဆင်ဆင်တူ၏၊ အကိုင်း အခက် အလက်တို့ အကွေ့အကောက် များ၏၊ အရွက်ထွက်ပုံမှာလည်း ပုံစံအမျိုးမျိုး ဖြစ်၏၊ တချို့ ရွက်ရင်း ရှည်သွယ်ပြီး ရွက်ဖျားဝိုက်လျက် အနည်းငယ်ချွန်၏၊ အချို့ တရွက်တည်းပင် ၃-ခွ ၂-ခွ စသည်ဖြင့် ထွက်၏၊ တချို့ ၃-ပု ဆောင်သော အရင်းရှူး အဖျားပြန့်ကားလျက် ရှိ၏၊ အရွက်တို့သည် ပုံစံအမျိုးမျိုး ဖြစ်ကြသော်လည်း အရွက်တို့၏ အနားသားမှာ လွှသွားကဲ့သို့သော အချွန် ခွေးသွားစိပ်ကလေးများ ပါရှိခြင်းကား အတူတူလိုပင် ဖြစ်၏၊ ရွက်ညှာတို့၏ အတိုအရှည်မှာလည်း တူမျှခြင်း မရှိကြ၊ မရှည် မဝိုင်း ပုတီးစေ့ ခန့်ရှိသော အသီးတို့မှာလည်း အရွက်တို့၏ အကြားအကြား အကိုင်းကို မှီတွယ်၍ သီးကြ၏၊ အသီးတို့သည် နုသောအခါ အစိမ်းရောင် ရှိကြသော်လည်း မှည့်သောအခါ အဝါရောင်သို့ ပြောင်းလဲသွား ကြ၏။


သိလာစန္ဒနကို ဗယ်ဆေးဆိုင်များတွင် မေး၍ ဝယ်လျှင် အလွယ်တကူ ရနိုင်သောပစ္စည်း ဖြစ်၏၊ ၎င်းဆေးပင်ကို အများအားဖြင့် နှာဆေး မှိုင်းဆေးဖော်စပ်ရာတွင် အသုံးအစွဲပြု ကြ၏၊ မူးဝေသော ရောဂါတွင်၎င်း, သူယ်နာ တက်တတ်သော ရောဂါတွင်၎င်း, မြေဆိပ်မှန်၍ တက်သော ရောဂါ၌၎င်း, မီးရပ်သွေးတက်သော ရောဂါ၌၎င်း, မျက်စိမှုံမှဲ့ မျက်ရည်ပူ ထွက်သော ရောဂါ, မျက်ခမ်းစပ်ရောဂါ, သိလာစန္ဒနဖြင့် ဘက်စွက်ပါဝင် ဖော်စပ်သော နှာဆေးမှိုင်းဆေးတို့ဖြင့် နှာနှပ်ခြင်း, မှိုင်းခံခြင်း စသည်တို့ကို ပြုလုပ်၍ပေးရာ၏။


ထို့ကြောင့် နယမာလာကျမ်း၌—

"လေးညွှင်းတပွင့်၊ အလေးဖြင့်ကား၊ စက်သင့်ဇာတိပ္ဖိုလ်၊ ထိုနှစ်ဆေး၏၊ အလေးက္ကကရာ၊ သုံးဖြာဆေး၏၊ အလေးချိန်မှီ၊ သိလာစန္ဒန"

ဟူ၍ ထင်ရှား ကျော်ကြားသော နှာဆေးကြီးများ ဖော်ပြင်ရာတွင် သိလာစန္ဒန ဆေးပင်ကို ရှောင်ကွင်း ဖော်စပ်ခြင်းငှာ မဖြစ်နိုင်ချေ။

No. 49


သလဲ
PUNICA GRANATUM.
दाड़िम



သီလာစန္ဒရိ




ဂုဏ
ကြီး, ငရုံ
သကဲ့သို့ ေ

ပုံး
ပင်နှင့် ခ
နွယ်ယော
လျှက်ပုံ

ငှ
တန်ခိုင်ငံ,
၄-၅-မျိုး

ဂု
သုဓာမြစ်
၏၊ ခ
ယန ဆေ
အာဟာ

ဖြစ်၏၊
ထမင်းမ
ဖြစ်သော

မှတ်

**ဂုဏ် နှင့် စွမ်းရည်။** ။ထိပ်ခပ်နာဆေး—သိလာစန္ဒန, သပျက်ဥ, ပဒိုင်းရွက်, ဆေးခါးကြီး, ရေ့ပဒုမြစ်, ဆေးရွက်ကြီး, ဆေးခြောက်မျိုးကို အမှုန့်ပြုပြီး ဖက်နှင့်လိပ် ဆေးလိပ်သောက်သကဲ့သို့ သောက်၍လည်း ပေးရာ၏၊ အခိုးမှိုင်းကို ထိပ်ပေါက်အောင်ရှူ၍လည်း ပေးရာ၏။

---

## သုခေါမြစ်ဥ (ဆာလ-မ်-မစ္စရီ)

သက္ကတ सुधामूली (ဆုဓာမူလီ)

ဟိန္ဒီ सालम मिश्री (ဆာလ-မ်-မိစ္စရီ)

လက်တင် Orchis Latifolia

**ပုံသဏ္ဌာန်။** ။ဆာလ-မ်-မစ္စရိခေါ် သုခေါမြစ်ဥပင်သည် အပင်ငယ်မျိုးဖြစ်၍ ကိုယ်ရံကြီးပင်နှင့် ခပ်ဆင်ဆင်တူ၏၊ သို့ရာတွင် ကိုယ်ရံကြီးပင်ကဲ့သို့ တုတ်ခိုင်ကြီးထွားခြင်း မရှိပဲ သေးသွယ်၍ နွယ်ယောင် ပင်ယောင် ဖြစ်၏၊ အရွက်သည် ပင်စည်ကို အုံ၍ထွက်သော အမျိုးအစား ဖြစ်ပြီးသန်လျက်ပုံ ဖြစ်၏။

ဣန္ဒိယနိုင်ငံ ဟိမဝန္တာတောင်, ကသ္မီရနယ်, နေပါလ်နိုင်ငံ, တိဗက်နိုင်ငံ, အာဖဂါန်နီစတန်နိုင်ငံ, မြန်မာနိုင်ငံ အေးမြသော ဒေသတို့၌ ပေါက်ရောက်သည်ကို တွေ့ရ၏၊ ၎င်းအပင်သည် ၄-၅-မျိုးရှိ၏ဟု "ဝနောက်ယုဓိကျန္ဒြိုဒယ" ဆေးအဘိဓာန်ကျမ်းကြီးတွင် ဖော်ပြထား၏။

**ဂုဏ် နှင့် စွမ်းရည်။** ။အာယုဗ္ဗေဒ ဆေးကျမ်းများအလိုအားဖြင့် ဆာလမ်မစ္စရိ ခေါ် သုခေါမြစ်ဥသည် ဝမ်းမီးကို တောက်စေ၏၊ သုက်ကိုဖြစ်စေ၏၊ အားကိုဖြစ်စေ၏၊ သွေးကို သန့်စေ၏၊ ဓာတ်အား ကုန်ခန်းသော ရောဂါ၌ အပျိုးပြု၏၊ ကာမအားကို လွန်စွာပေးတတ်၏၊ ရသာယန ဆေးလည်း ဖြစ်၏၊ ယောကျ်ားတို့ စွမ်းအားကို လွန်စွာတိုးပွားစေ၏၊ အရွယ်တင်စေ၏၊ အာဟာရဓာတ်ကို ဖြစ်စေ၏။

ဆာလ-မ်-မစ္စရိ (သုခေါမြစ်ဥ) သည် အလွန်အာဟာရဓာတ်ကို ဖြစ်စေသော ပစ္စည်းတခု ဖြစ်၏၊ ၎င်းမြစ်ဥမှုန့်တတိုလာ (၁၂-ပဲသား) ခန့်သည်ပင် လူတယောက်အား ၂၄-နာရီကြာမျှ ထမင်းမဆာစေနိုင်သော အစွမ်းသတ္တိ ရှိ၏၊ ဤအပင်ကို အချို့သောသူတို့က အဋ္ဌဝဂ္ဂအပါအဝင် ဖြစ်သော ဇီဝက ပင်ဟု ယူဆကြ ကုန်၏။

**မှတ်ချက်။** ။ဈေးတွင် ဆေးကုန်သည်အချို့တို့က အတုပြုလုပ်၍ ရောင်းချတတ် ကုန်၏၊ အတုပြုလုပ်ထားပုံမှာ အာလူးဥမှုန့်ကို ကော်ဖြင့်နယ်ပြီး သစ်ဥကဲ့သို့ ပြုလုပ်ထားသည်၊ အစစ်အမှန်ဖြစ်သော (ဆာလ-မ်မစ္စရိ) သုခေါမြစ်ဥမှာ အလွန်မာ၏၊ အလွန်ခက်ခဲစွာ ထုထောင်း ယူရသည်။

---



၁" စကေး

သက်ရင်းကတိုး

CROTON TOUFRA.

## သက်ရင်းကတိုး ( ညောင်ခံပင် )

ပုံပြ ဆေးအဘိဓာန် ( တတိယတွဲ - ၁၁ ရှု ) (စတုတ္ထတွဲ - ပုံ ရှု။ )

---

## သင်းခွေပန်း (ကန်ဇမ်ပန်း)

ပုံပြ ဆေးအဘိဓာန် ( ပ ) တွဲ - ရှု။

---

## သဘော်ဆေးခါးကြီး (ရှမ်းဆေးခါး)

ပုံပြ ဆေးအဘိဓာန် ပဥ္စမတွဲ ( ဆေးခါးကြီး—သဘော် ) ရှု။

---

## သစ်တက်လင်းနေ (သစ်ခွပန်း)

ပုံပြ ဆေးအဘိဓာန် ( တတိယတွဲ - ရှု )

---

## သစ်ပုလွေပင်

ပုံပြ ဆေးအဘိဓာန် ( တတိယတွဲ - ၈၁ ရှု ) ( စတုတ္ထတွဲ - ပုံ ရှု )

---

## သစ်ပုပ်ပင် (သစ်ညို)

လက်တင် Dalbergia kurzii


ပုံသဏ္ဌာန်။ ။သစ်ပုပ် ခေါ် သစ်ညိုပင်သည် အထက်မြန်မာနိုင်ငံ မန္တလေး မင်းကွန်း စစ်ကိုင်း စသော အရပ်ဒေသတို့၌ အများအားဖြင့် ပေါက်တတ်သော အပင် ဖြစ်၏၊ အမြင့်ပေ ၃၀ - မှ ၄၀ - အထိ မြင့်သော ပင်လတ်မျိုး ဖြစ်၏၊ သစ်ပုပ်ပင်၏ အပေ့အခေါက်သည် ဖြူပြာသော အဆင်း ရှိ၏၊ ကြမ်းတမ်း၏၊ အမြစ်ပါးပျဉ်းကြီးများ ထွက်ပေါ်၍ လုံးဝန်းခြင်း မရှိဘဲ အမြောင်းအမြောင်း ထလျက် ရှိ၏။

သစ်ပုလွေ

BALANITES AGYPTIACA

इंगुदी





သစ်ပုပ်

DALBERGIA KURZII.

No. 50

သစ်ပုပ်သားသည် ညိုညစ်သော ပြာရောင်အဆင်းဖြင့် ပုပ်အဲ့အဲ့ အနံ့ ရှိ၏၊ သစ်ပုပ်သားကို မီးထင်းဆိုက်လျှင် မစင်စော်နံသည်ဟု ဆိုသဖြင့် ထင်းအဖြစ်သော်၎င်း၊ အိမ်သုံးပစ္စည်းတခုခု သော်၎င်း ပြုလုပ်ခြင်းမရှိကြသောကြောင့် အထက်မြန်မာနိုင်ငံ နေရာတိုင်းတွင် နှစ်ပေါင်းများစွာ အသက်ရှည်လျက်ရှိသော အပင်ကြီးများ ယခုတိုင် ထင်ရှားစွာ ရှိနေကြ၏၊ တောင်ယာလုပ်၍ စားသောသူများ အရိပ်ခိုရန်အတွက် သက်သက်မျှ သာ ရှိနေ၏။

သစ်ပုပ်ခေါ် ( သစ်ညိုပင်သည် ) အလွန် အသက်ရှည်သောအပင်မျိုး ဖြစ်၏၊ ငယ်ရွယ်စဉ်အချိန်က သိမြင်ခဲ့ဘူးသောအပင်သည် အနှစ် ၅၀ - ၆၀ - ကျော်မှ ပြန်လည်တွေ့ရသောအခါ ငယ်စဉ်က မြင်ဘူးသကဲ့သို့ပင် ထင်ရ၏၊ အပင်ပုံစံ ပြောင်းလဲခြင်း မရှိ။

အရွက်သည် အဏ္ဍာကာရ (Ovate) ခေါ် ဝမ်းဘဲဥပုံသဏ္ဌာန် သွယ်ချွန်သော အရွက် ဖြစ်၏၊ အရွက်၏ မျက်နှာပြင်နှင့် ကျောဘက် ၂ - ခုလုံး အမွေးနုကလေးများ ပေါက်လျက် ရှိသော အစိမ်းနုရောင် ရှိ၏၊ ရွက်ညှာတိုလျက် အကိုင်းကို ခပ်စိပ်စိပ် လှည့်ပတ်၍ ပေါက်သဖြင့် အရိပ်ကောင်းသော အပင် ဖြစ်၏။

တပေါင်းလ၌ အရွက် လုံးဝ ကြွေကျပြီးနောက် ရွက်နုနှင့် တပါတည်း ရွက်ကြားထွက် အဖြူရောင်ပန်းများ ပွင့်၏၊ ပန်းပွင့်ဘတ်များ ကြွေကျသွားသောအခါ စိမ်းညိုသော သီးကင်းနု ကလေးများ ထွက်ပေါ်၍ လာပြီး ၁ ½ မိုင်းရှိ သီးညှာနှင့် တကွ တောခံအီးထက် အနည်းငယ် ကြီးသော လုံးနက်ဝန်းဝိုင်းသော အသီးကလေးများ သီးကြကုန်၏၊ အသီးသည် အစေ့တခုသာ ပါသော ခွန်ပျော့သီး ဖြစ်၏။

## သစ်ပုပ် သို့မဟုတ် ဘိုင်

သစ်ပုပ် သို့မဟုတ် ဘိုင်ဟု ခေါ်သော သစ်ပုပ် တမျိုး ရှိသေး၏၊ ၎င်းကို Tetrameles Nudiflora ခေါ်၏၊ စိုစွတ်သော တောများတွင် ခတ္တလေ့ရှိသော ပင်ကြီးမျိုး ဖြစ်၏၊ အများအားဖြင့် ပါးပျဉ်း အပြားကြီးများ ပေါက်၏၊ အပွေးသည် ဖြူ၍ ချောမွေ့၏။

အရွက်သည် နှလုံးပုံ ဖြစ်၍ အရင်းမှ အကြော ၅ - ကြော ဖြာ၍ ထွက်၏၊ အညှာတံသည် ၃-လက်မမှ ၅-လက်မ အထိ ရှည်၏၊ အရွက်နားတလျှောက် ခွေးသွားစိပ်တို့သည် တခုကြီး တခုငယ် ဖြစ်လေ့ ရှိ၏။

အရွက်သစ်မထွက်မီ သေးငယ်သော ပန်းပွင့် ၄ - လက်မမျှ ရှည်သော ပန်းခိုင်တို့မှ ဖြာ၍ ထွက်သော အတက် အလက်တို့တွင် စုပြုံ၍ ပွင့်တတ်၏။

**သစ်ပုပ် ခေါ် ( သစ်ညို ) ၏ ဂုဏ် နှင့် စွမ်းရည်။** ။အဖောရောဂါဟူသမျှ သစ်ပုပ်ပင်၏ အမြစ် သို့မဟုတ် အခေါက်ကို သွေးပြီး ဖောရောင်သောနေရာအားလုံး လိမ်း၍ ပေးရသည်။

ခွေးရူးကိုက်သောအခါ သစ်ပုပ်မြစ်ကို သွေးပြီး တိုက်၍ ပေးရ၏၊ ကိုက်သောနေရာကို လည်း လိမ်းသတ်၍ ချရ၏၊ ၎င်းပြင် သစ်ပုပ်ရွက် သတ္တုရည်ကိုလည်း တိုက်၍ ပေးရ၏။

ခွေးရူးပြန်သောသူကို သစ်ပုပ်ပင်၏ အောက်၌ ထား၍ ဆေးကုသပေးလျှင် အလွယ်ဘကူ ပျောက်ကင်း ချမ်းသာနိုင်၏ ဟု ဆိုကုန်၏။

ရူးသောခွေးကို သစ်ပုပ်ပင်အောက် ကြိုးနှင့် ချည်၍ ထားပြီး ဆေးကုသ၍ပေးပါလျှင် ရူးသောခွေး ပျောက်၏ ဟု ရှေးသူဟောင်းတို့ ပြောသောစကား ကြားရဘူး၏။

---

## သစ်ပြောက်ပင်

**ဟိန္ဒီ**　खिरना　( ခိရ္နာ )

**လက်တင်**　Sapium Insigne

**ပုံသဏ္ဍာန်။**　။ဌင်းသစ်ပြောက်ပင်သည် ဟိမဝန္တာတောင် အနိမ့်ပိုင်း အာသံနယ်, သိရိလက်ာကျွန်း ( သီဟိုဠ် ) နှင့် မြန်မာနိုင်ငံ အောက်ပိုင်းတို့၌ ပေါက်ရောက်တတ်၏၊ ၎င်းအပင် အသေး အလတ်မျှ ရှိသော သစ်ပင် ဖြစ်၏၊ ၎င်းအပင်မှ နို့ကဲ့သို့ ဖြူဖွေးသော အရည်များ ထွက်၏၊ ၎င်းအရည်သည် အဆိပ် ဖြစ်၏။

**ဂုဏ် နှင့် စွမ်းရည်။**　။၎င်းအပင်၏ အရည် သို့မဟုတ် နို့သည် အဆိပ် ဖြစ်၍ ၎င်းသည် ကိုယ်ကာယပေါ်တွင် ကျရောက်သော် အရေပြားသည် ကွဲအက်လာတတ်၏။

---

## သစ်မယ်ဇယ်ပင် ( သစ်မည်ဆီ )

**သက္ကတ**　मधूक　( မဓုက )

**ဟိန္ဒီ**　महुआ　( မဟုအာ )

**လက်တင်**　Bassia Latifolia

**အင်္ဂလိပ်**　Mahua tree

**ပုံသဏ္ဍာန်။**　။သစ်မယ်ဇယ်ပင်သည် ပေ ၄၀ - မှ ၅၀ - အထိ မြင့်သော ပင်ကြီးမျိုးတွင် ပါဝင်၏၊ အပွေးအခေါက်တို့မှာ နက်မှောင်၍ နီရောင် ရှိပြီး အထက်အောက် အမြောင်းလိုက် ကွဲအက်လျက် မညီမညာ ကြမ်းတမ်း၏၊ သစ်မယ်ဇယ်ပင်သည် အမြဲတမ်း စိမ်းစိုနေသော အပင် ဖြစ်၏၊ မြန်မာနိုင်ငံ၌ အထိုက်အလျောက် တွေ့မြင်နိုင်သော အပင် ဖြစ်၏။

သစ်မယ်ဇယ်ပင်ကို အရိပ်ခိုရန်အတွက်၎င်း, အလှအပအလို့ငှာ၎င်း, ဆေးအဖြစ် အသုံးပြုရန်အလို့ငှာ၎င်း စိုက်ပျိုးထားကြ၏၊ အပင်လုံးမှ အကိုင်းကြီးတို့သည် ရှစ်မျက်နှာစလုံး ဝေဝေ



သစ်မယ်ဇယ်

BASSIA LATIFOLIA

मधुक

ဆာဆာ ဖြာထွက်၍ ထိုအကိုင်းကြီးမှ အကိုင်းငယ်ကလေးများ ထပ်ဆင့် ဖြာထွက်ကြ၏၊ အကိုင်းငယ်ကလေးများမှ အရွက်, အပွင့်, အသီးတို့ဖြင့် ဝေဆာလှ၏၊ ဆူးကင်းသောအပင် ဖြစ်သဖြင့်လည်း အလွန် နှစ်သက်မြတ်နိုးဘွယ် ကောင်းလှ၏။

အရွက်မှာ ငှက်တောင်ပုံ ဖြစ်ပြီး ၆ - လက်မခန့် ရှည်၏၊ အရင်းနှင့် အဖျားမှာ ချွန်သွယ်သောကြောင့် နှစ်ဘက်ချွန်တုတ်နှင့် ဆင်ဆင် တူ၏၊ ခိုင်မာသော ရွက်ညှာဘက်တို့ဖြင့် တည့်မတ်ဖြောင့်စင်းစွာ ထွက်သည့်အရွက်တို့သည် တနေရာတည်းတွင် ဆယ်ရွက်ခန့်မျှ လှည့်ပတ်ဖြာဝိုက်၍ ထွက်ကြသဖြင့် ရွက်ညှာတံရင်းချင်း စုစည်းထားသကဲ့သို့ ရှိပြီး အရွက်များ ပြန့်ကားလျက် နေ၏၊ အရွက်၏ အရောင်အဆင်းမှာ အစိမ်းရင့်ရောင် ဖြစ်ပြီး အရွက်၏ အထက်အောက် မျက်နှာပြင်သည် အမွေးမဲ့ ချောမွတ် မာကျော၏၊ ရွက်ကြောငယ်များသည် အလယ်အကြောမကြီးမှ နံ့ရိုးသဘွယ် ရွက်နား တိုင်အောင် ဖြာထွက်၏။

အပွင့်သည် အရွက်တို့၏ အကြားအကြားမှ ထွက်၏၊ ဝါရောင်သန်း၍ ဖြူ၏၊ ခိုင်ခန့်မာကျော၏၊ မူးယစ်စေတတ်သော အနံ့မျိုး ရှိ၏၊ ၎င်းအပွင့်မှ အရက် ကဲ့သို့သော အရည်မျိုး ရရှိ၏။

အသီး၏ အရောင်အဆင်းသည် အရွက်၏ အရောင်အဆင်းနှင့် တူ၏၊ ရှည်လျားသော သီးညှာတံတို့ဖြင့် စုပြုံသီး၍ အောက်သို့ တွဲလျား ကျနေကြ၏၊ အသီးပုံသဏ္ဌာန်မှာ သရက်သီး အနှံ့အကင်းကဲ့သို့ လုံးဝိုင်းပြီး အဖျားချွန်ကောက်လျက် ၁ - လက်မခွဲ မျှသာ ရှိသော ခူပျော့သီးမျိုး ဖြစ်၏၊ အပွင့် နှင့် အသီးမှည့်တို့၏ အရသာကား ချို၏။

အသီး၏ အတွင်း အစေ့ဆံမှာ ဖြူသော အရောင် ရှိပြီး အသီး၏ အဘွင်း အပြည့် ပါရှိသည်၊ အစေ့ဆံမှာ စားလျှင် သစ်ကြားသီးဆံ ဗာဒန်သီးဆံတို့ကဲ့သို့ ဆိမ့်အီသော အရသာ ရှိ၍ ဆီကြိတ်ယူလျှင် သန့်ရှင်းလပ်ဆပ်သော ဟင်းချက်ဆီ, ဆေးသုံးဆီများ ရနိုင်၏၊ ဣန္ဒိယနိုင်ငံ၌ သစ်မယ်ဇယ်သီးဆံကို ဆီအဖြစ် ကြိတ်၍ သုံးစွဲကြ၏။

**ဥတုဘောဇန သင်္ဂဟ ဆေးကျမ်း၌—**

> သစ်မယ်ဇယ်သည် အယဉ် အရိုင်း ဟူ၍ နှစ်မျိုး ရှိ၏၊ အယဉ်ကား အသီးကြီးသည်၊ အရိုင်းမှာမူ အသီး ငယ်သည်၊ မြန်မာနိုင်ငံတွင် ရှိသော သစ်မယ်ဇယ်သည် အရိုင်းသာတည်း၊ အကျိုးအပြစ် မူကား တူမျှကြ၏”

ဟု ဖော်ပြထား၏။

**ဂုဏ် နှင့် စွမ်းရည်။** ။သစ်မယ်ဇယ်ပွင့်သည် ချို၏၊ အေး၏၊ ကြေခဲ၏၊ သုတ်အားအသားအားကို ပေး၏၊ လေ, သည်းခြေကို နိုင်၏၊ နှလုံးရောဂါ၌ အကျိုးပြု၏၊ ချောမွတ်၏၊ ပူလောင်ခြင်း သည်းခြေဖောက်ပြန်ခြင်းနှင့် နားရောဂါတို့၌ အကျိုး များ၏။

သစ်မယ်ဇယ်သီးမှည့်သည် ချို၏၊ အေး၏၊ ကြေခဲ၏၊ သုက်ကို ပွားစေတတ်၏၊ လေ, သည်းခြေကို နိုင်၏၊ နှလုံးကို မနှစ်သက်စေတတ်၊ ရေငတ်ခြင်း, သွေးနာ, ကိုယ်ပူ, ဖုနနာ, ထိခိုက်ရှနခြင်း, ဓာတ်အားကုန်ခန်းခြင်းတို့ကို နိုင်၏။

သစ်မယ်ဇယ်သီးကား လေနှင့် တကွသော သည်းခြေနာ တို့ကိုရင်း ချုပ်သော ဝမ်းကို လားစေ၍ရင်း, သည်းခြေနာကိုရင်း ငြိမ်းစေတတ်၏။

သစ်မယ်ဇယ်ရွက်သည်ကား ရင်၌ ရှိသော အနာကို ပယ်၍ အဆင်းနှင့် တကွသော သုက္ခ ဓာတ်ကို ပွားစေတတ်၏။

သစ်မယ်ဇယ်ပွင့် သည်ကား သွေးသည်းခြေတို့နှင့်ရင်း, အကျောလျှောက်ခြင်း၌ရင်း, ပူဆာ သော သည်းခြေနာတို့ကိုရင်း ရှူးသွတ်သော သည်းခြေနာကိုရင်း, အားနည်းသော အနာကိုရင်း ချမ်းသာစေတတ်၏။

**ဒဗ္ဗဂုဏပကာသနီ ဆေးကျမ်းတွင်။** ။သစ်မယ်ဇယ်ပွင့်မှ ဖြစ်သော သကြားသည် ချို၏၊ ဖန်၏၊ လေ, သလိပ်ကို ပျက်စေတတ်၏၊ သည်းခြေကို ငြိမ်ဝပ်စေတတ်၏၊ သစ်မယ်ဇယ် မြစ်သည့် သွေး သည်းခြေကို နိုင်ခြင်းသတ္တိ ရှိ၏၊ ပေါက်သောအနာကို ပယ်ဖျောက်စိမ့်သောငှာ တင်ခြင်း သုတ်လိမ်းခြင်း၌ ကောင်းမွန်ခြင်း, လေးသော ချိုသော ရသာရှိခြင်း, ချမ်းအေးသည် ဖြစ်၍ လူကို ဆူဖြိုးစေတတ်ခြင်း သတ္တိ ရှိ၏၊ မျက်စိနာနှင့် သင့်၏၊ အသံ, အဆင်း ကောင်း ခြင်းတို့ကိုလည်း ဖြစ်စေတတ်ခြင်း သတ္တိ ရှိ၏။

**ဆေးအဘိဓာန်ကျမ်းကြီး တဆူတွင်။** ။သစ်မယ်ဇယ်သီး၏ ဂုဏ်သည်ကား လေနှင့် တကွသော သည်းခြေနာကိုရင်း, ချုပ်သော ဝမ်းကိုရင်း လားစေတတ်၏၊ သည်းခြေနာကို ငြိမ်းစေတတ်၏။

**သစ်မယ်ဇယ်ဆေးပင့်ကြောင့် ပျောက်ကင်းသော ရောဂါများ**

၁ - သွေးကြောင့်ဖြစ်သောရောဂါ၊
၂ - ရေငတ်သောရောဂါ၊
၃ - ထိခိုက်ရှနသော အနာ၊
၄ - ကိုယ်ပူနာ၊
၅ - ပန်းနာ၊
၆ - ဓာတ်အားကုန်ခန်းသော ရောဂါ၊
၇ - သည်းခြေနာ၊
၈ - သွေး သည်းခြေနာ ( ဒွေးဝန်း )၊
၉ - သည်းခြေကြောင့် ရှူးသွပ်သော ရောဂါ၊
၁၀ - အားကုန်ခန်းသော ရောဂါ၊
၁၁ - ပူဆာသော သည်းခြေနာ၊
၁၂ - လေနှင့် တကွသော သည်းခြေနာ ( ဒွေးဝန်း )၊
၁၃ - သွေး သည်းခြေ လေတို့ကြောင့် ဖြစ်သော ရောဂါ ( သန္နိပါတ် )၊
၁၄ - နှလုံးမငြိမ်သော ရောဂါ။

# သန်လျက်ကြီး (နမကျိသံလျက်ကြီး)

ပုံပြ ဆေးအဘိဓာန် (ဒု)တွဲ-ရှု။

---

[ ဟ ]

## ဟင်းကွတ်ပင် (ဟင်းဒုပ်လည်းဟူ)

**လက်တင်** Dolichandrone serrulata

**ပုံသဏ္ဍာန်။** ။ဟင်းကွတ်ပင်သည် ပင်လတ်မျိုးဟု ဆိုရသော်လည်း အချို့သော ဒေသ၌ အမြင့်ပေ ၄၀-, ၅၀- ခန့် ရှိ၏၊ အပွေးသည် ဖြူဖျော့ဖျော့ အရောင်ဖြင့် ချောမွေ့၏၊ အရွက်ကို ဟင်းချက်၍ စားရသောကြောင့် ဟင်းကွတ်ဟူ၍၎င်း ဟင်းဒုတ် ဟင်းကျပ် ဟူ၍၎င်း အမျိုးမျိုး ခေါ်ဆိုကြ၏။

ဟင်းကွတ်ရွက်သည် ၁-လက်မမျှသာ ရှိ၏၊ အများအားဖြင့် အရင်းသွယ်ပြီး အဖျားထိပ်ဝိုက်ချွန်း ဖြစ်၏၊ ရွက်ညှာတိုသော မျက်နှာချင်းဆိုင်ရွက်ပြိုင် ဖြစ်၏၊ ရွက်လက်ပေါ်၌ ပေါက်သော အရွက်တို့သည် ၅-ရွက်မှ ၇- ၉- ၁၁ - ရွက် စသည်ဖြင့် ပေါက်တတ်၏၊ အရွက်လက်၏ ထိပ်ဖျား၌ အမြဲတစေ အရွက် ၁- ရွက် ပါရှိ၏။


ဟင်းကွတ် ပန်းပွင့်သည် ရွက်ကြားထွက်သော ပန်း ဖြစ်၏၊ ပွင့်ဖတ်အုံ အတွင်းမှ ၅-လက်မခန့်ရှည် အရင်းသေးသွယ်ပြီး အဖျား ကျယ်သော ကတော့ပုံသဏ္ဍာန် ရှိ၏၊ အရောင်အဆင်းမှာ အဖြူပေါ်တွင် အဝါနုရောင် ရောသော အဆင်း ဖြစ်၏၊

**ဂုဏ် နှင့် စွမ်းရည်။** ။**ဓာတုရသ ဆေးကျမ်း အလို—** ဟင်းကွတ်ရွက်သည် ဝမ်းတွင်း၌ ရှိသော လေကို ထုတ်စေတတ်၏။

လေချုပ်အောင့်သောအခါ အရွက်, အပွင့်, အသီးတို့ကို ပြုတ်ပြီး ကြက်သွန်ဖြူ - ဆီကျော်, နှမ်းလှော်, ကုလားပဲလှော်မှုန့်တို့ဖြင့် လက်သုတ်ပြုလုပ်ပြီး စား၍ပေးပါလျှင် ဝမ်းတွင်း၌ ခိုအောင်းပြည့်ကယ်၍ နေသော လေတို့ကို အပြင်သို့ နှင်ထုတ်တတ်သော ဂုဏ် သတ္တိရှိကြောင်းကို ဆေးအဘိဓာန်ကြီး ၄ - ၅ - စောင်တို့က တညီတညွတ်တည်း ဖော်ထုတ် ရေးသားကြ၏။

### ရောဂါအလိုက် အသုံးပြုနည်း

**ကျောက်ဝမ်းနုတ်ဆေး။** ။ဟင်းကွတ်, သစ်ဝင်ပေါက်ဖြူ, ဖွားဘက်-ဆေး ၃-ပါး အညီအမျှ အမှုန့်ညက်စွာပြု၊ ဆေးတိုက်သောအခါ ကနုံခို အနည်းငယ် သွေး၍ထည့်ပြီး ဆပ်ပြာရည်ဖြင့် ဖျော်၍ ဝမ်းသွင်သွင် သွားအောင် တိုက်။



ဟင်ကွင်

DOLICHANDRONE SERRULATA.

**ကျောက်သားရေ လိမ်းရန်။** ။ဟင်းကွတ်, ငဖုံးဆေး, တဆေး, ချင်းယားရွက်, ပေါက်ကြည်ပေါင်း, တမာရွက်, နနွင်းစိမ်း— ဆေး ၆ - မျိုး အမျှစုပြီးကြိတ်၊ အရက်နှင့် ဖျော်၍ လိမ်း— ဆေးလိမ်းပြီး ၄ - ၅ - ရက်ကြာမှ ရေချိုး၍ ပေးရမည်။

**ကျောက်, ဝက်သက်, အပူသတ်ဆေး။** ။ဟင်းကွတ်မြစ်, နွားလျှာကြီးမြစ်, သစ်ဝင်ပေါက်ဖြူ—ဆေး ၃ - မျိုး အညီအမျှ အမှုန့်ပြု ကိုယ်ပူပြီး ကျောက်သွေးဝင်လျှင် ၁ - လုံး ၂ - လုံး တန်သည် အရက်နှင့် တိုက်၊ ကျောက်အပေါ်မညီ၊ ၎င်းဆေးတွင် မိုးနံ့မြစ်သွေးရေနှင့် ဖျော်၍တိုက်၊ ခြေဖျား, လက်ဖျား၌ ကျောက်ပေါ်၍နေလျှင် ကုက္ကိုမြစ်သွေးရေနှင့် တိုက်။



ကျောက်ထ၍ ရွဲရွဲရှိလျှင် မဏိဩဃ, ရင်းပြား, ငှက်ခြေ့စာ—၃ - ပါးမြစ်ရေ နှင့် တိုက်၊ ကျောက်ပါးလျက် ကျောက်လယ်ဝင်သော် ကြီးအာမြစ်ကို အရက်နှင့် သွေး၊ အထက်ဆေးနှင့် တိုက်၊ အထက်ဆေးများကို ဆေးရင်းနှင့် တိုက်ပြီးတိုင်း ဆောင်၍ထား။

**ကျောက်သားရေ သုတ်လိမ်းရန် တနည်း။** ။ဟင်းကွတ် အရွက် အမြစ်, ငဖုံးဆေး, တမာရွက်, ကွမ်းရွက်, မိဿလင်, နနွင်းစိမ်း, တဆေး— ၎င်းဆေးစု အညီအမျှစု၊ အညက်ပြု၊ ဇီးကင်း ခန့်လုံး၍ထား၊ အရက်နှင့် ဖျော်၍တိုက်၊ လိမ်း၍လည်းပေး၊ ဆေးတိုက်, ဆေးလိမ်း၍ ပြီးသောအခါ လူနာကို စောင်ထူထူ ခြုံ၍ထား။

ဟင်းကွတ်သည် ဝမ်းတွင်း၌ ရှိသော လေကို ထုတ်စေတတ်၏။

အရှင်နာဂသိန် ပုံပြ ဆေးအဘိဓာန် (တတိယတွဲ) မှ
ကြွင်းကျန်သော ဆေးပင်များ ပြီးပြီ။



အရှင်နာဂသိန်

# ပုံပြဆေးအဘိဓာန်

ပဌမတွဲ ဒုတိယတွဲ တတိယတွဲ

နှင့်

## ပုံပြသားငါးကျေးငှက်ဆေးအဘိဓာန်

ပဌမ ဆဋ္ဌမ-၄-ပိုင်း ၄-အုပ်

**ထွက်နေပြီ**

---

မြန်မာ့အာယုဗ္ဗေဒဆေးသိပ္ပံ
၁၂၊ ငါးထပ်ကြီးဘုရားလမ်း၊ရန်ကုန်မြို့။